

Tanintharyi Gallery မှာ E book အဖြစ်ပြန်လည်ထုတ်ဝေသည်။

သမဝါယမ စီမံကိန်း အောင်မြင်ရေးသည် အဓိက

* တနင်္သာရီတိုင်း (၁၀)မြို့နယ် အတွက်။
* လူသုံး၊ အိမ်သုံး ကုန်ပစ္စည်း မျိုးစုံကို စက်ရုံ အလုပ်ရုံ များမှ တိုက်ရိုက် ဝယ်ယူ ဖြန့်ဖြူးပေးသောလုပ်ငန်း။
* ရန်ကုန်မြို့ နှင့် တနင်္သာရီကမ်းရိုးတန်း တလျှောက်ရှိ မြို့များသို့ သယ်ယူ ပို့ဆောင်ရေး လုပ်ငန်း။
* ပွဲရုံလုပ်ငန်းများကို စတင်အကောင်အထည်ဖော်လျက် ရှိပါသည်။

''တနင်္သာရီတိုင်း မြို့နယ်သမဝါယမအသင်းစု''

* သမဝါယမအသင်းများနှင့် လုပ်သားပြည်သူများအား လိုအပ်သော အကူအညီများကို ပေးနေပါပြီ။

* အစိုးရ အဖွဲ့အစည်းများမှ ဌာနဆိုင်ရာ ပစ္စည်းများကို ရန်ကုန်မြို့မှ သယ်ယူပို့ဆောင်ရေးအတွက် တာဝန်ယူ ဆောင်ရွက်ပေးနေပါပြီ။

ဆက်သွယ်ရန်

ရန်ကုန်လုပ်ငန်းခွဲ
တနင်္သာရီတိုင်းမြို့နယ်သမဝါယမအသင်းစု
၇၅၄၊ ကုန်သည်လမ်း၊ရန်ကုန်မြို့။
(ဖုန်း-၁၄၇၅၄)

မြိတ်လုပ်ငန်းခွဲ
တနင်္သာရီတိုင်းမြို့နယ်သမဝါယမအသင်းစု
ကမ်းနားလမ်း
မြိတ်မြို့။

ထားဝယ်လုပ်ငန်းခွဲ
တနင်္သာရီတိုင်း မြို့နယ်သမဝါယမ အသင်းစု
ထားဝယ်မြို့။ (ဖုန်း-၃၉)

သမဝါယမ စီမံကိန်းအောင်မြင်ရေးသည် အဓိက

ထားဝယ် မြို့နယ် သမဝါယမ အသင်း

ကုန်ပဒေသာဆိုင်

မှ

လုပ်သားပြည်သူများအတွက် လိုအပ်သော ပစ္စည်းများကို လိုအပ်သော အချိန်တွင် ဝယ်ယူနိုင်ရန် ဈေးနှုန်း ချိုသာစွာဖြင့် ရောင်းချ ပေးနေပြီ။

ကြွရောက် အားပေး ကြပါရန်

* ရောင်းသူဝယ်သူ စိတ်ကြည်ဖြူ
ညီတူညီမျှ သမဝါယမ

ကုန်ပဒေသာဆိုင်လုပ်ငန်း
မြို့နယ် သမဝါယမ အသင်း
ဈေး အရှေ့လမ်း၊ ထားဝယ်မြို့။

မြိတ်မှရေး/မော်လမြိုင်/ရန်ကုန် နှင့် ရန်ကုန်/မော်လမြိုင်/ရေးမှ မြိတ်သို့ သွားသည့်
လေယာဉ်ခရီးသည်များအား ကြိုဆိုပါသည်။

"မြိတ်လေယာဉ်ခရီးသည်များ ယာယီတည်းခိုရိပ်သာ"

* ခရီးသည်များ၏ ကိုယ်ပိုင်လွတ်လပ်ခွင့်နှင့် စိတ်ချမ်းသာမှုအတွက် ဦးစားပေးသည်။
* စည်းကမ်းရှိသည်၊ သန့်ရှင်းသည်။
* အိပ်ယာ၊ ကုတင်၊ ခြင်ထောင် အပြည့်အစုံရှိသည်။
* ရေ၊ မီး အစုံရှိသည်၊ စိတ်ချရသည်။
* အကုန်အကျ သက်သာရမည်။

(ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းမဟုတ်၊ ခရီးသည်များ၏ လူမှုရေးနှင့်
သက်သာချောင်ချိရေး အတွက်သာ ဆောင်ရွက်ထားခြင်း ဖြစ်သည်။)

ဆက်သွယ်ရန်။ ။အဆောင်မှူး

မြိတ်လေယာဉ် ခရီးသည်များ ယာယီတည်းခိုရိပ်သာ
အလယ်လမ်း၊ ခံဝင်းဒပ်ရပ်၊ ထားဝယ်မြို့။
(ဖုန်း၊ ၁၅၅)
ကြေးနန်းလိပ်။ ။မြိတ်တည်းခို။

Padetha

COLD DRINKS

BOGYOKE ST. TAVOY

ပဒေသာ အအေးဆိုင်

* * * * * * *

မင်္ဂလာ အလှူအတန်းညှော်ခံပွဲများအတွက် အော်ဒါလက်ခံပါသည်

အိုက်စကရင် နို့အေးချောင်း

ဘီစကွတ် မုန့်မျိုးစုံ



ပဒေသာအအေးဆိုင်နှင့် စံပြမုန့်မျိုးစုံလုပ်ငန်း ဗိုလ်ချုပ်လမ်း အနောက်ရပ်၊ ထားဝယ်မြို့

တနသ်ာရီ တိုင်း၊ ထားဝယ် လုပ်သား ပြည်သူ၊ မြို့မိ မြို့ဖ များ၏ အား ပေး ချီး မြှင့် မှုကြောင့် အ နှစ် (၂၀) သို့ ရောက်ခဲ့ပြီ ဖြစ်သော-

အောင်လံတော်
စာပုံနှိပ်တိုက်
Aung Lan Taw Press, ဘားဂါနည်လမ်း ထားဝယ်မြို့

သည် ရှေ့ကိုလည်း မြန်၊ ကောင်း၊ သက်သာ မှုအရ ဆောင်ရွက်ပြုလုပ်မည် ဖြစ်ပါကြောင်း။

* ခေတ်မီရမည်
* မင်ကျမင်န ကောင်းရမည်
* အချိန်မီရမည်
* စိတ်တိုင်းကျရမည်

မိသားစု
အောင်လံတော်စာပုံနှိပ်တိုက်
၁၉၅၇ ခုနှစ်မှာ တည်ထောင်သည်။

လေယာဉ်ခရီးသည်များဝမ်းမြောက်ဘွယ်

= ရန်ကုန်၊ မော်လမြိုင်၊ မြိတ်၊ ထားဝယ် လေယာဉ်ခရီးသည်များအတွက် ကြို/ပို့ အချိန်မှန်သည်။
= အကုန်အကျ သက်သာသည်။
= ပစ္စည်း အပျောက်အရှ ရာနှုန်းပြည့် တာဝန်ယူသည်။
= လေဆိပ်မှ မောင်းမကန်ဆိပ်ကမ်းသာသို့လည်း တိုက်ရိုက်ပို့ပေးသည်။

ကျွန်တော်များ လေယာဉ်ဂျစ်ကားအသင်းနှင့် ဆက်သွယ်ပါ။

မောင်မောင်ညွန့်

လေယာဉ်ဂျစ်ကားအသင်း

လေယာဉ်ရုံးရှေ့၊ ထားဝယ်မြို့။

* သွားနှင့် ပတ်သက်သော ရောဂါ ဝေဒနာများကို ကုသခြင်း။
* သွားမရှိသူများ အတွက် တစုံလုံးအံကပ် နှင့် စိုက်ပေးခြင်း။
* ကျိုးပဲ့ ယိုယွင်း နေသော သွား များကို ခိုင်ခန့်ပြီး သဘာဝ ကျကျ ပြန်လည် စိုက်ပေး နေပါပြီ။

ဖူးစံ (C.D.P)

ခေတ်မီသွားဘက်ဆိုင်ရာဆရာ

* ခေတ်မီ နည်းစနည်း
* ခေတ်မီဆေးဝါး၊ ကိရိယာအစုံအလင်ဖြင့် ကုသတပ်ဆင်ပေးနေပြီ။
* ရပ်ဝေး၊ ရပ်နီး၊မိတ်ဟောင်း၊ မိတ်သစ် များအား ဖိတ်ခေါ်ပါသည်။

အာဇာနည်လမ်း၊ အနောက်ရပ်

ထားဝယ်မြို့။

မှတ်ပုံတင်ပြီး

မီးယပ်၊ ဒူလာ၊ လေရောဂါပျောက် ဆေးရည်

ဤဆေးရည်သည် လွန်ခဲ့သောနှစ်ပေါင်း(၅၀) ကျော်မှအဘိုးဖြစ်သူဆရာစိန်မှ ဆင်းသက်လာသော အစွမ်းထက်သော ဆေးနည်း ဖြစ်ပါသည်။ မိန်းမ ယောကျ်ား၊ ကလေး လူကြီး မရွေး သောက် နိုင်ပါသည်။

လေရောဂါအမျိုးမျိုး၊ မီးယပ်၊ဒူလာရောဂါနှင့် ကိုယ်ဝန်ဆောင်များအတွက် အထူး လက်စွဲ ဆေး ဖြစ်သည်။ နှလုံးတုံ၊ ရင် ခုန်၊ မူး ဝေ မောပမ်း၊ အိပ်မပျော်၊ အစာပျက်၊ သွေးတိုးခြင်း၊ ထုံနာကျင်နာဖြစ်ခြင်း၊ ဓမ္မတာထိန်းနည်း၊ အချိန်မမှန်ခြင်း၊လက်ကျင် ကိုက်ခဲခြင်း၊ ဆီးရောဂါ၊သွေးလုံး၊လေလုံး၊ ငှက်လုံး၊ အဖောအယောင် ရောဂါများကိုသက်သာပျောက်ကင်းစေပါသည်။ (အတုအပသတိပြု)

ပင်ရင်းဌာန

ဆရာစိန်၏မြေး၊ဒေါ်မြဝဲ့မြင့်ယဉ်(တိုင်းရင်းမြန်မာဆရာမ)

ကလျာဆွေဆေးတိုက်

ဦးကျော်ရင်လမ်း၊ အနောက်ရပ်၊ ထားဝယ်မြို့။

---

* ရဟာန်း-ရှင်-လူ အများကြိုက်ဖြစ်သော
မူလ လက်ဟောင်း

“ဂဏာန်းတံဆိပ်ဆေးပေါ့လိပ်”

ကို ဝယ်ယူသုံးစွဲကြပါ

ဂဏန်းဆေးလိပ်ခုံ၊
အာဇာနည်လမ်း၊ တလိုင်းထိန်ရပ်၊
ထားဝယ်မြို့။

* လှချင်သူတွေ
ဆည်းဆာအချိန် အပြင်ထွက်ဖို့မလို

တင်ငွေ့ ဓာတ်ပုံ

နဲ့ ဆက်သွယ်ပါ။

ရဟန်းခံ၊ ရှင်ပြု၊ မင်္ဂလာပွဲများ အတွက်
စိတ်တိုင်းကျ ရိုက်ကူး ပေးနေပြီ။
ပုံဟောင်း၊ ပုံပျက် ပြင်ကူးပေးသည်။

နီလာလမ်း ကညွန့်ရပ်

ထားဝယ်မြို့။

သူ ဌေး ဖြစ် ချင် သူ တိုင်း

တံ ခွန် ထီ ဆိုင်

နှင့် ဆက် သွယ် ကြ သည်။

အာ ဇာ နည် လမ်း၊ ဇီရစ်ရပ်
ထားဝယ်မြို့

ကိုမောင်ဆန်း

စက်ဘီးပြင်ဆိုင်

**အခန်း(၁၇) မြို့ဈေးသစ်
အနောက်တန်း
ထားဝယ်မြို့။**

ထားဝယ် မြို့နယ်အတွက်
အထူးစီမံထားသော

မောင်းမကန်ဆေးပြင်းလိပ်

ကို

စိတ်ချစွာ သုံးစွဲတော်မူကြပါ။

**ဦးထဘ၊ ဒေါ်နှင်းရီ
ရေးလမ်း၊ ပိန္နဲတောရပ်
ထားဝယ်မြို့။**

၆၂ အလယ်လမ်း ခုဝင်းဒပ်ရပ် ဖုး ၁၂၃
ထားဝယ်မြို့

F 2

စာရေးဆရာကြီး ရွှေဝယ်ဧ

ထားဝယ်ရာဇဝင်သမိုင်း

ထွက်နေပြီ။

သမိုင်းရာဇဝင်တင်မဟုတ်ဘဲ 'ဘာသာဝင်၊ သာသနာဝင်၊ ဓာတုဝင်' ယဉ်ကျေးမှု အမျိုးမျိုးပါဝင်သော ကျမ်းစာအုပ်။ ဖတ်သင့်၊ မှတ်သင့်၊ ထိန်းသိမ်းထားသင့်၊ အိမ်တိုင်း စာအုပ်စင်တွင်ရှိသင့်သော ကျမ်းစာအုပ်။ 'ထားဝယ်သူထားဝယ်သားတိုင်း' သာမက 'ဗဟုသုတ ရှာမှီးလိုသူ သုတေသီများ' မျှော်လင့်တောင့်တနေသော ကျမ်းစာအုပ်။ သုဓမ္မဝတီ ပုံနှိပ်တိုက်၏ သပ်ယပ်လှပသောစာလုံးများနှင့် ခန့်ခန့်ငြားငြား ပုံနှိပ်ချုပ်လုပ်ထားသော ကျမ်းစာအုပ်။ ဓာတ်ပုံ ဘလောက်ပေါင်းသုံးဆယ်ကျော်နှင့် ဝေဝေဆာဆာထွက်နေပါပြီ။

လက်ကျန်အုပ်ရေ နည်းနေပြီဖြစ်၍ အမြန်ဝယ်၊ အမြန်မှာမှ စိတ်ချရပါမည်။

တအုပ်-၁၅/ကျပ်
(ငွေပိုပိနှင့်စရိတ်ငြိမ်းပို့သည်)

* ဖြန့်ချီရေး

ကြီးပွားရေးစာအုပ်တိုက်
အမှတ်-၁၀၊ မြို့ဈေးသစ်ကြီး
ထားဝယ်မြို့ (ဖုန်း-၉၁)

ထားဝယ် မဂ္ဂဇင်း

အတွဲ ၁။ ၁၉၇၇ ခုနှစ် အမှတ် ၁။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသို့

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၏ အရှေ့ တောင်စွန်း နယ်မြေဖြစ်သော တနင်္သာရီတိုင်းအတွင်း၌ ထားဝယ်၊ ရေဖြူ၊ လောင်းလုံနှင့် သရက်ချောင်း မြို့နယ်များသည် ထားဝယ်သူ ထားဝယ် သားများ မှီတင်း နေထိုင်ရာ ဒေသဖြစ်ပါသည်။

ထားဝယ်ဒေသသည် မြောက်မှ တောင်သို့ အလျားမိုင် ၁၀၀ ကျော် ရှိပြီး အရှေ့မှအနောက်သို့ အနံ မိုင်ငါးဆယ်ခန့် ကျယ်ဝန်းပါသည်။ ထားဝယ် ဒေသ၏ အရှေ့ဖက်နယ်နိမိတ်အဆုံးသည် ထိုင်းနိုင်ငံဖြစ်ပြီး အနောက်ဖက် နယ် နိမိတ်အဆုံးသည် အိန္ဒိယသမုဒ္ဒရာဖြစ်ပါသည်။

ထားဝယ်ဒေသတွင် တောင်လည်းပေါ၍ တောလည်းကောင်းစွာ၊ မြစ် ချောင်း စိမ့်စမ်းရေပြာကမ်းနှင့် လှပတင့်တယ် နေချင့်ဖွယ်ရာ ရေခံမြေကောင်း ပါသည်။ ရာသီဥတု မျှတသာယာပြီး လုပ်ခင်းဆောင်တာများလည်း ပေါများ ပါသည်။ သစ်ဝါးဓနိလုပ်ငန်း၊ ဥယျာဉ်ခြံမြေလုပ်ငန်း၊ လယ်ယာ ကိုင်းကျွန်း လုပ်ငန်း၊ ရာဘာလုပ်ငန်း၊ သတ္တု တူးဖေါ်ရေးလုပ်ငန်း၊ သတ္တု သန့်စင်ရေး လုပ်ငန်းနှင့် ရေလုပ်ငန်းများ ထွန်းကားပါသည်။

ထားဝယ်ဒေသနေ ထားဝယ်သူ ထားဝယ်သားများသည်ထားဝယ်ဒေသိယစကားကို ပြောဆိုကြပြီး ထားဝယ်ယဉ်ကျေးမှုနှင့် ထားဝယ် ရိုးရာထုံးတမ်းဓလေ့အစဉ်အလာများကို ထိန်းသိမ်းထားရှိပါသည်။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံ နေထိုင်သော နိုင်ငံဖြစ်ပါသည်။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် လူလူချင်း၊ လူမျိုးအချင်းချင်း မတရား ခေါင်းပုံဖြတ်ချယ်လှယ်သော ဝိသမလောဘစနစ်ဆိုးမှန်သမျှကို ဆန့်ကျင်လျက် တရားမျှတ၍ ဖြူစင်ရိုးရှင်းတရားထွန်းကားမှုကိုရှေ့ရှုမည်။ လူတို့၏ မသိနားမလည်မှု၊ ခေတ်နောက်ကျမှု၊ အခွင့်အလန်းမဲ့မှုစသော အားနည်းချက်များအပေါ်တွင် သနား ငဲ့ညှာစာနာထောက်ထားခြင်းမရှိမှုတို့ကို ကင်းရှင်းစေလျက် သာယာဝပြောစေမည့် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဖြင့် တည်ဆောက်ကြမည်ဟု သံန္နိဋ္ဌာန် ချမှတ်ထားပါသည်။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အတွင်း လူမျိုးရေးတန်းတူမှုဖြင့် မရှိအတူရှိအတူ၊ အေးအတူပူအမျှ၊ ဥမကွဲသိုက်မပျက်၊ ကောင်းတူဆိုးဖက် ထာဝစဉ် စည်းလုံးညီညွတ်စွာ လက်တွဲနေထိုင်ကြမည်ဟုလည်း သံန္နိဋ္ဌာန် ချမှတ်ထားပါသည်။

တိုင်းရင်းသား စည်းလုံးညီညွတ်မှုသည် နိုင်ငံတော်အဓွန့်ရှည် တည်တံ့ရေးအတွက် လည်းကောင်း၊ နိုင်ငံတော် စည်ပင်သာယာ ဝပြောရေးအတွက်လည်းကောင်း၊ မရှိမဖြစ်သည့် အုတ်မြစ်အခြေခံလည်း ဖြစ်ပါသည်။ အင်အားအရင်းအမြစ်လည်း ဖြစ်ပါသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တည်ဆောက်ရာတွင် တိုင်းရင်းသားအချင်းချင်း အပြန်အလှန် နားလည်မှု၊ တဦး၏အထာ၊ တဦး၏ဓလေ့ထုံးတမ်းအစဉ်အလာနှင့် တဦး၏ယဉ်ကျေးမှုတို့ကို အခြားတဦးက လေးစားတန်ဘိုးထားမှုများရှိရန် လိုအပ်ပါသည်။

တိုင်းရင်းသား ရိုးရာဓလေ့ထုံးတမ်း အစဉ်အလာနှင့် ယဉ်ကျေးမှုကို ဖော်ထုတ်ပြုစုထောင်မြှင့်တင်ပေးရန်ရည်ရွယ်ချက်ဖြင့် ထုတ်ဝေသော ထားဝယ်မဂ္ဂဇင်းသည် တိုင်းရင်းသားအချင်းချင်း အပြန်အလှန် နားလည်မှုကို ရရှိစေကာ ပြည်ထောင်စု စည်းလုံးညီညွတ်ရေးအတွက် အထောက်အကူ ဖြစ်စေနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

အစီရင်ခံပါသည်

ထားဝယ်မဂ္ဂဇင်း ပထမစာစောင်အတွက် အစီရင်ခံရန် လိုအပ်မည်ဖြစ်ပါသည်။ ထားဝယ်မဂ္ဂဇင်းသည် ထားဝယ်မြို့နယ် မဂ္ဂဇင်းလည်းဖြစ်သည်။ထားဝယ်သူ ထားဝယ်သားများအား ကိုယ်စားပြုသောမဂ္ဂဇင်းဟုလည်း ဆိုနိုင်ပါသည်။ထားဝယ်မြို့နယ်အကြောင်းကိုသာမဟုတ်၊ ထားဝယ် လေးမြို့နယ်ရှိ ထားဝယ်သူ ထားဝယ်သားများအကြောင်းကိုလည်း ဖော်ထုတ်ရန် ကြိုးစားထားပါသည်။

ယင်းသို့ ထားဝယ်ရိုးရာဓလေ့၊ ထားဝယ်သမိုင်းနှင့် ထားဝယ်စကား၊ ထားဝယ် ဝေါဟာရတို့ကို ဖော်ထုတ်ရန် ရည်ရွယ်ချက်ဖြင့် ဤထားဝယ်မဂ္ဂဇင်းကို ထုတ်ဝေရန် ကြိုးစားကြခြင်းဖြစ်ပါသည်။ ထားဝယ်မဂ္ဂဇင်းကော်မီတီသည် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ စာပေနှင့် ယဉ်ကျေးမှုဆိုင်ရာ မူဝါဒသဘောထားကို လမ်းညွှန်ချက်အဖြစ်ခံယူ၍ လုပ်ဆောင်သွားရန် ဆုံးဖြတ်ထားပါသည်။ တနှစ်တကြိမ်ထုတ် မဂ္ဂဇင်းဖြစ်၍ ထားဝယ်မဂ္ဂဇင်းကို နှစ်စဉ်ထုတ်ဝေသွားရန်နှင့် ထုတ်ဝေသောမဂ္ဂဇင်းတိုင်းတွင် ထားဝယ်ရိုးရာဓလေ့၊ ထားဝယ်သမိုင်းနှင့် ထားဝယ်စကားဆိုင်ရာ ဆောင်းပါးများ ထည့်သွင်း ဖော်ပြသွားရန် ဖြစ်ပါသည်။

ထားဝယ်မဂ္ဂဇင်းကော်မီတီကို ၁၉၇၆ ခုနှစ် ဧပြီလ ၂၆ ရက်နေ့ ၀၉၀၀ နာရီတွင် ထားဝယ်မြို့နယ် ပါတီယူနစ်ရုံး၌ ဖွဲ့စည်းခဲ့ပါသည်။ ထားဝယ်မဂ္ဂဇင်းကော်မီတီနာယကများမှာ–

ဦးဟန်ပ၊ ဥက္ကဋ္ဌ ထားဝယ်ပါတီယူနစ် (ယခု တနင်္သာရီတိုင်း ဒေသပါတီကော်မီတီဝင်)။ ဦးခင်ရွှေ၊ အတွင်းရေးမှူး ထားဝယ်ပါတီယူနစ် (ယခု မွန်ပြည်နယ် ဒေသပါတီ ကော်မီတီရုံး)။ ဦးသန်းနိုင်၊ ကော်မီတီဝင် ထားဝယ်ပါတီယူနစ် (ယခု လက်ထောက်တိုင်းပညာရေးမှူး)။ ဦးတိုးချစ်၊ ကော်မီတီဝင် (ယခု ဥက္ကဋ္ဌ ထားဝယ်ပါတီယူနစ်)။ ဦးဘသောင်း၊ ကော်မီတီဝင် ထားဝယ်ပါတီယူနစ် (ယခု အတွင်းရေးမှူး၊ ထားဝယ်ပါတီယူနစ်)။ ဦးအုန်းမြင့်၊ ကော်မီတီဝင် ထားဝယ်ပါတီယူနစ် (ယခု ချောင်းဆုံမြို့)။ ဦးအုန်းညွန့်၊ အရံကော်မီတီဝင် (ယခု

တိုင်းပြည်သူ့ကောင်စီ အတွင်းရေးမှူး)။ ဦးဘဘ၊ အရံကော်မီတီဝင် (ယခု ကော်မီတီဝင် ထားဝယ် ပါတီယူနစ်)။ ဦးအုန်းခိုင်၊ (ဥက္ကဋ္ဌ၊ မြို့နယ်ပြည်သူ့ကောင်စီ၊ ရေဖြူမြို့)။ ဦးသန်းစိန် (ယခင် အတွင်းရေးမှူး၊ မြို့နယ်ပြည်သူ့ကောင်စီ၊ ထားဝယ်မြို့) တို့ဖြစ်ပါသည်။

ထားဝယ်မဂ္ဂဇင်းကော်မီတီဝင်များမှာ–

ဦးကြည်ဝင်း	(ထားဝယ်မြို့နယ်ပါတီယူနစ်)	ဥက္ကဋ္ဌ
ဦးဘအေး	(ရွှေဝယ်ဒ)	အဖွဲ့ဝင်
ဦးကျော်တင့်	(ထားဝယ်မြို့နယ်ပါတီယူနစ်)	။
ဦးမောင်စိန်း	(မောင်လေးတင့်)	။
ဦးမောင်အေး	(အမှတ် ၃ အထက)	။
ဦးကျင်စိန်	(သတင်းထောက်ကျင်စိန်)	။
ဦးဝင်းမြင့်	(နှင်းမြိုင်)	။
ဦးပန်းကျော်	(ပညာရေးဌာန)	။
ဦးတင်လတ်	(ပန်းချီ)	။
ဦးခင်မောင်ဦး	(မောင်လေးနီ)	။
ဦးတင်မောင်နိုင်	(မောင်ငြိမ်းမှိုင်း)	။
ဦးတင်မောင်စိန်	(မောင်လှိုင်းဇာ)	။
ဦးစိုးမြစ်	(တက္ကသိုလ်မောင်ယဉ်ကျေး)	အတွင်းရေးမှူး

တို့ဖြစ်ပါသည်။

ရန်ကုန် ကော်မီတီဝင်များမှာ–

ဦးစိုးမောင်	(သာဂရစိုး)	အဖွဲ့ဝင်
ဦးကျော်ဆန်း	(ကာတွန်း ကဆ)	။
ဦးကျော်တင့်	(သိပ္ပံငွေနှင်း)	။
ဦးကျော်လင်း	(စာပေဗိမာန် စာတည်း၊ အငြိမ်းစား)	။
ဦးရှိန်အောင်	(ရှိန်အောင်ဗိုလ်)	။
ဦးဘကြည်		။
ဦးစိန်ဝင်း	(မြန်မာ့အလင်း) တို့ဖြစ်ပါသည်။	

စာတည်းအဖွဲ့ဝင်များမှာ—

ဦးစိုးမောင်	အတိုင်ပင်ခံစာတည်း
ဦးကျော်ဆန်း	॥
ဦးဘအေး	॥
ဦးစိန်ဝင်း	တာဝန်ခံစာတည်း
ဦးကြည်ဝင်း	စာတည်းအဖွဲ့ဝင်
ဦးမောင်စိန်း	॥
ဦးဝင်းမြင့်	॥
ဦးမောင်အေး	॥
ဦးခင်မောင်ဦး	॥

ဦးစိုးမြစ် တို့ဖြစ်ပါသည်။

၁၉၇၆ ခုနှစ်၊ ဧပြီလ (၂၆) ရက်နေ့တွင် ဖွဲ့စည်းခဲ့သော ထားဝယ်မဂ္ဂဇင်းကော်မီတီ၏ ပထမအကြိမ်အစည်းအဝေးကို ၁၉၇၆ ခုနှစ်၊ မေလ (၃) ရက်နေ့ (၁၄၃၀) နာရီကျင်းပကာ မဂ္ဂဇင်းကော်မီတီ၏ ရှေ့လုပ်ငန်းစဉ်ကို ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

စာမူခေါ်ယူသည့် လက်ကမ်းကြော်ငြာများကို ၁၉၇၆ခုနှစ်၊ မေလ (၁၀) ရက်နေ့တွင် ဝေငှခဲ့ပါသည်။ ဝတ္ထု၊ ဆောင်းပါး၊ ပြဇာတ်နှင့် ကဗျာစာမူများ ရေးသားပေးပို့ကြရန် ဖိတ်ခေါ်ခဲ့ပါသည်။ ထားဝယ်ရိုးရာဓလေ့၊ ထားဝယ်ယဉ်ကျေးမှု၊ ထားဝယ်သမိုင်း၊ ထားဝယ်စကား၊ ထားဝယ်ဝေါဟာရဆိုင်ရာ ဆောင်းပါးများကို ဦးစားပေး ရေးသားရန် တိုက်တွန်းခဲ့ပါသည်။

စာမူများပေးပို့ရန် နောက်ဆုံးသတ်မှတ်ရက်မှာ ၁၉၇၆ခုနှစ်၊ ဩဂုတ်လ (၁၀) ရက်နေ့ဖြစ်သော်လည်း စာပေဝါသနာရှင်များက မေတ္တာရပ်ခံသဖြင့် ၁၉၇၆ ခုနှစ်၊ စက်တင်ဘာလ (၁၀) ရက်နေ့အထိ ရွှေ့ဆိုင်း လက်ခံပါသည်။ သတ်မှတ်ရက်လွန်မှ ရောက်ရှိလာသောစာမူများကို စာတိုက်မှတဆင့် ပြန်လည်ပေးပို့ခဲ့ပါသည်။ ၁၉၇၆ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ ညနေအထိ အောက်ပါစာမူများကို လက်ခံရရှိပါသည်။

ဝတ္ထု	၆၀
ဆောင်းပါး	၅၅
ပြဇာတ်	၅
ကဗျာ	၂၃၇
စာမူပေါင်း	၃၅၇

လက်ခံရရှိသောစာမူ (၃၅၈) စောင်ကို ထားဝယ်စာတည်းအဖွဲ့နှင့် ရန်ကုန်တာဝန်ခံစာတည်းထံသို့ တင်ပြခဲ့ပါသည်။ ထားဝယ်စာတည်းအဖွဲ့ဝင် ခြောက်ဦးက အလှည့်ကျဖတ်ရှုပြီး ရွေးချယ်သင့်သောစာမူများကို ရန်ကုန်တာဝန်ခံ စာတည်းထံ ဆက်လက်ပေးပို့ခဲ့ပါသည်။

စာမူရွေးချယ်ရေး၊ တည်းဖြတ်ပြင်ဆင်ရေးလုပ်ဆောင်ရာတွင် စာမူများမှာ ရန်ကုန်သွားလိုက်၊ ထားဝယ်ပြန်လိုက်နှင့် အပြန်အပြန်အလှန်လှန် အခေါက်ခေါက် အခါခါ သွားလာခဲ့ကြသည်မှာ (၁၀) လခန့် ကြာမြင့်ခဲ့ပါသည်။ ထို့ကြောင့် မဂ္ဂဇင်းထုတ်ဝေရန် သတ်မှတ်ထားသော ၁၉၇၇ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် မထုတ်ဝေနိုင်ဘဲ ထွက်ရက်နောက်ကျခဲ့ပါသည်။

မဂ္ဂဇင်းမျက်နှာဖုံးအတွက် ဤကော်မီတီက အကြိမ်ကြိမ် စဉ်းစားခဲ့ပါသည်။ အကြိမ်ကြိမ်ကြိုးစားခဲ့ပါသည်။ ထားဝယ်အမှတ်အသားပါရှိရေးကို ဦးဘည်ခဲ့ပါသည်။ မောင်းမကန်သို့ မျက်နှာဖုံးခရီး နှစ်ကြိမ်ထွက်ခဲ့သည်။ နောက်ဆုံး ထုတ်ဝေချိန်ရောက်သည်အထိ ကော်မီတီစိတ်ကြိုက် မျက်နှာဖုံးမတွေ့သေး၊ နောက်ဆုံးတွင် ဖော်ပြပါမျက်နှာဖုံးကို အသုံးပြုရပါတော့သည်။

ဤမဂ္ဂဇင်းထွက်ပေါ်လာရေးအတွက် ဝိုင်းဝန်းအားပေးကြသော ထားဝယ်သူ ထားဝယ်သားများ၊ အကြံဉာဏ်နှင့်စာမူများ ရေးသားပေးပို့ကြသော စာပေဝါသနာရှင်များ၊ ဦးဟန်ပ (တနင်္သာရီတိုင်း ဒေသပါတီကော်မီတီဝင်)၊ ထားဝယ်မြို့နယ် ပါတီယူနစ်ဥက္ကဋ္ဌ ဦးတိုးချစ်၊ အတွင်းရေးမှူး ဦးဘသောင်းနှင့် ကော်မီတီဝင်များ၊ (တိုင်းပြည်သူ့ကောင်စီ တရားရေးအဖွဲ့ဝင်ဦးသန်းမောင်၊) လက်နှိပ်စက်တာဝန်ယူသူ တိုင်း ကောင်စီမှ စာရေးဦးသန်းမြင့်၊ ဦးမြင့်ဆွေ (ပန်းချီ) နှင့် အမည်မဖော်ပြသော်လည်း ဤမဂ္ဂဇင်းထွက်ရှိရေးအတွက် အဖက်ဖက်မှ အကူအညီပေးကြသော ပုဂ္ဂိုလ်များအား ဤကော်မီတီမှ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

စိုးမြင့်
အတွင်းရေးမှူး
ထားဝယ် မဂ္ဂဇင်းကော်မီတီ။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီထားဝယ်မြို့နယ်ပါတီယူနစ် သတ္တမအကြိမ်နှစ်ပတ်လည်
မျက်နှာစုံညီ အစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပစဉ်

ဒေသပါတီကော်မီတီဝင်ဦးဟန်ပ
(ယခင် ပါတီယူနစ်ဥက္ကဋ္ဌ)
အမှာစကား ပြောကြားစဉ်

ပါတီယူနစ်ဥက္ကဋ္ဌ ဦးတိုးချစ်
အစီရင်ခံစာ တင်သွင်းစဉ်

ဦးဘသောင်း

ဦးကြည်ဝင်း

ဦးဘာဘာ

ဦးဖေကြီး

ပါတီယူနစ် ကော်မီတီ၏
အစီရင်ခံစာ တင်သွင်း
သူများ နှင့် အစီရင်ခံစာ
ကို ဆွေးနွေး ကြသူများ

ဦးကျော်တင့်

ဦးအုန်းညွန့်

ဦးစိုးမြစ်

ဦးကျော်မြင့်



ထားဝယ်မြို့နယ် ပထမအကြိမ် တောင်သူလယ်သမား အစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲ

ထားဝယ်မြို့နယ်ပထမအကြိမ်အလုပ်သမားအစည်းအရုံးပုံမှန်အစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲ



မဂ္ဂဇင်းကော်မီတီ (ဝဲမှယာ ရှေ့တန်း) ဦးဘကြည်၊ဦးဘအေး (ရွှေဝယ်ငေ)၊ဦးကြည်ဝင်း(ဥက္ကဋ္ဌ)၊ဦးစိန်ဝင်း(တာဝန်ခံအယ်ဒီတာ)၊ဦးစိုးမြင့်၊ဦးကျင်စိန်၊(နောက်တန်း) ဦးဝင်းမြင့်၊ဦးမောင်အေး၊ဦးတင်မောင်စိန်၊ ဦးပန်းကျော်၊ ဦးမောင်စိန်း၊ ဦးကျော်တင့်၊ ဦးတင်လတ်၊ ဦးခင်မောင်ဦး

ထားဝယ် မဂ္ဂဇင်းကော်မီတီမှ ကြီးမှူး၍ ၁၃၃၇ ခုနှစ် စာဆိုတော်နေ့ အ ထိမ်းအမှတ် အခမ်းအနားကို ထားဝယ်မြို့တွင် ကျင်းပစဉ်



အကျည်းတန်နေသည့် အလှ

မြစ်မင်းရော
တဖြာသံလွင်၊ တသွင်ချင်းတွင်း
တသင်းစစ်တောင်း၊ မြစ်အပေါင်းနှင့်
အကြောင်းမကြုံ၊ မိတ်မဆုံလည်း။

တနင်္သာရီ၊ အားမာန်ချီသည့်
ဝေသီညိုမှိုင်း၊ တောင်တံတိုင်းက
ပတ်ဝိုင်းချွေးသိပ်၊ သူ့အေးရိပ်မှာ
မှေးအိပ်နားခိုရပါသည်။

ပြည်ထောင်စုက
ယုယကြင်နာ၊ မေတ္တာဖြင့်
သဘာဝ၏၊ အလှခန်းခန်း
အဆန်းတွေတွေ၊ ရေမြေကန့်ကန့်
လက်ဆောင်ဖြန့်ခဲ့။

သယံဇာတ၊ ပြည့်ဝနေမှ
အလှစုစု၊ သတ္တုအဖြိုက်နက်
ငှက်သိုက်ရောဘာ၊ သစ်မာစပါး

ငါးပုဇွန်ကောင်၊ ငါးမန်းတောင်တို့
ထောင်သောင်းသိန်းသန်း၊ အံ့မခန်းမျှ
လမ်းမှားနှင့်ကြုံ၊ ခေါင်းမြီးခြုံသည့်
ထုတ်ကုန်ဖောက်ပြန်၊ မှောင်ခိုဟန်ကြောင့်
နိုင်ငံနစ်နာ လွန်းပါသည်။

အော်–ရေမြေတောတောင်အလှဆောင်သည့်
ပြည်ထောင်စုတွင်၊ တို့ပါဝင်သည်
ပြည်ခွင်စီးပွား၊ တို့စီးပွားမို့
တို့အားတို့ယုံ၊ တို့ထွက်ကုန်သည်
ဂုဏ်ရည်ပြည့်လျှံ၊ တန်ဖိုးမှန်သည်
နိုင်ငံတွက်သာဖြစ်စေသင့်။ ။

မောင်မွန်နွယ် (ရွှေဝယ်)

F. 3

— ကဗျာ ....
ငါဟာ
စာပေအမျိုးအနွယ်ထဲ
ရဲရင့်တည်ကြည်ဆုံး။

— ကဗျာ ....
ငါဟာ
လူတကာကို၊ ငိုအောင်လည်းစွမ်းဆောင်
ရီအောင်လည်းပြု၊ အနုအကြမ်း
အလွမ်းအဆွေး၊ မှန်ရာပြောတတ်တဲ့
တကယ့်လက်နက်တခုပါ။

— ကဗျ ....
ငါဟာ
မိန္ဒာနုယ်ချွဲ၊ ကျူးကျော်တဲ့သူ
လူနဲ့လူခြင်း၊ သနားကင်းပြီး
အရင်းရှင်ဓါးပိုဖြတ်
အမြတ်များများထုတ်၊ ဂုတ်သွေးစုတ်တဲ့သူ
ဒီလူတွေမှန်သမျှ
ငါကလက်ပိုက်ကြည့်မနေတတ်။

— ကဗျာ ....
ငါဟာ
မျက်နှာချိုသွေး၊ အပြီးဆေးနဲ့
ငွေကြေးအသပြာ၊ ဘာလက်ဆောင်ဘဲ ပေးပေး
နည်းနည်းလေးမှ၊ တချက်ကလေးမှ
ယောင်တလို့များ၊ စိတ်ကစားမိ
ငဲ့ကြည့်လာမယ်မထင်နဲ့။

— ကဗျာ ....
ငါဟာ
အထက်တန်းလွှာဘုံ၊ ရွှေမှုံကိုစား
လူ့မလိုင်တွေကြားမှာ၊ ငါမနေပါဘူး
'တိုယိုတာ ကိုရိုလာ'၊ မစီးပါဘူး
ဗလာကိုယ်ထီး၊ ချွေးသွေးစီးကျ
အလုပ်လုပ်ကြတဲ့၊ အရင်းမဲ့ပြည်သူတွေ
အနေမွဲစုတ်၊ တဲကုတ်လေးထဲမှာ
ငါနေပါတယ်၊ ကမ္ဘာပေါ်ရှိ
အဖိအနှိပ်ခံ၊ တော်လှန်ပြည်သူတွေအကြား
ကျောမွဲပြည်သူတွေအနား
လမ်းမများပေါ်မှာ၊ ငါရှိပါတယ်။

— ကဗျာ ....
ငါဟာ
သစ္စာတရား၊ မုသားမသုံး
မှန်ရာအားလုံးအတွက်
ကိုယ်ကျိုးမငဲ့ဘဲ
တိုက်ပွဲဝင်တဲ့လက်နက်ပါ။ ။

ကြည်လှိုင်ဇော

ကောဋ္ဌာဟင္ဃ

မဟုတ်ကိုအဟုတ်
အဟုတ်ကိုမဟုတ်
မရှိကိုအရှိ
အရှိကိုမရှိ
မဖြစ်ကိုအဖြစ်
အဖြစ်ကိုမဖြစ်
စနစ်အကြောင်း
ခေတ်အကြောင်းကို
မကောင်းပြောနေကြပါသည်။ ။

မောင်ငြိမ်းနိုင် (ထားဝယ်)

ပလပ်စတစ်အသဲ

— ငါ့ရင်ထဲမှာ
ဝေဒနာတွေ၊ ဘယ်လိုနေလဲ
ဖွေရှာမေးသည်။

— ငါ့ရင်ထဲမှာ
ဝေဒနာဟု၊ ကြည်သာပျို့ဆွတ်
နှလုံးညှတ်၍၊ တမ်းမွတ်သာရှင်
ဘဝင်အူလှိုက်၊ အသဲခိုက်အောင်
ရီလိုက်စရာ ဘယ်ဟာလေမျှ မရှိပါ။

— ငါ့ရင်ထဲမှာ
ဝေဒနာဟု၊ ကြည်သာမတွေ့
တမြေ့မြေ့နှင့်၊ ငွေ့ငွေ့လောင်ကျွမ်း
စိတ်ချမ်းမရှင်၊ ဆွေးစိတ်ဝင်၍
ရှိုက်ငင်စရာ
ဘယ်ဟာလေလဲမသိပါ။

— ငါ့ရင်ထဲမှာ
ငိုတာမသိ၊ ရီစရာမရှိဘူး
အထူးအထွေ၊ စိတ်ဝေဒနာ
မရှိပါပြီ၊ ရင့်မာကျစ်ခဲ
ပလပ်စတစ်အသဲ ဆင်ထားသည်။ ။

ချစ်ခေါင်ယဉ် (ထားဝယ်)

— ရွှေနဲ့စက်ပြီး
ခက်ခက်ခဲကြီး ဝယ်ရတဲ့
စာမျက်နှာတွေမှာ
ဟာဒလေချေရယ်
ဒေးဗစ်ချန်းရယ်
တန်ခိုးရှင်တွေရယ်
လွှမ်းမိုးနေလေရဲ့။

— စာပေယဉ်ကျေးမှု
အနုပညာသမိုင်း
ကဏ္ဍအပိုင်းမှာ
အပြာမရင့်တရင့်စာပေတွေ
တဝင့်ဝင့် တကားကား
ဓားစာပေ သိုင်းစာပေတွေ
ဒိုင်းညောင့်ပစ်ခတ်
ညှစ်သတ်ဖြစ်သတ်
အမြုတ်ပဓာနလွှန်စာအုပ်တွေ
စေတလုံးပြီး၊ တန်ခိုးကြီးသည့်
သိဒ္ဓိရှင်စာပေတွေ
ဝေဖြာထွန်းကား
အားကောင်းမင်းမူနေလေရဲ့။

— သစ္စာသမား
ဒို့များရဲ့ခံယူချက်
ပြည်သူ့အတွက်ကို
ရေးလိုတဲ့စာ၊ ရေးသင့်တာမို့
ရေးပါလေလဲ၊ နေရာမရ
မျက်နှာငယ်နေရသေးပါလေရဲ့။

— ဇွဲအား လေ
ဆေးမင်ရည်အနံ့၊ သင်းပျံ့ပျံ့နဲ့
မခန့်မငြား၊ စာကူးစက်အကြားမှာ
'ဖရောင်းဂျိုးများ' နဲ့အတူ
ဒို့များရေးသားချက်တွေဟာ
အနားယူနေရပေမယ့်
တာစူနေတာတော့
သိသာကောင်းပါရဲ့။ ။

ကျော်ငြိမ်းလတ်

- တရာကျော်လစာ၊ ဘာကြေးညာကြေးဆိုပီး
အမြီးနှုတ်ခေါင်းနှုတ်၊ အကြေးပါနှုတ်သွားလို့
မှုးသွားရင်ရှူစရာ၊ အသပြာနှစ်ဆယ်
လက်ဝယ်ဆုပ်လို့၊ ခေါင်းရှုပ်စွာနဲ့
ပြန်ခဲ့တယ်ကွယ်၊ ပြန်ခဲ့တယ်။

- လာပါအကို-အမ၊ နားဝင်ချိုစကားသံ
အားပေးသုံးဆောင်ပါ၊ တခါပြင်ငါးကျပ်
ပါးစပ်သွားရေယို၊ လိုအင်ဆန္ဒကို
တခွက်လက်နှစ်လုံးလျော့၊ သုံးမတ်ပေးရတဲ့
လဖက်ရည်ကိုဘဲမြီးခဲ့တယ်ကွယ်၊ မြီးခဲ့တယ်။

- ဖော့ရောင်စုံအစ၊ တကိုက်ငါးဆယ်
ဝယ်လှည့်ပါကြည့်လှည့်ပါ၊ သာယာတဲ့အသံက
ကလိတယ်ကွယ်၊ ကလိတယ်။

- မြင်းလှည်းသမားရဲ့၊ သွားမလားခေါ်သံ
နားယံဝယ်ငြီးလေငြား၊ စကားမပြန်နို
အားမာန်ကိုတင်း၊ လမ်းလျှောက်ရင်းနဲ့
ပြန်ခဲ့တယ်ကွယ်၊ပြန်ခဲ့တယ်။

- ရေနံဆီဈေးကလဲ၊ တပိဿာတဆယ့်ရှစ်ကျပ်
တကျပ်ဖိုးလက်နှစ်လုံး၊ အမှောင်ဖုံးနေတဲ့အိမ်
မီးထိန်မချို့ရအောင်၊ ပိန်လှီချိုင့်မီးခွက်နဲ့
လက်ကနဲ့အလင်း၊
ဆောင်ခဲ့တယ်ကွယ်၊ ဆောင်ခဲ့တယ်။

- အမဲ-ငါး-ကြက်-ဝက်၊ ဆီပြန်မချက်နိုင်
ကစွန်းရွက်ရေပြုတ်ဟင်း၊ ထမင်းဖြူနီဝါ
တညတာအဟာရကို၊ နတ်သုဒ္ဓါထင်ပြီး
စားခဲ့တယ်ကွယ်၊ စားခဲ့တယ်။

- တရာကျော်လစာနဲ့၊ မလှပတဲ့ဘဝကို
တသက်ရုန်းနိုင်ပါ့မလား၊ အားငယ်တဲ့စိတ်နဲ့
စိုးထိတ်ရင်မှာ၊ ဝေဒနာနှိပ်စက်ပေမယ့်
မနက်ဖြန်အလင်း၊ အလုပ်ဆင်းနိုင်ဖို့
အိပ်မယ်လို့ကြံတုန်း၊
မြုန်းကနဲမိုးရွာလာတယ်ကွယ်၊ မိုးရွာလာတယ်။

- ခနိဖက်ဈေး၊ တရာ့လေးဆယ်
ဝါးကိုးဆယ်တရာ၊ သယ်ယူခနှစ်ဆယ်
ငါးဆယ်ကျော်အိမ်မိုးခ၊ နှစ်ဆတိုးလို့
မိုးထဲလေထဲ၊
စိုကာရွှဲရတယ်ကွယ်၊ စိုကာရွှဲရတယ်။

- အော်-တနေ့၏ည
ညပေါင်းများစွာ
မြောက်များစွာမှာ
ဆုံလာခဏ၊ ငါ့ဘဝကား....။

- တရာကျော်လစာ၊ ဘာကြေးညာကြေးဆိုပီး
အမြီးနှုတ်ခေါင်းနှုတ်၊ အကြေးပါနှုတ်သွားလို့။

မောင်မောင်မင်းဝေ (ထားဝယ်)

နွေ သို့မဟုတ်

မင်းမင်း (သံတွဲ)

- လေပွေမွှေနှောက်၊ သစ်ရွက်ခြောက်တွေ
  မြေမှာပြန့်ကျဲ၊ ဖော်ကွဲညည်း
  လွမ်းသံနှောက၊ ရင်မောစရာ
  နွေရောက်လာကြောင်း သိပါသည်။
- နွေရောက်လေတိုင်း၊ ရွှေရင်လှိုင်းနှင့်
  ရစ်သိုင်းလွမ်းရှို၊ သောကဘုံမှာ
  ကြုံခဲ့အဖြစ်၊ ထပ်ခါသစ်လို့ လွမ်းပါသည်။
- ဟိုတနေ့က၊ ဘဝနှစ်ခု
  တခုထဲလို၊ ပြိုးချိုလက်တွဲ
  နှစ်ယောက်ထဲလေ၊ မခွဲပါဘူး
  ဆုထူးပန်သမျှ၊ မပြည့်ဝပါ
  ချစ်လာသူက၊ စ၍လမ်းခွဲ
  ခွဲမြဲချစ်သူ၊ တယောက်လူက
  ပူပင်သောက၊ ဗျာပါဒနှင့်
  ကြေမွသဲသာ ရခဲ့ပါသည်။
- နွေမှာလာရောက်၊ နွေမှာပျောက်သူ
  မောင့်ချစ်သူရေ၊ နွေပူ–ရင်ပူ
  တယောက်လူက၊ ကြည်ဖြူအမြဲ
  ခွင့်လွှတ်ဆဲနှင့်၊ အသဲတံခါး ဖွင့်ထားတယ်။ ။

Cartoons by LECH ZAHORSKI



ဘာလဲ
မပါဘူး
ဘာဖြစ်လို့လဲ
အဲဗျ
ပြီး

တခါက.. ရွာတစ်ရွာမှာ၊ အလွန်ရင်းနှီးတဲ့ ဦးရွှေမှုန်နဲ့ ဦးရွှေကံဆိုသူ။
သူငယ်ချင်းနှစ်ယောက်ရှိကြသတဲ့။
အဲဒီရွာမှာဘဲ၊ အပျိုကြီး ဒေါ်အေးဆိုတာ ရှိသတဲ့၊ ရုပ်ရည်က-မဆိုးဘူးတဲ့-
တနေ့မှာ... အပျိုကြီးဒေါ်အေးနဲ့ ဦးရွှေကံ တို့ဟာ၊ ချစ်ကြိုက်ကြသတဲ့-ဒါပေမယ့် နှစ်ဘက်မိဘများက-သဘောမတူကြတာ ကြောင့်-အခက်တွေ့နေကြရတယ်....
တနေ့တော့-
ကိုရွှေကံ... လကွယ်နေ့ညကျရင် ကျုပ်ကိုလာခိုးလှည့်တော် ဆက်ဆက်စောင့်နေမယ် သိလား-
ဒီအကြောင်းကိုပြောပြပြီး၊ ဦးရွှေကံဟာ သူငယ်ချင်းဖြစ်သူ ဦးရွှေမှုန်ကို၊ အကူ အညီတောင်းရတာပေါ့-
စိတ်ချ သူငယ်ချင်း ငါ... ခပ်စောစော လာခဲ့မယ်...

ဒါပေမယ့်-ဦးရွှေမှန်ဟာ၊ ဒေါ်အေးအပေါ် တဘက်သတ်ကြိုက်နေသူမို့ ချိန်းတဲ့ညမှာ
ကိုရွှေကံဆီမသွားဘဲ မအေးဆီ-စောစော သွားရမယ်
အချိန်းအချက်အတိုင်း လှေနံကိုသုံးချက် ခေါက်လိုက်တဲ့အခါ၊ ဒေါ်အေးလည်း.. လှေပေါ်ကိုအမြန်တက်ပြီး လိုက်ခဲ့သတဲ့.- ဦးရွှေမှန်လည်း တဘက်ကမ်းကိုအတင်းလှော် သတဲ့-
ရေလယ်ရောက်လို့ ဦးရွှေမှန်က၊ ချောင်းသံပေးလိုက်တဲ့အခါ---
အဟမ်း အဟမ်း
ဟင်...ကိုရွှေကံလဲ မဟုတ်ပါလား- ကိုရွှေမှန်...ရှင်ဘယ်လို လုပ်တာလဲဟင်...
အဲဒီအချိန်...ဒေါ်အေးဂုမ်ိဘ တွေလည်းကုန်လို့၊ ကမ်းပေါ် မှာ၊ မှုတ်ပေါ်ဂျိုက်ကုန်သတဲ့-
ဒီကောင်မတော့လား ပြန်လာရပြန်လာကြည့် သိမယ်..
လှေပေါ်မှာလဲ၊ ဒေါ်အေးက၊ ဦးရွှေမှန်ကို ဒေါသထွက်ပြီး အတင်းဆူပူကြိမ်းမောင်း နေတာကြောင့် -
ကဲပါ၊ မအေးရာ နင်မကြိုက်လဲ၊ ပြန်ပို့ ပေးပါ့မယ်.. တော်ပါတော့-
အဲဒီအခါ၊ ဒေါ်အေးပြန်ပြောလိုက်တာကတော့
ဒီး...ဟီး သေနာကောင်ကြီး အခုမှတော့-အကြောင်း မထူးဘူး၊ ဆက်လှော်
ပြီး

ထားဝယ်ဒေသိယစကား
ရှာဖွေလေ့လာတွေ့ရှိချက်

ထားဝယ်စကားသည် ဘာသာဗေဒ အခေါ် အဝေါ်အားဖြင့် **'ဒေသိယစကား'** ဟု ခေါ်သော စကားတမျိုးပင်ဖြစ်ပါသည်။

ဒေသိယ စကားသည် အထင်ကြီးစရာလည်း ကောင်းလှသည်။ တန်ဘိုးလည်းရှိသည်။ ဘာသာ ဗေဒပညာရှင်တို့အဖို့ ဒေသိယစကားသည် အရေး ပါလှပေသည်။ အဘယ့်ကြောင့်ဆိုသော် ဒေသိယ စကား ကွဲပြားချက်များသည် ဘာသာစကား လေ့ လာမှုကို အထောက်အကူပြု၍ သက်သက်မျှသာမက ဘဲ စံပြုနှင့်စံပြုမဟုတ်သောစကားများ စတင်ပေါ် ပေါက်လာပုံ ရင်းမြစ် သမိုင်းကို သိနားလည်ရန် အချက်သည် ဒေသိယစကား၏အသွင်အပြင် အနေ အထားများပေါ်တွင် တည်နေသောကြောင့်ပင် ဖြစ် သည်ဟု ဘာသာဗေဒပညာရှင် **ဗလွမ်းဖီးလ်*** က ဆိုခဲ့ပါသည်။[1]

ထားဝယ် ဒေသိယစကားကို ကွယ် လွန် သူ ပါမောက္ခဆရာကြီး ဦးဖေမောင်တင်သည် လွန်ခဲ့ သည့် အနှစ်ငါးဆယ်ကျော်ကပင် ရှေ့ပြေးစစ်တမ်း ထုတ်ခဲ့ဘူးပါသည်။ အငြိမ်းစား ကျောက်စာဝန်များ ဖြစ်ကြသော ဆရာကြီး ဦးလူဖေဝင်းနှင့် ဦးဖိုးလတ် တို့သည် လည်း ကောင်း၊ ဆ ရာ မင်းသု ဝဏ်သည် လည်းကောင်း ထားဝယ် စကားအကြောင်းကို အလျဉ်းသင့်ရာ ဆောင်းပါးများတွင် ထည့်သွင်းရေး သားခဲ့ဘူးပါသည်။ သို့မျှမက ဂျပန်အမျိုးသား ပါ မောက္ခမစ္စတာ **အိုနိုတိုးရု**** ကလည်း ထားဝယ် စကားအပါအဝင် မြန်မာနိုင်ငံအတွင်းရှိ ဒေသိယ စကားများနှိုင်းယှဉ်လေ့လာချက် စာတန်းတစောင် နှင့် ဆောင်းပါးတစောင် ရေးသား တင်ပြခဲ့ဘူး ပါသည်။[2]

ထားဝယ်စကားကို အသံကွဲ မြန်မာစကားအဖြစ် သုတေသီ အချို့က သတ်မှတ်လိုပုံ ရပါသည်။ ကျွန်တော့အနေနှင့်မူ ထားဝယ်စကားကို "ရှေး ဟောင်းမြန်မာစကား" သို့မဟုတ် "ဂန္တဝင်မြန်မာ စကား" ဟုဆိုလျှင် ပို၍မှန်မည်ထင်ပါသည်။ ထား ဝယ်စကားသည် စာရေး၍မရသော 'အပြောဘာ သာစကား' သက်သက်မဟုတ်ဘဲ စာရေး၍ ရသော၊ စာရေးခဲ့ဘူးသော "အရေးဘာသာစကား" ဖြစ်ခဲ့ ဘူးသည်ကို ပုဂံကျောက်စာများက သက်သေခံ နေပါသည်။

ပုဂံကျောက်စာများက ဖော်ပြနေသည့်အထောက် အထားများကို စေ့ငုကြည့်စေချင်ပါသည်။

၁။ ဦးစိုးမြင့် 'ဒေသိယစကားလေ့လာမှု' ပညာပဒေသာ စာစောင်။ (၀ိဇ္ဇာ)၊ အတွဲ-၉၊ အပိုင်း-၂၊ စာ-၆၀။

၂။ ဒေသန္တရသုံး ဗမာစကား၊ စာအကြောင်း ပေအကြောင်း၊ ၁၉၆၉

၃။ ဒေသန္တရသုံး မြန်မာစကား၏ ပထဝီဝင်အနေ အထား၊ ၁၉၆၉ ခု၊ မတ်လ၊ ငွေတာရီ

* Bloomfield ** Onotoru

ပုဂံကျောက်စာမှ လဆွဲသံများ

ပုဂံခေတ် ကျောက်စာများမှ လဆွဲသံများသည် ယနေ့အထိ ထားဝယ်တွင် ပြောနေသည့် ထားဝယ်စကားအသံနှင့် ထပ်တူထပ်မျှဖြစ်ပါသည်။ သို့ရာတွင် သုတေသီအချို့က ယခုခေတ်အသံထွက်အတိုင်း ကလ ကို ‘ကျ’ မေလ ကို ‘မြေ’ မလစ် ကို ‘မြစ်’ အစရှိသည်ဖြင့် ယခုခေတ်အသံထွက်နှင့် အစားထိုး၍ ဖတ်ရမည် ဆိုပါသည်။[၁] ယင်းအယူအဆ မှန်မမှန်ကို အဆုံးအဖြတ်ပေးနိုင်မည့်သူမှာ ဘာသာဗေဒပညာရှင်နှင့် သဒ္ဒဗေဒပညာရှင်များသာ ဖြစ်ပါသည်။

ပုဂံခေတ်တွင် ဗျည်းတို့ကို ယ ယှဉ်၍ (ယပင့်) ရ ယှဉ် (ရရစ်) လ ယှဉ် (လဆွဲ) ရေးနည်းဟူ၍ သုံးမျိုးကွဲပြားလျက်ရှိပါသည်။ ကွဲပြားသည့်အတိုင်း အသံသုံးမျိုးထွက်သည်ဟု ယူသော် ရမည်ဖြစ်ပါသည်။ ထိုသို့ကွဲပြားသည်မှာလည်း အခိုက်အတန့်မျှမဟုတ်၊ စကားအနည်းငယ်တွင်မှအပ ရောထွေးရှုပ်ထွေးခြင်းလည်း မရှိ၊ စနစ်ကျခြင်းလည်း ရှိကြောင်း တွေ့ရပါမည်။ ပုဂံခေတ်တွင် ယပင့်ရရစ် ရေးခဲ့သောစကားအားလုံးပင် ယခု ယပင့် ရရစ် ရေးလျက်ရှိပါသည်။ သို့ရာတွင် ယခု ယပင့်ရရစ် ရေးလျက်ရှိသော စကားလုံးအချို့မှာ ပုဂံခေတ်တွင် အမြဲလိုလို ဗျည်းအောက်မှ လဆွဲ၍ရေးသည်ကို တွေ့ရပါမည်။[၂]

ချွင်းချက် စကားလုံးအနည်းငယ်တွင်မှအပ ပုဂံကျောက်စာတွင် လဆွဲရေးခဲ့သော စကားလုံးမှန်သမျှ ထားဝယ်တွင် လဆွဲသံဖြင့် ပြောဆိုနေကြဆဲဖြစ်ပါသည်။

ပုံစံ–ကျား၊ ကျိုး၊ ကျောက်၊ ကျောင်း၊ ချိုး၊ ချောင်း၊ ချွတ်။

ပြု၊ ပြစ်၊ ပြွန်၊ ပြူ၊ မြေ၊ မြတ်၊ မြစ်။

စကားလုံးအနည်းငယ်ကိုသာ ပုံစံအဖြစ် ပြပါသည်။ လဆွဲသံဖြင့်ပြောသော စကားလုံးတိုင်းကို ဖော်ပြရန် စာမျက်နှာက ခွင့်ပြုနိုင်မည်မဟုတ်ပါ။ ဆရာကြီး မြကေတု (ပါမောက္ခဦးချမ်းမြ) ကလည်း ရာဇကုမာရ်ကျောက်စာ ပျူဘာသာဖက်တွင် ‘ပြီးပြု’ ဟူသောစကားလုံးကို ‘မိး ပုငြ’ ဟု–ပ အောက် မှ လကြီးဆွဲ၍ ရေးထိုးထားသဖြင့် ‘ပြုပြီး’ ဟူသော ပျူစကားရင်းဖြစ်ကြောင်း ဆိုခဲ့ပါသည်။[၃] ယင်းသို့ဆိုခြင်းဖြင့် ထားဝယ်စကားမှ လဆွဲသံများသည် ပုဂံခေတ်မတိုင်မီ ပျူခေတ်ကပင်လျှင် စာလုံးအဖြစ်နှင့် ရှိခဲ့ဘူးသည်ဟု ယူဆဘွယ်ရာ ရှိပါသည်။ မှန်မမှန်ကြံဆရန်မှာ ပညာရှင်တို့၏အရာသာ ဖြစ်ပါသည်။

ရှေးရှေးခေတ်တို့က လဆွဲသံယုတ် ပြောကြသည်။ ပြောသည့်အတိုင်း ရေးသည်။ စံကိုက်သည်။ ယခုအခါတွင်ကား ထားဝယ်နှင့် အင်းလေး အရပ်တို့မှတပါး လဆွဲသံယုတ်ကို မဆိုကြတော့ပြီ။ ပုဂံခေတ်ကုန်ဆုံးပြီးသည့်နောက် ပင်းယခေတ်၊ အင်းဝခေတ်တို့တွင် မြန်မာတို့၏စကားပြောသံသည် အမှတ်မထင် ရွေ့လျောလာခဲ့ပုံရသည်။ အဘယ်ကြောင့်ဆိုသော် ပုဂံခေတ်အခါက မမေ့မလျော့ ရေးသားခဲ့သော လဆွဲ သံယုတ်သည် ယပင့်ရရစ် အဖြစ်သို့ သင့်လျော်သလို ရွေ့လျော သွားသည်ကို တွေ့ရ သောကြောင့် ဖြစ်ပါသည်။ သက္ကရာဇ်၇၂၉ ခုတွင် နန်းတက်သော မင်းကြီးစွာစော်ကဲ လက်ထက်မှ စ၍ လိုက်နာခဲ့ကြသည်ဆိုသော သဒ္ဒညာဏချီ သတ်ပုံဟောင်း ကြီးတွင် လဆွဲသံယုတ်ကို မတွေ့ရတော့ပါ။ သို့ရာတွင် သက္ကရာဇ် ၈၇၁ ခု ထိုး ရတနာ ဗိမာန် ကျောင်း ကျောက်စာတွင် လဆွဲသံများကို အများအစားပြန်၍ တွေ့ရသည်။[၄] အရေးပြောင်းသော်လည်း အပြောသံ

၁။ ဟံသာဝတီ ဦးဘရင်၊ မြန်မာစာ အခြေပြကျမ်း၊ စာ–၁

၂။ ဦးဖိုးလတ်၊ မြန်မာစကားအဖွင့်ကျမ်း (ပထမတွဲ)၊ စာ–၁၀၂

၃။ မြကေတု၊ မြန်မာစကားပြေအရေးအသားစာပေ နှီးနှောဖလှယ်ပွဲ စာတန်းများ မန္တလေး၊ ၁၉၆၃ ခု၊

၄။ မင်းသုဝဏ်၊ မြန်မာ စာလုံး ပေါင်း ဖြစ်စဉ်၊ မြန်မာစာမြန်မာမှု၊ စာ–၁၃၇၊ ၁၃၉။

ပြောင်းသည့် သဘောပင်လောဟု တွေးတော ဘွယ်ရာ ဖြစ်ပါသည်။

ပုဂံခေတ်တွင် အက္ခရာများကို မှန်ကံမှုရေးသည်မှာ ကြာသေး။ မြန်မာ ဟူ၍လည်း များစွာ မရှိသေး သဖြင့် စကားပြောပုံနှင့် စာရေးပုံဟူ၍ ကွဲပြားခြင်း မရှိဘဲ ပြောသည့်အတိုင်း ရေးသည်ဟု ယူဆဘွယ် ရှိကြောင်း အိန္ဒိယပြည်မှ ကျောက်စာပါရဂူ **ဒေါက်တာဘလက်ဒင်***က မှတ်ချက်ချခဲ့ဘူးပါသည်။[၃]

ဘာသာစကား၏ ပြောင်းလဲတတ် သော သဘောအရ မြန်မာစာ အရေး အသား အပြော အဆို၌ လဆွဲသံများပျောက်ကွယ်ခဲ့ပါသည်။ လဆွဲနေရာတွင် ယပင့်ရရစ်တို့နေရာယူနေကြပါသည်။ ယင်းသို့ ပြောင်းလဲ လာရသည်မှာ အသံထွက်ရ ခက်သော လဆွဲသံမှသည် အသံထွက်ရလွယ်သော ယပင့်အသံသို့ပြောင်းလဲ လာခြင်းကြောင့်ပင် ဖြစ်သည်။[၂] ထားဝယ်စကား နှားဝင်ချိုခြင်း၏ အဓိက အကြောင်းရင်းမှာ လဆွဲသံများကြောင့် ဖြစ်သည်ဟု ဆရာကြီး ဦးဖေမောင်တင်က ဆိုခဲ့ဘူးပါသည်။[၄]

ဘာသာဗေဒ အသုံးအနှုန်း အရ 'အားထုတ်မှု ချွေတာခြင်းကြောင့် နီးစပ်ရာအသံသို့ ပြောင်းတတ်သည့်သဘောပင် ဖြစ်သည်ဟု ထင်ပါသည်။

ပုံစံအားဖြင့် မြွေကိုပလွေ၊ မြွေကိုမွေ့။[၅]

သို့ရာတွင် ထားဝယ်သူ ထားဝယ်သား များကမူ ပုဂံခေတ်မှစ၍ ယနေ့ ထက် တိုင် အသံထွက်ရ ခက်သော လဆွဲသံများကို ဇွဲ ရှုန်းမျှ မှုရင်း အတိုင်း ထိန်းသိမ်း ပြောဆို နေ နိုင် သည် မှာ အား ထုတ်မှု ဇွဲကောင်းလှန်းသောကြောင့် ဟုပင် ဆိုရ မည်လား မသိပါ။ အထက်က ပြခဲ့သည် တို့မှာ အ ထောက် အထားများစွာတို့မှ တခုသော အထောက် အထား သာ ဖြစ်ပါသည်။ ကျန် အထောက် အထား များကို တင်ပြပါဦးမည်။

အပင့်အရစ်မပါသောအသံများ

ပုဂံ ကျောက်စာများ၌ ကို၊ ကိုတ်၊ ကိုန်း၊ ချိပင့်၊ ပန်းခ်ိအစရှိသည့် စာလုံးများကို ယပင့်မပါဘဲ ရေးထိုး လေ့ ရှိပါသည်။ နောက်ပိုင်း တွင်မှ ယပင့် ပါလာ သည်။ ထို့အပြင် ရရစ်သံ အချို့ကိုလည်း အရစ် မပါဘဲ ရေးထိုး ခဲ့သည် ကို တွေ့နိုင်ပါသည်။

ပုံစံအားဖြင့်–တပည့်၊ ပညာ။

ပုဂံခေတ်ထိုး ကျောက်စာ များ တွင် 'နေ့ည'ကို 'နေ့င' ယင်းနောက် နေ့ငြ' ဖြစ်လာသည်။[၅] (ပုဂံမြို့၊ တက်နွယ် ကျောင်း ကျောက်စာ နှင့် စစ်ကိုင်း မြို့ ငါဖုရားစေတော်ဦး ကျောက်စာရှု) အလားတူ ပုံစံ များပြ၍ မကုန်နိုင်အောင် ရှိသည်။

ထိုနည်း တူ ယ နေ့ ထား ဝယ် တွင် လည်း၊ ခ် (ချိပင့်)၊ ကွဲ (ကျွဲ)၊ ခေ (ခြေ)၊ ခေ (ခြေ တိရစ္ဆာန်)၊ ကွပ် (အပ်ကာရန်) ကြွက်၊ လက်ကွယ် (လက်သူကြွယ်)၊ အလေးခ် (အလေးချိန်)၊ အခ် နာရီ (အချိန်နာရီ) စသည်ဖြင့် ယနေ့အထိ အပင့် အရစ်သံမပါဘဲပြောနေသည့်စကားလုံးပေါင်းများစွာ ရှိနေပါသေး သည်။ ဆရာကြီး ဦးဖေမောင်တင်က ပုဂံခေတ်တွင် အပင့် အရစ် မပါခဲ့ရာမှ ယခုခေတ် အပင့်အရစ်သံပါလာရသည့် အကြောင်းရင်း ဇစ်မြစ်မှာ အပင့်အရစ် မပါသော အသံကို မြည်ရာတွင်

၁။ ဦးဖိုးလတ်၊ မြန်မာစာကားအဖွင့်ကျမ်း၊ ပထမတွဲ၊စာ–၁၀၁။
၂။ ဦးဖေမောင်တင်၊ဘာသာစကား ယဉ်ကျေးမှုဝေတာရီ၊ ဖေဖော်ဝါရီ၊ ၁၇၆၄၊ စာ–၆၂။
၃။ ဦးဖေမောင်တင်၊ထား ဝယ် ဒေ သန္တ ရ စကား၊ မြန်မာနိုင်ငံသုတေသန အသင်းဂျာနယ်၊ ၁၉၃၃။
* Dr. O.C. Blegden
၄။ ဦးတင်လှ၊'ဘာသာစကားသည် ပြောင်းလဲတတ်သောသဘောရှိသည်' ပညာပဒေသာစာစောင်၊ အတွဲ ၃၊ အပိုင်း၄၊ ၁၉၆၇ ခု စာ–၂၁၇။
၅။ ဦးဖိုးလတ်၊ ဘာ သာ စကား အဖွင့်ကျမ်း၊ပထမတွဲ၊စာ–၁၇၄။

အာခေါင်မာကို လျှာဖြင့်မထိရ။ အကယ်၍ထိမိလျှင် ယပင့်သံ ဝင်လာသည်ဟု ဆိုပါသည်။[၁]

ဘာသာဗေဒ သုတေသီ တဦး ဖြစ်သူ စာရေးဆရာ မောင်သာနိုးကလည်း ပုဂံခေတ်ကျောက်စာ၌ ယောကျ်ားကို **ယောက်ယာ**ဟု ရေးရာက အစ **–က်နှင့်ယာ**ပေါင်းမိသွားပြီး **‘က်ယာ’** (Kja) ဖြစ်သွားသည့်အကြောင်း၊ ယင်းနောက် ဗျည်းသံသည် **–က်** ဖြစ်ရာ အာခေါင်ပျော့နားကနေ **‘ယ်’** ဖြစ်ရာ အာခေါင်မာဆီသို့ ရွေ့သွားပြီး ဆက်တိုက် သွားအရင်းနား ရောက်သွားရာမှ ‘ကျား’ဟု အသံထွက်လာကြောင်းဆိုခဲ့ပါသည်။[၂]

ယခုခေတ်သုံး မြန်မာစကားကို ကြည့်လျှင်လည်း ပစ်၊ပစ္စည်း၊တပည့်၊ ကမ္ဘည်း၊ မည်၊ မေတ္တာ စသည့်တို့တွင် အပင့်အရစ် မပါဝဲလျက် အပင့် အရစ်သံကို ကြားရပါသည်။ ဘာသာ ဗေဒ အသုံးအနှုန်း အရ ပြောရလျှင်‘လျှာချော်ခြင်း’ဟုဆိုရမည် ထင်ပါသည်။

ဤနေရာတွင် ပုဂံကျောက်စာများ ရေးထိုးသည့်အချိန်မှယနေ့အထိ နှစ်ပေါင်းကိုးရာမျှ ထားဝယ်သူ ထားဝယ်သား များသည် လျှာမချော်အောင် ထိန်းနိုင်ခဲ့သည်ဟု ခန့်မှန်းရပါသည်။

သရကွဲသံလွဲပုံများ (ကတ်နှင့်ကက်)

ထားဝယ်စကား တွင် သရသံ ထွက်ပုံ များမှာ ယနေ့ မြန်မာစကား သရသံ ထွက်ပုံ များနှင့် မတူ။ ကွဲလွဲလျက်ရှိပါသည်။ အသရကိုကသတ်လိုက်သော် မြန်မာစကားတွင်‘အက်’သံထွက်ပါသည်။ ထားဝယ်စကား ဤသို့မဟုတ်‘အတ်’(အဝ်) အသံ ထွက်ပါသည်။ပုံစံအားဖြင့် သစ်ခက်ကို သစ်ခတ်၊ ရေနက်ကို ရေနတ်၊မက်မောကိုမတ်မောဟု အသံထွက်ပါသည်။ ချွင်းချက် အားဖြင့် မြန်မာတို့ ကဲ့သို့ ကသတ်အသံ အတိုင်းထွက်သောစကားလုံးအနည်းငယ် ရှိပါသည်။ ပုံစံအားဖြင့် ကက်၊ အက်၊ လျှက်၊ (လျှက်ဆားတွင် ကတ်သို့အသံမပြောင်းဘဲ‘ရစ်ဆား’ဟု စသတ်သံဖြင့် ပြောပါသည်။) ကသတ်အသံကို တသတ်၊ ပသတ် အသံ မထွက်ပဲ စသတ် သံ ထွက်သည်ကို နောက်ပိုင်းတွင်ရှင်းပါမည်။

ကမ္ဘာသုံးပါဠိတွင်က၊စ၊တ၊ပ၊အသတ် များသည် ယနေ့ မြန်မာက သတ် အသံ တခု တည်းသာ ထွက်သည်။ မြန်မာတို့က ကက်၊ ကတ်၊ ကပ်၊ အသံသုံးခု ရအောင် ထွင်ထားသည်ဟု ဆိုပါသည်။[၃] ကျွန်တော်သည်ပါဠိဘာသာ တတ်ကျွမ်းသူတဦး မဟုတ်သဖြင့် အထက်ပါ အဆိုကို အ ထောက် အထား ပြုရလျှင် ပုဂံခေတ်တွင်လည်းကသတ်အသံနှင့် တသတ်အသံ ထွက်မည်ဟု ပင် ခန့်မှန်းချင် ပါသည်။ ပုဂံခေတ်သည်ပါဠိဘာသာ ဩဇာအရှိန်အဝါ ကြီးမား သော ခေတ်ဖြစ်ပါသည်။ ထိုခေတ်တွင် မိန်းမများပင် ပါဠိဘာသာဖြင့် နှုတ်ဆက်ကြသည်ဟု ဆိုပါသည်။[၂] သို့ဖြစ်ရာ မြန်မာစာ အရေးအသားကို စမ်းတဝါးဝါး နှင့်မှန်းသွားနေရသော အချိန်အခါတွင် ပါဠိ အသံထွက် ပုံစနစ်များ၊ ပါဠိ စာလုံးပေါင်း စနစ်များကို နည်းနာ ယူကြမည် ဖြစ်ပါသည်။

မြန်မာ အက္ခရာဖြင့် ဖလှယ် ထားသော ပါဠိ စကားလုံးများ၊ပါဠိသက် ဝေါဟာရများကို နှောင်း မြန်မာတို့ကဖတ်ကြရာတွင် အသံထွက် အံချော်သည့် သဘောလည်းပါနေမည် ထင်ပါသည်။

စာမျက်နှာ (၇၃) သို့ ☆

၁။ ဦးဖေမောင်တင်၊ ‘ဘာသာစကား ယဉ်ကျေးမှု’ငွေတာရီမဂ္ဂဇင်း၊ ဖေဖေါ်ဝါရီလ၊ ၁၉၆၄၊ စာ–၆၄။
၂။ မောင်သာနိုး၊ ‘ဗမာစာဗမာစကား’စာ–၂၄၇။
၃။ ဦးသောင်းလွင်၊ မြန်မာအက္ခရာ ဗေဒကျမ်း၊စာ–၆၅။
၄။ ဦးထွန်းဖေ၊မြန်မာစာနိဒါန်း၊ စာ–၇၂။

(က)

ရာဇဝင်မှာ ရာဇဝံသမှလာသည်။ ရာဇ မင်း၊သဝံ အမျိုးအနွယ်ဟု အဓိပ္ပါယ်ရပါသည်။ မင်းတို့၏အမျိုးအနွယ် အစဉ်အဆက် အကြောင်း ရေးသားထားသည်ကို ရာဇဝင်ဟုခေါ်ပါသည်။

(ခ)

သမိုင်းဆိုသည်မှာ လူတယောက်၏ အကြောင်းအရာလည်းမဟုတ်၊ လူတစု၏ အကြောင်းအရာလည်း မဟုတ်၊ သမိုင်းသည် လူအားလုံး၏ အကြောင်း၊ လူသားများ၏ အကြောင်း ဖြစ်၍ လုပ်သား ပြည်သူ များ၏ လူ့လောက တည်ဆောက်မှု သမိုင်းကြောင်းကို စိတ်ဝင်စားစွာ မှတ်တမ်းပြု ခြင်းသည် သမိုင်းကို ပြုစုခြင်းမည်ပေသည်ဟု ဖတ်ရှုမှတ်သားခဲ့ရပါသည်။

(ဂ)

ရာဇဝင်၏အလိုအရ လူ့လောကဖြစ်ပေါ်မှုကိုဘုရင်များ၊ သူရဲကောင်း များက ဖန်တီးနိုင်သည်ဟု ဆိုပါသည်။ သမိုင်းအလိုအရမူ လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးတက်မှုကို ပြည်သူများက ဖန်တီးသည်။ အထူးသဖြင့် အလုပ် လုပ်သော ပြည်သူ များက ဖန်တီးသည်ဟု ဆိုပါသည်။

(ဃ)

မင်းများအကြောင်းကို အဓိက ထား၍ ရေးသားရာ၌ အဖေမှ သား၊ သားမှ မြေးတိုင် တဆင့်ပြောပြချက်များကိုသာ အခြေခံ၍ရေးသားခြင်းကြောင့် ပါးစပ် ရာဇဝင်ဖြစ်နေပါသည်။ ပါးစပ်ရာဇဝင်ဆိုသည်မှာပုံပြင်တမျိုးဖြစ်၍ အချို့သော အကြောင်းရပ်များမှာ သဘာဝယုတ္တိနှင့်ကင်းနေပြန်ပါသည်။ ပါးစပ်ရာဇဝင်များတွင် တိရိစ္ဆာန်များသည်ပင် ဇာတ်ကောင်များအဖြစ် ပါဝင်နေတတ် ပါသည်။ ယင်းဇာတ်ကောင်များသည်လူသားများ ကဲ့သို့ပင်တည်း။

(င)

စာရေး သူသည် သမိုင်း သုတေ သီ လည်း မဟုတ်၊ ရာဇဝင်ဆရာလည်းမဟုတ်ပါချေ။ ထားဝယ် ရာဇဝင်၊ထားဝယ်သမိုင်းကိုလည်း ပြုစုရန် မရည်ရွယ်ပါ၊ စာပေဟောင်းပေဟောင်း စုဆောင်းရန်မှု ဝါသနာပါ၏။ ရှေးဖြစ်ဟောင်း များကို ကြားသိ လိုသော ဆန္ဒလည်းရှိ၏။ ထိုကြောင့်ထားဝယ်ရာဇဝင်စာအုပ်များကို ရှာဖွေစုဆောင်း ထားမိပါသည်။ လက်ဝယ်စုဆောင်းထားရှိသောထားဝယ်ရာဇဝင် အကျဉ်းချုပ်နှင့် ထားဝယ်သမိုင်း အကျဉ်းချုပ် တို့ကို လှန် လှော ကြည့်မိသည်။

(စ)

ရာဇဝင် အမျိုး အစား နှစ်မျိုးရှိသည်ဟု မှတ်သားခဲ့ရဘူးပါသည်။ အဝတ္ထုကနှင့် သဝတ္ထုကရာဇဝင်တို့ဖြစ်ကြပါသည်။ထားဝယ်ရာဇဝင်ကိုအဝတ္ထုက အမျိုး အစား တွင် ထည့်ပေး ရပါမည်။ အဝတ္ထုက ဆိုသည်မှာသက်သေခံပစ္စည်းကို အထောက် အထား မပြဘဲ ရေးထားသော ရာဇဝင်ကို ခေါ် ပါ သည်။ သဝတ္ထုကရာဇဝင်မှာ ကျောက်စာ၊ ကြေးစာ၊အုတ်ချပ်စာ၊ မြေအောက်မှ တူးဖော် ရရှိသော ကျောက်ဝတ္ထု၊ အခြားသတ္တုပစ္စည်း နှင့် အိုးခြမ်းပဲ့ စ သည် များကို သက်သေခံအထောက် အထားပြု၍ ရေးသား ထားသော ရာဇဝင်ကိုခေါ်ပါသည်။

(ဆ)

ဘုရားသာသနာ၊ ထွန်းလင်း ပြောင်အောင်၊ အာသာဇောစိတ်၊ မနောညိတ်လျက်၊ ဩဒိသ် ကြည်နူး၊ ပြုကြဘူးသော အထူးထူး မင်းဆက်ကို လင်းမြွက်ခါစာတင်သမုတ်အပ်သောထားဝယ် ရာဇဝင် အကျဉ်းချုပ် မှုမှန် မှုဟောင်းကြီးကို ၁၂၈၆ ခုနှစ် တပေါင်း လဆန်း ၁၄ရက်တွင် ပထမအကြိမ် ပုံနှိပ် ထုတ်ဝေပါသည်။

(ဇ)

ထားဝယ်မြို့ကညိုရပ်၊ အောင်သာဝတီပုံနှိပ်တိုက်မှ အုပ်ရေ ၅၀၀ ပုံနှိပ် လုပ်ဆောင်၍ တအုပ်လျှင် ဂပဲနှုန်းဖြင့်ရောင်းချပါသည်။ မူပိုင်ရှင်မှာ ဦးမောင်မောင်ကြီးဆိုသူ ဖြစ်ကြောင်း ဖော်ပြ ထားပါသည်။

(ဈ)

ပထမစာမျက်နှာတွင် ‘ဒွါရကတိုင်း မင်းစဉ်မင်းဆက်အစ အချုပ်တို့ကားရက္ခပူရတိုင်း၌ ဘီတော်ဒသရာဇာမင်း လက်ထက် မရိန်ချောင်း နေမှုန်းကိုးခေါင်း သားအမျိုးတို့ ငြိမ်သက်စွာမနေ၊ မြို့ရွာတို့ကို တိုက်ဖျက်၍ ပြုကျင့်ဆိုးသွမ်းသောကြောင့် ထိုအရပ်မှခေါ်တော်မူ၍ မာန်အောင်ကျွန်းတွင် လေးအိမ်ထောင်စုလူစုတို့နှင့် ချထားတော်မူရာ ထိုနေရာမှ လူစုဝေးလျက် တနှစ်ကျော်ခန့်ရှိလျှင် ထွက်သွားကြသဖြင့် ယိုးဒယားနှင့် ပဲခူးနှစ်ပြည်အကြား မှုန်းကိုးဓားဝယ်ဟု အမည်တွင်လေ၏။’ ဟု စသည်ဖြင့် ရေးသား ဖော်ပြထားရာ မဉ္ဇူဝတီအရေးတော်ပုံတွင် မဟာပညာကျော် ‌ေလျှာက်ထားချက်နှင့် ထပ်တူဖြစ်နေပါသည်။

(ည)

ရာဇဝင်ဟော့ဆိုလျှင် ရသေ့ကပါလာသည်။ ဂေါဝိန္ဒရသေ့သည် ထားဝယ်ရာဇဝင်တွင် မပါလျှင် မပြီးသော ဇာတ်ကောင်ဖြစ်လာသည်။ ရာဇဝင် ဆရာသည် ရသေ့နှင့် မခေါင်းမ (ငခုံးမ) ကိုညားစေရန်နှင့် မိတဆိုးမောင်နှမကို ကယ်တင်ရန် ဂေါဝိန္ဒရသေ့ကို ဖန်တီးလာရပါသည်။ ရာဇဝင်ဆရာများ ဖန်တီးလိုက်တော့မှ ရသေ့များ မိန်းမယူရသည့် အဖြစ်သို့ ရောက်ရှိသွားတော့သည်။ မောင်ဇံနှင့် မဇော်တို့ လူ ဖြစ်လာရသည်ကိုလည်းကြည့်ပါဦး။

(ဋ)

ဂေါဝိန္ဒရသေ့သည် နေ့စဉ် ဆွမ်းခံကြွ၏။ ထားဝယ်နယ်သို့တိုင် နေ့တိုင်း ဆွမ်းခံလေ့ရှိသည်။ ဆွမ်းခံရာမှအပြန် ရေအိုင်၌ ဆွမ်းစား၏။ ဆွမ်းစားပြီးလျှင် ရေသုံးသပ်သည်။ မူရင်းအတိုင်းပြန်ရေးရလျှင်‘ဆွမ်းစားပြီးလျှင် ရေသုံးသပ်လေသဖြင့် ကိုယ်အညစ်အကြေးတို့သည် ရေဆီရေညှိဖြစ်၍ ငခုံးမစားမိလျှင် ရသေ့ကိုစွဲ၍ ပဋိသန္ဓေစွဲကပ်လျက် မယ်ဇော်နှင့် မောင်ဇံကို မွေးဖွား၏။ ငခုံးမသေ၍ နတ်သရဲဖြစ်ကာ ရသေ့အား အိပ်မက်ပေးသည်ဟု ဆိုပါသည်။

(ဌ)

ထားဝယ်ရာဇဝင်တွင် ငခုံးမ၊ မဇော် မောင်ဇံနှင့်

ဖခင်ဖြစ်သူ ဂေါ်ဝိန္ဒရသေ့တို့သည် ချန်လှပ်၍ မရသော ဇာတ်ဆောင်၊ ဇာတ်ကောင်များဖြစ်ကြ၏။ ရုပ်ရှင်လည်း ရိုက်ကူးခဲ့ဘူးပြီ။ ပြဇာတ်လည်း ကပြခဲ့ဘူးပြီ။ ယနေ့အထိ ပြောမဆုံး၊ ရေးမဆုံးကြ။ ပြောမကုန်၊ ရေး၍မကုန်ကြ။ အချို့သောလူငယ်များက ဖော်ပြခဲ့သောရာဇဝင်ကို ထားဝယ်ရာဇဝင်၊ ထားဝယ်သမိုင်းဟုယုံကြည်နေကြ၏။ ဤစာရေးသူသည် လူငယ်များအမှတ်မှားမည်ကို စိုးရိမ်မိ၏။ လူငယ်များ ရှေ့ကမားမားမတ်မတ်ရပ်ကာ ကာကွယ်လို၏။ ထားဝယ်ရာဇဝင်၊ ထားဝယ်သမိုင်းဆိုသည်မှာ ငါးကမွေးခဲ့ခြင်းမဟုတ်ကြောင်း ပြောလိုပါသည်။ ငါးက လူမွေးသည့်ဆိုသည်မှာ ယနေ့လူငယ်များ၏ လက်သုံးစကားအရပြောရလျှင် သိပ္ပံနည်းမကျဟု ပြောရပါမည်။ ထားဝယ်ရာဇဝင်သာမဟုတ် သရေခေတ္တရာ ရာဇဝင်တို့တွင်လည်း ယင်းဇာတ်လမ်းမျိုးကိုဖတ်ရှုခဲ့ရပါသည်။

(၃)

သရေခေတ္တရာ ရာဇဝင်တွင် ရသေ့နှင့်သမင်မ၊ သမင်မနှင့်ရသေ့ အတွေ့မထူးသော်လည်း ပဋိသန္ဓေတည်ပြီး သမီးချော ဗေဒါရီကို မွေးစေခဲ့ပါသည်။ တယောက်ကရသေ့နှင့် သမင်မဆိုလျှင်တယောက်က ရသေ့နှင့် ဆတ်မ ညားကြလေသတည်းဟု မရေးသော်လည်း ရေးသကဲ့သို့ပင် မပြေးသော်လည်း ကန်ရာရှိပါသည်။ ရာဇဝင်တိုင်းတွင် ရသေ့ပါ၏။ ဤရသေ့၊ ထိုရသေ့၊ အနှီရသေ့သည် ရာဇဝင်တိုင်း၏ လိုင်စင်ရ ဇာတ်လိုက်ကြီးဖြစ်နေပါသည်။

(၄)

ထားဝယ်ရာဇဝင်ကလည်း နောင်တော် ရာဇဝင်များ (သရေခေတ္တရာရာဇဝင်၊ ရခိုင် ရာဇဝင်၊ မွန်ရာဇဝင်) ထက်သာအောင် ဂေါ်ဝိန္ဒရသေ့နှင့် ငခုံးမတို့၏ ဇာတ်လမ်းကို ခင်းပြ၏။ လူယောကျ်ား တယောက်နှင့်လူမိန်းမတယောက် ပေါင်းနှစ်ယောက်ကို မွေးပစ်လိုက်၏။ ရှင်ဇော ရှင်ဖုံဟုပင် ယုတ္တိယုတ္တာရှိအောင်အမည်မှည့်လိုက်သေးသည်။ အံ့ဘွယ် သရဲစိတ်ကူး ပါပေဟုရာဇဝင်စာတန်းတစောင်တွင် ဖတ်ရှုခဲ့ရပါသည်။

(၅)

စာရေးသူ၏ အဖိုးသည် စာဟောင်းပေဟောင်းစုဆောင်းရာ၌ဝါသနာပါ၏။ အဖိုးစုဆောင်း ခဲ့သောပုရပိုဒ်တွင် မခေါင်းမ (ငခုံးမ) ဆိုသည်မှာလူမိန်းမ၊ ငါးအမည်မှည့်ထားသောလူမိန်းမသာ ဖြစ်၏။ ယင်းအမျိုးသမီး မခေါင်းမမှ သားမောင်ဖုံနှင့်သမီးမဇောကိုမွေး၏။ လူကလူကိုမွေးသော ဇာတ်လမ်းကိုဖတ်ရှုခဲ့ရပါသည်။ ယင်းပုရပိုဒ် မှတ်တမ်း ဇာတ်လမ်းမှာ ပါးစပ် ရာဇဝင်ပင် ဖြစ်စေကာမူ လူက လူကို မွေးသဖြင့်လက်ခံနိုင်စရာရှိပါသည်။ ဒုတိယကမ္ဘာစစ်ကြီးအ တွင်းက အဖိုးဆုံးခဲ့ ပါသည်။ အဖိုးလည်းဆုံး ပုရပိုဒ်လည်းဆုံးခဲ့ပါသည်။ အဖိုးနှင့်အတူစာဟောင်းပေဟောင်း တော်တော် များများသည် ဆုံးရှုံး ခဲ့ရပါသည်။

(၆)

'ငါးမ ဝမ်းက လူသား ဖွားသည်၊ ယုတ္တိ မရှိဆိုငြားအံ့၊ သတ္တဝါတို့ကံ စီရင်၍ ဖြစ်လာကြသည်၊ ထိုကြောင့် ယမိုက်ကျမ်း၌၊ တိရစ္ဆာန် လူတရပ်ကယ်တို့လေးပါးစုံ သန္ဓေကပ်၊ ထူးမှတ်၍ခွဲ' ဟုလာ၏။ ထားဝယ်ရာဇဝင် ဒုတိယတွဲ စာမျက်နှာ ၇ဂ တွင် ယင်းသို့ပင် အစချီထားပါသည်။

(၇)

ထားဝယ်ရာဇဝင်ဆရာသည် မိမိရေးသားခဲ့သော ပါးစပ်ရာဇဝင်၏ သဘော သဘာဝကိုလည်း သိပါသည်။ ယင်းရာဇဝင်ကိုဖတ်ရှုသော စာဖတ်သူများ၏ သဘော သဘာဝ ကိုလည်း သိပါသည်။ ယုတ္တိမရှိသည်၏အဖြစ်ကိုလည်းသိပါသည်။ ပြည်သူအများက မယုံကြည်သည်ကိုလည်း သိပါသည်။ ယင်းသို့သိသဖြင့် 'ယုတ္တိမရှိဟုဆိုငြားအံ့'ဟု အစချီကာ ရှင်းလင်းချက် ထုတ်ပြန်ပါတော့သည်။

(၈)

သမင်မကမွေးသော မိဖုရား မဗြဟ္မဒါရီ၊ နေနတ်သားနှင့်နဂါးမကမွေးသော ပြူစောထီး၊ သမင်မကမွေးသောဘုရားလောင်းရသေ့ မကျည်းပင် ပဋိသန္ဓေနေလာသည်ကို မယုံချေဟု သံသယ မဖြစ်သင့်ပြီ။

စာမျက်နှာ (၄၅) သို့

မြို့တော်ဟောင်း၏ အောက်မေ့ဖွယ်ရာများ

(ရှုဂ်ယဇ)



"ဥသြခ်ေအာ်သည်" ဟူသော အမှတ်သင်္ကေတ၊ နံသင့်အက္ခရာအရ မြို့စားမင်း ဦးနဲ့လှသည် တလိုင်းရွာဟု ယခုနေ့တွင်ခေါ်နေသော နေရာမှ ရွှေ့ပြောင်းခဲ့ပြီးလျှင် ကောဇာသက္ကရာဇ် ၁၁၁၆ ခုနှစ် တပေါင်းလဆန်း (၁၃) ရက် စနေနေ့တွင် ယနေ့ထားဝယ်မြို့တည်ရှိရာ အရပ်၌အုတ်မြို့တည်ဆောက်၍ဘုမ္မိနက်သံမြေခံ ညီညွတ် ကောင်းမွန် သာယာ ဝပြောသောကြောင့်"သာယာဝတီမြို့"ဟု သမုတ်လေသည်။

ယင်းမြို့ အဝန်းကား ၈၂၄ တာ ကျယ်ဝန်းပြီးသူရဲခို ၂၅၈ ခုနှင့် တံခါး (၅) ပေါက် ပါရှိသည်။ ယင်းတံခါး (၅) ပေါက်တို့မှာ–

(၁) အရှေ့ဘက်၌ ပုဏ္ဏာတံခါး (ယခုကရပ်ပြင်လမ်းဆုံ)

(၂) မြောက်ဘက်၌မင်္ဂလာတံခါး (ယခုအုတ်တန်တားကြီးလမ်းဆုံ)

(၃) တောင်ဘက်၌ ရတနာ တံခါး (ယခုတောင်ခွ) နှင့်

(၄) အနောက်ဘက်၌ အမင်္ဂလာ တံခါးခေါ် မသာတံခါးနှစ်ပေါက် (ယခုလမ်းဆုံကြီးနှင့် အနောက်ရပ် လမ်းကြားအဝ) တို့ဖြစ်သည်။

သာဂရမှ သာယာဝတီသို့

မြို့စားဦးနဲ့လှသည် သာဂရမြို့ဟောင်းကို ကနဦးအစ တည်ထောင်တော်မူသည့် သမုဒ္ဒရာဇာမင်း၏ကျေးဇူးဂုဏ်ကို လေးစားခြင်း အမှတ်ရ စေခြင်းငှာမြို့အမည်ကိုသာဂရမြို့နှင့် ခပ်ဆင်ဆင် သာယာဝတီမြို့ဟု သမုတ်တော်မူသည့်အပြင် သာဂရမြို့ဟောင်းမှရပ်ရွာအမည်များအတိုင်း မိမိ၏ သာယာဝတီမြို့တဝှမ်းတွင်မှည့်ခေါ် သမုတ်တော်မူခဲ့လေသည်။

ယခုတိုင် ဆင်ပုံနစ်ရပ်၊ ဥဿရုံရပ်၊ ဆန်းချိုရပ်၊ မြင်တင်ရပ်စသည့်ရပ်ရွာတို့မှာ ယခုမြို့ပေါ်တွင် တနေရာ၊ မြို့ဟောင်းတွင်တနေရာ၊ နှစ်နေရာစီထင်ရှားရှိကြလေသည်။

ယင်းအပြင် အထက်ရေဖြူရွာ၊ အောက်ရေဖြူရွာ၊ အထက်မင်းတပ်ရွာ၊ အောက်မင်းတပ်ရွာ၊ အထက်သရက်ချောင်း ရွာ၊ အောက် သရက်ချောင်း ရွာ တို့သည်လည်း ယခုတိုင် ထင်ရှားလျက်ပင်။

အချို့ရပ်ရွာတို့မှာမြို့ပေါ်တွင်သာရှိ၍ မြို့ဟောင်း



မှာကား လူနေအိမ်ခြေမရှိ ကွယ်ပျောက်လျက် တောချုံ၊ တောင်ကုန်း၊ လယ်ကွင်း စသည်များ အဖြစ်သို့ ရောက်ရှိကြရလေကုန်ပြီ။

မြို့ဟောင်း (သာဂရမြို့ကား) ထားဝယ်မြို့ (သာယာဝတီမြို့) မှ (၆) မိုင်ခရီးခန့် ကွာဝေးသည်။

မြို့တော်ရာများ

ဦးနဲ့လှတည်ထားခဲ့သော သာယာဝတီမြို့ တည်နေရာသည် ယခုထားဝယ်မြို့ တည်နေရာ ဖြစ်သော်လည်း မြို့မျက် နှာ သည် လည်းကောင်း၊ ရပ် ရွာများသည် လည်း ကောင်း၊ အဆောက် အဦ များသည် လည်းကောင်း များစွာ ပြောင်းလဲ ခဲ့လေပြီ။ တိုးချဲ့ပြန့်ကား စည်ပင် လာသည့် အဆောက် အဦများနှင့် ရပ်ရွာများ ရှိလာသကဲ့သို့ အစအန ရှာမရတော့အောင် တိမ်ကော ကွယ် ပျောက် သွားသော ရပ်ရွာများနှင့်အဆောက်အဦ များလည်းရှိလေသည်။

မြို့ဝန်ဦးနဲ့လှအိမ်တော်

မြို့ဝန်ဦးနဲ့လှအိမ်တော်သည် ဆောက်ပုံ နှင့် ပတ်သက်၍ အောက်ပါအတိုင်း အဆိုရှိ ခဲ့သည်။

သံတိုမယ်န၊ ချောင်းမျှမပါ
တိုင်မှာထုပ်စွပ်၊ ယွင်းချွတ်ကင်းပ
ယက်မအလျှို၊ ရှေးဟိုလုပ်ရေး
ပေါက်သေးပေါက်ကြီး၊ သီးသီးအခင်း
ပျဉ်ချင်းဆက်စပ်၊ ရွက်ထပ်အကာ
စို့နှက်သာဟု၊ စဉ်လာဆက်မှီး
သက်ကြီးသက်မ၊ ပြောဆိုကြသည်။

သံတို မယ်န တချောင်းမျှ မပါဘဲ အခိုင် အခံ့ ဆောက်လုပ် ထားခဲ့ သည် ဆိုသော မြို့ဝန်ဦးနဲ့လှ၏ အိမ်တော်မှာ ယခု မြို့မရဲစခန်း တည်ရာနှင့် မျက်နှာချင်းဆိုင်တွင် တည်ရှိသည်ဆိုသော်လည်း ယခုအခါ တစုံတရာမျှအစအန မမြင်သာတော့ပြီ။

ကျီတော်ကြီး

စာရေးသူ ငယ်စဉ်က မိုးတွင်းရာသီ၊ မိုး ဖြိုင်ဖြိုင်ရွာသွန်းနေသည့် မိုးနေ့ တနေ့ခင်းတွင် ကျောင်းနေဘက် သူငယ်ချင်း များနှင့် အတူ ရေမြောင်း ထဲတွင် မြူးတူးဆော့ကစားနေခဲ့စဉ်မဲတူးနေသော ဆန်နက်လုံး ကလေးများကို ရေမြောင်း ထဲ၌ တပြုံ တခေါင်းကြီး တွေ့ရှိခဲ့ရသည်။ စာရေးသူ နှင့် သူငယ်ချင်း တို့မှာ လူငယ်တို့သဘာဝအံ့ဩစိတ်ဖြင့် ဆန်နက်လုံးကလေး

များကိုလုံချည်ဖြင့်ထုပ်၍ မိမိတို့အိမ်သို့ သယ်သွားကြသည်။ စာရေးသူကအိမ်ပြန်ရောက်၍ ဆန်နက်လုံးများကိုအဖေ့အား ပြသမေးမြန်းရာ မီးလောင်သွားသော ကျီတော်ကြီးမှ ကြွင်းကျန်ရစ်သည့် ဆန်နက်လုံးများဖြစ်ပုံ ရသည်။ ကုလားတပ် (ဗြိတိသျှတပ်) များထားဝယ်မြို့ကိုစီးနင်းတိုက်ခိုက်စဉ်က မြို့တော်အတွင်း၌ စားသုံးရန် သိုလှောင်ထား သည့် ကျီတော်ကြီး မီးသင့်လောင်ခဲ့ရသည်ဟု အဖေက ရှင်းပြသည်။

စာရေးသူတို့ ဆန်နက်လုံးများကို တွေ့ရှိခဲ့သည့်နေရာမှာ ယခု ရွှေဝယ်သီရိ ရုပ်ရှင်ရုံ နှင့် တရုပ်ဘုံကျောင်းတို့ရှေ့၌ရှိသည့် ရေမြောင်းဖြစ်သည်။ ယနေ့တရုတ်ဘုံကျောင်းနှင့် ရွှေဝယ်သီရိရုပ်ရှင်ရုံ တည်နေရာသည် ရှေးအခါက ကျီတော်ကြီး တည်နေရာဟု ယူဆစရာရှိသော်လည်း ကျီတော်ကြီး ပုံပန်းကိုကား မှန်း၍ပင်မမြင်သာတော့ပြီ။

တောင်ကျောင်း

တဖန်တုံ ယခုတိုင် (ထားဝယ်လိုတောင်တခွ) ခေါ်ဝေါ် နေကြသေးသည့် "တောင်တံခါး"အနီး မြို့ရိုးကြီးနေရာအတွင်းဘက်၊ ဆပ်သွားဖုးချုံအတွင်း၌ ရောမ ရှစ်မြှောင့် တိုင်ငုတ်တိုကြီးများကို တွေ့ရှိရ၍ လူကြီး များ အား မေးမြန်း ရာ ရှေးမြန်မာ မင်းများလက်ထက် အခါက မင်း ကိုးကွယ် သည့် ကျောင်းတော်ကြီး နေရာ ဖြစ်ကြောင်း၊ တောင် ဘက် မြို့ရိုးအနီး၌ ရှိသဖြင့် "တောင်ကျောင်း" ခေါ် ကြောင်း ပြောပြပါသည်။ ယင်းနေရာကို ယခုတိုင် "တောင်ကျောင်းရပ်"ဟူ၍လည်းကောင်း၊ ခုံမင်းများနေသဖြင့် "ခုံဝင်းတပ်ရပ်"ဟူ၍ လည်း ကောင်း ခေါ်ကြလေသည်။ ယင်း ရှစ်မြှောင့် ပုံသဏ္ဌာန် တည်လုပ်ထားသည့် "ဘုရားရှစ်မြှောင့်"စေတီ တဆူမှာ ယခုတိုင်ထင်ရှားရှိလေသည်။

ဈေးကြီးနှင့်ချောင်း

ယခုဆောက်လုပ်ထားသည့် စာတိုက်နှင့်ကြေးနန်းရုံးနေရာကား ထိုစဉ်အခါက ဈေးကြီးဖြစ်ခဲ့၍ ယင်းအနီး မြောင်း က လေး မှာ ထားဝယ်မြစ် အတွင်းမှ ရောင်းချရန် ပစ္စည်းများကို လှေငယ်ကလေး များနှင့် တင်ဆောင် ကာ ဈေးကြီး၌ ဆိုက်ကပ် ကြောင်း၊ ထို့ကြောင့် ဈေးကြီးချောင်း ဟူ၍ပင်၊ အမည် တွင်ကြောင်းကိုသိမှိသူသက်ကြီးတို့ ပြောကြလေသည်။

ယခုအခါ ယင်းချောင်းကလေးမှာ ကျဉ်းမြောင်းသော ရေနုတ်မြောင်းကလေး တခုအဖြစ် ပြောင်းလဲဖြစ်ရှိ နေလေပြီ။

အကျဉ်းထောင်မှဈေးကြီး

ယခုဆောက်လုပ်ထားသည့် ဈေးကြီး နေရာ ကားအကျဉ်းထောင်ဖြစ်၍ အင်္ဂလိပ်များ သိမ်း ပိုက် သည့်အခါတွင်လည်း အကျဉ်း ထောင်ပင် ဖြစ်ရာ နောင်သောအခါ၌ ဈေးကြီး ဖြစ်ကာ အကျဉ်း ထောင် ကိုအရှေ့ဘက် တမိုင်ခန့် ဝေးကွာသော ကျောက်မော်ရပ်သို့ ပြောင်းရွှေ့ တည်ဆောက် လေသည်။

မြို့ရိုးနှင့်ကျုံးပတ်လည်

အရှေ့ဘက် မြို့ရိုးထောင့် နှစ်ခုအတွင်းရှိ မြေတိုက်ကျောင်းနှင့် ပခုက္ကူ ကျောင်း ပရဝုဏ် များကို မြို့ရိုးနှစ်ဘက်ဖြင့် ကာထား လေသည်။ သို့သော် နှစ်များစွာမကြာသေးမီက ယင်းမြို့ရိုး များကို ဖြိုပြီး အုတ် နံ ရံ တံတိုင်း ကာရံ ပြုလုပ် သဖြင့် ယခု အခါ မြို့ရိုး ဟူ၍ လက်ညှိုးထိုးပြစရာမရှိ ဖြစ်လေသည်။

ကျုံးများမှာမူ ထိုစဉ် အခါက အ ရှေ့ ဘက်နှင့်တောင် ဘက် များ၌ အချို့ အ ဝက် ရှိ သေး သဖြင့်မိုးတွင်းအခါ ရေပြည့်သဖြင့် ရေ ကစား ကြရ သေးသည်။ နောင်သောအခါ မြူနီစီပယ်က အမှိုက်များသိမ်းဆည်းသည့် လှည်းများ၊ မော်တော်ကားများဖြင့်ယင်းကျုံးဟောင်း များ အတွင်း အ မှိုက် ပစ်ချ ရာမှတဖြေးဖြေး ကျုံးအဖြစ် မှ မြေညီ အဖြစ် ရောက် ကာယခုအခါ နေအိမ်များဖြင့်ပြည့်နှက် လျက်ရှိလေသည်။ အချို့နေရာ များ၌ကား လက်ညှိုးထိုး ပြစရာ ကျုံးဟောင်း ယောင်ယောင်ကလေးများ ကျန်ရှိနေသေးသည်။

တည်ရှိဆဲ ရပ်ရွာများ

မြို့ရိုး အ တွင်း၌ အရှေ့ ဘက် တွင် ကညွန့်ရပ် နှင့်မြောက်ရွာ (မြစ်အောက်) ရပ်များ၊ မြောက်ဘက်တွင်မြောက်ရွာ (မြစ်အောက်) ရပ်နှင့်မြို့တွင်း (မြင်ထင်) ရပ်များ၊ အနောက်ဘက်တွင် အနောက်ရပ်နှင့် ဇရပ်ရပ် များ၊ တောင် ဘက် တွင် ဇရပ် ရပ်၊ ခုံဝင်း တပ်

(တောင်ကျောင်း) ရပ်နှင့် ကညွှံရပ် များ ရှိကြလေသည်။

အပြင်ဘက် ကျုံးနေရာ များ တွင် အရှေ့ဘက်၌ ကရပ်ပြင်ရပ်၊မြောက်ဘက်၌ ပိန္နဲတောရပ်နှင့် ဒိုးလုပ်ရပ်များ၊အနောက်ဘက်၌ တလိုင်းထိန်ရပ်၊ သင်္ဘောဆိပ်ရပ်နှင့်ဒေါင်းငူရပ်များ၊ တောင်ဘက်၌ ဘုံမော်ရပ်နှင့် ကညွှံရပ်များ ရှိကြသည်။

ဥသြအော်မြည် ကုန်းဘောင်တည်

'ဦးနဲလှ' စည်းစိမ် (၅) နှစ်မြောက်တွင် 'ဥသြအော်မြည်' ဟူသော နံသင့်အင်္ဂါရာအမှတ် သင်္ကေတအတိုင်း ကောဇာသက္ကရာဇ် ၁၁၁၅ ခုနှစ်တွင် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် မြန်မာနိုင်ငံအလုံးကို သိမ်းပိုက်စည်းရုံးကာ ရတနာသိင်္ဃ၊ ပြည်မတန်ဆောင်၊ ရန်ကြီးအောင်မှ ကုန်းဘောင်နေပြည်တော်ဟုသမုတ်၍ တည်ထောင်တော်မူလေသည်။

ယင်းနောက် အမြို့မြို့အရွာရွာ ဒေသများသို့ သစ္စာတော်ခံ စေလွှတ်တော်မူရာ ၁၁၂၁ ခုနှစ်တွင် ဒူကရတိုင်း ထားဝယ်၊ သာယာဝတီမြို့သို့ ရောက်ရှိကြလေသည်။

အလောင်းဘုရား၏စစ်သည်တော်များ ရောက်ရှိလာကြပြီ ဟူသော သတင်းကို မြို့စားမင်းဦးနဲလှကြားသိလတ်သော် မိမိ၏သားမယားများနှင့်တကွအခွေအရံများပါ သွားရောက် ကြိုဆိုလေသည်။

သို့နှင့် 'ကလိန်အောင်မြို့'အနီး 'ကျားခုန်' ရွာ၌ အလောင်းဘုရား၏ စစ်သည်တော်များနှင့် တွေ့လျှင် ဦးနဲလှက အကြောင်းအကျိုးကိုပြောပြပြီး လက်နက်ချဝင်ရောက်ပါသော်လည်း 'စစ်ဦး၌ ဘီလူးပါ' ဆိုသည့်အတိုင်း စစ်သည်တော်များက စိုးရိမ်မကင်းသဖြင့် ဦးနဲလှအား ကွပ်မျက်လိုက်လေသည်။

ယင်းနောက် အလောင်းမင်းတရား၏ စစ်သည်တော်များသည် ဦးနဲလှ တည်ထောင်ခဲ့သည့် သာယာဝတီမြို့တွင်းသို့ ဝင်ရောက်ကာ ရေဝန်'ဒိဗ္ဗ' အား သာယာဝတီမြို့စားခန့်ထား၍ အုပ်ချုပ်စေလေသည်။

သာယာဝတီ (ထားဝယ်မြို့) ၌ အုပ်စိုးကြသည့်မင်းဆက်ဇယား

အမှတ်စဉ်	မင်းအမည်	အုပ်စိုးသည့်နှစ်အစ	စည်းစိမ်
၁။	ဦးနဲလှ	၁၁၁၆ ခုနှစ်	၅–နှစ်
၂။	ရေဝန်ဒိဗ္ဗ	၁၁၂၁ ခုနှစ်	၁–နှစ်
၃။	မင်းရှုပ်ဇော်	၁၁၂၂ ခုနှစ်	၆–နှစ်
၄။	မဟာနော်ရထာ	၁၁၂၈ ခုနှစ်	၁–နှစ်
၅။	ရာဇသူရကျော်	၁၁၂၉ ခုနှစ်	၁–နှစ်
၆။	နေမျိုးဇေယျသူ	၁၁၃၀ ခုနှစ်	၈–နှစ်
၇။	နေမျိုးလက်ျာဇေယျ	၁၁၃၈ ခုနှစ်	၆–နှစ်
၈။	မဏ္ဍရာဗိုလ်	၁၁၄၄ ခုနှစ်	၃–နှစ်
၉။	ပျံချီသူရ	၁၁၄၇ ခုနှစ်	၁–နှစ်
၁၀။	ဦးမြတ်ဖြူ	၁၁၄၈ ခုနှစ်	၁–နှစ်
၁၁။	ကုလားဝန်	၁၁၄၉ ခုနှစ်	၁–နှစ်
၁၂။	ပျံချီသူရ	၁၁၅၀ ခုနှစ်	၁–နှစ်
၁၃။	ဦးမြတ်ဖြူ	၁၁၅၁ ခုနှစ်	၃–နှစ်
၁၄။	နတ်မီးလင်း	၁၁၅၄ ခုနှစ်	၆–နှစ်
၁၅။	မြို့ဝန်ဘဦး	၁၁၆၀ ခုနှစ်	၆–နှစ်
၁၆။	စစ်ရဲကျော်	၁၁၆၆ ခုနှစ်	၁–နှစ်

၁၇။	မြို့ဝန်ဘဦး	၁၁၆၇ ခုနှစ်	၂-နှစ်
၁၈။	ဒိုင်းဝန်	၁၁၆၉ ခုနှစ်	၄-နှစ်
၁၉။	နေမျိုးမင်းကျော်	၁၁၇၃ ခုနှစ်	၁-နှစ်
၂၀။	နေမျိုးနော်ရထာ	၁၁၇၄ ခုနှစ်	၁-နှစ်
၂၁။	ရွှေတောင်နန္ဒသူ	၁၁၇၅ ခုနှစ်	၈-နှစ်
၂၂။	ဦးရွှေတုပ် ခေါ် မင်းကြီးကျော်စည်သူ	၁၁၈၃ ခုနှစ်	၃-နှစ်

မင်းကြီးကျော်စည်သူ

ရေဝန်ဒိဗ္ဗနောက်တွင် သာယာဝတီ (ထားဝယ်) မြို့တွင် မြို့ဝန်အစဉ်အဆက် အုပ်ချုပ်စိုးစံခဲ့သည်။ကုန်းဘောင်မင်းဆက် ခုနှစ်ဆက်မြောက် ဘကြီးတော်ဘုရားလက်ထက်၌ သာယာဝတီ (ထားဝယ်) မြို့တွင် ၂၂ ဆက်မြောက်မြို့ဝန်ဖြစ်သော ငယ်မည် ဦးရွှေတုပ် ခေါ် မင်းကြီးကျော်စည်သူ အုပ်စိုးနေခဲ့သည်။

သစ်ဆင်းပွဲတော်

မ္လိစ်ငွေါဲန်မာ –ရေတောလီ၊
တန်းသီးမွဲ –ပန်လောင်းမြိုင်၊
ယင်းမာလိုင်ဲ –အနံ့သန်း၊
မ္လိစ်အတွမ်း –လှေပွဲဆင်
လက်ဝီးဆင် –လှေလှော်သား၊
တတ်ဖျားညီညီ –ဟန်ချီချီ၊
ဖြိုင်ညီယှဉ်နွဲ –ပန်းလုပျော်ရွှင်၊
ရေသဘာန်ပွဲ၊
တနဲဆန်းပြား –တိုင်ထိဖျား၊
ဇွန့်စားခုဆင်း –ကျော်ဘိခြင်း၊
သစ်ဆင်းပွဲတော်စယ်တယ်ကား။

မြစ်များ၊ ချောင်းများအတွင်း၌ ရေများအပြည့် ထန်းသီးများလည်းမှည့်၏။ ယင်းမာ ပန်းများ၏ရနံ့များလည်း သင်းပျံ့ကြိုင်လှိုင်လျက်ရှိ၏။ မြစ်တွင်း၌ မင်း၊ မိဖုရား၊ သားတော်၊ သမီးတော်၊ မှူးတော်မတ်တော်များ ရှုစားတော်မူကြသည့် ပန်းလုသဘင်ပွဲတည်းဟူသော လှေပြိုင်ပွဲများနှင့် သစ်ကိုင်းထိပ်ဖျားမှ ခုန်ဆင်းသည့် သစ်ဆင်းပွဲတော်များကို ခမ်းနားစွာကျင်းပမြဲဖြစ်သည့် သမယအခါလွန်ခဲ့ပြီးသော ကောဇာသက္ကရာဇ် ၁၁၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၂) ရက်နေ့ နံနက်ပိုင်းအချိန်ဝယ်ဖြစ်သည်။

သူ့ကျွန်ဘဝသို့ကျရောက်ခြင်း

ထားဝယ်မြစ်အတွင်းမှ 'ဒိန်း၊ ဒိန်း' ဟူသောအသံများကို တညံညံကြားရလေလျှင် မြို့သားမြို့သူများ ကျိုက်ကျိုက်ဆူရလေသည်။ ယင်းနောက် များမကြာမီ 'စစ်သင်္ဘောကြီး ဝင်လာပြီ' ဟူသောအုတ်အော်ဒေးယျတခဲနက်သောအသံများ ကြားရပြန်လေသည်။

ထိုသို့ဖြင့် သာယာဝတီမြို့ဟု ဦးနဲ့လှတည်ထောင်ခဲ့သော ထားဝယ်မြို့သည် ဗြိတိသျှအုပ်ချုပ်ခံဘဝသို့ကျရောက်ခဲ့ရသည်။

ထိုနောက်တွင် ဗြိတိသျှ အုပ်စိုးသူတို့သည် ကျောင်းကန်ဘုရားများကို ဖျက်ဆီးခဲ့သည်။ အစဉ်အလာရှိသော ထိန်းသိမ်းထားအပ်သည့် အဆောက်အအုံများကို ဖျက်ဆီးခဲ့သည်။ မြို့ကွက်၊ မြို့မျက်နှာ၊ မြို့တည်ပုံတို့ကို ပြန်လည်ဖွဲ့စည်းခဲ့လေသည်။

သို့ဖြစ်ခြင်းကြောင့် ယခင်မြို့ဟောင်း၏ အောက်မေ့ဘွယ်ရာများတို့သည် ကွယ်ပျောက် တိမ်ကောရခြင်းဖြစ်လေသည်တကား။

မ္ပိစ်ငွေါဲန်မာ –မြစ်ချောင်းမှာ၊
ရေတောပလဲ –ရေတွေပြည့်၊
ပန်လောင်းမြိုင် –ပင်လုံးမြိုင်
အနံ့သန်း –အနံ့သင်း၊
မမ္လိစ်အတွမ်း –မြစ်အတွင်း၊
လက်ဝီးစင် –လက်ရွေးစင်၊
တတ်ဖျား –တက်ဖျား (လှော်တက်ဖျား)
ပျော်ရွှမ် –ပျော်ရွှင်၊
ရေသဘာန်ပွဲ –ရေသဘင်ပွဲ၊
တိုင်ထိ –တိုင်ထိပ်ဖျား၊
စယ်တယ်ကား –စည်တယ်ကား။

ဇွဲ့ဝယ်ဧ ★

မြိတ်သျှမတိုင်းမှ ထားဝယ်မြို့အုပ်ချုပ်ရေး

တက္ကသိုလ်ကျော်ခင်ဝေ

ထားဝယ်မြို့မှာ နိုင်ငံရေးအရ ယိုးဒယား နယ်နိမိတ်နှင့် ထိစပ်နေသဖြင့် နှစ်နိုင်ငံ စစ်အင်အား အပေါ်မူတည်၍ အင်္ဂခြအနေပြောင်းလဲ၏။ အရည်အချင်းနှင့်ပြည့်စုံသောဘုရင့်နောင်၊ အနော်ရထာ၊ အလောင်းဘုရား စသည့် မြန်မာမင်းလက်ထက်တွင် မြန်မာနိုင်ငံမှ ပိုင်၍ ယိုးဒယားနိုင်ငံမှ အင်အားတောင့်တင်းပါလျှင် ယိုးဒယားတို့ သိမ်းပိုက်ခံရသော ဒေသဖြစ်သောကြောင့် သမိုင်းတလျှောက် စစ်ဒဏ် အကြိမ်ကြိမ်ခံရလျက် စစ်တလင်းအခါခါဖြစ်ခဲ့ရသည့် ဒေသဖြစ်သည်။ အလောင်းဘုရားလက်ထက်ရောက်သောအခါ မြန်မာတို့ လက်၌ရှိခဲ့ပြီး ဗြိတိသျှတို့ တနင်္သာရီတိုင်းကို သိမ်းပိုက်သည့်အထိ မြန်မာတို့ လက်အောက်ခံအဖြစ် တည်ရှိခဲ့သည်။

ထားဝယ် ခရိုင်မှာ မြောက် လတ္တီတွဒ် ၁၃° ၁၆ နှင့် ၁၅° ၆ အကြား၊ အရှေ့လောင်ဂျီတွဒ် ၉၇° ၄၆ နှင့် ၉၉° ၁၂ အတွင်း တည်ရှိ၍ ဧရိယာ စတုရန်းမိုင်ပေါင်း ၅၃၀၈မိုင် ကျယ်ပြီး သရက်ချောင်း၊ ရေဖြူ၊ လောင်းလုံ၊ ထားဝယ်ဟူ၍ မြို့နယ်လေးခုပါဝင်သည့် ဒေသတခုဖြစ်သည်။ မြောက်ဖက်၌ ကျိုက္ခမီခရိုင်၊ တောင်ဖက်၌ မြိတ်ခရိုင်၊ အရှေ့ဖက်၌ ယိုးဒယား၊ အနောက်ဖက်၌ ဘင်္ဂလားပင်လယ်ရှိပြီး တောင်နှင့်မြောက် ၁၅၀၊ အရှေ့နှင့်အနောက်မိုင် ၅၀ ကျယ်ဝန်း၏။ ယင်းခရိုင်သည် တောင်စဉ်တောင်ပြတ်၊ တောင်ကုန်းများရှိ၍ စိုက်ပျိုးနိုင်သည့် ထားဝယ်မြစ်ဝှမ်း ပင်လယ်ကမ်းရိုးတန်းများ ပါဝင်ပြီး ကမ်းရိုးတန်းတလျှောက် ၁၀ မိုင်ခန့်တွင်ကျောက်ဆောင်ပေါများပြီး လူမနေသောမြစ်ဝှမ်းဒေသ ဖြစ်သော်လည်း ငှက်သိုက်များရှာဖွေရရှိသဖြင့် စီးပွားရေးအတွက် နေရာကောင်းဖြစ်လေသည်။

ထားဝယ်မြို့မှာ မြန်မာမင်းများ လက်ထက်ကတည်းက မြို့ရိုးနှစ်ထပ်ရှိရာ တခုနှင့်တခု ကိုက် ၅၀၀မှ ၇၀၀ ခန့် ကွာဝေးပြီး အတွင်းမြို့ရိုးမှာ ၂ မိုင်ခွဲခန့်ရှည်လျားသော အင်္ဂတေ မကိုင်ထားသည့် အုတ်တံတိုင်းကြီး ဖြစ်သည်။ အပြင်တံတိုင်းမှာ မြောက်ဖက်နှင့် အနောက်ဖက်မျက်နှာ၌သာ ရှိပြီး အရပ်လေးမျက်နှာရှိ တံခါး၈တိုင်း၌ ရင်တားထခုစီရှိ၏။ ထိုစဉ်က ထားဝယ်မြို့မှာ မိုးအခါ ရေဝပ်ခြင်း၊ ရေကြီးခြင်းတို့ကို တွေ့ရ၍ မြို့သူမြို့သားအားလုံးလိုလိုပင် မြို့တွင်း၌နေထိုင်ကြပြီး တံတိုင်းနှစ်ခုကြား၌ နေထိုင်သူများ ပို၍များပြားသည်။

ထားဝယ်ခရိုင်၏အုပ်ချုပ်ရေးသည် သာလွန်မင်းတရားကြီးလက်ထက်မှ သီပေါမင်းအထိ အနှစ် ၂၄၀ တိုင်တိုင် မြန်မာမင်းများ အုပ်ချုပ်ပုံစနစ်အတိုင်း အုပ်ချုပ်ခဲ့သည်။အုပ်ချုပ်ရေးတွင်–

၁။ မြို့ဝန် –မြို့ သို့မဟုတ် နယ်ပယ်ကို အုပ်ချုပ်သူ

၂။ ရေဝန် –အုပ်ချုပ်ရေး၌ ဒုတိယ အရေးပါသူ

၃။ အခွန်ဇဝင် –မြေခွန်ကောက်ခံသူ

၄။ အခွန်ဝင် –ရေမှထွက်သော အခွန်ကောက်ခံသူ

၅။ စစ်ကဲနှစ်ဦး –ရဲဖက် ဆိုင်ရာ အကြီးအကဲ

၆။ နားခံတော်နှစ်ဦး - အထောက်တော်များ
သတင်းထောက်များ

၇။ စာရေးတော်ကြီးနှစ်ဦး- အတွင်းရေးမှူးကြီးများ ဦးဆောင်အုပ်ချုပ်ခဲ့သည်ကို တွေ့ရသည်။

အဲရာရှိများတွင် မြို့ဝန်မှာ အရေးပါဆုံးပုဂ္ဂိုလ်ဖြစ်ပြီး မိမိနယ် အထွေထွေအုပ်ချုပ်ရေး၊တရားရေး၊ စစ်ရေး၊ ဘဏ္ဍာရေး စသောကိစ္စမှန်သမျှကို တာဝန်ခံရသူဖြစ်သည်။ မြို့ဝန်တို့သည် ဗဟိုအစိုးရတို့ အခွန်ကောက်ပေးခြင်းနှင့် စစ်ဖြစ်သည့်အချိန်တွင် မင်းမှုထမ်းဆောင်ပေးခြင်းတို့ ပြုလုပ်ရသည်မှလွဲလျှင် မိမိတို့နယ်၌ လွတ်လပ်စွာ အုပ်ချုပ်နိုင်ကြသည်။ တရားရုံးစစ်ဆေးရာတွင်လည်း ရာထူးအမြင့်ဆုံး ပုဂ္ဂိုလ်ဖြစ်သဖြင့် သူ၏ဆုံးဖြတ်ချက်ကို မည်သူမျှ ထပ်၍ တင်ပြပြင်ဆင်ရန် မလိုတော့ပေ။ မြို့ဝန်သည် မိမိပိုင်နက်အတွင်းရှိ တောင်များ ရုံးများကို လွှတ်တော်မှ ချမှတ်ထားသည့် စည်းကမ်းနှင့် ညီမညီ လှည့်လည်စစ်ဆေးရသည်။ မြို့သူကြီးများကလည်း မြို့ဝန်ထံသို့ မိမိရွာများရှိ လူဇနစာရင်းကို ပေးပို့ရပြီး မြို့ဝန်သည် မြို့သူကြီးများထံ တင်ဆက်သည့် စာရင်းများကို စုပေါင်း၍ လွှတ်တော်သို့ တနှစ်တွင် နှစ်ကြိမ်ပို့ဆက်ရသည်။ မြို့ဝန်၌ မြေယာများ၊ သစ်တောများ၊ တောင်လမ်း၊ ရိုးရိုးလမ်းများကိုလည်း စာရင်းပြုစုထားရသည်။

ရေဝန်မှာ ရေကြောင်းနှင့်ပတ်သက်လျှင် အာဏာအများဆုံးရှိသည်ဟု အဓိပ္ပာယ်ရသည်။ စစ်နှင့်သက်ဆိုင်သော လှေသင်္ဘောများ၊ သမ္ဗာန်များ အရွယ်အစား အမျိုးမျိုးရှိသော ရေယာဉ်များကို ကြီးကြပ်အုပ်ချုပ်ရသူ ဖြစ်ပြီး တရားရုံးတွင်လည်း ဒုတိယအကြီးအကဲဖြစ်သည်။

အခွန်ဝန်နှစ်ဦးရှိသည့်အနက် တဦးမှာ မြေခွန်ကောက်ခံရသူဖြစ်ပြီး တရားစီရင်ရာတွင် တတိယနေရာတွင် နေရသူဖြစ်သည်။

အခြားအခွန်ဝန်တဦးမှာ ပင်လယ်နှင့်သက်ဆိုင်သောအခွန်အကောက်များကို ကောက်ခံရန် ဘုရင်က ခန့်ထားသည့် အကောက်ဝန်ပင်ဖြစ်သည်။

အခွန်ဝန် လက်အောက်တွင် တိုက်ခိုးဟူသော အကောက်ခွန်ဌာန၏ အရေးပါဆုံးသူတဦးနှင့် တိုက်စာရေးတို့ရှိပေသည်။

စစ်ကဲ၏တာဝန်မှာ တရားရုံးနှင့် လုံးဝသက်ဆိုင်၍ နေ့တိုင်း ရုံးထိုင်ပြီး စီရင်ဆုံးဖြတ်ရသည်။ ရာဇဝတ်နှင့်သက်ဆိုင်သောကိစ္စများကိုလည်း စီရင်ရပြီး အပြစ်ဒဏ်ကြီးလျှင် မြို့ဝန်ထောက်ခံချက်ပါမှ အတည်ပြုနိုင်သည်။ ထိုခေတ်မှစစ်ကဲမှာ ဗြိတိသျှခေတ် ရာဇဝတ်ဝန်နှင့်တူပေသည်။

နားခံတို့မှာ ခရိုင်အုပ်ချုပ်ရေး အရာရှိများ၏ အကျင့်ပျက်ပြားမှု၊ မတရားအုပ်ချုပ်မှုများကို စုံစမ်းစစ်ဆေး၍ လွှတ်တော်သို့ အစီရင်ခံရသော အလုပ်ဖြစ်သောကြောင့် စုံထောက်တဦးပင် ဖြစ်လေသည်။ ၎င်းတို့သည် တရားရုံးသို့ တက်ခွင့်ရှိပြီး တရားစီရင်ချက်ကို မှတ်သားခွင့်ရှိသည်။စစ်ကဲနှင့် တဌာနတည်းဖြစ်သော်လည်း စစ်ကဲထက် ရာထူးနိမ့်ပေသည်။ စာရေးတော်ကြီးမှာ အတွင်းရေးမှူးကြီး ဖြစ်သည်။ တရားရုံးတွင် အနိမ့်ဆုံးရာထူးရရှိသူဖြစ်ပြီး တရားမနှင့်သက်ဆိုင်သော အမှုငယ်များကို စီရင်ပိုင်ခွင့်ရှိသည်။ ဖော်ပြပါအရပ်ရှိ အသီးသီးတို့ကို မြန်မာဘုရင်က ခန့်အပ်၍ ဘုရင့်အလိုကျ ရာထူးပေးနိုင် ဖြုတ်နိုင်သည်။ ရာထူးခန့်အပ်သည့်အခါတွင် ပြန်တမ်းများထုတ်ပြန်ပေးလေ့ရှိသည်။

မြို့ဝန်မှ အခွန်အဆင့်အထိ ရာထူးရှိသော အရာရှိများသည် တရားရုံးသို့ ရံဖန်ရံခါမှသာ တက်ရောက်ရုံးထိုင်ကြပြီး စစ်ကဲမှာ တရားရုံးနှင့်စပ်လျဉ်း၍ တာဝန်အရှိဆုံး ပုဂ္ဂိုလ်ဖြစ်သဖြင့် အမြဲတရားရုံး၌ ထိုင်ရသည်။ နားခံနှင့်စာရေးကြီးတို့မှာလည်း မိမိတို့အိမ်တွင် ကိုယ်ပိုင်ရုံးအသီးသီးရှိသဖြင့် ရုံးသို့ တခါတရံမှသာ ရုံးတက်ရောက်ကြသည်။ ယင်းတို့တွင်လည်း လက်ထောက် တဦးစီထားရှိကြောင်း တွေ့ရသည်။ ယင်းလက်ထောက်တို့မှာ မိမိတို့အရာရှိ အသီးသီး၏ အမှုကိစ္စများကို ဆောင်ရွက်ပေးရပြီး အိမ်ရှိရုံးများတွင် ကွပ်ကဲပေးရသဖြင့် အာဏာရှိလေသည်။

အရာရှိများသည် မိမိအိမ်များတွင် အမှုများ ဆုံးဖြတ်သောအခါ၌ ကိုယ်တိုင် သော်လည်းကောင်း၊ မိမိ လက်အောက်ကလည်းကောင်း ဆုံးဖြတ်ချက်

ထပ်၍ချသောအခါမှသာ အတည်ဖြစ်ပေသည်။ အမှုကိစ္စပြီး၍ 'အရေးကြီးသည့်အခါ၌မူ အရာရှိအားလုံးစုပေါင်းရုံးထိုင်ပြီး စီရင်ဆုံးဖြတ်ကြကြောင်း တွေ့ရသည်။

တရားရုံးစုံစုံညီညီ ထိုင်ကြသည့်အခါတွင် ခုံတန်းသုံးခုထားပြီး မြို့ဝန်သည် အမြင့်ဆုံးနေရာတွင်ထိုင်သည်။ ရေဝန် 'အခွန်ဝန်တို့သည် ဒုတိယနေရာတွင်လည်းကောင်း၊ စစ်ကဲနားခံနှင့် စုစုပေါင်း ခြောက်ဦးတို့မှာအနိမ့်ဆုံးနေရာတွင်လည်းကောင်း ရုံးထိုင် ဆုံးဖြတ်ကြသည်။

တရားခွင်၌ ဆုံးဖြတ်ရန် ဓမ္မသတ်များအဖြစ် ပါဠိဘာသာဖြင့် ရေးသားထားသော မနုဓမ္မသတ်နှင့် ရှေးမြန်မာ ဘုရင်များလက်ထက် အဆက်ဆက်ကချမှတ်ခဲ့သော ဥပဒေများနှင့် စည်းမျဉ်းများ ဖြစ်သည့် ရာဇသတ်တို့ကိုထားရှိကြသည်။

သို့သော် တရားရုံးများ၌ စီရင်ဆုံးဖြတ် ကြသည့်အခါတွင် အခါအား လျော်စွာ သင့်လျော် သလို စေ့စပ်ဖြန်ဖြေ ပေးခြင်းသဘောမျိုးဖြင့် ဖြေရှင်းစီရင်ကြသဖြင့်ဤဓမ္မသတ်များကို ဥပဒေအဖြစ် လက်တွေ့ကျင့်သုံး ကြသည်ထက် လမ်းညွှန်အဖြစ်သာ ထားရှိကြကြောင်းတွေ့ရသည်။

ထို့ကြောင့်လည်း တနင်္သာရီဒေသသို့ အေဒီမိန်းဂိုးရောက်ရှိစ အချိန်တွင် တိကျသော အုပ်ချုပ်ရေးနည်းစနစ်ကို မတွေ့မိခဲ့ခြင်း ဖြစ်သည်။ တရားရုံးမှာ အကောက်ခွန်အဖြစ် တရား ကွမ်းဖိုး တဆယ်ရာခိုင်နှုန်း တရားလိုရော တရားခံပါ ထမ်းဆောင် စေခဲ့ပြီး ယင်းအခွန်တဝက်ကို မြို့ဝန်က လည်းကောင်း၊ ကျန်တဝက်ကိုရုံးမှ ကျန်အရာရှိ များက လည်းကောင်း ရရှိခဲ့ကြသည်။ အရာရှိတို့မှာ သက်မှတ်ထားကြသော လစာဟူ၍မရှိပေ။ အများ အားဖြင့် ကောက်ခံ ရရှိသောအခွန်ငွေမှာ ကော်မရှင်ပေးခြင်းဖြစ်ပြီး အချို့ကို ဒေသတခု၏အကောက်ခွန်ကို ပေးသည်။ အချို့မှာ အမှု အတွက် ပေး သော ကုန် ကျ ငွေ ရရှိခြင်းဖြစ်သည်။

ဖော်ပြပါ ဘုရင်က ခန့်အပ် သော အရာရှိများ အပြင်အခြားအုပ်ချုပ်ရေးဆိုင်ရာ အမှုထမ်းများလည်း ရှိကြသေးကြောင်းတွေ့ရှိရသည်။ ၎င်းတို့တွင်မြို့စာရေးရာထူးကိုမြို့ဝန်ကခန့်အပ်၍၊ ၎င်းသည်မိမိနယ်အတွင်းရှိ လူဦးရေနှင့် ဝစ္စည်း စာရင်း တို့ကို ပြုလုပ် ရပြီး ဤရာထူးကိုမိသားစု အတွင်းမှ ရိုးရာ အလိုက် ဆက်ခံခွင့်ရှိပေသည်။

မြို့သူ ကြီး များကိုလည်း မြို့ဝန် ကပင် ခန့်အပ်၍ မြို့နယ်အတွက် ဒေသ အလိုက် အုပ် ချုပ် ရေး တွင် အရေးပါသော ပုဂ္ဂိုလ်များ ဖြစ်ကြပြီး အခွန်တော်ကောက်ခံခြင်း တိုင်းပြည် ၏ ငြိမ်းချမ်း သာယာစေခြင်းနှင့် အထွေထွေ အုပ်ချုပ်ရေးများ အားလုံးကို တာဝန်ယူကြရသည်။ မြို့သူကြီးရာထူးကိုလည်း ရိုးရာအလိုက် ဆက်ခံနိုင်ခွင့်ရှိကြပြီး ၎င်းတို့မှာ တိုင်းပြည်လူထုနှင့် ဗဟိုအစိုးရကိုဆက်သွယ် ပေးကြသူများဟုဆိုနိုင်သည်။ ဤရာထူးအတွက်မြို့ဝန်က ခန့်အပ်သည်ဆိုသော်လည်း၎င်းအုပ်ချုပ်ခံမည့်သူများက သဘောတူ နှစ်သက်သည့် အခါမှသာ ခန့်အပ်ခြင်း ဖြစ်ပြီး အုပ်ချုပ်ခံရသူ ရွာခေါင်း ဆယ်အိမ်ခေါင်း ရွာအုပ်များကလည်း များသော အားဖြင့် မျိုးရိုး စဉ် ဆက်အကျင့်ကောင်းသူကိုသာ သဘောတူရသည်။

မြို့သူကြီး တို့မှာ ဗဟိုအစိုးရ၏ အကျိုးကို စောင့်ရှောက်ရ၍ ဗဟိုအစိုးရမှကျေးရွာများသို့ တောင်းဆိုခန့်ခွဲ တာဝန်များကို မိမိ လက်အောက်ရှိ ကျေးရွာများက ညီတူမျှတစွာ ခံယူရန် စီမံ ဆောင်ရွက် ပေးရသည်။ မိမိ လက်အောက်ရှိ မြို့ရွာ များ၌ ရှိသော ရွာသူရွာသားတို့ကို စာရင်းပြုလုပ်ထား၍ ထိုစာရင်းအရဗဟိုမှ တောင်း ဆို သည့် အခါ ဝေပုံကျ အချိုးအစားအတိုင်း ဘုရင်မင်းမြတ်၏ အမှုတော်ထမ်းရန်ပေးရသည်။ ဗဟို အစိုးရ မှလည်း အခွန် မှန်ကန်စွာပေးဆပ်ပြီး အခါ အား လျော် စွာ စစ်တပ်၌ အမှုထမ်းရန်စစ်သည်တော် အချိုးကျ စုဆောင်းပေးပါကနှောက်ယှက်ခြင်းမရှိ၊ မိမိသဘော အလျောက် လွတ်လပ်စွာ အုပ်ချုပ် နိုင်လေ သည်။ မြန်မာမင်း လက်ထက် တနင်္သာရီတိုင်းတွင် စနစ်တကျ ဖွဲ့စည်းထားသော အမြဲတမ်း ရဲအဖွဲ့များ မရှိသဖြင့် ငြိမ်ဝပ်ပိပြားရေးအတွက် သူကြီးက တာဝန် ယူရသည်။ မိမိနယ်အတွင်းလူစိမ်းတဦးရောက်ရှိလာပါက ကောင်းမွန်စွာ

နေထိုင်ရန် အာမခံတောင်းဆိုနိုင်သည်။ မပေးနိုင်က ချုပ်နှောင်ထားနိုင်သည်။ သူကြီးသည် အသေးအဖွဲ ရာဇဝတ်မှုများကို စစ်ဆေးနိုင်သည့် အာဏာရရှိပြီး တရားမ အာဏာလည်း ရှိပေသည်။ ကြီးသောအမှု များကိုမူ မြို့ဝန်ထံသို့တင်ပို့ရသည်။ရပ်ကွက် သန့်ရှင်း ရေး၊ ဆူပူမှုများ မဖြစ်စေရေး အတွက် တာဝန်ယူ ရပြီးနေ့ရောညပါ ရပ်ရွာငြိမ်းချမ်းရေး ရှိသဖြင့် လူကြီး များကို ကူညီရန် ရွာသား သုံးယောက်၊ သို့မဟုတ် လေးယောက် ထားရှိကြောင်း တွေ့ရှိရာ ရွာခေါင်းနှင့် ကြေးထမ်းကြီးတို့ ဖြစ်ကြဟန်တူသည်။ ပြစ်မှု ကျူးလွန် သူများကိုရာဇဝတ်နှင့်သက်ဆိုင်သူထောင်မှူးလက်သို့ လွှဲအပ်ပြောင်းပေးရသည်။

မြို့သူကြီး၏ဝင်ငွေမှာ အခွန်တော်မှကော်မရှင်ပေး ခြင်းပင်ဖြစ်သည်။ မြို့ဝန်ခန့်အပ်သူများတွင်ထောင် မှူး ထောင်စားတို့လည်းပါဝင်ရာ ထောင်မှူးမှာ အပြစ် ကျသူ အကျဉ်းသား ရာဇဝတ်မှုများ နှင့် သက်ဆိုင် သမျှကိုတာဝန်ယူရသည်။ ထောင်စားမှာ အပြစ်ရသူ များအား သတ်ဖြတ် ပေးသည့် အာဏာသား ဖြစ် သည်ကိုတွေ့ရပြီး အကျင့် စာရိတ္တ ဆိုးသွမ်း၍ ရာဇ ဝတ်မှုတခုခုကျူးလွန်ခဲ့သူအား ဤရာထူး၌ အမှုထမ်း စေခြင်းဖြစ်သည်။

ဖော်ပြပါအမှုထမ်းများအပြင်ခရိုင်တခုလုံးအတွက် အကောက်ခွန် တာဝန်ကို ယူရသော အကောက် အရာရှိတဦးလည်းတနင်္သာရီတိုင်း ဒေသ၌ ရှိခဲ့သည်။ ၎င်းသည် တရား သူကြီး အဖြစ်လည်း တာဝန် ထမ်း ဆောင်ကြ၍ ရုံးအုပ်ဟု ခေါ်တွင်သည်။ ကြီးလေး သော အပြစ်ဒဏ် များကိုမူ ၎င်း၌ ပေးနိုင်စွမ်း မရှိ၊ ဆုံးဖြတ်ချက်ကို ၎င်းကချမှတ်ပြီးသောအခါ တရားရုံး ထိုင်၍ တရားစီရင်သူအရာရှိတဦးသို့ တင်ပြရကြောင်း သိရှိရသည်။

အုပ်ချုပ်ရေး၌ လွယ်ကူစေရန် ထိုစဉ်က ထားဝယ် နယ်ကို ခုနှစ်ဆယ့်ရှစ် (၇၈)ခရိုင် ခွဲခြား အုပ်ချုပ် ခဲ့ကြောင်း တွေ့ရှိရပြီး မြို့တံခါး အတွင်း၌ တဆယ့် ခြောက်ခရိုင်ရှိသည်ဟု ဖော်ပြထားရာ ခရိုင်တခုသည် ရပ်ကွက်ငယ် တခုခန့်သာ ကျယ်ဝန်းဟန် တူသည်။ ဤတဆယ့်ခြောက် ခရိုင်အနက် မြို့သူကြီး သို့မဟုတ် ရွာခေါင်းတို့သည် ခရိုင်တခုစီ၌ အသီးသီးတာဝန်ယူ ရကြသည်။ ၎င်းအပြင် ထားဝယ်မြို့၏ ရပ်ရွာ လုံခြုံရေး အတွက် ရဲလုပ်ငန်းကိုဆောင်ရွက်သူ အမှုထမ်း တဦး ထားရှိရာ ၎င်းသည် အစိုးရအဖွဲ့၌ ပါဝင်သူ မဟုတ်၍ ရုံး၌လည်းနေရာရှိသူမဟုတ်ပေ။ ညဘက်တွင် ၎င်းက တာဝန်ယူစောင့်ရှောက်၍ ကိုးနာရီကျော်ပြီး မသက်ာ သူဟု ထင်လျှင် ဖမ်းဆီးသည်။ အဖွဲ့တွင် တရားဝင် အဖွဲ့ ဖွဲ့ထားသူ မဟုတ် သော်လည်း ရပ်ရွာအတွင်း နေထိုင်သူ ရွာသား များကို ကူညီရန် ခေါ်နိုင် သည့် အာဏာ ၎င်းတွင်ရှိသည်။

ထားဝယ်မြို့နယ်အတွင်း အုပ်ချုပ်ရေး၏ ထူးခြား ချက်မှာစစ်ကဲ ခြောက်ဦး ထား၍ အုပ်ချုပ် ခြင်းပင် ဖြစ်ပြီး စာရေးကြီး လည်း သုံးဦး ထား၍ အုပ်ချုပ်ခဲ့ သည်။ ထားဝယ် မြို့၌ ဗြိတိသျှတို့တို့ မရောက်မီ တွင် အုပ်ချုပ်ရေးဆိုင်ရာ အရာရှိများခန့်အပ် သည့် အခါ မြန်မာမင်း တို့သည် အနယ်နယ် အရပ်ရပ်မှ အမှုထမ်း များ ကို ခန့် ထား ကြောင်း တွေ့ ရသည်။ ဥပမာအားဖြင့် ဗြိတိသျှတို့ ရောက်ရှိစဉ်အခါ၌ ထား ဝယ်၌ နောက်ဆုံးမြို့ဝန်ဖြစ်သူ မောင်ရွှေလုတ်၊အခွန် ဝန် မောင်ရွှေအိုး၊ ပထမစစ်ကဲ မောင်ရာစီ၊ ပဥ္စမ စစ်ကဲ မြဦး၊ ပထမနားခံ ရွှေမှိုင်းတို့မှာ အင်းဝသား များဖြစ်ကြပြီး ဒုတိယစာရေးကြီး ကံချလာမှာ မြိတ် သားဖြစ်သည်။ အရပ်ရပ်မှ အမှုထမ်းခန့်အပ်သကဲ့သို့ မူရင်းဇာတိဒေသမှ အရာရှိများလည်း ပြန်လည်ခန့် ထားသည်ကို ထားဝယ်နယ် ဒုတိယစစ်ကဲ မောင် ထမ်းပိုး၊ စတုတ္ထစစ်ကဲ မောင်ဇတို့ ခန့်ထားခြင်း ကို တွေ့ရခြင်းဖြင့် သိရှိနိုင်သည်။ ထားဝယ်မြို့ဝန် မောင်ရွှေလုတ်မှာ လွန်ခဲ့သောအနှစ်နှစ်ဆယ်ခန့်က မြိတ်မြို့ဝန်ဖြစ်ခဲ့သူ၏ သားဖြစ်ပြီး ထားဝယ်မှ စစ်ကဲ မောင်ရာစီနှင့် ပထမစာရေးကြီး ရွှေအောင်တို့မှာ မြို့ဝန်၏တူနှင့် ရေဝန်၏အမျိုးများဖြစ်ကြောင်း တွေ့ရှိ ချက်တို့ကို ထောက်ရှုလျက် တိုင်းပြည်၏သစ္စာစောင့် သိနိုင်စေရန် မြန်မာဘုရင်သည် အမှုထမ်းမျိုးရိုးရှိသူ တို့ကို အရာရှိအဖြစ် ခန့်အပ်ခဲ့ဟန်တူသည်။

ထားဝယ်မြို့မှ ရေဝန် မောင်ဒါသည် ယိုးဒယား

ခေါင်းဆောင်ငမဲအားဖမ်းဆီးပေးသဖြင့် ဗဟိုအစိုးရက သဘောကျ၍ ဤရာထူးကို ခန့်အပ်သည်ဖြစ်ကြောင်းတွေ့ရှိရာ လုပ်ရည်ကိုင်ရည် ရှိသူများကိုလည်း မြန်မာဘုရင်သည် အရာရှိအဖြစ် ခန့်အပ်သည်ဟု ဆိုနိုင်သည်။

တခါတရံ၌ ရန်သူ၏ စစ်သုံ့ပန်းအဖြစ်မှ ပြန်လွတ်လာသူ၊ အခြေအနေကို သတင်းကောင်းပေးနိုင်နားလည်နိုင်သဖြင့် အရာရှိအဖြစ် ခန့်အပ်ကြောင်းကို ဒုတိယစစ်ကဲ မောင်ထမ်းပိုးကိုကြည့်၍ သိနိုင်ပေသည်။

မောင်ထမ်းပိုးသည် ယိုးဒယားမှ လာရောက်တိုက်စဉ်က သုံ့ပန်းအဖြစ် ဖမ်းသွားသည်မှာ ဆယ်နှစ်ပင်ကြာခဲ့သည်။ ပြန်လွတ်လာသောအခါ၌ ရန်သူအခြေအနေကို ကောင်းစွာသိနိုင်သူဖြစ်၍ ဤရာထူး၌ ခန့်အပ်ခဲ့သည်။

တနင်္သာရီတိုင်း၌ အုပ်ချုပ်ခဲ့သောမြန်မာမင်း၏ အမှုထမ်းတို့မှာ များသောအားဖြင့် သစ္စာရှိကြသည်။ ဗြိတိသျှတို့ရောက်ရှိလာချိန်၌ အစွမ်းကုန် ခုခံကာကွယ်ပြီး လွယ်လွယ်နှင့်အညံ့မခံခဲ့ကြောင်း တွေ့ရပေသည်။ ဤအတွက်လည်း မြိတ်မြို့ဝန် မောင်မြတ်လေးနှင့် ထားဝယ်မြို့ဝန် မောင်ရွှေလုတ်တို့ကို ဗြိတိသျှတို့ ဖမ်းဆီးကြလျက် ပိုမိုစိတ်ချရစေရန် အိန္ဒိယပြည်ကာလကတ္တားမြို့သို့ပင် ပို့ဆောင်ခဲ့ကြသည်။

သစ္စာရှိသောအမှုထမ်းများရှိသကဲ့သို့ ထားဝယ်ရေဝန် မောင်ဒါကဲ့သို့ သစ္စာမဲ့သည့်အမှုထမ်းများလည်း တွေ့ရှိရာအရေအတွက်ချင်း နှိုင်းယှဉ်လျှင်သစ္စာမဲ့သောအမှုထမ်းတို့မှာ နည်းပါးလှပေသည်။

သို့ဖြစ်ရာ ဗြိတိသျှတို့ တနင်္သာရီတိုင်းသို့ မရောက်မီကာလ၌ ထားဝယ်မြို့သည် မြန်မာနိုင်ငံနယ်ပယ်ပြည်ရွာအဖြစ် တည်ရှိ၍ များသောအားဖြင့် မြန်မာဘုရင်များ၏နယ်ပယ်အုပ်ချုပ်ရေး ပုံစံများ နည်းစနစ်များအရ အုပ်ချုပ်ခဲ့သည်ကို တွေ့ရလေသည်။

တက္ကသိုလ်တက်နေလ ★

● (၃၅) မှ အဆက်

ဘုရားဟော ဒေသနာကိုထောက်၍ အသင့်အတင့်နှလုံးသွင်းလေဟု ထားဝယ်ရာဇဝင်အတွဲ ၂ စာမျက်နှာ ၇၈ ၌ထားဝယ်ရာဇဝင်ဆရာ၏ ရှင်းလင်းချက်ပင်ဖြစ်ပါသည်။

(စ)

ဒုကနိပါတ်၊ဒဠှဝဂ်၊ မောရဇာတ်တွင် ဗာရဏသီမင်း၏ခေမာအမည်ရှိသောမိဖုရားသည် အိပ်မက်ဖြင့် ရွှေအဆင်းနှင့်တူသော ဥဒေါင်းတရား ဟောသည်ကို မြင် မက် ၍ နိုးသော ကာ လ ၌ မင်း ကြီး အား လျှောက် ထား၏။ ယင်းသို့ လျှောက် ထား သဖြင့် မင်းကြီးကဖမ်းစေသတည်းဟု အမိန့်ချ၏။

(န)

ထားဝယ် ရာဇဝင် ဒေါင်းဖမ်းသည့် အခန်းကို ထည့်ဖြစ်အောင်ထည့်ရ၏။ မောရ ဇာတ်က ဇာတ်လမ်းအတိုင်းပင် မင်းကြီးနှင့်မိဖုရား အမည်ပြောင်းလဲထားပါသည်။ မောရ ဇာတ် တွင် ဗာရဏသီမင်း၊ ထားဝယ်ရာဇဝင်တွင် ရန်တပိုမင်း၊ မိဖုရား ခေမာအစား မိဖုရား မိစုမခေါ် စုမဒီဒေဝီကို ထည့်သွင်းထား၏။ ဥဒေါင်းမ ပြ၍ ထောင် ဖမ်း ၏။ မောရဇာတ်တွင် ရွှေဥဒေါင်းကို မိ၏။ ထားဝယ် ရာဇဝင်တွင် ဖမ်းမမိချေ။ မိ၍လည်း မရ။ ဒေါင်း ပြေး မှ ကျေးရွာအမည်များမှည့်ခေါ်ရမည် ဖြစ်ပါသည်။

(ပ)

ဒုကနိပါတ်၊ဒဠှဝဂ်၊ မောရဇာတ်လည်း မနေရ၊ ဒေဝဒတ်ကျွဲမင်းဖြစ်စဉ်က ဇာတ်လမ်းလည်း မနေရ၊ ထားဝယ်ရာဇဝင်ထဲသို့ဝင်ရောက်လာ၏။ ဒေဝဒတ်သည်ကျွဲမင်းဖြစ်စဉ်က မွေးလာသော ကျွဲထီးများကို သတ်၍ ကျွဲမများကိုသာ မွေးထားကြောင်း ဖတ်ရမှတ်ရဘူးပါသည်။

(ဖ)

ထားဝယ်ရာဇဝင်ဆရာသည် ဒေဝဒတ်ကျွဲမင်း၏ သားသတ် ဇာတ်လမ်းကို ပုံတူကူးချကာ စက္ကပါလ ကျွဲမင်းကို ဖန်တီးသည်။ ယင်းစက္က ပါလ ကျွဲမင်းသည် သာမန္တမင်း၏ အတိတ် ဝတ္ထု ဖြစ်ပေသည်။ စက္ကပါလ ကျွဲမင်း မဖြစ်မီက အတိတ် ဘဝ သည်

မဟိသ် ကျွဲမင်းဖြစ်ကြောင်း ဆိုထားပါသည်။ တတ်လည်း တတ်နိုင်သော ရာဇဝင်ပါပေ။

(ဗ)

ထားဝယ်ရာဇဝင်လာ ဒေါင်းမင်း ဖမ်းခန်း နှင့် စက္ကုပါလကျွဲမင်း၏ ဇာတ်ဝင်ခန်းများမှာ ကျေးရွာအမည်များပေးရန်နှင့် မှည့်ခေါ်ရန် ထည့်သွင်း ထားခြင်းမှာ ထင်ရှားပါသည်။

(ဘ)

အမည်ပေးပုံကလည်း ယဉ်၏။ ထားဝယ်တွင် ထားဝယ်အမည်ပေးလျှင်သဘာဝကျမည်။ ထားဝယ်အမည်သာပေးသင့်ပါသည်။ ဥပမာ ကျွဲမင်းရပ်သောနေရာကို (မင်းရပ်)ဟု အမည်ပေး၏။ ယနေ့ကားထားဝယ်ကခေါ်လျှင် (မန်းရပ်)ဟု ခေါ်ပါသည်။ ကျွဲမင်းရပ်သောနေရာမှ တဖန်ရွှေ့ရှုသွားသော အရပ်ကိုရှေးအခါက ပန်းတန့်အင်း၊ ယခုပန်းတက်အင်းဟု ခေါ်ကြောင်း ဖော်ပြ ထားပါ သည်။ ရှေးကလည်း (ပန်းတန့်အန်း) ဖြစ်သင့် ပါသည်။ ယခု လည်း (ပန်းတန့်အန်း) ဟု ခေါ်ပါသည်။

(မ)

တီတွတ်ငှက်တို့ ပျံသော နေရာကို တီတွတ်ပျံ ဟု အမည်ပေး၏။ ယခုအခါတီတွတ်ပြင်ဟု ခေါ်ကြောင်း ဖော်ပြထားပါသည်။ ယခုအခါ တီတွတ်ပြင်ဟုမခေါ် (တီတွတ်ပလန်) ဟုလည်းဖြင့် ခေါ်ပါသည်။ ဇရစ်ရပ် ဇရစ်ရွာ အမည်ပေးပုံကို ကြည့်ပါဦး။ ဇရက်မှဇရစ်ဖြစ်လာကြောင်းကို ဖော်ပြထားပါသည်။ ဇရက်ငှက်ကိုအစွဲပြု၍ ရွာတရွာ၏ အမည်ကို (ဇရက်ရွာ) ဟု အမည်ပေး၏။ နောင်တွင် ဇရက်ရွာ၊ ဇရစ်ရွာယခု (ဇရစ်ရပ်) ဟုဆိုပါသည်။ ဇရက်ကို ထားဝယ်တို့က ဇရက်ဟု မခေါ် 'ထန်းရှစ်သား' ဟု ခေါ်ပါသည်။ ထိုကြောင့်ဇရက်ကို အစွဲပြု၍ ပေးမည်ဆိုပါက 'ထန်းရှစ်သား'ရွာသာ ဖြစ်သင့်ပါသည်။

(ယ)

သမိုင်းဘာသာအဓိကကိုသင်ယူသော တက္ကသိုလ်ကျောင်းသား အတော် များများသည် ဝိဇ္ဇာဘွဲ့နှင့် မဟာဝိဇ္ဇာဘွဲ့အတွက် ထားဝယ်ရာဇဝင်ကို စာတန်းတင်ရန်နှင့် ကျမ်းပြုရန် ထားဝယ် သို့ ပြန်လာကာ ကြိုးစား လေ့လာကြ၏။ ထားဝယ်ရာဇဝင်ကို စိတ်ဝင်စားကြ၏။ ထားဝယ် ရာဇဝင်ကို စိတ်ဝင်စားကြသဖြင့် ကျေးဇူးလည်း တင်မိပါသည်။

စာရေးသူသည် သမိုင်း ပညာရှင်လည်း မဟုတ်၊ သမိုင်း သုတေသီလည်းမဟုတ်၊ ရာဇဝင်ဆရာလည်း မဟုတ်ပါချေ။ တက္ကသိုလ် နောက်ဆုံးနှစ် ကျောင်းသားများသည် စာရေးသူထံ ချဉ်းကပ်၍ ထားဝယ်ရာဇဝင်ကို ခြေခြေမြစ်မြစ်သိရှိရေးအတွက် စုံစမ်းမေးမြန်း၏။ စာရေးသူက စာရေးသူ စုဆောင်း ထားသောစာတိုပေစများကိုထုတ်ပြ၏။ ၁၂၈၆ ခုနှစ်တွင် ထုတ်ဝေသောထားဝယ်ရာဇဝင် အကျဉ်းချုပ် အပါအဝင်တည်း။ ရာဇဝင်တိုင်းတွင် ဇာတ်လိုက်ဖြစ်နေသော ရသေ့ကြီး၏ အကြောင်း ကိုလော။ ငါးကလူမွေးသောဇာတ်ကိုလော။ မဟုတ်လျှင် ကျွဲမင်းကသားသတ်သောဇာတ်ကိုလော။ လောပေါင်းများစွာမေးရမည်သာ ဖြစ်ပါသည်။

(ရ)

ရာဇဝင်ဆိုလျှင်လည်း ရာဇဝင်။ သမိုင်း ဆိုလျှင် လည်းသမိုင်းဖြစ်သင့်ပါသည်။ ရာဇဝင်သမိုင်း မဖြစ်သင့်ပါ။ ထုတ်ဝေပြီးသမျှသော ထားဝယ်ရာဇဝင်၊ ထားဝယ်သမိုင်းနှင့် ထားဝယ် ရာဇဝင် သမိုင်းများမှာ ပုံပြင်နှင့် ဘုရားသမိုင်းများသာဖြစ်၏။ ထို့ကြောင့် ဆိုခဲ့သော ရာဇဝင်များကို 'ပြန်လည်ဆန်းသစ်ခြင်း' မပြုလုပ်စေလိုပါ။ ယနေ့လူငယ်နှင့် မနက်ဖြန်လူငယ်များအတွက်စာရေးသူကစိုးရိမ်မိခြင်း ဖြစ်ပါသည်။

(လ)

အဝတ္တုကရာဇဝင်မှသဝတ္တုကရာဇဝင်သို့ရောက်ရှိအောင်ကြိုးစားကြပါရန်တိုက်တွန်း ရေးသားလိုက်ရပေသတည်း။

မေလုဝ ☆

ပါဝင်သူများ

မောင်ကဗျာ	ကဗျာဆရာပေါက်စ
မောင်မှိုင်ငြိမ်း	ဘာသာပြန်ဆရာကြီး
မောင်ဝေဖန်	ဝေဖန်ရေးဆရာ
မောင်စာဖတ်	စာပေလိုက်စားသူ စာဖတ်သမား
မောင်ရွှေထူး	လူကောင်းလက်မှတ် ရရှိထားသူ

အဆင်အပြင်

လမ်းဘေးမှာ ရောင်းချနေသော လဖက်ရည်ဆိုင်တဆိုင်ကဲ့သို့ ပြင်ဆင်ထားရမည်။

လူကောင်းလက်မှတ် ယူထားကြဟေ့၊ ပြဇာတ်၊ ဇာတ်ဆရာကြီး၊ ဇဝေဇဝါ၊



ကားလိပ်တင်

လဖက်ရည်ဆိုင်တွင် ဖောင် တောင့် တောင့် ရုပ်ချော်ချော ကောင်မလေးတွေ ကိုယ်တိုင် လဖက်ရည်ဖျော်၊စားပွဲထိုး၊ ပိုက်ဆံသိမ်းရမည်။ အပျိုရှုံးလောက်အောင်အလှဆင်ထားသည့်အသက်လေးဆယ်ကျော်မိန်းမကြီးက လူတကာကိုကြာပေးပြီး စကားတပြောပြောနှင့်ထိုင်နေစေ။ 'လူတွေ ဘာဖြစ်နေလဲ'ဆိုသောစတီရီယို အဆိုတော်ဇော်မင်းလေး၏'ကမ္ဘာ့ အာလူးသီချင်း'ကိုလည်း ဖွင့်ထားရမည်။ ဆိုင်ထဲတွင် ရှိနေကြသောလူတချို့ လဖက်ရည်သောက် မုန့်စားနေကြသကဲ့သို့ တချို့ကလည်းကောင်မလေးတွေကို မကြာမကြာ ခိုး ကြည့် နေကြစေ။ ကောင် မ လေး တွေကလည်း လှုပ်လီလှုပ်လဲ့ နွဲ့နွဲ့ပြကြ၊ရီပြကြစေ။ယင်းတို့အထဲတွင် မောင်ကဗျာ၊ မောင်မှိုင်းမြမ်း၊ မောင်ဝေဖန်နှင့် မောင်စာဖတ် တို့လည်း စာ အကြောင်း၊ ပေအကြောင်းအကြိတ်အနယ်ဆွေးနွေးနေကြစေ။သူတို့၏စားပွဲဝိုင်းကို ဇာတ်စင် အရှေ့ဖက်ထောင့်မှာ နေရာချထားရမည်။ စားပွဲ ပေါ်တွင် လ ဖက် ရည် ကြမ်းနှစ်အိုးနှင့် ဖန်ခွက်လေးခွက် ချထားရမည်။

မောင်ကဗျာ။ ။'ဒီ က နေ့ တော့ ကျနော် တို့ အပြတ်ဆွေးနွေးကြရမှာဘဲ'

(ထိုစဉ် ဆံပင်ခပ်ရှည်ရှည် ဘောင်းဘီဖင်ကြပ်နှင့် မောင်ရွှေထူးဆိုသူ လူငယ်တယောက် ဆိုင်ထဲဝင်လာပြီး ခပ်တည်တည်နှင့် မောင်ကဗျာအနီး နံဘေးတွင် ကုလားထိုင်တလုံးဆွဲယူပြီး ထိုင်ချလိုက်ရမည်။ မောင်ကဗျာတို့အုပ်စု ကြောင် တက် တက် ဖြစ်သွားသော အမူအရာတွေ ပြကြရမည်။ သို့သော်လည်း သူ့ကို ဂရုစိုက်စရာ မဟုတ်သလို လုပ်ပြီး မောင်စာဖတ်က ဆက်ပြော ရမည်။)

မောင်စာဖတ်။ ။'ဘာ ဘဲ ပြော ပြော က နေ့ ကျနော်တို့ ဖတ်ရတဲ့ ကဗျာကအစ ဝတ္ထုအဆုံး .... အို စာတွေ အားလုံးပါဘဲဗျာ၊ ဘဝင်ကို မကျဘူး၊ ကျနော်တို့ကို လိမ်နေကြတယ်၊ စာရောင်း စားတာလား၊ စာအုပ် ရောင်းစား တာလား၊ ပိုက်ဆံ ရရင် ပြီးရော အမြတ်ရရင်ပြီးရောဆိုပြီး ထုတ်ဝေနေကြတာ၊ ဘာမှ အနှစ်သာရမရှိဘူးမျော်လင့်ချက်နဲ့ဖွင့်လိုက်ရပြီး အမြတ်နဲ့ပိတ်လိုက်ရတဲ့စာအုပ်ဟာ စာအုပ်ကောင်းလို့ပြောတယ်မဟုတ်ဘူးလား'

(အားလုံးက ခေါင်းညိတ် ပြကြရမည်)

မောင်ကဗျာ။ ။(တိုက်ပုံအင်္ကျီလက်ကိုအားပါးတရ ပင့်တင်လျက်) 'ကဗျာရဲ့မူလရင်းမြစ်ဟာ ပြည်သူတွေဘဲဖြစ်တယ်၊ ကဗျာဟာ ပြည်သူတွေ ကြားထဲက ပေါက်ဖွားလာခဲ့ပါတယ်၊ပြည်သူတွေရဲ့ လူမှုပတ်ဝန်းကျင်ထဲမှာ ကဗျာတွေ ထွက် ပေါ် တည်ရှိ နေတယ် ဆိုတာငြင်းပယ်လို့မရပါဘူး၊ ကနေ့ခေတ်ပေါ် ကဗျာတချို့ကိုဖတ်ကြည့်ကြစမ်းပါ၊ အထူးသဖြင့်လွတ်လပ်ကဗျာတွေပေါ့၊ ကဗျာဆရာရဲ့ ခံစားချက်တွေ၊ ဆိုလိုချက်တွေကို ဒက်ကနဲဒိုးကနဲ ရေးပြကြတယ်၊ဖတ်တဲ့လူကလွယ်လွယ်နဲ့ဖတ်ရတယ်၊ သဘော ပေါက်တယ် ခံစားနိုင်တယ်၊ သူတို့ဟာ ပြည် သူ့ အကြောင်း ကို ပြည်သူတွေ နားလည်အောင် ရေးကြတယ်၊ ပြည်သူတွေဖက်က သူတို့ရပ်နေကြပြီ–ဟုတ်ဘူးလား'

မောင်ရွှေထူး။ ။(ခပ်တည်တည် နှင့် ဝင်ပြောစေ) 'ခင်ဗျားပြောတာ ယုံကြည်နိုင်စရာ မရှိပါဘူး–ဘယ်သူမှမယုံဘူး'

(မောင်ကဗျာ တို့ အုပ် စု ကြောင် စီစီ ဖြစ်သွားကြရမည်။ သို့သော်လည်း သူ့ကို ဂရုမစိုက် သလိုဘုကြည့်ကြည့်ပြီး မောင်မှိုင်းမြမ်းက ဆက်ပြောရမည်။)

မောင်မှိုင်းမြမ်း။ ။'ပြောရရင်ဘာသာပြန်လောကလဲ ဒီအတိုင်းပါဘဲကွာ၊ ဂျိန်းဟာဒလေချေ့၊ ဟာရိုးရော့ဘင်၊ ဒေ့ဗစ်ချန်း တို့ လောက်နဲ့ ပီးနေတာဘဲ၊ အညှီအဟောက်နဲ့ ဖောက်ပြန်တဲ့စာပေ၊ အဆိပ်အတောက်တွေချည်းဘဲ၊ ပြည်သူ တွေနဲ့ ပြည်သူတွေမျှော်လင့်နေတဲ့ဆိုရှယ်လစ်အတွေးအခေါ် ဆိုရှယ်လစ်သရုပ်ဖော် စာပေတွေ ပြန်ဆိုကြပါလား၊ ရေးပြကြပါလား၊ပြည်သူ့စာပေကိုအလေးထားပြီး ပြည်သူတွေကို ယုံကြည်ရမယ်၊လေးစားရမယ်၊ ကျုပ်တို့ဘာသာပြန် သမားတွေလဲ ပြည်သူတွေ ဘက်က ရပ် တည်ရမယ်လေ–ဟုတ်ဘူးလား'

မောင်ရွှေထူး။ ။(ခပ်ပြုံးပြုံး ကလေးဖြင့်) 'ခင်ဗျား ဘယ်လိုပြောပြော၊ ခင်ဗျား ဘယ်လို ပြန်ပြန်၊

ဘယ်လိုဘဲတင်ပြတင်ပြဗျာ ယုံကြမှာမှုတ်ဘူး၊ လက်ခံကြမှာ မှုတ်သေးဘူး’

(အားလုံး ကြောင်စီစီ ဖြစ်ကုန်ကြပြန်ပြီး မောင်စာဖတ်ကတော့ အခြေအနေကို အကဲဖြတ် လေ့လာနေရမည်။ မောင်ကဗျာလည်း လူငယ်ကို မျက်မှောင်ကုတ်ပြီး လေ့လာနေရမည်။)

မောင်ဝေဖန်။ ။(အားလုံးကိုဟန်နှင့် ပန်နှင့်ကြည့်လျက်) ‘ဝေဖန်ရေးအပိုင်းက ကျနော် ဆွေးနွေးရရင်တော့ ဒီကနေ့ စာပေ လောကဟာ ဝေဖန်ရေး လုပ်ရမယ့်အဆင့်မရှိဘူး၊ ဝေဖန်ရမယ့် စာအုပ်ရယ်လို့မရှိဘူး၊ဝေဖန်နိုင်စွမ်းလဲမရှိကြဘူး၊ ဘာဘဲပြောပြောစာရေးဆရာဟာဘက်လိုက်မှုရှိရမယ်၊ စာပေဟာပြည်သူ့အတွက်လို့ ကြွေးကြော် ထားကြတယ်၊ ဒါဟာဘက်လိုက်မှုဘဲ၊ဒီတော့ပြည်သူတွေထဲက ဘယ်သူ့ဘက်ကိုဘက်လိုက်မလဲ၊အရင်းရှင်ဘက်လား၊ အရင်းမဲ့ ဘက်လား၊ ဖိနှိပ်ခံသူ ဘက်ကလား၊ ဖိနှိပ်ကြတဲ့ သူတွေဘက်ကလား၊ ကျနော်တို့ ဝေဖန်ရေး ဆရာ တွေဟာဒါကိုစံထားပြီး ဝေဖန်ရေး လုပ်ရမယ်၊ ထောက်ပြကြရမယ်၊ အဖိနှိပ်ခံအရင်းမဲ့ ဆင်းရဲသား အလုပ်သမားပြည်သူတွေ ဘက်က မှန်ကန်စွာ ယုံကြည် ရ မယ်၊ ဘက်လိုက်ရမယ်၊ ကျနော်တို့ ကတော့ ပြည်သူ တွေဘက်ကဘဲ ပြည်သူတွေ ကိုဘဲ ယုံကြည် ပါတယ်’

မောင်ရွှေထူး။ ။(လဖက် ရည် ကြမ်း တခွက်သောက်လိုက်ပြီးနောက်၊ သရော်ကြည့်-ကြည့်ကာ) ‘ဒါလဲမယုံနိုင်သေးဘူး၊ခင်ဗျားတို့ ဝေဖန်ရေး သမားတွေလဲ ပြဿနာဘဲ၊ ဘာလဲ၊ ဘယ်လဲ၊ ဘယ်လိုလဲ၊ ဘယ်ကိုလဲ၊ဘာတွေလဲ၊ ဆိုဒါတွေနဲ့ဘဲ ပြီးနေတာဘဲ၊ ဘာရယ်လို့မယ်မယ်ရရမဟုတ်ဘူး၊ခင်ဗျားတို့ ဘယ်လိုပြောပြောဘယ်လိုမှ လက် ခံ မှာ မှုတ်ဘူး၊ ဘယ် သူမှ ယုံမှာမှုတ်ဘူး’

(ဝေဖန်ရေးဆရာ မောင်ဝေဖန် မျက်နှာ တခုလုံးဆေးနီဖျန်းလိုက်သလို နီရဲလာရမည်။)

မောင်ကဗျာ။ ။(မကျေမနပ်နှင့်လူငယ်ကို စေ့စေ့ကြည့်ပြီး) ‘နို့နေပါအုံး၊ ခင်ဗျားက ဘာဖြစ်လို့မယုံရတာလဲ၊ လူတွေကကော ဘာဖြစ်လို့ ကျုပ်တို့ပြောတာမယုံရမှာလဲ၊ ကျုပ်တို့ ပြောနေတာ အမှန်တရားကြီးဘဲဗျ၊အရှိကိုအရှိအတိုင်း ပြောနေကြတာ’

မောင်ရွှေထူး။ ။(တ ကယ့် ပါ မော က္ခ ကြီး တယောက်လိုလုပ်ပြီး ခေါင်းတညိမ့်ညိမ့်နှင့်) ‘ဒီမှာ ကျုပ်ပြောမယ်၊ ခင်ဗျားတို့ တတွေဟာ လူကောင်း တယောက်မှ မဟုတ် သေးဘူး၊ ကျုပ်လို လူကောင်း လက်မှတ် ရထားတဲ့ လူတွေ တယောက်မှ မပါဘူး၊ ခင်ဗျားတို့မှာ လူကောင်း လက်မှတ် မရှိ သေးတော့ ခင်ဗျားတို့ပြောတာ ဘယ်သူတွေက ယုံမှာလဲ၊ လက်ခံမှာလဲ၊ ကျုပ်လို လူကောင်း လက်မှတ် ယူထားတဲ့ လူတွေပြောမှယုံကြည်မှာ၊ လက်ခံ ကြတာဗျ’

(မောင်စာဖတ်၊ မောင်ကဗျာ၊ မောင်မှိုင်ငြိမ်း၊ မောင်ဝေဖန်တို့အားလုံး တအံ့တဩနှင့် တပြိုင်တည်း တသံတည်း ပြန်မေးကြစေ။)

‘ဘာ လူကောင်းလက်မှတ် ဟုတ်လား’

မောင်ရွှေထူး။ ။‘ဟုတ်တယ်၊ လူကောင်း လက်မှတ်၊ ခင်ဗျားတို့မှာ မရှိကြသေးဘူး မှုတ်လား’

(မောင်မှိုင်ငြိမ်းက ကယောင် ကတန်းနှင့် ခေါင်းခါပြစေ)

‘ဒီလက်မှတ်ကို ယူဖြစ်အောင် ယူထားကြ၊ မခက်ပါဘူး၊လွယ်ပါတယ်ဗျာ၊ ကျုပ်ထောက်ခံ ပေးလိုက်ပါ့မယ်၊ဘယ့်နှယ်လဲ’

(အားလုံး တပြိုင်တည်း အံ့ဩလိုက် ကြစေ)

‘ဟေ’

မောင်ရွှေထူး။ ။(တဟားဟား ရီလျက်) ‘ဟေ မနေကြနဲ့၊ ကဲ မောင်ကဗျာ စက္ကူတရွက် မပါဘူးလား၊ပေးစမ်း ကျုပ်ထောက်ခံစာ ရေးပေးမယ်’

(မောင်ကဗျာက ကြောင်တက်တက် နှင့် စက္ကူအလွတ်တရွက်ထုတ်ပေး လိုက်ရမည်။ မောင်ရွှေထူးက ခပ်တည်တည်နှင့် ရေးခြစ် လိုက်ပြီး စားပွဲပေါ်ချပြလိုက်ရမည်။)

မောင်ရွှေထူး။ ။ ‘ရော့– ဒီ မှာ ထောက်ခံစာ၊ ခင်ဗျားတို့ အားလုံးအတွက်ဘဲ၊ ကျုပ်သွားအုံးမယ်၊ ကျုပ်ကသိပ်အလုပ်များတယ်၊ ခင်ဗျားတို့ကျုပ်နဲ့တွေ့ရတာ သိပ်ကံကောင်းတယ် သိလား’

(မောင်ကဗျာတို့အုပ်စုမောင်ရွှေထူး၏ ကျောပြင်ကြီးကိုတချက်ငဲ့ကြည့်လိုက်ကြပြီးနောက် စာရွက်ကို အထူးအဆန်းလုပ်ကာ ဝိုင်းအုံ ကြည့်ကြဖတ်ကြစေ။

မောင်စာဖတ်က အသံကလေး ခပ်အုပ်အုပ် လုပ်ပြီး ဖတ်ပြရမည်)

သို့

ဆေးရုံအုပ်ကြီး
စိတ္တဇဆေးရုံ
တံတားကလေး၊ ရန်ကုန်မြို့။

ဒီစာနဲ့လာကြတဲ့ ကဗျာဆရာပေါက်စ မောင်ကဗျာ၊ ဘာသာပြန် ဆရာကြီး မောင်မိုဒြမ်း၊ ဝေဖန်ရေးဆရာ မောင်ဝေဖန်နဲ့ စာဖတ် သမား မောင်စာဖတ်တို့တတွေဟာ မဟုတ်တရုတ်တွေကို စိတ်ထင်ရာပြောနေကြပါတယ်၊ သူတို့ ဘာပြော ပြော ဘယ်သူမှ မယုံကြဘူး၊ယုံနိုင်စရာလဲမရှိဘူး၊ ဒီကောင်တွေကို လူကောင်းလက်မှတ် ထုတ် ပေးလိုက်ပါ ဆရာရယ်၊ သနားပါတယ်၊ ဒါမှ သူတို့ပြောတဲ့လူတွေယုံကြမှာ၊ ဆရာရဲရဲဝံ့ဝံ့ ထုတ် ပေးနိုင်အောင် ကျနော် ထောက်ခံလိုက်ပါတယ်။

မှတ်လောက်ပြီ။

ဆရာ့တပည့်ဟောင်း

ရွှေထူး
လူကောင်းလက်မှတ်ရ
၇၆–၃ရက်–မတ်လ။

(မောင်စာဖတ် ဖတ်ပြပြီးနောက် လေးယောက်၊ စလုံးတယောက်မျက်နှာတယောက်ကြည့်လျက် ဟာ–ဟာ ဟုတ်သဟ…ဟုတ်သဟ လို့ ပြောကြပြီး ရီကြရမည်။)

မောင်စာဖတ်။ ။(ဝါး ဟား ရီ လျက်) 'လူကောင်းလက်မှတ်ယူထားကြဟေ့'

မောင်ကဗျာ။ ။(ရူးသလိုလို ပေါသလိုလိုနှင့်) 'လူကောင်းလက်မှတ် ယူထားကြနော်'

မောင်မိုဒြမ်း။ ။(ထောက်ခံစာရွက်ကို ကိုင် မြှောက်လျက်) 'ဟောဒီမှာ လူကောင်းလက်မှတ်ယူဖြစ်အောင်ယူထားကြဟေ့၊ ယူထားကြ'

(အသီးသီး အသက အသက ဝိုင်းအော်ကြပြီး လဖက်ရည်ဆိုင်ထဲက ထွက်သွားကြစေ။ လဖက်ရည် ဆိုင်ထဲကကောင်မလေးတွေကလည်း ဝမ်းနည်းသည့် မျက်နှာကလေးကိုယ်စီနှင့် ပေါက်ကုန်ပြီ၊ သွားရှာပြီ၊ ဟော….သွားရှာပေါ့လို့စိတ်ပျက်စွာ ပြောဆိုကျန်ရစ် နေစဉ်ကတ္တီပါ ကားလိပ်ကြီးကို ချလိုက်ရမည်။)

ဇာတ်ဆရာကြီး ဇဝေဇဝါ
(ကနေ့စာပေလောကသို့)

ဘန်ဆင်း အထွေထွေစက်ပြင်ရုံ

တိုက်သစ်ကျောင်းလမ်း၊ ကညွှံရပ်

ထားဝယ်မြို့။

သို့

မန္တတာ အိုနိုတိုးရု၊ မဟာဝိဇ္ဇာ
မြန်မာစာ တွဲဖက်ပါမောက္ခ
ဘာသာခြားသိပ္ပံ၊အိုဆာကာမြို့
ဂျပန်နိုင်ငံ။

ရက်စွဲ။ ၁၉၇၆ ခုနှစ်၊ စက်တင်ဘာ ၅ ရက်။

ပါမောက္ခအိုနိုတိုးရု သို့ အိတ်ဖွင့်ပေးစာ

ဆရာကြီးဦးဖေမောင်တင်ကျား-

လူကြီးမင်းခင်များ

လူကြီးမင်း၏ ‘ဒေသန္တရသုံး ဗမာစကားများ’ စာတမ်းကိုမန္တလေးမြို့အထက် မြန်မာနိုင်ငံစာရေးဆရာအသင်းက ၁၉၆၉ခုနှစ်တွင် ထုတ်ဝေသော ကဗျာအကြောင်း စာအကြောင်း စာအုပ်၊စာမျက်နှာ၄၃–၆၇တွင် ဖတ်ရှုရပါသည်။ ‘ဒေသန္တရမြန်မာ စကား၏ပထဝီအနေအထား ဆောင်းပါးကိုမူ ၁၉၆၉ခုနှစ် မဇ္ဈိမလထုတ် ငွေတာရီ မဂ္ဂဇင်းအမှတ်၁၀၅၊ စာမျက်နှာ ၅၃–၆၀တွင် ဖတ်ရှုရပါသည်။

မြန်မာနိုင်ငံတွင်ဘာသာစကား လေ့လာမှုနှင့် ဘာသာဗေဒပညာဖွံ့ဖြိုးအောင် ဆရာကြီးဦးဖေမောင်တင်က နှိုးဆော်လမ်းပြခဲ့သကဲ့သို့ပင် လူကြီးမင်း၏ စာတမ်းနှင့် ဆောင်းပါးကလည်း ထားဝယ်စကားကို သုတေသန ပြုလုပ်ကြရန် တိုက်တွန်းလျက် ရှိပေသည်။

‘မြို့ကြီးသုံးစကားလုံးတွေထဲမှာ မတွေ့ရတဲ့ရှေးဆန်တဲ့အသုံးအနှုန်းကိုထိန်းသိမ်း ထားတဲ့စကားလဲဖြစ်ပါတယ်၊ ကျောက်ထက် ကမ္ဗည်း ထိုးထားတဲ့ အရေးအသားကို ဖတ်ရသလိုရွတ်ဆိုတဲ့ စကားလဲ ရှိပါတယ်၊ အဲဒါကြောင့် ဒေသန္တရသုံး စကားဟု တန်ဖိုး မဖြတ်နိုင်သော အရေးကြီးတဲ့ စကား ဖြစ်တယ်လို့ ဆိုရင်လဲ မှားလိမ့်မယ် မထင်ပါ’ ဟု ဒေသန္တရသုံး ဗမာစကားများ (ကဗျာ အကြောင်း၊ စာအကြောင်း၊ စာ–၄၃.) စာတမ်းတွင် ဖော်ပြထားသည့် အပိုဒ်ကို သဘောကျ လက်ခံပါသည်။ ထားဝယ် စကားသည် ရှေးဆန်သည်သာမဟုတ် ရှေးကျသောစကား၊ ရှေးကယနေ့ အထိ သုံးစွဲလျက်ရှိသော စကား။သည်ထက် ပီပီပြင်ပြင်ရှေးရလျှင် ယနေ့ ဗဟိုစကား သို့မဟုတ် စံပြစကား၏ဖိုးအေ ဖြစ်ပါသည်။

'ကျောက်ထက်ကမ္ပည်းထိုးထားတဲ့အရေးအသားကိုဖတ်ရသလို'ဆိုသည့် အဆိုပြုချက်မှာ မှန်ပါသည်။ ထားဝယ်သားများ၏ အပြောစကားသည် ပုဂံခေတ်ကျောက်စာများရှိ အရေးအသား များနှင့် တူညီနေပါသည်။ ပုဂံခေတ်တွင် ပြောသလိုလဲ ရေးခဲ့သော အရေးအသားနှင့် ယနေ့အထိ 'လျှာချော်ခြင်း' မရှိသော ထားဝယ်သားတို့၏ စကားတို့တူညီနေသည်မှာမဆန်းပါ။

ယနေ့ခေတ်တွင် အပြော စကားကို အခြေခံ၍ ရေးသား ကြရန် 'ပြန်လည် ဆန်းသစ်' နေပါသည်။ အပြောစကားကို အခြေခံသော အရေး အသားမှာ ပုဂံခေတ်ကပင်စတင်ခဲ့ပါသည်။ 'ပုဂံခေတ်ကအဲ့သလိုပြော၍ အဲ့သလိုရေးပါတယ်၊ အဲဒါဟာ သဘာဝလဲကျပါတယ်၊ ပုဂံခေတ်မှာမှအကြွရာ ရေးသားတတ်တဲ့အတတ်စတင်ပေါ်ပေါက်တာ ဆိုတော့ သူတို့ ဘာကိုရေးကြမလဲ၊သူတို့ပြောတဲ့ အသံကိုဘဲ ရေးချ ကြရပေမပေါ့'ဟု အထက်မြန်မာနိုင်ငံ စာရေး ဆရာအသင်း စကားပြေကော်မရှင်က တင်သွင်းသည့် 'ဗမာစာပေ အရေးအသား'စာတမ်း '(ဗမာစာပေ အရေးအသားသစ်နှင့် စာတမ်းများ၊ စာ-၇၉) တွင် ဖော်ပြ ခဲ့ပါသည်။

မန္တလေးဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှ ပါမောက္ခဒေါက်တာသန်းထွန်းကလည်းပုဂံအရေးအသားသည် အသံထွက်အတိုင်း ရေးကြောင်း၊သူ၏'ရှေးဦးဗမာစာ' စာတမ်းတွင် ဖွဲ့ဆိုထားပါသည်။

ပုဂံနှင့် ခေတ်ပြိုင်ပြောသော ထားဝယ် စကားကို လူကြီးမင်းက 'ကျောက်ထက် ကမ္ပည်း ထိုး ထားတဲ့ အရေးအသားကို ဖတ်ရသလို'ဖတ်ကြားရမည်ပင်ဖြစ်ပါသည်။ပုဂံခေတ်မှ ယနေ့အထိ ထားဝယ် သား တို့ 'လျှာမချော်ခြင်း' အကြောင်း ရင်းကို လူကြီး မင်းတို့ ဘာသာဗေဒ ပညာရှင် များက သုတေသန ပြုလုပ်ကြပါရန် ထားဝယ် စကားပြောနေသူများ ကိုယ်စား တိုက်တွန်းလိုပါသည်။

လူကြီးမင်းစာတမ်းနှင့်ဆောင်းပါးတွင် ပါရှိသော ထားဝယ် စကားအခန်းကဏ္ဍကို အနည်းငယ် အကြံပေးလိုသည်မှလွဲ၍ ထားဝယ် လူငယ်များက လက်ခံနိုင်စရာရှိပါသည်။ ယင်း စာတမ်း နှင့် ဆောင်းပါးကိုလည်း ထားဝယ် လူငယ်များ၏ စာပေ ဝိုင်းတွင် မကြာမကြာစံပြု ဆွေးနွေးပါသည်။ ဤပေးစာ ကိုရေးသားသည့် ၁၉၇၆ ခုနှစ်စက်တင်ဘာလ ၅ ရက် နေ့နံနက် (၁၀) နာရီတွင်ထားဝယ်မြို့ ဇရစ်ရပ်၊ မင်္ဂလာလမ်း၌ ကျင်းပသော 'ထားဝယ် စာတမ်းဖတ်ပွဲနှင့် စာပေဆွေးနွေးပွဲ'တွင် လူကြီးမင်း စာတမ်းနှင့် ဆောင်းပါးကိုဆွေးနွေးပါသည်။ ယင်းဆွေးနွေးပွဲမှာ ထားဝယ်ဒေသန္တရ စကားစာတမ်း တစောင်ကို ပြုစုရေးသားရန် ထားဝယ်လူငယ်များက ဆုံးဖြတ်ခဲ့ပါသည်။

ဤ ပေး စာသည် နောင်တွင် ပြုစု ရေးသားမည့် ထားဝယ်ဒေသန္တရစကားစာတမ်း၏ နိဒါန်းသဘောဖြစ်ပါသည်။ ဤပေးစာကိုရေးရခြင်းမှာလည်း လူကြီးမင်း၏ ဒေသန္တရသုံး ဗမာစကား စာတမ်း (ကဗျာအကြောင်း၊စာအကြောင်း၊စာ-၄၃)တွင် 'ကျွန်တော်ရဲ့အထင်အမြင် အယူအဆတွေ ထဲမှာလည်း အမှားတွေရှိကောင်း တွေ့လိမ့်မယ်၊ အကယ်၍ အမှားတွေတွေ့ရှိရင်ကျေးဇူး ပြုပြင်ဆင် ပေးပါရန် မေတ္တာရပ်ခံပါတယ်'ဟုရေးသားဖိတ်ခေါ် ထားခြင်းကြောင့် ဖြစ်ပါသည်။မိချောင်းမင်း ရေခင်းပြ အရေး အသားမျိုးပါရှိသွားလျှင်လည်း ခွင့်လွှတ် စေလိုပါသည်။ ဤပေးစာ၏အဓိက အားပြုချက်မှာ လူကြီးမင်း၏ စာတမ်းနှင့်ဆောင်းပါးတွင် ယနေ့ထားဝယ်သားတို့ ပြောဆိုနေကြသည့် စကားနှင့် ကွဲလွဲမှုရှိသည့် အချက်များ၊ ထားဝယ်တို့ နား က ကြားရသည့် ထားဝယ် အသံများကိုလူကြီးမင်း လေ့လာ သုတေသန ဆက်လက်ပြုလုပ်နိုင်ရန် ဖြစ်ပါသည်။

လူကြီးမင်း၏ လေ့ လာ ချက် နှင့် တင် ပြ ချက်များကို အနည်းငယ် အကြံ ပေး လို သည် မှာ လည်း မြန်မာ ပ ညာရှင် များ ပင် ယ နေ့ အ ထိ လွဲမှားနေကြ သည့် အ ချက် များ ဖြစ် ပါ သည်။ မြန် မာ မဟုတ်သော ဂျပန်အမျိုးသားဖြစ် သည့် လူကြီး မင်းအနေဖြင့် မမှားနိုင်စရာ အကြောင်း မရှိပါ။ မြန်မာအမျိုးသား ပညာရှင်များနှင့် ပြည်ပမှ ပညာရှင်များသည် မိမိတို့နားမှကြားရသည့်အတိုင်း မှတ်တမ်းတင်လေ့ရှိပါသည်။ ယင်းသို့မှတ်တမ်းတင်သဖြင့် အမှား

တွေ့ကြရပါသည်။ ဤသို့ဆိုလျှင် ထားဝယ်သားတို့က မိမိတို့ပြောသော စကားများကို မှတ်တမ်းတင်သည့် အခါ၊ အမှားမတွေ့နိုင်ပြီလောဟု မေးလိုက မေးနိုင်ပါသည်။ အမှား တွေ့နိုင်ပါသည်ဟု ဖြေရပါမည်။ မှားလည်း မှားခဲ့ကြပါသည်။

ယင်းအမှားမှာ 'မြန်မာမှုအမှား' ဖြစ်ပါသည်။ အခြား မှားယွင်းချက်များရှိသော်လည်း အဓိကကျသောအမှားမှာ ဖော်ပြခဲ့သော 'မြန်မာမှုအမှား'သာ ဖြစ်ပါသည်။ ထားဝယ်စကားကို မြန်မာမှုပြုရန် ကြိုးစားရာမှ ဖြစ်ပေါ်လာခဲ့သော အမှား ဖြစ်ပါသည်။

မည်သို့ပင်ဆိုစေ မြန်မာပညာရှင်များနှင့် မြန်မာမဟုတ်သော ပညာရှင်များ မှတ်တမ်းတင်ခြင်းထက် ထားဝယ်သားများ မှတ်တမ်းတင်ခြင်းက ပိုမို တိကျမည်ဟု ယုံကြည် ပါသည်။ ယခုထက် ပိုမို တိကျရာမှာ ထားဝယ်သား ဘာသာဗေဒပညာရှင်မဟုတ်လျှင်ထားဝယ်စကားပြောတတ်သော မြန်မာဘာသာဗေဒပညာရှင် သို့မဟုတ် ထားဝယ်စကားကို လုံးစေ့ပတ်စေ့ နားလည်သော မြန်မာဘာသာ ဗေဒပညာရှင်များက သုတေသနပြု မှတ်တမ်းတင်ရန် လိုအပ်ပါသည်။ နိုင်ငံခြားသား ပညာရှင်များအတွက်မူ ထားဝယ်သားတို့၏ အကူအညီကိုရယူရန်လိုအပ်ပါသည်။ ယင်းတို့ဆိုရခြင်းမှာလည်း ယခုထက် ပိုမို တိကျရန်အတွက်ဖြစ်ပါသည်။ ဤအချက်နှင့်ပတ်သက်၍ နောင်တွင်ပြုစုမည့် ထားဝယ်ဒေသန္တရစကား စာတန်းတွင် အသေးစိတ်ဖော်ပြမည် ဖြစ်ပါသည်။

လူကြီးမင်းက'သေတ်သံကို ယောစကား နည်းတူ နသတ်သံနဲ့ အစားထိုးပြီး ရွတ်ဆိုပါတယ်' ဟု ဆိုထားပါသည်။ လူကြီးမင်း၏ အဆိုသည် ရာနှုန်းအတော်များများမှန်သော်လည်း ငသတ်သံကိုနသတ်သံဖြင့် မရွတ်ဆိုသည်လည်း ရှိပါသည်။ ပုံစံအားဖြင့် **'စင်'ကို'ဆင်''ဆင်'ကို'ဆင်'**ဟုသာ ပြောပါသည်။ ထိုနည်း အတူ **ရင်-ယင်** တို့ကိုလည်း နငယ်သတ်သံသို့ မပြောင်းပါ။ **ယှင်-ယာဉ်၊ယာဉ်**။အားလုံးကို ငသတ်သံအတိုင်းပင် ပြောပါသည်။

'လုံးကြီးတင်တဝမ်းပူသတ်နှင့် လုံးကြီးတင်ပစောင့် သတ်တို့ကို စလုံးသတ်သံနဲ့ ပြောပါတယ်'ဟု ဆိုထားပါသည်။ဤသို့ဆိုခြင်းမှာလဲ လူကြီးမင်း၏နားကြောင့် ဖြစ်မည်ထင်ပါသည်။ လူကြီးမင်းသည် ခရီးသွားတိုင်း တိတ်ရိကော်ဒါကို ယူဆောင်၍ သွားခဲ့သည်ဟု ဆိုပါသည် အကယ်၍ အသံသွင်းယူခဲ့သော ထားဝယ်စကားတခုတည်းကိုသာ အားမပြုဘဲ ထားဝယ်သားတဦးဦးကိုသာ စာဖြင့်ရေးပြပါဆိုလျှင် အောက်ပါအတိုင်း ရေးပြမည်ဖြစ်ပါသည်။

ဗမာ....လိပ်၊စိတ်၊ပိတ်၊ အိပ်၊ ဆိတ်၊

ထားဝယ်....လိ၊စိ၊ ပိ၊ အိ၊ ဆိ၊

ကဗျာအကြောင်း၊ စာ အကြောင်း စာမျက်နှာ ၅၆ တွင် ဖော်ပြထားသော **'လစ်၊ စစ်၊ မစ်၊ အစ်၊ ဆစ်'** စသည် စသတ်သံနှင့် မပြောကြပါ။မြန်မာတို့က **လိပ်**၊ ထားဝယ်က **လိ** ဟု ပြောပါသည်။ **လစ်** မဟုတ်ပါ၊ ဤသို့ မှတ်တမ်း တင်ရာတွင် နားသည် အဓိကဖြစ်ပါသည်။ မြန်မာက လိပ်ဟု ပြောပါသည်။ ထားဝယ်က လိဟု ပြောသည်။ ကြားသူက လစ်ဟု ကြားလျှင် လစ်ဟု မှတ်တမ်းတင်ပေမည်။ မြန်မာနှင့် ထားဝယ်တို့၏ နားကြားပုံခြင်း မတူသည်များလည်း ရှိပါသည်။ တောက်တဲ့ အော်သည်ကို မြန်မာတို့က **'တောက်တဲ့'**ဟုကြား၍ တောက်တဲ့ဟု အမည်ပေးပါသည်။ ထားဝယ် တို့က **'အောဒ့်'**ဟု ကြား၍ **အောဒ့်**ဟု အမည်ပေးထားပါသည်။ မြန်မာတို့က အော်သည့်အသံကို အစွဲပြု၍ **ဥဩ**ဟု အမည်ပေးပါသည်။ ထားဝယ်တို့က ဥဩငှက်ကို **တူရူး**ဟု ခေါ်ပါသည်။ ငှက်အော်သံမှာ **တူရူး** ပင် ဖြစ်ပါသည်။

အထက်ပါအတိုင်း **အိ** ကို **တ** သို့မဟုတ် **ပ** သတ်သော်လည်း **အိပ်၊အိတ်** ဖြစ်မလာပါ။ **အိ**အသံသာ ထွက်ပါသည်။ ယင်းသို့ ဆိုပြန်လျှင်လည်း ပြောင်းပြန်ဖြစ်စရာ ရှိပါသည်။ မြန်မာတို့၏ **အိတ်၊အိပ်** ကို ထားဝယ်တို့က **အိ** ပြောခြင်းမဟုတ်ပါ။ ထားဝယ် စကားတွင် **အိ** ကို **တ** သို့မဟုတ် **ပ** မသတ်ပါ။ ထားဝယ်တို့သည် ပုဂံခေတ်မှ ယနေ့ အထိ **အိ** ဟု ပင် ပြောခဲ့သည်ဟု မှတ်ယူသော် ယူကောင်း စရာ ရှိပါသည်။

ဆရာကြီး ဦးဖေမောင်တင်က သူ၏ ကျော်ကြားသော 'ထားဝယ် ဒေသန္တရ စကား' စာတန်းတွင်

အိတ်၊အိန် တို့၌ တသတ်သံ၊ န သတ်သံ ဖြုတ်ကာ **အိ၊အိ** အသံထွက်ကြသည်။ ထိုကြောင့် **အိတ်၊အိန်** တို့ကို **အိ၊လိပ်**ကို **လိ၊လိန့်**ကိုလိ၊ **သပိတ်ကို သမိ၊ အိမ်** ကို **အိ၊စိန်** ကို **စိ** ဟု အသံထွက်ပါသည်' ဟု ဖော်ပြခဲ့ပါသည်။ **အိတ်၊အိ** ပြဿနာနှင့်ပတ်သက်၍ ထားဝယ်တို့က အိမြဲ အိ ပါသည်။ မြန်မာတို့က အိတ်–အိပ်သွားကြသောကြောင့် ဖြစ်ပါသည်။ ယင်းအဆိုကို ပုဂံ ကျောက်စာများက သက်သေခံပါလိမ့်မည်။

လူကြီးမင်းက 'လုံးကြီးတင် နငယ်သတ်နှင့် လုံးကြီးတင် မသတ်တို့ကို ငသတ် အသံနဲ့ ရွတ်ဆို ပါတယ်' ဟု **ဘိန်း-ဘင်း၊ စိန်-စင်၊ ပိန်-ပင်**စသည်တို့ကို ဥပမာ ထုတ်ပြ ခဲ့ပါသည်။ ထားဝယ်တွင် နသတ်၊မသတ် အသံများ မရှိပါ။ မြန်မာတို့၏ လုံးကြီးတင် နငယ်သတ်နှင့် လုံးကြီးတင် မသတ် တို့ကို ထားဝယ်တို့က ငသတ်အသံဖြင့် မထွက်ပါ။ **ဘိန်း** ကို**ဘင်း**ဟုမပြောပါ။ **ဘီး**ဟုပြောပါသည်။ထိုကြောင့် လူကြီးမင်းတင်ပြခဲ့သော ဥပမာများကို ပြင်ဆင်ရေးသားရမည် ဖြစ်ပါသည်။ **ဘိန်း–ဘီး၊စိန်–စီ၊ပိန်–ပီ၊ မိန်းမ–မီးမ** ဟု ပြင်ဆင်ရေးသားရပါမည်။သို့သော် '**လိမ်း** ဟူသော စကားအတွက်ကိုမူ ထိုပုံစံ အတိုင်း ထားဝယ်က မသုံးပါ။ **လိမ်း**သည်ကို ရှူး သည်ဟု ပြောပါသည်။

'တချောင်းငင် တဝမ်းပူသတ်နှင့် တချောင်းငင် ပစောင့်သတ်တို့ကို တချောင်းငင် အသံသက်သက်နဲ့ အသံထွက်ပါတယ်၊ တချောင်းငင် အသံထက် ပို၍ ဝဆွဲ တဝမ်းပူသတ်သံနဲ့ နီးစပ်ပါတယ်'ဟု ဆိုထားပါသည်။ ဆိုလို သည်မှာ 'လုတ်' ကို 'လု'ဟု အသံထွက်ကြောင်း။ သို့ရာတွင် 'လွတ်'ဟူသော အသံဖက်သို့ နီးစပ်ကြောင်း တင်ပြလိုခြင်းဖြစ်သည်။လူကြီးမင်း၏ တင်ပြချက်မှာ မှန်ကန်ပါသည်။ တချောင်းငင် ငသတ် ထွက် သည်မှာ မှန် ပါသည်။ သို့ ရာ တွင် 'လွတ်'ဟူသောအသံဖက်သို့ နီးစပ်ကြောင်း တင်ပြလိုခြင်းဖြစ်သည်။ လူကြီးမင်း၏ တင်ပြချက်မှာ မှန်ကန်ပါသည်။ တချောင်းငင်အသံထွက်သည်မှာ မှန်ပါသည်။ သို့ရာတွင် စကားလုံးတိုင်း ဝဆွဲ တဝမ်းပူသတ်သံနှင့် မနီးစပ်ပါ။ လူကြီးမင်းက အချို့သော စကားလုံးကို သဝေထိုး ရေးချ ကကြီးသတ် အသံနှင့် ပြောပါသည်ဟု ဆိုပါသည်။ အချို့သော ဟုပြောသည်ထက် တသတ်-ပသတ်ကို ခွဲခြား ပြောဆိုလျှင် ပိုမိုတိကျပါမည်။ သို့ရာတွင်အားလုံးကို ပုံသေနည်း အဖြစ် မှတ်ယူ၍မရပါ။

ပုံစံအားဖြင့် **ခလုတ်** တွင် ပါသော **လုတ်** ကို ထားဝယ်တို့က လု ဟု ပြောပါသည်။ လုပ်ငန်းတွင်ပါသော လုပ် ကိုမူ **လောက်** ဟုပြောပါသည်။ သို့ရာတွင် **လက်ခုပ်** တွင်ပါသော ခုပ် ကို **ခေါက်** ဟုပြောသော်လည်း **ထင်းခုတ်** တွင်ပါသော **ခုတ်** ကို ခု ဟုမပြော **ခွတ်** ဟု ပြောပါသည်။ ဖော်ပြခဲ့သောခွတ်မှာ ဝဆွဲ တဝမ်းပူသတ်သံ စစ်စစ် ဖြစ်ပါသည်။ အဝတ် **စုတ်** တွင် **စု** ရေ **စုပ်** သည်တွင် **စောက်၊ ဆုတ်**ခွာ သည်တွင် **ဆု**၊ အ **ဆုပ်** တွင် **ဆောက်** ဖြစ်ပါသည်။ သို့ရာတွင် အသံ ကွဲလွဲပုံကို ပုံသေနည်းအားဖြင့် သတ်မှတ်ထား၍မရပါ။ ရာနှုန်းအတော်များများသည် တသတ်သံကို တချောင်း ငင်သံဖြင့် ရွတ်ဆို၍ ပသတ်သံကို သဝေထိုးရေးချ ကကြီးသတ်သံဖြင့်ရွတ်ဆိုပါသည်။ထားဝယ်တို့ကပြောင်းလဲရွတ်ဆိုသည့်သဘောမျိုးမဟုတ်ပါ။ရှေးကယနေ့အထိ ရွတ်ဆိုပြောလာကြပါသည်။

မြန်မာတို့က ပုပ် သည်ဟုပြောသည်ကို ထားဝယ်တို့က **ပေါက်** သည်ဟုပြောပါသည်။ **လက်နှင့်ပုတ်** သည်ဆိုသည့် အသုံးအနှုန်းကို ထားဝယ်က မသုံးသဖြင့် ပု ဟုဖြစ်မလာတော့ပါ။ **တသတ်–ပသတ်** မည်သည့် တုတ်–တုပ်ကိုမဆို ထားဝယ်က **တောက်** ဟုပြောပါသည်။

'တချောင်းငင်ငသတ်နှင့် တချောင်းငင်သေးသေးတင်တို့ကို ဝဆွဲနငယ်သတ်သံများနဲ့ ပြောပါတယ်'ဟု အဆိုပြုထားပါသည်။ ဥပမာအားဖြင့် **ပခုံး–ပခွန်း၊ ငုံး–ငွေ၊ ဇလုံ–ဇလွန်၊ ရှုံးတယ်–ရွှန်းတယ်** ဟု ပြဆိုထားပါသည်။ ထို့အပြင် 'စကားလုံးတချို့ကို သဝေထိုးရေးချ ငသတ်အသံနှင့်ဖလှယ်ပြီး ရွတ်ဆိုပါတယ်'ဟု ဆက်လက်အဆိုပြုထားပါတယ်။

ပထမအဆိုမှား၍ ဒုတိယ အဆိုမှာ မှန်ပါသည်။ ဝဆွဲနငယ်သတ်အသံ **ခုံး–ခွန်း**ဟု မပြောပါ။ သဝေထိုး ရေးချ ငသတ်အသံနှင့် ပြောပါသည်။ ပုံစံအား

ဖြင့် **နုံး** ကို **ခေါင်း** ဟု ပြောပါသည်။ ထားဝယ်တို့က တချောင်းငင်နသတ်နှင့် တချောင်းငင် ဧသးသေးတင်ကို ခွဲခြား၍ ပြောပါသည်။

ကုန်း–ကူး၊ ကုံး–ကောင်း ဖြစ်ပါသည်။ ပုန်း–ပူး ပုံး–ပေါင်း ဖြစ်ပါသည်။ ဤမှတ်သားနည်းမှာ ရာနှုန်းအတော်များများ မှန်ကန်ပါသည်။ ကွဲကွဲသည့် ပုံစံအားဖြင့် **ရှေးထုံး၊ထုံးစံ၊** စသည်တို့ကို **ထောင်း** ဟုပြောပြီး စားသည့်**ထုံး**ကို**ထူး**ဟု ပြောပါသည်။ **အုန်း–အုံး** တို့ကို **အောင်း** ဟု ပြောပါသည်။

လူကြီးမင်းက 'ရရစ်အသံအစား လဆွဲအသံကို သုံးစွဲပြောဆိုပါတယ်' ဟု အဆိုပြုထား ပြန်ပါသည်။ လဆွဲအသံမှာ ထားဝယ်စကားတွင် အရေးကြီးသော အပိုင်းဖြစ်ပါသည်။ ယင်းလဆွဲအတွက် ပုံစံများထုတ်ရန် လိုပါသည်။ **ကြာ–ကြား–ကြိုး–ကြို–ခြ** စသည့် စကားလုံးများ လဆွဲမပါပါ။ **ပြာ–ပြား–ဖြို–ဖြူး** စသည်တို့ လဆွဲပါပါသည်။ဤသို့ဆိုလျှင် ရရစ်အသံအစား လဆွဲကို သုံးစွဲပြောဆိုသည်ဆိုခြင်းမှာ ရာနှုန်းပြည့် မမှန်နိုင်ပါ။

'ယပင့်ကို ရရိုင်၊ အင်း သား၊ တောင်ရိုးနည်းတူ လဆွဲနဲ့ရွတ်ပါသည်' ဆိုသည့် လူကြီးမင်း၏ အဆိုအမိန့်အတွက် အထက်ပါ အတိုင်း ပင် ပုံစံထုတ်ပြရပါမည်။ **ကျား–ကြီး–ကျီး–ကျ** စသည်တို့ လဆွဲပါသည်။ **ကျေး–ကျွေး–ကျင့်–ကျန်** စသည်တို့မှာ လဆွဲမပါပါ။ လဆွဲကိစ္စမှာ ပုံသေနည်းဆွဲယူရန်ခက်ခဲပါသည်။ ရရစ်အချို့တွင် လဆွဲကဲ့သို့ ယပင့်တွင်လည်း လဆွဲပါသည်။

'မရရစ်သံတချို့ကို ဗထက်ချိုင့်ရရစ်အသံနှင့် ရွတ်ဆိုပါတယ်၊ ဒီလိုအပြောင်းအလဲကို တခြားဒေသသုံးစကားထဲမှာ မတွေ့ရပါ။ ထားဝယ် စကားရဲ့ ထူးခြားချက်တရပ်ဖြစ်တယ်လို့ ဆိုရပါမယ်' ဟု လူကြီးမင်းကပြောပြထားချက်မှာ မှန်ကန်ပါသည်။ အချို့သော ရရစ်အသံတို့ကိုဗထက်ချိုင့် ရရစ်သံဖြင့် ပြောပါသည်။ **မြစ်–မြင်–မြင်း** ကို ဗြစ်–ဗြင်–ဗြင်း ဟု ပြောပါသည်။

လူကြီးမင်း၏ ကျန်ရှိနေသေးသော အဆိုပြုချက်၊ တင်ပြချက်များမှာ လက်ခံနိုင်လောက်ပါသည်။သို့ရာတွင် ပုံသေနည်းကိုအသုံးပြု၍ မြန်မာစကားမှ ထားဝယ်စကားသို့ ဖြစ်တန်ကောင်း၏ဟု အထင်ဖြင့် ပြောင်းလဲ မရပါ။ ယင်းသို့ပြောင်းလဲသဖြင့် အမှားတွေ့နိုင်ပါသည်။ လူကြီးမင်း၏ စာတန်းတွင် ဖော်ပြခဲ့သည့် ဆိတ်ဟူသော စကားလုံးကို မြန်မာတို့သာ အသုံးများပါသည်။မြန်မာစကားကို ထားဝယ်စကားသို့ ပုံသေနည်းအရ ပြောင်းလျှင် (ဆိ) ရပါမည်။ သို့သော် ဆိတ်ကို ထားဝယ်တို့က **ဆဲ့** ဟု ခေါ်ပါသည်။ ယင်းသို့ ပုံသေနည်း (ရကောက် ဝဆွဲကို ရကောက်မြှပ်ပြီး ရွတ်သည်) ကို အသုံးပြု၍ ပုရွက်ဆိတ်ကို ဝင်ဆစ်ဟုမှတ်တမ်းတင်လျှင် မှားမည်ဖြစ်ပါသည်။ ပုရွက်ဆိတ်ဟူသော အသုံးအနှုန်း ထားဝယ်တွင် မရှိသောကြောင့် ဖြစ်ပါသည်။ **ပုရွက်ဆိတ်** ကို ထားဝယ် သားတို့ က **ပိုးဒတ်သား** ဟု ခေါ်ပါသည်။

ဤပေးစာတွင် ဥပမာများကို အကျယ်မပြသာပါ။ အသေးစိတ်လည်း မပြသာပါ။ နောင်တွင် ပြုစုမည့် စာတန်းတွင်သာ အသေးစိတ် ဖော်ပြမည် ဖြစ်ပါသည်။ ယခု ထားဝယ်သားတို့ ပြောနေကြသော စကားများနှင့် ကွဲလွဲသော အချက်များကို တင်ပြပြီးဖြစ်ပါသည်။ ယင်းသို့ကွဲလွဲသဖြင့်'ဒေသန္တရသုံးဗမာစကား၏ ပထဝီအနေအထား'ဆောင်းပါးကိုလည်း ပြင်ဆင်ရန် လိုအပ်မည် ဖြစ်ပါသည်။

ကွဲလွဲချက်များ ဖော်ပြရာ၌ လူကြီးမင်း ကဲ့သို့ပင် မြို့ပေါ်က ထားဝယ်သံကိုပင် အခြေခံထားပါသည်။ ထို့ကြောင့် မြို့ပေါ်က ထားဝယ်အသံကိုသာ သုတေသနမပြုဘဲ ကျေးလက်ထားဝယ်စကားများကိုပါ လေ့လာ၍ အကျိုးရှိသောစာတန်းများ ရေးသားပါဦးဟု လူကြီးမင်းအား ပန်ကြားလိုပါသည်။

ထားဝယ်သို့ လာရောက်လေ့လာဦးမည် ဆိုပါက ဤစာရေးသူ အပါအဝင် ထားဝယ် လူငယ်များက ထားဝယ်စကားအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ လူကြီးမင်းအား ကူညီမည် ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

လေးစားစွာဖြင့်....

တက္ကသိုလ်မောင်ယဉ်ကျေး★

ထားဝယ်သူခင်ဖြူမ  ရွှေဝယ်တောင်ဖလေး

ထားဝယ်မှ ဆင်ဖြူတော်

ကောဇာ သက္ကရာဇ် ၁၂၁၅ ခုနှစ် (ခရစ်သက္ကရာဇ် ၁၈၅၃) တွင် စိုးစံသော မန္တလေးရတနာပုံ နေပြည်တော် ဘုရင် မင်းတုန်းမင်းကြီးအား ထားဝယ် ခရိုင် သရက်ချောင်းမြို့မှဖမ်းဆီးရမိသောဆင်ဖြူတော်တစီးကို သွားရောက်ဆက်သဘူးလေသည်။ သွားရောက်ဆက်သသောဦးမြတ်ရေးအားဆုလာဘ်များပေးပြီး နေမျိုး သိဒ္ဓိကျော်ခေါင်ဟူသောဘွဲ့ ရွှေနဖူးစီးကိုလည်း ချီးမြှင့်လေသည်။ ဦးမြတ်ရေး နှင့် အတူ ပါသွားသော လူပေါင်း ၃၀ ကိုလည်း ထိုက်သင့်သော ဆုများအသီးသီးချီးမြှင့်လေသည်။ ဤသို့ထားဝယ်မှဆင်ဖြူတော် ဆက်သဘူးခြင်းသည် ထားဝယ် အတွက် ဂုဏ်တင့်ဘွယ်အကြောင်းတရပ်ပင် ဖြစ်လေသည်။

(ထားဝယ်ကျော်မင်း၏ယဉ်ကျေးမှု အမြုတေ၊ စာ–၂၀၉)

မန္တလေးရတနာပုံ နေပြည်တော် မြို့တည်နန်းတည်ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးအား ထားဝယ်မှ ဆင်ဖြူတော် ဆက်သသည့် အကြောင်းကို အထက်ပါအတိုင်းရေးသားမှတ်တမ်းတင်ခဲ့ပါသည်။ ထားဝယ်ကျော်မင်းမှာ ထားဝယ်မြို့တည်စာတန်းကို ရေးသားပြုစုသူ နှင့် ထားဝယ် နှစ် ၂၀၀ ပြည့် ပွဲတော်ကို ဦးဆောင်ကျင်းပခဲ့သူဖြစ်ပါသည်။

ထားဝယ်ကျော်မင်းသာလျှင်မဟုတ် ဆင်ဖြူဆက်သစဉ်က မင်းတုန်း မင်းတရားထံတွင် ခစားလျက်ရှိသော ကဗျာဆရာ အကျော်အမော် အချုပ်တန်းဆရာဖေလည်း ကဗျာရေးစပ်ကာ မှတ်တမ်း တင်ခဲ့ပေသည်။ အချုပ်တန်းဆရာဖေသည် ၈၀ ပေါ်တေးထပ်ဖြင့်အောက်ပါအတိုင်း မှတ်တမ်းတင်ခဲ့ပါသည်။

တထောင့်နှစ်ရာ ကောဇာလှစ်၊ သုံးဆယ့်သုံးနှစ်ပြကွဒိန်၊ လူမင်းကေရာဇ် ဂယက် ရှိန်သည်၊ အထက် ဝတိန် ဇမ္ဗူဒွီပ မှူး၊ လဆောင်း မာသ၊ ခညောင်းလာရ မလောင်းနာဂ ငွေဆဒ္ဒလို၊ ဆွေနတ်တမန်ဆက်သွင်းလာချက်ထူး၊ ဒဝယ်တိုင်းက၊ အနွယ်တိုင်းပ၊ ဘယ်သမိုင်းမှ ခံ့ရာဇာလို၊ အတုပမာမကြုံဘူး၊ ဂဇာ့ကညာပဏ္ဍာမှူးနှင့်၊ ကမ္ဘာထူးလို့ရှိဦးလုံ့ စပါးဆန်ရေရွှေငွေလျှံဘုန်း၊ သပြေမြန်လုံးမသုံးနိုင်ဘို့၊ မန်းမြို့မန်းရွှေဘုံ၊ ပြောင်နဝရတ္တာ၊အခေါင်ဆဒ္ဒအရောင်လျှပ်ကြွ ခြောက်ပါးစုံသည်၊ အသားတပုံ ပန်းရောင်နုသို့ ပုလဲ မျက်ရှုစက္ခုအညီ၊ အမွေးငွေအပ်စီ၊ ဒေါင်း နေ လျှံခ၊ သောင်းမြေမန္တလ၊ လောင်းဝေသန္တရ ပါရမီလို၊ ကာသစာရီဆင်မျိုးပေပလေး။

(ကဗျာ့သင်္ဂဟမေဒနီ)

အထက်ပါ ၈၀ ပေါ် တေးထပ်အရ ၁၂၃၃ ခုနှစ်တွင် ဆက်သသည်ဟု မှတ်သားရပါသည်။ အချုပ်တန်းဆရာဖေကတေးထပ်ဖြင့် မှတ်တမ်းတင် သကဲ့သို့ သတင်းစာကလည်း သမိုင်းကိုပြောရန် သတင်းမှတ်တမ်းတင်ကြသည်။ အချုပ်တန်း ဆရာဖေ၏ တေးထပ်အရ ၁၂၃၃ ခုနှစ်တွင် ဆက်သသည် ဆိုသော်လည်းရန်ကုန်မြို့မှထုတ်ဝေသည့် 'မြန်မာ့သံတော်ဆင့်သတင်းစာ' ၁၂၃၆ ခုနှစ် ဝါခေါင် လဆန်း ၁၀ရက်နေ့ထုတ် တွင်မှ "မန္တလေးရွှေမြို့တော်သတင်း" ဟု အောက်ပါအတိုင်း ရေးသားဖော်ပြ ခဲ့ပါသည်။

မန္တလေး ရွှေမြို့တော် သတင်း

အစီရင် ခံလိုက် ပါသည်။ ရန်ကုန်မြို့ မြန် မာ့သံတော်ဆင့် သတင်းစာဆရာ ခင်ဗျား။

ကျွန်တော်တို့ မန္တလေး ရွှေမြို့တော် တွင်

F

ထားဝယ်မြို့ ဦးရွှေပြားတို့ကဆက်သသည့် ဆင်ဖြူတော် ရှိပါသည်။ ထိုဆင်ဖြူတော်လည်း ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်နေ့မှ ရွှေမြို့တော်သို့ ကောင်းမွန်စွာ ဆိုက်ရောက်လာပါသည်။

(လူထု ဦးလှ၏ သတင်းစာများသည် သမိုင်းကို ပြောနေကြသည်။ စာ-၂၅၃)

ထားဝယ်ကျော်မင်းက ဆင်ဖြူဆက်သူမှာ ဦးမြတ်ရေး၊ မြန်မာ့သံတော်ဆင့်သတင်းစာကမူ ဦးရွှေပြားဟု ဖော်ပြခဲ့ပါသည်။ အချုပ်တန်း ဆရာဖေ အဆို အရ ၁၂၃၃ ခုနှစ်၊ မြန်မာ့ သံတော်ဆင့် သတင်းစာက ၁၂၃၆ခုနှစ်ဟုဖော်ပြခဲ့ပါသည်။အချုပ်တန်းဆရာဖေက မည်သူဆက်သသည်ဟု ဖော်ပြခြင်းမပြုခဲ့ချေ။

၁၂၃၆ခု၊ တော်သလင်းလဆန်း ၉ရက်နေ့ထုတ် မြန်မာ့သံတော်ဆင့်သတင်းစာတွင် ပါသော နောက်သတင်းတပုဒ်က ဆင်ဖြူမ ဆက်သွင်းသည့် သတင်းကိုအခိုင်အမာ ပြဆိုထားပါသည်။

ဒူရကတိုင်း၊ ထားဝယ် မြို့နယ်နေ ဦးရွှေပြားသည် ၁၂၃၆ ခု နှစ် ဝါခေါင် လပြည့် ကျော် ၁ရက်သောကြာနေ့တွင် အဆက်အသရွှေဘဝါးတော်မြတ်အောက် ရောက်လာ သော ဆင်ဖြူရတနာတော်ကို ရွှေနန်းတော်သို့ သွင်းစေ အမိန့်တော်မြတ်ရှိတော်မူသည့်အတိုင်း–

(သတင်းစာများသည် သမိုင်းကို ပြောနေကြသည်၊ စာ-၃၄၁)

အထက်ပါမြန်မာသံတော်ဆင့်သတင်းစာ၏ အဆိုအရ ၁၂၃၆ ခု၊ ဝါခေါင် လပြည့်ကျော် ၁ ရက်သောကြာနေ့တွင် ရွှေ နန်း တော်သို့ သွင်း ကြောင်း မှတ်သား ရပါသည်။

သို့ရာတွင် ထားဝယ်မြို့ ကညံ့ရပ် မြေတိုက်ဘုန်းတော်ကြီးကျောင်း၌တွေ့ရသော ပုရပိုက်မှတ်တမ်းအရ မင်းတုန်းမင်းကြီးအား ဆက်သသော ဆင်ဖြူမသည် ၁၂၂၆ခုနှစ်တွင် မွေးဖွားကြောင်းနှင့် ၁၂၂၈ ခုနှစ် ၂နှစ်သမီး အရွယ်တွင် မူလပိုင်ရှင်ထံမှ ဦးရွှေခိုင်နှင့် ဦးမြတ်ဖော်တို့က ဝယ်ယူ ဆက်သခဲ့ကြောင်း သိရှိရပါသည်။

ယင်းပုရပိုက်တွင်ပင် '၁၂၃၃ ခုနှစ်သီတင်းကျွတ်လဆန်း၆ရက် အင်္ဂါနေ့နံနက်ဆင်ရှင် မောင်မြတ်ဖော်နှင့်လူပေါင်း၃၅တို့သည် ဆင်ဖြူမ သားအမိကို ပိန်းရှောင်ရွာမှ သယ်ယူ သွားသည်' ဟုပါရှိရာ ရေဖြူမြို့နယ် ပိန်းရှောင်ရွာမှ ၁၂၃၃ ခုနှစ်၊ သီတင်းကျွတ်လ ဆန်း ၆ ရက် နေ့ တွင် ယူ ဆောင် သွား သော ဆင်ဖြူမသည်မန္တလေး နေပြည်တော်သို့ ၃နှစ်ကြာမှ ရောက်ရှိသည်မှာ မဖြစ်နိုင်ပါ။ ၆လထက် ပိုမကြာနိုင်ဟု ယူဆပါသည်။

ဆင်ဖြူမကို ထားဝယ် ခရိုင် သရက်ချောင်း မြို့မှ ရသည်ဆိုသည့်အဆိုနှင့် ရေဖြူမြို့နယ် ပိန်းရှောင်ရွာမှ ရသည်ဆိုသည့်အဆိုနှစ်ရပ်ကွဲလွဲနေပါသည်။ သရက်ချောင်းသည်ထားဝယ်၏ တောင်ဖက်တွင်ရှိ၍ ရေဖြူမြို့သည် ထားဝယ်မြို့၏ မြောက်ဖက်တွင် ရှိပါသည်။

ဆင်ဖြူမကို ယူဆောင်မသွားမီ ၁၂၃၃ ခုနှစ် သီတင်းကျွတ် လဆန်း ၆ ရက်နေ့တွင် ထားဝယ်မှ ထွက်ခွာလာမည် ဖြစ်ကြောင်း မန္တလေး ရတနာပုံ နေပြည်တော်သို့ အောက်ပါ တင်လွှာကို ကြိုတင်ရေးသား ဆက်သွင်း ပါသည်။

ထားဝယ်မြို့သား ဘုရား ကျွန်တော် ငရွှေခိုင် ငမြတ်ဖော်တို့ရှိခိုးအသနားတော်ခံ လျှောက်ထားပါသည် ထိပ်ခေါင်တင် အရှင်ဘုရား–။ ဘုရားကျွန်တော်များသည် အခြား မဟုတ်ပါ။ ခမည်းတော်ဘုရား လက်ထက် တော်၌ ရွှေနန်းတော်သို့ ပင့်တော်မူ၍နေ့စဉ်မပြတ်လုပ်ကျွေးမွေးမြူ ကိုးကွယ်ပြုစုတော်မူသော ပထမပြန်ဆရာ ကျောင်းတကာအရင်းဖြစ်၍ ထိပ်ခေါင်တင်အရှင် ကျွန်တော်ရင်းဖြစ်ပါသည်။ ဓါးဝယ်မြို့ကျေးရွာမှာ အရှင်သခင်နှင့်သာထိုက်လျော်သောရတနာမော် ရတနာမြတ်ဆက်ရန် ပဏ္ဏာအထူး ဖြစ်ဘူးသည်ဟု ဘိုးဘေးအစဉ်အဆက်မှဆင်းသက်စကား ကြားဘူးမြင်ဘူးရသည်မရှိပါ။ ယခု ဘုရား ရွှေ လက် ထက် တော်၌သာ ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ဘဝရှင် မင်းတရားကြီး ဘု ရား ထိပ် ခေါင် တင် အရှင် ကြီးဘုရား။ နှစ် ပါး သော ဘုန်း တော် ကံတော်တိုက်တွန်းတော်မူသောကြောင့် ဓါးဝယ်မြို့ကျေးရွာ ထိပ်ခေါင်တင် အရှင် ကျွန်တော်ရင်း

ဖြစ်သောဘုရား ကျွန်တော်ငရွှေခိုင်၊ ငမြတ်ဖော်တို့လက်တွင် အရှင်သခင် နှစ်ပါး နှင့် သာ ထိုက်လျောက်သော ရှင်ဖြူရတနာ ဆက်သရန် ပဏ္ဏာအထူး မဖြစ်ဘူး အမြဲ၊ အံ့ဘွယ်သရဲ ဖြစ်ပါသောကြောင့် ထိပ်ခေါင်တင် အရှင်ဘုရား အမိန့်တော်ရှိရာ လိုက်နာလိုပါသည် ဖြစ်၍ သူရားကျွန်တော်ဆင်ရှင် ငရွှေခိုင် သားမယားတစုတို့ ပထမပြန်ဆရာတကာကြီးမောင်ခွေးဖြူနှင့်တကွ ၁၂၃၃– ခုနှစ် တော် သ လင်း လ ပြည့် ကျော် အ တွင်းမိုးသဘော်အလာတွင်ဓါးဝယ်မြို့မှ ထိပ်ခေါင်တင် အရှင် ထံ တော် သို့ ဆန် တက် လာ ပါမည့် အကြောင်း'ဆက်သရန် ဆင်ဖြူ ရတနာ ကိုလည်း ဘုရားကျွန်တော် ဆင်ရှင် ငမြတ်ဖော်နှင့် တကွ လူအပေါင်းခြောက်ကျိပ်ကျော် ကြပ်မ၍ ဓါးဝယ်မြို့မှ ၁၂၃၃ခုနှစ် သီတင်းကျွတ် လဆန်း ၆ ရက်နေ့ ကုန်းကြောင်း ခရီး ထွက် လာ ပါမည် အကြောင်း၊ ခရီး လမ်း တာ ဝေး ကွာသည် ဖြစ်၍ ဆင်ဖြူရတနာ၌ တစုံတခုသော ဘေးအန္တရာယ် မတွေ့ယ်မငြိရအောင် အထိန်းအစောင့်အရှောက် အကြိုအပို့ လိုပါကြောင်း များကို ရှိခိုး အသနားတော်ခံ လျှောက်ထား ပါသည်။ ထိပ်ခေါင်တင် အရှင် ဘုရား။

အထက်ပါ တင်လျှာအရ ထားဝယ်မြို့မှ ၁၂၃၃ ခုနှစ် သီတင်းကျွတ် လဆန်း၆ရက်နေ့တွင် ထွက်ခွာ၍ သွားရောက်ဆက်သသူမှာ ဦးမြတ်ဖော် ဖြစ်ကြောင်း မှတ်သား ရပါသည်။

ထားဝယ်မှဆက်သသည့် ဆင်ဖြူတော်သတင်းကို ရန်ကုန်မြို့မှ ထုတ်ဝေသည့် 'မြန်မာသတင်းစာ' တွင် ဖော်ပြ ထားပြန် ပါ သည်။ ယင်း သ တင်း စာ မှာ ၁၂၃၄ခုနှစ် ဒုတိယ ဝါဆိုလဆန်း ၇ရက် နေ့ထုတ် ဖြစ်၍ တောင်တွင်း၊ ရမည်းသင်းက ဆင်ဖြူဆက်သသည့်သတင်းဖြစ်ပါသည်။

ဆင်ဖြူတော်သတင်း

အထက် ရေးပေး လိုက်သော ဆင်ဖြူတော်ကလေး ကို သွား၍ကြည့်ရာ ဆင်ဖြူ တော် အရပ်နှစ်တောင်ခန့်၊ သုံးပေခန့် ရှိသည်။ ဦးကင်းမွေး၊ ကျောကုန်းမွေး၊ မေးအောက် ရင်ဘတ် မွေး များသည် ငွေရောင်ကဲ့သို့ ဖြူပါသည်။ မျက်လုံး များလည်းလှပါသည်။ အသားအရေမှာ ယခုဆင်ဖြူတော်သည် ထား ဝယ် ဆက် သော ဆင် ဖြူ မလောက် မရှိပါ၊ အနားတွင် ကြည့်နေ ကြသော သူများကို မေးမြန်းရာ ထားဝယ်က ဆက်လာရောက်လာသောဆင်ဖြူမထက် ယခုဆင်ဖြူတော် မကလေးကကြန်အင် လက္ခဏာ ကောင်းသည်ဟု ပြောပြကြပါသည်။

(သတင်းစာ များသည် သမိုင်းကို
ပြော နေ ကြ သည်။ စာ–၂၀၆)

အထက်ပါသတင်းအရ၁၂၃၄ခုနှစ်တွင် မန္တလေး နေပြည်တော်သို့ ထားဝယ်သူ ဆင်ဖြူမ ရောက်ရှိနေသည်မှာ သေချာပါသည်။ ထိုကြောင့် တောင်တွင်း ရမည်းသင်းက ဆက်သော ဆင်ဖြူမ နှင့် ထားဝယ်ဖက်က ဆက်သောဆင်ဖြူမကို နှိုင်းယှဉ် ဖော်ပြ ထားခြင်းဖြစ်ပေ လိမ့်မည်။

သို့သော် ဆင်ဖြူမဆက်သသော ဦးရွှေပြားအား 'ဒင်္ဂါးသုံးထောင်နှင့် ပုဆိုး၊ ခေါင်းပေါင်းအုပ်၊ ပိတ်အုပ်၊ ပုဝါအုပ်များ၊ သားမယားနှင့်တကွ'ဆုလာဘ် ချတော်မူလေသည်။ နေမျိုး သိဒ္ဓိ ကျော် ခေါင် ဟူ သောဘွဲ့ ရွှေနဖူးစည်းကို ချီးမြှင့်သည်ဟု မြန်မာ့သံတော်ဆင့် သတင်းစာက ဖော်ပြထား ခြင်းမရှိ။

ထားဝယ် ယဉ်ကျေးမှု နှင့် ရာဇဝင် သုတေသီ ထားဝယ် ကျော်မင်းက အမျိုးသား စာပေ ဆုရ 'ထားဝယ်ယဉ်ကျေးမှုအမြုတေ' စာအုပ်တွင်မူ ဆင်ဖြူဆက်သသူအား ချီးမြှင့် ခဲ့သည်ဆိုသည့် နေမျိုးသိဒ္ဓိကျော်ခေါင်ရွှေနဖူးစည်းကို ဓာတ်ပုံ ရိုက်ယူ၍ တင်ပြခဲ့သည်။ သို့သော် ယင်း ရွှေနဖူးစည်းကဲ့သို့ ဘုရင်မင်းမြတ်ချီးမြှင့်ခဲ့သည့်ဆုလာဘ်များ ထားဝယ်နယ်၌ အလွန် ပေါပါသည်။

မြန်မာပြည်အထက်ပိုင်းကို မြန်မာဘုရင် အုပ်စိုး၍ မြန်မာပြည်အောက်ပိုင်းကိုအင်္ဂလိပ်များ အုပ်စိုးစဉ်က နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူများ ရှိခဲ့ပါသည်။ မြန်မာပြည်အောက်ပိုင်းရှိ ထားဝယ်တွင်လည်း လာရောက် ခိုလှုံကြသူများရှိပါလိမ့်မည်။ ယင်းပုဂ္ဂိုလ်များထံတွင်

အမျိုးသားစာပေ စည်ပင်ကြွယ်ဝရေး နှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အင်အားဖြည့်ပေးမည့်

ထားဝယ်မဂ္ဂဇင်းအမှတ်(၂)ထွက်ဦးမည်

သုတေသနစာတမ်းများ	ဆောင်းပါးများ
ကဗျာများ	ဝတ္ထုများ
ပြဇာတ်များ	စာညွန့်များ

ပေးပို့ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

ထားဝယ်မဂ္ဂဇင်း ကော်မီတီ
မြို့နယ်ပါတီယူနစ်ရုံး အဆောက်အဦ
ထားဝယ်မြို့။

ရွှေနဖူးစည်းများ အတော်များများ ပါရှိလာသည်ဟု ယူဆနိုင်ဖွယ်ရာလည်း ရှိပါသည်။

သတင်းစာများဖြင့် သမိုင်းကို ပြောပြရာတွင် မူလသတင်းစာများကပင် မှားယွင်း၍ လော မပြောတတ်ပါ။ မြန်မာ သံတော်ဆင့် သတင်းစာ နှင့် မြန်မာ သတင်းစာတို့ ဖော်ပြ ချက် များမှာ တခုနှင့် တခု ပြောင်းပြန်ဖြစ်နေပါသည်။ ဆက်သသည့် သက္ကရာဇ် များ ကွဲလွဲလျက် ရှိပါသည်။ သမိုင်းကို ပြော သော သတင်းစာသည်ပင် သမိုင်းကိုမပြောနိုင်ဘဲ ရှုပ်ထွေး သွားရ ပါသည်။

အချုပ်တန်းဆရာဖေ၏ ၈ ဝ ပေါ် တေးထပ် မှာ ပညာအုပ်မင်းဦးလွင် စုဆောင်းသော ကဗျာသင်္ဂဟ မေဒနီကျမ်းကဗျာများအထဲမှ တပုဒ်ဖြစ်ပါသည်။

ထားဝယ်မြို့၊ ကညွှံ့ရပ် မြေတိုက် ဘုန်းတော်ကြီး ကျောင်းတွင်ရှိသောပေပုရပိုက် များလည်း ခေတ်ပြိုင် မှတ်တမ်းဘခု ဖြစ်နေပါသည်။

အားလုံးကို ပေါင်းခြုံ ကြည့်လိုက်သော် ဆင်ဖြူ မွေးသောနေရာ သို့မဟုတ် ဆင်ဖြူ ဖမ်းဆီးရမိသော နေရာသည် ရေဖြူ မြို့နယ် ပိန်းရှောင်ရွာ သို့မဟုတ် ထားဝယ်ခရိုင် သရက်ချောင်းမြို့ဟူ၍ နှစ်ဌာနဖြစ်နေပါသည်။ ဆင်ဖြူ ဆက်သသူမှာ ဦးရွှေခိုင်၊ ဦးမြတ်ဖော် သို့မဟုတ် ဦးမြတ်ရေးသို့မဟုတ် ဦးရွှေပြားဟူ၍ သုံးမျိုးကွဲပြား နေပါ သည်။ ဆင်ဖြူ ဆက်သ သော ခုနှစ်သည်လည်း၁၂၃၃ခုနှစ် သို့မဟုတ်၁၂၃၆ခုနှစ် ဟူ၍ မှတ်တမ်းနှစ်ခုတွင် တွေ့ရှိရပါသည်။

ထိုသို့အမှတ်အသား ကွဲပြားမှု များကြောင့် ထားဝယ်သူ ဆင်ဖြူမ အကြောင်း ကိုလည်း ပုဂံရာဇဝင်ကဲ့သို့ တုတ်ထမ်းပြောရမလို ဖြစ်နေ ပါသည်။

★ ရွှေဝယ်တင်လေး

မယ်စယ်ဘော်ရနီ

မောင်မှောင်း

မြန်မာတို့က မေဂျာ ဟင်နရီဘာနေး[၁] အားမယ်စယ်ဘော်ရနီဟု ခေါ်သည်။ ထားဝယ်တို့ကကပ္ပတိန်ဗာနီ[၂]ဟု ခေါ်သည်။

မြန်မာတို့၏ အင်းဝတွင် ဗြိတိသျှအစိုးရ၏ အရေးပိုင် ကိုယ်စားလှယ်တော် မယ်စယ်ဘော်ရနီ အဖြစ် မဆောင်ရွက်မီ ထားဝယ်မြို့တွင် ပထမဆုံး ထားဝယ်ခရိုင်ဝန်အဖြစ် အမှုထမ်းခဲ့သည်။ အင်းဝတွင် အမှုထမ်းစဉ် အမှုထမ်းကောင်းဆု အဖြစ် မြန်မာဘုရင်ဘကြီးတော်က မဟာဇေယျရာဇ အနော်ရထာဘွဲ့ကို ချီးမြှင့်ခဲ့သည်။

မြန်မာ့ သမိုင်းတွင် မေဂျာဗာနေး သည် ဗြိတိသျှအစိုးရ၏ အရေးပိုင်ကိုယ်စားလှယ်တော်အဖြစ်မြန်မာနိုင်ငံ အင်းဝနေပြည်တော်သို့ ခန့်ထား စေလွှတ်ခြင်းခံရသူဖြစ်သည်။

၁၈၂၆ ခုနှစ်တွင် ချုပ်ဆိုသော ရန္တပိုစာချုပ်အပိုဒ်(၇)တွင် ပြည်ကြီးနှစ်ပြည် ယခု ဖွဲ့သောမိတ်သဟာရမြဲစေခြင်းငှာ၊ အင်္ဂလိပ်မင်းခန့်ထားသော အရာရှိတယောက်။ အခြွေအရံလူငါးဆယ်လက်နက်ကရိယာအစုံနှင့် မြန်မာမြို့တော်မှာ နေစေ၊ မြန်မာမင်းခန့်ထားသော အရေးပိုင် အရာရှိတယောက် အခြွေအရံလူငါးဆယ် လက်နက်ကရိယာအစုံ နှင့် ကုလားပြည်မှာ နေစေ။ ကုလားပြည်မှာနေသော မြန်မာမင်း မြန်မာပြည်မှာ နေသော ကုလားမင်းတို့ သည် မိမိတို့ နေရာ သို့အတော်အသင့် တိုက်အိမ်ကိုဝယ်လိုလျှင် ဝယ်၍နေစေ။ အသစ်တည်လုပ်လိုလျှင် တည်လုပ်စေ။ ၎င်းနှစ်နိုင်ငံနှစ်ပါး အကျိုး စီးပွားကို ဖြစ်ထွန်းစေခြင်းငှာ ရွှေလမ်း ငွေလမ်း ဖွင့်၍ အခြင်းခြင်း ဖောက်ကား ရောင်းဝယ်ခြင်း။ အမှု အရေးနှင့်ဆိုင်သော စာချုပ်ကို ထပ်၍လုပ်စေရမည်။ ဟူ၍ ဖော်ပြ ပါရှိသည်။

ဖော်ပြပါအပိုဒ် ၇ အရ အင်းဝ နေပြည်တော်၌ အင်္ဂလိပ် ကိုယ်စားလှယ်တဦး ခန့်ထားရန် လိုအပ်လျက်ရှိရာ ဗြိတိသျှ အစိုးရကိုယ်စား အိန္ဒိယ ဘုရင်ခံချုပ်လော့ဘင်းတင်က ၁၈၂၉ ခုနှစ် မေဂျဗာနေးအား အင်းဝနေပြည်တော်တွင် အမြဲတန်း အရေးပိုင်ကိုယ်စားလှယ်တော်အဖြစ် ပထမဆုံးခန့်ထားသည်။

ထိုကြောင့် မေဂျာ ဗာနေးသည် ခရစ် သက္ကရာဇ် ၁၈၃၀ ပြည့်နှစ် ဧပြီလ (၂၄) ရက်နေ့ တွင် ဗြိတိသျှအစိုးရက ဆက်သရန် ပေးလိုက်သော လက်ဆောင်တော်များကို ယူဆောင်၍ အင်ဝမြို့တော်သို့ ရောက်ရှိသည်။ မေဂျာဗာနေးသည် ၁၈၃၀ ခုနှစ်မှ ၁၈၃၈ ခုနှစ်အထိ အရေးပိုင်ကိုယ်စားလှယ်တော် အဖြစ် အမှုထမ်းခဲ့သည်။

ဗြိတိသျှ အစိုးရသည် မေဂျာဗာနေးအားဆက်ဆံရေးပြေပြစ်မှုတခုတည်းကိုသာကြည့်၍အရေးပိုင်ကိုယ်စားလှယ်တော်အဖြစ် ရွေးချယ်ခဲ့သည်မဟုတ် ၁၈၂၉ ခုနှစ်တွင် ထားဝယ်၌ ပေါ်ပေါက်ခဲ့သော ပုန်ကန်မှုကြီးကို အပြတ်အသတ် နှိမ်နင်းပေးခဲ့၍လည်း မေဂျာဗာနေးအား အသင့်တော်ဆုံး လူတယောက် အဖြစ် ရွေးချယ်စေလွှတ်ခဲ့ခြင်း ဖြစ်ပေသည်။

ယင်း ပုန်ကန်မှုကြီးမှာ 'မောင်ဒါတော်လှန်ရေး' ပင် ဖြစ်သည်။

---

၁ Major Henery Burney

၂ Captain Burney

မောင်ဒါခါဆိုသည်မှာ ထားဝယ် မျိုးချစ်များကို ဦးဆောင်ခဲ့သော ထားဝယ်ရေဝန် ဦးဒါပင်ဖြစ်သည်။ ဦးဒါသည်သတ္တိသွေးပြောင်မြောက်သူတဦးဖြစ်သည်။ သွေးစွန်းလျက် ပွဲရပုဂ္ဂိုလ်လည်း ဖြစ်ပေသည်။ တခါက ဦးဒါသည် ယိုးဒယားလူမျိုး အင်္ဂြိုးအကဲတဦးအား လက်ရ ဖမ်းဆီးပေးခဲ့ သဖြင့် မြန်မာ ဘုရင်က ထားဝယ် ရေဝန်အဖြစ် ခန့် ထားကြောင်း အဆိုရှိသည်။

၁၈၂၄ ခုနှစ် စက်တင်ဘာလ (၈) ရက် နေ့တွင် ဖြစ်ပွားသော အင်္ဂလိပ်နှင့် ထားဝယ် မျိုးချစ်များဖြစ်ပွားသော တိုက်ပွဲတွင် ထားဝယ်ရေဝန် ဦးဒါ အဖမ်းခံခဲ့ရပေသည်။ ဦးဒါသည့် အားမတန် မာန်လျှော့ကာ အင်္ဂလိပ်တို့က ခန့်ထားသော ထားဝယ်မြို့ဝန် ရာထူးတွင် ထမ်းဆောင်ခဲ့သည်။ အင်္ဂလိပ်တို့သည် ဦးဒါ၏ရည်ရွယ်ချက်အကြံအစည်ကိုမသိခဲ့ချေ။ ဦးဒါကား တနေ့အင်္ဂလိပ်တို့အား တော်လှန်မည်ဟု ဆုံးဖြတ်ထားသည်။

ထားဝယ်မြို့ကို တိုက်ခိုက်အောင်မြင်ခဲ့သော လက်ဖတင်နယ်ကာနယ်မိုင်းလ်စ်[၁] က ထားဝယ်မြို့ဝန်အဖြစ် ခန့်ထားခြင်း ဖြစ်ပေသည်။ ဦးဒါအား ပေးအပ် ထားသောရာထူးမှာလည်း အမည်ခံမြို့ဝန်ရာထူးသာ ဖြစ်ပေသည်။ အာဏာမရှိချေ။ ထားဝယ် မျိုးချစ်များအား နှိမ်နင်းရေးတွင် ဦးဒါအား အသုံးချခဲ့သည်။ အခြေအနေ အရပ် ရပ် ကို ဦးဒါ နားလည် ခဲ့ပေသည်။ ထို့ကြောင့် ဦးဒါသည် ၁၈၂၅ ခုနှစ် တွင် ထားဝယ် မျိုးချစ်များကို ဦးဆောင်၍ ပထမအကြိမ် တော်လှန်ခဲ့ပေသည်။

ထိုစဉ်က ထားဝယ်မြို့အုပ်ချုပ်ရေးမှာ စစ်အုပ်ချုပ်ရေး ဖြစ်ပေသည်။ စစ်အုပ်ချုပ်ရေး တာဝန် ခံမှာ လက်ဖတင်နင် ကာနယ်ဝုလ်ဖ်[၂] ဆိုသူ ဖြစ်ပေသည်။ ယင်းလက်ဖတင်နင်ကာနယ်ဝုလ်ဖ်ကဦးဒါနှင့်သူ့သားသုံးယောက်ကို ဖမ်းဆီးခဲ့ပေသည်။ ထားဝယ်မျိုးချစ်များက သေနတ်တချက်မျှမဖေါက်လိုက်ရမီ ဦးဒါနှင့် သားသုံးယောက်အဖမ်းခံရကာ မြိတ်မြို့သို့ အပို့ခံခဲ့ရပေသည်။

ယင်းသို့ ထားဝယ်မြို့ဝန်ဟောင်း ဦးဒါမြိတ်မြို့တွင် အကျယ်ချုပ်ဖြင့် နေရစဉ် ထားဝယ်မြို့၌ ထားဝယ်မျိုးချစ်များ ဒုတိယအကြိမ် တော်လှန်ရန် ကျိုးစားခဲ့ပေသည်။ သို့ရာတွင် ဒုတိယအကြိမ် တော်လှန်ရေးသည်လည်း ပထမအကြိမ်ကဲ့သို့ပင်မအောင်မြင်ခဲ့ချေ။

အင်္ဂလိပ်တို့က ဦးဒါအား အကျယ်ချုပ်ထားရာမှ လွှတ်လိုက်သောအခါ ပထမအကြိမ်တော်လှန်ရာတွင် မအောင်မြင်ခဲ့သော ဦးဒါနှင့်ဒုတိယအကြိမ့်တော်လှန်ရာတွင် မအောင်မြင်ခဲ့သော ထားဝယ် မျိုးချစ်တို့ ပြန်လည် ပေါင်းစည်း မိကြသည်။ သစ္စာဆို သွေးသောက်ကြသည်။ သည်တကြိမ်သည် တတိယ နှင့် နောက်ဆုံး တော်လှန်ရေးပင် ဖြစ်ကြောင်း ဆုံးဖြတ်ထားကြသည်။

သားဝယ်မျိုးချစ်တို့ စတင် တော်လှန်သော နေ့သည် ၁၈၂၉ ခုနှစ် ဩဂုတ်လ (၉) ရက်နေ့ ဖြစ်သည်။ ထိုနေ့က မိုးမရွာ၊ နေက သာနေသည်။ နေထွက်လျှင် ထွက်ခြင်း ထားဝယ် မျိုးချစ်တို့ တော်လှန်ရေးစတော့သည်။ ထိုစဉ်က ထားဝယ်အရေးပိုင်ကပ္ပတိန် ဗားနေးမှာ ထားဝယ်တွင် မရှိတော့ချေ။ မော်လမြိုင်မြို့ရှိ တနင်္သာရီဝန်ရှင်တော်မင်းကြီး အေဒီမိန်းဂျီး[၃] ထံ သွားရောက်နေချိန် ဖြစ်သည်။

ဦးဒါနှင့်ထားဝယ်မျိုးချစ် (၂၅၀) တို့သည် ထားဝယ်မြို့ကို လေးဖက် လေးတန်းမှ ဝိုင်း ထားသည်။ ထားဝယ်မြို့ကို ရုတ်တရက် မစီးမိသေးချေ။ ထားဝယ်မြို့တွင် မြို့ရိုးနှစ်ထပ်ရှိရာ ယင်း မြို့ရိုးနှစ်ထပ် အကြားတွင် လူအနေများသည်။

ထားဝယ်မျိုးချစ်များ ကျိုးစား တိုက်ခိုက်ခဲ့သော်လည်း အင်္ဂလိပ်စစ်သားများ၏ခုခံမှုကြောင့်ဩဂုတ်လ (၉) ရက်နေ့တွင် စတင်ခဲ့သော တိုက်ပွဲမှာ ဩဂုတ်လ (၁၃) ရက်နေ့အထိပင် မပြီးဆုံးသေးချေ။ ဗိုလ်ကြီးဗားနေး၏ ဇနီးမှာ ခရစ်ယန်သာသနာပြုဆရာဘုတ်မင်း[၄] တို့ မိသားစုနှင့် အတူ ရှိနေသည်။ ယင်းတို့ သည်

၁ Lt. Colonel Miles
၂ Lt. Colonel Walfe
၃ A.D Maingy
၄ George Dana Boardman

အင်္ဂလိပ်စစ်သားများနှင့်အတူ အတွင်းမြို့ကို စွန့်ခွာ၍ သင်္ဘောဆိပ်ရှိ ခြောက်ခန်း အိမ်ကြီးသို့ ပြောင်းရွှေ့ခဲ့သည်။

ဩဂုတ် (၁၃) ရက်နေ့တွင် ဦးဒါ ခေါင်းဆောင်သော ထားဝယ်မျိုးချစ် (၅၀၀) ခန့်သည် သင်္ဘောဆိပ်ရှိ အိမ်များနှင့်လှေများကို မီးရှို့ပြီး အင်္ဂလိပ်စစ်သားများ ခံတပ်လုပ်ထားသော အိမ်ကြီးသို့ဝင်စီးရန် ကြိုးစားကြသည်။ ယင်းသို့ကြိုးစားနေဆဲ အိမ်ကြီးကို မီးစတင်လောင်တော့သည်။

အင်္ဂလိပ်တို့ဖက်က ကံကောင်းသည်ဟု ဆိုရမည်။ ထားဝယ် မျိုးချစ်များ၏ လက်ချက်ဖြင့် မသေပဲ မီးလောင်တိုက် အသွင်းခံရ၍ သေကြရမည်ကို တွေးကြောက်နေကျစဉ် မိုး သဲသဲမဲမဲ ရွာချလိုက် သဖြင့် အင်္ဂလိပ် စစ်သားများ အားတက်ကာ ထားဝယ်မျိုးချစ်များအားတွန်းလှန်ကြတော့သည်။

ယင်းသို့တွန်းလှန်နေခိုက် ထားဝယ်မြစ်ကို ဆန်တက်လာသော သင်္ဘောတစီးကို အားလုံး မြင်တွေ့လိုက်ကြသည်။ ယင်းသင်္ဘောမှာ တိုက်သင်္ဘော ဒိုင်ယာနာပင်တည်း။

တိုက်သင်္ဘောဒိုင်ယာနာတွင် မော်လမြိုင်သို့ သွားရောက်နေသော ထားဝယ်အရေးပိုင် ကပ္ပတိန်ဗာနေး စီးနင်းလိုက်ပါလာသည်။ ထားဝယ်တွင် ဖြစ်ပေါ်နေသော အရေးအခင်းသတင်းကို ကြားသိရ၍ ရောက်ရှိလာခြင်းမဟုတ်ပေ။ ထားဝယ်ဆိပ်ကမ်းသို့ ရောက်မှ 'မောင်ဒါ တော်လှန်ရေး' အကြောင်းကို သိရှိရပေသည်။ သိလျှင်သိချင်း စစ်ဆင်ရေးအတွက် အစီအစဉ်ပြုလုပ်သည်။

ကပ္ပတိန် ဗာနေးအား အထူးအကူအညီ ပေးသူမှာ သာသနာပြုဆရာ ဘွဲ့မင်း ဖြစ်ပေသည်။ ယင်းပုဂ္ဂိုလ်သည် သင်္ဘောဆိပ်ရှိ ခံတပ်အိမ်ကြီးကို ထားဝယ်မျိုးချစ်များ မစီးမိအောင် စီမံခန့်ခွဲခဲ့ပေသည်။

ဩဂုတ် (၁၅) ရက်နေ့တွင် ထားဝယ်မျိုးချစ်များအား နှိမ်နင်းရန် စစ်ဆင်ရေးစတော့သည်။ ကပ္ပတိန်ဗာနေးသည် ထားဝယ်မြို့ကို ထားဝယ် မျိုးချစ်များလက်မှ ပြန်လည်လုယူရန် ကြိုးစားသည်။ထိုးစစ်သည် အကောင်းဆုံးခံစစ်ဖြစ်ကြောင်း သူတို့နားလည်ထားကြသည်။ ထိုကြောင့် ထားဝယ် မျိုးချစ်များ လက်တွင်ရှိသော အမြောက်များကို လက်ရ သိမ်းယူရန် မိမိ၏စစ်သားများအားညွှန်ကြားတော့သည်။

အင်္ဂလိပ်စစ်သားများသည်သင်္ဘောဆိပ်ခံတပ်အိမ်ကြီးမှထွက်၍ မြို့ကိုစီးကြသည်။ ထားဝယ်မျိုးချစ်များသည် မခုခံနိုင်ကြ သဖြင့် မိမိတို့ လက်ဝယ်ရှိသော အမြောက်များကို စွန့်ပစ် ထွက်ပြေးကြသည်။ ထားဝယ်မျိုးချစ်များ အကွဲကွဲအပြားပြားဖြစ်ကာ တောသို့ဝင်ပြေးကြသည်။ ဦးဒါလည်း အသတ် ခံခဲ့ရသည်။ ထားဝယ်မျိုးချစ်များ၏ မောင်ဒါတော်လှန်ရေးသည် ဤတွင်အဆုံးသတ်ခဲ့သည်။

သည်အရေးအခင်းကြောင့် ကပ္ပတိန်ဗာနေးမှ မေဂျာဗာနေး ဖြစ်လာသည်။ ထားဝယ် အရေးပိုင်မှ ဗြိတိသျှအစိုးရ၏ အရေးပိုင်ကိုယ်စားလှယ်တော် ဖြစ်လာသည်။

မေဂျာဗာနေးသည် အင်းဝနေပြည်တော်၌ ရှိစဉ် မြန်မာမဏိပူရ နယ်စပ်ကိစ္စကို ပြီးမြောက် အောင်ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ရန္တပိုစာချုပ်အပိုဒ်၅တွင် 'မြန်မာဘုရင်သည် ပြည်ကြီးနှစ်ပြည်အစဉ်မိတ်သဟာဖွဲ့စေချင်သော စေတနာအလို ထင်းရှားစေခြင်းငှာ အင်္ဂလိပ်က စစ်တိုက်၍ ကုန်ကျစရိတ်အနက် အနည်းငယ်ပြေရအောင် ကျပ်သုံးဒင်္ဂါး ပြားရေတကုဋေပေးရသည်'ဟု ဖော်ပြထားသည့် အတိုင်း မြန်မာတို့က ပေးဆောင်ရန် ဖြစ်သော စစ်လျော်ကြေး တကုဋေကိစ္စကိုလည်း မေဂျာဗာနေးကပင် ကြားဝင် ဆောင်ရွက်ခဲ့သည်။ ဗြိတိသျှမြန်မာကူးသန်း ရောင်းဝယ်ရေး တိုးတက်စေရန် ဆောင်ရွက်ခဲ့သည်။ယင်းသို့ ဗြိတိသျှမြန်မာကူးသန်း ရောင်းဝယ်ရေး တိုးတက်၍ မြန်မာအစိုးရကအခွန်တော်ပိုမိုရရှိခဲ့သယောင်ရှိသော်လည်း ဗြိတိသျှတို့က အကျိုးအမြတ်ကြီးစွာ ရရှိခဲ့သည်။

မေဂျာဗာနေးသည် နိုင်ငံရေးတွင်သာမဟုတ်၊ စာအရေးအသားကောင်းသူလည်း ဖြစ်သည်။ မြန်မာနိုင်ငံငွေသတ္တုတူးဖော်ခြင်းနှင့်ရွှေကျင်ခြင်းအကြောင်းများကို စုံစုံလင်လင် ရေးသားခဲ့သည်။မြန်မာနိုင်ငံသို့ရောက် လာသော ဗရင်ဂျီ သာသနာ ပြု မစ်ရှင်အကြောင်း၊ ၁၇၀၆ခုနှစ်က အင်းဝ၌ ဖြစ်ပွားသော

ဝမ်းရောဂါကပ်အကြောင်း စသည့် ဆောင်းပါးများ ရေးသားခဲ့သည်။

ဘင်္ဂလားနယ် အာရှတိုက်ဆိုင်ရာ အသင်းဂျာနယ်တွင် မြန်မာနိုင်ငံ သမိုင်းမှတ်စုများကို ရေးသားခဲ့သည်။ မြန်မာအင်ပိုင်ယာ ရှေးဟောင်း မြို့တော် ပုဂံ ဆောင်းပါး၊ မြန်မာ့ရှေးဟောင်းမြို့တော် တကောင်း၌ တွေ့ရှိရသော ဒေဝနာဂရီဘာသာ ကျောက်စာနှင့် တကွ ဗုဒ္ဓရုပ်ပွားတော်များ အကြောင်း ဆောင်းပါးနှင့် တရုတ်မြန်မာစစ်ပွဲအကြောင်းဆောင်းပါးများကို ရေးသားခဲ့သည်။

မေဂျာဗာနေးသည် ၁၇၉၂ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့၌ ဖွားမြင်သည်။ ကာလကတ္တားမြို့ စစ်ဖက်ဆိုင်ရာ မိဘမဲ့ ကျောင်းမှ လက်ထောက်ကျောင်းဆရာရစ်ချ ဗာနေး၏ သားဖြစ်၍ အဖိုးမှာ ဂီတပညာရှင် ဒေါက်တာ ဗာနေးဖြစ်သည်။အသက် ၁၆ နှစ် အရွယ်၌ အရှေ့ အိန္ဒိယကုမ္ပဏီတွင် ဗိုလ်လောင်းအဖြစ် စတင် စစ်မှုထမ်းသည်။

ရာထူးအဆင့်ဆင့် တာဝန်အမျိုးမျိုး ထမ်းရွက်ပြီး မကျန်းမာသဖြင့် ကာလကတ္တားမြို့မှ ဘိလပ်သို့အပြန် ၁၈၄၅ ခုနှစ် မတ်လ ၄ ရက်နေ့တွင် မိတ်စတုံးသင်္ဘောပေါ်၌ ဟင်နရီဗာနေး ကွယ်လွန်ခဲ့ပေသည်။

ယင်း၏လုပ်ဆောင်ချက်များကို အမှတ်တွင်ရစ်စေသော်ငှာ ထားဝယ်မြို့ရှိ နိဗ္ဗာန်လမ်းကို ဘာနီလမ်းဟု အမည်ပေးခဲ့လေသည်။

နိုင်ငံရေးအမြင် သန်သော၊ စာအရေး အသားကောင်းသော၊ဆက်ဆံရေးပါးနပ်သော မြန်မာ အုပ်ချုပ်ရေးအသိုင်းအဝိုင်းပေါ်တွင် အတော်ပင် သြဇာ ညောင်းခဲ့သော မယ်စယ်ဘော်ရနီခေါ် မေဂျာဗာနေးကား နယ်ချဲ့အင်္ဂလိပ်များအတွက် လွန်စွာအကျိုးများ အောင်ဆောင်ရွက်ခဲ့သော၊ မြန်မာတို့ သူ့ကျွန် မြန်မြန် ဖြစ်အောင် စွမ်းဆောင် ခဲ့သော ပုဂ္ဂိုလ် တဦးပင် တည်း။

မောင်နေမင်း

★

အနှိမ်ခံ

= ပြန်ပြောင်းတွေးဆ၊ ကိုယ့်ဘဝကား
ကြမ္မာယှဉ်းချို့၊ မနှစ်မြို့ဖွယ်
စို့စို့မျက်ရည်၊ ဝေ့ဝေ့လည်၍
မကြည်ချမ်းမြ၊ မမျှတသော
ဒုက္ခအကြိမ်ကြိမ်၊ သောကအိမ်ဝယ်
'အနှိမ်ခံ'နှင့်၊စသတည်း။

နာကျည်းမှု

= မြင်မြင်လေရာ၊ သည်မြေချာဝယ်
ပညာတတ်နှင့်ပညာမဲ့၊ ချို့တဲ့သူနှင့်ပြည့်စုံသူ
ကြီးသူကငယ်သူညှင်း၊ အဆင်းနှင့်အတက်
ဆန့်ကျင်ဘက်ချည်း၊ ရင်မှာသည်းရှင့်
'နာကျည်းမှု'သာမွေးပါခဲ့။ ။

မောင်ချစ်မြေ (တက္ကသိုလ်)


ထားဝယ်နေ့စဉ်

TAVOY DAILY

၁၉၄၂ တွင်ထုတ်ဝေခဲ့သည့် "ထားဝယ်နေ့စဉ်" သတင်းစာ

မြန်မာနိုင်ငံ သတင်းစာ သမိုင်းကို ပြောလျှင် ထားဝယ်မြို့ကို မေ့ချန် ထား၍ ဖြစ်မည် မထင်ပါ။ သက္ကရာဇ် ၁၇၄၁ ခုနှစ်တွင် ထားဝယ်မြို့၌ ခရစ်ယန်သာသနာပြု ဒေါက်တာမေဆင်သည် စကော်ကရင်ဘာသာ၊အင်္ဂလိပ်ဘာသာ နှစ်ဘာသာပူးတွဲ၍ 'ဆာတူ၊ဂေါ်'ဟု အမည်ပေးထားသော (ဆန်တူဂိဂီ) သတင်းစာကို ထားဝယ်မြို့တွင် ထုတ်ဝေ ခဲ့သည်။ ယင်းသတင်းစာကို အင်္ဂလိပ်အမည် 'သည်မောနင်းစတား' ဟု ပေးခဲ့သည်။

ထားဝယ်နှင့် သတင်းစာ ထုတ်ဝေခြင်း လုပ်ငန်းသည် နှစ်ပေါင်း(၁၀၀) လုံးလုံး အဆက်ပြတ်သွားခဲ့ပြီးနောက် ၁၉၄၂ ခု နှစ် ဖေဖော်ဝါရီ လတွင် သတင်းစာတစောင်သည် ဒုတိယကမ္ဘာစစ် မီးလျှံကြီးထဲမှ ဘွားကနဲထွက်ပေါ်လာသည်။ ယင်းသတင်းစာမှာ 'ထားဝယ်နေ့စဉ်'သတင်းစာ ဖြစ်လေသည်။

ဗမာ့လွတ်လပ်ရေး တပ်မတော်(ဘီအိုင်အေ)နှင့် ဂျပန်စစ်တပ်များ ပူးတွဲ၍ ထားဝယ်မြို့ကို ၁၉၄၂ ခု နှစ် ဇန်နဝါရီလ (၁၉) ရက် နေ့တွင် သိမ်းပိုက်ခဲ့သည်။ ထားဝယ်နေ့စဉ် သတင်းစာသည် ထားဝယ်ကို ဂျပန်သိမ်းပြီးမှ ထုတ်ဝေသော သတင်းစာ ဖြစ်သည်။သတင်းစာစတင်ထုတ်ဝေသည့်နေ့ရက် အတိအကျကို မသိရ သော်လည်း 'ထားဝယ် နေ့စဉ်'ကို စနေနေ့မှ တပါး နေ့စဉ် ထုတ်ဝေသည် ဟူသော အချက်နှင့် ၁၀-၄-၄၂ နေ့ထုတ် သတင်း စာတွင် အမှတ်(၅၄)ဟု ဖော်ပြထားသည်တို့ကို ထောက်၍ ၁၉၄၂ ခုနှစ်ဖေဖော်ဝါရီလတတိယပတ်အတွင်း စတင်ထုတ်ဝေခဲ့သည်ဟု ခန့်မှန်းနိုင်ပါသည်။

'ထားဝယ်နေ့စဉ်'ဟူသော ခေါင်းစီးအောက်တွင် အင်္ဂလိပ်ဘာသာဖြင့် (TAVOY DAILY) ဟုပါရှိပါသည်။ စောင်ရေမှာ ၁၅၀၀ ဟု ဖော်ပြထားပြီး တစောင်လျှင် ၂ ပြားဟု ဖော်ပြ ထားသည်။မည်သည့် စာပုံနှိပ်တိုက်တွင် ရိုက်နှိပ် သည်ဟု မဖော်ပြ ထားသော်လည်း 'ထားဝယ်စာပုံနှိပ်တိုက်'တွင် ရိုက်နှိပ်သည့်အကြောင်း စုံစမ်း သိရှိရပါသည်။ သတင်းစာအရွယ်မှာဖူးလ်စကက်အရွယ်ဖြစ်ပြီး(၂)မျက်နှာသာရှိသည်။ ၁၁-၃-၄၂ နေ့ထုတ် 'ထားဝယ်နေ့စဉ်' အမှတ် (၃၆) ၏ ခေါင်းကြီးပိုင်းတွင် 'ကိုယ်ကျင့်တရား ကောင်းမွန်ရေးနှင့် ကျန်းမာရေး' ခေါင်းစဉ်ဖြင့် 'တိုင်းပြည် တပြည်၏ တိုးတက် ကြီးပွားရေးအတွက် ခေတ်သစ် ထူထောင် ရာ၌ ထိုတိုင်းပြည်အတွင်း နေထိုင်ကြကုန်သော တိုင်းရင်းသူ တိုင်းရင်းသား မှန်သမျှတို့သည် ကိုယ်ကျင့်တရား ကောင်းမွန်ရေးနှင့် ကျန်းမာရေးကို အခြေပြုရာ၏'ဟုအစချီကာ အင်္ဂလိပ် အစိုးရ လက်အောက်မှ လွတ်မြောက်ပြီး သခင်ဘဝသို့ ရောက်နေကြပြီဖြစ်သော ဗမာမှန်သမျှ လောင်းကစားခြင်း၊ သောက်စား မူးယစ်ခြင်းတို့ကို

ထားဝယ်သတင်းစာ နှစ်စောင်

သတင်းထောက်ဟောင်းတစ်ဦး

ရှောင်ကြဉ်ကြရန်နှင့် ကျန်းမာရေး နှင့် ကိုယ်ကာယ ဖွံ့ဖြိုးရေးအတွက် အားကစား လုပ်ငန်းများကို လုပ်သင့်ကြောင်း တိုက်တွန်း ထားပေသည်။

ထားဝယ်စီရင်စု၊ တို့ဗမာအစိုးရ၊ပညာရေးဌာန၊ စာမေးပွဲ အောင်စာရင်း၊ ကြေငြာချက် ဟူသော ခေါင်းစဉ်အောက်တွင် ထားဝယ် စီရင်စု၊ တို့ဗမာ အစိုးရ၊ပညာရေးဌာနမှ ၁၃၀၃ ခုနှစ် နှောင်းတံခူး လအတွင်း ကျင်းပပြုလုပ်သော မြန်မာ သတ္တမတန်း စာမေးပွဲ ဖြေဆိုအောင်မြင်သူများစာရင်းဟု ဖော်ပြ ထားသည်။ ထူးခြားချက်မှာ စာမေးပွဲ အောင်မြင်သူများ စာရင်းတွင် ကျောင်းသူ ကျောင်းသား များ၏ အမည်ရှေ့တွင် သခင်သန်းဆွေ၊သခင်မ မခင်ရှိန် စသည်ဖြင့် သခင်တပ်၍ ဖော်ပြထားခြင်းပင် ဖြစ်ပါသည်။

ကြေငြာသူ တာဝန်ခံ အဖြစ် သခင် ဥာဏ်လှိုင် ပညာရေးဝန်ဟု ဖော်ပြထားသည်။

နောက် ထူးခြားချက်တခုမှာ 'အမျိုးသမီးသခင်မ အပေါင်းတို့'ဟူသော ခေါင်းစီးဖြင့် ဆောင်းပါးရှင် ခင် (ဆရာမလေး) ဆိုသူက အမျိုးသမီး များသည် အလှအပ တင့်မက်မှု၊ကြွားဝါပလွှားမှုများကို လျော့ကြရန် တိုက်တွန်းထားသည်ကို တွေ့ရ ပါသည်။

နောက်သတင်း များမှာ ရေဒီယိုမှ ဖမ်းယူရရှိထားသော နိုင်ငံခြား သတင်းများ ဖြစ်၍ ဂျပန်နှင့် ဝင်ရိုးစွန်း နိုင်ငံများ၏ စစ်အောင်ပွဲ သတင်းများသာ ဖြစ်ပါသည်။

၁၀-၄-၄၂ ထုတ် ထားဝယ် နေ့စဉ်သတင်းစာ အမှတ် (၅၄) ခေါင်းကြီးပိုင်းတွင် 'ခါသင်္ကြန်' ဟူသော ခေါင်းစဉ်ဖြင့် သင်္ကြန်ရက်နီးပြီဖြစ်၍ သင်္ကြန်အတွင်း ဥပုသ် သီတင်း ဆောက်တည်ရန် အလှူအတန်း ပြုလုပ်ကြရန်၊ သောက်စား မူးယစ် ခြင်းကို ရှောင်ရန်နှင့် အပြစ်ကင်းသော ပျော်ရွှင်မှု မျိုးများကိုသာ ပြုလုပ် သင့်ကြောင်း သတိပေး နှိုးဆော်ထားပါသည်။ ခေါင်းကြီး ပိုင်းနှင့် သတင်းစာ ငါတ်ရက် ကြော်ငြာမှာပထမစာမျက်နှာ၏ ပထမကော်လံ ဖြစ်ပါသည်။ ပထမစာမျက်နှာမှ ဒုတိယကော်လံတွင်မှ 'ဆိပ်ကမ်းနှင့်အကောက်ဌာန'ဟူသော ခေါင်းစဉ်ဖြင့် ထားဝယ်မြစ်အတွင်း ဘီအိုင်ရုံးတံတား (ယခု မင်းရပ် ကူးတို့ဆိပ် အနီး) တွင် ဗိုဗမာ အစိုးရက သိမ်းယူထားသော တုံကင်း (၃) စီးကို တင်ဒါစနစ်ဖြင့် ရောင်းချမည့်အကြောင်း 'ဆိပ်ကမ်းနှင့်အကောက်ဝန်' သခင်အုန်းသင် အမည်ဖြင့်ကြော်ငြာထားသည်။ ထိုကြော်ငြာ၏ အောက်တွင် 'စာတိုက်နှင့် ကြေးနန်းဌာန'ဟူသော ခေါင်းစဉ်ဖြင့် အသံဖမ်းစက် ပိုင်ရှင်များ အခွန်ငွေ ၁၀-ပေးသွင်း ကြရန်နှင့် ပျက်ကွက်လျှင် ဒဏ်ငွေ ၁၀- ထပ်ဆောင်းရမည် ဖြစ်ကြောင်း 'စာတိုက်နှင့်ကြေးနန်းဝန်' သခင် ရန်ရှင်းကကြော်ငြာထားသည်။ ထိုကြော်ငြာတွင် လောင်းလုံ မြို့နယ်၊ သရက်ချောင်းမြို့နယ်၊ရေဖြူမြို့နယ်နှင့် ကံပေါက်မြို့နယ်များတွင် စာတိုက်ခွဲများ ဖွင့်ထားပြီးဖြစ်၍ ချောစာများ ပေးပို့နိုင်ပြီဖြစ်ကြောင်း အသိပေးထားသည်။

ထို ကြော်ငြာ အောက်တွင်ကား 'စစ်ဘက်ဌာန ကြော်ငြာ'ဟူသော ခေါင်းစဉ်ဖြင့် သင်္ကြန်ရက်များအတွင်း ဂျပန်စစ်သားများအား ရေမပက်ရ၊ အမိန့်ကို ဖောက်ဖျက် သူများ အပြစ်ပေးမည် ဟူသော သခင် ချိန်ပို (စစ်ဘက်ဌာန) ၏ ကြော်ငြာကို တွေ့ရသည်။

နောက်တချက်မှာ ထားဝယ်သတင်းစာ ခေါင်းကြီးပိုင်းမှာ အချိန် ကာလ အလိုက် ရေးရိုး ရေးစဉ်ရာသီ ခေါင်းကြီးပိုင်းသာ ဖြစ်၍ ထူးခြားမှုမရှိဟု ဆိုနိုင်သော်လည်း ဂျပန်စစ်သားအား ရေမပက်ရ၊ပက်

လျှင် အရေးယူမည် ဟူသော ကြော်ငြာမှာ ဂျပန်ခေတ်၏ သရုပ်သကန်ကို တစွန်းတစမြင်နိုင်မည် ထင်ပါသည်။

နောက်တချက်မှာ အစိုးရဌာနကြော်ငြာများတွင် ပါသည့် ဆိပ်ကမ်းနှင့် အကောက်ဝန် 'စာတိုက်နှင့်ကြေးနန်းဝန်'စသော အသုံးအနှုန်း များသည်လည်း ယခုခေတ်နားမရှင်းစရာ ဖြစ်နိုင်ပါသည်။

၁၉၄၂ ခုနှစ် ဇန်နဝါရီလ (၁၉) ရက် နေ့တွင် ထားဝယ်မြို့သည် ဗြိတိသျှနယ်ချဲ့တို့ လက်အောက်မှ ဖက်ဆစ်ဂျပန်တို့လက်အောက်သို့ ကျရောက်ခဲ့ရသည် ဟုဆိုရပါမည်။ ထိုအချိန်တွင်'တောမီးလောင် တောကြောင်လက်ခမောင်းခတ် ဆိုသည့်အတိုင်း သူခိုးဓမြများကလည်း တစခန်းထလာသည်။ ထားဝယ်လူထုမှာ ဗုံးဒဏ် စက်သေနတ်ဒဏ်ကိုလည်း ကြောက်ရ၊ သူခိုးဓမြရန်ကိုလည်း ကြောက်ရနှင့် ကျိုးလန့်စာ စားဘဝရောက်နေသည်။

ယင်း အခြေအနေတွင် ထားဝယ်ခရိုင် ဒို့ဗမာ အစည်းအရုံး၏ ခေါင်းဆောင်များနှင့် ဘီအိုင်အေ တပ်မတော် ခေါင်းဆောင်များက ထားဝယ် မြို့၏ ငြိမ်ဝပ်ပိပြားရေးနှင့် အခြေအနေ ပြန်လည်တည်ငြိမ်စည်ပင်လာရေးအတွက် ယာယီအုပ်ချုပ်ရေး အဖွဲ့ကို ဖွဲ့စည်းကာ ထိန်းသိမ်းခဲ့သည်။

ယင်းအုပ်ချုပ်ရေး အဖွဲ့၏ အမည်မှာ 'ငြိမ်းချမ်းရေး ထိန်းသိမ်းမှု ကော်မီတီ' (Peace Preservation Committee) ဖြစ်သည်။ အတိုကောက် (ပီပီစီ) အစိုးရဟုလည်း ခေါ်သည်။ မြို့ပြ အုပ်ချုပ်ရေးဆိုင်ရာသာမန်ကိစ္စများတွင် ပီပီစီအဖွဲ့က ဆောင်ရွက်နိုင်ခွင့်ရှိပြီးအရေးကြီးသောလုံခြုံရေး၊ စစ်ရေးကိစ္စများ၊တရားစီရင်ရေးကိစ္စများနှင့်ပတ်သက်၍ သေဒဏ်ချမှတ်ရမည့် ကိစ္စရပ်များကိုမူ ပီပီစီအဖွဲ့ကို ကြီးကြပ်သည့် ဦးဆောင် အဖွဲ့က တာဝန်ယူ ဖြေရှင်းသည်။

ပီပီစီအဖွဲ့ဝင်များမှာ ၁-ခရိုင်ဝန်၊ ၂-ပညာရေးဝန် သခင်ဉာဏ်လှိုင် (ယခု တနင်္သာရီတိုင်း၊ တိုင်းတရားသူကြီးအဖွဲ့ဥက္ကဋ္ဌ)။၃-လမ်းပန်း ဆက်သွယ်ရေးဝန် သခင်ညွန့်လှိုင် (ယခု ရန်ကုန်)။ ၄- အခွန်ဝန် သခင် တင်ထွန်း (ယခုရန်ကုန်)။ ၅-တရားရေး ဝန် သခင်အောင်သိန်း (ယခု ဦးကြည်စိန်ရန်ကုန်)။ ၆-စာတိုက်နှင့်ကြေးနန်းဝန် သခင်ရန်ရှင်း၊ (ကွယ်လွန်)။ ၇- ဆိပ်ကမ်းနှင့်အကောက်ခွန်ဝန် သခင် အုန်းသင် (ယခု မြောက်ရွာရပ်)။ ၈-ဘဏ္ဍာရေးဝန် သခင်ဗစိန် (တောခိုသေဆုံး)။၉-သစ်တောဝန် ဦးဘာဘာ (ယခုထားဝယ်မြို့နယ် ပါတီယူနစ်ကော်မီတီဝင်) တို့ ဖြစ်ပါသည်။ ထားဝယ် နေ့စဉ် သတင်းစာ စာတည်း သခင်ကြီးမြင့် (ကွယ်လွန်) မှာ အစိုးရ အဖွဲ့၏ ဝါဒ ဖြန့်ချိရေးမှူး ဖြစ်သည်။

ယင်းပီပီစီအစိုးရကား သက်ဇိုးမရှည် ခဲ့ရှာပါ။ ဂျပန်တို့အကြိုက်ကို မလိုက်ခဲ့သောကြောင့်ပင် ဖြစ်ပါသည်။ သက်တန်း (၄) လမျှသာကြာပြီး ဒေါက်တာဗမော်အစိုးရအတက်တွင် အစိုးရတဖွဲ့ လုံးပြောင်းလဲခန့်ထား ခဲ့ပါသည်။

ထားဝယ်နေ့စဉ်ပါ 'ဌာနဝန်' ဟူသည့် အသုံးအနှုန်းမှာယခုခေတ်'ဝန်'ဟူသောအဓိပ္ပါယ်မထွက်ပါ 'ဌာနဆိုင်ရာအရာရှိ'ဟူသော သဘော ဆောင်ခဲ့ပါသည်။ ဤအဖွဲ့က စစ်မီးကြီး ဟုန်း ဟုန်း တောက်လောင်နေသည့် ကာလတွင် ဘီအိုင်အေ တပ်သားလောင်းများ စုစည်းပေးခြင်း၊ ငြိမ်ဝပ် ပိပြားရေးနှင့် ဂျပန်စစ်သားများ၏ ရမ်းကားမှု များမှ တတ်နိုင် သလောက် အကာ အကွယ် ပေးခြင်းစသော တာဝန်များကို ထမ်းဆောင် ခဲ့ပါသည်။

စစ်ခေတ်ကာလမှရုတ်သုက်ရွဖြစ်နေသောအချိန်တွင်ပင် လောင်းလုံ၊ရေဖြူ၊သရက်ချောင်း၊ ကြံပေါက်နယ်များနှင့် ပုံမှန် စာပို့စနစ်ကို ပြန်လည် အသက် သွင်းနိုင်သည့် အ ချက် မှာ လည်း မှတ် သား လောက်ပါသည်။

ဤသည်တို့မှာ 'ထားဝယ်နေ့စဉ်'က ပြောခဲ့သော ဂျပန်ဝင်စ ထားဝယ် အခြေအနေ တစိတ် တဒေသ ဖြစ်ပါသည်။

'ထားဝယ် နေ့စဉ်'သည် မပြောပလောက်သော စောင်ရေကိုသာ ထုတ်ဝေနိုင်ခဲ့ သော်လည်း ထိုခေတ်ကာလ ထိုအခြေအနေတွင် ထားဝယ် လူထု အား သိသင့်သိထိုက်သရွေ့ ဂျပန် စစ်သံခွာအောက်မှ အခွင့်အရေး ရသမျှ ထုတ်ဖော်တင်ပြ နိုင်အောင် ကြိုးပမ်း

ခဲ့ကြသော တို့ဗမာ အစည်း အရုံးဝင် သခင် များ အားလည်းချီးကျူးလေးစားဘွယ်ရာပင် ဖြစ်ပါသည်။

'ထားဝယ်နေ့စဉ်' သည် ပီပီစီ အစိုးရ အဖွဲ့၏ ဖွားဖက်တော် ဖြစ်ခဲ့သည့် အတိုင်း ပီပီစီ နှင့် အတူ သက်တမ်း ကုန်ဆုံးခဲ့ရပေသည်။

၁၉၄၅ ခုနှစ် ဩဂုတ်လတွင် ဂျပန်များ လက်နက် ချပြီးသည့်နောက်ထားဝယ်မြို့သို့ အင်္ဂလိပ်များ ပြန်ဝင် လာချိန်တွင် ဗြိတိသျှစစ်တပ်မှ လက်ဖတင်နင်ကာနယ် ပြုလိုသော သဘောကို ရည်သွန်း လိုဟန် လား စဉ်း စားဘွယ်ရာ သတင်းစာ ခေါင်းစီးတွင် 'ထဗ္ဗိုဝင်း ယင်း'ဟူသောအင်္ဂလိပ် စာတန်းကို ထိပ်တွင်ထားပြီး ယင်း စာတန်း အောက်မှ ခေါင်းရုပ် နှင့် 'ထားဝယ် သား' ဟူသော စာတန်းကို ရိုက်နှိပ် ထားပါသည်။ အခမဲ့ ထုတ်ဝေသည်ဟု ဆိုသော်လည်း စောင်ရေ မှာ (၅၀၀) ဟု ဖော်ပြ ထားသည် ကို ထောက်၍ လူသိနည်း မည်ဟု ခန့်မှန်း ရပါသည်။


စံတော်ချိန်နံနက် ၉ နာရီ ၄၅ မိနစ်တွင် လေယာဉ်ပျံဖြင့် ထားဝယ်မြို့သို့ ဆိုက် ရောက်လာ၍ ယိုးဒယားလမ်း၊ ချောင်းလမ်း

အခမဲ့ထုတ်ဝေသည်။ စောင်ရေ-၅၀၀၊
TAVOYAN
ထားဝယ် သား။
VOL. 1 Saturday 29th December 19[illegible] No. 3

သောင်းသောင်းဖြဖြကြိုဆိုကြကြောင်း စစ်သေနာပတိချုပ်ကြီးကလည်း ကြိုရ သူ အပေါင်းတို့အား [illegible] သဘော ကျစွာဖြင့် ပြန်လည် နှုတ်ဆက် [illegible] ကြောင်း။ ထို့နောက်ထားဝယ်မြို့စစ်အ[illegible] ချုပ်ရေး အရေးပိုင်မင်း လက်ဖတင်န[illegible] ကာနယ်အိုအိပ်(ချ်)မလ္လှိုင်းနှင့် စစ်ဖ[illegible] ဌာန အရာရှိကြီးတို့အား တွေ့ဆုံစကား ပြောဆိုပြီး ထားဝယ်မြို့မှ လေယာဉ်ပျံ ဖြင့် ပြန်လည်ထွက်ခွာသွားပါကြောင်း၊

ထားဝယ်မြို့ စစ်အုပ်ချုပ်ရေး အရေးပိုင်မင်း၏ မိန့်ခွန်း၊

၁၉၄၅ခု၊ ဒီဇင်ဘာလ ၁၂ ရက်နေ့ မြန်မာပြည် စံတော်ချိန် နံနက် ၉ နာရီ တွင်ထားဝယ်မြို့၏ မြို့မျက်နှာဖုံးလူကြီး များအား ထားဝယ်မြို့ မြူနီစီပါယ်

စသော အင်ထွေထွေမှုက်ယူ လိုက်နာ[illegible] ကောင်းသည့် စကားအရပ်ရပ် တို့[illegible] ကြားလေသည်မှာ အောက်ပါ အ[illegible] အတိုချုပ် ထည့်သွင်း ဖော်ပြ လိုက်[illegible]

၁၉၄၅ တွင် ထုတ်ဝေသော 'ထားဝယ်သား' သတင်းစာ

ရပ်ဆယ်သည်ခရိုင်ဝန်အဖြစ် လည်းကောင်း၊ မေဂျာ စတော့သည် ခရိုင် ရဲဝန် အဖြစ် လည်း ကောင်း၊ ရောက်ရှိလာသည်။

ထိုအချိန်တွင် 'ထားဝယ်သား'ဟူသော သတင်း စာတစောင် ထွက်ပေါ် လာပြန်လည်။

ဗြိတိသျှတို့က မြန်မာ နိုင်ငံကို ထာဝစဉ် ကျွန်ပြု 'ထားဝယ်သား' သတင်းစာ (၁၅-၁၂-၄၅) နေ့ထုတ် မှသတင်း အချို့ကို ထုတ်နုတ် တင်ပြလိုပါ သည်။သတင်းစာခေါင်းကြီးအဖြစ် 'အက်(ဒ်)မီရယ် လော့ လူဝစ်မောင့်ဘက်တန် ထားဝယ်မြို့သို့ ဆိုက် ရောက်လာခြင်း'ဟူသော ခေါင်းစဉ်ဖြင့် ၁၉၄၅ခုနှစ် နိုဝင်ဘာလ (၂၉) ရက်နေ့ နံနက်တွင် ထားဝယ်သို့

လေယာဉ်ပျံဖြင့် ဆိုက်ရောက်လာပြီး ယိုးဒယားလမ်း၊ ဈေးလမ်း၊ ဘာနီလမ်း (ယခုနိဗ္ဗာန်လမ်း) တလျှောက် ကြွရောက်ရှုစားရာ မြို့သူမြို့သား များနှင့် အောဘီအမ် ကျောင်းသူကျောင်းသားများတို့က သောင်းသောင်း ဖြဖြ ကြိုဆိုကြကြောင်း စသည်ဖြင့် အကျယ် ချဲ့ကာ ရေးသားထားသည်။ အမှန်မှာ ကြိုဆို ကြသည် ဆိုသော မြို့သူမြို့သားများမှာ သွားရင်းဟန်လွဲကြည့်သူ များသာဖြစ်၍ ထိုစဉ်က အောဘီအမ်ကျောင်း၊ (ယခု အထက ၃) မှာဗြိတိသျှအလိုတော်ရိများ၏သားသမီး များသာ အများဆုံးထားလေ့ ရှိသော သာသနာပြု ကျောင်းဖြစ်သည်ကိုသတိပြုရန်လိုပါသည်။ ထိုသတင်း ပါချက်အရ အင်္ဂလိပ် ပြန်ဝင်စက အရေးပိုင်မှာ ရပ်ဆယ်ဖြစ်သော်လည်း ယခု သတင်းတွင် မလွိုင်း (O.H. MOLLOY) ဖြစ်နေသဖြင့် လပိုင်းအတွင်း အရေးပိုင် အပြောင်းအလဲကို သိနိုင်ပါသည်။

ယင်းသတင်းပြီးနောက်'ထားဝယ်မြို့ စစ်အုပ်ချုပ်ရေး အရေးပိုင်မင်း မိန့်ခွန်း'ဟူသော ခေါင်းစဉ်ဖြင့် ၁၂–၁၂–၄၅ နေ့ နံနက်အချိန် မြူနီစပယ် ခန်းမ၌ ထားဝယ်မြို့၊ မြို့မျက်နှာဖုံး လူကြီးများအား အရေးပိုင် မလွိုင်းကပြောသော မိန့်ခွန်းအတိုချုပ်ကိုထည့်ထားပါသည်။ ထိုမိန့်ခွန်းအရ ထားဝယ်တွင် လှေများ မလုံလောက် သဖြင့် ထားဝယ်သို့ အစိုးရက တင်ပို့ရန် စီစဉ်ထားသည့် ပစ္စည်းတန်ချိန် (၂၀၀) ကို မပို့နိုင်ပဲ ဖြစ်နေကြောင်းနှင့် လှေပိုင်ရှင်များကို အကူအညီပေးရန် လိုကြောင်း သိရသည်။ စစ်ပြီးစ အချိန် ပို့ဆောင်ရေး အခြေအနေမကောင်းပုံကိုလည်း သိနိုင်သည်။ အရေးပိုင်မင်းက အင်္ဂလိပ်ဘာသာဖြင့် ပြောသော မိန့်ခွန်းကို သတ္တုတွင်း ပိုင်ရှင် ဦးဘရှင် (ကွယ်လွန်သူ ဖဆပလ လူမျိုးစု လွှတ်တော်အမတ် လောင်း) က မြန်မာဘာသာသို့ ပြန်ဆိုပေးကြောင်းကိုလည်း သိရသည်။

'သတင်းဖြန့်ဖြူးရေးနှင့် အခမဲ့သတင်း' ဟူသော ခေါင်းစဉ်ဖြင့် ၁၉၄၅ ခု၊ ဒီဇင်ဘာလ (၁) ရက်နေ့မှ စ၍ ယိုးဒယားလမ်း (ယခု အာဇာနည်လမ်း) နှင့် ဝိတိုရိယလမ်း (ယခုဗိုလ်ချုပ်လမ်း) ထောင့်ရှိ ဆင်ဆင် (စင်းစင်း) လဘက်ရည်ဆိုင်၌ သတင်းဌာန တခု ဖွင့်ထားကြောင်း မည်သူမဆို စာအုပ်၊ စာတန်း၊ သတင်းစာများ လာရောက် ဖတ်ရှု နိုင်ကြောင်းဖြင့် ဖော်ပြထားသည်။ အမှန်မှာ ယင်းသတင်းဌာနဆိုသည်မှာ ဗြိတိသျှတို့၏ စစ်အောင်ပွဲ ဓာတ်ပုံများ မြန်မာနိုင်ငံကို ဗြိတိသျှတို့က ပြန်လည် ကယ်တင်ပြီး ပြန်လည် ထူထောင်ပေးနေကြောင်း ဝါဒဖြန့် စာရွက်စာတန်းများကိုသာ ထားရှိသော နေရာဖြစ်သည်။

'အသံချဲ့စက်'ဟူသော ခေါင်းစဉ်ဖြင့် ထားဝယ်မြို့ပေါ်တွင် တနင်္ဂနွေနေ့ ညတိုင်း ည ၇ နာရီမှ ၁၀ နာရီအကြား သတင်းဖြန့်ဖြူးရေးဌာနက သတင်းထူး သတင်းဆန်းများကို ၁–အုတ်တံတားကြီး လမ်းဆုံ၊ ၂–ကရပ်ပြင်လမ်းဆုံ၊ ၃–ဈေးကြီးလမ်းဆုံ၊ ၄–လမ်းဆုံကြီး၊ ၅–မြိတ်တန်းလမ်းဆုံတို့တွင် အသံချဲ့စက်ဖြင့်ဖွင့်ထားမည်ဖြစ်ကြောင်းဖော်ပြထားသည်။ ယင်း သတင်းမှာလည်းအထက်ကဖော်ပြခဲ့သည့် စင်းစင်း လဘက်ရည်ဆိုင် သတင်းဌာနနှင့်/ အလားတူပင် ဗြိတိသျှ ဝါဒဖြန့်ချိရေး သတင်းများသာ ဖြစ်သည်။ နယ်ချဲ့ဆန့်ကျင်ရေး တပ်ပေါင်းစုကြီး ဖြစ်သော ဖဆပလ အဖွဲ့၏ သတင်းများ၊ ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းများကိုမူ တခွန်းတပါဒမျှ လွှင့်မပေးခဲ့ ဘူးချေ။

ပြည်တွင်း သတင်းအချို့နှင့် နိုင်ငံခြား သတင်း အချို့လည်း ပါသေးသည်။ ရေဒီယိုမှ လာသည့် သတင်းအတိုင်း ပြန်ရေးထားသော ထူးမခြားနား သတင်းများသာ ဖြစ်သည်။

၂၂–၁၂–၄၅ နေ့ထုတ် 'ထားဝယ်သား' က ပြောသော ထားဝယ် အခြေအနေကို အကဲခပ် နိုင်ရန် ကောက်နုတ် တင်ပြ လိုပါသည်။ သတင်းစာ ခေါင်းကြီးပိုင်းတွင် ၁၉၄၅ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့မှစ၍ တနင်္သာရီတိုင်းမှ အပ ကျန်ဒေသများတွင် ဗြိတိသျှ စစ်အုပ်ချုပ်ရေးမှ မြို့ပြ အုပ်ချုပ်ရေးသို့ ပြောင်းလဲခဲ့ပြီး ဖြစ်သော်လည်း တနင်္သာရီ တိုင်း အတွင်းရှိ ဂျပန်တပ်များ လက်နက်ချရေးကို

ဆောင်ရွက်ရန် တာဝန်ရှိနေသဖြင့် စစ်အုပ်ချုပ်ရေး ဖြင့်ပင် အုပ်ချုပ် နေရ သေးကြောင်းနှင့် ယခု များမကြာမီ ဇန်နဝါရီလ ၁ ရက်နေ့မှ စ၍မြို့ပြအုပ်ချုပ်ရေးသို့ ပြောင်းပေးလိမ့်မည်ဖြစ်ကြောင်း၊ သို့သော် အရပ်သူ အရပ်သားများအား လူဆိုးသူမိုက်များ၏ ဘေးမှ ကာကွယ် စောင့်ရှောက်ပေးရန် အတွက် စစ်တပ်များကို ထားဝယ်နယ်တွင် ဆက်လက် ထားရှိ ဦးမည် ဖြစ်ကြောင်း ရေးသားထားပါသည်။ အမှန်မှာ ထိုအချိန်က နယ်ချဲ့ ဆန့်ကျင်ရေး စိတ်ဓာတ်သည် ပြည်သူတရပ်လုံးတွင် ဒီရေအလား တက်ကြွလျက်ရှိသည်ကို သိသော ဗြိတိသျှ နယ်ချဲ့တို့က အချိန်မီ ဖိနှိပ် နှိမ်နင်းနိုင်ရန် ရည်ရွယ် ချက်ဖြင့် ယင်းတို့၏ တပ်များကို ဆက်လက် ထားရှိသည်မှာ သိသာထင်ရှားလှပေသည်။

အလားတူ သတင်းတပုဒ်ကို တင်ပြလိုပါ သေးသည်။ 'စစ်ရေးပြပွဲ' ဟူသော ခေါင်းစဉ်ဖြင့် ၁-၁-၄၆ နေ့ နံနက် ၉ နာရီတွင် ထားဝယ် လေယာဉ်ကွင်း၌ စစ်ရေးပြပွဲကြီး ကျင်းပမည် ဖြစ်ပြီး ကြည့်ရှုလိုသူများသည် အနောက် တောင်ဖက် လမ်း (ခံတုပ်ကျင်းဟောင်းများ တူးထားသောနေရာ)မှ ကြည့်ရှု ရမည်ဖြစ်ကြောင်း။ အထူး သတိထားရန် အချက်မှာ ၎င်းပြပွဲကြီးတွင် စစ်တိုက်သော အခန်း၌ ခဲယမ်းမီးကျောက်များကို တကယ် ဖောက်ခွဲမည်ဖြစ်ကြောင်းနှင့်ကြေငြာထားသည်။

ထိုစစ်ရေးပြပွဲ ဆိုသည်မှာလည်း ဖက်ဆစ် တော်လှန်ရေးအပြီး နယ်ချဲ့ တော်လှန်ရေး အတွက် ဆက်လက်၍ တာစူနေပြီဖြစ်သော ထားဝယ် လူထုအား စစ်တပ် နှင့် လက်နက် ပြ၍ ခြိမ်းချောက် ဟန့်တားလိုက်ခြင်းသာ ဖြစ်ပါသည်။ နယ်ချဲ့တို့က မည်သို့ပင် ခြိမ်းချောက် စေကာမူ ပြည်သူတို့က ကြောက်, မကြောက် ကိုကား သမိုင်းက သက်သေခံနှင့်ပြီး ဖြစ်ပါသည်။

'ခရီးသည်များဝမ်းမြောက်ဘွယ်'ဟူသော ခေါင်းစဉ်တွင် စစ်ဒဏ်ကြောင့် အလွန့်အလွန် ပျက်စီးနေသော ထားဝယ်-ရေးနှင့် မြိတ် လမ်းများ ပြင်ဆင်ပြီးကြောင်း သတင်းမှာလည်း နယ်ချဲ့တို့၏ စေတနာမှန်ကို ဖော်ပြခြင်း မဟုတ်ဘဲ ၎င်းတို့၏ စစ်ရေး ရည်ရွယ်ချက်နှင့် ဗြိတိသျှ အရင်းရှင်ကုမ္ပဏီများ၏ အကျိုးကျေးဇူး အတွက် ထားဝယ်နယ်မှ ထွက်သော သတ္တုရာဘာစသည့် သယံဇာတ ပစ္စည်းများကို အခက်အခဲမရှိ သယ်ယူပို့ဆောင်နိုင်ရေး အတွက် ရည်ရွယ်ချက်သာ ဖြစ်ကြောင်း သိသာနိုင်ပါသည်။

'ဗြိတိသျှ စစ်ဗိုလ်ချုပ်ကြီး ဆာမွန်တေဂူစတော့ဖို့ ထားဝယ်မြို့သို့ ဆိုက်ရောက်လာခြင်း'ဟူသော ခေါင်းစဉ်နှင့်သတင်းတပုဒ်ပါလာသေးသည်။ ထုံးစံအတိုင်း ယိုးဒယားလမ်း၊ ဘာနီလမ်းကို ကြွရောက်ရာ မြို့သူမြို့သားများနှင့် ကျောင်းသား များက ကြိုဆိုသည့် သတင်းပင် ဖြစ်သည်။ တခု တကြိမ် ကြိုဆို ရာတွင် အေဘီအမ် ကျောင်းသား များသာမက မူဆလင်၊ တရုပ်နှင့်မြန်မာ ကျောင်းသားများပါ ကြိုဆိုသည်ဟု ဝါးတားတား ရေးထားသည်။ မြန်မာကျောင်းသားများဆိုသည်မှာ မူလတန်း ကျောင်းများမှ ကလေးများ ဖြစ်ဟန်တူပါသည်။ ထိုအချိန်က တခုတည်းသာရှိသော အစိုးရ အထက်တန်းကျောင်း (ယခု အထက ၁) ကျောင်းသား အများစုမှာ နယ်ချဲ့ စစ်ဗိုလ်ချုပ်ကြီးအားကြိုဆိုခဲ့ရာတွင် မပါဝင်ခဲ့ကြပါချေ။

'ထားဝယ်နေ့စဉ်'မှာ ပြည်သူ့ ဖက်တော်သားဖြစ်ခဲ့သလို'ထားဝယ်သား'ကား နယ်ချဲ့အော်လံဖြစ်ခဲ့ရသည်ဟု ကောက်ချက်ချလျှင် မှားမည် မထင်ပါ။

ပြည်သူ့ ဖက် တော် သား 'ထား ဝယ် နေ့ စဉ်' တစောင် ပေါ်ထွက်နိုင်ရေးသို့ ဆန္ဒပြုလျက်....

သတင်းထောက်ဟောင်းတဦး

ထားဝယ်တွင် ရွှေထွက် မထွက်

သယံဇာတ ပေါကြွယ် ဝသည့် ကျွန်တော်တို့ မြန်မာနိုင်ငံ၌ အမျိုးမျိုးသောရတနာသိုက် (သတ္တုတွင်း) များ ရှိကြသည့်အနက်ရွှေတွင်းရွှေသိုက်ရှိသည်ဟု ယုံကြည်ကာ ရွှေကိုရှာဖွေကြသည့် အထောက်အထားတွေ ကျွန်တော်တို့နိုင်ငံတွင် ရှေးယခင်ကပင် ရှိခဲ့ဘူးသည်။

၁၉၁၀ ခုဘားမားကိုးဒရက်ဂျင်းကုမ္ပဏီ (ရွှေတူးဖော်သော ကုမ္ပဏီ) (**Burma Dredging Company**) ကို အရင်းရှင် ဖျက်သိမ်းလိုက်သည့် အခါမှစ၍ မြန်မာနိုင်ငံမှ ရွှေအနည်းငယ်မျှလောက်သာ ထွက်ကုန်အဖြစ် ဖော်ပြနိုင်တော့သည်။ မြန်မာတနိုင်ငံလုံး၌ရွှေကို နေရာ အနှံ့အပြား မြေကြီးထဲ၌ တွေ့ကြောင်း အထောက်အထားများ ရှိခဲ့သော်လည်း စီးပွားဖြစ်ရွှေကို တူးဖော်ရာတွင်(**Gold Minning**) အောင်မြင်သည့် သာဓကများကို မတွေ့ဘူးသေးပါ။

ဗန်းမော်အထက်နှင့် အောက်ချင်းတွင်း ဒေသများ၌ နေရာအတော်များများတွင် ရွှေတွေ့ရှိ၍ တူးဖော်မှုများ ပြုလုပ်ခဲ့သည်ဟု သမိုင်းတွင် တွေ့လိုက်ရသည်။ ကသာခရိုင်၊ ကျောက်ပါးစပ် (၂၄°-၂၆၊ ၉၅°-၅၄) ဒေသ၌ အပ်ဒ်ဒီ ဆိုက်တပ် (ဗ) (**Andesite Tuff**) တွင် ရွှေသလင်း ကျောက်ကြောကိုမျက်ခြေပြတ်သွား၍ လက်လျော့လိုက်ရသည့် မှတ်တမ်းများ ရှိခဲ့ဘူးပါသည်။

အလားတူရွှေကို ကျောက်ဆည်ခရိုင်၊ မြိတ်ခရိုင်၊ မြစ်ကြီးနားခရိုင်နှင့် ပခုက္ကူတို့ဖက်တွင်လည်း တွေ့ရှိခဲ့၍ တူးဖော်မှုများပင် လုပ်ခဲ့သေးသည်။ ရှမ်းပြည်တွင်လည်း အလားတူပင် နေရာအနှံ့အပြား၌ တွေ့ရှိဘူး၍ တူးဖော်ဘူးကြပါသည်။

အန္တိမရွှေ

ရွှေသည် အန္တိမဓာတ်စင်ဖြစ်သည်ဟု ရှေးမြန်မာများ ယူဆသလို သိပ္ပံပညာရှင်တွေကလည်း ရွှေကို ထပ်မံ၍ ဓာတ်မခွဲနိုင်သောဓာတ်စင် (**Element**) ဟု အသိအမှတ်ပြုကြသည်။ အန္တိမရွှေသည် မြေကြီးထဲ၌ အခြားသတ္တုများနှင့်မပူးတွဲဘဲ ဓာတ်စင် တခုအဖြစ် တွေ့ရှိရသလို သံသတ္တုအုပ်စုဝင် မဟုတ်သည့် သတ္တု (**Non- Ferrous Metals**) ဓာတ်ပေါင်းအဖြစ်လည်း တွေ့ရလေသည်။

ရွှေတွင်းရွှေသိုက်

ရွှေသည် မြေထဲတွင် သတ္တုကြောများအဖြစ် မီးသင့်ကျောက်လုပ်ရှားချိန်၌ ပတ်ဝန်းကျင် ကျောက်များအတွင်းသို့ဝင်လာပြီးမှ ပုံဆောင်ခဲအဖြစ် ပြောင်းလဲ ဖြစ်ပေါ်လာသည်လဲ ရှိသည်။ ပလေစာသိုက် (**Placer Deposit**) အဖြစ်လည်း မြေကြီးထဲတွင် အကြောလိုက်မဟုတ်ဘဲလည်း တည်ရှိသည်ကို တွေ့ရသည်။

ထားဝယ်တွင် မည်သို့ မည်ပုံ တည်ရှိနေသနည်း

သဘာဝအလျောက် ရွှေသည် နည်းနှစ်နည်းဖြင့် ဖြင့် ဖြစ်ပေါ်လာကြသည်။ ယင်းသို့ဖြစ်ပေါ်လာသည့် အနက် ထားဝယ်ခရိုင်တွင် ယင်းနှစ်နည်း စလုံးဖြင့် 'ရွှေ'ဖြစ်ပေါ်နေသလော။ သို့တည်းမဟုတ် ရွှေကို နည်းတနည်းဖြင့်သာ တည်ရှိနေခဲ့သည်ကို တွေ့ခဲ့ဘူးသလော ဆိုသည့်အချက်များကို အသေအချာ လေ့လာသင့်ပါသည်။

စာရေးသူငယ်ငယ်က ယခုလေယာဉ်ကွင်း အနီးတဝိုက် ရွှေကို ရေမြောင်းများတွင် မိုးဥတု များ၌ ကျင်းယူတွေ့ရှိရသည်ကို ကြားသိလိုက်ရပါသည်။ တွေ့ရှိသည့် ရေမြောင်းအတိုင်း ရေဆန်တက်လိုက်ပါက စနစ်တကျ ပင်မရွှေထွက်သော ရွှေတွင်းရွှေသိုက် ရွှေကြော (**Main Lode**) ကို ရှာဖွေနိုင်လျှင် ပိုမိုအကျိုးခံစားရမည်မှာ မုချကေန်ပင်။

ရေချောင်းရေမြောင်းများတွင် တွေ့ရှိရသော ရွှေသည်တောင်ပေါ်မှ ရေတိုက်စားမှုကြောင့် မျောပါ

လာသော ရွှေစ၊ရွှေပြား (Float) များသာလျှင် တွေ့ရှိသည်။ရွှေပျော်ရည်ဝင်နေသော ပေါ်ထွက်ပိုင်း (Outcrop) စနစ် တကျ ရှာဖွေမှုများ ပြုလုပ်သင့်သည်။

စပါးတောင်တွင်ရွှေထွက်သလော

၁၉၃၇ ခုနှစ်လောက်က ထုတ်ဝေသော မြန်မာနိုင်ငံသတ္တုတွင်းများနှင့်ပတ်သက်သည့် အစီရင်ခံစာ တစောင်တွင် ရွှေကြောများ (Gold Bearing Veins) ကို စပါးတောင်တွင်တွေ့ရှိကြောင်း ဖတ်မိဘူးသည်။ သလင်း ကျောက် များ တွင် အရည်ပျော် ဝင်၍ ရွှေသလင်း ကျောက်ကြောများ ရှိပါကြောင်း။ ထားဝယ် အရှေ့ဖက် စပါးတောင်တွင်

ရေဖြူမြို့နယ်မှ ရွှေတွင်း ရွှေသိုက်

စာရေးသူ ကိုယ်တိုင် ရေဖြူမြို့နယ်တွင် သတ္တုတွင်း အတော်များများကို တူးဖော်လုပ်ကိုင်ခဲ့ဘူးပါသည်။ ဆင်ရပ်ချောင်း ထဲသို့ ဝဲဖက်မှ စီးဝင်လာသည့် ချောင်းများအနက် အရှေ့ဖက် ရေလဲ (အရှေ့ဖက်သို့ ရေစီးနေသော နေရာ) တွင်ရွှေစကလေးများ ပရုပ်ဆီဖူး တဝက်ခန့် တမိုးတည်းနှင့် စုမိခဲ့ဘူးသည်ကို ကံပေါက် ဗောဓိတုန်းဘုရား ဌာပနာတွင်အားလုံး လှူခဲ့ဘူးပါတည်။ ဟိန်စဲချောင်း တလျှောက်ရှိ သံဖြူထွက်သော မြေနိမ့်ပိုင်း ရေတက် ရေဖုံးလွှမ်းသော နေရာများကို စက်မှု သတ္တုတူးဖော်မှုများ ပြုလုပ်စဉ်အခါက အလားတူ (Gold Plakes) ရွှေပြားစများကို ရရှိဘူးပါသည်။

ထားဝယ်တွင်ရွှေထွက်မထွက်

မောင်နေထွန်း

တွေ့ရှိဘူးကြောင်းစသည်ဖြင့် လည်းကောင်းအစီရင်ခံစာတွင် ဖော်ပြထားပါသည်။

အကြောနှင့်မဟုတ်ဘဲ ပလေစာသိုက် (Placer Deposit) မှ ရွှေ စ (Gold Plakes) များကို ကျောက်မဲတောင် သတ္တုတွင်း နယ်မြေတွင် လူအများပင်မကြာခဏသံဖြူ (SNO_2) နှင့်အတူ တွေ့ရှိခဲ့ဘူးပါသည်။စာရေးသူ ကိုယ်တိုင် ထီဗွေ ရွာတွင် သတ္တုတူးဖော်စဉ်အခါက ရွှေပြားစ ကလေးများရရှိဘူးပါသည်။

မောင်မယ်ရှောင် တဝိုက်တွင်လည်း ရွှေများတွေ့ရှိခဲ့ဘူးကြောင်း စာတိုစာစများကို သတ္တုတွင်း အစီရင်ခံစာတွင် ဖတ်လိုက်ရပါသည်။ သံဖြူနှင့်ရော၍နေကြောင်းကို ဖော်မိသော်လည်း သံဖြူတတန်လျှင် ရွှေမည်မျှပါသည်ကိုကား မဖော်ပြထားပါ။ မောင်မယ်ရှောင်ရွာ အရှေ့ဖက်ရှိ ကုန်းမြင့်များမှ ရေမျောဆင်းလာသော ရွှေများဖြစ်နိုင်သည်။

၎င်း ဟိန်စဲ ချောင်းကို သောင်ခုတ်သင်္ဘောဖြင့် စစ်ကြိုခေတ်နှင့်ဂျပန်ခေတ်များတွင် သတ္တုတူးဖော်ခဲ့ကြပါသည်။ ၎င်းသတ္တုသင်္ဘောတွင် ရွှေစ၊ရွှေပြား၊ ရွှေမှုန့်များကို စုသိမ်းသော 'ရွှေသေတ္တာ' (Gold Saving Box) ကို တပ်ဆင်ခါ သတ္တုတွင်း မန်နေဂျာ (District Manager) ကိုယ် တိုင် ၎င်း ရွှေသေတ္တာသော့ကို ဖွင့်၊သိမ်း၊ပိတ် ရသည်။

ယင်း ဟိန်စဲချောင်း မြောက်ဖက် မင်းသားချောင်းနှင့် နှမ်းပြုတ်ချောင်း မြေနိမ့်မြေပြား တွင်သံဖြူနှင့်ရော၍ ရွှေများကို စာရေးသူ ကိုယ်တိုင် ရရှိဘူးပါသည်။

ကြို့နှင့်ရွှေ

သက်ကြီးများ ပြောစကား အရ ဆိုလျှင် ကြို့ကောင်သည် ရွှေရှိရာအိုင်တွင်သာလူးသည်ဟုအဆိုအမိန့်များ ရှိပါသည်။ တခါက စာရေးသူနှင့်အတူ သတ္တုတွင်းအသစ် လိုက်ရှာသော ကရင်အဖိုးကြီး

…းစောမင်လာ (သတ္တုတွင်း ရှာသမား) ကကြို့တွင် ပေကပ်နေသည့် ရွှံ့ဘွဲ ရွှေမှုန့်များကိုတွေ့ရကြောင်း ပြောပြပါသည်။

ထားဝယ် ချောင်းများ ရှားဖူးရွာ အရှေ့ဖက်ရှိ ဂနိုင် ကြီးနှင့် ဇင်းဘာရွာ၊ မီးကျောင်းလှောင်း ရွာ အရှေ့ဖက် ထိုင်းနယ်စပ် မရောက်မီ တောကြီးထဲ၌ ကြို့လူးအိုင်ကို တွေ့ဘူးကြောင်း ၎င်းဒေသမှ တော လိုက်မုဆိုးများထံမှ ကြားသိရသော်လည်း စာရေး သူ အနေနှင့်မရောက်ဘူးပါ။

ဘုရားလဲဖူး လိပ်ဥလဲတူး

ထားဝယ်လေယာဉ်ကွင်း အနီးရှိ ယခင် တွေ့ရှိခဲ့ သော ရွှေစ ရွှေပြားများသည် တောင်ပေါ်မှ မျော လာသော (Float) များဖြစ်နိုင်၍တွေ့ရှိသောချောင်း ကို သဲလွန်စအဖြစ် ထားပြီး ခြေရာခံပါက ပင်မ ရွှေ ကြောကို တွေ့နိုင်သည်ဟု မျှော်လင့်ချက် နှင့် ကြိုတင် ပြောနိုင်သော်လည်း စီးပွားဖြစ် တူးဖော်မှုများ ပြု လုပ်နိုင် မနိုင်ကို ကြိုတင်၍ မပြောနိုင်ပါ။

ကျန်ရှိသည့် ထီးဗွေဒေသ၊ဆင်ရပ်ချောင်း၊ ဟိန်ခဲ ချောင်း၊ မင်းသားချောင်း၊ နှမ်းပြုတ်ချောင်း ဒေသ များတွင် တွေ့ရှိရသော ရွှေများကို ယင်းသတ္တုချည်း သက်သက် စီးပွားဖြစ် မထုတ်လုပ်နိုင်ပါ။ယင်းဒေသ များတွင် တွေ့ရှိသော ရွှေသည် သံဖြူသတ္တု များနှင့် ရောနှော၍ (ခဲတပ်ပေါင်း၍မဟုတ်) တွေ့ရှိ ရသော ကြောင့် ယင်းဒေသများမှ စီးပွားဖြစ် ထုတ်လုပ်နိုင် ပါသည်။

သံဖြူကိုထုတ်လုပ်ရင်းသံဖြူသိုက်ထဲမှ ရွှေစရွှေပြား ကလေးများကို အပိုဆုအဖြစ် ရလာနိုင်သောကြောင့် ဘုရားလဲဖူး လိပ်ဥလဲတူးနိုင်ကြရန် လက်ဆောင်မွန် တခု ပေးလိုက်ပါသည်။

မောင်နေထွန်း

★

* စာအုပ်ကောင်း ဖတ်ချင်လျှင်

ရတနာစာပေ

စာအုပ်အငှားဆိုင်သို့ ကြွပါ။

* ရေသာစုံ ထမင်းဟင်းစားချင်လျှင်

သထုံဒေါ်စန်း

ထမင်းဆိုင်သို့ ကြွပါ။

ပြန်ကြားရေးစာကြည့်တိုက်လမ်း

အနောက်ရပ်၊ ထားဝယ်မြို့။

— သင့်အလှကို

သဇင်

က ဖေါ်ထုတ် ပေးနေပြီ။

သဇင်နယ်လှည့်ဓာတ်ပုံဌာန

ဆက်သွယ်ရန်

ဒေါ်လှဦး ရှင်ပင်ခရုလမ်း

အပ်ချုပ်ဌာန ကရပ်ပြင်ရပ်

နှင်းရုပ်ရှင်ရုံအနီး ထားဝယ်မြို့။

စပယ်လမ်း၊ ဇရစ်ရပ်

ထားဝယ်မြို့။

☆ စာမျက်နှာ ၃၂ မှအဆက်

ပုံစံအားဖြင့် 'အက္ခရာ' ကို'အက်ခရာ'ဟု အသံထွက်ဖတ်ကြပါသည်၊ အမှန်မှာ 'အတ်ခရာ' ဖြစ်ရပါမည်။[1] ဤနေရာတွင် စကား အလျဉ်းသင့်သဖြင့် ပြောစရာတခု ရှိနေပါသည်။

ဆရာကြီးဦးဖေမောင်တင်၏ စာတန်းတွင်[2] ဇီးကွက်ကိုဇီးကွ-က်၊ဝက်ကိုဝ-က် ဟုထားဝယ်၌ အသံထွက်သည်ဟု ဖော်ပြထားပါသည်။ ဆရာကြီး နားကြားမှား၍ အမှတ်မှားပြီး အရေးမှားသွားဟန်တူပါသည်။ ဝက်ကို ထားဝယ်တွင် ဝပ်(အပ်ကာရန်) သာ ထွက်ပါသည်။ သဒ္ဒဗေဒ သဘော အရလည်း ကကို ကသတ်၍ 'ကက်'သံ မထွက်ကြောင်း သိရပါသည်။ ဤအချက်ကို **အပြည်ပြည်ဆိုင်ရာ သဒ္ဒဗေဒအက္ခရာ***ဖြင့် ရှင်းလင်းလျှင်ပို၍ ရှင်းလင်းသဘော ပေါက်နိုင်မည် ဖြစ်သော်လည်း ပုံနှိပ်ရန် အခက်အခဲရှိသဖြင့် မဖော်ပြလိုက်ရပါ။

အောက်နှင့်အော့-က်

မြန်မာ စကားတွင် ကသတ်ရှေ့ရှိ အောသရသံသည်'အောက်'ဟု ထွက်ပါသည်။ ထားဝယ် စကားတွင် ပကတိအောသံ ထွက်ပါသည်။ ပုံစံ အားဖြင့် 'ကောက်ကိုကော့-က်'၊ 'ခေါက်ကို ခေါ့-က်' အသံထွက်ပါသည်။ ယခု ရေးပြသော စာလုံးပေါင်းများ (အသံများ) မှာ မပီသ သေးပါ။ထားဝယ်သံနှင့် နီးစပ်ရုံသာ ရှိပါသည်။ ယင်းအသံ များကို မြန်မာအက္ခရာဖြင့်ပေါင်း၍ အသံမထွက်နိုင်ပါ။ ထားဝယ်သူ ထားဝယ်သားမှအပ တခြား နယ် သား များ ပီအောင် ရွက်ဆိုရန် မလွယ်ပါ၊ ရောမအက္ခရာဖြင့် စာလုံးပေါင်း၍ အသံထွက်ပြလျှင် အနီးစပ်ဆုံး ရနိုင်ပါသည်။ ထားဝယ်အသံ **'ကော့-က်' (ကော့မဟုတ်)** (Kot)ဖြစ်ပါသည်။မြန်မာအသံ**'နောက်'** ကိုထား ဝယ် အသံ **'နော့-က်' (နော့မဟုတ်)** (Not)ဖြစ်ပါသည်။

အသံဖြစ်ပုံစနစ်အရလည်းကောင်း၊ ဘာသာဗေဒ အမြင်အရ လည်းကောင်း၊ အောသရကို ကသတ်၍ အောက်(Out)ဟု မထွက်ပဲ၊ ထားဝယ် စကားသံ အတိုင်း(Ok)အသံသာ ထွက်နိုင် သည်ဟု သိရပါသည်။ သို့ဖြစ်၍ ပုဂံခေတ် ပညာရှင် ကြီးများသည် ကမ္ဘာသုံး အသံထွက် နည်း စနစ် များ နှင့် အညီ မြန်မာစကားကို မွန်အက္ခရာဖြင့် ကြံဆတီထွင်ပေးခဲ့လင့်ကစား ဘာသာစကား၏နိယာမတရားကို မလွန်ဆန်နိုင်ဘဲ စကားပြောသံများ ချွတ်ချော်တိမ်းပါးလာသည်နှင့်အမျှ အသံထွက်ပုံစနစ်များနှင့် မကိုက်ညီဘဲ ဖြစ်လာရသည်ဟု ယူဆပါသည်။

ဤတွင်လည်း ထားဝယ်စကားသည် ယခုခေတ်သုံး မြန်မာစကားထက် သဒ္ဒဗေဒသဘော စနစ်နှင့် ပို၍ကိုက်ညီသည်ဟုပင်ဆိုရမည်ဖြစ်ပါသည်။ ပညာရှင်များ၏ အဆိုအမိန့်တွင်လည်း ပုဂံခေတ်တွင် ယခုထားဝယ်စကားသံကဲ့သို့ ပြောဆိုကြလိမ့်မည်ဟု ခန့်မှန်းခဲ့ကြသည်သာဖြစ်ပါသည်။

ကသတ်နှင့်စသတ်အသံ

မြန်မာစကားမှကသတ်အသံများသည် ထားဝယ်စကားတွင်တသတ်အသံဖြင့်ပြောသည့်အကြောင်းကို ဆိုခဲ့ပြီးပါပြီ။တသတ်အသံဖြင့်မထွက်သောစကားလုံးများကို စသတ်အသံဖြင့်ပြောပါသည်။ မြန်မာစကားနှင့်ထားဝယ်စကားနှစ်ရပ်စလုံး တူညီချက်များဟု ဆိုရပါမည်။

၁။ မောင်သာနိုး၊ ဗမာစာ ဗမာစကား၊ စာ-၅၉။

၂။ ဦး ဖေ မောင် တင်၊ ထားဝယ် ဒေသန္တရစကား၊ မြန်မာနိုင်ငံ သုတေသန အသင်း ဂျာနယ်၊ အတွဲ။ ၂၃၊ အပိုင်း ၁၊၁၉၃၃ ခု။

* အပြည်ပြည်ဆိုင်ရာ သဒ္ဒဗေဒအက္ခရာဆိုသည်မှာ ဘာသာ ဗေဒ ပညာရှင်ကြီးများက မည်သည့်စကားအသံကိုမဆို တိတိကျကျ မှတ်တမ်းတင်နိုင်ရန်တီထွင်ထားသော သင်္ကေတ အက္ခရာဖြစ်သည်။

မြန်မာ	**ထားဝယ်**
နေ့ရက်	နေ့ရစ်
ယက်ကန်း	ယစ်ကန်း
စက္ကူ	စစ်ကူ
ပျက်စီး	ပျစ်စီး
မျက်စိ	မျစ်စိ

ဤသည်မှာလည်း ပါဠိပြဇာ အရိပ်အငွေ့ဝင်နေသည့်သဘောကို ဆောင်နေပါသည်။ ကမ္ဘာသုံးပါဠိသံ 'ဘစ်ခု' ကို'ဘိက္ခု'ဟု ကသတ်နှင့်ရေးပြီး တသတ်ဖြင့် 'ဘိုတ်ခု' ဟု ထွက်သည့်ပုံမျိုးဖြစ်ပါသည်။ မူရင်းစသတ်အသံမှ ကသတ်အသံသို့ပြောင်းလာခြင်းရှိသကဲ့သို့ ကသတ် တသတ်အသံကို စသတ်အသံဖြင့်ရွတ်ဆိုသည်လည်း ရှိပါသည်။

ကေတ် ဟူသော မွန်စာလုံးပေါင်း အသံထွက်ကို ကြည့်၍ မြန်မာတို့က တသတ်နှင့် စသတ် အသံကွဲအောင် ရှေးမြန်မာကြီးတို့က တီထွင်ခဲ့သည်ဟုလည်း ဆိုပါသည်။[၁]

မတ်ဂျိမ* ကို မဇ္ဈိမ၊ ဆတ် (က်) စာ**ကို သစ္စာ၊ သေတ္တာကို သစ်တာ၊ ခေတ္တကို ခစ်တ၊ မေတ္တာကို မြစ်တာ။

အန်နှင့်အင်အသံ

မြန်မာစကား သေတ်အသံ အတော်များများကို ထားဝယ်စကားတွင် နသတ်အသံ သို့မဟုတ် မသတ်အသံဖြင့်ပြောပါသည်။ သေတ်သံအတိုင်းပြောသော စကားက နည်းပါသည်။ မြန်မာစကား 'ကင်း' ကို ထားဝယ်စကား 'ကန်း'၊ 'သစ်ပင် ကို သစ်ပန်' 'ရေတွင်းကို ရေတွမ်း'၊'သတင်းစာကို သတန်းစာ' စသည်ဖြင့် နသတ်သံ ပြောပါသည်။ စင်၊ ဆင်၊ ဇင်၊ညင် စသော စဂ်တခုလုံးကိုမူ သေတ်သံဖြင့်ပင် ပြောပါသည်။ကဂ်မျည်းများတွင် အပင့်အရစ်ယှဉ်လိုက်သောအခါတွင်လည်း သေတ်အသံပင် ထွက်ပါသည်။ (ကျင်၊ ကြင်၊ ချင်၊ ခြင်၊ ဂျင်၊ ငြင်) သို့ရာတွင် ခင်မင်ကို ခင်မင်ဟုပြောပြီး ခင်များကိုမူ ခန်များဟုပြောသော ချွင်းချက်များလည်း ရှိပါသည်။

နသတ်အသံနှင့် သေတ်အသံအကြောင်း ပြောလျှင် ပုဂံကျောက်စာကို ချန်ထား၍ ဖြစ်မည်မထင်ပါ။ ယခုခေတ်သုံး ယှဉ်၊ ယှဉ်း၊ ယျာဉ် (ဥယျာဉ်) တို့ကို ပုဂံကျောက်စာများ၌ **ယှန်၊ ယန်** ဟု ရေးထိုးခဲ့ပါသည်။ (ပုဂံမြို့မြင်းပိုင်း ကျောက်စာ၊ ကန်လှရွာ အမတ်ကြီး ရာဇသင်္ကြန်ကျောက်စာ)။ပုဂံခေတ်မှ ပထမအင်းဝခေတ်သို့တိုင်အောင် ကျောက်စာတို့တွင် **ယှန်၊ ယှန်း** အရေးမှာ အတွင်ကျယ်ဆုံးဖြစ်ကြောင်း တွေ့ရသည်။**ယှန်း**မှ **ယှင်း**သို့ပြောင်းသည်မှာ **ခန်း** (စံခန်း) မှ **ခင်း** (စံခင်း၊ ယာခင်း) သို့လည်းကောင်း၊ **ဝန်း** (ဝန်းပိုင်း) မှ **ဝင်း** (ဝင်းထရံ) သို့လည်းကောင်း ပြောင်းသည့်နည်းတူဖြစ်ပါသည်။[၃]

ကျောက်စာများ၌ ယခုခေတ်'**အင်**' အသံထွက်ကို '**အန်**'အသံထွက် ရေးထိုးပုံမှန်သမျှကို ရေးပြရလျှင် ဆုံးအံ့မထင်ပါ။ ဘာသာဗေဒ ပညာရှင်လည်းဖြစ်၊

၁။ မောင်သာနိုး၊ ဗမာစာ ဗမာစကား၊စာ-၆၀

၂။ ဦးသောင်းလွင်၊ မြန်မာအက္ခရာဗေဒကျမ်း၊ စာ- ၆၆

* Majjhima ** Sacca

(ရောမလိပိဖြင့် ဖလှယ်ထားသော ကမ္ဘာသုံး ပါဠိအသံထွက်များကို Rhys Davids, T.W and W.Stade,Pali English Dictionary မှ ယူပါသည်။)

၃။ ဦးဖိုးလတ်၊ မြန်မာစကားအဖွင့်ကျမ်း၊ ပထမတွဲ၊ စာ-၁၂

သမိုင်း ပညာရှင်လည်းဖြစ်သော ဒေါက်တာလုစ်* ရေးသည့် 'ရှေးဟောင်းမြန်မာနိုင်ငံ ပုဂံခေတ်ဦး' စာအုပ်တွင် ရှေးဟောင်းမြန်မာစကားအဖြစ် 'ပလွင်' ကို 'ပန်လန်'။ 'ထီးလိုင်မင်း' ကို ထီးလိုင်မန်း'၊ 'တူရွင်းတောင်'ကို 'တူရန်းတောန်'၊ 'တနင်္ဂနွေမင်း' ကို 'တနန်းဂနွေမန်း' စသည်ဖြင့် ရေးခဲ့ပါသည်။[၁]

ကျောက်စာဝန်ဟောင်းဆရာကြီး ဦးလူဖေဝင်းကလည်း အထက်ဖော်ပြပါ ဒေါက်တာလုစ်၏ စာအုပ်ကို ဝေဖန်သည့်စာတန်းတွင် သက်ဆိုးတောင်ကျောက်စာကို ရောမလိပိဖြင့် ဖလှယ်၍ အသံထွက်ပြထားရာ၌ 'မင်းလုင်ကို' ကို'မန်းလုလန်''တော်သလင်းကို' ကို 'တော်သလန်း' စသည်ဖြင့် ယခုခေတ် ငသတ်အသံခပ်များများကို နသတ်သံဖြင့် ပြထားပါသည်။[၂] ကမ္ဘာသုံး ပါဠိသံမှ မြန်မာပြုထားသော ပါဠိအသံထွက်ပုံများကို သတိရစေပါသည်။ ပုံစံအားဖြင့် အန်ညမညကို အင်ညမညဟုလည်းကောင်း၊ ပန်စသီလကို ပဉ္စသီလဟုလည်းကောင်း၊ ဆံခါရကို သင်္ခါရဟုလည်းကောင်း၊ ရှရီလန်ကာကို သီရိလင်္ကာ စသည်တို့ကဲ့သို့ဖြစ်ပါသည်။

အိန္ဒိယပြည် တောင်ပိုင်းမှ ဗုဒ္ဓဘာသာနှင့်အတူ ဗုဒ္ဓစာပေ(ပါဠိစာပေ)သည် ပထမဆုံး မွန်တို့ထံသို့ ရောက်ရှိလာသည်ဟုသမိုင်းအစောင်စောင်က ဆိုပါသည်။ ယင်းသို့ဆိုလျှင်မွန်တို့နှင့်နယ်မြေခြင်းဆက်စပ်နေသောထားဝယ်တွင် ပါဠိ၊သက္ကတ မူရင်း အသံထွက်ပုံအတိုင်း ယနေ့တိုင် စွဲမြဲကျန်ရစ် နေသလားဟု စဉ်းစားဖွယ်ပင် ဖြစ်ပါသည်။ ပညာရှင် သုတေသီများ ကြံဆကြစေလိုပါသည်။

သဒ္ဒဗေဒ အမြင်အရ လည်းကောင်း၊ အသံဖြစ်ပုံ စနစ်အရ လည်းကောင်း အသရကို ငသတ်သော် 'အင်'မထွက်နိုင် 'အန်'သာ ထွက်နိုင်သည်ဟု သိရှိရပါသည်။[၃]

အော–န်နှင့် အောင်

မြန်မာတွင် အောသရကို ငသတ် လိုက် လျှင် 'အောင်'အသံထွက်ပါသည်။ ထားဝယ်အသံ၌ မူလ 'အော'သရ အသံအတိုင်း ကျန်သည်။ 'အောန်'ဟု ထွက်သည်။ရေးလုံးမဟုတ်သော မြန်မာစာလုံးပေါင်းဖြင့် ပြထားရသဖြင့် ထားဝယ်စကား မတတ်သူတယောက်အဘို့အသံထွက်ရလွယ်မည် မထင်ပါ။ ယင်း 'အော–န်'သည် အင်္ဂလိပ်စာလုံး(On)နှင့် အနီးစပ်ဆုံးဖြစ်ပါသည်။ (အွန်) မဟုတ်ပါ။ ပုံစံ အားဖြင့် ကောင်ကို'ကော–န်'(Kon)တောင်ကို 'တော–န်'(Ton)ကြောင်ကို'ကြော–န်'(Kyon) 'ချောင်း' ကို 'ခ္လောင်း' (Khlon) ကျောက် စာ များမှ 'ကျောန်'နှင့်'လောန်'ဟူသောစာလုံး များကို 'ကျွန်' 'လွန်'အဖြစ် သတ်မှတ်ကြသည်မှာ မသင့်ဟု ယူဆပါသည်။ 'ကျောန်'မှာ မြန်မာစကား 'ကြောင်'ကို ထားဝယ်က ပြောသော အသံဖြစ်၍ 'လောန်' မှာ မြန်မာစကား၊'လောင်'ကို ထားဝယ်က ပြောအသံဖြစ်ပါသည်။

ရှေးဟောင်း မြန်မာ စကား အဖြစ် 'အလောင်းစည်သူ'ကို 'အလောန်းစည်သူ'၊ 'ကုလားကျောင်း' ကို 'ကုလားကျောန်'၊ 'နားတောင်းများ' ကို 'နားတောန်းများ' စသည်ဖြင့် ဒေါက်တာလုစ်က သုံးခဲ့ပါသည်။[၄]

ဆရာကြီးဒေါက်တာလုစ်အသံဖလှယ်ပုံကို ကြည့်မည်ဆိုလျှင်'အော'သရကို ငသတ်၍ 'အောင်'အသံမထွက်ဘဲ 'အောန်' (On) သာ ထွက် ကြောင်း ယုံမှားဘွယ် မရှိတော့ပါ။ ဤတွင်လည်း ထားဝယ်

၁။ Journal of Burma Research Sociaty. Vol: L1v, Parth 1,&12, P:12.13.16.
၂။ " " " p:17
* Dr.G.H.Luce:Old Burma-Early Pagan.
၃။ R.K.Bansal, An Outline Of General Phonetics.
၄။ Old Burma Early Pagan.J.B.R.S VoL LIV -Part 1&11. Page 7,11

စကား နသတ် သံသည် ပုဂံ ခေတ် သုံး အသံဖြစ်ကြောင်း ထင်ရှားနေပါပြီ။ သဒ္ဒဗေဒ သဘော အရလည်း 'အောန်' (on) သာ မှန် သည်ဟု သိရပါသည်။

အုံ၊အုန်နှင့်အောင်၊ အူ

မြန်မာစကား အုန်၊အုံ အသံထွက်ကို ထားဝယ်စကားတွင်အောင်သို့မဟုတ်'အူ'အသံထွက် ပါသည်။ 'အောင်'ဟု ရေးသာ ရေးလိုက်ရပါသည် ထားဝယ်အသံမပီသသေးပါ။ အင်္ဂလိပ် စာလုံး ပေါင်း အသံထွက်နှင့်မှ နီးစပ်ပါသည်။

'မြင်းကုံး' ကို ထားဝယ်လို 'မြင်းကောင်း' အသံ ထွက် ပါသည်။ ယင်း 'ကောင်း' မှာ (Cow)အသံသာထွက်ပါသည်။ စကားလုံး အနည်းငယ်မှ အပ တချောင်းငင် သေးသေးတင် အသံများကို 'အောင်'သံ ထွက်ပြီး၊ တ ချောင်းငင် နသတ်သံများ၌'အူ'သံထွက်ပါသည်။

ကုန် သည် ကို 'ကူ သယ်'၊ ကုန်း လမ်း ကို 'ကူးလမ်း'၊ သစ်တုံး ကို 'သစ် တောင်း'၊ အလုံး ကို 'အ လောင်း' (Allow)၊ ပန်း ပုံကို 'ပန်းပေါင်'ဖြစ်ပါသည်။

ထားဝယ်တွင်ရှေးက အုသရသံနောက်ရှိ နသတ်မသတ်အသံများ (မတြာ ဝက်သံများ) ကိုပါ ထည့်ပြောကြသော်လည်း ယခုမပါတော့ပါ၊ မြန်မာစကားတွင် အုသရသံနောက်၌ (န်) (မ်) တို့ရှိလျှင် 'အု'သံမထွက်တော့ဘဲ'အို'သံ ထွက်လာသည်။[၁]

ထားဝယ်စကားတွင် အုသရ သံ ကျန် နေ သည်မှာသဒ္ဒဗေဒသဘောအရ မှန်သည်ဟု သိရ ပါသည်။ တိုက်ဆိုင်မှုတခုအဖြစ် တင်ပြလိုပါသည်။ တက္ကသိုလ် မြန်မာ အဘိဓာန် အပိုင်း (၁) 'က' အက္ခရာ တွင် 'ကဘုန်းသား'နံ၊ (ထားဝယ်) ခရုတမျိုးဟု ဖော်ပြထားပါ သည်။ မမှန်ပါ 'ကဘောင်း သား' * သာမှန်ပါသည်။ မူရင်း ထား ဝယ်သံ ကို တ ယောက်ယောက်က မြန်မာမှု ပြုပေးလိုက်ပုံရပါသည်။

အု၊အောက်နှင့်အုတ်၊အုပ်

အုသရသံ နောက် တွင် တသတ် ပသတ် ရှိလျှင် မြန်မာတို့က 'အို'သံ ဖြင့် 'အုတ်' ဟု ထွက် သည်။ ထားဝယ်ကမူလ'အု'သရသံ သို့မဟုတ်' အော' သရသံထွက်ပါသည်။ 'အု' အသံထွက် ပုံမှာ အုတ်ကိုအု၊ စုတ်တံကို စုတံ၊ ဆုတ်ပစ်ကို ဆုပစ် စသည် ဖြစ်ပြီး၊ အောသံ ထွက်ပုံမှာ ဦး ထုပ် ကို အောက် ထောက်၊ လည်ဂုတ်ကို လည်ဂေါက်၊လုပ်ကိုင်ကို လောက်ကိုင်စသည်တို့ဖြစ်ပါသည်။ ရာဇကုမာရ် ကျောက်စာတွင် ပြုကို ပြော (ပေါ်)၊ သော ကိုသူ ဟု အုသရသံအစား အော သရသံဖြင့် ရေးထိုး ခဲ့ သည်ကို တွေ့ရပါသည်။ရာဇကုမာရ် ကျောက်စာထက် စောသည်ဟု ပညာရှင်များက ခန့် မှန်း ကြ သော ပေါ်တော် မူကျောက်စာတွင်လည်း လူ ကို လော၊ ဖြူကို ဖြော (ဖေါ်)၊ ဆူကို ဆောဟု ရေးခဲ့သည်။ ထိုကြောင့် ထားဝယ်တွင် အုသရ သံ နေရာ၌ အောသရသံပြောသည်မှာမဆန်းတော့ပါ။

အော့၊အော်၊အောသရသံ နှင့် အုသရသံ ပြောင်းလဲလာခြင်းကား ဓမ္မတာပင် ဖြစ်သည်ဟု မှတ်ယူရန်ရှိသည်။[၂]

ကမ္ဘာသုံးပါဠိ သံ ဒု(က်)ခ မှ မြန်မာသံဒုတ်ခ (ဒုက္ခ)၊ ပု(ဂ်)လကို ပုတ်ကို (ပုဂ္ဂိုလ်) ဖြစ်လာပုံနှင့် မုသုံလေ ကို မုတ်သုံလေ၊ မုဆိုးကို မုတ်ဆိုး ဖြစ်လာပုံတို့နှင့်လည်း နှိုင်းယှဉ်ကြည့်ပါ။[၃] တချောင်းငင်တသတ်၊ပသတ်သံများကိုထားဝယ်က အု သို့မဟုတ် အောသံရသံမထွက်ဘဲ ဝဆွဲတသတ် သို့မဟုတ်ဝဆွဲပ သတ် အ သံ ထွက် သည် လည်း ရှိ ပါ သည်။ 'ထင်းခုတ်' ကို 'ထန်း ခွတ်'၊ 'ကုတ်အင်္ကျီ' ကို 'ကွတ်အန်းဂီ'စသည် တို့ ဖြစ်ပါသည်။ ဤတွင် လည်း

၁။ မောင်သာနိုး၊ ဗမာစာ ဗမာစကား၊ စာ-၅၉
* K-Bowtha

၂။ ဦးဖိုးလတ်၊ မြန်မာစကား အဖွင့်ကျမ်း၊ ပထမတွဲ၊စာ-၁၀၄
၃။ မောင်သာနိုး၊ဗမာစာဗမာစကား၊စာ-၆၀

သဒ္ဒဗေဒသဘောအရထားဝယ်စကား အသံထွက်က ပို၍ဆီလျော်သည်ဟု ဆိုချင်ပါသည်။ အက္ခရာ တလုံး ချင်းအသံထွက်အတိုင်း စာလုံးပေါင်း ပြပါမည်။

ဥပမာ 'ခုတ်' (ခ) အတွက် (kh) တချောင်း ငင်အတွက် (u)၊ တ် (တသတ်) အတွက် (t) ဖြစ်၍ မည်သည့် နည်းနှင့်မျှ ယခု မြန်မာ အသံထွက် 'ခုတ်' ဟူသော အသံမထွက်နိုင်ပါ။ ခု (တ်) သို့မဟုတ် (ခူတ်) ဟုသာ အသံထွက်နိုင် ပါသည်။

အိ (တ်)၊ အိ (ပ်) နှင့် အိတ်၊ အိပ်

ထားဝယ်စကား၌ အိတ်နှင့်အိပ်တို့ကို တသတ် ပသတ်အသံများမပါဘဲ 'အိ' ဟုသာထွက်ပါသည်။ လွယ်အိတ်ကို လွယ်အိ၊ လိပ်ကို လိ၊သပိတ်ကို သဗိ၊ ဟုပြောပါသည်။ ဘာသာဗေဒရှုထောင့်မှကြည့်လျှင် အိသရနောက်၌ တသတ်၊ ပသတ်ရှိသဖြင့် သေရ သံသို့ပြောင်းသွားခြင်းမှာ မြန်မာအက္ခရာနှင့် မြန်မာ အသံထွက် အံ့ချော်နေပုံဖြစ်သည်ဟု သိရပါသည်။ အိသရသံပျောက်မသွားသော ထားဝယ်သံက ပို၍ သဘာဝကျသည်ဟုသိရပါသည်။ ကမ္ဘာသုံး ပါဠိသံ စိတမှ မြန်မာသံ စိတ်၊နိဗ္ဗာနမှ နိတ်ဗာန်၊ (နိဗ္ဗာန်) ပရိဆမှ ပရိသတ်၊ (ပရိသတ်)၊ သုတမှ သုတ်တံ (သုတ္တန်)၊ ဖြစ်လာပုံများကို ဆင်ခြင်ကြည့်ကြစေလို ပါသည်။ ရင်းမြစ်အသံသည် 'အိ' သရသံဖြစ်သည် ဟု ဆိုလိုပါသည်။

အိ (န်)၊ အီး (န်) နှင့် အိန်၊ အိန်း

မြန်မာစကား အိမ်ကို ထားဝယ်စကား အီ (အမှန်မှာ ရေးက . အီ–မ်) ဟု နောက်ဆုံး ဗျည်း (န်၊ မ်) သံပါ ထည့်၍ပြောသည်။ယခု ယင်းအသံ မပါတော့။ စိန်ကို စီ၊ လိန်ကို လီ၊ စိုးရိမ်ကို စိုးရီ၊ ဟုပြောသည်။ ဤသာဓကအရ အိသရ၊ အီသရကို နသတ်မသတ် လိုက်လင့်ကစား မူလ အိအီ သရသံ သည် ထားဝယ်စကားတွင်ကျန်နေပါသည်။ သဒ္ဒ ဗေဒအမြင်အရဆိုလျှင်လည်း အိသရကို နသတ်လိုက် သော် 'အီ–န်' သို့မဟုတ် 'အင်' ဟုသာ အသံ ထွက်ကြောင်း သိရပါသည်။ ပုံစံအားဖြင့်– မြန်မာ စကား 'ကိန်း' ကို ထားဝယ်စကားအသံ 'ကီး–န်' ဟု ရှေးက ထွက်ခဲ့ရာမှ ယခုအချိန်တွင် နောက်ဆုံး ဗျည်း သံပျောက်၍ 'ကီး' ဖြစ်လာပါသည်။ ထားဝယ်စကား ၌ အဆုံးသတ်ဗျည်းရှေ့ကသရသည် ရေးသည့်အတိုင်း ပကတိအသံထွက်သည်ကိုထောက်သော် ပုဂံခေတ်၌ လည်း ပကတိ အသံထွက်သည်ဟု ယူဆအပ်၏။[၂] ကမ္ဘာသုံး ပါဠိ ဂိမှကို ဂိမန်၊ ကုသိနာရကို ကုတ် သိန်နာရုံ (ကုသိနာရုံ) ဖြစ်လာပုံကို ကြည့်နိုင်ပါ သည်။

ခွိ:၊ နွိ:၊ မွိ:နှင့် ခွေး၊ နွေး၊ မွေး

သရသံ ကွဲပြားပုံများတွင် ပုဂံခေတ် ဣသရသံ များ၊ ယခုခေတ် မြန်မာစကား ဧ (အေး၊အေ) သရသံသို့ ပြောင်းလာပုံကိုကြည့်ပါ။ မြန်မာစကား ခွေးကို ထားဝယ် ခွိ:၊ နွေကို နွိ၊ တွေ့ကို တွိ၊ စသည်ဖြင့် အိ အီ သရသံအတိုင်းပင် ပြောနေဆဲ ဖြစ်ပါသည်။

ပုဂံကျောက်စာများကို ပြန်ကြည့်လျှင် ရေ၊ ပေ၊ စေ၊ အခြေ၊ လေး၊ နေတို့ကို ရိ၊ ပိ၊ စိ၊ အခြိ၊ လိ၊ နိ ဟု ရေးထိုးခဲ့သည်ကို တွေ့ရပါမည်။ (ပေါတော်မူ ဘုရား ကျောက်စာရှ) နောက်ပိုင်းတွင် ရိယ်၊ ပိယ်၊ စိယ် ဟု လုံးကြီးတင် ယသတ် ပြောင်းလာသည်။ ယင်းကျောက်စာတွင် အေ၊ အေး သရသံများဖြင့် ရေးထားသော စာလုံးများရှိနေပါလျက် ယင်း စာ လုံးများကို သဝေထိုးနှင့်မရေးဘဲ ရိ၊ ပိ၊ စိ စသည် ဖြင့်ရေးခဲ့သည်ကို ထောက်၍ အိ သရသံ အတိုင်း ထွက်အောင်ရေးသည်ဟု ယူဆပါသည်။

ပညာရှင်အချို့က ကျောက်စာများမှ လုံးကြီး တင်ယသတ် (–ိယ်) သည် ယခုခေတ် သဝေထိုး (ေ–) နှင့် တူညီသည်။ တချောင်းငင် ယသတ် (–ုယ်) သည် ယခုခေတ် သဝေထိုးဝဆွဲ (ေ–ွ)

၁။ မောင်သာနိုး ဗမာစာ ဗမာစကား၊ စာ ၅၉

၂။ ဦးဖေမောင်တင်၊ ဘာသာစကားယဉ်ကျေးမှု။

နှင့် တူညီသည်ဟု သတ်မှတ်ပါသည်။[၁] အသံချင်း ကူညီမှုကား ဖြစ်နိုင်မည်မထင်ပါ။ ဆရာကြီး ဦးလူဖေဝင်းက ကျောက်စာများကို သဒ္ဒဗေဒနည်းအရ ရောမ လိပိဖြင့် ဖလှယ်ရာတွင် ကျောက်စာ ရေး 'အဆုယ်' (ယခုခေတ်—အဆွေ) ကို **(ACHUY)**ဟု ရေးခဲ့ပါသည်။[၂] အေး သရသံလုံးဝမထွက် အဆွ^ဓ ဟုသာ ထွက်နိုင်ပါသည်။

ထိုနည်းအတိုင်းပင် အခြားသော အေ၊ အေး သရစာလုံးများကို ဖလှယ်ပြထားပါသည်။ သို့ဖြစ်ရာ ကျောက်စာမှ 'ခုယ်'သည် 'ခွေး' ဟုအသံထွက်မထွက် ဆရာကြီး၏ဖလှယ်ပုံအတိုင်း ဖလှယ်ကြည့်သောအခါတွင် (**Khuy**) ခွ^ဓး ဟုသာ ထွက်လာပါသည်။ ထို့ကြောင့် အိ၊ အီ၊ အီး သရသံသည် ရင်းမြစ် ဖြစ်ပြီး အေ့၊ အေ၊ အေး သရသံသည် နောက်မှ ပြောင်းလာသောအသံ (ခွ^ဓးသည် ရင်းမြစ်၊ ခွေးသည် နောက်ပြောင်း) ဖြစ်သည်ဟု ဆိုချင်ပါသည်။

ထားဝယ်စကားသည် ရှေးဟောင်းမြန်မာစကားဖြစ်ကြောင်း အထောက်အထားများဖြင့် တင်ပြထားပြီးပါပြီ။ ကျောက်စာပါမဟော့ နှင့် ထားဝယ်စကားမှ့၊ မြန်မာစကား မရှိတိုတူပုံ၊အင်းဝခေတ်၊ပင်းယခေတ် ပျို့ကဗျာသုံး ပေါရာဏများ (ပွဲ၊ ဖျားရေ၊ ကောင်းတေ) ယနေ့အထိ ထားဝယ်စကားတွင် ရှိနေပုံ စသည့် အထောက်အထားများရေး၍ မကုန်နိုင်အောင်ကျန်နေပါသေးသည်။

ဒေသိယစကား သုတေသီတဦးဖြစ်သော ဂျပန်အမျိုးသား ပါမောက္ခ မစ္စတာအိုနိုတိုးရုကလည်း သူ၏စာတန်းနှင့်ဆောင်းပါးတို့တွင် ထားဝယ်စကားသည် ရှေးဆန်သည်။ သို့တည်းမဟုတ် ရှေးခေတ်မြန်မာ့အသံကို ထိန်းသိမ်းလျက်ရှိသည်ဟု တင်ပြထားပါသည်။[၃] ယင်းစာတန်းနှင့်ဆောင်းပါးတို့တွင် ဖော်ပြထားသော ထားဝယ်စကားအသံထွက် ခပ်များများ ကွဲလွဲမှုရှိနေကြောင်း တွေ့ရပါသည်။ (အမှန်ကို အထက်တွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်)။

ကျောက်စာများ၌ ရှာမတွေ့သော ထားဝယ်စကား၏ ထူးခြားမှုအချို့သည် ရှေးကျလွန်းသောကြောင့်လည်း ဖြစ်တန်ရာသည်။ သို့တည်းမဟုတ် ထားဝယ်စကား၏တမူထူးခြားမှုကြောင့်လည်း ဖြစ်တန်ရာသည်။[၄] ရှေးဟောင်းပုဂံကျောက်စာနှင့် ပြိုင်သော ထားဝယ်စကားသည် တိုးတက်လျက်ရှိသော ယခုခေတ် မြန်မာစကားထက် နှစ်ပေါင်း (၈၀၀) ခန့် စော၍ ယဉ်ကျေးမှု သက်သေခံလျက်ရှိပါသည်။[၅]

ယနေ့ ထားဝယ်ဒေသသည် အခြားဒေသများနှင့် ကူးသန်းဆက်သွယ်မှု များပြားလာသည်နှင့် အမျှ ခေတ်မြန်မာစကားအသုံးအနှုန်းသည် ထားဝယ်စကားအထဲတွင် တဖြည်းဖြည်းများပြားလာပါပြီ။ ထားဝယ်စကားတွင် ထင်ရှားသော အချက်အလက်များ မပြောင်းလဲ မပပျောက်မီ ပညာရှင်များ၊ သုတေသီများက စနစ်တကျ မှတ်တမ်းတင်ပေးကြပါဟု မေတ္တာရပ်ခံလိုပါသည်။ ။

မောင်လေးတင့် ☆

၁။ ကထိကဒေါ်သန်းဆွေ၊ မြန်မာဘာသာစကား၊ ရှမဝမဂ္ဂဇင်း၊ ၂၊ ၇၁၊ စာ–၇၇

၂။ **Old Burma-Early Pagan 'J.B.R.S.' P.18**

၃။ ဒေသန္တရသုံး မြန်မာစကား၏ ပထဝီဝင်အနေအထား၊ မတ်လ ငွေတာရီ ၁၉၆၉ခု၊ စာ–၅၇၊၅၈

၄။ ဦးဖေမောင်တင်၊ ထားဝယ်ဒေသန္တရစကား။

၅။ ဦးဖေမောင်တင်၊ ဘာသာစကား ယဉ်ကျေးမှု။

ထားဝယ် ကူးသန်းရောင်းဝယ်ရေး လီမိတက်

(၁၉၄၁-၄၂ ခုနှစ်တွင် စတင်တည်ထောင်သည်)

၄၄၁/၄၄၅၊ မဟာဗန္ဓုလလမ်း
ရန်ကုန်မြို့ (ဖုန်း ၁၂၁၇၁)

ရေးလမ်း၊ ထားဝယ်မြို့
(ဖုန်း ၃၀)

“ လှရှိန် ”
အားကစား တံဆိပ်ရိုက်လုပ်ငန်း

(က) အားကစား တံဆိပ်အမျိုးမျိုးနှင့် ဒီဇိုင်းအမျိုးမျိုးကို စိတ်တိုင်းကျ ရိုက်နှိပ်ပေးနေပြီ။

(ခ) အလှကုန်ပစ္စည်းများ၊ ဂီတာ၊ မယ်ဒလင်၊ တယောနှင့် အပိုပစ္စည်း အမျိုးမျိုးကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေပြီ။

အာဇာနည်လမ်း၊ မြို့ဈေးသစ်အနီး
ထားဝယ်မြို့။

မင်း သို့မဟုတ် အရိပ်

* ငါရပ်နေရင်
မြေပြင်ကငါ့အရိပ်
တိတ်တိတ်ကလေး
မှေးစက်နေလေရဲ့။

* ငါပြေးသွားရင်
မြေပြင်က ငါ့အရိပ်
တိတ်တိတ်ကလေး
အပြေးလိုက်လာရဲ့။

* နံနက်ခင်းတွေ
ညနေတွေမှာ
နေပူဖြော့ဖြော့ဒဏ်
ခံစားရတုန်း
ငါမယိုင်လဲ
မပြိုကွဲရန်
ထောက်ကန်ထားကြ
ရှေ့မှနောက်မှ
အရိပ်ရှည်။

* မွန်းတည့်နေမင်း
ပူပြင်းပြင်းဒဏ်
ခံစားရတုန်း
ငါပြိုးမပျက်ရန်
မြေကိုကန်၍
တွန်းလှန်နေကြ
ငါ့အရိပ်။

* အရိပ်....အရိပ်....
ထွေးသိပ်လောကမ
မုန်တိုင်းထန်အုံး
မပုန်းရှောင်ကြ
ငါ့အရိပ်လို
မင်းကိုမြင်ချင်စမ်းပါဘိ။ ။

သစ်ဦး



ဗြိတိသျှ ကိုလိုနီတံပိုးအောက်မှ ဗမာပြည် လွတ်မြောက်ရေး အတွက် ကြိုးပမ်း ဆောင်ရွက်ခဲ့သည့် အခန်းကဏ္ဍများတွင် ထားဝယ်မြို့ တို့ဗမာ အစည်းအရုံးဝင် သခင် သခင်မများ၏ ဆောင်ရွက်ချက်တို့ကို မေ့ပျောက်ထားခဲ့၍ မရနိုင်ပေ။

လူအား ငွေအား စိတ်ဓာတ်အား အပြည့်အဝနှင့် လုပ်ဆောင်ချက်တို့မှာ အခြားခြားသော မြို့နယ်များနှင့် မယှဉ်သာအောင် ကွာခြားလှပေသည်။

ရှေးခေတ် ဗမာ့နိုင်ငံရေးဖြစ်သည့် ဒိုင်အာခီအစ (၂၁)ဦးနှင့် (၉၁) ဌာနအဆုံး ခေတ်အဆက်ဆက်တွင် ထားဝယ်ခရိုင်၏ နိုင်ငံရေးအရှုတက်ကြွလှုပ်ရှားမှုသည် ခရိုင်စပ်ခြင်း မြို့နယ်စပ်ခြင်းက အတု ယူကြရသည်အထိ ဖြစ်ခဲ့သည်။ ၁၃၀၀ ပြည့် အရေးတော်ပုံ (၁၉၃၈-၃၉)၌ အရှိန်ယူထားပြီး ဖြစ်သော ထားဝယ်နိုင်ငံရေးမှာ ကျောင်းသားခေါင်းဆောင်ကိုအုန်းကြည်ကို ဖမ်းဆီးသည့်အချိန်တွင် တသောင်းကျော်မျှသော မြို့လူထုသည် ရုတ်ခြင်းစုရုံးပြီး အရေးပိုင်အိမ်နှင့် ထောင်ကိုဝိုင်းကာ ဆန္ဒပြကန့်ကွက်ခြင်း၊ ထောင်အလံတိုင်မှ ဗြိတိသျှ အလံကို ဆွဲချဆုတ်ဖြဲပစ်ခြင်း၊ ထားဝယ်အရေးပိုင်အား ဝိုင်း၍ဖမ်းချုပ်ထားပြီး ဖမ်းဆီးထားသူကို ချက်ချင်း လွှတ်ပေးရန် တောင်းဆို၍ လွှတ်လာခဲ့ရခြင်း။

ထိုအချိန်မှစ၍ နှစ်ရက် အတွင်းတွင် ထားဝယ်မြို့နယ် တို့ဗမာအစည်းအရုံး ပေါ်ပေါက်လာပြီး ဆက်တိုက် စည်းရုံးခဲ့ရာ တလအတွင်း တို့ဗမာအစည်းအရုံးဝင်အင်အား(၃၀၀)အထိ စည်းရုံးနိုင်ခဲ့ခြင်း။

ပွဲဦးထွက်အဖြစ် မြူနီစီပယ်ဈေးခွန် လျှော့ပေါ့ရေးကိစ္စနှင့်ပတ်သက်၍ ဈေးသူဈေးသားများက ဆန္ဒပြ သပိတ်မှောက်ကာ ထားဝယ် လောကမာရဇိန်ဘုရားကြီးအတွင်း ယာယီဈေးသစ် ဖွင့်လှစ်၍ သုံးလကြာမျှ တိုက်ပွဲဆင်ခဲ့ရာတွင် တို့ဗမာ အစည်းအရုံးမှ ခေါင်းဆောင်မှုပေးနိုင်ခဲ့သဖြင့် တောင်းဆိုချက်များ ရရှိလာပြီး အောင်ပန်းဆင်နိုင်ခဲ့ခြင်း။

နိုင်ငံခြား ကုမ္ပဏီပိုင် ဟာမြင်းကြီး သတ္တုတွင်း အလုပ်သမားသပိတ်ဆင်နွှဲခဲ့ရာတွင် ခေါင်းဆောင်မှုပေးနိုင်ခဲ့သဖြင့် တလအကြာတွင် ကုမ္ပဏီက အလုပ်သမားများ၏ တောင်းဆိုချက်ကို စေ့စပ်လိုက်လျောခဲ့ရခြင်း။ (ထိုသပိတ်တွင် ဉသျှရံရပ်ကွက်မှ လူငယ် သ ခင် ဇအောင် ဇေ သည် လိုလား ချက် ရာနှုန်းပြည့်မရကောင်းလားဟု အချင်းချင်းကိုပင် မကျေမနပ်ဖြစ်ကာ တယောက်တည်း အစာငတ်ခံ ဆန္ဒပြနေသဖြင့် နိုင်ငံရေးပရိယာယ်အကြောင်းကို ရှင်းပြခါမှ လက်ခံလာသည်။ သခင်အောင်ဇေသည် ဖဆပလခေတ်တွင် ရန်ကုန်မြို့သို့ရောက်လာပြီး အတိုက်အခံ ပမညတ ခေါင်းဆောင်တဦးအဖြစ် နိုင်ငံရေး ဆောင်ရွက်ရင်း ဒေးဒရဲမြို့နယ်အပိုင် ကျေးရွာ တရွာတွင် စည်းရုံးရေးဆင်းနေစဉ် မသမာလက်နက်ကိုင် တစု၏ သေနတ်ဖြင့် ပစ်သတ် လုပ်ကြံ ခြင်းကို ခံလိုက်ရသည်။)

ထားဝယ်မြေမော်တော်ယာဉ်နှင့် မြင်းလှည်း သပိတ်တိုက်ပွဲများကိုလည်းကောင်း ထားဝယ်ခရိုင်အတွင်းရှိ လယ်သမားများနှင့် ရေလုပ်သား (တံငါ) များ၏ အခွန်အတုတ်လျော့ပေါ့ရေး၊ သက်သာချောင်ချိရေး တိုက်ပွဲများတွင်လည်းကောင်း ဦးဆောင်မှု ပေးနိုင်ခဲ့ခြင်း။

နယ်ချဲ့ဆန့်ကျင်ရေး လွတ်လပ်ရေး အရေးတော်ပုံနှင့်ပတ်သက်၍ ပြည်ပအိမ်နီးချင်းနိုင်ငံနှင့် ဆက်သွယ်ရေးလမ်းကြောင်း ဖွင့်ပေးနိုင်ခဲ့ခြင်း။ရဲဘော်သုံးကျိပ်ဝင်များအား တဖက်နိုင်ငံသို့ လမ်းပြပို့ဆောင်ပေးနိုင်ခဲ့ခြင်း။ တကိုယ်တော် မုတ်ဆိတ် သခင် သိန်းဟန် (ရန်ကုန်) အား တဖက်နိုင်ငံသို့ ပို့ပေး နိုင်ခဲ့ခြင်း။ ဂျပန်နိုင်ငံတွင် စစ်ပညာသင် သွားကြမည့် သခင်နှင့် ကျောင်းသား အချို့အား နယ်ခြားသို့ ဖြတ်ကျော်ပို့ဆောင်ရေးအတွက် စီစဉ်ပေးနိုင်ခဲ့ခြင်း။

ဗိုလ်ချုပ်အောင်းဆန်းတို့ထံမှ လျှို့ဝှက်သတင်းများကို ယိုးဒယားမှတဆင့် ရန်ကုန်ရှိ ခေါင်းဆောင်များထံသို့ ပို့ဆောင်ပေးခဲ့ရခြင်း။

အင်္ဂလိပ်နယ်ချဲ့တော်လှန်ရေးနှင့် ဂျပန်ဖက်ဆစ်တော်လှန်ရေးခေတ် နှစ်ခေတ်စလုံးတွင် လေထီးဖြင့်ချပေးသောလက်နက်များကို ရယူနိုင်ရန်အတွက် ပြင်ဆင်နိုင်ခဲ့ခြင်း။ နယ်ချဲ့ တော်လှန်ရေးအတွက် စည်းရုံးနိုင်ခဲ့ပြီး ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ရှေ့ပြေးအကြိုတမန်စေလွှတ်နိုင်ခဲ့ခြင်း။

မွေးကင်းစ ဗမာ့လွတ်လပ်ရေး တပ်မတော် (ဘီအိုင်အေ)ကို လက်နက်ကိုင်တပ်မတော်ကြီးတခု ဖြစ်လာအောင် အင်အားဖြည့်တင်းပေးနိုင်ခဲ့ခြင်း။

ဂျပန်လက်အောက်သို့ ရောက်ရှိ နေသော်လည်း ဂျပန်များက ရိုသေလေးစားနိုင်လောက်အောင် မြို့ပြပြည်ရွာ ငြိမ်ဝပ်ပိပြားရေး၊ ကာကွယ်ရေး နှင့် အုပ်ချုပ်ရေးများကို စနစ်တကျ စီမံဆောင်ရွက်နိုင်ခဲ့ခြင်း။

ထားဝယ်ခရိုင်အား စက်ဘုပ စစ်အုပ်ချုပ်ရေးလက်အောက်သို့ ရောက်အောင်၊ လက်အောက်ခံဘဝသို့ ရောက်အောင် ပို့ဆောင် သည့် ဂျပန် ဖက်ဆစ်တို့၏ စီမံချက်ကို ထားဝယ်မြို့အုပ်ချုပ်ရေးအဖွဲ့ (ငြိမ်းချမ်းရေး ထိန်းသိမ်းမှုကော်မီတီ) (P.P.C) ကဘီအိုင်အေ မြို့စောင့်တပ်အင်အားဖြင့် ဆန့်ကျင်ကန့်ကွက်ခဲ့ပြီး အလွတ်ရုန်းထွက်နိုင်ခဲ့ခြင်း။ (နောက်ဆုံး ပန်းတိုင်ဖြစ်သည့် လွတ်လပ်ရေးကြီးရအောင် ရှေ့ရှုချီတက်နေဆဲ လမ်းခုလတ် လွတ်လပ်ရေးကလေး အတွက် အပြတ် တိုက်ယူနိုင်ခဲ့ခြင်း။)

ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ) ခေတ်တွင်ပင် ဂျပန်တော်လှန်ရေးအတွက် ကြိုတင်ပြင်ဆင် လျှို့ဝှက်စည်းရုံးနိုင်ခဲ့ခြင်း။

ဖက်ဆစ် တော်လှန်ရေး ကာလ တွင် လည်း ထားဝယ် သခင်အများနှင့် မျိုးချစ် လူငယ်များသည် စစ်ရေးတွင် ပြည်သူ့ပြောက်ကျားအဖြစ် ဖက်ဆစ်တော်လှန်ရေးတိုင်း (၅)ရှိ ဗမာ့ မျိုးချစ်တပ်မတော်အင်အားနှင့် ပူပေါင်းလှုပ်ရှားနိုင်ခဲ့ခြင်းတို့ကား ထားဝယ်ခရိုင်တို့ဗမာအစည်းအရုံး၏စွမ်းဆောင်ချက်များပင် ဖြစ်သည်ဟု ဆိုရပါမည်။

အထက်ဖော်ပြပါ အချက်တို့မှာ လူသိနည်းသေးသော သခင်တိုင်းပင် မသိရသေးသော ထားဝယ်ခရိုင် တို့ဗမာအစည်းအရုံး၏ သမိုင်းအကျဉ်းချုပ်ဟု ဆိုက ဆိုနိုင်ပေသည်။ ဗမာ့လွတ်လပ်ရေးသမိုင်းတွင် ဗမာ့လွတ်လပ်ရေး တပ်မတော် (ဘီအိုင်အေ) ကို မှတ်တမ်း တင်နိုင်သကဲ့သို့ ထိုတပ်မတော်ကြီးအား ကနဦး အစပြုစု ပျိုးထောင်ပေးလိုက်သော ထားဝယ်မှ သခင် သခင်မများနှင့် မျိုးချစ် အပေါင်းတို့အား မေ့ပျောက်ထား၍ မရနိုင်ကြောင်းကို ထပ်လောင်း၍ ဆိုရပါတော့သည်။

၁၉၄၁–၄၂ ခုနှစ် အချိန်အခါသည် ဗမာပြည်ရှိ အင်္ဂလိပ် အစိုးရအဘို့ အရှုံး မီးဝိုင်းအခြေသို့ ဆိုက်ရောက်နေသဖြင့် နယ်ချဲ့ယန္တရားကို လှုပ်ခါစေသော နှစ်ပင်ဖြစ်ပေသည်။ တဖက်တွင်ကား ဗမာပြည်တွင် အကွဲကွဲအပြားပြားဖြစ်နေသော နိုင်ငံရေးအဖွဲ့စည်းများ ပူးပေါင်းလာစေသော နှစ်ပင် ဖြစ်ပေသည်။ တို့ဗမာအစည်းအရုံးနှင့် ဝါဒမတူသော ဒေါက်တာဗမော်၏ ဓားမပါတီတို့ ပူးပေါင်း၍ ဗမာ့ထွက်ရပ်ဂိုဏ်းကြီး တည်ထောင်လိုက်သည်ကိုသိသော ဗမာပြည်အစိုးရသည် စိုးရိမ်တကြီးထိတ်လန့်လာကြသည်။

ထို့နောက်တွင် သခင်များအား ဖမ်းဆီးချုပ်နှောင်မှုများ များပြားလာသည်။

ထိုအချိန်က ထားဝယ်နိုင်ငံရေးလှုပ်ရှားမှု အခြေအနေမှာလည်း သွက်လက် ပြင်းထန် လာသည် နှင့်အမျှ ဖမ်း ဆီး ချုပ်နှောင်မှု များလည်း များပြားလာသည်။ ဤ စာရေးသူနှင့် သခင် သုံးလေးဦးမှာလည်း နိုင်ငံရေး ဝရမ်းပြေး ဘဝသို့ ရောက်ရပါတော့သည်။ ကျွန်ုပ်သည်ပုန်းရင်းလျှိုရင်းနှင့် ရန်ကုန်မြို့သို့တက်၍ ဌာနချုပ်ခေါင်းဆောင်များက ပေးအပ်သောတာဝန်ကိုလည်း ထမ်းဆောင် ရပါသေးသည်။ ကျွန်ုပ်တို့အဖမ်းမခံရဘဲအကြိမ်ကြိမ် လွတ်မြောက်နိုင်ခဲ့ခြင်းမှာ တနာရီမျှ ကြိုတင် သတင်း ရရှိပြီး အချိန်မီရုံကလေးရှောင်တိမ်းနိုင်ခဲ့ခြင်းကြောင့်ပင် ဖြစ်ပါသည်။ ပြည်သူလူထုက အစိုးရ အပေါ် ယုံကြည် ကိုးစားမှုနည်းလာပြီးအုပ်ချုပ်ရေးလျော့ရဲယိုယွင်းလာနေသည့် လက္ခဏာပေါ်လွင်လျက် ရှိနေပေပြီ။

လွတ်လပ်ရေးအတွက် ပြည်သူတို့ဆန္ဒ ပြင်းပျနေပေပြီ။ ကိုယ်တိုင် ကိုယ်ကျ ကာယကံမြောက် နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခြင်း မရှိသည့် သူများပင်လျှင် စေတနာ ယုံကြည်ချက်ဖြင့် ဆောင်ရွက်နေသူတို့ကို ဖြူစူ နှောက်ယှက်ခြင်း၊ သတင်း ပေးခြင်းမျိုးကားမရှိတော့ပေ။ ဗြိတိသျှတို့အား တပါးကျွန် ပီပီသစ္စာခံ လုပ်လိုသူတို့မှ အပ ကျန်ပြည်သူတို့က ကျွန်တွင်းမှ ရုန်းထွက်ရန် စိတ်စောလျက် ရှိနေကြပေပြီ။ ဤအခါကားလွတ်လပ်ရေး အတွက် တော်လှန်ရေးတရပ်စတင်ဆင်နွှဲရန်အချိန် ရောက်နေပေပြီ။ ဤအခါသည် နယ်ချဲ့တော်လှန်ရေးကြီးမုချမသွေ အောင်မြင်ရမည်ဟူ၍ အချက်အလက်နှင့် သဘောထား များကို ကျွန်ုပ်သည် လယ်ကွင်းပြင်ရှိ ကောက်ရိုးပုံ ထဲမှ နေ၍ ဆင်ခြင်တွေးတောနေခြင်း ဖြစ်ပါသည်။

အချိန်ကား၁၉၄၁ခုနှစ် နွေဝင်ဘာလ နောက်ဆုံးအပတ်ထဲတွင်ဟု ထင်ပါသည်။ ဝရမ်းပြေး ဘဝနှင့် တာဝန်တရပ်ကိုထမ်းဆောင်ရန် ရန်ကုန်မှ ထားဝယ်သို့ ပြန်အရောက် ခရီးတထောက် နားနေခိုက် ဖြစ်ပါသည်။ ထားဝယ်နှင့်ရေး၊ ရေးနှင့်ထားဝယ် ခိုင်တရာအကွာခရီးကိုတောတွင်းလမ်းမှခေါက်တုန့်ခေါက်ပြန် ခြေလျင်ခရီးလျှောက်ရသည်မှာ ဤအကြိမ်သည်ဒုတိယအကြိမ် ဖြစ်ပါသည်။

မှတ်မိပါသေးသည်။ ရန်ကုန်တွင် ရှိစဉ်က တန်ဆောင်မုန်းလပြည့်ကျော် (၁) ရက် တန်ဆောင်တိုင်ပွဲတော်ရက်အတွင်းဖြစ်ပါသည်။ ရွှေဂုံတိုင် ရပ်ကွက်တနေရာတွင် ခိုအောင်းနေစဉ် တို့ဗမာ အစည်းအရုံးဌာနချုပ်ခေါင်းဆောင်တဦး ပေါ်လာပြီး ဆွေးနွေးပွဲတခုသို့ ခေါ်သွား ပါသည်။ ကြည့်မြင်တိုင် လား၊ စကော့ဈေးလား ဇဝေဇဝါဖြစ်၍ မမှတ်မိ တော့ပါ။ ယင်းဆွေးနွေးပွဲတွင် ကျွန်ုပ်အား ထားဝယ်သို့ပြန်၍ အရေးကြီးသည့် တာဝန်သစ်တရပ် ထမ်းဆောင်ရန် ပြောပါသည်။ ထို တာဝန်သစ် ကို ကျွန်ုပ် လက်ခံလိုက်ပြီး နောက် သုံးရက်ကြာတွင် ရန်ကုန်မှထွက်ခွာလာခဲ့ပါသည်။ လမ်းခရီး တလျှောက် အခက် အခဲမျိုးစုံတွေ့ကြုံခဲ့ရသော်လည်းအဓိကအကြောင်း မဟုတ်သဖြင့် စာမျက်နှာကိုငဲ့ပြီး ချန်ထားခဲ့ပါမည်။

ယခုအခေါက်ထားဝယ်သို့ အပြန်ခရီးမှာ သာမန်နိုင်ငံရေး ဝရမ်းပြေး အဖြစ်မျှနှင့် မဟုတ် တော့ပါ။ အင်္ဂလိပ် အစိုးရက သေဒဏ်ကြေညာခြင်း ခံထားရသောသူ တဦး ဖြစ်နေပါသည်။ ထားဝယ်မှ သခင်ခေါင်းဆောင်တဦးနှင့် သခင်အုန်းကြည် (ထိုစဉ်က ထားဝယ် ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ) ကျွန်ုပ် အပါအဝင်သခင်သုံးဦးမှာအင်္ဂလိပ်အစိုးရ၏သေဒဏ်ကြေညာထားခြင်း ခံထားရသူများဖြစ် ပါ သည်။ဗမာပြည်တို့ဗမာအစည်းအရုံးသမိုင်းတွင်နိုင်ငံရေးနှင့် ပတ်သက်၍ အင်္ဂလိပ် အစိုးရက ကြေညာသည့် အပြစ်ဒဏ်အမျိုးအစားအဆင့်ဆင့် ရှိသည်တွင် အကြီးလေးဆုံးသောအပြစ်ဒဏ်ကို ထားဝယ်မှ သခင်သုံးဦးက ခံယူခဲ့ရဘူးကြောင်း မှတ်တမ်းတင်ပြအပ်ပါသည်။

ဤသေဒဏ် အပြစ်နှင့် ဝရမ်းပြေး ကျွန်ုပ် သည် လူတိုင်းနှင့်အတွေ့မခံရဲပါ။ အထူးသဖြင့် ထားဝယ်သို့ ပြန်ရောက် နေကြောင်းကို သတင်းမပေါက် ကြားစေလိုသဖြင့် အပြန်ခရီး တထောက်တွင် ထားဝယ် နှင့် (၅)မိုင်ကွာ ထားဝယ်မြစ် အရှေ့ဖက်ကမ်း လယ်တဲတခုအနီးကောက်ရိုးပုံကို ညအိပ် နေရာယူရခြင်း ဖြစ်ပါသည်။ ညအချိန် လယ်တဲ ပေါ် တွင် အိပ် ပျော်

နေခိုက်အကယ်၍ပုလိပ်များ သတင်းရပြီး လာဖမ်းခဲ့သော် ဟူသော အတွေးကြောင့် တဲပေါ်၌ မအိပ်ရဲ၊ တလင်းပြင် ကောက်ရိုးပုံ တွင်သာ အနားယူနေ ရပါသည်။ ဆောင်းတွင်း ဖြစ်သော်လည်း အနွေးထည် မပါခဲ့သောကျွန်ုပ်မှာ ခိုက်ခိုက်တုန်လျက် ရှိပါသည်။ အအေးဒဏ်ကိုကာကွယ်နိုင်ရန် ဝါးခြမ်းကလေး များကို ကန့်လန့်ခံ၍ အမိုးအကာ လုပ် လျက် ဂူသဏ္ဍာန် ကောက်ရိုး အုံ ကလေး လုပ်ပြီး ဝင် ပေါက်ကို ပိတ်၍ အိပ်ရ ပါ သည်။

နံနက်(၅)နာရီခွဲလောက်တွင် တဲရှင်ထံမှလှေကလေးတစင်းတို့အခကြေးငွေဖြင့် ငှားရမ်းပြီး ထားဝယ်မြို့သို့အရောက်ပို့စေရပါသည်။ ထားဝယ်မြို့ သဘော်ာဆိပ် ရပ်ကွက်ဆိပ်ကမ်းသို့ (၈)နာရီ လောက် တွင် ရောက်ပါသည်။ ယင်းသို့ ဝင်လာရန်မှတပါး အခြားလမ်းရွေးရန် မရှိတော့ သဖြင့် အရဲစွန့် ဝင်လာရခြင်းဖြစ်ပါသည်။ ဆိပ်ကမ်းအနီးတွင် လုပ်ဖော်ကိုင်ဖက်ရဲဘော် ရန်ရှင်းတို့အိမ် ရှိပါသည်။ ထိုအိမ်သို့ ဝင်ရန်ရည်ရွယ်၍ လာခြင်း ဖြစ်ပါသည်။ သခင် ရန်ရှင်း တို့ အိမ်သည် ပွဲရုံလည်းဖြစ်၍ တောရွာမှ လှေဖြင့် ရောက်လာသောရာသီကုန်များကို လက်ကား ရောင်းဝယ်ရာ ဖြစ်ပါသည်။

ထိုနေ့က အခန့်သင့်ပင်လှေတစင်းမှ အုန်းသီးနှင့် ဓနိသကြားများကိုအတင်အချလုပ်ရာတွင် ဝင်ရောက် ကြပ်မတ်နေသော သခင် ရန်ရှင်း၏ညီ ဖြစ်သူ (ကိုရန်လင်းလား၊ ကိုရွှေငန်း လား မမှတ်မိ တော့ပါ) ကို တွေ့ရပါသည်။ အိမ်တွင်သခင်ရန်ရှင်း ရှိကြောင်းသိရသည်။ သို့သော် အရမ်းတက် သွား၍မဖြစ်၊ ခပ်စောစောပိုင်းက သူတို့အိမ်နှင့် တအိမ်ခြား အိမ်မှ ပုလိပ်ရာဇဝတ် အုပ် သည် အိမ် ရှေ့ တွင် ထွက် ရပ်လျက် ကမ်းနားဖက်သို့ မျှော်ကြည့်နေသည်ကို တွေ့ရ သဖြင့် ဤနေရာတွင်ပင် ခဏမျှစောင့်ရန်မှာပြီး သခင်ရန်ရှင်းအား အသိပေးရန် သခင်ရန်ရှင်း၏ ညီသည် ကမ်းပေါ်သို့ တက်သွား ပါသည်၊

သို့နှင့် ရေဆိပ် တံတားပေါ်တွင် အချိန် ဖြုန်းရင်း အကြံထုတ်ဆဲမှာပင် ဘိုင်စကယ်စီး ပုလိပ်တဦးသည် ရာဇဝတ်အုပ် အိမ်ဖက်မှ ဆိပ်ကမ်း ဖက်သို့ လာနေသည်ကို တွေ့လိုက်ရသောအခါ ထိတ်ကနဲ ဖြစ်သွားမိပါသည်။ ထားဝယ်မှဝါရင့် ပုလိပ်ဟောင်း အများစုမှာ ကျွန်ုပ်အား သိထားကြသူများ ဖြစ်ပါသည်။ ထိုပုလိပ်သည် ကျွန်ုပ်အား သိ၍ ဖမ်းလား ဆီးလား လုပ်လျှင် ပြေးလိုက် လွှားလိုက် နှင့် ရှုတ် ရှုတ် သဲသဲ ဖြစ်ပြီး တမြို့လုံး သတင်း ပျံ့နှံ့ သွားနိုင်သည်။ ကျွန်ုပ် လွတ်မြောက် သွားခဲ့ သော် ထို ရပ် ကွက် ရှိ သခင် သခင်မ များအား လည်း ကောင်း၊ ကျွန်ုပ် အိမ် ရှိ ဖွားအေကြီးနှင့် အစ်မ ညီမတို့အား လည်းကောင်း စစ်ဆေးမေးမြန်းအချုပ်အနှောင်ခံကြရပြီး ဒုက္ခ ရောက်ကုန်ကြမည်။ ကျွန်ုပ် သည် နိုင်ငံရေးလုပ် ကတည်းက အိမ် ပစ် ယာ ပစ် သံယောစဉ် ဖြတ် တောက် ထားခဲ့ပြီးဖြစ်၍ မိမိသွေးချင်းသားချင်းများနှင့် ဘာမျှ မပတ်သက်တော့သည့် အကြောင်းကို အာဏာပိုင်များက သိကြမည်မဟုတ်။ ဖွားအေကြီး အသက်ကြီးခါမှ မြေးချစ်အတွက် စိတ်ဆင်းရဲဒုက္ခ ရောက်နေရအုံးမှာလားဟု တသီတတန်းကြီး အတွေးတွေ ဝင်လာသဖြင့် ဂဏှာမငြိမ် ဖြစ်နေမိပါသည်။

ဤအတိုင်းနေ၍ကား မဟန်ပေ။ တခုခုတော့ဟန်မပျက်လုပ်မှ ဖြစ်တော့မည်။ လှေဝမ်းထဲ ဆင်း၍ ပုန်းနေရမည်လော။ ထိုင်နေအကောင်းသားထသွားမှ ကျိုးမှန်းသိ ဆိုသလို လှေသားများက ဘုမသိဘမသိ ဆူဆူပူပူ မေးလားမြန်းလား လုပ်လာခဲ့လျှင် ကမ်းပေါ်မှပုလိပ်သားကို လက်ရပ်ခေါ်ပြီး လွှဲအပ်ပေးလိုက်သလိုဖြစ်တော့မည်။ စသည် စသည် တွေးမိပြီး တွန့်ဆုတ်တွန့်ဆုတ်ဖြင့်လှေဆိပ်သို့ လှမ်းကြည့်နေရင်းမှ မိမိကိုယ်ကို ကြည့်မိရာ တွန်လိမ်ကြေမွနေသော လုံချီအင်္ကျီတို့ဖြင့် ကဘိုကရိုအနေအထားကို မြင်ရပြီး ခေါင်းထဲသို့ အကြံတခု ရုတ်တရက် လျှပ်စီးလက်သလို ဝင်လာပါသည်။

ချက်ချင်းပင် လှေထဲဆင်း၍ ဓနိသကြားတပုံးကို လှေသားတဦးအား ကျွန်ုပ်ပုခုံးပေါ် ကူမ တင်စေပြီး သကြားပုံးကို ထမ်းလျက် ကမ်းပေါ်သို့ ဟန်မပျက် တက်ခဲ့ပါသည်။ဓနိသကြားပုံးမှာလေးဂါလံဝင် ရေနံဆီသံပုံး ပုံးအလွတ်နှင့်ထည့်ထားပြီး အဖုံး အပိတ်နှင့် ဖြစ်သော်လည်း ထမ်းသောအခါတွင် အယိုအဖိတ်

မရှိရအောင် ပုခုံးပေါ်တွင် ဒေါင်လိုက်ထား၍ ထမ်းရသည်။ ထမ်းသူ၏ ခေါင်းသည် တဖက်သို့ ငုံ့လျက်စောင်းငဲ့သွားပြီး လက်တဖက်ကို ပုံး၏အပေါ်နခမ်းကို ကိုင်ထားရသဖြင့် သံပုံးဖက်ကကြည့်လျှင် မျက်နှာကိုလုံးဝမမြင်ရပေ။ တဖက်ကကြည့်ပြန်လျှင်လည်း ငုံ့နေသောမျက်နှာကို လက်ဖြန်လက်မောင်းသားများနှင့် ကွယ်နေသဖြင့် အကြင်အသိ (ဝါ) သူငယ်ချင်းတဦးဦးက စိုက်၍ ကြည့်သော်မှ ရုတ်တရက် သိနိုင်ရန် ခဲယဥ်းပါသည်။

ကမ်းထိပ်တွင်ရပ်နေသောပုလိပ်သည် ကျွန်ုပ်အားအရေးစိုက်၍ပင် မကြည့်တော့ပေ။ ကျွန်ုပ်သည် ရဲရဲတင်းတင်းပင် ပုလိပ်သားအနားမှကပ်၍ အိမ်ဖက်သို့လှမ်းတက်သွားပါသည်။ ပုလိပ်လက်မှ လွတ်မြောက်လာခဲ့ပြီဟု ဆိုနိုင်သော်လည်း ရာဇဝတ်အုပ်အိမ်နှင့်ရင်ဆိုင်ရဦးမည်ဖြစ်၍ စိတ်မအေးရသေးပါ။ မျက်လုံးလှန်၍ အကဲခတ်ကြည့်လိုက်သည့် အချိန်တွင် မောင်မင်းကြီးသား ရာဇဝတ်အုပ်ကို အိမ်ရှေ့တွင် မတွေ့ရတော့သဖြင့် စိတ်သက်သာရာ ရပြီး သက်ပြင်းကြီးတချက်ဟင်းကနဲ ချလိုက်နိုင်ပါတော့သည်။

သို့ဖြင့် အိမ်နှင့် (၁၅) ကိုက်ခန့် အကွာသို့အရောက်တွင် သခင်ရန်ရှင်း ထွက်လာပြီး ကြိုတင်မပြောထားသောကြောင့် သကြားပုံးထမ်းလာသောကျွန်ုပ်ကိုမမှတ်မိဘဲ ဖြတ်ကျော်သွားပါသည်။ ကျွန်ုပ်သည် သူ့အား မတိုးမကျယ်လှမ်းခေါ်လိုက်ပြီး ဟန်မပျက် အိမ်ထဲသို့ တန်းဝင်သွားပါသည်။ ထိုအခါကျမှ သခင်ရန်ရှင်းသည် ကျွန်ုပ်မှန်း သိလာပါလေတော့သည်။ သို့သော် နောက်ကထပ်ကြပ်လိုက်မလာဘဲ အကင်းပါးစွာ မသိသလိုလုပ်၍ ကြမ်းနားဖက်သို့ဆက်သွားကာ ကမ်းထိပ်မှနေပြီး အော်ကျယ် ဟစ်ကျယ်နှင့် ကုန်တင် ကုန်ချ ရာတွင် ဝင်ရောနေပါသည်။ ပြီးမှ အိမ်ဖက်သို့ လှည့်ပြန်လာပါသည်။

သို့ရာတွင် ဘိုင်စကယ်နှင့် ရပ်နေသော ပုလိပ်သည် သခင်ရန်ရှင်းနှင့် စကားပြောရင်း တွဲလျှောက်လာသည်ကို အိမ်ထဲမှလှမ်းမြင်နေရသဖြင့် ငြိမ်စပြုနေသော ဘဝင်မှာ ထိမ်ခနဲ ခုန်လာရပြန်ပါသည်။

သို့သော် ကံမ၍ပင်ဟု ဆိုရပါမည်။ လမ်းပေါ်ရောက်လျှင် ပုလိပ်သားသည် သခင် ရန်ရှင်း အားနှုတ်ဆက်ပြီး ဘိုင်စကယ်စီး၍ ထွက်သွား ပါသည်။ ထိုနောက် သခင်ရန်ရှင်းအိမ်ထဲသို့ရောက်လျှင် ၁၀ လကြာ ကွဲကွာနေသော ရောင်းရင်းဖက်ချင်း ဖက်လှဲတကင်းနှုတ်ဆက်ကြသည်။ သခင်ရန်ရှင်း သည် ကျွန်ုပ်၏ ဖြတ်ထိုးဉာဏ်ကောင်းပုံကို ချီးမွမ်းခန်း ဖွင့်သောအခါ၊ ကျွန်ုပ်က နတ်ကောင်း နတ်မြတ် မ၍သာ ဖြစ်ရတာပါပါဟု ခပ်ပေ ပေါ်ဘဲ ဖြေလိုက်ရ ပါသည်။ အမှန် စင်စစ် ကား ကျွန်ုပ်၏ ယုံကြည်ချက်တရပ်မှာ တိုင်းပြည် နှင့် လူမျိုး အပေါ် စေတနာ မှန်ကန်လျှင် နိုင်ငံရေး နှင့် ပတ်သက်၍ မည်သို့ သောအခက်အခဲနှင့် ရင်ဆိုင်လာရ ပါစေ အကြံကောင်းဉာဏ်ကောင်းများ ဖြတ်ကနဲ ဖြတ်ကနဲ ခုန်ထွက်လာပြီး ဇွဲဝီရိယ နှင့် တွဲလိုက်လျှင် အခက်အခဲ မှန်သမျှကျော်လွှားအောင်မြင်နိုင်သည်ချည်းသာဖြစ်ပါသည်။ ဤအချက်ကို တော်လှန်ရေး ခရီးတလျှောက် ကျွန်ုပ်၏ အတွေ့အကြုံများက ထောက်ခံလာခဲ့ပါသည်။

သခင် ရန်ရှင်းအိမ်တွင် ညမိုးချုပ်သည်အထိ ခိုအောင်းနေပြီး အိမ်တအိမ်သို့ ပြောင်းရွှေ့ ခိုလှုံရပြန်သည်။ ထိုညတွင်လည်း အရေးပါသော သခင်အချို့နှင့် တွေ့ဆုံ ဆွေးနွေး ကြပါသည်။ ကျွန်ုပ် ရန်ကုန်ဆွေးနွေးပွဲမှ ယူခဲ့ရသော တာဝန်မှာ ဗမာပြည်ရှိဗြိတိသျှ အစိုးရအား လက်နက်ကိုင် တော်လှန်နိုင်ရန် ဂျပန်လေတပ်မှ လေထီးဖြင့် ချပေးသော လက်နက်များကို ရယူရန်ဖြစ်ရာ လေထီးဖြင့် လက်နက်များချပေးရာတွင် မြေပြင်မှ မီးဖြင့် အချက် ပြပေးရန် ဖြစ်ပါသည်။ သို့သော် ဂျပန်က ဧကန်မုချ လက်နက် ပေးမည်ဟု အာမခံချက် မရှိ။ ဂျပန် စစ်တပ် အပေါ်တွင် တည်ပါသည်။ ရန်ကုန်တွင် လျှို့ဝှက်တာဝန်ခံမှ တဆင့်ဆက်သွယ်ရရှိသော သတင်းသာဖြစ်၍ ရလျှင်အမြတ် မရလျှင်သရေ ဖြစ်သမျှအကြောင်း အကောင်းသာဟု ခံယူဖို့ဖြစ်ပါသည်။

ထိုအချိန် အခါက ထားဝယ်မှ သခင်အများစုမှာ ဂျပန်များကို မလိုလားကြပါ။ နဂါးနီ စာအုပ်များမှ လည်းကောင်း၊ သတင်းစာ ဂျာနယ်များမှ လည်း

ကြောင်း၊တရုပ်ပြည်၌ ဂျပန်များ ရက်စက် ညှင်းပမ်းပုံများကို သိရှိ ထားခဲ့ရပြီး ဖြစ်၍ ဂျပန်များ အပေါ် မေတ္တာကင်းလျက် ရှိပါသည်။ကျွန်ုပ်တို့ ခေါင်းဆောင်အချို့ဖြစ်သော သခင်အောင်ဆန်း၊ သခင်ဗဂျမ်းတို့မှာ ဂျပန် လက်ထဲ ရောက်ရှိလျက် ပူးပေါင်းနေပြီးဖြစ်၍သာ အခြေ အနေ အရ မချစ်သော်လည်း အောင့်ကာနမ်းရဖို့ ဖြစ်လာ ရပါသည်။

မည်သို့ရှိစေ တော်လှန်ရေးအတွက် လက်နက်ကို အပူတပြင်း လိုအပ်နေသဖြင့် လိုလားသော မလိုလားသော နှစ်သက်သော မနှစ်သက်သော စဉ်းစားနေရန် အချိန်မဟုတ်တော့။ ဘယ်သူကဘဲပေးပေး၊ လက်ခံရယူရမည်သာ ဖြစ်သဖြင့် မီးအချက်ပြလုပ်ငန်းကို သဘောတူကြ ပါသည်။ ကျွန်ုပ်သည် အဓိက ခေါင်းဆောင်ရမည့်သူဖြစ်၍ အသေးစိတ် စီမံချက်ကို ကျွန်ုပ်ကပင် လုပ်ဆောင်ရန် ဖြစ်ပြီး နေရာကိုတော့ လောင်းလုံ့မြို့နယ် ထားဝယ်အငူစွန်းရှိ မြင်းခွာအော်ခေါ် ပင်လယ်ကွေ့ကို ရွေးချယ် လိုက်ကြ ပါသည်။

၎င်းမြင်းခွာအော်ကို ရွေးရခြင်းအကြောင်းမှာ ထိုအချိန်အခါက သခင်အား၏ အမာခံမှာ လောင်းလုံမြို့နယ်ဖြစ်သောကြောင့် ဖြစ်ပါသည်။ သရက်ချောင်းမြို့နယ်တွင် စည်းရုံးရေးအင်အား မတောင့်သေးပါ။ ထားဝယ်အငူစွန်းကို ဝေဟင်မှ ကြည့်လျှင် သိသာထူးခြားသော အနေအထား ရှိပါသည်။ ထို့အပြင် အစိုးရ၏ အနှောက်အယှက် အဟန့်အတားအလွယ်တကူ မလုပ်နိုင်၊ အလှမ်းဝေးသောနေရာဖြစ်၍အရေးပေါ်လျှင် ရှောင်တိမ်း နိုင်သည်။ တောင်ဖက် တွင် ပင်လယ်ဖြစ်၍ အနှောက်အယှက် အလွယ်တကူ မရောက်နိုင်သဖြင့် သင့်တော် သည်ဟု ယူဆ၍ ရွေးချယ်ကြခြင်းဖြစ်ပါသည်။

ထိုစဉ်က ထားဝယ် နယ်၏ အခြေ အနေမှာ ယိုးဒယား၊မလေး၊စက်ာပူတို့ ဂျပန့်လက်တွင်းသို့မကျရောက်သေး၍ နယ်ခြား ဒေသများတွင် စစ်ဆင်ရေးလှုပ်ရှားမှုများ မရှိသေးပါ။ ထားဝယ် မြောက်ဖက်ကလိန်အောင်ဒေသ နယ်ခြားအနီး တောင်ခြေရင်းတွင်ပန်ချာပီ တပ်ခွဲ နှစ်ခွဲမျှသာ ထားရှိ၍ အရှေ့ဖက်မေတ္တာနယ်မြေတွင်လည်း တပ်ခွဲနှစ်ခွဲမျှထားပြီး ကျန်တပ်ခွဲများကို တောင်သုံးလုံးနှင့် မြို့ပေါ်မှာ ထားပါသည်။ကရင်နှင့် အင်္ဂလိပ်ကပြားများဖြင့်ဖွဲ့စည်းထားသော ဆပ်ပါးမိုင်းနား တပ်ရင်းတပ်ခွဲများ ကိုလည်း ခြေလျင်တပ်ရင်းများနှင့် တွဲဖက် အားဖြည့် ပေးထားပါသည်။ တောင်ဖက်ဒေသကိုကား မြိတ်တွင် အင်အားအခံ ရှိနေသဖြင့် စစ်အင်အား ဖြည့်မထားပါ။ ပုလိပ် အင်အား မျှနှင့် ဟန်ဆောင် ထားပါသည်။ အုပ်ချုပ်ရေး အခြေအနေမှာလည်း ဗရုတ်သုကၡ ဖြစ်နေပါသည်။ အစိုးရအမှုထမ်းများမှာ အလုပ်အကိုင်ကို စိတ်မဝင်စားကြတော့။သို့သော်၊၎င်းသို့သောအခြေအနေရှိလျက်ကပင် နယ်ချဲ့ လက်ပါးစေများက နိုင်ငံရေး ဖိနှိပ်ဖမ်းဆီးမှုများကို ဒလကြမ်း လုပ်လာကြသဖြင့် သခင်၊သခင်မ အများစုမှာ မြေအောက်ဆင်းကာ ပုန်းလျှိုး နေကြ ရပါသည်။ အိမ်သံယောဇဉ်၊ စီးပွားရေးလုပ်ငန်း သံယောဇဉ် တို့ကြောင့် တွေဝေနေကြသော သခင်အချို့မှာ ဖမ်းဆီးချုပ်နှောင်ခံကြရပြီး အဝေးမြို့ ထောင်များသို့ ပို့ထားခြင်းကို ခံခဲ့ကြရပါသည်။

ကျွန်ုပ်သည် ထားဝယ်မြို့တွင် နှစ်ညခိုနေပြီး သုံးညတွင် သခင်ရန်ရှင်းတို့ အိမ်ရှေ့ဆိပ်ကမ်းမှပင် လှေကလေးတစင်းဖြင့် ထားဝယ်မြစ်ကြောင်းမှ စုန်ဆင်းသွားရပါသည်။ လှေကလေးပေါ်တွင်ကျွန်ုပ်နှင့်အတူ သခင်လှရှိန်၊သခင်ဗရီနှင့်ထားဝယ်မြစ် အနောက်ဖက်ကမ်းမှ နာမည် မမှတ်မိ တော့သော လှေသားတဦးပါ ပါသည်။ မိုးသောက်ချိန်တွင် ပင်လယ်ဝ အနီးရှိ ကျောက်နီမော်ကျေးရွာသို့ ရောက်ပါသည်။ လှေကို မြို့သို့ပြန်လွှတ်လိုက်ပြီး အခြားလှေကလေး တစင်းဖြင့် ထိုရွာမှ သခင်ထွန်းရင်နှင့် အမည် မမှတ်မိ တော့သော သခင် တဦးကို ထပ်ခေါ်ကာ ကျွန်ုပ် အပါအဝင် လူငါးဦးသည် မြင်းခွာအော်သို့ ထွက်လာရာ ညနေ ၃ နာရီလောက်တွင် ရောက်ပါသည်။

မြင်းခွာ ပုံသဏ္ဍာန်နှင့်တူသဖြင့် မြင်းခွာအော်ဟု ခေါ်သော ထိုနေရာသည် အစွန်းတဖက်နှင့်တဖက် ကိုက်(၂၀၀)ကျော်မျှ ကျယ်ဝန်း ပါသည်။

အော်ကွေ့ ထိပ် နေရာ တပိုက်မှာ စား ကျက်မြေ ပမာ မြေပြန့်ဖြစ်၍ အလျားကိုက် (၁၅၀)

အနံ့ကိုက် (၁၂၀)မျှ ရှိပါသည်။ အနောက်ဖက် နှင့် မြောက်ဖက်တို့တွင်တောင်ဆွယ်ခြေရင်းဖြစ်၍ ကုန်းမြေမြင့်ကို တက်သွားရသည်။ မရောက် ဘူးဘဲ နှင့် ရွေးသာရွေးခဲ့ရပါသည်။ ယခုမျက်မြင်တွင် ကျွန်ုပ်ကြံရွယ်ထားသည်နှင့် အံ့ဝင်နေသဖြင့် ရေကန် အသင့် ကြာအသင့် ဆိုသကဲ့သို့ အဆင် ပြေ သည် ဟု ထင်မိပါသည်။

ကျွန်ုပ်တို့သည် နေရာရွေးချယ်ပြီး၍ နာရီဝက်မျှ အနားယူ ပြီးနောက် လုပ်ငန်းစတင် ပါတော့သည်။ ကျွန်ုပ်၏ အစီအစဉ်မှာ စတုရန်း လေးထောင့်ပုံ ကျကျ ထောင့်လေးထောင့်တွင် မီးပုံ (၄) ပုံကို ပုံပြရမည်။ မီးပုံတပုံနှင့် တပုံ အကွာ အဝေးမှာ ကိုက် (၁၀၀) ရှိရမည်။ ကျွန်ုပ်သည် ကိုက်၁၀၀ အကွာအဝေး ကို ခြေလှမ်း (၁၅၀) ဖြင့် သတ်မှတ်ယူရလေသည်၊ ကျန်လူများက ထင်းခြောက်များကို လိုက်လံကောက်ယူ၍ သတ်မှတ်ထားသော နေရာတွင် စုပုံပါသည်။ ညနေငါးနာရီအချိန်တွင် ထင်းအတော်များများ စုဆောင်း၍ ရလေသည်။ ထို ည အ ဖို့ လုံ လောက် ပြီ ဖြစ်၍ ရပ်နား အပန်းဖြေ ပြီးနောက် ပင်လယ်ရေချိုး၍ ကိုယ်လက် သန့်စင်ကြပါသည်။

ညစာ ထမင်းမစားမီ မီးပုံကို ကြိုတင် အစပျိုး၍ မွှေးထား လိုက်ပါသည်။ ညစာထမင်း စားသောက်ပြီးနောက် (၇) နာရီထိုးသည်နှင့် မီးတောက်ရအောင် ထင်းများ ဖြည့်ကာ မွှေးရ ပါသည်။ လေယာဉ်ပျံ အသံကြားလျှင် အဆင်သင့် မီးတောက်ကြီး မွှေးနိုင်ရန် မီးပုံတပုံတွင် လူတဦးကျ စောင့်နေ ရပါသည်။ ခရီးဆက်တိုက် လာရသဖြင့် ကျွန်ုပ်တို့မှာ ပင်ပမ်းလှသော်လည်း ဇွဲဆောင်လျက် ရှိပါသည်။ ခြင်၊ ဖြုတ်များ ကလည်း ကိုက်လှ ပါသည်။

ည (၁၀) နာရီ ကျော်ခဲ့ သည့်တိုင် ဝေဟင်တွင် ဘာသံမျှမကြားရသေးပါ။ လေယာဉ်ပျံ ဘယ်အချိန်လာမည်မှန်း လည်း မသိရ သေး။ ရန်ကုန်က ပြောလိုက်သည့် သတင်းအရ ထင်ကြေးနှင့်သာ လုပ်နေရပါသည်။ စိတ်ပျက်စရာဖြစ်သော်လည်း ကိုယ့်ကိုယ်ကို အားပေး ထားပါသည်။ မီးတပုံ လူတဦးကျ စောင့်ရသည်မှာ ပင်ပန်းလှ၍ သက်သာ လာ စေ ရန် လူအားလုံးမီးပုံတပုံနားတွင် စုနေပြီး လေယာဉ်ပျံ အသံကြားမှ ကိုယ့်တာဝန်ယူထားရသော မီးပုံသို့ အမြန်သွား၍ လုပ်စရာ ရှိသည် တို့ကို လုပ်ရန်၊ ကြားအချိန်တွင် လူ တ ယောက် လျှင် တနာရီကျ အလှည့် နှင့် စောင့်၍ မိမိအလှည့် အတွင်း မီး မ ငြိမ်း သွားစေရန် (၁၅) မိနစ် တကြိမ်ကျ မီးပုံများ ရှိရာသို့ လှည့်၍ ထင်းများထပ်ဖြည့်ရန် စီစဉ် ထားပါသည်။ သို့မှ သာ ကျွန်ုပ်တို့ နားနေအိပ်စက်ရန် အချိန်ရပါမည်။ သန်းခေါင်ကျော် ခဲ့ပြီ။ ဘာသံမှ မကြားရ။ နောက် သုံးနာရီကျော်၍လည်း ဘာမှ အကြောင်း မထူး သဖြင့် (၄) နာရီအချိန်တွင် ရုပ်သိမ်းပြီး အနားယူအိပ်စက်ကြပါသည်။

ဒုတိယညတွင် လုပ်ငန်းစကြသောအခါ၌မူ ပထမ ညကလောက်မပင်ပန်းတော့ပါ။ သက်သာမှု အစီစဉ်နှင့် လုပ်ကိုင် ရသဖြင့် အနားယူ စကား ပြောရန် အချိန်ရကြပါသည်။ သို့နှင့် ထွေရာလေးပါး စကားပြောကြရင်းက ဘယ်နှစ်ညမျှ မီးပြရမည်ကို စဉ်းစားကြပါသည်။ အစကတည်းက ကိုက အံ့ချိန်း အချက်အကန့်အသတ် အတိအကျ မရှိခဲ့၍ အပင်ပန်း ခံနိုင်လျှင် အကျိုး ရှိတန် ကောင်းပါ သည် ဟု ကျွန်ုပ် က နှစ်သိမ့် ရပါသည်။ နောက်ထပ် (၇)ည ဆက်၍ စောင့်ကြည့်မည်ဟု ဆုံးဖြတ်ကြပါသည်။ ထိုနောက် ထိုင်တွေးရင်း စိတ်ထဲတွင် ဖြစ်ပေါ် လာလာသည်မှာ အကယ်၍ လေထီး ချခဲ့သော် ဤမီး ပုံ အ တွင်း သို့ တိုက်ရိုက် ချပေးနိုင်မှ နိုင်ပါ မည် လော။ သို့တည်း မဟုတ် လေယာဉ်ပျံနိမ့်နိမ့်ပျံလာပြီး ချပေး ပါမလား။ နိမ့်နိမ့်ပျံလာပြီးချပေးမှ ဤအမှတ်အတွင်း ကျနိုင်မည်။ အမြင့်ကြီးမှ ချခဲ့သော် လေကြောင်းသင့်၍ ပင်လယ်ထဲသို့ကျသွားပြီး ရေမြုပ် ဆုံးရှုံး နိုင်သည်။ ဤကဲ့သို့ဖြစ်လာလျှင်မည်သို့ပြုလုပ်မည်နည်း။ လှေနှင့် အဆင်သင့်ကြို၍ လက်မြန် ခြေမြန် ဆယ်ယူ နိုင်ရမည်။ လှေ ငှိုင်နိုင် ဝိရိယ ကောင်းကြမှ တော်ကာ ကြပေမည်။ ယခုမှထိုအခြေအနေကို သတင်းပို့ရန် မလွယ်တော့။ ဖြစ်လည်း မဖြစ် နိုင်တော့။ နေရာသစ် ရှာ ဖို့ လည်း အချိန်မရတော့။ ဤပြဿနာကို တွေးမိသော အခါ

စာမျက်နှာ (၁၅၃) သို့ ☆

ယားယီနှလုံးသားများနှင့်အတူ

ကိုယ်တယောက်ထဲ

သောကဝေဒနာ....... ခြေရာလေးတွေ....... ရေကောက်ရင်း.......

သောကဝေဒနာ.... ခြေရာလေးတွေ.... ရေကောက်ရင်း....

* * * *

၁၉၇၀ ခုနှစ်၊ နိုဝင်ဘာလ (၃၀) ရက်နေ့။

မနွယ်နွယ်လှိုင်ဆိုသော မိန်းခလေး၊

ကိုယ်က ဆယ်တန်းကျောင်းသားအသစ်။ မမနွယ်က ကျောင်းသူ လှလှလေး။ တနေ့ ကိုယ့်စာရေးခုံကိုဖွင့်လိုက်တော့ သင်္ချာလေ့ကျင့်ခန်းစာအုပ်တအုပ် ရှိနေတယ်။ စာအုပ်အတွင်းဖက် စာမျက်နှာပေါ်မှာ 'မနွယ်နွယ်လှိုင်' တဲ့။ ကိုယ်တို့အတန်းထဲမယ် မနွယ်နွယ်လှိုင်ဆိုတာမရှိတော့ ညနေကျောင်းက ကျန်ရစ်တာဘဲဖြစ်ရမယ်လေ။ 'ပိုင်ရှင်မှန်ရင် ပြန်ယူနိုင်တယ်လို့' စာတိုလေးနဲ့ ညနေကျောင်းဆင်းတော့ ထားပစ်ခဲ့တယ်။

နောက်တနေ့.... 'ဇေကျေးဇူး အထူးတင်ပါတယ်ရှင်၊ နံမည်သိပါရစေလား' ဆိုတဲ့ စာတိုလေးကို တွေ့ခဲ့ပြန်တယ်။ ဒီလိုနဲ့....

နောက်နေ့.... နောက်နေ့တွေမှာ၊ စာတိုလေးတွေ၊ နှင်းဆီပွင့် နီနီ ကလေးတွေ၊ စပယ်ပွင့်နွမ်းနွမ်းလေးတွေ၊ ကဗျာစာအုပ်လေးတွေက ကိုယ်နဲ့ မမနွယ်အကြား လူးလား ပြေးလွှားနေကြတယ်။

ကိုယ့်စိတ်တွေ သိပ်လှုပ်ရှားနေတယ်။ လှမ်းနေတဲ့ ခြေလှမ်းတွေတောင် မြေကြီးနဲ့မထိသလို ခံစားနေမိတယ်။ ပျားပန်းခတ်သွားနေတဲ့ ကျောင်းသားတွေကို ရှောင်ရင်း.... တိမ်းရင်း....။

နှင်းဆီပွင့်နီရဲရဲပန်ဆင်ထားသော မိန်းခလေးတဦးဆီသို့....။

'မနွယ်နွယ်လှိုင်....ပါနော်....'

'ကိုထွေး.... ပါနော်....'

'တွေ့မှတွေ့ပါ့မလားလို့.... မမနွယ်၊ နှင်းဆီပွင့်နီပန်ထားမယ်လို့ မမနွယ်ရဲ့ကတိစကားကိုဘဲ အားကိုးပြီး လာခဲ့တာ'

'မမနွယ်ဘယ်တော့မှကတိမပျက်တတ်ဖူးကိုထွေးရဲ့'

'ဝမ်းသာပါတယ် မမနွယ်၊ ကျနော့ခင်မင်မှုဟာမြေကြီးလိုတည်တန့်နေမှာပါ၊ အရာရာဟာပြောင်းလဲတတ်ပေမယ့် မမနွယ်စိတ်တော့ မပြောင်းပါစေနဲ့ လို့ ကျနော်ဆုတောင်းပါတယ်'

'မမနွယ်လဲ ဆုတောင်းပါတယ်ရှင်'

ပန်းမင်းတော်ဝင် သဇင်နှင့် ဆောင်းနှင်းမြူတို့ တန်ဆာဆင်တဲ့ ဆောင်းရက်တွေက လှပနေမြဲ။ ကံ့ကော်ပင်အောက်က ကိုယ်နဲ့မမနွယ်တို့နှစ်ဦးရဲ့နံဘေးမှာ ကံ့ကော်ပွင့်တွေ တဖွားဖွားကြွေဆဲ။

'ကံ့ကြမ္မာဆိုတာ ကိုထွေးယုံသလားဟင်'

'ယုံတယ်၊ မယုံဖူး'

'မမနွယ်တော့ ကံဆိုတာကို ယုံတယ်၊ ကြည့်ပါလား၊ မမနွယ်နဲ့ ကိုထွေးတို့အဖြစ်ဘဲ ကြည့်ပါလား၊ ကံ မျက်လှည့်ကြောင့် သံယောဇဉ်ကြိုး ခိုင်ခိုင်တိုးရတယ်မှတ်လား'

'တိုက်ဆိုင်တယ်လို့ကော မဆိုင်နိုင်ဖူးလား မမနွယ်'

'တိုက်ဆိုင်တယ် ဆိုတာ လိမ်ညာ သူတို့ရဲ့ အကောင်းဆုံး သစ္စာစကားပါ ကိုထွေး၊ မမနွယ်က လိမ်ညာသူမဟုတ်တော့ ရင်ထဲမှာသာ သိမ်းထားရဲတယ်လေ'

'အဲလိုဆို မမနွယ်လဲ ညာနေတာဘဲ'

'မမနွယ် မညာပါဖူး၊ ကိုထွေးကို မမနွယ် မညာချင်ဖူး၊ မမနွယ် နှလုံးသားမှာ ကိုထွေး တယောက်ထဲဘဲ နေရာရှိတယ်'

ချယ်ရီပွင့်ကြွေ တပွင့်က ကိုယ့်ခြေရင်းသို့ သက်ဆင်းလာတယ်။

ဆောင်း၏အအေးဓာတ်ကို မသိမသာ ခံစားလိုက်ရတယ်။

* * *

၁၉၇၁ ခုနှစ်၊ ဇန်နဝါရီလ (၁၂)ရက်နေ့။ သက်သက်ဆိုသောမိန်းခလေး။

'ကိုထွေး'

'ဆို.... သက်သက်'

'သက်သက် မနေ့က ကျောင်းမတက်ဖူး'

'ဒီတော့....'

'သက်သက် လေ့ကျင့်ခန်းတွေ ကျန်ရစ်တာပေါ့'

'အဲဒါ....'

'သက်သက် ကူးချင်လို့ပါ'

'ဘာတွေလဲ'

'ရူပရယ်၊ ဓာတုရယ်၊ သင်္ချာရယ်'

'ကဲ....ရော့....'

သက်သက်က လိုက်လိုက်လှဲလှဲပြုံးပြတယ်။ စပယ်ဖူးလေးလို သွားတက်ကလေးနဲ့ သက်သက်အပြုံးက ဝင်းလက်ကြည်လင်လှပါတယ်။

'ဘယ်လိုလဲ သူငယ်ချင်း'

'ဒီလိုဘဲ သူငယ်ချင်း'

'အချင်းချင်းဘဲကွာ'

'မြင်တဲ့အတိုင်းပါဘဲ'

'ဟာ မင်းကလဲ၊ သက်သက်နဲ့မင်းဘယ်လို'

'ရိုးရိုးဘဲ'

'အင်း.... မင်းကရိုးရိုး၊ ဟိုက ဆိုးဆိုး၊ သက်သက်က မင်းကိုသိပ်ကြည်တာကွ၊ မင်းဟီးရိုးဘဲ'

'တော်ကွာ ဥာဏ်ဝင်း'

အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ကိုယ့်သူငယ်ချင်းဥာဏ်ဝင်းက လက်ညှိုးနဲ့ လက်ခလယ်နှစ်ချောင်း ထောင်ပြတယ်။ ကိုယ့်ရင်ထဲမှာ 'သိမ့်' ကနဲ လှုပ်ခါ လိုက်တာ ကိုယ်သတိထားမိတယ်။

စာမေးပွဲကြီးမဖြေခင် ကိုယ်တို့အတန်းမှာ တစုတဝေး စားသောက်ကြတဲ့ ကျောင်းဆင်းပွဲ ဆိုတာ ပြုလုပ်တယ်။ ပြီးတော့ မောင်းမကန် ကမ်းခြေသို့ တပျော်တပါး ခရီးဆက်ကြပြန်တယ်။

လိမ်မာ ယဉ်ကျေးတဲ့ မောင်းမကန် အလှဟာ အိန္ဒြေကြီးလွန်းတယ်လို့ ကိုယ်ထင်မိတယ်။ ရေပြာပြာ မိုးပြာပြာနဲ့ သာယာလှတဲ့မောင်းမကန်။

'ငိုင်လှချည်လားကိုထွေး၊ ဘယ်သူ့ကိုများ ဆွေးနေလဲ'

'အော် သက်သက်၊ မဆွေးပါဖူးဗျာ၊ တွေးနေတာပါ'

'အဲ့ဒါပေါ့၊ ဘာတွေးနေတာလဲလို့'

'အင်း.... ဟိုးအဝေးကြီးက ပြေးလာကြတဲ့ လှိုင်းကလေးတွေဟာ သောင်ခြေလဲ ရောက်ရော အမောဆို့ပြီး လဲကျသွားပေမယ့် အရှုံးမပေးဘဲ ပြန်ကျိုးစားတတ်တဲ့ သူ့သတ္တိကို ချီးကျူးနေမိတာ၊ အဲ့ဒါဘဲ သက်သက်၊ ဆေးလိပ်သောက်ရင်းတွေးနေတာ'

'ဆေးလိပ်သောက်တတ်သူတွေရဲ့ လောကကို ဆင်ခြင်တာဟာ၊ မသောက်တတ်သူတွေထက် ထိရောက်တယ်လို့ သက်သက်ကြားဖူးတယ်၊သက်သက်တော့လေ ယောကျာ်းလေးဖြစ်ပြီး ဆေးလိပ်မသောက်တတ်ရင် မိန်းမရှာလို့ဘဲ အောက်မေ့တာဘဲ'

'အင်း.... သက်သက်လဲ မဆိုးပါလား'

'တကယ်ကိုထွေး.... သက်သက် မညာဖူး၊ ဆေးလိပ်သောက်တတ်သူမှ သက်သက်ကရွေးမှာ'

'ဟင်း....ဟင်း....သက်သက်က အဆန်းပါလားနော်'

'သက်သက်ရင်ထဲမှာဆို ဒီ့ထက် ဆန်းသေးတယ် ကိုထွေးရဲ့'

'ဆိုပါအုံး သက်သက်'

'မဆိုလဲဘဲ ကိုထွေးနားလည်ပါတယ်လေ'

လှိုင်းခေါင်းဖြူဖြူတလုံးက ဝုန်းကနဲ သောင်ခြေမှာ အရှုံးပေးသွားတယ်။ မောင်းမကန် ပန်းချီက အရှုံးပန်းချီဆန်သွားတယ်လား မပြောတတ်။

*　　　*　　　*

၁၉၇၂ ခုနှစ်၊ မေလ (၇) ရက်နေ့။
မာလာဝေဆိုသောမိန်းခလေး။

ကိုယ် နဲ့ မာလာဝေက အတန်းတူ၊ ဘာသာတူ၊ ခုံအမှတ်ချင်း ကပ်ရက်မို့ ခင်မင် ရင်းနှီး ကြတယ်။ အထူးသဖြင့်လက်တွေ့ခန်းထဲမှာဆိုရင် နှစ်ယောက်တွဲ ပူးတွဲလုပ်ကြရလို့ ပိုပြီးကျွမ်းတဝင် ရှိကြတယ်။

မာလာဝေက ကခုလေး ဆန်ဆန်၊ စိတ် မြန်မြန် လက်မြန်မြန်နှင့်ဗိုးဗိုးဇပ်ဇပ် လုပ်တတ်တယ်။ လက်တွေ့လုပ်ပြီဆို မာလာဝေအဆိုးဆုံး၊ သူအရင်လုပ်ရမှ ကျေနပ် တတ်သူ။ ကိုယ်က အေးအေး ဆေးဆေး သူပြီးမှ တယောက်ထဲလုပ်ပြီး အဆောင် ပြန်တယ်။

မာလာဝေတယောက် ဗျာပွေရတဲ့ နေ့ကို ကိုယ် မှတ်မိနေတယ်။ ဓာတုဗေဒလက်တွေ့လုပ်တော့အမှား ချည်းဆက်တိုက် တွေ့နေရတာနဲ့ငိုမလိုလို သူ့မျက်နှာလေးကသနားစရာ အံကောင်းသား။ နောက်တော့ ကိုယ်မနေသာဘဲ ဝင်ပြ ရတယ်။ ဆရာ လုပ်ချင်သူလေးက ကျေးဇူးတင်ရမယ့်အစားအိမ်ပြန်ဖော်အဖြစ် ကိုယ့်ကိုပါ အဆစ်ခေါ်လာလိုက်သေးတယ်။

ကိုယ်နဲ့ မာလာဝေဟာ မော်လမြိုင် ကောလိပ် ရုက္ခဗေဒ ဥယျာဉ်ကို ဖြတ်ကျော်ပြီး နာဂံဝံ့သ စမ်းချောင်းကို ခွစီးထားတဲ့ တံတား ခုံးခုံး ကလေးပေါ် လျှောက်လာတယ်။အပွင့်စုံတဲ့ရုက္ခဥယျာဉ်ရဲ့ ချိုမြိန်တဲ့ ရနံ့က ရင်ကိုအေးမြစေတယ်။ ရောင်စုံ လိပ်ပြာလေးတွေကလည်း ဝဲလို့ ပျံလို့ မြူးတူးလို့....။

မာလာဝေတို့အိမ်က ကျောင်းနှင့် တမိုင်သာသာ လောက်ဘဲဝေးတယ်လေ။ 'ရွက်ကြွေလမ်း' လို့အမည် ပေးထားတဲ့ လမ်း ကလေး တလျှောက် အေးချမ်း ငြိမ်သက်စွာ အတွေး တဝေဝေနဲ့ လျှောက်လာတုန်း မြူနံ့းဆိုနွေနှောင်းမိုးက ဝေါကနဲရွာချလာတယ်။

မာလာဝေမှာ ပါလာတဲ့ ထီး တချောင်းထဲကို နှစ်ယောက်သားပူးပူးကပ်ကပ်ခိုကြရတယ်။ နူးညံ့တဲ့ အထိ အတွေ့နဲ့ ပူနွေး ရှိန်းမြလွန်းလို့ ကိုယ့်ရင်ထဲမှာ ကတုန်ကရင်ကြီးခံစားရပါပကော။ ကိုယ်က မာလာဝေကိုငဲ့ကြည့်လိုက်တယ်။ ညို့မျက်လုံး ကဝေ့ကဝ့ါ က မာလာဝေ့မျက်နက်ဝန်း တခုလုံး ရီးဝေလေး ခိုနေသလား။

'မာလာ'

'ရှင်'

'ကိုယ့်ကိုခွင့်လွှတ်ပါနော်'

'ဘာကိုလဲ ကိုထွေး'

'အော်....မာလာရယ်....'

'ချစ်တယ်လို့ ပြောမှာ မှတ်လား'

'အို....မာလာကလဲ'

'မအိုနဲ့....မာလာကအပျိုရှင့်၊မာလာလဲ ကိုထွေး ကို ချစ်ပါသတဲ့'

မိုးထဲလေထဲ၊စိုစိုရွှဲလဲ၊အသဲနှစ်မှာ၊ ဂဟေသာပင်၊ သစ္စာလမ်းသို့ လျှောက်ကြစို့။ ပို့စကဒ် ထုတ်ခဲ့တဲ့ ကိုယ့်ကဗျာလေးက အသက်ဝင်လာတယ်။ ရင်ခုန်သံ တိုးတိုးညှံဆဲ။

* * *

၁၉၇၂ ခုနှစ်၊အောက်တိုဘာလ (၁)ရက်နေ့။
ကြူကြူငွေး ဆိုသော မိန်းခလေး။

ကိုထွေးရှင့်....

မောင်လွှမ်းထွေး (ထားဝယ်) အမည်နဲ့ ကဗျာ ရေးနေတဲ့ကိုထွေးကို ကြူကြူသိပါတယ်၊ ကြူကြူ ကိုတော့ ကိုထွေး သိမှာမဟုတ်ဖူး၊ ကြူကြူလေ ကိုထွေး ရေးတဲ့ ကဗျာလေးတွေ ရှာဖွေ စုစည်း ထားတယ်၊ဘာဖြစ်လို့လဲသိလား၊ ကြူကြူ ရင်ထဲ မှာ ကိုထွေးရဲ့ သက်မဲ့ ကဗျာ စာလုံး လေး တွေ ထာဝရ ရှင်သန် လူးလွန့် နေလို့ဘဲ။ ဟုတ်တယ် ကိုထွေးရဲ့၊ဆွတ်ပျံ့ရင်မောရအောင် ဇွက်သိုထိန်ချန် ထားတဲ့ ကိုထွေး ရဲ့ ရင်မြည်သံ တွေကို ထိတွေ့ တိုင်း ကြူကြူ့နှလုံးသားမှာလေ ညွတ်နူးပျောင်း နွဲ့ရတယ်ကိုထွေးရယ်၊ ညွတ်နူးပျောင်းနွဲ့ ရတယ်။

ကိုထွေးကို ကြူကြူ လေးစား ကြည် ညို ပါ တယ်၊ ဝေဒနာမြူမှုန်မစင်တဲ့ ကိုထွေးဘဝထဲကို ကြူ ကြူ ဝင် ပါ ရစေ ကို ထွေး၊ လရောင်လိုတဲ့ ပန်းကုမုဒြာလို ကို ထွေး နှ လုံးသား လန်းဆန်းဖို့ ကြူကြူ့မေတ္တာရေစင် ဖြန်းပါ့မယ်၊ ကိုထွေးရယ် ဝေဒနာမြစ်ဘဖက်ကမ်းကကူးလာမယ့် ကိုထွေးကို သည်မှာဖက် မေတ္တာ သောင်ခြေ ဦးက ကြူကြူ စောင့်ကြိုနေပါ့မယ်။

ရှင်လန်းချမ်းမြေ့ပါစေ။
ကြူကြူငွေး
အမှတ် (.......)
ဇရစ်ရပ်၊ ထားဝယ်။

ဩော်....မိုးဖွဲသန်ကြွင်း၊ လေမြူပြည့်ဦးသည့်ပင်– မပြယ်နိုင်တပြယ်။

* * *

၁၉၇၃ခုနှစ်၊မတ်လ (၂၃) ရက်နေ့။
မွန်ဝါဆိုသော မိန်းခလေး။

'ဟို....ဟိုမှာ သူငယ်ချင်း'

'ဘာလဲကွ'

'မွန်ဝါလေကွာ'

'အဲဒါဘာဖြစ်လဲ....ဖူးလိုက်ရမလား၊ သူ့ဟာသူ မွန်ဝါကမွန်စိမ်း ဖြစ်နေပါစေပေါ့'

'ဟာ....မောင်ရင်က ကျောင်းတက် နေတော့ ဒီကအကြောင်း ဘာမှမသိဖူးကွ၊ အဲဒီ မွန်ဝါဆိုတာ'

'ဆိုစမ်းပါအုံး'

'ချောတယ်၊ လှတယ်၊ ရိုးစား မထား တတ်ဖူး၊ မာနကြီးတယ်၊ဒါတွေဟာ မွန်ဝါ့ အရည်အချင်းတွေ'

'ဟုတ်ကဲ့လား သူငယ်ချင်းရာ'

မွန်ဝါက သမဝါယမ ဌာနက ရုံး ဝန်ထမ်း တ ယောက်။ ကိုယ့်သူငယ်ချင်း ဖိုးဟန်အေး ပြောသလို အချော အလှ ပေါ်တွင် မာန တံခွန် တလူ လူ လွင့် နေတာ။ဖိုးဟန်အေးအပါအဝင် တော်တော်များများ က မွန်ဝါ့မေတ္တာပိုင်ဆိုင်နိုင်ရန် ကြိုးပမ်းခဲ့ကြတယ်။

မွန်ဝါ့ အဖြေက 'စိတ် မဝင် စား သေးဖူး' တခု တည်းသော အဖြေ။

'မွန်ဝါ....'

'ကိုယ့်နာမယ် ကိုထွေး ....မွန် ဝါ့ကို စိတ် ဝင် စားတယ်'

'မနှောက်ယှက်ပါနဲ့....'

မွန်ဝါ့မျက်နှာကတင်းမာလျက်။

နောက်တနေ့။

'မွန်ဝါ....မွန်ဝါ့ကို ကိုယ်စိတ်ဝင်စားတယ်'

'မေ့ပစ်လိုက်....' မွန်ဝါ့သမင် မျက်လုံးလေးက ဝေ့ဝိုက်လျက်။

နောက်တနေ့။

'မွန်ဝါ....မွန်ဝါ့ကို ကိုယ်စိတ်ဝင်စားတယ်'

'တောင်း ပန် ပါတယ်ရှင် ....' မွန်ဝါ့ အသံက စောင်းခတ်သံလို ချိုချိုသာလျက်။

နောက်တနေ့။

'မွန်ဝါ....မွန်ဝါ့ကို ကိုယ်စိတ်ဝင်စားတယ်'

'မွန်ဝါလဲ စိတ်ဝင်စားပါတယ်....ကိုထွေး'

မွန်ဝါ့ နှလုံးသား တံခါးက ပွင့်ဟလျက်။

နွေပူပူ လေပူပူမှာရွက်ဝါတွေက မြေဝယ် လူးလှိမ့် ပြေးဆော့နေတယ်။

နွေမင်းသားလဲ တေး မဆို သာ တော့၊ ရင် ကွဲ ရှာပြီလား။

* * *

'တူး တူး'

'ရှင် ရှင်'

'ဒါ ဘာလုပ်တာလဲ တူးတူး'

တူးတူးလက်ထဲမှ စာရွက်များလွတ်ကျကုန်သည်။ ကျနော့ အသံက ဒေါသလှိုင်းများ ကျနေ သည်မို့ တူးတူးခမြာ ကတုန်ကရင်နှင့် 'ထိတ်လန့်စွာမျက်လုံး လေးဝိုင်းဝိုင်း။ကျနော့အား မော်ကြည့် နေတယ်။

'ကိုယ့်စာတွေ ဘာလို့ခိုးဖတ်နေရတာလဲတူးတူး'

တူးတူးက မလှုပ် မယှက်နဲ့ အသက် မရှိ သော ပန်းပုရုပ်ထု တခုပမာ။

'ဒီမှာတူးတူး ကိုယ်မေးနေတယ်၊ ကိုယ်မသိဘဲ ဘာဖြစ်လို့ အဲဒီစာတွေ ခိုးဖတ်နေတာလဲလို့'

'ဟို....ဟို....တူးတူး.... တူးတူး ခိုး မဖတ် ပါဖူး ကိုကိုထွေး၊ တူးတူး ကိုကိုထွေးရဲ့ စာရေး စားပွဲကို ရှင်းရင်း စားပွဲအောက် မှာ ကျနေ တာနဲ့၊ ဘာ စာ လဲလို့ တူးကူး ဖတ်နေမိတာပါ'

တူးတူးအဖြေ။

မှန်ပါသည်။ အပြစ်ကင်းသော တူးတူး၏ အဖြေ ပင် ဖြစ်ပါလိမ့်မည်။

ကျနော်သည် စာရေး စာဖတ်၊ ကဗျာ စပ်သော စာပေသမားတယောက် ဖြစ်၍ကျနော့စာရေးစားပွဲမှာ အမြဲမြဲအလိုလို စာ့ကြက်စာတမ်း၊စာအုပ်များ ဗလပွေ ဖြစ်လျက် ရှိနေ တတ်သည်။ သည်အခါ တူးတူးတ ယောက် မကြည့်ရက်ဟု ဆိုကာ သေသေ သပ်သပ် ဖြစ်အောင် ရှင်းပေးမြဲ ဖြစ်သည်။

ဆိုခဲ့သော တူးတူး ဖတ်နေသည့် ကျနော့ ဘဝ မှတ်တမ်းစာရွက်များမှာလည်း ညက ကျနော်ဖတ်ပြီး သည်နှင့် စားပွဲ ပေါ်တွင် ချထားကာ မေ့လျော့နေ သောကြောင့်အောက်သို့ ကျနေခြင်း ဖြစ်ပေလိမ့်မည်။ ကျနော့ ရင်မှ ခက်ထန် သော ဒေါသ လှိုင်း များ ငြိမ်သက် ဝပ်စင်း သွားသည်။

နူးညံ့စွာဖြင့် ကျနော် ဆိုမိ၏။

'တူးတူး....အဲဒီစာရွက်တွေပြန်သိမ်းလိုက်ပါအုံး'

'ဟုတ်ကဲ့ ကိုကိုထွေး'

ပြန့်ကျနေသော စာရွက် များကို ကောက်ယူ နေ သည့် တူးတူးမှာ အပြစ်ကင်းစင်လွန်းသော ကလေး ငယ်တဦးလိုပင် ကျနော် မြင်မိသည်။ တူးတူးတို့အိမ် နှင့်ကျနော်တို့အိမ်မှာခြံချင်းကပ်ရက် ဖြစ်သည်။ တဦး တည်းသောတူးတူးကို သူ့မိဘ များက အလိုလိုက် သလို သမီးရှားပါးသော ကျနော့မိဘ များကလည်း ချစ် ကြသည်။

တူးတူးက သည်နှစ် အခြေခံ ပညာရေး အထက် တန်းကျောင်း စာမေးပွဲ ဖြေဆိုထား၏။ စာမေးပွဲ မဖြေ ခင် က ဆိုလျှင် သူ မသိသည် များကို အတင်း ပူဆာမေးတတ်သည် သာမက ကျနော့ စာရေး စားပွဲ သည်ပင် တူးတူး စာကျက် စားပွဲ ဖြစ် ခဲ့ရ သည်။ အခါမရွေး ဝင်ထွက် သွား လာ နေ သော တူးတူး တယောက် ကျနော်တို့ အိမ်တွင် ဗိုလ်ကျ နေသည်မှာ မဆန်းတော့။

'ကိုကိုထွေး'

'ဗျာ....ဗျာ'

ကျနော့အတွေးက တပိုင်းတစရပ်တန့်သွားသည်။

'တူးတူး မေးမယ်နော်၊ ကိုကိုထွေး မှန်မှန်ဖြေမ လား'

'အော် တူးတူးရယ်၊ တူးတူးကို ကိုကိုထွေးဘယ် တုန်းက လိမ်ခဲ့ဖူးလို့လဲ'

'တကယ်ပါ၊ ကဲ....တူးတူး မေးချင်တာမေးလေ'

တူးတူးက ချက်ချင်းမမေး။ ကျနော့အား မဝံ့မရဲ အားနာဟန် စိုက်ကြည့်နေသည်။ သို့သော် တူးတူ

မျက်လုံးများကား ရီဝေလျက်၊ သံယောဇဉ်လား၊ ဂရုဏာလား ကျနော်မဝေခွဲတတ်။မဝေခွဲတတ်။

'မှတ်တမ်းထဲကလို ကိုကိုထွေးက ဝေသန္တရာ နှလုံးသားဘဲလားဟင်'

မပြေးသော် ကန့်ရာရှိ။ ကျနော့် ရင်မှာ နင့်သွားသည်။ တူးတူး အမေးကို မဖြေလိုပါ။ လူတွေမသိသော အထူးသဖြင့် တူးတူးမသိသော အမှန်တရားကို ကျနော် မဖြေလိုပါ။ ပြတင်းပေါက်မှ ကျော်၍ ဖွွေရာမှ သဲလာသော မိုးပွင့်ဖြူ လေးများကို ကျနော် အမိပ္ပါယ်မဲ့ ငေးကြည့်နေ မိသည်။ အော်....သည် အမေးမျိုးကိုမှ မေးတတ်လေသော တူးတူး....။

'ဖြေလေ ကိုကိုထွေး၊ ဘာလို့ငိုင်နေတာလဲ'

တူးတူးက သိချင်ဇောနှင့် ထပ်ကွန့် လာပြန်သည်။

'အော်....အင်း....ကိုကိုထွေး စဉ်းစား နေတာပါ၊ တူးတူး ထင်သလို ဝေသန္တရာ နှလုံးသားတော့ မဟုတ်ဖူး တူးတူး။ မဟုတ်ဖူး'

'ယာယီ နှလုံးသားလို့ဆိုရင် ပိုမှန်လိမ့်မယ်'

ခိုင်မာသော ဆုံးဖြတ်ချက်နှင့်မို့ ကျနော့်အသံက ပြတ်သား တည်ကြည် နေသည်။

'ယာ..........ယီ........နှလုံး........သား....'

'ဟုတ်တယ်။ ယာယီ နှလုံးသားဘဲ တူးတူး'

'အင်း....ဟုတ်ရမယ်၊ ကိုကိုထွေးရဲ့ မှတ်တမ်းအရ ဆိုရင် ကိုကိုထွေးက လက်ဝေခံ အဆင့်ပဲ ရှိသေးတာ၊ တူးတူးလဲ သတိထားမိတယ်'

ခေါင်းခါခါ လည်ခါခါနှင့် တူးတူးက ဆက်ဆိုသည်။

'အဲဒီတော့ ကိုကိုထွေးရယ်၊ လက်ဝေခံ ယာယီကနေပြီး တယောက်ယောက်ကို ထာဝရ ပေးလိုက်ပါလား'

ကျနော့်နှလုံးသားက နိုးထလာသည်။မာနရှိလာသည်။ သည်တော့ ခိုင်မာသော ဆုံးဖြတ်ချက်နှင့် အတူ ကျနော့်နှလုံးသားကို ခွဲခြမ်း စိတ်ဖြာ လိုက်သည်။

'ဒီမယ်တူးတူး၊ နှလုံးသားမှာ ကိန်းဝပ်တဲ့မေတ္တာမျိုးဆိုတာလေ....ပေးတိုင်းလဲ မယူတတ်ဖူး၊ ယူချင်တိုင်းလဲ မပေးရက်တတ်ဖူး၊ ပေးချင်တိုင်းလဲ မပေးတတ်ဖူး၊ သိလား တူးတူး'

ကျနော့်ရင်မှာ နင့်နေသည်၊ နှလုံးသားမှာ နင့်နေသည်၊ တူးတူးကပြုံးသည်။ မွဲမွဲပြုံးသည်။ ပြီးတော့ သိမ်သိမ်မွေ့မွေ့ဆို၏။

'ကျေးဇူးတင်ပါတယ် ကိုကိုထွေး၊ တူးတူးသိရလို့ ကျေးဇူး တင်ပါတယ် ရှင်၊ ဒါပေမယ့်....ကိုကိုထွေး စကားနဲ့ဘဲ တူးတူး ပြောပါရစေ၊ ပေးချင်တဲ့သူက ပေးပေမယ့်သူမယူလို့ ညှိုးနွမ်းရင့်ရော်ရတဲ့ မေတ္တာမျိုးလဲ ရှိတတ်ပါသေးတယ်လို့'

တူးတူးက နှုတ်မဆက်။ ကျနော့်ကိုပင်နှုတ်မဆက်ဘဲ ခေါင်းငုံ့လျက် ချာကနဲ လှည့်ထွက် သွားသည်။ သို့သော်....တူးတူး မျက်ရည် တပွင့်....နှစ်ပွင့်....၊ သုံးပွင့်....။

ချစ်ခြင်း၊ မုန်းခြင်း သံသရာနယ်မှ မေတ္တာကိုမပိုင်ဘဲ ခွဲခြမ်း စိတ်ဖြာ မိသော ကျနော့်မှာသာ တယောက်တည်း တွေဝေလျက် ကျန်ရစ်ခဲ့သည်၊ ထိုထက်....ကျနော့်မှာသာ တယောက်တည်း။

'ဟေ့ညီထွေး၊ ဘာငိုင်နေဟာလဲကွ'

ကျနော့် အကို ကိုကိုလေး။ အမွှာ ညီအကိုမို့ တယောက်နှင့်တယောက် သိပ်ချစ်ကြသည်။ အမွှာဖြစ်ပေမယ့် ကိုကိုလေးက အားကစားသမား၊ကျနော်က စာပေ အနုပညာသမား၊ သွေးတူ သော်လည်း စရိုက်ခြားသည်။

ကျနော်က မော့ကြည့်လိုက်သည်။ မှိုရသောမျက်နှာနှင့် ကိုကိုလေးအား တွေ့ရပါ၏။

'ကိုလေး ဒီနေ့ ဘောလုံးကွင်း မဆင်းတော့ဖူးကွ၊ညီထွေးကို ဝမ်းသာစရာ ပြောရအုံးမယ်၊ဒီလို....ဒီလို'....ဝမ်းသာရွှင်မြူးနေ၍ ကိုကိုလေးမျက်နှာတခုလုံး ဝင်းထိန်နေသည်။ ကျနော် တခွန်းမတုန့်။ ခပ်ဆိတ်ဆိတ်။

'မနက်ကလေ ကိုလေး တူးတူး တို့အိမ် သွားတယ်၊ပြီးတော့....အခြေအနေအချိန်အခါ အခွင့်သင့်

တာနဲ့၊ ကိုလေး တူးတူးကို မေတ္တာ ရှိကြောင်း ရင်ဖွင့်ပြလိုက်တယ်၊ အဲဒါလေ....တူးတူးက၊ ကိုလေး မေတ္တာကို လက်ခံပါတယ်တဲ့ကွ သိလား ညီထွေး၊ ကိုလေး မေတ္တာကို လက်ခံပါတယ်တဲ့'

အောင်မြင်သော စစ်သူကြီး ပမာ ကိုကိုလေး အသံက ဝင့်ထယ်နေသည်။

ကျနော့မှာမူ....၊ ကျနော့မှာမူ....။

တယောက်သော သူက....အခင် အမင် ဆုံးနှင့် ဘဝတူမျှ အချစ်ဆုံးသူ တယောက်။

တယောက်သောသူက သွေးသား ဆက်စပ်နေသော အချစ်ဆုံး အမွှာ။

ကျနော်က တခွန်းတည်းသော စကားကိုသာ ဆိုမိပါ၏။ ဆိုနိုင်ပါ၏။

'ကိုလေး....ကံကောင်းပါတယ်....'

၁၉၇၆ ခုနှစ်၊ ဇွန်လ (၉) ရက်နေ့။
တူးတူး ဆိုသော မိန်းခလေး။

* * *

ငယ်ကကျွမ်းတဲ့....ကျွမ်းသူရေ....
အနှစ်တရာ၊ မမေ့သာဘူ
ချစ်သက်စုနှင်း၊သက်လုံးရင်းမျှ
ရင်တွင်းသိုသိပ်၊တံခါးပိတ်ထား
တိတ်တိတ်ထားလဲ
နောင့်အသဲ၊ဖြတ်ကာနဲ့ပွင့်
သခင့်....သခင်။

"အချစ်ဆုံး....တူးတူးရယ်"

အခုတော့....အချစ်ဆုံး တူးတူးညီမနှင့် ဝေးရာ အရပ်မှာ။

ရင်ခွင် ပျောက်ပြီ တဲ့။ ယာ ယီ နှ လုံး သား များ နှင့် အတူ၊ ကိုယ် တ ယောက် ထဲ....သောက ဝေဒနာ....ခြေရာလေးတွေ ရေကောက်ရင်း....။

မောင်စိမ်းထွေး
(အင်္ဂပူ)

★

× မိတ်ဟောင်းမိတ်သစ်များ

အားပေးနေကြသော

ဦးလှသင်းလဘက်ရည်ဆိုင်

သို့ကြွပါ။

ဈေးတောင်ဘက်လမ်း
ဇရပ်ရပ်၊ ထားဝယ်မြို့။

မိသားစု
တာယာကွန်ပေါင်း

* လယ်ထွန်စက်တာယာ
* ထရလာတာယာ
* စက်ဘီးသံနားကော်နာ
  ပတ်လည်လုံးပေါင်း
  တာယာအမျိုးမျိုး
  ပန်းတင်ပေးနေသည်။

ကမြောကင်းလမ်း
ဥသာရပ်၊ ထားဝယ်မြို့။

မောင်လေးနီ(ထားဝယ်)

အလုပ်သမားခေါင်းဆောင် ဗထူး

'စစ်သားကောင်းတယောက်ဆိုတာက ဗထူးတို့လို စစ်သားမျိုးမှ စစ်သားကောင်းခေါ်တာကလား' ဟု ဗိုလ်မှူးကြီးဗထူးကို သိမြင်ကြသူများ၊ လုပ်ဖော်ကိုင်ဖက်များက ပြောကြသည်။ ချီးကျူးကြသည်။ ၎င်းကို မြင်ကြသူများ၊ သိကြသူများက ချီးကျူးကြသည်သာမက ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ကလည်း–

'သူဟာ အကျင့်သိက္ခာရှိတယ်၊ ဉာဏ်ရှိတယ်၊ သတ္တိရှိတယ်၊ ဝိရိယရှိတယ်၊ သူ့ကို ကောင်းကောင်း မြေတောင်မြှောက်ပေးလိုက်ရင် ဗမာနိုင်ငံမှာတောင်မကဘူး ကမ္ဘာ တလွှားမှာပါ ကျော်ကြားမယ့် စစ်ခေါင်းဆောင်စစ်သူရဲကောင်းတယောက်ဖြစ်နိုင်တယ်' ဟု ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်ရသူဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်း ချီးကျူး ထုတ်ဖော်ခဲ့သလို သူ့တွင် စစ်သားကောင်း တယောက်၏ အရည်အချင်းပြည့်စုံပါသည်။ အကျင့်သိက္ခာရှိသည်။ ဉာဏ်ရှိသည်။ သတ္တိရှိသည့်အပြင် ဘဝအသိနှင့်ပြည့်စုံသည်။ ပြင်းပျနိုင်မြဲသော ယုံကြည်ချက် ရှိသည်။ အုပ်ချုပ်မှု ကျွမ်းကျင်လိမ္မာသည်။ ဗိုလ်မှူးကြီးဗထူး၏ အကျင့်သိက္ခာသည် တပ်မတော်သားများအတွက် စံပြဖြစ်ခဲ့သည်။

သူသည် စစ်မြေပြင်သို့မထွက်ခွာမီ သူ့ရဲဘော်များအား ဆုံးမဩဝါဒစကားပြောလျက် သတိပေးခဲ့လေသည်။

'ဒီကြည့်....ဗထူးစကားပြောနေတယ်၊ရဲဘော်တို့၊ ငါတို့တတွေ စစ်မြေပြင်ကို ထွက်ကြရတော့မယ်၊ အဲ့ဒီလို စစ်မြေပြင်ထွက်တဲ့အခါ ရောက်လေရာအရပ်တွေမှာ မိန်းမကိစ္စကြောင့် ရှုပ်ရှုပ်ရှက်ရှက် မဖြစ်စေချင်ဘူး၊ ခုလို လွတ်လပ်ရေးတိုက်ပွဲဝင်နေတဲ့အခါမျိုးမှာ မယားနှင့် သားနှင့် ရှိပြီးဖြစ်ပေမယ့် တပ်ထဲဝင်တဲ့အချိန်ကစပြီးသားမယား သံယောဇဉ်ကို လုံးဝပယ်ထုတ်လိုက်တယ်၊ ဒါကြောင့် ငါ့ရဲ့မယားနဲ့သားဟာ ဘယ်လိုနေထိုင်ကြသလဲဆိုတာတောင် သတင်းမမေးဘူး၊ သူတို့ထံကလဲသတင်းမကြားချင်ဘူး၊ သိရ၊ ကြားရရင် သံယောဇဉ်မပြတ်ဘဲနေဦးမယ်၊ ဒါကြောင့် ငါ လုံးဝအဆက်ပြတ်ခဲ့တယ်၊ အဲ....တခုတော့ ရှိတယ်၊ ဒို့တိုင်းပြည် လွတ်လပ်ရေးရတဲ့အခါ ဒို့တတွေအသက်ရှင်နေသေးရင်တော့ သားနဲ့မယားနဲ့ ပျော်ပျော်ပါးပါးနေမယ်လို့ စိတ်ကူးမိတယ်၊ လွတ်လပ်ရေးမရသမျှ ဘယ်တော့မှ သားစိတ်၊ မယားစိတ်မမွေးဘူးလို့ တထစ်ချ ဆုံးဖြတ်ပြီးဖြစ်တယ်၊မင်းတို့လဲ ဒီအတိုင်း စိတ်ထားကြပြီး ကင်းကင်းရှင်းရှင်းနေပါ'

သူသည် ရှေ့ရေးကို ကြိုကြိုတင်တင် မြင်သည်။ လွတ်လပ်ရေးအတွက် ဆူးညှောက် ခလုတ် ဖြစ်မည့် မိန်းမမှုကို ရှောင်ဖယ်လွှတ်ကင်းနိုင်ရန် ခေါင်းဆောင်ကောင်းပီပီ ဆုံးမဩဝါဒပေးခြင်းဖြစ်သည်။

ဗထူးသည် ငယ်ငယ်ကတည်းက မဟုတ်လျှင်မခံသည့်စိတ်ဓာတ်ရှိသည်။ လူတွင်ကျယ်လုပ်ခံရခြင်းကို သူအလွန်မုန်းသည်။ ဗိုလ်ဗထူးဘဝတွင်လည်း သည်အတိုင်းပင် ဖြစ်သည်။ တနေ့တွင် ဗိုလ်လောင်းခင်အုန်း၊ ဆေးမှူး ဗိုလ်လွင်တို့နှင့်အတူ ဗိုလ်မှူးဗထူးသည် အမရပူရ လူထုအစည်းအဝေးတခုမှ ကားတစီးဖြင့် ပြန်ခဲ့သည်။ ဗိုလ်မှူးဗထူးတို့၏ ကားနောက်မှ ဂျပန်ကားတစီးသည် ဒလကြမ်းမောင်းနှင်၍ ရှေ့ကို ကျော်တက်ရန် ကားဟွန်း အဆက်မပြတ် တီးကာ လိုက်လာသည်။ ဗိုလ်မှူးဗထူးသည် နောက်သို့တချက် လှည့်ကြည့်လိုက်ပြီး ဂျပန်ကားမှန်းသိသဖြင့် ရှောင်ပေးလိုက်ရန် ၎င်း၏ရဲဘော်အား အမိန့်ပေးလိုက်ပေသည်။ သို့သော်လည်း လမ်းက လမ်းကျဉ်းဖြစ်နေသဖြင့် ဂျပန်ကားမှာ မကျော်နိုင် မတက်နိုင်ဖြစ်နေရတော့သည်။ သည်တွင် ကားပေါ်ရှိဂျပန်သည် ဗိုလ်မှူးဗထူးတို့အား ဂျပန်စကားဖြင့် ဆူပူဆဲဆိုသည်။ ဗိုလ်မှူးဗထူးသည် ဂျပန်တို့က မိမိတို့အား ဆဲဆိုနေမှန်းသိသော်လည်း သည်းခံကာ ရှေ့သို့သာ ဆက်မောင်းသွားလျက် ရှိသည်။ ဆဲဆိုနေကြသူများမှာလည်း ဂျပန်စစ်သားများမဟုတ် ဂျပန်အရာရှိများ ဖြစ်သဖြင့် ဘာမျှမပြောပုံရပါသည်။လမ်းအတော်ကလေးကျယ်သည့်နေရာသို့ ရောက်သောအခါ ဂျပန်ကားအား ကျော်တက်နိုင်ရန် လမ်းပေးလိုက်သည်။ ဂျပန်ကားသည် တရှိန်ထိုး ကျော်တက်သွားပြီး ဗိုလ်မှူးဗထူးတို့ကားရှေ့တွင် ထိုးရပ်လိုက်သည်။ ကားနှစ်စီးစလုံး ရပ်သွားတော့သည်။ ဗိုလ်မှူးဗထူးကားပေါ်မှ အဆင်းတွင် ဂျပန်စစ်ဗိုလ်က ဒေါနှင့်မောနှင့် ဓားဆွဲ၍ ရန်မူသည်။ဗိုလ်မှူးဗထူးက အကျိုးသင့်အကြောင်းသင့်ရှင်းပြသော်လည်း ဂျပန်စစ်ဗိုလ်က တဆင့်ကဲကာ ဓားဆွဲ ရန်မူမြဲရန်မူသည်။ ဂျပန်အရာရှိသည် ဓားအိမ်မှ ဓားဆွဲထုတ်ရန်ကျိုးစားသည်။ သို့ရာတွင် ဂျပန်ဓားအိမ်မှမကျွတ်မီ ဗိုလ်မှူးဗထူး၏ဓားကြီးက ဂျပန်စစ်ဗိုလ်၏ ဇက်ပေါ်သို့ ပိုင်းချလိုက်ပြီးသားဖြစ်နေပေတော့သည်။

သည်လိုသတ္တိမျိုးရှိ၍ မျိုးချစ်စိတ်ဓာတ် ထက်သန်ပြင်းပြသော ဗိုလ်မှူးဗထူးသည် အဖ လယ်သမား၊ အမိ လယ်သူမမှ မွေးဖွားခဲ့သူဖြစ်သည်။ သူမွေးခဲ့သည်ကလည်း တောရွာပင်ဖြစ်သည်။

လယ်သမားသားစစ်စစ်ဖြစ်၍ လယ်သမားသားကောင်းတယောက် ဖြစ်မလာသော်လည်း အလုပ်သမားကောင်း တယောက်၊ စစ်သားကောင်းတယောက် ဖြစ်ခဲ့သည်။ စစ်ခေါင်းဆောင်တဦးဖြစ်ခဲ့သကဲ့သို့ အလုပ်သမား ခေါင်းဆောင်ကောင်းတယောက်လည်း ဖြစ်ခဲ့သည်။

ဗထူးကို ထားဝယ်ခရိုင် လောင်းလုံမြို့နယ် လေးသွန်းခံရွာ သူကြီး လယ်သမား ဦးဘထွန်း၊ ဒေါ်စိန်မြရင်တို့မှ တတိယမြောက် မွေးဖွားခဲ့သူဖြစ်ပါသည်။ ဗထူး၏မွေးသဖခင်အမည်ကို ၁–၄–၆၇ ထုတ် လမ်းစဉ်သတင်းပါ မောင်သုတ၏ ဗိုလ်မှူးကြီးဗထူးဆောင်းပါးတွင် လယ်သမားကြီး ဦးဖိုးထွန်းဟူ၍လည်းကောင်း၊ သိပ္ပံစိုးရင်ပြုစုသည့် ဗမာ့တော်လှန်ရေးအာဇာနည် (ဗိုလ်မှူးကြီးဗထူး) စာအုပ်တွင် ဦးဘထွန်း ဟူ၍လည်းကောင်း ဖော်ပြခဲ့ပါသည်။ အမှန်မှာ ဦးဘထွန်းဖြစ်သည်။ သားအကြီးမှာ ကိုဖစု ဒုတိယသားမှာ ကိုပေါ်ဒင်ဖြစ်ပြီး တတိယသားမှာ ဗထူးဖြစ်ပါသည်။ မခင်ကြည်နှင့် မစိန်ပိုတို့မှာ ညီမများဖြစ်ကြသည်။

ခိုင်မာပြတ်သားသောဆုံးဖြတ်ချက်နှင့် တိကျမှန်ကန်သော အယူအဆရှိ၍ ရဲရဲဝံ့ဝံ့လုပ်တတ်သောဗထူးသည် စစ်ခေါင်းဆောင်ကောင်းမဖြစ်မီ ပထမဦးစွာ ရဲဝံ့သောအလုပ်သမားခေါင်းဆောင်ဖြစ်ခဲ့သည်။

ဗထူးသည် တည်ကြည်သည်။ ဣန္ဒြေရသည်။သူ၏ ဥပမိရုပ်မှာ တပါးသူတို့က ခန့်ငြားရှိသေစေသော အသွင်အပြင်ရှိသည်။ သို့ဖြစ်၍ ငယ်ဆရာတော်တပါးက ဗထူးအား သာသနာ့ဘောင်သို့ သွတ်သွင်းလိုသည်။ ဗထူး၏မိဘများကလည်း ဆရာတော်၏ အမိန့်ကို မလွန်ဆန်ရဲသဖြင့် သူ့အား နားချ၏။

တောင်းပန်ကြ၏။ သို့သော်ဗထူးကပြတ်ပြတ်သားသား ပင်ငြင်း၏။ မည်မျှပင် မိဘများနှင့် ဆရာတော်တို့က အလိုလိုက် နားချသော်လည်း မရချေ။

ဗထူးသည် ဆုံးဖြတ်ချက်တခု ကို ချလိုက်၏။ ပြီး ထိုဆုံးဖြတ်ချက်ကို ပြတ်သားစွာ ဆောင်ရွက်ခဲ့၏။ ထိုဆုံးဖြတ်ချက်ကား ရွာမှထွက်ပြေး၍ အလုပ်လုပ်ရန် ပင် ဖြစ်တော့သည်။

ဗထူးသည် လေးသွန်းခံရွာမှ ထွက်ပြေးသွားပြီး ဟိန္ဒားသတ္တုတွင်းသို့သွား၍ အလုပ်အကိုင်ရှာဖွေရာ မိဘများနှင့် ခင်မင်ရင်းနှီးသော ဟိန္ဒားသတ္တုတွင်း အိုဗာစီယာချုပ် ဦးလွန်းပင် ဒေါ်စိန်ချယ်တို့နှင့် တွေ့ ဆုံရလေသည်။ ဦးလွန်းပင်တို့က ကျောင်းဆက်နေ၍ ပညာဆက်သင်ရန် နားချသော်လည်း မရသဖြင့် နောက်ဆုံး ဟိန္ဒားမိုင်းတွင်ပင် အလုပ်သွင်းပေးခဲ့ရ ပေသည်။ ရေစုတ်စက်ကြီး၏ ဆီထိုးသမားအလုပ် ဖြစ်ပြီး လုပ်ခမှာ တနေ့ ဆယ့်နှစ်ပဲ (၇၅) ပြားရရှိ ပေသည်။ ထိုအလုပ်မှာ ဗထူး၏ ပထမအစောဆုံး သော အလုပ်တာဝန်ဖြစ်ပေသည်။ ဗထူးသည် ကျရာ အလုပ်ကိုပေး၍ ပေးအပ်သည့်တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်သည့် လူစားမျိုးဖြစ်သည်။ အလုပ်ကို ကြိုးစားသည်။ သို့ဖြစ်၍လည်း များမကြာမီ တနေ့ တကျပ်စား စက်မောင်းသမားအဆင့်ကို ရောက်သွား ခဲ့ရလေသည်။ထို့နောက် ရိုးသားဖြောင့်မတ်မှု လုံ့လ ဝိရိယနှင့် ကြိုးစားမှုကြောင့် အလုပ်သမားကြီးကြပ်သူ အဆင့်သို့ ရောက်လာခဲ့သည်။

ဗထူးသည် အလုပ်သမားဘဝထဲသို့ ရောက်ရှိလာ သည်နှင့် အလုပ်ကို ကြိုးစားရုံမျှမက အလုပ်သမား တို့၏ ဘဝကိုပါ လေ့လာသည်။ သိလာသည်။ မိမိ နှင့်အတူ အလုပ်သမားထုတရပ်လုံးဆင်းရဲဒုက္ခရောက် နေရသည်ကို တွေ့မြင် သုံးသပ် မိလာသည်။

အင်္ဂလိပ်နယ်ချဲ့ အစိုးရသည် မြန်မာ နိုင်ငံတွင် အရင်းရှင်စနစ်ကို ရှင်သန်ကြီးထွားလာအောင် မျိုး စေ့ချပေးပြီး နိုင်ငံခြားသား အရင်းရှင် ကုမ္ပဏီတို့ အား စိတ်ကြိုက် လွတ်လွတ်လပ်လပ် ခေါင်းပုံ ဖြတ် နိုင်ခွင့် ရရှိစေရန် စီမံ လေသည်။ မြန်မာ အလုပ် သမားတို့မှာ ဖြတိုသျှလက်အောက်တွင်ဆင်းရဲသည် ထက် ဆင်းရဲလျက် ခေါင်းပုံဖြတ် ခံရကာ လူမှုရေး ဒုက္ခ ခံစားနေရလေသည်။ ယင်းအချိန်တွင် နဂါးနီ စာအုပ်တိုက်မှ အလုပ်သမားလှုပ်ရှားမှုနှင့် နိုင်ငံရေး အမြင် စာအုပ်များထုတ်ကာ လှုံ့ဆော်နေသော အ ချိန်ဖြစ်သည်။ ဗထူးသည် နဂါးနီ စာအုပ်တိုက် ထုတ် စာအုပ်များကို အမြဲတစေဖတ်ရှု လေ့လာကာ နိုင်ငံ ရေး အမြင်များ စိတ်ဝယ် စွဲမြဲလာပေသည်။ သည့် နောက် သူသည် နဂါးနီစာအုပ် အသင်းဝင်ဖြစ်လာ သည်။ အလုပ်သမား များကလည်း သူတို့ အလုပ် သမား ခေါင်းဆောင်အနေဖြင့် အသိအမှတ်ပြုလာ သည့် သဘောဖြင့် အလုပ် သမား စာကြည့်တိုက် မှူးအဖြစ် တာဝန် ပေးကြ လေသည်။

ထိုအချိန်တွင် ဗထူး၏ စိတ်နှလုံးဝယ် နိုင်ငံလွတ် လပ်ရေးနှင့် အလုပ်သမားဒုက္ခဆင်းရဲခြင်း ဘဝ လွတ် မြောက်ရေး အတွက် ပြင်ဆင်ရမည့် စိတ်ထားများ ကိန်းအောင်းနေပြီ ဖြစ်လေသည်။

သို့ဖြင့် ဗထူးသည် အလုပ်သမားများအား အဖွဲ့ အစည်းတရပ် အနေဖြင့် စည်းရုံး၍ အလုပ် သမား အခွင့်အရေးများအတွက် တိုက်ပွဲဝင်ရန်ကြိုးပမ်းလေ တော့သည်။သို့ဖြင့် ၁၉၄၀ ပြည့် နှစ်တွင် ယောက်ဖ ဖြစ်သူ မိုင်းအိုဗာစီယာ ဦးစိန်လင်းနှင့်အတူ ဟိန္ဒား သတ္တုတွင်း အလုပ်သမား အစည်းအရုံးကို ဖွဲ့စည်း ထူထောင်၍ အလုပ်သမားဘဝနစ်နာမှုများကို ဖော် ထုတ်ပြီး အခွင့်အရေးများ တိုးတက် ခံစားနိုင်ရေး အတွက် တိုက်ပွဲဝင်ခဲ့ပေသည်။

ယင်းအချိန်၌ နယ်ချဲ့ အင်္ဂလိပ် များ၏ အာဏာ စက်မှာ ပြင်းထန်နေစဉ်ဖြစ်၍ ဗထူး၏ အလုပ်သမား အခွင့်အရေး တိုက်ပွဲသည် အောင်ပွဲ မဆင်နိုင်ခဲ့ပေ။ ဆောင်ပွဲ မဆင်နိုင် ခဲ့သည်သာ မက အလုပ်သမား များမှာ ပိုမို၍ပင် အဖိနှိပ်ခံကြရသည်။ဗထူးနှင့်အတူ သူ၏ ယောက်ဖဖြစ်သူ ဦးစိန်လင်း တို့ပါ အလုပ်မှ အဖြုတ်ခံလိုက်ရပေသည်။သို့သော်လည်း ဗထူးသည် ဦးလွန်းပင်၊ ဦးစိန်လင်းတို့နှင့်အတူ ဖွတ်လက်တိုရွာ ဝလီချောင်းရွာနှင့် ဖောင်းတောရွာများတွင် သစ်ကုန် သည်လုပ်ငန်းကို လုပ်ကိုင်လျက် သတ္တုတွင်းနယ်မြေ

စာမျက်နှာ (၁၅၅) သို့ ★

ဗိုလ်ချုပ် အောင်ဆန်း ဦးဆောင်သည့် ရဲဘော်သုံးကိုပ်ဝင်တပ်မှူးများသည်ယိုးဒယားမှ မြန်မာနိုင်ငံတွင်းသို့စစ်ကြောင်း လေးကြောင်း (ဖားပွန်၊မော်လမြိုင်၊ထားဝယ်၊မြိတ်) ခွဲပြီး ဝင်ခဲ့ကြရာတွင် ထားဝယ်စစ်ကြောင်းမှာ ပထမဆုံး ဝင်ခဲ့သော စစ်ကြောင်းဖြစ်၏။

ဂျပန်သည်အမေရိကန်နှင့် အင်္ဂလိပ်ကို ၁၉၄၁ခု၊ ဒီဇင်ဘာလ (၈) ရက် နေ့ တွင် စစ် ကျေညာ၏။ ၁၉၄၁ခုနှစ်၊ ဒီဇင်ဘာလ (၁၀) ရက်နေ့တွင် မြန်မာနိုင်ငံမှ ထားဝယ် မြို့ကို ဂျပန်တို့ ပထမ ဆုံး ဗုံးကြဲ၏။

ထို နောက် ဘီ အိုင် အေ သည် ထားဝယ် မြို့ကို ၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလ (၁၉) ရက် နေ့တွင် သိမ်းခဲ့လေသည်။

ထားဝယ်ကို သိမ်းပြီး နောက်တနေ့တွင် အေဘီအမ်ကျောင်းကြီး (ယခုအမှတ်၃–အထက)၌ ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီး၏သုံးရောင်ချယ် ဒေါင်းအလံတော်ကြီးကို အခမ်းအနားဖြင့် လွှင့်ထူ လိုက်သည်။ ထို့ နောက် တပ် သား သစ် များ လက်ခံစုဆောင်း လေသည်။

သည်တွင်ကျောင်းသား များရော၊ အလုပ်သမားများရော၊လယ်သမားများပါ လူကြီးလူငယ် လူလတ်မရွေးဘီအိုင်အေ တပ်မတော်ထဲသို့ဝင်ရန် အစုလိုက်အပြုံလိုက် စာရင်းလာသွင်း ကြတော့သည်။ သံဃာတော်အရှင်မြတ် အချို့ပင် သက်နီးကြီးများ တကားကားနှင့် လာပြီး စာရင်း သွင်းကြ သဖြင့် သင်္ကန်းကို အချွတ်ခိုင်းကြရသည်။

တန်းစီ လိုက်သော အခါ အချို့က လုံချည်နှင့်၊ အချို့က ဘောင်းဘီ နှင့် အချို့မှာ ရှပ်အင်္ကျီ မပါ စွပ်ကျယ်နှင့် အချို့ကလည်း ဝါးခမောက်နှင့် အချို့ကဖော့ဦးထုပ်နှင့် အချို့က ညှပ်ဖိနပ်နှင့် အချို့က ခြေထောက်ဗလာ၊အချို့မှာအင်္ကျီပင်မပါ၊ အချို့မှာ နံငယ် ရေစိုလေး နှင့်သာ။

သူတို့သည် အိမ်ပြန်ပြီး အဝတ်အစား များကိုပင် မယူလိုတော့ပြီ။ ယူနေလျှင် ကျန်ရစ်ခဲ့မှာ စိုးကြသည်။ အချို့မှာ အိမ်ကပင်မသိ။ အသိ ပေးနေလျှင် လည်း ကျန်ရစ် ခဲ့မှာစိုးကြသည်။ အချို့မှာ အိမ်ကသတင်းကြားသဖြင့် အပြေး အလွှား လိုက်လာပြီး အဝတ်အစားများ ပေးကြရသည်။

ထားဝယ်ကို ဂျပန် ဝင်သောနေ့ နံနက်ပိုင်းက အင်္ဂလိပ် ‘ကွဲရိုင်း’ လေယာဉ်တစီးသည် ထားဝယ်မြို့ပေါ်သို့ မီးလောင်ဗုံး ချသွားသည်။ အင်္ဂလိပ်တပ်ပြေးများကလည်းမီးစုန်း ကပ်ပြားများဖြင့် နေရာအနှံ့ မီးလိုက်ရှို့သည်။ ထိုမီးသည် တခုနှင့် တခု ဆက်သွယ်သွားပြီး တနေ့လုံးတညလုံးတမြို့လုံးကို လောင်တော့သည်။

ဘီအိုင်အေ စစ်ကြောင်း

ဗိုလ်ကျော်ဇဝန်း၊ ကာဆ၊

ထားဝယ်မြို့ကြီးသည် လူဦးရေ တသိန်း နီးပါး အိမ်ခြေက နှစ်သောင်းကျော် ရှိခဲ့ရာ ထိုမီး ကြီးဒဏ်ကြောင့် အိမ်ခြေတသောင်းခွဲနီးပါး ပြာကျသွားရပြီး လူဦးရေ ခြောက်သောင်းကျော်မှာ အဝတ်တထည် ကိုယ်တခု နှင့် သာ ကျန်ရစ်ခဲ့ရ လေသည်။ မီးကြီး လောင် ကျွမ်း ၍ ဆုံးရှုံး သွားရသည့် တန်ဖိုး ကား ကုဋေနှင့် ချီသည်။

ဈေးကြီး၊ ဆိုင်ကြီး၊ ကန့်လန့် ကြီးများ အားလုံး၊ ဂိုဒေါင်ကြီးများအားလုံး၊ အရောင်းအဝယ် ရပ်ကွက် ကြီးများအားလုံး၊ အိမ်ကြီး အိမ်ကောင်း၊ တိုက်ကြီး တာကြီးများအားလုံးဆိုသလိုမီးဝါးမျိုခြင်းကို ခံလိုက် ရသဖြင့်ထားဝယ်မြို့ကြီးသည် ပြဿနာ အမျိုးမျိုးနှင့် ရင်ဆိုင်ရသည်။

သို့သော် ထားဝယ်သူ ထားဝယ်သားများသည် မီးဘေးဒုက္ခထက် မိမိတို့ကို ကျွန်ပြုခဲ့ကြသည့် နယ်ချဲ့ သမား ဗြိတိသျှတို့အား အမိနိုင်ငံ ၏ မြေပေါ်မှ မောင်းနှင်ပစ်ကြရန် အားသွန် ကြသည်။

ဗြိတိသျှတို့သည် ထား ဝယ်မြို့ကြီး ကိုသာ ပြာပုံ ဖြစ်အောင် မီးရှို့ သွားနိုင် ခဲ့သည်။ ထား ဝယ် သူ ထား ဝယ်သားတို့၏ မျိုး ချစ် စိတ် ဓာတ် ကို ကား ပြာကျသွားအောင် မတတ်နိုင်ခဲ့ ပါချေ။

ထို့ကြောင့်ပင် ထားဝယ်သားများသည် မိမိတို့၏ မီးဘေး ဒုက္ခသည် မိသားစု များအား ကျောခိုင်းပြီး တပ်မတော်ထဲသို့အလုံးအရင်းဖြင့် ဝင်ရောက်လိုက်ပါ ခဲ့ကြသည်။ ထားဝယ်သူ များက လည်း မိမိတို့၏ မောင်ဖွား၊လင်သားများစစ်ထဲ လိုက်ရန် ဇာတိမာန် တက်ကြွစွာဖြင့် အားပေးနိုင်ခဲ့ကြပေသည်။

ထိုအချိန်က ဘီအိုင်အေသည် ထားဝယ် တမြို့ထဲ ကိုသာ သိမ်းရသေးသည်။ မသိမ်းရသေးသည့် မြို့တွေ ရွာတွေအများကြီး ကျန်သေးသည့်။ ထိုမြို့ ထိုရွာတွေ အားလုံးသိမ်းမိအောင်အများကြီး တိုက်ကြရအုံးမည်။ တနိုင်ငံလုံးကို သိမ်းပိုက် မိသည်အထိ အများကြီး တိုက်ကြရအုံးမည်။

ထိုအတွက်ဘီအိုင်အေတပ်မတော်သား ထားဝယ် သားများသည်အချို့က ကြည်းကြောင်းမှ ချီတက်ကြ ရ၍ အချို့ကရေကြောင်းမှချီတက်ကြရသည်။

ကြည်းကြောင်းမှ ချီတက်ကြရသော ဘီအိုင်အေ တပ်ကြီးများမှာ ဝါးတော၊ သစ်တော ကြီးများကို ဖြတ်၊မလွဲတောင်ကိုကျော်၊ ရေးမြစ်ကိုကူး၊ မီးရထား လမ်းကိုလျှောက်ဖြင့် ကိုယ့်ခြေ ထောက် ကိုယ် အားကိုးပြီးချီတက်ကြရသည်။

ရေကြောင်းချီဘီအိုင်အေ ထားဝယ် တပ်ကြီးမှာ ထားဝယ်နှင့် မြိတ်အကြားတွင် ရှိသော ပုလောမြို့သို့ သွားရောက်၍ မော်တော်ဘုတ်ကြီးများဖြင့် မော်လမြိုင်မြို့သို့ ဆက်၍ ချီတက်ကြရသည်။ ထားဝယ်ရေကြောင်းချီတပ်များတွင်မြိတ်မြို့ သိမ်းပွဲ နွှဲခဲ့ရသည့်တပ်များလည်းပါသည်။ သူတို့သည် တနင်္သာရီမြို့ကိုလည်း သွားရောက် သိမ်းခဲ့ကြသေးသည်။

ရေကြောင်းချီ ထားဝယ် တပ်ကြီးတွင် ကျွန်တော်လည်းပါဝင်ခဲ့ရာ ပုလော ချောင်းထဲ၌ ကျွန်တော်တို့ ချီတက်ကြမည့် မော်တော်ဘုတ် ကြီး များကို စုရုံး ပြင်ဆင်လျက်ရှိစဉ် ပုလောမြို့ကမ်းနဖူး တဖက်တချက်ပေါ်မှသုံးရောင်ချယ်အလံကြီး တလူလူဖြင့် ကမ်းလုံးညွတ်မျှ လူထု ကြီးက လာရောက် နှုတ် ဆက်လျက် ရှိပေသည်။ ကျွန်တော်တို့ကလည်း မော်တော်ဘုတ်ကြီးများ ပေါ်မှ နေ၍ ဘီအိုင်အေ စစ်ချီ သီချင်းကို သံပြိုင် မနားတမ်း သီဆိုလျက် ရှိကြသည်။ ကမ်းနဖူးပေါ်မှ လူထုကြီး ကလည်း 'သခင်မျိုးဟေ့ ဒို့ဗမာ၊ အရေးတော်ပုံအောင်ပါစေ' ဟူသော ကြွေးကြော်သံများကိုမရပ်တန်း ကြွေးကြော်လျက် ရှိကြသည်။

ထိုအခါ ပုလောချောင်းကြီး တလျှောက်လုံးမှာ စစ်ချီသီချင်းသံ၊ကြွေးကြော်သံ၊ မော်တော်စက်သံများဖြင့် မိုးယံ ထိ အောင် ဆူ ညံ လျက် ရှိတော့ သည်။ ထို့နောက်သေနတ်များ တဒိုင်းဒိုင်း ပစ်ဖေါက် ကာ သုံးရောင်ချယ် ဒေါင်း အလံ ကြီးများ တလူလူ ဖြင့် ကျွန်တော်တို့ အောင်တပ်ကြီး စတင် ထွက်ခွာ ကြပါတော့သည်။

ကျွန်တော်တို့ မော်တော်ဘုတ်ကြီးများစက်အရှိန်က တဖြည်းဖြည်း ရလာသော အခါ ကျွန်တော်တို့လည်း ပုလော ဆိပ်ကမ်း နှင့် တဖြည်းဖြည်း ဝေး၍ ဝေး၍ လာပါတော့သည်။ ကျွန်တော် တို့ အား ဆုတောင်းလိုက်ကြသည့်အသံများမှာလည်း တိုး၍တိုး၍ ကျန်ရစ်ခဲ့ပါ တော့ သည်။သည့် အချိန် ကကျွန်တော်တို့ ရင်ထဲတွင် စစ်စိတ် စစ် သွေးများ တက်ကြွခြင်း၊ ဝမ်းသာ ပီတိများ ဖုံးလွှမ်းခြင်း၊ လွမ်းဆွေးမှုများ ရောပွမ်းခြင်း စသည့် ခံစားမှု များ မှာ တခုကိုတခု အနိုင်လုနေကြရာ မော်တော်စက်သံများနှင့် အပြိုင် ရင်ခုန်လျက် ရှိနေပါသည်။

သို့ရာတွင် မော်တော်စီး၍ လိုက်ပါလာရင်း နီရဲသော နေလုံးကြီးသည် ပင်လယ်ထဲသို့ နစ်မြုပ်လျှိုးဝင်သွားသည်ကို တရက်ပြီးတရက် မြင်လာရသော အခါ ငါတို့ တတွေသည် ကိုယ့်ရပ် ကိုယ့်မြေကို ပြန်ရောက်နိုင်ကြမှ ရောက်ပါတော့ ဦးမည် လားဟု အတွေးများဝင်လာ၍ညို့ညို့မှိုင်းနေသော ထားဝယ်တောင်တန်းကြီးများကို ပင်လယ်တွင်းမှမဝတမ်းလှမ်းမျှော်ကြည့်ပြီး လွမ်းစိတ်ဆွေးစိတ်ဝင်မိကြလေသည်။

သို့သော် ကျိုက္ခမိနှင့် တနေ့ပြီး တနေ့ နီးလာသောအခါ ရှေ့မှာရန်သူတွေနှင့် နီးလာပြီဖြစ်၍ လွမ်းစိတ် ဆွေးစိတ်များ ဘယ်နေရာသို့ ထွက်ပြေးကုန်ကြတော့သည်မသိ။ ကျွန်တော်တို့သည် စစ်စိတ်စစ်သွေးများ ပြန်လည်တက်ကြွလာခဲ့ရသည်။

ထားဝယ်မှ ချီတက်လာကြသော ဘီအိုင်အေတပ်ကြီးများ မော်လမြိုင်သို့ ရောက်ကြသောအခါ မုဒုံမြို့တွင် အခြေစိုက်စခန်းထားပြီး မော်လမြိုင်နယ်မှ တပ်သားသစ်များကို ထပ်မံစုဆောင်းကြသည်။ထိုနောက် သံလွင်ကိုကူး၊ စစ်တောင်းကိုကျော်၊ ပဲခူးကွင်းကိုဖြတ်ပြီး ရန်ကုန်သို့ အရောက် တောက်လျှောက် ချီတက်ကြရပြန်သည်။

ကျွန်တော်တို့ ဘီအိုင်အေ စစ်သားများမှာ စနစ်တကျ သင်ကြားလေ့ကျင့်ပေးပြီးမှ စစ်ထွက်လာခြင်းမျိုးမဟုတ်။

'ရော့သေနတ်၊ ရော့ကျည်ဆံ၊ချီတက်' ဟူ၍ အမိန့်ပေးပြီး စစ်ထွက်လာခဲ့ကြရသူများသာ ဖြစ်ပါသည်။ လမ်းတွင် ချီရင်း တက်ရင်း၊ တိုက်ခိုက်ရင်း 'ရိုင်ဖယ်ကို ဟောဒီလိုကိုင်၊ ကျည်ဆံကို ဟောဒီလိုသိုး၊ ရန်သူကို ဟောဒီလိုပစ်' ဟူ၍ တတ်သူ များက မတတ်သူများကို သင်ပြလာခဲ့ကြရသည်။

နေ့ချင်း ညချင်း ဘီအိုင်အေ တပ်သားများ ဖြစ်

လာကြရသော ကျွန်တော်တို့ တတွေမှာ ရိုင်ဖယ်ကို ကိုင်ဘူးဖို့နေနေသာသာ၊ နှစ်လုံးပြူးသေနတ်လောက် ကိုပင် ကောင်းကောင်း မမြင်ဘူးကြသူ တွေဖြစ်၍ သင်ပြပေးသည့်အတိုင်း ရိုင်ဖယ်ကိုကိုင်ပြီး ကျည်ဆံ ထိုးလိုက်သောအခါ ဒိုင်းကနဲထွက်သွားပြီး အချင်းချင်း ထိမှန် ရသည်လည်း ရှိပါသည်။ သို့သော် ဒါတွေကိုမမှု။

ဘယ်ဆိုလျှင် ညာဖြစ် ညာဆိုလျှင် ဘယ်ဖြစ်၊ ဘယ်ညာ ဘယ်ညာဆိုလျှင် ညာဘယ်ညာဘယ်ဖြစ်၊ ကျွန်တော်တို့ တပ်သားများမှာ ဘယ်ညာကိုပင် ညီအောင် မလှမ်းနိုင်ကြပါ။ သို့သော် ဒါတွေကလည်း အသေးအဖွဲ့မျှသာ။

ယူနီဖောင်း ဆိုပြန် လျှင်လည်း အင်္ကျီ တွေက အရောင်အဆင်းမျိုးစုံ၊ ဘောင်းဘီတွေကအတိုအရှည်မျိုးစုံ၊ ဦးထုပ်တွေက အကြီးအသေးမျိုးစုံ၊ သည်အထဲ လုံချည်နှင့်လည်း ပါလိုက်သေးသည်။ ခါးတောင်းကျိုက်နှင့်လည်း ပါလိုက်သေးသည်။ အချို့ကလည်း လွယ်အိတ် လွယ်လျက်၊ အချို့ကလည်း ကျောတွင် ဖျာလိပ်သိုင်းလျက်၊ အချို့ကလည်း ရောင်ထုံးကြီးနှင့်၊ အချို့ကလည်း ခေါင်းတုံးပြောင်နှင့် တယောက်နှင့် တယောက် ဘယ်လိုလုပ်၍မျှ မတူညီကြပါ။ရန်သူများက ကျွန်တော်တို့ ဘီအိုင်အေ စစ်သားများကို ထင်ရှား ခြားနား ကွဲပြားအောင် အမှတ်အသား ပြုဘို့ပင် အတော် ခဲ့ယဥ်းပေလိမ့်မည်။

သို့သော် ကျွန်တော်တို့ ဘီအိုင်အေရဲဘော်အားလုံးတွင် တူညီကြသည့် အချက်တခုရှိသည်။ထိုအချက်မှာ အခြားမဟုတ်ပါ တိုင်းပြည် အတွက် ငါတို့ အသေခံကြမည်ဆိုသော မျိုးချစ် စိတ်ဓာတ်ပင် ဖြစ်သည်။ ထိုစိတ်ဓာတ်က ကျွန်တော်တို့ အားလုံးကို ထိန်းချုပ်ထားပေသည်။

ကျွန်တော်တို့သည် မဆုံးနိုင်သော မီးရထားလမ်းကြီးကို တနာရီသွား ငါးမိနစ်နားဖြင့် လမ်းလျှောက် ချီတက်ခဲ့ကြရသည်။ မအိပ်သာ မနေသာ၍ သေနတ်ကိုထမ်းကာ ဘယ်ညာလှမ်းပြီး အိပ်ပျော်ရင်း လမ်းလျှောက် ခဲ့ကြ ရသည်လည်း ရှိပါသည်။ အိပ်ပျော်လျက် လမ်းလျှောက် ရသည်မှာ အစတွင် ခက်သယောင်ရှိသော်လည်း အလေ့အကျင့်ရလာသောအခါ လျှောက်ရ အလွန်ကောင်းသည်။ ခလုတ် တိုက်မိ၍ ယိုင်ထိုးသွားသော အခါမှသာ ဘေးလူကနည်းနည်း ထိန်းမတ်ပေးဖို့ လိုသည်။

ထားဝယ်မှ ကြည်း ကြောင်း၊ ရေ ကြောင်း ချီ ဘီအိုင်အေတပ်ကြီးများရော ဖာပွန်၊မော်လမြိုင် တို့မှ ချီတက်ကြသည့် တပ်များပါ အားလုံး ရန်ကုန်တွင် ပေါင်းဆုံကြသည်။

သွေးသစ်လောင်းကြသည်။ ဘီအိုင်အေတပ်များသည် ပဲခူးတာဆုံတိုက်ပွဲ၊ဖာပွန်တိုက်ပွဲတို့တွင်အစွမ်းပြခဲ့ကြသည်။ ရန်ကုန်မှတဖန် ပြည်မြို့သို့ တက်ကြပြန်သောအခါ ရွှေတောင်တိုက်ပွဲတွင် သမိုင်းပြောင်ခဲ့ကြပြန်သည်။

ပြည်မြို့တွင် ကျွန်တော်တို့ ဘီအိုင်အေတပ်ကြီးများ တထောက်နားကြသောအခါ ပိတောက်တွေရွှေရည် လူးသည့် လတန်ခူးနှင့် ကြုံကြိုက်နေသည်မို့ ပြည်သင်္ကြန်တွင် ကကြ၊ ခုန်ကြ၊ ရေကစားကြနှင့် အပျော်ကြီးပျော်ခဲ့ကြရလေသည်။

သို့သော် သင်္ကြန် လွန်ပြီးသော အခါတွင်ကား ကျွန်တော်တို့ဘီအိုင်အေတပ်ကြီးသည် အထက်ဆီသို့ဆက်ပြီး ချီတက်ကြရပြန်လေသည်။

ပြည်မှ အောင်လံသို့ရောက်၊ အောင်လံမှ သရက်သို့ကူး၊ သရက်မှတဖန် အထက်သို့ဆန်၍ ဧရာဝတီ အနောက်ကြောင်းအတိုင်း ရဲဘော်သုံးကိုပ်ဝင် တပ်မမှူး ဗိုလ်မှူးဖုန်းမြင့်ဦးစီးသည့် ဘီအိုင်အေတပ်မကြီး ချီတက်ခဲ့ကြရာ—

မိုးတအေးအေး၊ ရေတဖွေးဖွေးနှင့် နေလာခဲ့ကြသော ကျွန်တော်တို့ ထားဝယ်သား ရဲဘော်များမှာ မိုးခေါင်ရေရှား အပူပိုင်းရပ်ဝန်းဒေသကြီးတွင် နေဒုက္ခ၊ ရေဒုက္ခများကို လှလှကြီး ခံစားကြရတော့သည်။

ရာသီကလည်း နွေခေါင်ခေါင်၊ သဲမြေကြီးကလည်း ပူလောင်လောင်၊ ကျွန်တော်တို့ တပ်သားများတွင် ရေဗူးကလည်း စုံလင်အောင်မပါကြ။ ဘိနပ်ကလည်း ရှိသူရှိ၊ မရှိသူမရှိ။ အထက်ကပူ အောက်ကပူ တပ်တထောက်နားသည့်အခါ အရိပ်အာဝါသဆိုသည်မှာကလည်း ခိုစရာနတ္ထိ၊ ပူလိုက်ပါဘိ။

တောင်ကုန်းများမှာလည်း စိမ်းစိမ်းစိုစိုဆို၍ တခု မျှမရှိ။ သစ်ပင်ခြောက်ကလေးတွေ ကျိုးတိုးကျဲတဲဖြင့် တောင်ကတုံးတွေချည်းဖြစ်၍ ဆံပင်မွေးများကျွတ်နေသည့် လူမမာ၏ ဦးခေါင်းများနှင့်သာ တူနေသေးတော့၏။ ဘယ်နေရာကိုကြည့်လိုက်ကြည့်လိုက် သဲမြေများမှာ အခိုးတွေ တလျှံလျှံတက်နေပြီး တံလျှပ်တွေကိုသာ မြင်နေရ၏။

ရေပွက်ဆိုသောရွာကို ရောက်ခဲ့၏။ရေပွက်ဆိုသည့်အတိုင်း ရေခွက်ထဲကရေပင် အလိုလိုထပြီး ဆူပွက်တော့မယောင် အငွေ့ထွက်နေ၏။ တချက်တချက်လေပူကြီးကပါ တိုက်လိုက်ပါသေး၏။ နေပူ လေပူကြီးထဲတွင် ချီတက်ကြရသော ကျွန်တော်တို့ ခန္ဓာကိုယ်များမှာ ပူလွန်း၍ အရည်ပျော်ကျသွားမလားဟုပင် ထင်ရ၏။ ရေငတ်သောအခါတွင်လည်း လက်ယက် သဲတွင်းကလေးထဲမှ သောက်ရေလေးတပေါက်ရဖို့ပင် အနိုင်နိုင်။

ရေအလွန်ကြိုက်သော ကျွန်တော်တို့ ထားဝယ်သားများမှာ ရေမချိုးရသည့်ရက်တွေကလည်း များလှပြီ။ အပူပြင်းဆုံးရာသီတွင် အပူပြင်းဆုံးဒေသကြီးသို့ ရောက်နေရ၍ ထားဝယ်သား ရဲဘော်များမှာ အပူမိပြီး ဖျားကြသည်။ အချို့မှာ သေဆုံးကြရသည်။

သို့သော် ကျွန်တော်တို့ ရှေ့မှ တရက် နှစ်ရက်ခရီးအကွာတွင် ဗြိတိသျှဘပ်ကြီးတတပ် မရပ်မနားဆုတ်ပြေးနေသည်ဟု ကျွန်တော်တို့ သိထားရ၏။ကျွန်တော်တို့တပ်ကြီးသည် ရန်သူကိုမှီအောင် ဒလကြမ်း လိုက်နေရ၏။ ထို့ကြောင့် ကျွန်တော်တို့ အလွန် ပင်ပန်းကြရသည်။

ရန်သူကလည်း ကျွန်တော်တို့ လိုက်နေမှန်း သိ

အီဒွိုင်ဘောစစ်သားစုဆောင်းရေးရုံးဖွင့်လှစ်၍ စစ်သားစုဆောင်းခဲ့သော ဘော်ဒီအမ်ကျောင်း
(ယခုအထက ၃)

သဖြင့် ကျွန်တော်တို့မမှီနိုင်အောင် သုတ်ချေတင်နေရ၍ ကျွန်တော်တို့ထက် ပိုပြီး ပင်ပန်းကြ၏။ ထိုအခါ ဗြိတိသျှ စစ်သားများမှာ ကျွန်တော်တို့ထက် အပုဒဏ်အငတ်ဒဏ်၊ အပင်ပမ်းဒဏ်တွေ ခံရပြီး ကျွန်တော်တို့ထက်ပို၍ ဖျားကြ၊ နာကြ၊ သေကြရလေသည်။တလမ်းလုံးတွင် သူတို့ အလောင်းများနှင့် မြင်းအသေကောင်များမှာ မြင်၍ မကောင်းအောင် တွေ့ကြရသည်။

ကျွန်တော်တို့ တပ်သားများသည် မပုပ်မပွသေးသော အလောင်းကောင်များမှ အင်္ကျီ၊ဘောင်းဘီ၊ရေဗူး၊ ဘိနပ်၊ ဦးထုပ်၊ သံခမောက် စသည်များကို ချွတ်ယူကြရသည်။ ဖွတ်လျော်ရန် ရေမရှိသဖြင့် မရွံမရှာနိုင်ဘဲ သည်အတိုင်း ဝတ်ကြရသည်။ တော်ရုံတန်ရုံ အနံ့အသက်လောက်မှာ နေပူလေပူထဲတွင် အလိုအလျောက် ပျောက်သွားရသည်။ သည်နည်းဖြင့် ဘီအိုင်အေ တပ်သားများမှာ ယူနီဖောင်းတွေနှင့် တစတစ ဖြစ်လာကြတော့သည်။

ကျွန်တော်တို့ ချီတက်ရာ လမ်းတလျောက်တွင် ဆူးပင်တွေနှင့် ထန်းပင်တွေ ကတော့ အလွန်ပင် ပေါလှ၏။ ထန်းပင်ပေါတော့ ထန်းရည်ကလည်း အလွန်ပင် လှိုင်လေသည်။ သို့ဖြစ်၍ ရဲဘော်များသည် သောက်ရေအတွက် ထန်းရေကိုပင် အားကိုးရသည်။ အချို့ရဲဘော်များက ထန်းရေကို စစ်ရေဗူးထဲတွင် ထည့်ပြီး ယူကြသည်။ အချို့ကလည်းဗူးသီးခြောက် ရေဗူးများဖြင့် ထည့်၍ယူကြသည်။ အပြင်မှ နေပူရှိန်က အလွန်ပြင်းပြီး ဗူးသီးအတွင်းမှ ထန်းရည်ကလည်း တလမ်းလုံး ဘောင်ဘင်ခတ်ပြီး ပါလာခဲ့ကြရတော့ အချဉ်ပေါက်လာတော့သည်။ရေဆာဆာနှင့် အချဉ်ပေါက်နေသော ထိုထန်းရည်ကိုပင် သောက်ကြရသောအခါ ရဲဘော်များမှာ ဝမ်းသွားကြတော့သည်။

ထားဝယ် မြို့တော်ခန်းမရှေ့တွင်ဂျပန်ခေတ်က တည်ဆောက်ထားသော ဘီအိုင်အေ တပ်မတော်သားများ အထိမ်းအမှတ် ကျောက်တိုင်။

ကျွန်တော်တို့ ဘီအိုင်ဧအတပ်ကြီးသည် နေ့ဘက်တွင် ပူလွန်း၍ ညဘက်သို့ပြောင်းပြီး ချီတက်ကြရသည်။ တနေ့လုံး နေခို။ညနေ နေချိတော့ တပ်ထွက်၊ တညလုံးချီတက်၊ နံနက်မိုးလင်း နေပြင်းတော့ တပ်ပြန်ရပ်။

ညဘက်ချီတက်ရာတွင် အချို့က လှည်းဖြင့်၊အချို့ကမြင်းဖြင့်၊အချို့ကလည်း ခြေလျင်နှင့်၊ လသာသောညများတွင်မူ ရွှေစက်တော် ဘုရားပွဲတော်ကြီးသို့ လှည်းတန်းကြီးများဖြင့် ဘုရားဖူးသွားနေကြရသလိုလို ပျော်စရာပင် ကောင်းသေးတော့သည်။

သို့ရာတွင် ဧရာဝတီမြစ် အနောက်ဖက်ခြမ်းတွင် ဗြိတိသျှတို့သည် ကိုလိုနီခေတ်တလျှောက်လုံး လစ်

လျှူရပြီး ပစ်ထားခဲ့သည်ဖြစ်၍ လမ်းပန်းဆက်သွယ်ရေး၊ လူမှုရေး၊ စီးပွားရေးအခြေအနေတို့မှာ အလွန်တရာ နောက်ကျနေခဲ့ရပြီး ဆင်းရဲနွမ်းပါးလှသည်။ ကျွန်တော်တို့ ဘီအိုင်အေတပ်ကြီးတွင် ရိက္ခာဆို၍ လုံးဝမပါခဲ့ပါ။ နောက်ပိုင်းမှ ရိက္ခာထောက်ပံ့မည့်တပ်လည်းမရှိ။ ရောက်ရာဒေသတို့မှ မြို့ရွာများကိုသာ အားကိုးပြီး ချီတက်ခဲ့ကြရခြင်းဖြစ်ရာ ကျွန်တော်တို့တပ်ကြီးကို ကျေးရွာတိုင်းက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြပါသော်လည်း စေတနာ ထက်သန်စွာဖြင့် ထမင်းထုပ်များ လှူဒါန်းကြပါသော်လည်း ကျေးရွာကလေးအချို့မှာ တရွာတရွာမှာ အိမ်ခြေ နှစ်ဆယ်အစိတ်မျှသာရှိကြ၍ နွမ်းပါးလိုက်ကြသည်မှာလည်း အလွန်ပင်ဖြစ်ကြ၍ ကျွန်တော်တို့ ဘီအိုင်အေတပ်မတော်ကြီးအဖို့ ထမင်းတနပ်စာအတွက် ကျေးရွာလေးငါးဆယ်ရွာ စုပေါင်းလိုက်မှ လုံလောက်ရုံရ၏။ ထို့ကြောင့် ကျွန်တော်တို့တပ်သားများမှာ ထမင်းတထုပ်ကို နှစ်ယောက်၊ သုံးယောက်၊ လေးယောက် စသည်ဖြင့် ခွဲဝေစားကြရသည်။

တခါတရံ ရွာဆက်ပြတ်နေလျှင် ကျွန်တော်တို့တပ်သားများမှာ ဦးပုည၏ ရေသည် ပြဇာတ်ထဲကလို 'ထမင်းရက်ချန်၊ ရေရက်မှန်နှင့်' တင်းတိမ်ခဲ့ရပေသည်။

ထမင်းထုပ်ဟူ၍ ကျွန်တော်ဆိုခဲ့သည်။ သို့သော် တကယ်တော့ ထမင်းထုပ်မဟုတ်ပါ။ ထိုဒေသမှာ ဆန်စပါးအလွန်ရှားပါးပြီး လူး၊ ဆပ်၊ ပြောင်းတို့ကိုသာ စားသောက်ကြရသည်။ ဆန်မှာ လူမမာစာအဖြစ် ချီးချန်ထားရသည်။

ကျွန်တော်တို့အား လှူဒါန်းကြသော ထမင်းထုပ်များမှာ ပြောင်း သို့မဟုတ် လူး ဆပ်ကိုချက်ထားပြီး မန်ကျီးသီးမှည့်ကို ဆီရွှဲရွှဲကြော်ထားသည်။ ထိုထမင်းထုပ်များမှာ ကျေး ရွာ သား များ အ နေနှင့် အစွမ်းကုန် ကျိုးစားပြီး ပေးလှူကြခြင်းဖြစ်၍ ကျွန်တော်တို့အတွက် နတ်သုဒ္ဓါဖြစ်ရတော့သည်။ အချို့မှာ စေတနာထက်သန်လွန်းကြသဖြင့်၊ မျိုးချစ်စိတ် ထက်သန်လွန်းကြသဖြင့် လူမမာစားရန် ဆန်ကိုပင် ချန်မထားကြတော့ပါ။

ကျွန်တော်တို့တပ်သားများသည် မြို့ကြီး ရွာကြီးများနှင့်နီးလာလျှင် အလွန်ပင်ပျော်ရွှင်ကြသည်။ သုံးရောင်ချယ်အလံကြီးတွေ တလူလူ၊ အောင်သပြေပန်းတွေ တဝေဝေနှင့် အိုးစည်ဗုံမောင်းများတီးခတ်ကာ ခမ်းနားကြီးကျယ်စွာ ကြိုဆိုတတ်ကြသဖြင့် မြို့ကြီးရွာကြီးများနှင့် နီးကပ်လာကြပြီဆိုလျှင်....

ဒရွတ်ဆွဲနေသော ကျွန်တော်တို့ခြေထောက်များမှာ သွက်လာကြတော့၏။ ငိုက်စိုက်ကျနေသော ဦးခေါင်းများမှာ မော့လာတော့၏။ မောဟိုက်နေသော ရင်ဘတ်များမှာ ကော့လာကြတော့၏။

လမ်းဘေးဝဲယာတဖက်တချက်မှ နေရာယူ၍ လူထုကြီးထံမှ 'သခင်မျိုးဟေ့–ဒို့ဗမာ' 'အရေးတော်ပုံအောင်ရမည်' 'ဘီအိုင်အေ ရဲဘော်တွေ– အသက်ရာကျော်ရှည်ပါစေ' စသည့်ကြွေးကြော်သံများ ပဲ့တင်ထပ်သွားသောအခါတွင်မူ ကျွန်တော်တို့ရဲဘော်များမှာ ပင်ပန်းခဲ့ရသမျှတွေ ရှင်လန်းသွားတော့သည်။ မောဟိုက်ခဲ့ရ သ မျှ တွေ ဝမ်း မြောက် သွား ရ တော့သည်။

မြို့သူမြို့သားများက ကျွန်တော်တို့ ဘီအိုင်အေရဲဘော်များကို သူရဲကောင်းကြီးအနေနှင့် ချီးမြှောက်ကြသည့်အခါ ကျွန်တော်တို့က ဗြိတိသျှလောက်ကို မဆိုထားဘိ သိကြားမင်း၏ ဘုံဗိမာန်ကိုပင် တက်ပြီး ဒူးနှင့်တိုက်ပြလိုက်ချင်စိတ်များ ပေါက်သွားကြတော့၏။

ထမင်းထုပ်တွေကလည်းအလျှံအပယ်၊ ထမင်းထုပ်များထဲတွင် ကြက်သားလည်းအခြမ်းလိုက်၊ ဝက်သားလည်းအတုံးလိုက်၊ မုန့်ပဲသွားရေစာများပင် ပါလာကြသေးသည်။ အချို့ကလည်း ထမင်းထုပ်များထဲတွင် ပိုက်ဆံများ ထည့်ပေး လိုက်ကြသဖြင့် ကျွန်တော်တို့ သုံးစွဲကြရသေးသည်။ အချို့အမျိုးသမီး ကလေးများမှာ ဘီအိုင်အေရဲဘော်များအပေါ် ချစ်မြတ်နိုးလွန်းကြ၍ ထမင်းထုပ် ထဲတွင် ဖူးစာရှင် ရွေးချယ် သည့် စာကလေးကိုပင် ထည့်ပေးလိုက် သေးသည်။

စာမျက်နှာ (၁၅၅) သို့

လုပ်သားပြည်သူများအတွက်

ရန်ကုန်ပရိဘောဂဆိုင်

အိမ်ထောင်ပရိဘောဂအမျိုးမျိုးကို စျေးနှုန်း ချိုသာစွာဖြင့် ပြုလုပ်ရောင်းချနေပါသည်။

ဦးထွန်းကြည်
အာဇာနည်လမ်း၊ ရှမ္မသည်ဆွဲရပ်
ထားဝယ်မြို့။

ကြည်လင်ပြတ်သား၍ လှပသော
ဓာတ်ပုံအလိုရှိပါက

စပယ်ဦးဓာတ်ပုံတိုက်

သို့ ကြွခဲ့ပါ။

× ရှင်ပြု၊ အလှူ၊မင်္ဂလာဆောင်၊ ညှော်ခံပွဲဓာတ်ပုံများနှင့် အမျိုးသား မှတ်ပုံတင်၊ လိုင်စင်ဓာတ်ပုံများကို အမြန်ရိုက်ကူး ပေးနေပါသည်။

စပယ်ဦးဓာတ်ပုံတိုက်
စျေးတောင်ဘက်လမ်း (နှင်းရပ်ရှင်ရုံ)
ဇရစ်ရပ်၊ ထားဝယ်မြို့။

ရွှေရည်စိမ်နှလုံးသားကို ခမဲပေး၍—

(တစ်)

အိပ်မက် လှလှလေးတွေကို မက်နေတုန်းမှာ အနှိုးခံလိုက်ရတဲ့ လူတယောက်လိုပါဘဲ။ ရေရေရာရာမသိလိုက်ဘူး။ တကယ်တော့ အိပ်မက် ဆိုတာ သွားရေစာပါ။ ဝမ်းမဝ ပါဘူး သိတာ။ ဒါပေတဲ့ ပြေရာလေးတွေတော့ မောင်မောင့်ရင်ထဲမှာ စွဲတင်ကျန်ရစ်ခဲ့တယ်လေ။ သိတာ သိတယ်နော်…,

(နှစ်)

သူများနာမည် သီတာရယ်လို့ဆိုပြီး ပျားရည်မြစ်လေးလိုချိုသာတဲ့အသံလေးနဲ့စီးဝင် မိတ်ဆက်လာတဲ့ သီတာ့ကိုမောင်မောင်ပထမဆုံး မြင်ခွင့်ရလိုက်တယ်။

သူများကနဝမတန်းက ကိုမောင်မောင်ရဲ့ လှပတဲ့ ခံစားချက်ဝေဒနာကဗျာ ရင်ခုန်သံလေးတွေကို ဖတ်ပြီး ကိုမောင်မောင်ရဲ့ သဘာဝ ဆန်တဲ့ အတွေး လေး တွေကိုသာ ချစ်တတ် ပါတယ်။ ကာရန် လှလှလေး တွေကို မြတ်နိုး တတ်ပါတယ်။ သူများကို ကိုမောင်မောင်ရဲ့ စာဖတ်ပရိသတ် စာရင်းထဲမှာ ထည့် နိုင်ပါ့မလား၊ 'သူများကိုခင်နိုင်ပါ့မလား'

သာလိကာမလေး တကောင် မောင်မောင့်ရှေ့ဆီ ရောက်နေသလားရယ်အောက်မေ့မိတယ်။ တကယ်။ စကားပြောတဲ့အခါ 'သူများ၊ သူများ'ရယ်လို့ နာမ်စားလေးတွေသုံးပြီး ပြောတတ်တဲ့ သီတာ့ စကားသံလေးတွေ မောင်မောင့်နားထဲမယ် ဆည်း လည်း သံလေး များလို နား ဝင် ချို လွန်းပါတယ် အ ရည် လဲ့ လဲ့ ကြယ်ပွင့်လေး နှစ်ပွင့် ရှေ့မှာ တေမိ မင်းသားလေး ဖြစ်နေတဲ့ မောင်မောင်လေ။ ရီလိုက်တဲ့အခါ ဝပိုင်းပုံ နှုတ်ခမ်းလွှာအစုံရှေ့မှာ ကျောက်ဆစ်ရုပ်လေး ဖြစ်နေတဲ့ မောင်မောင်လေ။ ခရစ်လှိုင်းကြီး အဖြူရောင်၊နှစ်ထပ်ချိတ်ထမီ အဖြူရောင် လေး နဲ့ တ ကိုယ် လုံး ဖြူဆွတ်နေတဲ့ သီတာ့ရဲ့ရှေ့မှာသစ်မြစ်စွဲနေတဲ့ မောင်မောင်လေ။ စာအုပ်ကလေး ကို ပိုက်ပြီး မဲ့ခို့ တရို့ လေး ရပ်နေတဲ့ သီတာရဲ့ရှေ့က မောင်မောင်လေ။

'ဘယ်လိုလဲ ကိုမောင်မောင်၊ သူများကို အသိအမှတ် မပြုနိုင်ဘူးလား'

ဒုတိယမွ ပျားရည်မြစ်ကလေး မောင်မောင့်နားထဲ စီးဝင်လာတော့မှ မောင်မောင့်အတွေးသံသယလေးများ လန့်ဖြန့်ခုန်ထွက်ပြေးသွားကြတယ်။

'ခင်ပါတယ် မသီတာ'

စကားသင်ထားတဲ့ ကြက် တူ ရွေး လေး လိုပါဘဲ လေ။ သီတာ့ကို သည်စကားလေး ခြောက်လုံးဘဲ ပြန်ပြောတတ်တယ်။ မောင်မောင်ပြောနိုင်တဲ့ သတ္တိကလည်း ဒါဘဲရှိတယ်မှတ်လား။

(သုံး)

သီတာနှင့်ပတ်သက်ပြီး အ၊ ထ၊ က၊ (၄) ပိတောက်ရွာကို အရောက်များခဲ့ တယ်။ ပိတောက် ရွာ က ပိတောက်တန်းလေးတွေနဲ့လဲ မိတ်ဆွေဖြစ်ခဲ့တယ်။

'မောင်မောင်ရယ် စကားပြောပါအုံး၊ သူများကို ချည်း စိုက်ကြည့်နေတာဘဲ၊ မမြင်ဘူးတာကျလို့၊ သူများ ရှက်လှပြီ'

'သီတာလှလို့ပါ'

အစိမ်းသက်သက် မောင်မောင့် စ ကား လေး ကြောင့် သီတာရဲ့မျက်နှာလေးပေါ်မှာ ပန်းနုရောင်လေ ပြေ လေး ဖြတ် သန်း တိုက် ခတ် သွား တယ်။ ပီးတော့ ခေါင်းငုံ့လို့ပြုံးရောင်လေး ရှက်သွားတယ်။ အေး နု တဲ့ လေပြေ လက်သ ရမ်း လေး က မောင် မောင်တို့ နှစ်ယောက်ကို ထိပ်ပုတ် ခေါင်းပုတ် ကျီစယ်သွားတယ်။

မောင်လှိုင်းဇာ (ထားဝယ်)

ရွှေရည်စိမ်နှလုံးသားကိုခမဲပေး၍

'ဟုတ်တယ်သီတာ၊ သီတာရဲ့အလှမှာ မောင်မောင် အိပ်ပျော်နေမိခဲ့တယ်လေ၊ သီတာပြောမယ်၊ မစောလွန်းဘူးလားလို့၊ သီတာရယ် ချစ်တယ်ဆိုတာကို အချိန်ကာလနှင့် သတ်မှတ်ပိုင်းခြားထားလို့ ရတာမျိုးမှတ်ဘူးလေ၊ တကယ်တန်း အသဲနှလုံးနဲ့ရင်းပီး ချစ်လာရတဲ့အချစ်မျိုးဟာ ခိုင်မြဲတတ်ပါတယ်၊ မောင်မောင့်ရဲ့အချစ်ကိုလဲ သည်လိုအချစ်မျိုးဘဲလို့ ဆိုချင်တယ်၊ သီတာ စိတ်ဆိုးသွားမလားရယ်၊ ချစ်လို့ချစ်တယ်ပြောတာ အပြစ်ရှိသလားသီတာရယ်၊ စိတ်ဆိုးစရာမှတ်ပါဘူးနော်၊ သီတာအပြစ်ရှိတယ်လို့ထင်ရင်လဲ သီတာပေးတဲ့အပြစ်ကို မောင်မောင် အပြီး မပျက်ခံပါ့မယ်၊ သီတာ စိတ်ဆိုးမယ်ဆိုရင်လဲ ခါးမှာ စည်း လည်မှာရစ်လို့ မောင်မောင် တသက်လုံး ခံပါ ရစေလားသီတာရယ်'

'မောင်မောင်ဟာလေ ကဗျာဆရာလို့ မပြောရဘူး၊ စကားသိပ်တတ်တယ်၊ သူများ ဘာပြောရမလဲ'

'ချစ်တယ်လို့….'

'အို….'

ဆေးပန်းရိုက် မျက်နှာလေး ဖြစ်သွားပြန်တယ်၊ သီတာ့မျက်ဝန်းလေးထဲမှာ အချစ်မိုးလေးတွေ ရွာနေသလိုရယ်၊ အချစ်ပန်းလေးတွေ ပွင့်နေသလိုရယ်၊ ဟုတ်တယ်မှတ်လား။ နုပျိုသစ်နေတဲ့ သီတာ့မျက်နှာလေးဟာ အပြစ်ကင်းမဲ့တဲ့ သမင်ပျိုမလေးလို သီတာ့ဆီက တိတ်တခိုးလေးမစ်လွှတ်လိုက်တဲ့ သက်ပြင်းချသံလေးတခု လေထဲမှာ လွင့်မျော ပျောက်ပြယ်သွားတယ်။

'သူများ မပြောတတ်ဘူး'

တုန်ရီနေတဲ့ စကားသံလေးက မောင်မောင့်နားထဲ ပြေးဝင်ရိုက်ခတ်လိုက်တယ်။ ရင်ခွင်သစ်ရွက်ကလေးတွေ လှုပ်ခတ်ကုန်ကြတယ်။ 'ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်း' ဆိုတဲ့ စကားစုလေးကို မောင်မောင် ယုံလိုက်မိတယ်။ မြက်ခင်းစိမ်းနုနုလေးတွေကို ရည်ရွယ်ချက်မဲ့ ဆွဲလိမ်ကျစ်နေတဲ့ သီတာ့ရဲ့ ဆင်ဆွယ်ရောင် လက်ချောင်းလေးတွေကို ဆုပ်ကိုင်မိတယ်။ အို…. သီတာ့ရဲ့လက်ကလေးတွေ အေးစက်လို့။ နှင်းရည်မြစ်ကလေးထဲ နှစ်စိမ်ချထားရော့သလားရယ်။

(လေး)

နေကလေးပေါင်းများစွာ နာရီလက်တံဝါးမြိုမှုကို မရှုမလှခံလိုက်ရတယ်။ နွေ၊ မိုး၊ ဆောင်း ရာသီ စက်ဝန်း ပတ်လည်ခဲ့တယ်။ တကယ်တော့ မောင်မောင်ဟာ သီတာထင်သလို ကုံကော်ရွာသားတယောက်မဟုတ်ဘူး။ ကုံကော်ရွာနဲ့ မောင်မောင့်ဘဝကမတန်ရာ။ မဆီလေးရယ်ကမှမဆိုင်။ ကုံ့ကော်ရွာကို မောင်မောင်တို့လို သူဆင်းရဲ လူ့ငမွဲလေးတွေနဲ့လဲ မပတ်သက်စကောင်း။ တိုက်နဲ့ ကားနဲ့၊ ဝတ်နိုင် စားနိုင်၊ ငွေကို ရေလိုသုံးနိုင်တဲ့လူတွေရှဲ့နေရာ။ ဒီနေရာ၊ဒီလူတွေကိုမှ သီတာ အထင်ကြီးတာ။ အ မှန်တော့ ပိတောက်ရွာကို မောင်မောင်သွားမိတာ မောင်မောင့်အမှား။

မောင်မောင် ဆယ်တန်းအောင်ပြီး ကျောင်းထွက်ခဲ့ရတယ်။ ဒါကို သီတာမသိ။ သီတာ မောင်မောင့်ကိုသိတာ ကုံ့ကော်ရွာသားတယောက်လို့။ မဟုတ်။ သီတာကိုလည်း ပြောမပြဖြစ်ခဲ့။ ကုံ့ကော်ရွာကို မောင်မောင်ရောက်ဖို့နေနေသာသာ ဆယ်တန်းပညာကို ဆုံးခန်းတိုင်အောင်အထိ အမေ့ခေါင်းပေါ်မှာ ဆံချည်မပေါက်နိုင်အောင် ဈေးဗန်းရွက်ပြီး ကျောင်းစရိတ်ရှာပေးခဲ့တဲ့ အမေ့ကိုဘဲ ကျေးဇူးတင်လှပါပြီ။ မောင်မောင်တို့က သိပ်ဆင်းရဲတယ်။ ဒါကိုလဲ သီတာ သိမှာမဟုတ်။ ပြေးလာတဲ့လှိုင်းကလေးဟာ ကမ်းခြေကိုရိုက်ခတ်ပြီးရင်တော့ ပြန်သွားကြစမြဲပါနော်။ မောင်မောင် သီတာ့ကို ဆက်ပြီးမညာချင်ဘူး။ ဒါကြောင့်လဲ မောင်မောင်ဝန်ခံလျက်သား။

'သီတာ၊ မောင်မောင်ဟာ သီတာထင်သလို တကယ်သိလာကံ့ကော်ရွာက ကျောင်းသားမှတ်ဘူး'

မောင်မောင့် စကားလေးတွေ သည်နေရာမှာဘဲ ရပ်တန့်သွားသည်။ နူးညံ့တဲ့ ဝါဂွမ်းနု လက်ဖဝါးလေးတစုံ မောင်မောင့်နှုတ်လွှာပေါ် ကျလာတယ်။

'သူများကိုမယုံလို့လား၊ သူများဝမ်းနည်းတယ်'

'သီတာ့ကိုယုံပါတယ်၊ သိပ်ယုံပါတယ်၊ ယုံလွန်းလို့လဲ သီတာဆိုတဲ့ ပိတောက်ရွာသူလေး ကို နှစ်နှစ်ကာကာ ချစ်ရပါတယ်'

'မောင်မောင်၊ ဘွဲ့ရပြီးရင် ဘာလုပ်မယ် စိတ်ကူးလဲ'

'ပြောရခက်လှပါတယ် သီတာရယ်၊ မောင်မောင် ပြောတာကိုလဲ သီတာက ဆုံးအောင် နားမထောင်တော့ မောင်မောင်ပြောနိုင်တာ့က—

'မောင်မောင် အခု ဆိုက္ကားနင်းတယ်လေ'

'ဟင်း….ဟင်း….မောင်မောင်လဲ ရှိစရာ ပြောတတ်သား၊ နောက်ပြီးတော့ကော'

'ပြီးတော့ကဗျာရေးတယ်'

'မောင် မောင် သိပ် နောက် တယ်၊ သူ များ က အကောင်းပြောနေတာ'

'တကယ်ပါသီတာ၊ မောင်မောင် တကယ်ပြောနေတာပါ'

'ဟင့်အင်း….ဟင့်အင်း၊ သူများမသိဘူး၊သူများ သီတာက မောင်မောင်ဟာလေ (ဝိဇ္ဇာ) နောက်ဆုံး

နှစ်က၊ သူများစိတ်ညစ်တာတွေမပြောနဲ့ သိလား၊ သူများ ငိုပစ်လိုက်မယ်'

မောင်မောင်ဘာပြောရမလဲ သီတာ ။မိန်းခလေး တို့ရဲ့လက်နက်ဟာ မျက်ရည်စက်တဲ့။ သီတာမျက်ရည် ကျတာ မောင်မောင်မကြည့်ရက်၊ မမြင်ချင်။ မောင် မောင်အရှုံးပေးလိုက်ပါတယ်သီတာ။ဒါကလဲ သီတာ့ ကို ‌ သိပ်ချစ်လို့ပါ။ မဟာရာမ ဇာတ်တော်ထဲက 'မယ်သီတာ' အကြောင်းကို ဇာပိုင်းတစ ပြန်သတိရ မိတယ်။ မင်းရာမဟာ မယ်သီတာကို မယ်သီတာ အကြိုက် သမင်လိုက်ပေးခဲ့တာ။

(ငါး)

နေရောင်ဟာ သူ့တာဝန်အရ ဝါးရုံကလေး နောက်မှာ အိပ်တန်းတက်သွားပါတော့မယ်။ကောင်း ကင်မှာ ကြယ်မီးအိမ်ကလေးတွေ ထွန်းလက်လာ တယ်။ နေ့ တွက် မ ကိုက်သေးတာနဲ့ မောင်မောင် ရဲ့ဆိုက္ကားလေးကတော့ အလုပ်မသိမ်းသေး။ မာကြူရီ မီးသီးအောက် လမ်းဆုံကြီးထိပ်မှာ ကာကီဒိုးထုပ် ကလေးကို ခပ်ငံ့ငံ့ဆောင်းရင်း ခရီးသွားညှော်သည် ကို စောင့်မျှော်နေတဲ့မောင်မောင်ဟာ ရင်းနှီးပြီးသား ပျားရည်မြစ်အသံလေးကြောင့် တုန်လှုပ်သွားမိတယ်။ ခပ်မှုန်မှုန် အလင်းတံခါးကိုမခေါက်ဘဲ ဝင်လာသူ ကတော့ သီတာရယ်။

မောင်မောင့်ဘဝက ကိုယ့်ဘဝ ဝမ်းမီးအတွက် ခရီးသည်တို့ လိုရာကို ဝတ်မပျက် ပို့ဆောင်ပေးရ တယ်။ ဒီအချိန်မျိုးမှာ သီတာ့ကိုမတွေ့ချင်ဘူး။မကြို မ တွေ့ ပါစေနဲ့ရယ်လို့လဲ အထပ်ထပ် ဆုတောင်း တယ်။ ဒါပေတဲ့ ဆုဆိုတာ တောင်းတိုင်းပြည့်တာ မျိုး မဟုတ်လေတော့ မာကြူရီမီးသီးရဲ့ အရောင်နဲ့ မောင်မောင့်ကို သီတာသိသွားတယ်။ ရှက်ဝမ်းနည်း တဲ့မျက်နှာနဲ့ ခြေလှမ်း သွက်သွက် မောင်မောင့် ဆိုက္ကားလေးကို ဖြတ်ကျော်သွားတယ်။မောင်မောင် ဘာများတတ်နိုင်ဦးမှာလဲသီတာရယ်။ မဂ္ဂီ ၂၃ ရဲ့ လက်ကျန်ရနံ့လေးတွေက မောင်မောင့်ပတ်ဝန်းကျင် မှာ ကျန်ရစ်ခဲ့တယ်။ သီတာ့သူငယ်ချင်းမတယောက် ရဲ့ မခို့တရို့ရယ်သံလေး မောင်မောင့်နားထဲကို သံ ရည်ပူတွေလို စီးဝင်လာတယ်။

(ခြောက်)

ပိတောက်ရွာက ပိတောက်တန်းကလေးတွေက မောင်မောင့်ကို လှောင်ပြောင်နေကြပြီ သီတာရယ်။ 'အလောင်းစည်သူ' မင်းရဲ့ ဆွေတော်မျိုးတော် 'မင်း ကျန်ရစ်' တဲ့။

မောင်မောင်ဟာ ကံ့ကော်ရွာသား တယောက် မဟုတ်ပါလို့လဲ ဝန်ခံပီးသား။ ခုတော့-ပိတောက် တန်းကလေးတွေ စိမ်းနေပါပီ။ အချစ်ကလေးတွေ အိုကုန်ကြပါပီ။ လွမ်းဆွေးရက်ကလေးတွေ သက်ဆိုး ရှည်ကုန်ကြပါပီ။

'သီတာ၊ မောင်မောင့်ကို မုန်းသွားပလား'

'ဟင့်အင်း....'

'မောင်မောင့်ကို တမင်သက်သက် နှိပ်စက်နေ တာလား သီတာ'

'အို....ကိုမောင်မောင့်ကို ချစ်တယ်လို့ သူများ ပြောဘူးလို့လား၊ သူများချစ်တာကလဲ ကိုမောင် မောင်ရဲ့ ကဗျာလေးတွေပါ၊ ပီးတော့ ကိုမောင် မောင့်ကိုပြုရအုံးမယ်၊ ဟောဒါက သူများရဲ့မင်္ဂလာ ဖိတ်စာ'

ငိုချင်ရက် လက်တို့တာလား သီတာရယ်။ ဝေဒနာ ဆိုတာ မလွယ်မိရင်ကောင်းပါတယ်၊ သံယောဇဉ် ဆိုတာ မတွယ်မိရင်ကောင်းပါတယ်။ ခုတော့ သိပ် ခက်နေပါတယ်သီတာရယ်။ ရင်မောလိုက်တာ။ မြွေ ဟောက်မလေးလို လျှာကိုနှစ်ခွထုတ်ပြပြီး မသိကျိုး ကျွံပြုလေး ပြုသွားခဲ့ပါပီ။ လက်တလုံးခြားလေးကွယ် သွားခဲ့ပါပီ။ မောင်မောင် ချီးမွမ်းလိုက်ပါရဲ့။

မောင်မောင့်လက်ပေါ်မှာ မလှုပ်မယှက် ငြိမ်ငြိမ် သက်သက်လေးရှိနေတဲ့ ရွှေဝါရောင် ဇောင်းကွပ်စာ လေးနဲ့ အထဲကနာမည်လေးတခုက မောင်မောင့်ကို လျှာထုတ်ပြပြီး ခနဲ့နေတယ်လေ။ 'ဒေါက်တာသူရ လွင်' တဲ့။

ရွှေ၊ ငွေ၊ ဂုဏ်၊ ဓနၤဘွဲ့မဲ့တဲ့ သူဆင်းရဲတယောက် ကို မချစ်လိုလို့ ပစ်ခွာပြေးသွားတဲ့ သီတာကိုလည်း မောင်မောင် အပြစ်မတင်ရက်ပါလေ။ တကယ်တော့ လဲ သီတာတို့ လိုချင်တာမျိုး မောင်မောင့်ဘဝမှာ တခုမျှမရှိဘဲ။မောင်မောင်ပေးနိုင်တာက မောင်မောင့်

ရင်ထဲက ကဗျာလေး တပုဒ်စ နှစ်ပုဒ်စ။ချစ်တတ်တဲ့ နှလုံးသားလေးတခု။ သီတာသိစေချင်တာက မောင်မောင်တို့လို ကျောမွဲမေတ္တာသမားလေးတွေမှာ ခိုင်မြဲတဲ့ သစ္စာနဲ့ မေတ္တာအသဲနှလုံးလေးတွေ ရှိနေကြတယ်ဆိုတာ။ ဒါပေတဲ့....

သည်စကားလေးတွေကို မောင်မောင် မပြောပြနိုင်တော့ပါဘူး။ပြောလဲမပြချင်တော့ပါ။မောင်မောင့်အနားက သီတာဆိုတဲ့ ရွှေမင်းသမီးကလေး ပြေးထွက်သွားခဲ့ပြီကော။ နောက်ဆုံးနှုတ်ဆက်တဲ့ သီတာ့ကိုယ်ရနံ့လေးတွေနဲ့ မဉ္ဇူ ၂၃ လက်ကျန် ရနံ့လေးတွေက လက်ပြနေဆဲပါ။

သီတာအသက်နှုတ်သွားတဲ့ ကျောက်ဆစ်ရုပ်လေး မောင်မောင်လေ။

သီတာကြိုးဖြတ်သွားတဲ့ ရုပ်သေးရုပ်လေး မောင်မောင်လေ။

တကယ်တော့ သီတာရဲ့အချစ်မျိုးက 'ရွှေရည်စိမ်နှလုံးသားအချစ်မျိုး'

'ရွှေရည်စိမ်နှလုံးသားအချစ်မျိုး'

မောင်လှိုင်းဇာ (ထားဝယ်)

☆

ကိုယ်အလေးချိန်အကြောင်း သိကောင်းစရာ

သိပ္ပံငွေနှင်း

ကိုယ်အလေးချိန်အကြောင်း သိကောင်းစရာ

ကျန်းမာရေးလိုက်စားသူတိုင်းပင် မိမိ၏ ကိုယ်အလေးချိန်ကို အမြဲဂရုစိုက်ကြ၏။ ကိုယ်အလေးချိန်အတိုးအလျော့ကို ကြေးမုံပြင်တွင် မိမိ၏ရုပ်အသွင်ကို ရှုသလို သတိပြုလျက်ရှိကြ၏။ အဘယ်ကြောင့်ဆိုသော် လူတို့၏ကျန်းမာရေးနှင့် ကိုယ်အလေးချိန်သည် တိုက်ရိုက် ဆက်စပ်လျက်ရှိသောကြောင့်ပင် ဖြစ်ပါသည်။

အမေရိကန်ပြည်ထောင်စု ဟားဘတ်တက္ကသိုလ် အဟာရဌာနမှ ပါရဂူဖြစ်သူ ဒေါက်တာဖရက်ဒရစ်စတဲယား၏ ဖြေကြားချက်မှတ်စုများထဲမှ ကောက်နုတ်၍ အောက်ပါတို့ကို ဖော်ပြအပ်ပါသည်။

ကိုယ်အလေးချိန် များသူများ အသက်တိုတတ်ပါသလား–

ဝဖြိုးသူများမှာ အမှန်ပင် အသက်တိုတတ်ပါသည်။ အသက် (၅၀) ပြည့်ပြီးသောသူတဦးသည် သာမန်အဆင့် ကျန်းမာရေးနှင့် ပြည့်စုံပါက နောက်ထပ် အနှစ် ၂၀ အသက်ရှည်ဘို့ရာ မျှော်မှန်းနိုင်ပါသည်။ သို့ရာတွင် ယင်းပုဂ္ဂိုလ်သည် ရှိသင့်သည့် ကိုယ်အလေးချိန်ထက် လွန်စွာ ဝဖြိုးနေပါက ၎င်းမျှော်မှန်းချက်ထက် သုံးပိုင်းတပိုင်း လျော့နည်းဘွယ်ရာ ရှိပါသည်။

ဝဖြိုးသူများ ရောဂါဘယ ထူပြောတတ်ပါသလား–

ဝဖြိုးသူများ ရောဂါထူတတ်ပါသည်။ ဝဖြိုးသူသည် သာမန်လူထက် သွေးတိုးရောဂါဖြစ်ရန် အခွင့်အလမ်း သုံးလေးဆပိုပါသည်။ နှလုံးရောဂါဖြစ်ပွားရန် အခွင့်အလန်း သုံးဆခန့်ပိုပါသည်။ ဆီးချိုရောဂါဖြစ်ရန်အခွင့်အလမ်းမှာ ငါးဆခန့်အထိ ပိုရှိနိုင်ပါသည်။ ခွဲစိတ်ကုသခြင်းခံရပါကလည်း ဝဖြိုးသူသည် သာမန်လူထက် လေးဆခန့်အန္တရာယ်ပိုကြီးပါသည်။

ဘာကြောင့် ဝဖြိုးသူများ အသက်တိုရပါသလဲ–

ဝဖြိုးသူများ အသက်တိုရခြင်းမှာ အဓိကအားဖြင့် ခန္ဓာကိုယ်က 'ဝန်' ကို ပိုထမ်းဆောင်ရသောကြောင့် ဖြစ်ပါသည်။ ခန္ဓာကိုယ်တွင် ဝန်ပို ထမ်းဆောင်ရသဖြင့် နှလုံးမှာ အလုပ်ပိုလုပ်ရသောအခါ သွေးကြောများကိုပါ ထိခိုက်ပျက်စီးစေပါသည်။ ဝဖြိုးမှုမှာလည်း တဖြည်းဖြည်းချင်း ဝဖြိုးလာခြင်းထက် ရုတ်တရက် ဝဖြိုးလာခြင်းက ပိုမိုအန္တရာယ်ကြီးမားတတ်ပါသည်။

ဝဖြိုးမလာစေရန် နည်းလမ်းကောင်း ရှိပါသလား–

ဝဖြိုးမှုဟန့်တားစေရန် နည်းလမ်းများရှိပါသည်။ အလွယ်တကူနှင့်တော့ ဝဖြိုးမှုကို မဟန့်တားနိုင်ပါ။ ဝဖြိုးသူသည် ခိုင်မြဲသော သန္နိဋ္ဌာန်ချမှတ်၍ တိတိကျကျ ဆောင်ရွက်ရန် အရေးကြီးပါသည်။ အချို့သောပုဂ္ဂိုလ်များမှာ စိတ်ဓာတ်မကြံ့ခိုင်သဖြင့် ပိန်သွားအောင်ပြုလုပ်နိုင်ပြီးမှ အလျော့ပေးလိုက်သဖြင့် ပြန်ဝလာသည်များလည်း ရှိတတ်ပါသည်။

ထမင်း 'မြိန်' ခြင်းကြောင့် ကိုယ်အလေးချိန် တိုးတက်လာပါသလား–

မှန်ပါသည်။ ထမင်း 'မြိန်'၍ များများစားခြင်းသည် ဝဖြိုးခြင်း၏အဓိက အကြောင်းတရပ် ဖြစ်ပါသည်။ ဝဖြိုးသူများသည် ထမင်း 'မြိန်' ပြီး အစားမလွန်စေရန် သတိပြုဘို့လိုပါသည်။ အနောက်နိုင်ငံတွင် အစားမလွန်စေရန် ခံတွင်း 'ပျက်' စေသောအစာ၊ ဆေး စသည်များတီထွင်သုံးဆောင်ရှေ့လှရှိကြပါသည်။

ဝဖြိုးမှုသည် မျိုးရိုးအလိုက် ဖြစ်ပေါ်တတ်ပါသလား–

သိပ္ပံပညာဆိုင်ရာ အထောက်အထားများ အရ ဝဖြိုးမှုသည် မျိုးရိုးနှင့်တိုက်ရိုက် မသက်ဆိုင်ကြောင်း တွေ့ရှိရပါသည်။ မိဘဖြစ်သူက ဝဖြိုး၍ သားသမီးမှာ အလိုအလျောက်ဝဖြိုးခြင်းမရှိပါ။ သို့ရာတွင် တအိမ်သားလုံး အစားကြီးနေပါက ထိုအိမ်သားများမှာလည်း အစားကြီးပြီး ဝဖြိုးသူဖြစ်လာနိုင်ပါသည်။

ကာယလေ့ကျင့်ခန်းများဖြင့် ကိုယ်အလေးချိန်လျော့အောင် ပြုလုပ်နိုင်ပါသလား–

ကာယလေ့ကျင့်ခန်းများဖြင့် အလေးချိန် လျော့အောင် ပြုလုပ်နိုင်ပါသည်။ သို့ရာတွင် ၎င်းလေ့ကျင့်ခန်းများသည် မပြင်းလွန်းရန် သတိပြုရပါမည်။ လေ့ကျင့်မှု များသွားပါက 'အစား' ကောင်းပြီး အလေးချိန် တိုးနိုင်ပါသည်။မပြင်းလွန်း မပျော့လွန်းသော ကာယလေ့ကျင့်ခန်းများ မှန်မှန်ပြုလုပ်ပေးခြင်းဖြင့် အစားလည်း 'မလွန်' ဘဲ ကိုယ်အလေးချိန်လည်း ကျနိုင်ပါသည်။

ဆေးလိပ်သောက်ခြင်းဖြင့် ကိုယ်အလေးချိန် လျော့နိုင်ပါသလား–

ဤကိစ္စအတွက် အထောက်အထား မခိုင်လုံလှသော်လည်း ဆေးလိပ်ဖြတ်သူများ ကိုယ်အလေးချိန် တိုးလာသည်ကို တွေ့မြင်ရပါသည်။ ဆေးလိပ်ဖြတ်ရာတွင် ထမင်းပို၍ 'မြိန်' လာကာ ပို၍ စားတတ်ကြပါသည်။ ဆေးလိပ်သောက်တတ်သူများမှာ ပါးစပ်၌ဆေးလိပ်ခဲထားရလျှင်အစားအစာကို သိပ်မမက်ကြသဖြင့်အစားအသောက်နည်းလေ့ရှိပါသည်။

★ သိပ္ပံငွေနှင်း

ဦးကြာဒုနှင့်သားများ

မိသားစု ဘယ်လင်လုပ်ငန်း

ဒေါင်းဝူရပ်

မင်္ဂလာလမ်း

ထားဝယ်မြို့။

ဦးဘဲလူး၏သားများ

''သံတန်ဆာအလုပ်ရုံ''

* မိတ်ဆွေတို့ စိတ်တိုင်းကျ ပြုလုပ်ပေးနေပြီ။

ဈေး တောင်ဘက်လမ်း

ခုံဝင်းဒပ်ရပ်၊

ထားဝယ်မြို့။

၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာ အစော ပိုင်းကာလ—

ဇွန်ရီယာအနီးရှိ ပီတရစ်ရှိမိုကျေး ရွာကလေးတွင် အသက် အဆယ့် ရှစ်နှစ်သာရှိသေးသော မော်စကို ကွန်မြူနစ်လူငယ် မိန်းခလေးတဦး အား ဂျာမန်တို့ ရက်စက်စွာ သတ်ဖြတ် စီရင်ခဲ့ကြ ပါသည်။ အဆိုပါမိန်းခလေးကား သူ့ကိုယ် သူ 'တာညာ' ဟူ၍ ဂျာမန်တို့အား လိမ်ညာခဲ့သော သတ္တိခဲ မိန်းခ လေးတယောက်ပင် ဖြစ်ပါသည်။

ရက်စက်ကြမ်းကြုတ်၍ ကြောက် မက်ဖွယ်ရာကောင်းလှသော ယင်း ကာလ နေ့ရက်များတွင် သေမင်း သည်သာ ကြီးစိုး မင်းမူ ခြိမ်း ခြောက်လျက်ရှိချေသည်။ တိုက်ပွဲ သည် မော်စကိုကျေးလက် ဒေသ တလျှောက် ဂေါ်လစ်ဆီနို နှင့် စကော်ဒညာတပိုက် ဆက်တိုက် ဖြစ်ပွားလျက်ရှိကာ ရှေတန်း စစ် မျက်နှာတွင် ရန်သူတို့၏ နောက် ပိုင်းကို ထိုးနှက် တိုက်ခိုက်လျက် ရှိသော ပါတီ တပ်စုများအား အကူအညီ ပေးနိုင်ရန် အတွက် စုစည်း စေလွှတ်လျက်ရှိပေသည်။

ယင်းသို့သောအခြေအနေတွင် ပီထရစ်ရှိမိုကျေးရွာရှိ ဂျာမန်တဦး ၏ လယ်ကွက်အထဲရှိတယ်လီဖုန်း လိုင်းအားလုံးမှာ တစုံတယောက် ၏ ဖြတ်တောက် ပစ်လိုက်ခြင်းကို ခံလိုက်ရပြီး မြင်းကောင်ရေ(၁၇) ကောင်ကို ထိန်းသိမ်းထားသော မြင်းဇောင်းတခုကိုပါ မီးရှို့ ဖျက် ဆီးခြင်းကို ခံလိုက်ရပါသည်။ သို့ သော်လည်း နောက်တနေ့တွင်

ဂျာမန်တို့သည် ပါတီတပ်သားတဦးကို လက်ရဖမ်းဆီးမိခဲ့ပေသည်။

ထိုနေ့က သူသည် သိုးမွေးဦးထုပ်ကို ဆောင်းထားပြီး သိုးမွေးအနားကွပ် ဂျာကင်အင်္ကျီကို ဝတ်ထားပါသည်။ ဘောင်းဘီမှာ ဝါဂွမ်းချုပ် ဖြစ်ပြီး သက္ကလပ်ဘိနပ်ကို စီးထားကာ ကျောပိုးအိတ်တလုံးကို လွယ်ထားပါသည်။ သူသည် သေနတ်ကို ကုတ်အင်္ကျီအထဲသို့သွင်းလိုက်ပြီး အိတ်ထဲမှ ခေတ်ဆိုပုလင်းကို ဆွဲထုတ်လိုက်ကာ နံရံများပေါ်သို့ ပက်ဖြန်းလိုက်ပါသည်။ ပြီး–မီးရှို့လေတော့သည်။ သည်တွင် ဂျာမန် ကင်းစောင့်တပ်သားတဦးသည် သူ့နောက်မှ တဖြည်းဖြည်း တွားသွားပြီး ခုန်အုပ်ကာ ဖမ်းဆီးပါတော့သည်။

ပါတီတပ်သားသည် ယင်း ဂျာမန် အစောင့်စစ်သားအား တအားတွန်းထုတ်လိုက်ပြီး သူ့သေနတ်ကို ဆွဲထုတ် ယူလိုက်ပါသည်။ သို့သော် သူ နောက်ကျသွားချေသည်။ အစောင့်စစ်သားသည် သူ့လက်ထဲမှ သေနတ်အား ကန်ပုတ်ထုတ်လိုက်ပြီး သူ့အား ဖမ်းဆီးချုပ်ကိုင်ထားလိုက်ပေသည်။

ပြီးနောက် ထိုပါတီတပ်သားအား ဂျာမန်စစ်ဗိုလ်များရှိရာတဲတန်းလျားများသို့ ဖမ်းဆီးချုပ်နှောင်ခေါ်ဆောင်သွားကြလေသည်။ ယင်းတွင် ဂျာမန်စစ်ဗိုလ်များက သူ့ကို စစ်ဆေးကြရာ သူသည် နုနယ်ငယ်ရွယ်လှပြီး အရပ်အမောင်းမြင့်မြင့်သွယ်သွယ်နှင့် မျက်လုံး မျက်ဖန် ပေါ်လွင်လျက် နက်မှောင်မဲနက်သော ဆံပင်ကို ခပ်တိုတိုညှပ်ဖြတ်ထားသော မိန်းခလေးတဦးဖြစ်နေသည်ကို တွေ့ကြရပေတော့သည်။

ဂျာမန်အရာရှိများက သူမအား စစ်ဆေးမေးမြန်းတိုင်းပင် ‘မသိဘူး’ ‘ကျမမသိဘူး’ ‘ကျမ မပြောနိုင်ဘူး’ ဟူ၍သာ တာညာသည် တွန့်ဆုတ်ခြင်းတစက်မျှမရှိဘဲ ပီသပြတ်သားစွာ ဖြေဆိုခဲ့သည်သာ ဖြစ်ပေသည်။ ယင်းသို့ ငြင်းဆန် ဖြေဆိုနေသဖြင့် ဂျာမန်အရာရှိတို့သည် သူမအား ခါးပတ်များဖြင့် ရိုက်နှက်စစ်ဆေးကြပြန်ပါသည်။ ခဏအကြာတွင် ခပ်ငယ်ငယ်ဗိုလ်ကလေးတဦး အခန်းထဲမှ စိတ်ပျက်စွာ ထွက်လာပြီး မီးဖိုချောင်တွင် လာထိုင်လျက် စစ်ဆေးမေးမြန်းချက်များကို နားစွင့်လျက်နေပေသည်။ သူသည် ကြာတော့ မျက်စိအစုံကို မှိတ်၊နားနှစ်ဖက်ကို လက်ဖဝါးနှစ်ဖက်ဖြင့် ပိတ်ထားလိုက်လေသည်။ အခန်းထဲတွင်ကား ရိုက်နှက်စစ်ဆေးလျက်ပင် ရှိနေသေးသည်။

အချက်ပေါင်းနှစ်ရာခန့်လောက် ရိုက်သံကြားနေရသော်လည်း သူမဆီမှမူကား ဘာအသံမှ ထူးထူးခြားခြားထွက်မလာပေ။ ရိုက်နှက်ပြီးသည့်နောက်တွင်လည်း ထုံးစံအတိုင်းပင် ‘မသိဘူး’ ‘ကျမ မပြောနိုင်ဘူး’ ဆိုသောအဖြေပင် ဖြစ်ပေသည်။ သို့သော် သူမ၏အသံမှာမူ တိမ်ဝင်လျက် ရှိနေပေပြီ။

ယင်းသို့ စစ်ဆေးမှုများပြုလုပ်ပြီးသည့်နောက် သူမသည် ဗာစီလီအလက်ဇန္ဒရိုဗစ်ကူးလစ်၏တဲသို့ စေလွှတ်ခြင်းခံရပေသည်။ အတွင်းခံကလေးကိုသာဝတ်ရ၍ ဘိနပ်မပါ။ ဘောင်းဘီကို ဒူးလောက်အထိ လိပ်တင်ကာ နှင်းတောကြီးတလျှောက် ဖြတ်သန်းလာခဲ့ရပေသည်။

ကူးလစ်နှင့် သူ့မိန်းမတို့သည် တဲအိမ်ထဲသို့ ဝင်ရောက်လာသော သူမအား မီးအိမ်၏အလင်းရောင်ထဲ မသက်မသာတွေ့ကြရလေသည်။ သူမ၏ နဖူးပြင်မှာ ညိုမဲသည့်ဒဏ်ရာကြီးများနှင့် ခြေထောက်နှင့် လက်မောင်းများတွင်လည်း ဒဏ်ရာအလျှိုလျှိုနှင့် တွေ့လိုက်ကြရပေသည်။ သူမ၏ လက်နှစ်ဖက်ကိုလည်း လက်ပြန်ကြိုးတုပ်ထားပြီး သူမ၏ နှုတ်ခမ်းများမှာမူ သွေးမဲ့လျက် ဖူးရောင်နေပေသည်။

သူမသည် ခုံတန်းလျားတခုပေါ်တွင် ထိုင်ချလိုက်ပါသည်။အစောင့်စစ်သားတဦးမှာမူ တံခါးဝတွင် ရပ်လျက် စောင့်ကြပ်နေပါသည်။ဗာစီလီနှင့်ကူးလစ်တို့မှာမူ အိပ်စင်ပေါ်တွင် လဲလျောင်းကာ စောင့်ကြပ်ကြည့်ရှုနေပေသည်။ သူမသည် ခဏလောက်ငြိမ်သက်စွာထိုင်လိုက်ပြီးနောက် သောက်ရေတခွက်တောင်းလိုက်ပါသည်။ ဗာစီလီသည် အပေါ်ထပ်ခိုးပေါ်တက်၍ ရေတခွက် ယူလာပြီး သူမအား လှမ်းပေးလိုက်ရာ အစောင့်စစ်သားသည် အတင်းဝင်ရောက်လာပြီး ရေခွက်အားရိုက်ပုတ်ထုတ်လိုက်ပါသည်။ မကျေမနပ်ဖြင့်လဲ မာန်မဲလိုက်ပါသည်။

စစ်သားများသည် မိန်းခလေးအား အမျိုးမျိုးနှိပ်

စက်လျက်ရှိကြသည်။ တချို့က လက်သီးများဖြင့် ထိုးကြိတ်ကြပြီးတချို့က သူမ၏မေးစေ့ကို မီးနှင့်တို့ကြပါသည်။ တယောက်က သူမ၏ကျောပြင်အပေါ် လွှဖြင့်ဖြတ်ပြပေသည်။

ယင်းကဲ့သို့ အမျိုးမျိုးနှိပ်စက်ကြပြီးနောက် အိပ်ရာ ဝင်သွားကြပြီး အစောင့်စစ်သားတဦးကိုမူ သူမအား စောင့်ကြပ်ရန် ထားခဲ့ပေသည်။ အစောင့်စစ်သားသည် သူမအား ရိုင်ဖယ်ကြီးဖြင့် ချိန်ရွယ်ကာ တဲအပြင်ဖက်သို့ ထွက်ခိုင်းပါသည်။ ပြီး....သူမ၏ နောက်ကျောပြင်ကို လှံစွပ်ကြီးဖြင့် ထောက်ကာ လမ်းလျှောက်ခိုင်းပါသည်။ လမ်းဆုံးရောက်သည်နှင့် သူမအား ပြန်လှည့်ခိုင်းပါသည်။ နောက် ရှေ့သို့ ပြန်လျှောက်ခိုင်းပြန်ပါသည်။သူမသည် ဘိနပ်မပါ အတွင်းခံကလေးဖြင့်ပင် ဆီးနှင်းတောတွင် ခေါက်တုန့်ခေါက်ပြန် ပင်ပမ်းကြီးစွာလျှောက်နေခဲ့ရပေသည်။ယင်းကဲ့သို့ လျှောက်နေရင်းမှ အစောင့်စစ်သားမှာ ချမ်းတုန်လာသဖြင့် တဲထဲသို့ ပြန်ဝင်ရန် ဆုံးဖြတ်လိုက်သည်။

သူမသည် ညဆယ်နာရီခန့်မှ မိုးသောက် နှစ်နာရီလောက်အထိ တနာရီတွင် ၁၅ မိနစ်၊ မိနစ်၂၀ ခန့်လောက် အခန်းပြင်သို့ထွက်ခိုင်းလိုက်၊လမ်းလျှောက်ခိုင်းလိုက်ဖြင့် အနှိပ်အစက်ခံခဲ့ရရှာလေသည်။ တာဝန်လဲရန်ထွက်လာသောအခြား စစ်သားတယောက် အလှည့်ကျကာမှ သူမသည် ခုံတန်းလျား တခုပေါ်တွင် လဲလျောင်း နားနေခွင့် ရခဲ့ရှာပေသည်။

ပရာစကိုဗ်ယာကူးလစ်သည် သူမအား စစ်ဆေးမေးမြန်းပါသည်။

'မင်းနံမယ်ဘယ်လိုခေါ်သလဲ'

'ရှင် ဘာလုပ်ဖို့လဲ' သူမက ပြန်မေးလိုက်သည်။

'မင်းဘယ်ကလာသလဲ' ကူးလစ်က ထပ်မေးပြန်သည်။

'မော်စကို'

'မင်းမှာ အဖေအမေကောရှိရဲ့လား'

မိန်းခလေးမှာ ဘာမှပြန်မဖြေတော့။

ရန်သူတွေကြားမှာ တညလုံးဘယ်လိုအိပ်စက်ခဲ့ရသည်။ သူမ ဘာတွေစဉ်းစားတွေးတောခဲ့တာတွေကို မည်သူမျှ သိနိုင်မည်တော့ မဟုတ်ကြပေ။

မိုးလင်းပြီဆိုသည်နှင့် ရွာလယ်တွင် ဂျာမန်စစ်သားများသည် ကြိုးစင်တိုင်ကြီးကို စတင်ဆောက်လုပ်ကြပေသည်။

ကူးလစ်က မိန်းခလေးကို ထပ်မေးပြန်သည်။

'ဟိုတနေ့က မင်းလုပ်ခဲ့တာဘဲလား'

'ဂျာမန်တွေ မီးလောင်ပြီး သေမသွားကြဘူးလား'

'ဟင့်အင်း....မသေဘူး'

'သနားဘို့တော့အကောင်းသား၊ဒါဖြင့် ဘာတွေလောင်သွားသလဲ'

'သူတို့မြင်းတွေဘဲပေါ့၊ ပြီး-လက်နက်တွေလဲ ထိသွားတယ်၊ နောက်ပြီး သူတို့ပြောတာတော့....'

ကူးလစ် ဆက်မပြောတော့ပေ။

ဂျာမန်အရာရှိများသည် မနက် ၁၀ နာရီလောက်တွင် ရောက်ရှိလာခဲ့ကြပါသည်။

'မင်းနံမယ်ဘယ်လိုခေါ်တယ်ဆိုတာ ဒို့ကို မပြောနိုင်ဘူးလား'

အသက်ခပ်ကြီးကြီးအရာရှိတဦးက သူမအားရုရှားဘာသာစကားဖြင့် မေးလိုက်သည်။

သူမက မဖြေ။ ဘာမှပြန်မဖြေ။

ဗာစီလီနှင့် ကူးလစ်တို့မှာ တဲအပြင်သို့ထွက်သွားကြရန် အမိန့်ပေးခံခဲ့ရပြီး စစ်ဆေးမေးမြန်းမှု ပြီးမှ တဲထဲသို့ သူတို့ ပြန်ဝင်ခွင့်ရကြပါသည်။

သူမ၏အပေါ်အင်္ကျီ၊ ဂွမ်းဘောင်းဘီ၊ ခြေအိတ်ရှည်များ၊ ခါတ်ဆီပုလင်း၊ ကျောပိုးအိတ်၊ မီးခြစ်ဗူးများ၊ သကြားနှင့် ဆားအနည်းငယ်ထည့်ထားသည့် သူမ၏အိတ် စသည်တို့မှာ ဟိုလူယူ သည်လူဆွဲနှင့် မရှိတော့ပေ။ သူမ၏ သိုးမွေးဦးထုပ်၊ သိုးမွေးအနားကွပ်အင်္ကျီနှင့် သက္ကလပ် ဘိနပ်များကိုမူ ဂျာမန်တပ်ကြပ်ကြီးများက ဆွဲယူအသုံးပြုထားပြီးဖြစ်ပါသည်။

'တာညာ'ဟု ခေါ်သော ထိုမိန်းခလေးကို အပြင်အင်္ကျီနှင့်ဘောင်းဘီတို့ ပေးဝတ်လိုက်ပါသည်။ ကူးလစ်က ညိုမဲ၍ နှင်းခဲဒဏ်ကြီးများရနေသော တာညာ၏ ခြေထောက်များကို ခြေအိတ်စွပ်ပေးလိုက်ပါသည်။ ဂျာမန်များသည် တာညာ၏လည်ပင်းတွင် 'ပါတီတပ်သား' ဟူသော စာလုံး ရေးထားသည့် ကပ်ပြားကို

ဆွဲပေးထားပြီး ကြိုးစင်ရှိရာသို့ လျှောက်သွားခိုင်းလိုက်ပါသည်။

ကြိုးစင်ပတ်လည်တွင်ကား ဓားများချိတ်ဆွဲထားသော ဂျာမန်စစ်သား ၁၀ ယောက်က ဝိုင်းထားပြီး ယင်းတို့၏နောက်တွင်မှ ဂျာမန်စစ်သား တရာကျော်နှင့် အရာရှိကြီးငယ်များတန်းစီရပ်လျက် ရှိကြပေသည်။ တာညာအား အဆုံးစီရင်မည့် အခမ်းအနားသို့ ရွာသူ ရွာသားများ လာရောက် ကြည့်ရှုစေသည်။ သို့သော်လည်း လူတချို့မှာမူ ပြန်လည်ထွက်သွားကြပေသည်။ တချို့ဆိုလျှင် ထိတ်လန့်ဘွယ်ရာကောင်းလှသော ထိုမြင်ကွင်းမျိုးကို မတွေ့ မမြင်လိုကြသဖြင့် ဝေးနိုင် သမျှ အဝေးသို့ခပ်မြန်မြန်ကလေး ထွက်သွားကြရှာပေသည်။

တာညာသည် သေတ္တာကြီး တလုံးပေါ် တက်ရောက် သွားသည်နှင့် ကြိုးကွင်း ကြီးသည် သူမ ၏ လည်ပင်းနှင့်အနေတော်နိမ့်ကျလာပေသည်။ အရာရှိတယောက်မှာ ကြိုးစင်ပေါ်မှာ ဓာတ်ပုံရိုက်ရန် စီစဥ်လျက် ရှိနေပေသည်။ ဂျာမန်တို့သည် ယခုလိုအပြစ်ပေး နှိပ်စက်ကြသည့် အခါမျိုး ကြိုးမိန့်ပေးကြသည့် အခါမျိုးတွေမှာ ဓာတ်ပုံရိုက်ထားတတ်လေ့ ရှိသည်။ ဂျာမန် ဗိုလ်မှူးကြီးသည် နောက်ဆုံး စကားပြောဘို့ လက်မရှိ အာဏာသားများအား ခေတ္တစောင့်ဆိုင်းရန် အချက်ပြထား လိုက်ပါသည်။

တာညာသည်ရရှိသည့် အခွင့်အရေးကို လက်လွှတ်မခံဘဲအမိုက်ယူကာ ကျယ်လောင် စူးရှ၍ ဝိုပြင်သော အသံကြီးဖြင့် ဟစ်အော် ပြောချ လိုက်ပေသည်။

'ဟေးရဲဘော်တို့....ဘာဖြစ်လို့ ဒီလိုခေါင်းငုံ့ခံနေကြရသလဲ၊ အရဲရင့်ဆုံး သတ္တိတွေကို ပြကြ စမ်းပါ၊ တိုက်ကြပါ၊ဂျာမန်တွေကိုသတ်ပစ်ကြပါ၊ မီးရှို့ပစ်ကြစမ်းပါ၊ ကြွက်ကလေးတွေကို သတ်သလို ဒင်းတို့အကောင်တွေကို သတ်ပစ်လိုက်ကြ ပါလား'

သူမ၏ အနားတွင်ရှိသော ဂျာမန် စစ်သားတဦးသည်သူမအားရိုက်နှက်ပြီးသူမ၏ပါးစပ်ကို ပိတ်လိုက်ဘို့ သူ့လက်ကို ချိန်ရွယ် လိုက် ရာ တာညာ သည် ချက်ချင်း သူ့အား ကန်ထုတ်လိုက်ကာ ဆက်လက်ပြောပြန်သည်။

'ကျုပ်သေရမှာကို နဲနဲမှမကြောက်ဘူး ရဲဘော်တို့ တိုင်းပြည်နဲ့ လူမျိုးအတွက် သင်တို့အတွက် သေရမှာ ပျော်ပါတယ်'

ဓာတ်ပုံရိုက်ကူးသော အရာရှိမှာလည်း မြင်ကွင်းအမျိုးမျိုး ရှုထောင့်အထွေထွေကို အနီးကပ် တမျိုး အဝေးကတဖုံ ရိုက်ကူး လျက် ရှိပြီး၊ ကြိုးစင် ကြီး၏ မြင်ကွင်းကိုနောက်ဆုံးရိုက်ယူရန် ကြိုးစားလျက် ရှိပေသည်။ လက်မရှိအာဏာသားများမှာမူ ဗိုလ်မှူးကြီး၏မျက်လုံးကြီးတွေကိုဘဲမျက်ခြေပြတ်မခံဘဲ ကြောက်ရွံ့စွာ စောင့်ကြည့် နေပေသည်။

'မပြီး သေးဘူးလားကွ၊ မြန်မြန် လုပ်စမ်းပါ' ဟု ဗိုလ်မှူးကြီးသည် စိတ်မရှည်တော့သဖြင့် ကင်မရာကြီးနှင့်အရာရှိအား လှမ်းအော် ပြောလိုက်ပေသည်။

သည်အချိန်တွင်ပင် တာညာသည် စစ်ဗိုလ်မှူးကြီးနှင့်စစ်သားတွေကိုကြည့်ပြီး အော်ဟစ် ပြောချ လိုက်ပေသည်။

'ရှင်ကျမကို ကြိုးဆွဲသတ်ဘို့စီစဥ်ပေမယ့် ကျမဟာ တယောက်ထဲမဟုတ်ဘူး၊ရှင်သိထားဘို့ကကျမတို့ဟာ သန်းပေါင်းနှစ် ရာကျော် လောက် ရှိတယ်ဆိုတာဘဲ၊ ရှင် ဒီအားလုံးကို ကြိုးဆွဲ မသတ်နိုင် ပါဘူး၊ ကျမရဲ့ သေခြင်းဟာ ရှင့်ကို ဂလဲ့စား ပြန်ချေ ပါလိမ့်မယ်၊ ဟေး စစ်သားတွေ ရှင်တို့ ဝိုင်းထားဘို့ မလို ပါဘူး၊ နောက်ကျ နေပါပြီ၊ အောင်ပွဲဟာ ဘယ်နေရာ မဆို ကျမတို့ အတွက် ဖြစ်လိမ့်မယ်၊ ကျမရဲ့ သေခြင်းဟာ ပြန်လည် ဂလဲ့စား ချေပါလိမ့်မယ်'

ရွာသူရွာသားများ ငိုကြွေးမိကြပေသည်။ တချို့လည်းသည်လိုရှုခင်းမျိုး မတွေ့လိုတော့သဖြင့် ရှောင်ခွာ ထွက်သွားကြသည်။

လက်မရှိအာဏာသားသည် တာညာ၏လည်မျိုတွင်စွပ်လျက်ရှိသော ကြိုးကွင်းကို တင်းကြပ်ဘို့ဆွဲယူလိုက်ပေသည်။ တာညာသည် သူမကိုယ်တိုင် လက်နှစ်ဖက်ဖြင့် ကြိုးကွင်းကို ဆွဲတင်း ကြပ် လိုက် ပြီး သူ့သဘောနှင့်သူပင် ခြေဖျားနှစ်ဖက်ကို ထောက်လိုက်သည်။ ပြီးနောက်သူမ၏အားအင်မှန်သမျှကို စုစည်းလိုက်ပြီး အကျယ်လောင်ဆုံး အသံကုန်ဟစ်၍ အော်လိုက်ပါသည်။

'နှုတ်ဆက်ခဲ့ပါတယ်ရဲဘော်တို့၊ တိုက်ပွဲဝင်ကြပါ၊ ကြောက်ရွံ့ အရှုံးမပေးကြနဲ့'

သည်လိုပြောရင်း တာညာ၏ ခြေဖျားအောက်မှ သေတ္တာလေးသည်မြေကြီးပေါ်သို့ ဖုတ်ကနဲ ကျသွားပေတော့ သည်။ လူအုပ်ကြီး မှာလည်း ထိတ် လန့်ကြောက်ရွံ့စွာဖြင့်အဝေးသို့ ဖဲကြဉ်ဆုတ်ခွာ သွားကြပေတော့သည်။ ကျယ်လောင် စူးရှသော အသံကြီး တသံမှာမူကား တတော တတောင်လုံးအနှံ့ ပဲ့တင်ထပ်လျက် ကျန်ရစ်ခဲ့ပေသည်။

တာညာသည် နာဇီတို့၏ကြိုးစင်ပေါ်တွင် တော်လှန် တိုက်ပွဲဝင်ခဲ့သူ ဖြစ်ပေသည်။ သူမသည် သူရဲကောင်းတယောက်ကဲ့သို့ ကျဆုံးခဲ့ပေသည်။ ပြည်သူတွေ၏ သမီးကောင်းသမီးစစ် တယောက်အဖြစ်ဖြင့် ဘယ်တော့မှ မေ့မည်မဟုတ်။

မည်သူတယောက်ကများ အောင်နိုင်သူ တဦးကို ဂုဏ်ပြုမချီးကျူးဘဲ အလေးမပြုဘဲ နေနိုင်ပါအံ့နည်း။

သူမတော်လှန်အောင်မြင်မှုကို ဘယ်တော့မှ မေ့မည်မဟုတ်။

နှစ်သစ်ဦးအကြိုတွင် အရက်မူးနေကြသော ဂျာမန်စစ်သားတစုသည်ကြိုးစင်ပေါ်ရှိတာညာ၏အလောင်းမှ အဝတ်အစားများကိုဆုတ်ဖြဲယူကြပြီး လူမဆန်စွာ ပြုကျင့် ခဲ့ပေသည်။ ကိုယ် ခန္ဓာကို ဓား ဖြင့် ထိုးဆွ ခုတ်ထစ် ခဲ့ကြသည်။ တနေ့လုံး ရွာလယ် ခေါင်တွင် ကြည့်မကောင်း မြင်မကောင်း လောက်အောင် ပစ်ထားခဲ့ကြပြီး တညနေတွင်မှ အရာရှိတဦးက ကြိုးစင်ပေါ်မှသယ်ချခိုင်းလိုက်ပေသည်။ ပြီးတော့မှ ရွာသူရွာသားတို့သည်သူမ၏ အလောင်းကို ရွာ နှင့် အနီးအနားတွင်အခမ်းအနားမဲ့စွာဖြင့် မြေမြှုပ်သင်္ဂြိုလ်လိုက်ကြပေသည်။

မကြာမီပင် ရုရှား တပ်နီ တော်များ အရေးသာလာကြပြီးရုတ်တရက်ဝင်ရောက် တိုက်ခိုက် ကြသဖြင့် ဂျာမန် တို့သည် ထိုနေရာ ကလေးမှ ဆုတ်ခွာ ကြရလေသည်။ ဂျာမန်များ ဆုတ်ခွာ သွားကြ ပြီးနောက် တပ်နီတော်များ ဝင် ရောက် လာ ကာ တာညာ၏ သင်းချိုင်းမြေပေါ်ဝယ် ဂျာမန်ဖက်ဆစ်များ ခြေမှုန်းကြရန် သစ္စာပြုကြလေသည်။

သူမ၏သူရဲကောင်း မှတ်တမ်းမှာ ကြီးမားကျယ်ပြန့်လှသော ဆိုဗီယက်တလွှား ဖြတ်ကျော် ထင်ရှားခဲ့ပြီး သန်းပေါင်းများစွာသော ပြည်သူတွေ၏ အသဲနှလုံးတွင် အမှတ်ထင်ထင် စွဲမြဲမြတ်နိုး သတိရလျက်ရှိနေပေ တော့သည်။

မောင်ကျော်ဇ (ထားဝယ်)

(မှတ်ချက်။ ။ ဆို ဗီ ယက် သတင်း စာ ဆရာ **PYOTR LIDOV** ၏ **TANYA** ကို ဆီလျော်အောင်ပြန်ဆိုထားပါသည်။)

★

တဖွာရှိုက်ရုံနဲ့

အရသာထူး တွေ့ရမှာကတော့

" ကြွက်မင်းဆေးပေါ့လိပ် "

ဒေါ်စိန်
ဘုရားကြီးလမ်း၊ ပိန္နဲတောရပ်
ထားဝယ်မြို့။

ထားဝယ်မြို့ပေါ်တွင် ဘုရားများလယ်၍ဖူးပြီးနောက်တွင် ထားဝယ်ရှိ မိတ်ဆွေများ ဦးဆောင်လျက် စာရေးသူသည် သဲသဲမဲမဲ အားခဲ၍ထားသော မောင်းမကန် ပင်လယ်ကမ်းခြေသို့ ဆင်းသွားခဲ့၏။ ငါ်ပို့သဖြင့် ဟိုအနောက်သို့ တခေါက်တလေရောက်ခဲ့ဘူးစဉ်က အလုပ်အားသော နေ့ရက်များတွင် ပင်လယ်ကမ်းခြေသို့သာ တစိုက်စိုက်ဆင်းခဲ့ဘူးပေရာ မောင်းမကန်သို့ သွားရာတွင်လည်း မည်မျှပင် အားခဲလာစေကာမူ အနောက်နိုင်ငံများက ကမ်းခြေမျိုးပင် ဖြစ်ပေလိမ့်မည်ဟု စိတ်က ထင်နေ၏။ သို့သော် ထားဝယ်မှ ရန်ကုန်သို့ပြန်အရောက်တွင် စာရေးသူမှာ ဘွဲ့ထူးတခုရနေ၏။ ယင်းသည့်ဘွဲ့ထူးမှာ (မောင်းမကန်ရူး) ဟူသောဘွဲ့ကိုရခြင်းဖြစ်၏။ မောင်းမကန်ကား စာရေးသူအဘို့တွင် ကမ္ဘာ၌ အတုမရှိသောမောင်းမကန်ဟု ဆိုချင်လေသည်။ ဆိုလည်း ဆိုထိုက်သည်ဟု ငြင်းပါရစေ။

ဘရိုက်တန်ကမ်းခြေ

အင်္ဂလန်ပြည်က နာမည်ကျော် ဘရိုက်တန် ကမ်းခြေသို့ ရောက်ဘူးပါ၏။ သဲဖြူလွှလွှမရှိ၊ ကျောက်ခဲကလေးတွေချည်းရှိ၏။ ပြီးလျှင် ဟော်တယ်ကြီးတွေ၊ ကွန်ကရစ်လမ်းကြီးတွေက ဆူဆူညံညံ ခေတ်ဆီနံ့တထောင်းထောင်း ကမ်းခြေအနီး၌ ကပ်နေ၏။ လူတွေပိန်းထပ်မြောက်ထပ်ဖြစ်၏။ အိုက်စကရင်ဗူးခွံ၊ စီးကရက်ဗူးခွံ၊ ချော့ကလက်ပတ် သံဖြူပြား စသည်တို့ဖြင့် ညစ်ပတ်နေ၏။ မောင်းမကန်နှင့်မတူပါ။

ကာလေပင်လယ်ကမ်း

ပြင်သစ်ကမ်းခြေရှိ ကာလေမြို့ ပင်လယ်ကမ်းခြေသို့ ရောက်ဘူးပါ၏။ သောင်ပြန့်ရှိပါ၏။ သို့သော် သဲက မဲညစ်ညစ်နေ၏။ လူတွေ ပိန်းထပ်မြောက်ထပ် နေ၏။ သောင်ပြန့်၏အလျားက တမိုင်ခန့်သာရှိ၏။ တိုက်တာတွေ လမ်းတွေနှင့်ကပ်နေသည်။ ရေခဲမုန့်ဆိုင်၊ ချောကလက်ဆိုင်တွေကလည်း သောင်ပြင်၌ လာ၍ဖွင့်ထားသေး၏။ ခပ်လှမ်းလှမ်းမှ သင်္ဘောတွေသွားနေသည်ကို မီးခိုးတလူလူမြင်ရ၏။ မော်တော်ဘုတ်သံတွေဆူညံနေ၏။ မောင်းမကန်နှင့်မတူပါ။

ကပ်ဂရီးနေးအငူကမ်း

ပြင်သစ်ပြည်၏ နာမည်ကျော် ကပ်ဂရီးနေးအငူကမ်းခြေသို့ ရောက်ဘူးပါ၏။ အင်္ဂလိပ်ရေလက်ကြားကိုဖြတ်၍ ရေကူးပြိုင်ပွဲစတင် ပန်းလွှတ်ရာဌာန ဖြစ်သဖြင့် ကမ္ဘာကျော်ပါ၏။ သို့သော် နာဇီ၊ ဂျာမန်တို့ ပြင်သစ်ပြည်ကို အုပ်စိုးထားစဉ်က မဟာမိတ်တို့ ကုန်းတက်ယာဉ်များနှင့် လာ၍ တိုက်မည်စိုးသဖြင့် သံသေတ္တာကြီးတွေ၊ ဒလက်ကြီးတွေကို ရေစပ်၌ စိုက်ထား၏။ စာရေးသူရောက်စဉ်ကပင် ရေအကျ၌ ထိုးထိုးထောင်ထောင်တွေမြင်ခဲ့ရသေး၏။ သံဆူးကြိုးတွေကလည်း မနည်းပေ။ နောက်ခံတွင်ကား ခံတပ်အပျက်၊ အမြောက်အပျက်၊ လော်ထီ အပျက်တွေ တပုံတပင်ကြီး မြင်ရ၏။အိမ်ခြေ လေးငါးခြောက်အိမ်ရှိ၏။ တည်းခိုစရာနေရာနှင့် သောင်ခြေများ နှစ်မိုင်အနီးဆုံးဖြစ်၏။ ကမ်းခြေအနီး၌ ရေချိုမရှိ။ မောင်းမကန်နှင့်မတူပါ။

စကော့တလန်ကမ်းခြေ

စကော့တလန်ကမ်းခြေသို့ ရောက်ခဲ့ဘူး၏။သောင်ပြန့်မရှိ။ ကျောက်ဆောင်တွေထူထပ်လှသည်။ လေကသေချင်ပက်ကျိ အေးနေ၏။ လှိုင်းကလည်း ထန်လှသည်။ မောင်းမကန်နှင့်မတူပါ။

ဟော်လန်ပြည် ဇိုဒါးဇီး ပင်လယ် ကမ်းခြေသို့ ရောက်ဘူးပါ၏။ ပင်လယ်တိမ်ကို ဆည်၍ထားသဖြင့် ကျူးလစ်နှင်းပန်းခင်းတွေ ဖုံးနေ၏။ တဖက်လည်း တမန်ကြီးတုတ်ထားသေး၏။နှင်းပန်းခင်းများအကြားမှနေ၍ မီးရထားကခုတ်နေသေး၏။ နွားစားကျက်တွေရှိသည်။ မောင်းမကန်နှင့်မတူပါ။

ဖော်လန်ဒမ်ကမ်းခြေ

ဟော်လန်ပြည်၌ပင်ရှိသော ဖော်လန်ဒမ် ကမ်းခြေသို့ ရောက်ဘူးခဲ့ပါ၏။ တံငါလှေတွေနှင့် ပြည့်ကြပ်နေ၏။ ကမ်းခြေတလျှောက်လုံးတွင် အမှတ်တရပစ္စည်းဆိုင်တွေနှင့် ပြည့်နေ၏။ ဟော်လန်အမျိုးသားအဝတ်အစားတွေဝှားပြီး ဓာတ်ပုံရိုက်ပေးသော ဓာတ်ပုံဆိုင်တွေပြည့်နေ၏။ ငွေ့သည်ခရီးသည်တွေ ပြည့်နေ၏။ သောင်ပြန့်ကလေးရှိ၏။ ဆယ်ပေခန့် ကျယ်မည်ထင်သည်။လူတွေ ဒင်းကြမ်းထိုင်နေကြ၏။သောင်ပြန့်အထက်တွင် ကျောက်ခင်းလမ်းရှိနေ၏။ မောင်းမကန်နှင့်မတူပါ။

မစ်ဇနောင်း

ဆွဲစ်ဇာလန်ရှိ လူစန်းရေအိုင်ကြီး၏ ကမ်းခြေ မစ်ဇနောင်းသို့ ရောက်ဘူးပါ၏။ကမ်းခြေတလျှောက်လုံး ဟော်တယ်တွေရှိနေ၏။ အဆောက်အဦလွှတ်နေရာများ၌ကား မြေသားသက်သက်ဖြစ်၏။ သဲမြူလွှလွှမရှိ။ ကျန် အိုင်ကမ်းခြေတလျှောက်တွင်ကား ကျောက်ဆောင်ကြီးများရှိ၏။ အိုင်ကမ်းခြေကိုပတ်၍ မော်တော်ကားလမ်းကျယ်ကြီးတွေ ဖောက်ထားရာ ကားစက်သံ၊ ဘိုင်စကယ်စက်သံ တညံညံနေ၏။ မောင်းမကန်နှင့်မတူပါ။

မြေထဲ ပင် လယ် ရှိ ဂျီဘ ရော် တာ ကမ်းခြေကို သင်္ဘောပေါ်မှနေ၍ မြင်ခဲ့ဘူးပါ၏။ စစ်စခန်းဖြစ်၍ လူသတ်လက်နက်တင်ထားသော သင်္ဘောအစုံအလင်တို့ ကျောက်ချရာနေရာ၊ သာယာခြင်းဟူ၍မရှိ။မောင်းမကန်နှင့်မတူပါ။

အလက်ဇန္ဒရားကမ်းခြေ

အီဂျစ်ပြည့် အလက်ဇန္ဒရားကမ်းခြေသို့ ရောက်ဘူးပါ၏။ ကမ်းနားတလျှောက်တွင် သောင်ပြန့်ကြီး ရှိပါ၏။ သို့သော် ကွန်ကရက်လမ်းကြီးနှင့် တံတိုင်းကြီးတွင် ကားတွေလူတွေ ဒင်းကြမ်းဖြစ်နေ၏။ ပင်လယ်နံ့မသင်းဘဲ မြိန်နံ့၊ ဓာတ်ဆီနံ့ လှိုင်၏။ သောင်ပြန့်၌လည်း သဲကမဖြူလှ။ ထို့ပြင် ရေကနောက်သည်။

မကြည့်လင်၊ ရွှံ့ရောင်တမျိုးဖြစ်နေ၏။ မောင်းမကန်နှင့် မတူပါ။

ရှုးအက်တူးမြှောင်းထိပ်ရှိ ပို့ဆက်ကမ်းသို့ ရောက်ဘူးပါ၏။ သဲဘောတွေ ပြည့်ညပ်နေ၏။ ကုန်ရုံတွေ များလှ၏။ ဟော်တယ်တွေ၊ ဈေးဆိုင်တွေများလှ၏။ ပို့ဆက်၌လည်း ကမ်းနားတွင် လမ်းမကြီးတွေနှင့်ဖြစ်၏။ အာရပ်တွေ၊ အီဂျစ်ကုလားတွေ အတင်းလိုက်၍ တိုလီမိုလီတွေရောင်း၏။ ဈေးဆစ်လျှင်၊ မဝယ်လျှင် လီတွေသာ ပြည့်နေ၏။ ပူလိုက်သည့်နေမှာ အရိပ်ထဲတွင်ပင် တရာ့လေး၊ တရာ့ငါးဒီဂရီအထိ ဖြစ်၏။ မြင်ရသည့်သူများမှာကား ခေါင်းမွေးလိမ်လိမ်ရှုပ်ထွေးကာ ညစ်ပတ်နက်စုတ်သောဖာဇီဝါဇီကပ္ပလီတွေသာဖြစ်၏။ ကမ်းခြေ၌ သောင်ပြင်နှင့်မရှိ။ မြေနီကျစ်ကျစ်ဖြစ်သည်။ ကမ်းပေါ်သို့အနည်းငယ်တက်၍ မျှော်ကြည့်လိုက်ပါက သဲကန္တာရနှင့် တံလျှပ်ကိုသာ မြင်ရ၏။ သစ်ပင်စိမ်းစိမ်းစိုစို ခေါင်းပါးလှပါဘိသည်။



သာယာလှပသော မောင်းမကန်ကမ်းခြေ

စိတ်ဆိုး၏။ ဒေါသကိုသာတွေ့ရ၏။ လောဘကိုသာ တွေ့ရ၏။ ပူလိုက်သည်မှာလည်းအလွန်ဖြစ်၏။မောင်းမကန်နှင့်မတူပါ။

ပို့ဆူဒန်

ပင်လယ်နီကမ်းခြေမြို့ဖြစ်သော ပို့ဆူဒန်ကမ်းခြေကို ရောက်ဘူးပါ၏။ ကုန်တင်ကုန်ချဆိပ်ကမ်းသက်သက် ဖြစ်၍ သံဘောတံတားတွေ၊ ကရိန်းစက်တွေ၊ လော်ရေထဲ၌ လူသတ်ငါးမန်းတွေပေါလှ၏။ မောင်းမကန်နှင့်မတူပါ။

ပင်လယ်နီမှအထွက် အေဒင်မြို့ဆိပ်ကမ်းသို့ ရောက်ခဲ့ဘူးပါ၏။ ရေတိမ်သဖြင့် အတော်ဝေးဝေးကပင် သဘောကို ရပ်ကာ မော်တော်ငယ်နှင့် ကူးရသည်။ သောင်ပြင်နှင့်မရှိ။ သစ်ပင်ခေါင်းပါးသည်။ နေကလည်း အလွန်အမင်းပူ၏။ မြို့နှင့်ဝေးကွာလှ၏။ မြို့သို့သွားရန် တက္ကစီတစင်းလျှင် ၄ မိုင်ခန့်ကို တဆယ်ခန့် ပေးရ၏။

လူလေးယောက်ထက်ပို၍မစီးရ။ ကမ်းခြေ၌ လူနေအိမ်ခြေမရှိသလောက်ဖြစ်သည်။ မော်တော်ကလေးဆိုက်ရာ၌ ရုံကလေးတရုံသာရှိ၏၊ လွင်တီးခေါင်သက်သက်ပင်။ မောင်းမကန်နှင့်မတူပါ။

ကိုလံဘိုဆိပ်ကမ်း

သီဟိုဠ်ပြည် ကိုလံဘိုဆိပ်ကမ်းသို့ ရောက်ဘူးပါ၏။ သင်္ဘောကြီးများဆိုက်ကပ်ရာဖြစ်၍ အထူးရေးဘွယ်မလိုပါပြီ။ ရေအိ၍ ညစ်ပတ်နေ၏။ စက်ဆီများ ဝေ့နေ၏။ မောင်းမကန်နှင့်မတူပါ။

ယင်းသို့ဖြစ်လျှင် အနှီမောင်းမကန်သည် အဘယ်သို့သော မောင်းမကန်ပေနည်းဟု မေးငြားအံ့။အဖြေကား မောင်းမကန်၏ အံ့ဘွယ်ကိုးပါးကို ရေတွက်၍ပြရန်ပင် ဖြစ်တော့သည်။

အံ့ဘွယ်ကိုးပါး

၁။ အလေ့ကျထင်းရှူးပင်များ မပြုမပြင်ဘဲ အစီအရီပေါက်ခြင်း။

၂။ ဖြောင့်တန်းညီညာသောကမ်းရိုးတန်းရှိခြင်း။

၃။ အမှိုက်သရိုက်ကင်းခြင်း။

၄။ ကမ်းရိုးတန်းမှ ပင်လယ် အောက်သို့ ညီညာပြန့်ဖြူးသော သဲသောင်နု ရှိခြင်း။

၅။ ကျောက်လုံး ကျောက်ခဲ ကင်းခြင်း။

၆။ ကြည်လင်သောရေ ရှိခြင်း။

၇။ ရေအတက် အကျ ညီညာခြင်း။

၈။ ငွေလှိုင်းအိမ်များ အမြဲရှိခြင်း။

၉။ အန္တရာယ် ပေးတတ် သော ရေ သတ္တဝါ ကင်းခြင်း။

မိယာမိနှင့်လောင်းအိုင်းလင်း

စာရေးသူ ကိုယ်တိုင် မရောက်ဘူး သော်လည်း ရုပ်ရှင်များ၊ စာအုပ်များ၌ တွေ့ဘူးကြည့်ဘူးရသော မိယာမီ ကမ်းခြေ၊ လောင်း အိုင်း လင်း ကမ်း ခြေ၊ နေပယ် ပင်လယ်တွေ့ ကမ်းခြေ စ သည် တို့လည်း ကမ္ဘာကျော်ကြပါ၏။ သို့သော် နိုင်ငံဘန်းပြအတတ်နှင့် ခရီးသွားဝလေ့ အထွန်းကားကြီး ထွန်းကားနေသော နိုင်ငံများက ကမ်းခြေတွေ ဖြစ်ကြသဖြင့် မြို့နှံ၍ ကားသံတဝီဝီ နေကြ ပေ ဦး မည်ကား မလွဲနိုင်ပါပေ။

မောင်းမကန်သို့ သွားရန်ခရီး

ထားဝယ်မှ မောင်းမကန်သို့ သွားရာခရီးစဉ်တွင် ပင်လယ် ကမ်းခြေသို့ မရောက်မီ ရှေးဦးစွာ မောင်းမကန်ရွာကလေးသို့ရောက်၏။ ထိုရွာ၌ နံနက်၉နာရီအထိ နံနက် ဈေး ရှိ၏။ ကုန်စုံ ဆိုင် ကြီးများ ရှိ၏။ ငါးခြောက်မှနိုင်လွန် အထိ ဝယ်၍ရနိုင်ပေသည်။

နီးလေလေ ရောက်ချင်လေလေ

စာရေးသူတို့အားကုန်စုံဆိုင် များကပင်၊ ပန်းကန်အိုးခွက်၊ဖျာသင်ဖြူးငှားလိုက်၏။ ရွာမှ ကမ်းခြေဖက်သို့ထွက်လာခဲ့ရာတွင် ဂျစ်ကား ကလေးသည် သဲလမ်းအတိုင်းပြေးနေ၏။ စာရေးသူ၏ စိတ်တွင်ကမ်းခြေကိုမြင်ရတော့မည် ဟူသောအသိကြောင့် အနောက်တုန်းက ကမ်းခြေများတွင် ကြုံခဲ့တွေ့ခဲ့ ရသော ကိုယ်တွေ့များ၊ရှောင်တခင် မိတ်ဆွေများကို ပြေး၍ တွေးနေမိ၏။ မောင်းမကန်တွင်အသို့ရှိလေမည်နည်းဟု စိတ်စောကာ ကမ်းခြေနှင့် နီးလေလေ ပို၍ ရောက်ချင်လေလေ ဖြစ်နေမိ၏။

တည်းခိုမည့် ဘိုတဲတွင် ကားရပ် လိုက်သည်နှင့် တပြိုင်နက် စာရေးသူသည် မောင်းမကန်နှင့် ရင်ဆိုင်တွေ့ရ၏။ သို့ တွေ့လိုက် ရသည်နှင့် တ ပြိုင် နက် ပင် မောင်းမကန်၏အလှသည်စာရေးသူအား နဂါးပတ်ကျော့ကွင်းလို ဖမ်း၍ရစ်ပတ်လိုက်၏။ မောင်းမကန်ငန်းသည် တဖြည်းဖြည်း ဖမ်းလာ၏။ နောက်ဆုံးတွင် မောင်းမကန်ရူးဟူသောဘွဲ့ကိုပင်ရ၍ နေပါသတည်း။

မောင်းမကန် ကမ်းခြေ၏ အလှကို စာသ၍ကား ဆုံးနိုင်အံ့မထင်ပေ။ သို့သော် မောင်းမကန် ဘဝကို ပေါ်လွင်တန် သမျှပေါ်လွင်အောင် စာဖွဲ့နိုင်လိမ့်မည်ဟု ထင်မိ၏။

မောင်းမကန်ကမ်းခြေသို့ရောက်ပြီး သောင်စပ်တွင် ထွက်၍ရပ်ကာရှေ့သို့ မျှော်လိုက်ပါက ပြာမှိုင်းသော ကောင်းကင်ကြီးနှင့်စိမ်းညိုသော ပင်လယ်ပြင်တို့သည် အဝေးတနေရာမှိုးကုတ်စက်ဝိုင်းကြီးတွင် သွားရောက်ထိစပ်၍ နေသည်ကို ရှေးဦးစွာ တွေ့မြင် ရပေမည်။

ကမျောကင်းတံတား မဆောက်လုပ်မီက ထားဝယ်မှတဖက်ကမ်းရှိကမျောကင်းသို့ ခရီးသည်များသည် ဤကဲ့သို့ ခက်ခဲစွာ ကူးသန်း သွားလာကြရသည်။

မိုးကုတ် စက်ပိုင်းသာလျှင် အသုံးထင်သော ရှုခင်းကို မြင်လိုက်ရသည်နှင့် တပြိုင်နက်ပင်စိတ်၏ လွတ်လွှပ်မှုဟူသောအရသာထူးကို ခံစားကြရ၏။ ကောင်းကင်ကိုပင် အားရပါးရမမြင်ရဘဲ ကွက်တိကွက်ကြားသာမြင်ကြရသော ရန်ကုန်နေတို့အတွက် အဆုံးအစမမြင်သော လဟာပြင်ကျယ်ကြီးသည် ငှက်သွင်ပျံကြွမတတ် စိတ် လွတ် လပ် စေ သည်။ လန်း ဆန်း စေပေသည်။

ဖြူလွလွနုသောင်

သောင်ခုံကို ဆင်း၍ တောင်နှင့် မြောက်ဘက် ကို မျှော်လိုက် ဦးမည် ဆိုပါ ကလည်း ဖြူလွလွ နုသောသဲသောင်ပြင် ကြီးသည် ကြည့်ရှု၍ မဆုံး နိုင်အောင် ဖြန့်ပြူး သာယာလှပေ တော့သည်။ တောင်ဘက်၌ ပင်လယ် ကမ်း ခြေ သည် ကွေ့ ဝိုက် ၍ သွားကာ ပင်လယ်ထဲသို့ ထိုးထွက်၍နေသော အငူတွင် သွား၍အဆုံး သတ်၏။ ထို အငူ တွင်ဘုရားတဆူ လည်း ရှိပေသေးရာ လှမ်းမျှော်၍ ကြည့်လိုက်လျှင် ကြည် နူး စရာအတိ ဖြစ် ပေ တော့ သည်။

ဘုတ်မ

မောင်းမကန် ရှုခင်း၌မပါလျှင် မပြီးသောပစ္စည်းတခုမှာကားဘုတ်မခေါ်တံငါလှေပင် ဖြစ်ပေသည်။ထိုတံငါလှေ များမှာကား ပင်လယ်သွား လှေများဖြစ်သဖြင့် သံနှင့် ရိုက် စပ် ၍ သုံး သော လှေ များ မဟုတ်ကြ၊ရောမှာကား သစ်သားလုံးထွင်း လောင်းကိုယ်ရောအတိုင်းဖြစ်၏။ ထိုရောဘေးတွင် သစ်သားစို့များ ထောင်ကာ နံထောင်ပျဉ်များကို စို့ပေါက်များ ဖောက်၍ စပ်ရ၏။ ပြီးမှ အတွင်း ဖက်တွင် ပါသောဖါးပေါက်များကိုတွဲကာ ကြိမ်ဖြင့်တုတ်ရ၏။ အလွန်ပေါ့သောလှေများဖြစ်သဖြင့် လှေမှောက်သည့်တိုင်အောင် လှေနစ်၍မသွား။ လူအတွယ်ခံသောလှေများ ဖြစ်ကြပေသည်။ လှေများကို ရေစိမ်လည်းခံ၊ ပေါ့လည်းပေါ့ပါးအောင်၊ရေနံသုတ်၍ မီးကင်ထားကြသဖြင့် အရောင်မှာ နက်ညိုညိုဖြစ်နေ၏။ ဖြူဖွေးသောသောင်ပေါ်တွင် နက်ညိုသော လှေများကို အစီအရီဆွဲ၍ တင်ထားသည်ကိုကြည့်မြင်ရသည်မှာ ရန်ကုန်နေတို့အဘို့၌မြင်ရခဲသော ရှုခင်းတခုဖြစ်၍နေ၏။

မောင်းမကန် ရှုခင်းတွင် မပါလျှင် မပြီး သော အခြားပစ္စည်းတရပ်မှာကား ကမ်းခြေ တောင်ဖိုင်း၌

ထားဝယ်ကမျောကင်းတံတားကြီးကို အဝေးမှ လှမ်းမြင်ရပုံ၊

ရှိသော ကျောက်တုံးကြီးများပင် ဖြစ်ကြပေသည်။ ထိုကျောက်တုံးကြီးများမှာ ရေတက်ရေကျနှင့် လှိုင်းအလုံးလုံးတို့နှစ်ပေါင်းများစွာ ပွတ်တိုက် ထားခြင်းကြောင့်မွတ်လုံး၍ပြောင်ချောနေ၏။ ကျောက်တုံးများမှာလူတရပ်စာ ကျော်ကျော်မျှသာ မြင့်ကြသဖြင့် ကျောက်တုံး ထိပ်တွင် တက်၍ ထိုင်ကာ အစအဆုံး မရှိသောပတ်ဝန်းကျင်မှတိုက်ခတ်လာသည့် ပင်လယ်လေမွှေးသည် အသဲနှလုံးကို တကယ်ပင် အေးမြစေ

သဲပြင်မှာကျစ်လစ်မာကျောနေ၏။ ရေမရောက်သောနေရာရှိ သဲများမှာကား အနည်းငယ် ပွယောင်းလေသည်။ အားလုံးပင် ဖြူနုံသောသဲလုံး ကလေးများဖြင့်ပြီး၏။

လှိုင်းဇာနားတွန့်

ရေထဲသို့ ဆင်းသွားမည်ဆိုပါလျှင် ပေ၁၀၀ခန့်သွားမှ သောင်ပြင် သည် သုံးပေ့ခန့် နိမ့်သွား၏။ ရင်ခေါင်းလောက်ရေနက်သော နေရာသို့ ရောက်ရန်

မောင်းမကန်သို့ ထားဝယ်မဂ္ဂဇင်းမျက်နှာဖုံးအတွက် ဓာတ်ပုံရှုခင်းရိုက်ကူးရန် တာဝန်ခံစာတည်းနှင့်အဖွဲ့ မောင်းမကန်သို့ ရောက်ရှိစဉ်။

တော့သည်။ ဓာတ်ပုံ ဝါသနာ ပါသူတို့ အတွက် ဤကျောက်တုံးကြီးများသည်လူထိုင်၍ဓာတ်ပုံရိုက်စရာ အကောင်းဆုံး ပင်တည်း။

တတိယရတနာ

မောင်းမကန်ကမ်းခြေ၏ တတိယရတနာမှာကား သောင်ပြင်ကြီးပင် ဖြစ်၏။ အနံ့ အားဖြင့် ရေကျချိန်တွင်ကိုက်ငါးရာခန့်ရှိကာ အလျားအားဖြင့်မူ မောင်းမကန်ဟု အမည်တွင်သော နေရာမှ ငါးမိုင်ခန့်ရှိ၏။ ထိုငါးမိုင်ခန့်တလျှောက်တွင် ရေအတက်ဆုံး နေရာအထိ

မှာ ပေလေးငါးရာခန့် သွားရပေသည်။ ထို့ကြောင့် ထားဝယ်မိတ်ဆွေများ၏အပြောအရ ယခုထက်တိုင် မောင်းမကန်ကမ်းခြေတွင် ရေနစ်သေဆုံးမှု တကြိမ်မျှ မဖြစ်သေးဟု ကြားသိ ရပေသည်။ ကြည်လင်သော ရေမှာလည်း ခြေဖမိုးကိုပင် မြင်နေရ၏။ ရွှံ့နွံကင်းလှစွာ။ ရေမျော ကမ်းတင် ဒိုက်သရော ဟူ၍လည်း လုံးဝမရှိပေ။ အလွန်သန့်ရှင်းသော ရေစပ်စပ်သောင်ခုံတွင်ထိုင်နေဆဲ၌ လှိုင်းဇာနားတွန့်တို့က စည်းဝါးကျကျတလုံးပြီးတလုံးလာ ရောက်ရိုက် ခတ် ကျီစယ်ကြသည့် အရသာမှာလည်းထူးကဲ လှပေတော့သည်။

သောင်ပြန် ဇာပြင်

ရေစိုနေသည့် သောင်စပ်၌ ရှုခင်းသည် အချိန်နှင့်အမျှ ပြောင်းလဲနေတော့၏။ ရေကျ၍ သွားရာ၌ သောင်ပြန့်တွင်လှိုင်းရစ်ကလေးတွေ အရစ်ရစ်တင်၍ ကျန်ရစ်၏။ သို့သော် မကြာမီပင် ပင်လယ်ဂဏန်းငယ်ကလေးများသည် သောင်ပြင်တွင် တွင်းကလေးများတူးကြပြီးသဲလုံးကလေးများကို တွင်းပတ်လည်သို့ ယက်ထုတ်ကြ၏။

ယက်ထုတ်လိုက်သော သဲလုံးကလေး များသည် ဘာရမ်းဗတာတည်နေကြသည်မဟုတ်ဘဲ တွင်းကိုဝိုင်း၍ စက်ဝိုင်းကြီးငယ် အဆင့်ဆင့်ပမာ တည်ကြလေရာ ရေကျသွား၍ အတန်ကြာပြီဆိုလျှင် ရေစိုသောင်ပြန့်တခုလုံး ဇာပြင်ကြီးကဲ့သို့ ဖြစ်နေပေတော့သည်။ ရေတကြိမ် တက်၍လာပြန်ပြီ ဆိုလျှင် သောင်ပြန့်ကို ရေဖုံး၍ ရှုခင်းတမျိုးဖြစ်ပြန်၏။ ရေကျသွားပြန်သောအခါ သောင်မျက်နှာပြင်သည် ယခင်ရေကျတုန်းက သောင်မျက်နှာပြင် မဟုတ်တော့ပြီ။ လှိုင်းရစ်ကလေးတွေ တင်ကျန်ရန်ပုံတမျိုးတဖုံဖြစ်ပြန်၏။ မောင်းမကန်ကမ်းခြေသောင်ပြင်၏မျက်နှာပြင်သည် အချိန်နှင့်အမျှ ရှုခင်းပြောင်းလျက် ရှိနေပေသည်။

လက်ဆွဲပိုက်နှင့်ကိုတံငါ

မောင်းမကန်ရှုခင်း အပါအဝင် အခြားအချင်းအရာတရပ်မှာကား ကမ်းခြေ တောင်ပိုင်းရှိ ရွာကလေးတွင် နေထိုင်ကာ အသက်မွေး ဝမ်းကျောင်းပြုကြသော ကိုတံငါများပင်ဖြစ်ကြ၏။ အနီးအနားရှိ တောင်ခြေရွာကလေးများတွင်လည်း ကိုတံငါတို့အနှံ့အပြား နေထိုင်ကြပေသည်။ တံငါလုပ်ငန်းမှာ အမျိုးမျိုးရှိ၏။ အချို့ကဘုတ်မခေါ် ငါးဖမ်းလှေဖြင့် ထွက်၍ ပင်လယ်ပြင်တွင် ငါးကြီးများကို ဖမ်းကြ၏။ အချို့ကမူ လက်ဆွဲပိုက်များဖြင့် ကမ်းခြေတလျှောက်တွင်သာ ငိုက်တိုက်ကြ၏။ အဘိုးငွေ ၃၀၀ မျှတန်သော လက်ဆွဲပိုက်ကိုပင် မထောင်နိုင်သူများအတို့၌ ငါးများတန်ဖြင့် ငါးများကြရပေသည်။ လှေနှင့်ကိုတံငါ၊ လက်ဆွဲပိုက်နှင့်ကိုတံငါ၊ ငါးများတန်နှင့်ကိုတံငါတို့သည်သက်မဲ့ ပင်လယ်ကမ်းခြေတွင် သက်ရှိလှုပ်ရှား စိတ်ဝင်စားစရာ ရှုခင်းသာ အစိပ် အပိုင်းအဖြစ်ဖြင့် အမှုတော် ထမ်းကြရပေသည်။

နီးစပ်ရာ စိတ်ပါ

နီးစပ်ရာစိတ်ပါ ဟူသော စကားကို စာရေးသူတို့ ကိုယ်တွေ့ကြုံခဲ့ရသေး၏။ ရန်ကုန်မှ ထွက်စဉ်က သောင်ပြန့်တွင် ထိုင်ရန် ပက်လက်ကုလားထိုင်၊ သောင်ပြန့်တွင် ဖတ်ရန် စာအုပ်၊ သောင်ပြန့်တွင် တပ်စရာ နေကာမျက်မှန်တွေကို ယူသွား၏။ နေစာလှုံရင်းစာဖတ်လိုက်မည်ဟု အားခဲထား၏။ သို့သော် နေ့လယ်နေ့ခင်း၌ စာမဖတ်ဖြစ်၊ ကိုတံငါတို့နှင့် အတူလိုက်၍ ဓာတ်ပုံရိုက်၊ ပိုက်ဆွဲ ဖြင့်သာ အချိန်ကုန်ခဲ့ရဘူး၏။ ပါဏာတိပါတာကို နဲနဲ မေ့သွား၏။ ငါးများများ ရပါစေဟူသောဇောက သန်၍နေပေသည်။ စာဖတ်သူတို့ မောင်းမကန်သို့ရောက်လျှင် ပိုက်ဆွဲချင်သောစိတ်ကိုကြိုးစား၍ ငြင်းဆန်ကြည့်ကြပါကုန်။

တံငါ့ကွန်းထောက်ဒေသများ

နေရောင်ခြည် လင်းသော နေ့လယ် ပိုင်းတွင် ပင်လယ်တွင်းသို့ လေးမိုင်ခန့် ဝေးသော နေရာဆီ၌ ဘုတ်ကျွန်းခေါ် ကျွန်းအများကို တွေ့မြင်နိုင်၏။ မှိုင်းမှိုင်းသီသီညိုရိုရိုနေသော ထိုကျွန်းငယ်များသည် မောင်းမကန် ကမ်းခြေကို လှိုင်းကြီးများဒဏ်မှ ကင်းဝေးအောင် ခုခံကာကွယ် ပေးသကဲ့သို့ ထင်ရ၏။ ထိုကျွန်းများသည်ကား ကိုတံငါတို့ စခန်းချရာ ကွန်းထောက်ဒေသ များပေတည်း။ ပင်လယ်ပြင်ကျယ်မှ ဖမ်းရသောငါးများကို ထိုကျွန်းများရှိ စခန်းများ၌ငါးခြောက်ခွဲ နေလှမ်း၍ ရာသီကုန်မှ မောင်းမကန်သို့ပြန်လာကာ ထားဝယ်မြို့ပေါ်သို့ ငါးခြောက်ငါးမန်းတောင် အခြောက်များကို တင်ပို့ ရောင်းချကြ၏။

ကျပ်မဟုတ်သော လေးဆယ်

သောင်ခြေဦး ကိုတံငါများမှာကား လက်ဆွဲပိုက်ဖြင့်ရသောငါးများကို အစိမ်းပင် မောင်းမကန်ဈေးသို့ တင်၍ရောင်းကြ၏။ ကံကောင်းလျှင် လူသုံးယောက်ဆွဲပိုက် တခါဆွဲကာမျှဖြင့် ဆယ့်လေးငါးကျပ် ဘိုးရ၏။ ကံချော် လျှင်ကား တနေ့လုံး ဆွဲသော်လည်း

လေးငါးကျပ်ဘိုးမျှပင် မရတတ်ပေ။ ကံကို အားကိုး ရသော စီးပွားရေးဖြစ်သဖြင့် လက်ဆွဲပိုက် ကိုတံငါတို့ သည် မည်သူကပင် ဟင်းစားတောင်းတောင်း စေတ နာနှင့်ပေးကြ၏။ ဟင်းစားပေးသို့ တွန့်တိုလျှင် ကံမ လိုက်ဘဲ လာဘ်တိတ်တတ်သည်ဟု အယူအဆရှိကြ လေသည်။

နေဝင်ချိန်

မောင်းမကန် ပန်းချီကားတွင်ပါသော အဓိကစုတ် ချက်ကြီးတချက်မှာကား နေဝင်ချိန်ပင်ဖြစ်၏။ ညနေ စောင်း၍ ၄ နာရီထိုးပြီဆိုလျှင် နေမင်း၏အရိပ်သည် ရေထဲ၌ ရွှေရောင်အတန်းကြီးဖြစ်စပြုလေပြီ။လှိုင်းတွန့် များ၌ နေရောင်ဟပ်ထားသည်မှာလည်း ရွှေရောင် မြွေကြီးများ တတွန့်တွန့်လူးလွန့်ဘိသကဲ့သို့ ရှိ၏။ တဖြည်းဖြည်းနေညိုး၍သွားသောအခါမှ ထိုရွှေရောင် အတွန့်ကြီး ပျောက်ကွယ်၍သွားတော့ကာ ဒေါင်းဖလ ဝါ ရွှေလင်ပန်းကြီးသာလျှင် တအိအိနှင့် မှိုင်းပြာသော ရေထဲသို့ ငုပ်လျှိုးသက်ဆင်း ပျောက်ကွယ်သွားတော့ ၏။ နံနက်ပိုင်း လဝင်ချိန်ရှုခင်းကိုမူကား စာဖြင့် ရေး သားဖော်ပြခြင်းငှာ မစွမ်းပြီ။ ကြိုးစား၍ ရေးသား ကြည့်ခြင်းသည်ပင် ရှုခင်း၏ အလှကို ဖျက်ဆီးရာ ရောက်မည်စိုးမိ၏။

မောင်းမကန်ရှုခင်းတွင် ပါဝင်သော အခြား ရတနာတခုမှာကား နေဝင်ချိန်တွင် အချိန်တန်၍ အိမ် ပြန်လာကြသော ဘုတ်မငှက်ကလေးများပင် ဖြစ်ကြ ပေသည်။ နေဝင်ချိန်၌ ရွက်ညိုကလေးများဖွင့်ကာ တစင်းပြီးတစင်း ကမ်းခြေသို့ ဝင်လာကြသော လှေ ကလေးများ ငယ်ရာမှကြီး၍ နီးသထက်နီးကပ်လာပုံ အလှမှာ ရင်သပ်ရှုမော ဇာဂနီထိ ငြိမ်သက်စရာပင်ဖြစ် နေ၏။ တွေးလုံးတောလုံး မှိုးမဆုံးဖြစ်စေ၏။မည်သည့် အရာမဆို (အချိန်တန်လျှင် အိမ်ပြန်ရစမြဲပါတကား) ဟူသော မမြဲသည့်သဘောတရားကို ထင်စေ၏။

မောင်းမကန်၏အလှကို အများဆုံး ဆောင်ကျဉ်း သည်မှာကား တောင်ဘက်ပိုင်းကမ်းခြေကြီး ကွေ့ ဝိုက်၍ နေဟန်ပင်ဖြစ်သည်။ ကမ်းခြေတခုလုံး ဖြောင့် တန်းနေပါလျှင် ရှုခင်းသည် အီ၍သွားဘွယ်ရာဖြစ်ပေ လိမ့်မည်။ သောင်ကြီး ကွေ့ဝိုက်နေဟန်က ရှု၍မငြီး စေဘွယ် ဖန်တီးသည်။ မျက်စိအမြင်၌ အပြောင်း အလွဲတရပ်ကို ဖြစ်စေသည်။

လှိုင်းဂီတ

မောင်းမကန်ဂီတကလည်း ရှိသေး၏။ မောင်း မကန်လှိုင်းဂီတတွင် စည်သံနှင့် ယကွင်းသံတို့ ရော ရှက်လျက်ရှိ၏။ လှိုင်းအိသည် ကမ္ဘာ့တဖက်မှ လှိမ့်၍ လာခဲ့ပြီးနောက် ရေတိမ်ရာကမ်းစပ်သို့ အရောက်တွင် လှိုင်းခေါင်းကျိုးကာ ရေများအံ၍ကျ၏။ အံကျသော အသံသည် တဝုံးဝုံးမြည်၍ စည်သံနှင့်တူဘိ၏။ လှိုင်း ခေါင်းဖြူတို့ သောင်ပြင်နှုကိုပြေး၍တက်လိုက်သောအခါ တွင်ကား ရှဲကနဲမြည်သောလကွင်းသံသည် ထင်ရှား စွာပေါ်လာ၏။

ကုန်းဘက်ရှုခင်း

ယင်းတို့သည်မှာကား မောင်းမကန်ကမ်းခြေတွင် ထိုင်ကာ ပင်လယ်ဘက်သို့ ကြည့်လိုက်သောအခါ၌ တွေ့မြင်ရသောရှုခင်းကို အကြမ်းဆုံး ဖော်ပြထားခြင်း မျှဖြစ်၏။ ကုန်းဘက်ကိုကြည့်မည်ဆိုပါက ရှုခင်းသည် တမျိုးသာပြန်တော့သည်။

ထင်းရှူးပင်နှင့်ရေချိုပြဿနာ

မောင်းမကန်ကမ်းခြေ၏ ရေစပ်စပ်နှင့် ခပ်ထပ် ထပ်ကလေးကျစ်မာနေသောသောင်စပ်မှနေ၍ ကုန်း ဘက်သို့ မျှော်ကြည့်လိုက်မည်ဆိုပါလျှင် ရှေးဦးစွာ သတိထားမိကြသည်ကား အစီအရီ ညီညီညာညာ တန်းကာ သဘာဝအလျောက် ပေါက်ရောက်နေကြ သော ထင်းရှူးပင်များဖြစ်ကြပေသည်။ ထင်းရှူးပင် များက မောင်းမကန်ကမ်းခြေ၏ ရေချိုပြဿနာကို လည်း ဖြေရှင်း၍ပေးနေကြပေသေးသည်။ ထိုထင်းရှူး ပင်များမစိုက်မီကဆိုလျှင် မောင်းမကန်ကမ်းခြေရှိ ရေ တွင်းများသည် ပင်လယ်ရေနှင့် စပ်လျက် ရှိသော ကြောင့် ငံညှိညှိနေသည်ဟုဆို၏။ ထင်းရှူးပင်များ ကြီးထွား ပွားများလာသောအခါ၌ ထင်းရှူးပင်များ သည် ရေသောက်မြစ်မှတဆင့် ဆားအငံဓာတ် စုတ် ယူလိုက်သဖြင့် ထင်းရှူးပင်များ၏နောက်ဖက်ရှိ ရေ တွင်းများဘည် တနှစ်ထက်တနှစ် အငံပေါ့၍လာကာ နောက်ဆုံးတွင် ရေချိုတွင်းများအဖြစ်သို့ ရောက်လာ ရသည်ဟု တဆင့်စကားကြားသိရပေသည်။

အစိုးရအမိန့်

ထင်းရှူးပင်များသည် မောင်းမကန်၏ ရေချိုပြဿနာကို ဖြေရှင်းပေးကာမျှသာမကသေး မောင်းမကန်ကို ဗိမာန်ပြု၍ နေကြသော ကိုတံငါတွေအတွက်လည်း စီးပွားရေးအားဖြင့် တနည်းတလမ်း အထောက်အပံ့ ပေးလျက်ရှိနေကြလေသေးသည်။ အဘယ်ကြောင့်ဆိုသော် စာရေးသူတို့၏ မြေလတ်ဒေသဆီ၌ ကိုတံငါတို့သည် ငါးဖမ်းပိုက်ကွန်များကိုတည်ရေဖြင့် ဆိုးနှစ်ကာ ခိုင်ခံ့အောင် စီမံကြသည်။ မောင်းမကန်တွင်မူကား ကိုတံငါတို့သည် ပိုက်ကွန်များ ခိုင်ခံ့စေရန် ထင်းရှူးခေါက်ကိုထု၍ ပြုတ်ထားသောအရည်ဖြင့် ဆိုးနှစ်ပြုပြင်စီမံကြပေသည်။ ထင်းရှူးခေါက်သည် ပိုက်ဆိုးရန် များစွာအသုံးဝင်သဖြင့် ကိုတံငါတို့သည် ထင်းရှူးပင်များမှ ထင်းရှူးခေါက်များကို အများအပြား ခွာယူကြလေရာ ထင်းရှူးပင်များမှာ အခေါက်အခွံကင်းမဲ့သောအခါ၌ သစ်ရည်မတက်နိုင်ဘဲ သေကြေပျက်စီးကြရ၏။ ဤကဲ့သို့သောထင်းရှူးခေါက်များကို ခွာယူကြသဖြင့် သေကုန်ပါလျှင် ကြာသောအခါ ထင်းရှူးပင်များ ပြုန်းတီး၍ ရေချိုပြဿနာ ပေါ်လာမည်စိုးသောကြောင့် အစိုးရက မောင်းမကန် ကမ်းခြေတွင် ထင်းရှူးခေါက်များမခွာရဟု အမိန့်ထုတ်ထားသည်ဟု သိရသည်။ ထို့ပြင် ထင်းရှူးသားများသည် ချက်ပြုတ်ရေးအတွက် ထင်းအဖြစ် များစွာ ကောင်းပေရာ အချို့သူများက ထင်းရှူးပင်များကို ခုတ်လှဲ ထင်းဆိုက်ကြသဖြင့် ထင်းရှူးကိုင်းများကို မခုတ်ရဟူသော အမိန့်ကိုလည်း အစိုးရက ထုတ်ဆင့် ထားရသည်ဟု သိရပေသည်။

စိမ်းစိမ်းစိုလွင်၍ နေသော ထင်းရှူးပင်များသည် တန်းစီကာရပ်နေသော စစ်သားများကဲ့သို့ မောင်းမကန် ကမ်းခြေတလျှောက်တွင် ပေါက်ရောက်နေကြရာ၌ ထင်းရှူးပင်များ၏ အေးမြသောအရိပ်အာဝါသအောက်တွင် ဘန်ဂလိုဘိုတဲကလေးများသည် တတဲနှင့်တတဲ ကိုက်၂၀၀ ခန့်ကွာလျက် အစီအစီ တည်ရှိနေကြသည်မှာလည်း ရှုခင်းကို တနည်းအလမ်း ပိုမိုသာယာစေတော့သည်။

ထရံခွာကြမ်းဖျက်

စားရေးသူတို့ ရောက်ခဲ့စဉ်အခါက ဘန်ဂလိုဘိုတဲ ပေါင်း ၁၁ခုမျှသာ တွေ့ခဲ့ရ၏။ ယခင်စစ်မဖြစ်မီခေတ်ကမူ ဘန်ဂလို ၄၀ခန့်ရှိသည်ဟုဆို၏။ စစ်အတွင်းက ဂျပန်များသည် မောင်းမကန် ကမ်းခြေကို မဟာမိတ်များသည် ကုန်းတက် ရေယာဉ်များနှင့် တက်၍ တိုက်ခိုက်မည်စိုးသောကြောင့် မောင်းမကန်၌ တပ်များချထားခဲ့ကြပြီး ခံကတုတ်များလည်း အသင့်တူးထားခဲ့ကြ၏။ ထိုခံကတုတ်ကျင်းများကို ယခုထက်တိုင်ပင် မထင်မရှား တွေ့မြင်နိုင်ကြ လေသေးသည်။ ယင်းသို့ ဂျပန်များ တပ်စွဲနေထိုင်ကြစဉ်အခါ ကိုယ်တုံးလုံး မာစတာများသည် ဘိုတဲကြီးများကို ထရံခွာကြမ်းဖျက် ဆင့်ဖြုတ် တိုင်နှုတ်၍ ထမင်းဟင်း ချက်ပြုတ် စားသောက်ခဲ့ကြသဖြင့် ကြီးမားကောင်းမွန်သော ဘိုတဲအများပင် ထင်းအဖြစ်သို့ ရောက်ခဲ့ကြရသည်ဟူ၍လည်း သိရပေသည်။ မည်သို့ပင်ဖြစ်စေ မောင်းမကန်ဘိုတဲများသည် ယခုထက်တိုင်ပင် ကမ်းဘက်သို့မျှော်လိုက်လျှင် စီစီရီရီနှင့်နေချင့်စဖွယ် မြင်၍နေရပေသေးသည်။ အချို့ဘိုတဲများကားသစ်လွင်၏။ အချို့ကား ဟောင်းနွမ်းနေကြပေပြီ။ အထူးသဖြင့် သွပ်မိုးထားသော ဘိုတဲများမှာ ဆားငွေ့ပါသော ပင်လယ်လေ တိုက်ခတ်ခြင်းကို အမြဲတစေခံ၍ နေရ ခေါင်မိုးမှာ သံချေးများတက်လျက်ရှိနေကြ၏။

နတ်သမီး၏မီးအိမ်

ဘိုတဲများ၏ခေါင်မိုးပေါ်မှ ကျော်လွှား၍ ထင်းရှူးပင်များ၏အကြားကို ကြည့်လိုက်မည်ဆိုပါလျှင်ကား မှိုင်းညို့ညို့နေသော တောင်တန်းကြီးကို တွေ့ရပေသည်။ ထိုတောင်တန်းကြီးမှာ အရှေ့ရိုးမကြီး၏ အစွယ်အပွားဖြစ်သော တောင်လက်တက်များ ဖြစ်ကြပေသည်။ရွက်ဖားပင်ကြီးများဖုံးအုပ်လျက် တောင်တန်းကြီးနှင့်တကွ အရှေ့ကောင်းကင်တို့သည်· နေထွက်တပြုံ၌ များစွာ ပဏာရ၏။ ဤတောင်တန်းကြီးကြောင့် မောင်းမကန် ကမ်းခြေမှာ နံနက် ၉ နာရီခန့်ရှိမှ နေရောင်၏ တိုက်ရိုက်ထိုးဆင်းရိုက်ခတ်ခြင်းကို ခံရပေရာ နံနက်ခင်း လမ်းလျှောက်လိုသူတို့ အဘို့၌ အခြားသောဒေသများထက် ပို၍ လမ်းလျှောက်ချိန်

ရအောင် ဖန်တီးထားဘိသကဲ့သို့ ရှိနေပြန်လေသည်။ နေလွက်ချိန်တွင် တောင်ကိုကျော်၍ ပေါ်လာသော နေမင်းမှာ ရောင်ခြည်အတန်ငယ်ပြင်းပြနေပြီဖြစ်သဖြင့် မကြည့်ရှုပျော်လှသော်လည်း ညဦးပိုင်းလထွက်ချိန်မှာမူကား ရှုမဝနိုင်သောရှုခင်းတရပ်ပင် ဖြစ်ပေသည်။ ညပိုင်းတွင် ဝိုင်းဝိုင်းစက်စက်ဝင်းဝင်းဝါဝါ ရွှေလင်ပန်းကြီးပမာ တောင်ကိုကျော်ကာ ထွက်ပေါ်လာသော လမင်းကြီးက ထင်းရှူးကိုင်းတွင် နတ်သမီးမီးအိမ်ကြီးပမာ တွဲလွဲခို၍နေခိုက်တွင် လေကလေးလှုပ်သဖြင့် ထင်းရှူးကိုင်း သိမ့်သိမ့်ခါခိုက် သဘာဝအလှမှာ စာသ၍မရနိုင်သောအလှတမျိုးဟုသာ ဆိုရပေတော့မည်။ ထိုအလှမှာ စာဖြင့် ရေးပြကောင်းသောအလှမျိုးမဟုတ်။ စိတ် ဝိဉာဉ်ဖြင့်သာ ထိတွေ့ခံစားရသောအလှသာလျှင်ဖြစ်၏။

သုံးရောင်ချယ်သောင်ခုံ

အထက်အာကာခွင်ဆီကိုကြည့်ရာမှ မြေပြင်ဆီသို့ ကြည့်လိုက်ပါဦး။ ဘိုတဲရွှေ ထင်းရှူးပင်တန်းများမှ ရေစပ်အထိ ရှုခင်းသည် သုံးရောင်ချယ်ရှုခင်း ဖြစ်နေ၏။ ဘိုတဲရွှေမှ သောင်စပ်အထိမူ ဆူးကလေးများပါသော မြေဝပ်ပင်ကလေးများနှင့်တကွ မြက်ဖုတ်များ ဖုံးလွှမ်းနေတတ်သည်။ ထို့ကြောင့် ဤတရစ်မှာ စိမ်းစိမ်းစိုလွင်လျက်ရှိ၏။ မြက်များမှာလည်း ပန်းပွားလုံးနှင့်တူသော မြက်သီးများ သီးကြလေရာ ပျော်တတ်ရှင်တတ်သူတို့အသို့ ထိုမြက်သီးများက၊ တနည်းတဖုံ အကျိုးတော်ဆောင် ကြပြန်ပေသည်။ ဆောင်ပုံမှာကား ယင်းသည့်မြက်သီးများသည် ပန်းပွားလုံးသဏ္ဍာန်ရှိနေကြပေရာ အပင်မှ ဆွတ်ခူး၍ သောင်ပြန့်တွင် ချထားပေးလိုက်ပါက အမြဲတစေ တသုံသုံဖြူး၍နေသောလေထဲ၌ လိမ့်ကာလိမ့်ကာ ပြေးကြလေတော့သည်။ ပန်းလွှတ်ရန်စည်းနှင့် ပန်းဝင်ရန်စည်းနှစ်စည်းကိုဆွဲပြီးနောက် ပန်းလွှတ်စည်းမှ မြက်သီးများကို တချိန်တည်းလွှတ်ကာ မြက်သီးချင်း အပြေးပြိုင်ကြရင်း ကြိတ်ပေးကွ၊ စိန်လျှံကွ၊ အောင်မြဝင်းကွ၊ ဘရင်လေးကွ နှင့် တပျော်တပါး မြက်သီးချင်းအားပြိုင်ကြရသည်မှာလည်း အပြစ်ကင်းစင်သောပျော်ရွှင်မှုတမျိုးဖြစ်ပေသည်။

ငယ်လင်မောင်ကြီးအိမ်ပြန်ချိန်

ညနေပိုင်းတွင် တံငါလုပ်ငန်းခွင်မှ ပြန်၍လာကြရသော လှေကလေးများ သောင်ဦးသို့လာ၍ဆိုက်ကြသည်တွင်လည်း လှပသောပန်းချီကားတချပ်ကို မြင်ရနိုင်ပြန်လေသေးသည်။ ယင်းသည်မှာကား ငါးဖမ်းရန်ထွက်သွားသော ငယ်လင်မောင်ကြီးသည် ရွက်ကိုဖွင့်ကာ ရွာဆိပ်သို့ ပြန်၍လာသောအခါ၌ အိမ်သူမယ်ညိုသည် သောင်ပြင်သို့ အပြေးအလွှားဆင်း၍ လာကာ နေညိုညို၌ ဝမ်းသာအားရ ကြိုရှာပေသည်။ အချို့ဇနီးများကမူ သားသမီးတကျော်ကျော် ခွေးကိုပါခေါ်၍ တပျော်တပါးကြီးဆင်းလာကြ၏။ လှေပေါ်တွင် ငါးခြောက်တွေတပုံတပင်နှင့်တကွ ငယ်လင်မောင်ကြီးကို မြင်လိုက်ရသည့်ခဏ၌ ဝမ်းသာအားရပြုံးလိုက်ကြပုံမှာ ဘဝအရသာဖြစ်၍ စာမဖွဲ့စကောင်း။

ယောက်ဖဖြစ်သူကလည်း လှည်းကြီးကို ရေစပ်အရောက် မောင်းချလာကာ ငါးခြောက်၊ ငမန်းတောင်ခြောက်၊ အုန်းသီးနှင့် ငါးအစိုများကို လှည်းပေါ်သို့ အားရပါးရထပ်၍တင်၏။ သမီးပျိုများကလည်း ညိုမောင်းနေသော အသားအရေတွင် မသိမသာကလေး ဝင်း၍နေသော ပါးပြင်၌ သနပ်ခါးတစက်နှစ်စက် ပါးကွက်ကလေးများပင်တင်ကာ ပါလာသမျှ ပစ္စည်းပစ္စယတို့ကို ကူညီ၍သယ်ပိုးကြနှင့် အလုပ်များ၍နေ၏။ ဇနီးဖြစ်သူသည် ကြီးမားလှသော တောင်းကြီးထဲတွင် ချက်ရေး ပြုတ်ရေး အကိစ္စဝဝ ယောင်းမကမှမကျန် ထည့်သွင်းကာ ထမီရင်လျားခပ်ကြွားကြွားဖြင့် ထွားထွားကျိုင်းကျိုင်း ဒုန်းဆိုင်း၍ ရွာကိုသယ်၏။ ခင်ပွန်းသည်ကမူ လုပ်ဖော်ကိုင်ဘက်များနှင့်အတူ ရွက်လိပ်၊ တက်မ၊ ပိုက်၊ ငါးများချိတ်စသည်တို့ကိုထမ်းကာ ဘာဒန်ပင်နှစ်ပင်ကြားမှ အရိပ်ခိုကာ ဖြတ်၍ ရွာသို့ဝင်သောဟူ၏။ နေဝင်ချိန် ညိုရီရီတွင် ဤကဲ့သို့သောရှုခင်းကို ကြည့်မြင်ရသည်မှာကား ထူးခြားလှသောပန်းချီကားတချပ် အသက်ဝင် လှုပ်ရှားနေသည်ကို ကြည့်မြင်နေရသည်နှင့် မခြားပါပေ။

ကျောက်ဆူးဆန်း

မောင်းမကန်တွင် အဆန်းတခု တွေ့ရသေးသည်

မှာကား ဘုတ်မခေါ်လှေများအတွက် သုံးသည့် ကျောက်ဆူးပင်ဖြစ်ပေသည်။ ကျောက်ဆူးဆိုလျှင် သံဖြင့်လုပ်သည်ဟုသာ နားလည်ထားသူတို့အဘို့၌ ဘုတ်မကျောက်ဆူးများကို မြင်ရသောအခါ၌ အဆန်းဖြစ်၍နေပေသည်။ အဘယ်ကြောင့်ဆိုသော် ဘုတ်မကျောက်ဆူးများမှာ သစ်သားဖြင့် ပြုလုပ်ထားလျက် ရေထဲသို့နစ်အောင် သံချောင်းများဖြင့် အလေးထည့်၍ ထားပေသည်။ ဘုတ်မကို သောင်ပြန့်၌သို့ဆွဲတင်ထားပြီးသောအခါ ကျောက်ဆူးတစွယ်ကို သဲထဲသို့နင်း၍မြှုပ်ထား၏။ ဤနည်းဖြင့် ရေထဲတွင် ကျောက်ချထားသော ရေယာဉ်တို့ကိုသာ မြင်ဘူးသော စာရေးသူမှာ သောင်ပြန့်တွင် ကျောက်ချထားသော ဘုတ်မများကို တထူးတဆန်းတွေ့ခဲ့ရ၏။

ငါးမြီးနှင့်မြွေ

မောင်းမကန် ရှုခင်းအပါအဝင် ဖြစ်သော မြွေကျောက်ဟူသောရှုခင်းကလည်း ရှိသေး၏။ ၎င်းမြွေကျောက်မှာ ကမ်းခြေတောင်ပိုင်းအကွေ့တွင် တည်ရှိကာ ကျောက်ဆောင်ကြီးထီးထီးကို လှိုင်းပုတ်ကစားသောအကြိမ်ပေါင်း များသဖြင့် အစိပ်စိပ်ကွဲနေသော ကျောက်တုံးကြီးများဖြစ်၏။ ကွဲ၍နေသောပတ်ကြားအက်များအတွင်း၌ ရေမြွေများရှိကြပေသည်။ အရောင်အဆင်းအားဖြင့်အဖြူတရစ် အနက်တရစ် ဖြစ်လျက် အမြီးမှာကား ငါးအမြီးဖြစ်သည်။ ယဉ်၍နေသဖြင့် အစာခေါ်၍ကျွေးလျှင်ပင် ပတ်ကြားအက်ထဲမှထွက်၍ စားကြသည်ဟု ထားဝယ်နေ မိတ်ဆွေများက ပြောပြပေသည်။ မြွေကျောက်တပိုက်တွင်ကား ကျောက်ခဲကျောက်တုံးကြီးများ အလွန်ပေါ၏။ လမ်းလျှောက်၍ မကောင်းလှပေ။

မြွေကျောက်ကို လွန်၍ လျှောက်ခဲ့သော် ကမ်းအကွေ့ကြီး၏အစွန်း၌ မော်ရစ်ဘုရားဟူ၍ ရှိသေး၏။ ထိုနေရာမှာကား ဂူ၊ ကျောင်း၊ ဘုရား၊ ဇရပ်တို့ ရှိသဖြင့် တရားအားထုတ်လိုသူတို့ အဘို့တွင် နေရာကောင်းတခုဟု ဆိုရပေတော့မည်။

တင့်တယ်

★

ရွှေညောင်ပင်
စားသောက်ဆိုင်

ရှုံးသူ ရှုံးသားများ နှင့် လုပ်သား ပြည်သူများအတွက် စေတနာ အပြည့် အဝဖြင့် စိတ်တိုင်းကျဆောင်ရွက်ပေးနေပါပြီ။

ရုံးကြီးလမ်းဆုံ
ထားဝယ်မြို့။

ကျောက်ဆူး ဆေးပေါ့လိပ်ခုံ
မှ

ထားဝယ်မဂ္ဂဇင်း

ကို ကြိုဆိုပါသည်။

ကျောက်ဆူး ဆေးလိပ်ခုံ
အနောက်ရပ်၊
ထားဝယ်မြို့။

ထားဝယ်မြေသတ္တုတွင်း လုပ်ငန်းများဖွံ့ဖြိုးမှုနောက်ခံသမိုင်း

တင်ဝင်း [စိမ်ကိန်း]

ထားဝယ်တွင်ခဲမဖြူသတ္တုသိုက်များတွေ့ရှိကြောင်း လွန်ခဲ့သော၁၆ရာစုခန့်ကပင် ထားဝယ်သို့ ရောက်ရှိလာကြသော နိုင်ငံခြားသား များ၏ မှတ်တမ်းများ အစီရင်ခံစာများတွင် တွေ့ရှိရပေသည်။

၁၅၉၉ခုနှစ်တွင်ရာဖစ်ချ် (RALPH FITCH) ဆိုသူ၏ မှတ်တမ်းတွင် ပဲခူးဆိပ်ကမ်းမှ ဘင်္ဂလားသို့ ဖြတ်၍ လာခဲ့ရာ ထားဝယ်သို့ရောက်ရှိလာပြီး ခဲမဖြူ သိုက်များကို တွေ့ရှိခဲ့ရသည်ဟု ရေးသား ခဲ့သည်။ ၁၈၃၆ခုနှစ်တွင်ကပ္ပတိန်လိုး (CAPTIAN LOW) ဆိုသူက ထားဝယ်ရှိခဲမဖြူသတ္တုများနှင့် ပတ်သက်၍ ရေးသားခဲ့ရာတွင် တနှစ်လျှင် သတ္တုတူးဖော်ခြင်း ကို (၄) လခန့် လုပ်ကိုင်နိုင်ခဲ့ပြီး လုပ်သား ၄၀၀၀ခန့် ကို အလုပ်ပေးနိုင်ခဲ့သည်ဟု ဖော်ပြခဲ့သည်။

၁၈၃၉ ခုနှစ် ဒေါက် တာ ဟဲလ်ဖာ (Dr. HELFER) ဆိုသူ၏ ခရီးစဉ် မှတ်တမ်းတွင် ရေး–ထားဝယ်–မြိတ် ခရီးစဉ်များ အကြောင်း ရေးသားထားခဲ့ပြီး ခဲမဖြူ သတ္တုသိုက်များ တွေ့ရှိ ရ ကြောင်း ဖော်ပြထားခဲ့ ပါသည်။

၁၈၄၉ခုနှစ်တွင် အိုရိုင်လေး (RIELEY) ဆိုသူက တနင်္သာရီ ကမ်းမြောင်ဒေသရှိ သတ္တု တွေ့ရှိရာ ဒေသများနှင့်သတ္တုတွင်း အရေအတွက်များကိုဖော်ပြခဲ့သည်။ ယင်းဖော်ပြခဲ့သော သတ္တုတွင်း များတွင် ထားဝယ် တွင်ရှိသော တောင်ပြောက်ချောင်း သတ္တုတွင်းနှင့် ဟိန်ဓဲ သတ္တု တွင်းများ အကြောင်း ပါရှိခဲ့သည်။

၁၈၈၂ခုနှစ်တွင် မာစင် (MASON) ဆိုသူက ထားဝယ်သတ္တုတွင်းများနှင့် ပတ်သက်၍ထုတ်လုပ်နိုင်မှု သိသိသာသာတိုးတက်မှုမရှိသေးကြောင်းရေးသား ဖော်ပြ ခဲ့သည်။

၁၉၀၁ခုနှစ် အိန္ဒိယ သတ္တုတူးဖော်ရေး အက်ဥပဒေအရ မြန်မာနိုင်ငံ တွင်လည်း သတ္တု လုပ် ငန်းများကိုတူးဖော်လုပ်ကိုင်ခွင့်ပြုခဲ့သည်။ ထိုစဉ် အခါက သတ္တုတူးဖော် ခြင်းသည် အိန္ဒိယ လက်အောက်ခံပြည်နယ်တခုရှိ သတ္တုတွင်းလုပ်ငန်းရပ် သဘောသာလျှင်ဖြစ်ပါ သည်။

၁၉၀၅ခုနှစ်တွင် ဂိုးလ်ဒင်း စထရိမ်း ဆင်ဒီကိတ် (THE GOLDEN STREAM) ကိုတည်ထောင်ခဲ့ပြီး ဖောင်းတောနှင့် အထက် ခမောင်းသွယ် နေရာများတွင်သတ္တုတူးဖော်ခြင်းလုပ်ငန်းကို စတင်လုပ်ကိုင်ခဲ့သော်လည်းအောင်မြင်မှု မရရှိခဲ့ပေ။

၁၉၀၈ခုနှစ်တွင် ဂျေ ဂျေ အေ ပိတ်ချ် (J.J.A PAGE) ဆိုသူ၏မှတ်တမ်းတွင် ထားဝယ်မှ ခဲမဖြူ သတ္တု (၁) တန် ကျော်ခန့် သာလျှင် ထုတ် လုပ် နိုင် ကြောင်း ရေးသားဖော်ပြ ခဲ့ပါသည်။

၁၉၁၁ခုနှစ်မှစ၍အဖြိုက်နက် သတ္တုတွင်းများကို ထားဝယ်တွင် စတင် တူးဖော် လုပ်ကိုင် လာကြပါသည်။ ထိုအချိန်က အဖြိုက်နက် တန်ချိန် ၁၁၀၀ခန့် ထုတ်လုပ်နိုင်ပြီး ကမ္ဘာတွင် အဖြိုက်နက် ဦးဆောင် ထုတ်လုပ်နေသော နေရာဖြစ်လာ ခဲ့ပါသည်။

၁၉၁၃ ခုနှစ်တွင် အောက် မြန်မာပြည် သတ္တုလုပ်ငန်းများအဖွဲ့ (The Lower Burma Chamber of Mines) ကိုစတင်တည်ထောင်ခဲ့ပါသည်။ ထိုအချိန်မှစ၍ ထားဝယ် သတ္တုတွင်း တူးဖော်ရေး လုပ်ငန်းများသည် တိုးတက်မှုရရှိအောင် စတင်အရှိန်ယူသောကာလ (Take- off Period) သို့ ရောက်ရှိခဲ့သည်ဟုဆိုရပါမည်။

၁၉၁၄ခုနှစ်တွင် ထားဝယ်ရှိ သတ္တုတွင်း အရေအတွက်မှာ (၄၃) တွင်းခန့် ရှိရာမှ ၁၉၁၅ ခုနှစ်တွင် (၁၃၂) တွင်း အထိ တိုး တက် လာ ခဲ့ ပါ သည်။ ၁၉၁၅ မှ ၁၉၁၇ခုနှစ်များအတွင်း သတ္တုလုပ်ငန်းများတရှိန်ထိုးတိုးတက် လာခဲ့ရခြင်းမှာ ပထမကမ္ဘာစစ်အကြိုကာလ သတ္တု ဝယ်လိုအား တိုးတက်လာသောကြောင့် ဖြစ်ပါသည်။

၁၉၁၅ခုနှစ် ထားဝယ်ရှိ အရေးပါသော သတ္တုတွင်းများမှာ–

၁– ကွာချိန်ဂွမ်ပိုင် ဖောင်းတောသတ္တုတွင်းနှင့်

၂– ထားဝယ်ကွန်စက်ရှင်း လီမိတက် (Tavoy Concession Ltd) ပိုင် ပြောက် ချောင်း သတ္တုတွင်းများသာ ဖြစ်ခဲ့ပါသည်။

၁၉၁၇ခုနှစ် ထင်ရှားသော သတ္တုတွင်းများမှာ–

၁– ရန်ကုန် သတ္တုတွင်း တူးဖော်ရေး ကုမ္ပဏီ (Rangoon Mining Co. Ltd) ပိုင် ပကာရီသတ္တုတွင်း

၂– စတီး ဘရားသား နှင့် ကုမ္ပဏီ လီမိတက် (Steel Brothers & Co.Ltd) ပိုင် သတ္တုတွင်းများ

၃– ဖင်လေးဖလ်မင်း နှင့် ကုမ္ပဏီ (Finlay Fleming & Co) ပိုင် သတ္တုတွင်း

၄– ဟိုင်း စပိ စတီး အလွိုင်းစ် လီမိတက် (High Speed Steel Alloys Ltd) ပိုင် သတ္တုတွင်းများ

၅– ကံ့ ဘောက် သတ္တု တွင်း လီ မိ တက် (Kanbauk(Burma)Wolfram Mines Ltd) ပိုင်သတ္တုတွင်းများ စသည်တို့ ဖြစ်ပါသည်။

၁၉၁၄ခုနှစ် ထားဝယ်မှတူးဖော်ရရှိသော သတ္တုတွင်းမှာ (၁၅၇၆) တန် နီးပါးခန့် လည်းကောင်း၊ ၁၉၁၅ခုနှစ်တွင် (၁၉၇၅) တန်ခန့် လည်းကောင်း ၁၉၁၇ခုနှစ်တွင် သတ္တု (၃၆၅၃) တန် ကို လည်းကောင်း ထုတ်လုပ်နိုင်ပြီ ဖြစ်ပါသည်။

သတ္တုလုပ်သား ပမာဏကို ဆန်းစစ်ကြည့်လျှင် ၁၉၁၄ခုနှစ်စုစုပေါင်းသတ္တုတွင်းလုပ်သား(၃၁၀၇) ယောက်ခန့်ရှိပြီး၁၉၁၅ခုနှစ်တွင် (၃၀၃၂) ယောက်ခန့် ရှိပါသည်။ ၁၉၁၇ ခုနှစ်တွင် ထားဝယ် သတ္တုတွင်း လုပ်ငန်းသို့တရုတ် အမျိုးသားများ ဝင်ရောက်ပြောင်းရွှေ့ လုပ်ကိုင် ခဲ့ပါသည်။ သို့ရာတွင် သတ္တုတွင်းလုပ်သား လိုအပ်မှုနှင့် ရရှိမှုမမျှတ သောကြောင့် အိန္ဒိယပြည် ဘီဟာ အိုရစ် ဆာ နယ် များ မှ လုပ်သား များကို ခေါ်ယူ အစားထိုးခဲ့ ပါသည်။

သတ္တုတွင်း လုပ်သားများမှာ တရုတ်၊ တဟီလ်၊ တေလဂူ၊မလေး၊ဂေါ်ရခါး၊ မြန်မာနှင့် ကရင်အမျိုးသားများဖြစ်ကြပြီးလုပ်ခ အဆင့် ၃၀ရူပီမှ ၆၅ ရူပီ အကြား ရရှိခဲ့ကြပါသည်။

ပထမ ကမ္ဘာစစ် အတွင်း ထင်ရှားသော သတ္တုတွင်းများမှာ ဟာမြင်းကြီး သတ္တုတွင်း၊ ကံ့ဘောက် သတ္တု တွင်း၊ ဝဒ်နက်စ် (Widness) သတ္တုတွင်း၊ ပကာရီ သတ္တုတွင်း၊ ဖောင်းတော သတ္တုတွင်း နှင့် တောင်ဖိလာသတ္တုတွင်းများ ဖြစ်ကြပါသည်။

ဒုတိယ ကမ္ဘာစစ် မတိုင်မီ နှင့် စစ်အတွင်း သတ္တုတွင်းလုပ်ငန်း အခြေအနေ

ဒုတိယကမ္ဘာစစ်မတိုင်မီ သတ္တု အများဆုံးထုတ်လုပ်နိုင်သောနှစ်မှာ ၁၉၃၉ခုနှစ်ပင် ဖြစ်ပါသည်။

၁၉၃၉ခုနှစ် ထားဝယ်မှ သတ္တု (၃၀၁၀)တန် ထုတ်လုပ်နိုင်ခဲ့ပြီး ၎င်းအနက် တန်၁၀၀ အထက်တွင် ထုတ်လုပ်နိုင်သော သတ္တုတွင်း များမှာ အောက်ပါ အတိုင်း ဖြစ်ကြပါသည်။

၁၉၃၉ခုနှစ် ထားဝယ်မြို့၏ အရေးပါသော သတ္တုတွင်းများမှ သတ္တုအထွက် အခြေပြဇယား

ရေတွက်ပုံ– တန်

အမှတ်စဉ်	သတ္တုတွင်းအမည်	ပိုင်ရှင်အမည်	သတ္တုထုတ်လုပ်မှုစုစုပေါင်း
၁	ဟိန္ဒား(၁)	အင်္ဂလိပ်ဘားမား	၅၀၂. ၁၀
၂	ဟာမြင်းကြီး (၁)	စီတီအမ်ဘီလီမိတက်	၅၁၀. ၇၆
၃	ဝကုန်း (၁)	စီတီအမ်ဘီလီမိတက်	၁၀၃. ၇၂
၄	ဘဝပင်(တန်ဖေသင်)	စီတီအမ်ဘီလီမိတက်	၁၁၅. ၃၆
၅	ဖောင်းတော	ဟိုင်းစပိစတီး အလွိုင်း မိုင်းနင်း ကုမ္ပဏီ	၁၀၇. ၅၆
၆	ဝဒ်နက်စ်	၎င်း	၂၀၄. ၉၄
၇	ဖွတ်လက်တို	ယူဘိုးလှဘရားသား	၁၁၀. ၉၆
၈	ပကာရီ	တယ်လူဖေလီမိတက်	၄၀၀. ၂၅
၉	ဟိန္ဒူးချောင်း (အေနှင့်ဘီ)	တီဒီဒီစီ ကုမ္ပဏီ	၂၂၃. ၆၉
၁၀	ဟိန္ဒူးချောင်း (အက်စ်)	၎င်း	၁၁၀. ၅၀
၁၁	ခမောင်းလှ (၁မှ၄)	၎င်း	၂၂၉. ၂၅
၁၂	ကျောက်မဲတောင် (ဗီ)	၎င်း	၁၁၄. ၃၆
၁၃	ဝကုန်း (မြောက်)	တယ်လူဖေလီမိတက်	၁၁၇. ၀၆

၁၉၃၉ခုနှစ်အတွင်း ထားဝယ်မြို့မှ ထွက်ရှိသော သတ္တုစုစုပေါင်းအရေအတွက်မှာ ၃၀၃၁.၀၀ တန် ဖြစ်ခဲ့ပါသည်။

မှတ်ချက်။ ။တန်၁၀၀ထက် ပိုမို ထုတ်လုပ်နိုင်သော သတ္တုတွင်းများမှသတ္တုအထွက်ကိုသာ ဖော်ပြထားပါသည်။

၁၉၄၂ ခုနှစ်တွင် ဂျပန် တပ်များ ဝင်ရောက်၍ ထားဝယ်ကိုသိမ်းပိုက်သည်မှစ၍ သတ္တုထုတ်လုပ်မှုကို ဂျပန် အင်ဂျင်နီယာများ ဦးဆောင်ကာ လုပ်ကိုင်ခဲ့ပါသည်။ စစ်အတွင်းဂျပန်တို့ အသုံးခဲ့သော သတ္တုတွင်းများမှာ–

၁။ ကံ့ဘောက်သတ္တုတွင်း
၂။ ဟိန္ဒားသတ္တုတွင်း
၃။ ကျောက်မဲတောင် သတ္တုတွင်း (ခဲသတ္တုဖြင့်လုပ်ကိုင်သည်)
၄။ ခမောင်းလှသတ္တုတွင်း (၎င်း)
၅။ ဝဇွမ်းချောင်းသတ္တုတွင်း (၎င်း)
၆။ ဖောင်းတော သတ္တုတွင်း (ကွာချိန်ဝွမ်ပိုင်)
၇။ ဝဒ်နက်စ် သတ္တုတွင်း နှင့် ဖောင်း တော သတ္တုတွင်း(ဟိုင်းစပိစတီးလ်အလွိုင်းပိုင်)
၈။ ဘဝပင်သတ္တုတွင်း စသည်တို့ ဖြစ်ပါသည်။

ဖော်ပြပါ သတ္တုတွင်း များမှ သတ္တု ထုတ်လုပ်မှု သတ္တုတင်ပို့မှုကို ဂျပန်ပြည်မှအမ်–ကေ–ကေ ကုမ္ပဏီ (M.K.K. Company) က ဦးဆောင် လုပ် ကိုင်ခဲ့ပါသည်။

စစ်အတွင်း သတ္တု ထုတ်လုပ်မှုတွင် ပိုသာစရာ စနစ် မရှိသလောက် ဖြစ်သည်ဟု ဆိုရပါမည်။

စစ်ပြီးစကာလ သတ္တုတွင်းလုပ်ငန်းအခြေအနေ

စစ်ပြီးစ ကာလတွင် ထားဝယ် မြို့ရှိ သတ္တုတွင်းများကိုပြန်လည် လုပ်ကိုင် လာခဲ့ပါသည်။ သို့သော် အခက်အခဲအမျိုးမျိုးကြောင့် ၁၉၄၉ ခုနှစ်မှ သာလျှင် သတ္တုတွင်းများကိုအတည်တကျ ပုံမှန်လုပ်ကိုင်လာနိုင်ခဲ့ပါသည်။ သို့ရာတွင် ပြည်တွင်း ဆူပူမှု များကြောင့် သတ္တုလုပ်ငန်း မှာ တိုး တက် အောင် မြင် သင့်သလောက်တိုးတက်အောင် မြင်မှုမရရှိခဲ့ပေ။

၁၉၄၉မှ၁၉၅၁ခုနှစ်အတွင်း သတ္တုတူးဖော်ရေး လုပ်ငန်းများ တရှိန်ထိုး တိုးတက်မှု ရှိလာ သည်ကို တူးဖော် လုပ်ကိုင်လျက်ရှိသော သတ္တုတွင်း အရေအတွက် အခြေအနေကို လေ့လာ သုံးသပ် ခြင်းဖြင့် သိရှိနိုင်ပေသည်။ ၁၉၄၉ ခုနှစ်တွင် ထားဝယ်မြို့ရှိ သတ္တုတွင်း အရေ အတွက် (၂၀၇) တွင်း ရှိရာမှ ၁၉၅၀ခုနှစ်တွင် အရေအတွက် အားဖြင့် (၃၃၆) တွင်းအထိ ဖြစ်လာခဲ့ပါသည်။

ဤသို့သတ္တုတွင်းအရေအတွက် ပိုမိုများပြား လာသည်နှင့်အမျှ သတ္တု အထွက် မှာလည်း ပိုမိုလာခဲ့ပါသည်။ ၁၉၅၁ခုနှစ်တွင် ထားဝယ်မှ ခဲမဖြူသတ္တု (၃၆၃)တန်၊ အဖြိုက်နက်(၄၃၇)တန်နှင့် ရောရာသတ္တု (၇၇၄) တန် စုစုပေါင်း သတ္တု အထွက် (၁၆၇၅)တန်ခန့် ထုတ်လုပ် နိုင်ခဲ့ ပါသည်။

စစ်ပြီးစကာလ သတ္တုထုတ်လုပ်မှု တိုးတက်လာခြင်းမှာ ကမ္ဘာ့ ဈေးကွက်တွင် သတ္တု ဝယ်လိုအား ကောင်းမွန်ပြီး သတ္တုဈေးနှုန်း မြင့်မားလျက် ရှိသောကြောင့် ဖြစ်ပါသည်။

ကိုရီးယားစစ်နှင့်သတ္တုလုပ်ငန်းဖွံ့ဖြိုးမှု

၁၉၅၁ မှ ၁၉၅၃ ခုနှစ်အတွင်း ကိုးရီးယားစစ်နှင့်နွှယ်၍ ထားဝယ်သတ္တုတူးဖော်ရေးလုပ်ငန်းသည် စီးပွားရေး စန်းပွင့် သော ကာလသို့ ရောက် ရှိခဲ့ ပါသည်။ ဤကိုးရီးယား စစ် ကာ လ အတွင်း အဖြိုက်နက်နှင့်ရောရာ သတ္တုဈေးနှုန်းသည် အထူးကောင်းမွန် လာခဲ့သောကြောင့် ထားဝယ်မှ အဖြိုက်နက်ရောရာ သတ္တုထုတ်လုပ်မှု တိုးတက် လာခဲ့ပါသည်။ ရောရာသတ္တုထုတ်လုပ်မှုမှာလည်း အထူးပင် တိုးတက်လာခဲ့ပါသည်။

၁၉၅၁ ခုနှစ်တွင် ရောရာသတ္တု (၇၇၄) တန် ထုတ်လုပ်နိုင်ခဲ့ရာ ၁၉၅၃ခုနှစ်တွင်(၃၄၀၆) တန် အထိ ထုတ်လုပ်နိုင်ခဲ့ပါသည်။

၁၉၅၄ခုနှစ်မှစပြီး ခဲမဖြူထုတ်လုပ်မှုသည် အနည်းငယ် တိုးတက်လာသော်လည်း အဖြိုက်နက် ရောရာ သတ္တုထုတ်လုပ်မှုသည် ပြန်လည် ကျဆင်းသွားခဲ့ပါသည်။ ၁၉၅၄ခုနှစ်တွင် ခဲမဖြူ(၂၃၇)တန်၊အဖြိုက်နက် (၂၄၉) တန်နှင့် ရောရာ (၁၃၇၄) တန်မျှသာ ထုတ်လုပ်နိုင်ခဲ့သည်ကို တွေ့ရသည်။

၁၉၅၄ ခုနှစ်မှစ၍ ထားဝယ်သတ္တုလုပ်ငန်း၏ စီးပွားရေးစန်းပွင့်ချိန်မှာ ကုန်ဆုံးခဲ့သည်ဟု ဆိုနိုင်ပါသည်။

၁၉၅၁ခုနှစ်မှ ၁၉၅၃ခုနှစ်အတွင်း ထားဝယ် သတ္တုလုပ်ငန်းစီးပွားရေးစန်းပွင့်ချိန်တွင် သတ္တုတွင်း လုပ်သားအင်အားမှာ ၁၉၅၁ တွင် စုစုပေါင်း သတ္တုတွင်းလုပ်သားအင်အား (၁၆၂၉၆) ခန့် ရှိရာမှ ၁၉၅၃တွင် (၂၇၇၆၆) ယောက်ခန့် တိုးလာခဲ့ပါသည်။ ဤအချက်က စီးပွားရေးစန်းပွင့်ချိန်တွင် အလုပ်အကိုင်ပေးနိုင်မှုအများဆုံး ဖြစ်သည် ဟူသော စီးပွားရေး သီအိုရီမှန်ကန်ကြောင်း သက်သေ တရပ်ပင် ဖြစ်လာခဲ့ပါသည်။

သတ္တုတွင်း လုပ်သားများအနေဖြင့် စီးပွားရေးအရ စန်းပွင့်ချိန်တွင် ဝင်ငွေရှာယူရရှိမှု လွယ်ကူသလောက် သတ္တုဈေးနှုန်းများ ပြန်လည်ကျဆင်းလာချိန်တွင် ဝင်ငွေရှာယူရရှိမှုအခွင့်အလမ်းများ ကျဆင်းလာသောကြောင့် သတ္တုလုပ်ငန်းများတွင် လူမှုရေးဆိုးကျိုးများ ဆထက်တပိုး ပိုမိုလာခဲ့ပါသည်။

၁၉၆၂ မတိုင်မီ သတ္တုတွင်းအခြေအနေ

၁၉၆၂ မတိုင်မီ သတ္တုတွင်း လုပ်ငန်းအခြေအနေမှာ တိုင်းရင်းသားနှင့် နိုင်ငံခြားသားအရင်းရှင်များကသာ ကြီးစိုးချယ်လှယ်ပြီး ၁၉၅၆ ခုနှစ်မှ မြန်မာ

နိုင်ငံအစိုးရက ဖက်စပ်လုပ်ငန်းအသွင်ဖြင့် ပြန်လည်လုပ်ကိုင်လာခဲ့ပါသည်။

၁၉၅၆ခုနှစ် စက်တင်ဘာလ (၁၀) ရက်တွင် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရသည် စုစုပေါင်းရင်းနှီးငွေ၏ ၅၁ ရာခိုင်နှုန်းနှင့် အင်ဂလိုဘားမား တင်းကုမ္ပဏီ လီမိတက်က ၄၉ ရာခိုင်နှုန်း ထည့်ဝင်ပြီး ဖက်စပ်လုပ်ကိုင်ခဲ့ပါသည်။ ယင်း ဖက်စပ်ကုမ္ပဏီကို အင်ဂလိုဘားမားတင်း (၁၉၅၆) လီမိတက်ဟု ခေါ်တွင်ခဲ့ပါသည်။ ထိုအချိန်က သတ္တုအထွက်မှာလည်း သတ္တုဈေးနှုန်းအတက်အကျအလိုက် ပြောင်းလဲလျက်ရှိပါသည်။

၁၉၆၂ခုနှစ်မတိုင်မီ ခဲမဖြူထုတ်လုပ်မှုအခြေအနေကို ဆန်းစစ်လျှင် ၁၉၅၇ ခုနှစ် မတိုင်မီအအထိ အပြောင်းအလဲ အနည်းငယ်သာ ရှိသော်လည်း ၁၉၅၇ ခုနှစ်နောက်ပိုင်းတွင် ခဲမဖြူထုတ်လုပ်မှုသည် သိသိသာသာ တိုးတက်ခဲ့ပါသည်။ ၁၉၅၇ခုနှစ်တွင် ခဲမဖြူ (၃၇၅) တန် ထုတ်လုပ်နိုင်ခဲ့ရာမှ ၁၉၆၀ခုနှစ်တွင် (၆၇၃) တန်အထိ တိုး၍ထုတ်လုပ်နိုင်ခဲ့ပါသည်။ ၁၉၅၁ခုနှစ်မှ ၁၉၆၂ခုနှစ်အတွင်း ခဲမဖြူ အများဆုံး ထုတ်လုပ်နိုင်ခဲ့သည့်နှစ်မှာ ၁၉၆၀ ခုနှစ်ဖြစ်ပြီး ထိုအချိန်အထိ ဈေးနှုန်းအရ တန်ဘိုးသင့်ငွေမှာ ကျပ် ၄.၀၅ သန်းကျော်ခန့်ရရှိပါသည်။

အဖြိုက်နက် သတ္တု ထုတ်လုပ်မှုကို ဆန်းစစ်လျှင် ၁၉၅၁ခုနှစ်မှ ၁၉၆၂ ခုနှစ်အတွင်း အများဆုံး ထုတ်လုပ်နိုင်သောနှစ်မှာ ၁၉၅၃ခုနှစ်ဖြစ်ပါသည်။ အဖြိုက်နက်ထုတ်လုပ်မှုသည် ၁၉၅၆ ခုနှစ် နောက်ပိုင်းမှစ၍ တစထက်တစ ကျဆင်းလာခဲ့ပါသည်။ ၁၉၅၃ခုနှစ်တွင် ထားဝယ်မှ ထုတ်လုပ်နိုင်ခဲ့သည့် အဖြိုက်နက် တန်ဘိုးမှာ ကျပ် ၄.၂ သန်းကျော်ခန့်ရှိပါသည်။

ရောရာသတ္တုထုတ်လုပ်မှုအခြေအနေမှာ ထားဝယ်သတ္တုတွင်းများသည် မြန်မာပြည်တွင် ရောရာသတ္တုအများဆုံး ထုတ်လုပ်နိုင်သော ဒေသဖြစ်ပါသည်။

၁၉၅၁ခုနှစ်မှ ၁၉၆၂ ခုနှစ်အတွင်း ရောရာသတ္တုအများဆုံး ထုတ်လုပ်နိုင်သောနှစ်မှာ ၁၉၅၃ ခုနှစ်ဖြစ်ပြီး ထုတ်လုပ်ခဲ့သည့်ရောရာ သတ္တုတန်ဘိုးမှာ ကျပ် ၆၉.၁၃ သန်းကျော်ဘိုးခန့်ရှိပါသည်။

သတ္တုအထွက်သည် သတ္တုတွင်း အရေအတွက်ပေါ်တွင် အမှီပြုလျက်ရှိသောကြောင့် ၁၉၆၂ ခုနှစ်မတိုင်မီ ထားဝယ်မြို့ရှိ သတ္တုတွင်းအရေအတွက်မှာ ၁၉၅၃ ခုနှစ်နောက်ပိုင်းမှစ၍ တဖြည်းဖြည်းကျဆင်းလာခဲ့ပါသည်။ ၁၉၆၂ ခုနှစ်တွင် ထားဝယ်မြို့ရှိ သတ္တုတွင်းအရေအတွက်မှာ (၁၂၁) တွင်းခန့်ရှိသာ ကျန်ရှိတော့သည်။

၁၉၆၂ ခုနှစ် မတိုင်မီအခြေအနေတွင် ဗိသာစားစနစ် ပိုမိုအရေးပါလျက်ရှိကြောင်း သိနိုင်ပါသည်။

၁၉၆၂ ခုနှစ်နောက်ပိုင်းအခြေအနေ

၁၉၆၂ ခုနှစ် နောက်ပိုင်းမှစ၍ ဆိုရှယ်လစ်စီးပွားရေးစနစ်အရ နိုင်ငံ၏အရေးပါသော ကုန်ထုတ်လုပ်ငန်းကြီးမှန်သမျှကို ပြည်သူပိုင်ကဏ္ဍအဖြစ် စုစည်းဆောင်ရွက်ခဲ့သောကြောင့် ထားဝယ်သတ္တုတွင်းလုပ်ငန်းကြီးမှာလည်း ပြည်သူပိုင်သတ္တုတွင်းလုပ်ငန်းကြီးများအဖြစ် ပြောင်းလဲလာခဲ့ရပါသည်။

၁၉၆၃ခုနှစ် ဇူလိုင်လ (၁) ရက်နေ့တွင် အင်ဂလိုဘားမားတင်း (၁၉၅၆) လီမိတက်ကိုပြည်သူပိုင်သိမ်းပြီးနောက် ၁၉၆၃ခုနှစ် ဩဂုတ်လ (၁) ရက်နေ့မှစ၍ ဟိန္ဒားသတ္တုတွင်း စီမံကိန်း အဖြစ် အကောင်အထည်ဖော်ခဲ့ပါသည်။

၁၉၆၄ခုနှစ် ဇန်နဝါရီလ (၂၂) နေ့တွင် တနင်္သာရီ သတ္တုတူးဖော်ရေးလုပ်ငန်း ကုမ္ပဏီအမည်ဖြင့် လုပ်ကိုင်လျက်ရှိသော ကျောက်မဲတောင် သတ္တုတွင်းကို ပြည်သူပိုင်သိမ်းယူပြီး ကျောက်မဲတောင် သတ္တုတွင်း စီမံကိန်းအမည်ဖြင့် စတင် အကောင်အထည်ဖော်ခဲ့ပါသည်။

၁၉၆၆ခုနှစ် ဇွန်လ (၁၄) ရက်နေ့တွင် ဂရိသက်တမ်း ကုန်ဆုံးပြီဖြစ်သော ဟာမြင်းကြီး သတ္တုတွင်းကို ဟာမြင်းကြီးသတ္တုတွင်းစီမံကိန်းအဖြစ် စတင် ဝင်ရောက် အကောင်အထည်ဖော်ခဲ့ပါသည်။

၁၉၆၉ခုနှစ် ဇန်နဝါရီလ (၁) နေ့တွင် ဂရိသက်တမ်းကုန်ဆုံးပြီဖြစ်သော ကံဘောက်သတ္တုတွင်းကို ပြည်သူပိုင်သိမ်းယူပြီး ကံဘောက်သတ္တုတွင်း စီမံ

ကိန်းအဖြစ် စတင် အကောင်အထည်ဖော်လာခဲ့ပါသည်။

၁၉၆၆ခုနှစ် သင်္ဘောတူးဖော်ရေး လုပ်ငန်းများကို လယ်ယာနှင့် လုပ်ငန်းပေါင်းစုံ သမဝါယမအသင်း (လလသသ) များကို လုပ်ကိုင်ခွင့် ပြုခဲ့သော်လည်း အောင်မြင်မှုမရှိ၍ နောက်ဆုံး ဖျက်သိမ်းခဲ့ရပါသည်။

ဖော်ပြပါ သတ္တုတွင်းစီမံကိန်း (၄) ခုဖြင့် ပြည်သူပိုင် သင်္ဘောတူးဖော်ရေးလုပ်ငန်းများကို စတင်လုပ်ကိုင်လာခဲ့သည်မှာ လက်ရှိ အချိန်တိုင် အောင်မြင်ပါသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ နှစ်တိုနှစ်ရှည် စီးပွားရေးမူဝါဒအရ သတ္တုလုပ်မှုကို ပြည်သူပိုင်အခန်းမှသာလျှင် တာဝန်ယူထုတ်လုပ်မည်ဟု သတ်မှတ်ပြဋ္ဌာန်းထားခဲ့ပါသည်။

ယခုလက်ရှိ အနေအထားတွင် ဟိန္ဒားသတ္တုတွင်းစီမံကိန်းကို အနောက်ဂျာမဏီအကူအညီဖြင့် တိုးချဲ့ရေး၊ခေတ်မီသတ္တုကြိတ်ခွဲစက်များကို တပ်ဆင်အသုံးပြုနိုင်အောင် အကောင်အထည် ဖော်နေပြီ ဖြစ်သောကြောင့် ရှေ့လာမည့်နှစ်များတွင် ဟိန္ဒားသတ္တုတွင်းစီမံကိန်းမှ သတ္တုအထွက် များစွာ ပိုလာနိုင်စရာ အကြောင်းရှိပါသည်။

သတ္တုတွင်းလုပ်ငန်းသည် ထားဝယ်ပတ်ဝန်းကျင် တခုလုံး၏ လူမှုစီးပွားရေးအခြေအနေနှင့် သက်ဆိုင်လျက်ရှိသောကြောင့် သတ္တုတွင်းလုပ်ငန်းများ ဖွံ့ဖြိုးလာမှုသည် ထားဝယ်ပတ်ဝန်းကျင်၏ လူမှုစီးပွားရေးလုပ်ငန်းများ အောင်မြင်ရေး အတွက် များစွာ အထောက်အကူပြုနေမည်သာ ဖြစ်ပါသည်။

တင်ဝင်း (စီမံကိန်း)

★

တနင်္သာရီတိုင်း

အားကစားရန်ပုံငွေရရှိရေးအတွက် ဖွင့်လှစ်ထားသော

တိုင်း အား/ကာ စားသောက်ဆိုင်

* အကုန်အကျ သက်သာစေရမည်၊ အရသာရှိသည်။
* ကျန်းမာရေးနှင့် ညီညွတ်ရမည်။
* အစည်းအဝေး၊ အခမ်းအနားများအတွက် အစားအသောက်မျိုးစုံနှင့် ဒန်ပေါက်များကို လက်ခံဆောင်ရွက်ပေးပါသည်။
* သောကြာနေ့တိုင်း စပါယ်ရှယ်ဒန်ပေါက်ရမည်။

တိုင်း အား/ကာ စားသောက်ဆိုင် ကော်မတီ
မြို့စည်ပင်သာယာရေးရုံးဝင်းအတွင်း
ထားဝယ်မြို့။

မြို့ရွှေဝယ်တိုးတက်စေဘို့

ရှိန်အောင်ဝိုင်

ဇာတိရပ်ခြေ မွေးရပ်မြေသို့ ကျွန်တော်မရောက်သည်မှာ ကြာချေပြီ။ ရောက်ချင်ပေါက်ချင်သောဆန္ဒများ ရှိခဲ့ငြားသော်လည်း အခြေအနေကမပေး၊ တာဝန်နှင့် ဝတ္တရားများက လေး၍နေပါသည်။ တခုတော့ရှိသည် သိချင်ကြားချင်နေသည့် ကျွန်တော်တို့ မြို့အကြောင်း ကျွန်တော်တို့အခြေအနေကို ကျွန်တော်တို့အပေါင်းအသင်း ရောင်းရင်းများနှင့် ဆွေမျိုးများက မကြာခဏ သယ်ယူလာသောကြောင့် သိနေကြားနေရပါသည်။

ကျွန်တော်တို့မြို့အကြောင်း တခါတခါ ကောင်းသတင်းအဖြစ်နှင့် စိတ်ဝင်စားပြီး ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့မိသလို တခါတခါ မကောင်းသတင်းအဖြစ်နှင့်လည်း ဝမ်းနည်းရခြင်းများရှိခဲ့ပါသည်။ မည်သို့ပင်ဆိုစေကြားစေ မကောင်းလည်း ကျွန်တော်တို့မြို့၊ ကောင်းလည်း ကျွန်တော်တို့မြို့၊ မကောင်းလည်းခံ၊ ကောင်းလည်းခံဘို့သာ ရှိချေပါသည်။

ထိုကောင်းခြင်း မကောင်းခြင်းတို့သည် တစုံတခုသော အခြေခံမှုကို အမှီပြုပြီး ဖြစ်ပွား ပေါ်ပေါက်လာတတ်သော အခြေခံ အကြောင်းတရားဖြစ်ခြင်းကြောင့် ယင်းအကြောင်းတရားမှ ရရှိအပ်သော အကျိုးတရားတို့ကို တာဝန်ရှိပုဂ္ဂိုလ်များနှင့် မြို့သူမြို့သားအားလုံးတို့မှ အချိန်မီ ပိုင်းခြားဝေဘန်ဆန်းစစ်လေ့လာပြီး မြို့၏ ဂုဏ်ကျက်သရေနှင့် ပြည့်စုံသည့် ကောင်းကျိုးဘက်ဆီသို့ အမြန်ဆုံး ရောက်ရှိအောင် လမ်းညွှန်ပို့ဆောင်ပေးဘို့ လိုအပ်ပါလိမ့်မည်။

မှတ်မိပါသေးသည်။ ကျွန်တော်တို့ ငယ်စဉ်ကာလအခါသမယက မြို့ရွှေဝယ် (သို့မဟုတ်) တနင်္သာရီတိုင်း၏မြို့တော်ဖြစ်သည့် ထားဝယ်မြို့သည် စားဘွယ်သောက်ဘွယ် အလွန်ပေါများသော ဒေသဖြစ်ပါသည်။ ထိုသို့ စားဘွယ် သောက်ဘွယ်များဖြစ်သည့် သား၊ ငါး၊ ပုဇွန်၊ ငါးပိ၊ ငါးခြောက်၊ ဆန်ရေစပါး၊ သီးနှံထွက်ကုန်များ ပိုလျှံသည်နှင့်အမျှ တဆင့်တက်ပြီး အခြားမြို့နယ်ဒေသများသို့ပင် ရောင်းချနိုင်ခဲ့သည် အထိ စီးပွားရေးအခြေအနေကောင်းခဲ့ပါသည်။ ထိုသို့ မြို့နယ်စီးပွားရေးများ မှန်မှန်ကြီး တိုးတက်နေခြင်းကြောင့် အဆိုပါစီးပွားရေးကဏ္ဍနှင့် ဆက်နွယ်လျက်ရှိ သည့် ကျန် အခြားသော လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးတို့သည်လည်း လိုက်လျောညီထွေစွာဖြင့် အလိုအလျောက် တပြေးညီညီ တိုးတက်လာရချေပါသည်။

သည်တုန်းကများ မြို့ရွှေဝယ်သူ မြို့ရွှေဝယ်သားအပေါင်း၏ ကိုယ်ကျင့်တရား တို့သည်လည်းကောင်း၊ ဖော်ရွေ သဒ္ဓါကြည်ဖြူမှုနှင့် စေတနာတရားတို့သည်လည်းကောင်း၊ မပြတ်သောအလှူဒါနပြုခြင်းနှင့် ဆက်ဆံမှုတို့ကိုကြည့်ပြီး အကဲခတ်နိုင်ကြပါသည်။

ရှိပါသေးသည်။ ရှေ့လူကြီး မိဘ ဆရာသမားတို့၏ ဆိုဆုံးမ ဩဝါဒများကို လိုက်နာခံယူကျင့်သုံးတတ်မှုများနှင့် ရိုးရိုးသားသား တွေးခေါ် မျှော်မြင်တတ်မှုများသည်လည်း မြို့၏ဂုဏ်ကျက်သရေကို တင့်စေခဲ့ပါသည်။

ဤသည်တို့သည် မြို့ရွှေဝယ်၏သမိုင်းမှတ်တိုင်များ တဖြည်းဖြည်းဝေး၍ဝေး၍သွားခဲ့သော်လည်း ပျောက်ပျက်သွားခြင်းမရှိသေးသည့် အစဉ်အလာကောင်းများဖြစ်ချေပါသည်။

ယခုမှု အစဉ်အလာနှင့် အခြေအနေကောင်းများကို ပျက်ပျယ်ပြုန်းစေတော့မည့် အခြေအနေသို့ရောက်

ရှိနေသည်ဟု ဆိုပါသည်။ ဟုတ်မဟုတ်တော့မသိပြီ။ ကုန်ဈေးနှုန်းနှင့် သားငါးဈေးမှာ ကြီးမြင့်ပြီး ဝယ်ယူဘို့ မရှိသလောက် ရှားပါးနေသည်ဟုဆိုခြင်း၊ ပင်လယ်ရေဘယ်မခန်းနိုင်သည့် အလျှာဝါရေပြင်ကျယ်မှ သားငါး ပုဇွန်များ ရှားပါးသည်၊ ရှာမရဖြစ်သည်ဟု ဆိုနေကြခြင်း၊ သဘာဝသစ်တောနှင့် လယ်ယာမြေများကို ရှေးမဆွကပင် စိုးမိုးထားနိုင်ခဲ့ကြသည့် တောင်သူလယ်သမားများ၏ ဆန်ရေစပါးများ၊ သီးနှံများ မထွက်မရှိဖြစ်နေသည်ဟုဆိုခြင်း။ ယင်းဆိုခြင်းတို့သည် ယနေ့ စဉ်းစားစရာ၊ သုံးသပ်စရာ ဖြစ်လာရသည် ဆိုခြင်းများဖြစ်ပါသည်။

မှန်ပါသည်။ ၎င်းအခြေအနေ မမှန်မကန်မှုတို့သည် ဝေးဝေးတွင် မရှိ။ အနီးတွင်ပင် သူရှိနေသည်ဟု အထင်ရှိပါသည်။ ထို့ကြောင့် ဆိုရှယ်လစ်လူ့ဘောင်ဘဝ တည်ဆောက်ရာ၌ အထောက်အကူမပြုသော တနည်းဆိုရသော် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ဆန့်ကျင်သော မသမာသည့် စီးပွားရေး စနစ် ဆိုး ကို ဖန်တီးနေကြသည့် မှောင်ခိုစီးပွား သောင်းကျန်းသူများအား ပါတီ၏ဦးဆောင်မှုကိုခံယူ၍ သက်ဆိုင်ရာ ပြည်သူ့ကောင်စီအဖွဲ့အစည်းတို့မှ အမြန်းဆုံး ဖော်ထုတ်ရှင်းလင်းသင့်ပြီဟု အကြံပြု တင်ပြလိုပါသည်။

သည်နေရာတွင် ကျွန်တော့်အမြင်တရပ်ကို ဆက်လက်တင်ပြရဦးမည်ဆိုလျှင် တချိန်က မြို့ရွှေဝယ်၏ စီးပွား ဖွံ့ဖြိုးတိုးတက်စေသည့် လမ်းပန်းဆက်သွယ်မှု အခြေအနေ မမှန်ကန်ခြင်းတို့ကို မှောင်ခို သောင်းကျန်းနှိမ်နင်းခြင်းတို့နှင့်အတူ တချိန်တည်းဦးစားပေး လေ့လာဆန်းစစ်ကြဘို့ လိုပေမည်။ ဥပမာပြရလျှင် သည်ကနေ့ လေကြောင်းခရီးဖြစ်သည့် ခရီးသည်များ ပို့ဆောင်ရေးအစီအစဉ် မမှန်ကန်သည့် ကိစ္စ၊ ရေကြောင်းခရီးဖြစ်သည့် ပြည်တွင်းပင်လယ်ကူးသင်္ဘောကြီးငယ်များ ထားဝယ်မြို့သို့ ဝင်ထွက်သွားလာမှု မရှိသလောက်ဖြစ်နေသည့်ကိစ္စ၊ ကုန်းလမ်းခရီးဖြစ်သည့် ရေး၊ ထားဝယ် မော်တော်ကားလမ်းနှင့် ထားဝယ်၊ ပုလော၊ မြိတ် မော်တော်ကားလမ်း လုံခြုံမှုအခြေအနေပေါ် မူတည်ပြီးမှ သွားလာ ကူးသန်းရောင်းဝယ်နေကြသည့် ကိစ္စများသည် တာဝန်ရှိ ဌာနဆိုင်ရာ ပုဂ္ဂိုလ်များအနေဖြင့် အထက် အာဏာပိုင်အဖွဲ့အစည်းသို့ အရှိအရှိအတိုင်း၊ အမှန် အမှန်အတိုင်း တင်ပြဆွေးနွေးသင့်သော အဓိကအချက်များဖြစ်ပေသည်။

ကျန်တဖက်တွင်ရှိ လုပ်သားပြည်သူများကိုလည်း ပါတီ၏ဦးဆောင်မှုဖြင့် အတွေးအခေါ် မှန်ကန်လာရေး၊ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ဆန့်ကျင်သည့်သူများဖော်ထုတ်ရေးနှင့် ဆိုရှယ်လစ်လူ့ဘောင်ဘဝ တည်ဆောက်ရေး၌ တတပ်တအားပါဝင်လာစေရေး တို့အတွက် စည်းရုံးလမ်းညွှန် ပညာပေးဘို့လိုပါမည်။

သို့မှသာ စီးပွားရေး ပင်မရေစီးကြောင်းဖြစ်သည့် မြို့ရွှေဝယ်၏ လမ်းပန်းဆက်သွယ်မှု တိုးတက်ဖွံ့ဖြိုးလာခြင်းနှင့်အတူ အမိနိုင်ငံ၏ အကျိုးစီးပွားနှင့် အမိမြို့နယ်၏ အကျိုးစီးပွားများ မလွဲမသွေ တိုးတက်လာလိမ့်မည်ဟု—

သည်ထက်ရှင်းအောင်ပြောရမည်ဆိုပါလျှင် မြို့ရွှေဝယ်တိုးတက်စေဘို့အကြောင်းများတွင်—

—မိမိတို့၏ ပတ်ဝန်းကျင်ရှိ သဘာဝ တောတောင်ရေမြေတို့ကို အနိုင်ယူစိုးမိုးထားရေး။

—ဆွေးမြေ့ ဟောင်းနွမ်းနေပြီဖြစ်သော အတွေးအခေါ်ဟောင်းများ သစ်လွင်လန်းဆန်းတိုးတက်နေသည့် ခေတ်မီ အတွေးအခေါ် သစ်များဖြင့် အစားထိုးရေး။

—ကိုယ့်ဒူးကိုယ်ချွန် ကိုယ့်အားကိုယ်ကိုး စနစ်ဖြင့် အမိမြို့နယ်ကို ပြန်လည်ထူထောင်ရေး စသည်တို့ အခြေခံပါသည်ဟု ဖွင့်ဆိုပါရစေ။

ရှိန်အောင်မိုလ်

★

"ကျေးဇူးကြီးလှပါတယ် မောင်လေးတို့ရယ်.... ဆိုးဆိုးဝါးဝါးရင်ဆိုင်ရမယ့် လောကငရဲ
ကြားက....ကာယ်တင်ပေးခဲ့ကြတဲ့ မောင်လေးတို့နှစ်ယောက်ရဲ့ကျေးဇူးကို အမတသက်မမေ့ပါဘူး"

နေဝန်းနီနီအလံများ ဘာရှတခွင် တလူလူလွှင့်ပြီး အောင်ပွဲခံယူနေကြသော
အခါသမယ....။

ဖက်ဆစ်ဝါဒကို တင်းဘုတ်သဖွယ် လက်ကိုင်ပြုလာကြသော နီပွန် (ခေါ်)
ဂျပန်ငပုတို့ လွှမ်းမိုးအုပ်ချုပ်နေသည့်ကာလ....။

ဂျပန်တပ်မတော်သည် သေမင်းတမာန်လမ်းမကြီး ဟုအမည်တွင်ရစ်သော ယိုးဒယားမြန်မာလမ်းဖေါက် လုပ်ရေးနှင့် စစ်ဆင်ရေးများတွင်သာ အာရုံစိုက်နေကြရသဖြင့် ထားဝယ်မြို့ လုံခြုံရေး အတွက် ပူးတွဲတာဝန်ယူ ဆောင်ရွက်ရန် (တော်ကင်တိုင်) ခေါ် အရန်တပ်ဖွဲ့တခု ဖွဲ့စည်း ခဲ့လေသည်။

ထိုစဉ်က စာရေးသူမှာအရန်တပ်ဖွဲ့ဝင် တပ်သားတဦး ဖြစ်ပါသည်။

ဂျပန်တို့တပ်ရင်းမှာ ထားဝယ်မြို့ ဝဲကျွန်းရပ်တွင်ရှိပြီး အရန်တပ်ဖွဲ့အား တပ်ရင်းရှိ စစ်ရေးကွင်းတွင် သင်တန်း ပေးသည်။ သင်တန်း သားများ အတွက် သင်တန်းသုံး လက်နက်ပစ္စည်းများ မရှိပါ။ ဝါးလုံးများအားကိုင်တွယ်အသုံးပြုစေပါသည်။ ယင်းတပ်ဖွဲ့၏အမည်နာမကို ခေါ်သူလည်းမရှိ သိသူလည်း မရှိသလောက်ဖြစ်ကာဝါးလုံးတပ် (သို့မဟုတ်) ဝါးချွန်တပ်ဟုသာ အမည်တွင်ခဲ့ပေသည်။

ယင်း အရန် တပ်ဖွဲ့ကို ဝဲကျွန်းရွာ (ယခု ဝဲကျွန်း အလယ်တန်းကျောင်း) ၏နောက်ကျောဖက်ရှိ ခြံကြီး တခုထဲတွင် ထားရှိကာ တပ်ဖွဲ့ဝင်များ နေထိုင်ရန် အတွက်ဓနိမိုး၊ဝါးကြမ်းခင်း၊ဝါးထရံကာ တန်းလျားကြီး (၄) ဆောင်နှင့် ရုံး အဆောက် အဦငယ် တို့ ကြားတွင် တန်းစီလူစုရန် ကွက်လပ်ကြီး ထားရှိ ပေး ထားသည်။

ထိုတပ်ဖွဲ့အား ဂျပန်အရာရှိများက ဦးစီးကြီးကိုင်ပြုသော်လည်း တပ်ခွဲမှူးနှင့် တပ်စုမှူး၊ တပ်စိပ်မှူးတို့အား မြန်မာ များကိုပင် ခန့်ထားကာ အုပ်ချုပ်ကွပ်ကဲစေ၏။ ထိုစဉ်က အုပ်ချုပ်သူ များအား မှတ်မိသ၍ဖော်ပြရလျှင် တပ်ခွဲမှူးဦးဖေစီ၊ တပ်စုမှူးများမှာ ကိုအောင်ဖေလှိုင်၊ကိုလေးမောင်၊ကိုသိန်း၊ တပ်စိပ်မှူးများအဖြစ်ကိုဦးခင်၊ကိုဖေသီး၊ကိုဘအေး၊ ကိုဘမော် စသည်တို့ဖြစ်ကြသည်။ သို့သော် တပ်ခွဲမှူး၊ တပ်စုမှူးနှင့် တပ် စိပ် မှူး များမှာ တပ်ထဲတွင် မနေကြဘဲ ရုံးတက်ချိန် တွင်သာ လာ ရောက် ပြီး ရုံးဆင်း လျှင် အိမ်ပြန် ကြသည်။

တပ်ဖွဲ့သားတို့၏ အစားအသောက်အနေအထိုင်နှင့် ဝတ်စားဆင်ယင် တန်ဆာ ဆင်ထားပုံ များကိုလည်း ထိုခေတ်ကို မမီလိုက်သူများ လေ့လာနိုင်ရန် အလျဉ်းသင့်ခိုက် ဖော်ပြရဦးမည်။

လစာမှာ ထောင်မလဲသကော် (ခေါ်) ဂျပန်ငွေစက္ကူဖြင့် အဆင့်အတန်းအလိုက်၁၀ဝိမှ ၁၅ဝိ အထိ ရရှိကြပါသည်။ အစားအသောက် က စပါး လုံးထက်ဝက်လောက်နှင့်ငစိန်ဆန်ထမင်း ဖြစ်လေသည်။ ဝဲပင်ပေါက်ကြော်၊ ဝဲပင်ပေါက်ဟင်းချို၊ မျှစ်ကြော်၊ ကဇွန်းရွက်ကြော် တို့ကို နေ့တိုင်းလွေးရပြီး တလမှ နှစ်ကြိမ် လောက် ငါး သ လောက် ဆားနယ် ချက်စားရသည်။ ဝတ်စုံကတော့ ပုံပန်းမကျသော ကာကီရောင်အဖြူပတ်နှင့်ရှာထိုးဦးထုပ်၊ လည်ဟိုက်လက်တိုဇာပေါက်အင်္ကျီအရှည်လည်းမဟုတ်အတိုလည်းမမည်သော ဒူးခေါင်းလောက် အထိ ပွ လျောင်း လျောင်းကြီးနှစ်စနှင့် ခါးတွင် ပတ်ချည်ရသော ကာကီရောင်ဘောင်းဘီ၊ ဘိနပ်ကတော့ လုံးဝမပါ။ ကိုယ်ကြိုက်ရာ စီးချင်သလိုစီး၊ ခုံဘိနပ်ဖြစ်ဖြစ်၊ဘာဖြစ်ဖြစ်၊ ဝတ်စုံလည်းဘုရားစူး တကြိမ် တည်းသာ ထုတ်ပေးသော တစုံတည်းသော ဝတ်စုံဖြစ်သည်။ နေရာထိုင်ခင်းမှာ အင်မတန် စံတင် လောက်ပါသည်။ တဲ တန်း လျားအဆောင် ဝါးကြမ်းပြင်တွင် ကိုယ့်ပစ္စည်း ကိုယ်ခင်းပုဆိုးခြုံ၍ဘဲကွေးအိပ်အိပ်၊ (၂၅) ယောက် (၃၀) ခန့်လောက် ဆန့်သော ခြင်ထောင်ရှည်ကြီး တလုံးစီ အတွင်း သူထွက်လိုက် ငါဝင်လိုက်နှင့် ကြမ်းအခင်းကလည်းကသောင်းကနင်း၊ စကားများ၊ရန်ထဖြစ်လိုဖြစ်ကြ၊ဆေးလိပ်သောက်သူကသောက်၊ အရက်စော် အီးစော် ကလည်း နံလိုက်သေး။

တပ်ဖွဲ့ဝင်တို့ ထမ်းဆောင်ရသည့်တာဝန်ဝတ္တရားများမှာ ဝဲကျွန်း၊ ဇဟာ၊ မျောတော၀၊ ဇလွန်း နှင့် ကသန်းစသော ရာဘာခြံ များအတွင်း ကတုတ်ကျင်းများတူးကာ လေယာဉ် နှင့် မော်တော်ယာဉ် သုံး ခေတ်ဆီများ၊ ဗုံးအရွယ်အစား၊ ကျည်ဆံခဲယမ်းများ သိုလှောင်ထားရှိရာ ဌာနများတွင် လည်း ကောင်း၊ လေဆိပ်အဝင်အထွက် ဂိတ်ပေါက်များနှင့် မျော်စင်တွင်လည်းကောင်း၊ ကွင်းစပ် ရာဘာခြံများ အတွင်း အကာအကွယ်များဖြင့်ဖုံးအုပ်ထားရှိသော တိုက်လေယာဉ်ငယ်များ ထား ရှိ ရာ တို့တွင် လည်းကောင်း၊

ဂျပန် (၁)ကင်းမှူး (၃) ကင်းမှူးနှစ် ယောက်နှင့် တပ်ဖွဲ့သား(၆) ယောက်အတူဘက္ကလုံခြုံရေး တာဝန်ယူကြရပေသည်။

ထိုစဉ်ကကြုံဆုံခဲ့ရသော အကြောင်း ဖြစ်ရပ်များအနက် ယနေ့တိုင် အမှတ်ထင်ထင် သတိရနေသောဖြစ်ရပ်တရပ် ရှိသည်။

ထိုနေ့ညက ဝဲကျွန်းလမ်းဆုံတွင် ဇာတ်ပွဲရှိသည်။

အားလပ်ခွင့်ရလျှင် တပ်တွင်း မနေဘဲ မြို့ထဲသို့ လစ်ပြီးအမြဲတမ်း သွားလာလည်ပတ် နေတတ်သော ကျွန်တော်နှင့်တွဲဖက်စောလှိုင် တို့သည် ဤနေ့ညပွဲခင်းတွင် ဝဲကျွန်း၊ ဆင်ဆိပ်နှင့် ပတ်ဝန်းကျင် အခြားရွာနီးချုပ်စပ်များမှ အပျိုချောများ စုံမည်ဖြစ်၍ ဝေါ်ရည်သွေးရန် ညနေစောင်းလောက်တွင် စကား တပြောပြောနှင့်မြို့ထဲမှ ခြေလျင်ယွန်းကာ ပြန်လာကြသည်။

ဂျပန်ခေတ်တွင် ရှားရှား ပါးပါး ကြုံတောင့် ကြုံခဲသော ဇာတ်ပွဲမို့ တအားနွှဲလိုက် ကြမည်ဟု အားခဲထားကြလေသလားမသိ။ နေမဝင်ခင် ကပင် ပွဲဈေးတန်း တလျှောက် တွင် လမ်း သလားသူ၊ ဝယ် ခြမ်းစားသောက် နေကြသူများ အတော်ပင် စည်ကားစပြုနေပေပြီ။

ပွဲဈေးတန်းဖက်တွင် တပ်ဖွဲ့သား တော်တော်များများကို တွေ့ရ သော်လည်း သူတို့ကို ကျွန်တော်တို့နှုတ်ဆက်မနေအား။ (၂) မိုင်နီးပါးခန့်ဒွေးစို့အောင် လမ်းလျှောက်လာခဲ့ရသဖြင့် ဗိုက်အတန်ငယ် ဆာလာသောကြောင့် ထမင်းကျွေးမိလိုမိကြား တပ်စခန်းသို့ အရင်ဝင်ကြသည်။ ပြီးမှ ပွဲပြန်ကြည့်မည်ဟု စိတ်ကူးနှင့်ဖြစ်သည်။

သို့သော် ခါတိုင်း သည်အချိန် ရှုံးစုရှုံးစုနှင့် လူမစဲတတ်သော မီးဖိုဆောင်တံခါးပိတ်ထားပြီး စားဖိုမှူး လူဝကြီးဦးထွန်းသင်ပင်မရှိတော့။အဆောင်အားလုံးလည်း မည်သူ့ အရိပ်အယောင်မျှမတွေ့။ ခါတိုင်းဆို အဆောင်စောင့် တယောက်စီ တာဝန်ချထားစမြဲ။ ယခုတော့ တိတ်ဆိတ်ချက်သားကောင်းလေစွ။ ရှုံးဖက်ကို လှမ်းမျှော်ကြည့်ရာတွင်လည်း ရှုံးစောင့်တပ်သားပင်မမြင်ရ။

ရှုံးနှင့်ယှဉ်လျက် ခြစည်းရိုးဒေါင့်ရှိ ပိန္နဲပင်ပျိုသုံးပင်အနက်၊ အလယ်ပင်ရင်းတွင်မူ ပူးကပ်လျက် မတ်ကပ်ရပ်နေသောလူသဏ္ဌာန်တခုကို မသကာ်ဘွယ်ရာတွေ့လိုက်ရသည်။ ငြိမ်သက်မှုမရှိလှဘဲ ထလိုက်ထိုင်လိုက်ဖြစ်နေသည်။ ဘယ်သူများလုပ်နေပါလိမ့်ဟု သိလိုစိတ်ဖြင့် သေသေချာချာစူးစိုက်၍ကြည့်သည်။ လား–လား၊ အမျိုးသမီးတဦးဖြစ်နေသည်။

ကျွန်တော်တို့ နှစ်ယောက်သား မတိုင်ပင်ရဘဲနှင့် အလိုအလျောက် ကွင်းစပ်ကို ဖြတ်လျှောက်ကြပြီး အမျိုးသမီးနှင့် မလှမ်းမကမ်းလောက်တွင် ရပ်ကာ စူးစမ်း အကဲခတ်ကြသည်။ အသားညိုညို၊ ရွက်ကြမ်းရေကြိုရုပ်မျိုးနှင့် လုံးကြီးပေါက်လှ မိန်းမငယ်တဦး အား ပိန္နဲပင်ကို ကျောကပ်ပြီး လက်နောက်ပြန် ကြိုးချည်ထားသည်။ လက်ကောက်ဝတ် နေရာတွင်သာ နှစ်ဖက်ပူးချည်ထားသဖြင့် ထိုင်၍ထ၍ရဟန်တူသည်။ ခေါင်းမှာ ငိုက်လျက်သားကျနေပြီး ဖားလျားပြည်ကျနေသော ဆံပင်များက မျက်နှာတဝက်ကို ဖုံးနေ၏။

အပေါ်အင်္ကျီမပါဘဲ (ရှင်မီး) ခေါ် ညစ်ထပ်ထပ်အတွင်းခံအင်္ကျီမျှနှင့် အရောင်အသွေးမရှိတော့သော ထမီကိုသာ ခပ်တိုတိုဝတ်ထား၏။ ယင်းကြောင့်ပင် ကလေးအမေတယောက်ဟု ခန့်မှန်းနိုင်စရာရှိသည်။ သူမ၏ရင်သားများမှာ ဖွံ့ထွား ကြီးမားလှသည်နှင့် အမျှ တုတ်ခိုင်သော ခြေသလုံးသားတို့ရှိသည်။

နှစ်ယောက်သား ရပ်ကြည့်နေသော အချိန်တွင် အမျိုးသမီးကြီးမှာ ထိုင်လိုက်ထလိုက်နှင့် မကြာခဏလှုပ်ရှားနေ၍ ထမီစ ပြည်လုပြည်ခင် ဖြစ်လာသည်၊ ထိုကြောင့် ထ၍မရဲတော့ဟန်ဖြင့် ဆောင့်ကြောင့်ထိုင်လျက် ငြိမ်နေလိုက်သည်။ သို့သော် ပါးစပ်မှ လှုပ်၍မပီသသောအသံတမျိုးဖြင့် ခပ်တိုးတိုးငြီးထွားသံကိုကြားရလေသည်။

'ခူးရား....ဘာဂဲရိုး....တော်ကင်တိုင်'

ကျွန်တော်တို့နောက်မှ ကျယ်ကျယ်လောင်လောင်ရေရွတ် ကြိမ်းမောင်းလိုက်သံ ကြားလိုက်ရသောကြောင့် နှစ်ယောက်သား လန့်ဖြန့်ပြီး ရုတ်တရက်လှည့်ကြည့် ကြသည်။ ရှုံး အုပ်ဖြစ်သူ ယောရှိတ၊ အဆောင်မှူးအိမိုရှိ တို့အပြင် ကင်းတာဝန်အတူတွဲကျဘူးလေ့ရှိသော ယာမစ်ခေါ် ဂျပန် သုံးဦးတို့အား

ခါးထောက်လျက်သားနှင့် စိမ်းစိမ်းဝါးဝါး ကြည့်နေကြသည်ကို ရင်ဆိုင်လိုက်ရပေသည်။

သူတို့သုံးဦးမှာ ကျွန်တော်တို့နောက်မှ ရောက်လာကြသလား၊ ဒါမှမဟုတ် တချောင်ချောင်မှထွက်လာကြသလားမသိ။ အရက်မူးနေသည့်ရုပ်မျိုး ပေါက်နေကြ၏။ ယိုင်နေသောအမျိုးသမီးရှိရာတို့ တဏှာငမ်းဖမ်းနေသည့်ဟန်မျိုးဖြင့်လည်း လှမ်းလှမ်း ကြည့်လိုက်ကြသေးသည်။

'တွားဘာ....တွားဘာ....ပွဲကိုတွားဘာ'

အဆောင်မှူး အိချိက လက်ဟန် ခြေဟန်ပါပြီး တပ်ပြင်ထွက်၍ ပွဲခင်းသို့သွားရန် မောင်းထုတ်သည်။ စောဒကတက် ဆင်ခြေကန်နေ၍မဖြစ်၊ အချောင် နာရင်းတီး ခံရမည်ကြောင့် ပေစောင်းစောင်းနှင့် ဂျပန်သုံးယောက်ရှေ့မှ ထွက်လာကြရသည်။သို့သော် ဘဝင်တော့မကျ။

တပ်ဝင်းပေါက်မှ ထွက်ခါနီး သူတို့ဖက်သို့ လှည့်ကြည့်မိအောင် လှည့်ကြည့် လိုက်သေးသည်။ ငနဲသုံးကောင် တစ္ဆေါးဝါး တဟားဟား ရယ်မောပြီး ရုံခန်း အလယ်ဆောင်ထဲ ပြန်ဝင်သွားကြ၏။ ညြ.... ထုံးစံအတိုင်း အရက်ပိုင်း ဖြစ်နေကြသည်ကိုး ဟု သဘောပေါက်မိသည်။

ပွဲခင်းရောက်တော့ ပထမဆုံးတွေ့သူ တပ်ဖွဲ့သား တယောက်အား အကျိုးအကြောင်း စုံစမ်းမေးမြန်း ကြည့်ရသည်။

သည်နေ့ မွန်းတည့် (၁၂)နာရီ ထိုးပြီး အချိန်လောက်က သပြေချောင်းဖက်မှ ကျေးရွာသူကြီးတဦး ဤတပ်ရုံးသို့ လာရောက်၍ အမှုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသော ဓားပြတဦးသည် သူ၏ဇနီးထံသို့ တိတ်တဆိတ် ပြန်ရောက်နေသည်ဟု သတင်းပေးချက် အရ ရုံးအဖွဲ့မှဂျပန် (၂) ဦးနှင့် တပ်ဖွဲ့သား (၁၀) ဦး ခန့် သွားယောက်ပြီး ယင်းဓားပြ ခိုလှုံနေသည်ဆိုသော ရွာဘာခြံတွင်းမှ အလုပ်သမား အိမ်တအိမ်ကို ဝိုင်းပြီး ဓားပြကိုဖမ်းဆီးသည်။ သို့သော် ဓားပြမှာ ထွက်ပြေး လွတ်မြောက်သွားခဲ့သည်။

ယင်းသည်ကို မကျေနပ်သော ဂျပန်များက ဓားပြဆိုသူ၏ ဇနီး၊ (ကလေးသုံးယောက်အမေ) ဖြစ်သူအား ဖမ်းဆီး ခေါ်ဆောင်လာကြခြင်း ဖြစ်သည်။ အကယ်၍ ခင်ပွန်းဖြစ်သူ လာရောက်အဖမ်းခံကဇနီးဖြစ်သူအား ပြန်လွှတ်ပေးမည်ဟု သိရသည်။

ထွက်ပြေး သွားသူကတော့ လာရောက်အဖမ်းခံမည် သိပ်မထင်လှ။ ထိုသို့ဖြစ်လျှင် အဖမ်းခံထားရသည့်သူ၏ ဇနီးမှာ လွတ်လမ်းမရှိ။ ယင်းအခြေအနေတွင် ထုံးစံမဟုတ်ဘဲ အ ဆောင် စောင့်ပင် တယောက်မကျန် တပ်စခန်းအတွင်းမှ အကုန်လုံး မောင်းထုတ်ထားသည်။

တပ်ထဲတွင် ကျန်နေရစ်သည့် ဂျပန် သုံးကောင် အနက် ကင်းမှူးယာမစံခေါ် ဂျပန်မှာ ရေနံနှင့်မီးရထား ဆီပိုပါများ အတင်အချုပ်လုပ်သော စခန်းများမှ ရိုးအ ကြောက်ရွံ့တတ်သော အလုပ်သမားလေးများအား နည်းလမ်းအမျိုးမျိုးဖြင့် ခြိမ်းချောက်အနိုင်ကျင့်ပြီး ကာမရယူတတ်သည်ဟု နာမည်ကြီးသူဖြစ်သည်။ ယခု သူသည် သူ့တပ်ရင်းမှ ဤတပ်ဖွဲ့သို့ ဘာကိစ္စနှင့်လာသနည်း။ နောက်ပြီး ခါတိုင်း အသံပျော့ပျော့ လေအေးအေးနှင့် ဆက်ဆံတတ်သော အဆောင်မှူး အိချိပင်ဓားမာန်ထသောကျားဟိန်းသံပေါက်နေသည် သုံးဦးစလုံး အရက်ကို မောင်းတင်နေခြင်း ကလည်း အောင်သေ အောင်သား စားမည့် ဟန် ဖြစ် သည်။ မှောင်တရီလည်း ပျိုးစ၊ အ ရက်·ရှိန် လည်း ရရ နှင့် ဤသားရဲ သုံးကောင် တို့သည် အကာ အကွယ် မဲ့နေသော မိန်းမသားတဦးအား ပယ်ပယ်နယ်နယ် အမဲဖျက်ကြတော့မည်ဟု ကျွန်တော်တို့ အတတ် တွေးမိသည်။

အဘယ်သူသည်ဤအဖြစ်ကို ရှုစိမ့်နိုင်အံ့နည်း။

ကျွန်တော်နှင့် စောလှိုင်သည်လည်း မရှုစိမ့်နိုင်။ ကျွန်တော်တို့ တခုခုလုပ်၍ အမျိုးသမီးကို ကယ်တင်ချင်သည်။ ဘယ်သို့ဆောင်ရွက်ရမည်ဟု ရုတ်တရက် ကျွန်တော်တို့ စဉ်းစား၍ မရ။

ကျွန်တော်နှင့် စောလှိုင်က နှစ် ယောက်တည်း။ ဂျပန်ကသုံးယောက်။ ပြီးတော့ ဂျပန်တို့တွင်သေနတ်ရှိသည်။ ကျွန်တော်တို့မှာ ဝါးချွန်သာကိုင်စွဲရသူတွေ ဖြစ်သည်။

ကျွန်တော်တို့ နှစ်ယောက်သား တိုင်ပင် ကြရာမှ ကျွန်တော်တို့ အားကိုးအားထားပြုနိုင်သူကို စဉ်းစား ရလာသည်။

သူကား ကိုထွန်းငြိမ်းပင်။

* * *

သရက်နှစ်ခွရွာသား ကိုထွန်းငြိမ်း။

ပုကွကွ၊ ဂင်တိုတို၊ ရုပ်ကြမ်းကြမ်း၊ အသွင်ကြမ်း ကြမ်းနှင့်အမြင်ကိုက အဟန့်ရှိသည်။ သို့သော်တပ်ဖွဲ့ သားအချင်းချင်းအား ညီအစ်ကို သားချင်းများပမာ ဖက်လှဲ တကင်း ရင်းရင်းနှီးနှီး ဖော်ရွေစွာ ဆက်ဆံ တတ်သည်။ ဂျပန်နှင့်ကျတော့နည်းနည်းမှ ဆတ်ဆတ် ထိမခံ။

အတူတာဝန်ကျ ဂျပန်ကင်းမှူးအချို့ ၎င်းတို့ပျင်း လာလျှင် အနိုင်ယူကာ နှိမ်လိုသော သဘောမျိုးဖြင့် တပ်ဖွဲ့သား (ကင်းသား) များအား သူတို့နှင့်အတင်း မရမကလက်လှဲ ယှဉ်ပြိုင်ခိုင်းခြင်း၊ နဘမ်းချခိုင်းခြင်း များပြုလုပ်တတ်ကြသည်။သန်မာလှသောကိုထွန်းငြိမ်း နှင့်ကျတော့လက်မြှောက်အရှုံးပေးရသည်။ တခါတွင် ကင်းမှူး တယောက်က ချီးရေခပ်ခိုင်းသည်ကို ငြင်း ဆန်ရကောင်းလား ဆိုပြီး ပါးရိုက်မည်ပြုရာ လျှင်မြန် လှသော ကိုထွန်းငြိမ်းက ဂျပန့် မျက်ခွက်အား ဖြောင့် လက်သီးတလုံးပစ်သွင်းလိုက်ရာ ဂျပန်မှာ ကော်ကိုင်း မျက်မှန်ပါ ကျိုးပြီးသေနတ်ထောင်သော စင်အောက် တွင်ခွေလျက်သား ပုံကျသွားသည်မှ အစပြု၍ ကင်း အဖွဲ့တွင် ကိုထွန်းငြိမ်းပါလာလျှင် ဘယ်ဂျပန်မှ စိန် ခေါ်မရဲတော့။

သည်လိုအရေးအခင်းမျိုးကြုံလျှင် အားကိုးရသော ကိုထွန်းငြိမ်းနှင့်ညှိနှိုင်းပြီး တခုခုလုပ်ဆောင်နိုင်မည်ဟု အကြံချ၍ပွဲဈေးတန်းတပိုက် ကျီးကန်းတောင်းမှောက် ရှာကြည့်သည်။

ယင်းသို့ လိုက်ရှာရင်းမှ ကျွန်တော်တို့အား တပ် တွင်း မှမောင်းထုတ်လိုက်သော ယောရှိတ၊ အိချိနှင့် ယာမစ်တို့ဂျပန်သုံးယောက် မျက်နှာကြီး ထူလအန်း၊ စပ်ဖြဲဖြဲပုံစံများဖြင့် ခပ်ချောချော အရောင်းရေးသည် မကလေးများ အရှေ့ရှိ စားသောက် ဖွယ် တို့အား ဟိုဘာမေး ဒီဟာ ကိုင် ကြည့် ကာ တ ဟေး ဟေး တဟားဟား ရယ်မောလိုက်ဖြင့် ဗရုတ်ကျ နေကြ သည် ကိုလှမ်းမြင် လိုက်ရသည်။

သည်လိုဆိုတပ်ထဲတွင် တစုံတယောက်မျှ ရှိတော့ မည်မဟုတ်။ ငနဲသုံးဖော် အနည်းငယ် စောသေး၍ မိုးချုပ်အောင် စောင့်ရင်း အချိန် လာဖြုန်း နေဟန် ရှိသည်။

လိုအပ်၍ရှာကာမှကိုထွန်းငြိမ်းကလည်း အစအန ကိုမတွေ့ရ။ တပ်ဖွဲ့သား တယောက်ကို မေး ကြည့်မှ မိခင်မမာ၍ ခွင့်ယူ ကာ ရွာသို့ ပြန် သွား ကြောင်း သိရသည်။

အားကိုးရသော ရောင်းရင်းကိုထွန်းငြိမ်းမရှိသလို အချိန်ကလည်းမရှိပြီ။ထို့ကြောင့် နှစ်ယောက်တည်းပင် ဇွန့်စားရန်စောလိုင်နှင့် ကျွန်တော် တိုင်ပင် ကြသည်။ စောလိုင်မှာ ပထမသော်တွန့်ဆုတ်သယောင် စဉ်းစား ဟန် ပြုပြီးနောက်မှ ခေါင်းသွက်သွက် ညိတ်လိုက်၏။

ထိုနောက် ကျွန်တော်တို့ နှစ်ယောက် လူချင်း ခွဲ လိုက်ပြီး ဂျပန် သုံးကောင် မမြင်အောင် ဟိုရှောင် သည်ရှောင်သွားကြ၍ သုသာန်သွားရာ တံတားထိပ် တွင် ဆုံကြသည်။

အချိန်မှာမိုးချုပ်စဖြစ်ပြီး တချို့အိမ်တို့မှ ရေနံဆီ မီးခွက် အလင်းရောင်များ တလက်လက်ထွန်းစပြုနေ ပေပြီ။

ခပ်သုတ်သုတ် လမ်းကြောင်းအတိုင်း ကိုက်တရာ ခန့် လျှောက်သွားကြပြီးနောက် မြောက်ဖက်သို့ ဖြတ် ဆင်းလိုက်ကာမှောင်ရိပ်ခို၍ တပ်စည်းရိုးနား ရောက် အောင်ကပ်သွားကြသည်။ သည်လမ်းမြောင်ကားအိမ် ခြေလဲမရှိ ဂျပန်တို့မသိအောင်ကျွန်တော်တို့တပ်ဖွဲ့သား များ အပြင်သို့ လစ်နေကျ လမ်းဖြစ်သည်။ ထိုလမ်း ပေါက်မှာ အမျိုးသမီးအား ချည်နှောင်ထားရာ ဗိန္ဓု ပင် သုံးပင်တန်းနောက် (၁၀) ကိုက် လောက် သာ ကွာ၏။ဝင်သာရုံသံဆူးကြိုး သုံးချောင်းကို ဟန်မပျက် တိုင်တွင်ချိတ်ထားပြီး အသာမ၍ ခေါင်းငုံ့ဝင်ရသည်။

အတွင်းဖက်သို့ လှမ်းကြည့်ရာ မည်သည့် အရိပ် အရောင်မျှ မတွေ့။ မီးရောင်လဲ့လဲ့သော်မျှ မမြင်ရ။

ဂျပန်ငပူးသုံးကောင်လည်း ရောက်လာဟန် မရှိသေးသည်ကို သေချာစေသည်။

'အစ်မ....အစ်မ'

လန့်ဖြတ်ကာအော်ဟစ်လိုက်မည်စိုး၍ ခပ်တိုးတိုး အသံပြုခေါ်ရင်း အနားသို့ ချဉ်းကပ် သွားရ သည်။ ဆောင့်ကြောင့် ထိုင်လျက် ရှိနေသော အမျိုးသမီးက ဇဝေဇဝါ ဟန်နှင့် တောင်မြောက်ဝဲယာ စောင်းငဲ့ကြည့်နေ၏။

'အစ်မရေ....ကျွန်တော်တို့ကို ဘာမှမကြောက်နဲ့၊ အစ်မကို လွတ်ပေးမလို့ လာတာပါ'

အမျိုးသမီးကြားသာရုံ လှမ်းပြောရင်း ကျွန်တော်ကလက်နောက်ပြန်ချည်ထားသောကြိုးစကို ကိုက်ဖြတ်ပေးနေခိုက်စောလှိုင်အားလူရိပ်လူခြေအကဲခတ်စောင့်ကြည့်နေစေသည်။ အမျိုးသမီးသည် အခြေအနေကိုနားလည်လိုက်ဟန် တူသည်။ လှုပ်လှုပ်ရှားရှား ဖြစ်လာပြီးကြိုးစပြည်အောင်ရုန်းကန်ထုတ်ပေး၏။

မိနစ်ပိုင်းအတွင်းပင် လွတ်လွတ် ကျွတ်ကျွတ် ဖြစ်သွားသည်နှင့်အမျိုးသမီးမှာ ထိုင်ရာမှထကာ ထမီကို ကပျာကယာ ပြင်ဝတ် လိုက်သည်။ ပြီးနောက်တပ်ဂိတ်ဝသို့ ဦးတည်ကာ ကွင်းပြင်ကိုဖြတ်၍ တရှိန်ထိုး ပြေးရန်ဟန်ပြင်လိုက်သည်။ ထိုကြောင့် ကျွန်တော်က အချိန်မီဆောင့်ဆွဲထားလိုက်ရပြီး ပြောသည်။

'ဟိုဘက်ကို ပြေးလို့မဖြစ်ဘူး အစ်မ၊ ဂျပန်တွေ ဝင်လာတာနဲ့ တိုးနေရင်ပြန်မိသွားလိမ့်မယ်၊ လာ.... လာ ဒီအပေါက်ကဘဲ ထွက်ကြမယ်'

ကျွန်တော်ကရှေ့၊အမျိုးသမီးကအလယ်၊စောလှိုင်ကနောက်မှ သုံးယောက်သားအသံမပြုဘဲ သံဆူးကြိုးအောက်မှ ငုံ့ လျှိုး ထွက် ၍ တိတ်တဆိတ် နှင့် လာလမ်းအတိုင်းပင် ခပ်သုတ်သုတ် ထွက်လာကြသည်။ ယင်း အချိန်မှာ အမှောင် ဘက် လု ၍ လူလုံး ပင်သိပ် မကွဲတော့။

လမ်းကျယ်သို့မထွက်မီ ခေတ္တရပ်လိုက်ပြီး အမျိုးသမီးအား ကျွန်တော်က မေးသည်။

'အစ်မ ဒီကနေ ဘယ်ကို သွားမလဲ'

ဝေခွဲမရဟန်ဖြင့် အတန်ကြာလေးကြာမျှ ခပ်ငိုင်ငိုင် စဉ်းစား နေသည်။

'အိမ်ကိုလဲမပြန်ရဲဘူး၊ တော်တော်ကြာ ထပ်လာဖမ်းနေမှ ဒုက္ခ'

'ဟုတ်တာပေါ့၊ကျွန်တော်လဲဒီအတိုင်းဘဲ စဉ်းစားမိတယ်၊ ဒါပေမယ့်လို့ ဟိုမှာကျန်ရစ်တဲ့ကလေးတွေ ဘယ့်နှယ် လုပ်မလဲ'

'ဒီအတွက်ကတော့ ကိစ္စမရှိဘူး၊ ညီမတွေဆီမှာ အပ်ပစ်ခဲ့ရင် ရပါတယ်'

'လွတ်လွတ် ကင်းကင်း ရှိမယ့် တခြား တနေရာ လောက်မှာအစ်မအသိဆွေမျိုးများကောမရှိဘူးလား'

'ရှိတော့ရှိတယ်။ ဒါပေမယ့်ဝေးတယ်'

'ဘယ်မှာလဲ အစ်မ'

'လောင်းလုံဘက် ကမ်းမှာ'

'ဝေးလေ ပိုကောင်းလေဘဲ အစ်မ၊ ဒီည အတတ်နိုင်ဆုံးလျှောက်ပြီး လမ်းတွေ့တဲ့ အိမ်တအိမ် ဒါမှမဟုတ် လယ်ကွင်းထဲက တဲတတဲဖြစ်ဖြစ် တညဝင်အိပ်လိုက်၊ ပြီးတော့ မနက်အစောကြီးထပြီး ဟိုဖက်ကမ်းကို အရင်ဆုံးထွက်တဲ့ သမ္ဗာန်နဲ့ ကူးသွားပေါ့'

ကျွန်တော် နည်းပေးလမ်းပြ ပြသည်ကို အမျိုးသမီးက မဝေခွဲနိုင်သေးဟန်ဖြင့် ငိုင်နေသည်။

'လောလောဆယ် ဖြေရှင်းဘို့ ဒီနည်းလမ်းဘဲ ရှိတယ်ဗျ၊ ကျွန်တော်တို့လဲ လိုက်မပို့ရဲဘူး၊ ခင်ဗျားကြီး မတွေ့တာနဲ့ ဟိုကောင်တွေ ဒေါသပုန်ထပြီး တန်းစီလား စစ်မေးလားလုပ်လို့ ကျုပ်တို့နှစ်ယောက် ပျောက်နေရင် ကျွန်တော်တို့လက်ချက်လို့အတတ်စွဲမှာ သေချာတယ်၊ လမ်းမှာ ဒုက္ခပေးမယ့်လူ ဘယ်သူမှမရှိဘူး၊ ဗမာချင်းချင်း ပြောတတ်ရင် ကူညီမယ့် လူတွေ ချည်းဘဲ၊ ဒီမြို့ဇာတိသူဘဲဟာ လမ်းလဲသိသာ းဘဲ ရဲရဲသာသွားပါ'

စောလှိုင်က ဝင် ပြော သည်။ သူ ပြော သည့် အတိုင်းလည်း မှန်သည်။ ကျွန်တော်တို့ လက်ချက်ဟု ဂျပန်တွေသိသွားလျှင် ကျွန်တော်တို့ဖို့ အန္တရာယ်သေး

သည့် မဟုတ်။ ထို့ကြောင့် စောလှိုင် စကားကို ကျွန်တော်က ထပ်ဖြည့်၍ပြောသည်။

'ဟုတ်တယ်အစ်မ၊ ကျွန်တော်တို့ နှစ်ယောက်ဂျပန် သံသယကင်းအောင် ဒီက ချက်ချင်းပြန်ပြီး ပွဲခင်းထဲ ဝင် ရော ပြနေရ အုံးမှာ၊ အစ်မ မြန်မြန် သွားတော့၊ သွားရင် လမ်းကျယ်ကြီးအတိုင်း လျှောက်မသွားဘဲ အတတ်နိုင်ဆုံး လမ်းကြိုလမ်းကြားက ဖြတ်ပြီးသွား၊ ဆန်းချီရွာလောက်ရောက်ရင် အစ်မအတွက် အန္တရာယ် မရှိနိုင်တော့ဘူး၊ ကဲ ဒီမှာကြာနေရင် အခြေအနေတမျိုး ပြောင်းလာလိမ့်မယ်၊ မြန်မြန်သာသွားပေတော့'

'ကျေးဇူး ကြီးလှ ပါတယ် မောင် လေး တို့ရယ်၊ ဆိုးဆိုးဝါးဝါးရင်ဆိုင်ရမယ့် လောကငရဲကြားကကယ်တင်ပေးခဲ့ကြတဲ့ မောင် လေး တို့ နှစ်ယောက်ရဲ့ ကျေးဇူးကို အစ်မ တသက်မမေ့ပါဘူး'

အမျိုးသမီးသည် ပြောပြောဆိုဆိုနှင့် ရုတ်တရက် မြေကြီးပေါ် ထိုင်ချကာ ပုဆစ်တုပ်၍ လက်အုပ်ချီနေသည့်ကြောင့် ကမန်းကတန်း ဆွဲထူလိုက်ရသည်။

'ကျေးဇူးတွေဘာတွေ လုပ်မနေပါနဲ့တော့၊ ကိုယ့်လူမျိုးအချင်းချင်းတွေပါဘဲ၊ ကယ်သင့်ကယ်ထိုက်လို့ ကယ်ရတာပါ၊ ကျွန်တော်တို့ရဲ့ စေတနာကို အလေးထားရင် ဒီနေရာ မြန်မြန်သာ ခွာပေတော့ဗျာ'

အမျိုးသမီးသည် ထမီကို တင်းတင်းပါအောင် ပြင်ဝတ်လိုက်သည်။ တောင်မြောက်ဝဲယာသို့ ခေတ္တမျှ ကြည့်ပြီးနောက် လမ်းကျယ်ကို ခပ်သွက်သွက် ဖြတ်ကူးလိုက်သည်။ ဆင်ခြေလျှောဖြစ်နေသော လမ်းဘေးစောင်းမှ အပြေးကလေးနီးပါး ဆင်းသွားပြီး ကျွဲကူးလမ်းမြောင်အတိုင်း အနောက်ဖက်သို့ ဦးတည်ကာ တစိုက်စိုက်လျှောက်ရင်းမှ အမှောင်ရိပ်ဝယ်ပျောက်ကွယ်သွားတော့သည်။ သည်တော့မှ ကျွန်တော်တို့ နှစ်ယောက်သား ဟင်းကနဲ သက်ပြင်းအတူ ချနိုင်ပါတော့သည်။

* * *

ကြာတော့ ကြာညောင်းခဲ့လေပြီ။

မြန်မာ့မြေပေါ်သို့ ကျူးကျော်ဝင်ရောက်၍ ဖက်ဆစ်ခေတ် ထူထောင်ကာ မြန်မာပြည်သူတွေကို စော်ကားမော်ကား အနိုင်ကျင့်ကြခဲ့ကြသော ဂျပန်စစ်ရူးတို့ကို ပြည်သူတို့၏အားဖြင့် တော်လှန် မောင်းထုတ်နိုင်ခဲ့ရုံမက တချိန်က ဆုံးရှုံးခဲ့သော အမျိုးသားလွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ပြီး ပြည်သူတို့ အချုပ်အခြာ အာဏာပိုင်သည့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်ကိုပင် ကျွန်တော်တို့ တတွေ ထူထောင်နိုင်ခဲ့ပြီ။

ယောရှိတ၊ အိချိနှင့် ယာမစ်တို့ သုံးဦးသားသည် လည်း စစ်အတွင်းမှာပင် ဆုံးခဲ့ကြပြီလား၊ ဂျပန်ပြည်၌ပင် ပြန်ရောက်နေပြီး အသက် ရှင်နေသေးသလား၊ ဘယ်ရပ်ဘယ်ရွာမှာ ရှိနေကြမည်မသိ။

ထိုဂျပန်သုံးယောက်သား ဘယ် ရောက် နေ ပြီ ဟု မသိရသလို ထိုသုံးယောက်သားလက်မှ ကျွန်တော်တို့ သီသီကလေး ကယ်တင်လိုက်နိုင်သော အမျိုးသမီးကိုလည်း အမှောင်တရီတွင် ခဏသာ တွေ့လိုက်ဘူးရ၍ ရုပ်သွင်ကိုလည်း သဲသဲကွဲကွဲ မမှတ်မိလိုက် နာမည်ကိုလည်း မမေးထားမိ။ သူလည်း ဘယ်ကိုရောက်နေမည်မသိ။

သို့သော် ကျွန်တော်နှင့် စောလှိုင် နှစ်ယောက်သား မစွန့်စံ့စွန့်စံ့ဖြင့် စွန့်ခဲ့သော ဤအဖြစ်ကိုမူ ရေးရေးထင်ထင် အမှတ်ရ၍ စွဲကျန်နေရစ်သည်။ ထိုအဖြစ်ကို သတိတရ ဆင်ခြင်မိလေတိုင်းလည်း ကောင်းမှုကုသိုလ်တခု ပြုခဲ့ရဘိသကဲ့သို့ ကြည်နူးနှစ်သိမ့် ဝမ်းမြောက် ရွှင်လန်းခြင်း ဖြစ်မိပါ၍ နတ်လူသာဓုခေါ်နိုင်ကြပါစေဟု။ ။

နှင်းမြိုင်

★

နိုင်ငံခြားငွေရနိုင်သော ငါးမုန့်



တလောက မြန်မာနိုင်ငံထုတ် သတင်းစာများတွင် နိုင်ငံခြား (ပီနံ) စီးပွားရေး ကုမ္ပဏီတခုက မြိတ်မှ ထွက်သော ငါးပုတ်ခြောက်ကို စက္ကူအိတ်တွင် ထည့်ကာ တံဆိပ်လှလှလေးတပ်ပြီး အင်္ဂလန်တွင် ရောင်းနေသည့်အကြောင်းကို ဖတ်ရှုရပါသည်။

ကျွန်တော်တို့ နိုင်ငံတွင် အမှုမဲ့အမှတ်မဲ့ နေကြ၍သာ ငါးပုတ်ခြောက်ကို နိုင်ငံခြားသို့ ပို့ရကောင်းမှန်းမသိ ဖြစ်ခဲ့ကြပုံရပါသည်။နိုင်ငံခြားသို့ပို့၍ ရောင်းလျှင် စွံနိုင်မည့် မြန်မာ့စားစရာများ ရှိနေဦးမည် ဖြစ်ပါသည်။ သုတေသနဆရာနှင့် ကျွမ်းကျင်သူတို့ အာရုံစိုက်ဘို့လိုမည်ထင်ပါသည်။ ငါးပုတ်ခြောက်နှင့် ဆက်စပ်၍ စဉ်းစားကြည့်သောအခါတွင် နိုင်ငံခြားသားများ ခံတွင်းတွေ့နိုင်မည့် မြန်မာစားစရာတခုကို မြင်မိပါသည်။ ထားဝယ်ငါးမုန့်ပင် ဖြစ်ပါသည်။

ငါးမုန့်၏ ပင်ရင်းဇာတိမှာ ထားဝယ် မဟုတ်ပါ။ လွန်ခဲ့သည့် နှစ်ပေါင်း (၈၀) ကျော်ခန့်က ပီနံမှ ထားဝယ်သို့ စတင်ဝင်ရောက် အခြေချလာသည့် စားစရာတခု ဖြစ်ကြောင်းကို အသက် (၉၄)နှစ်ရှိနေပြီဖြစ်သော ကျွန်တော့်အဖွားး၏ ပြောပြချက် အရ သိရှိရပါသည်။

ထားဝယ်နှင့် ပီနံသည် လွန်ခဲ့သည့် ရှေးနှစ်ပေါင်းများစွာကတည်းကပင် အသွားအလာ အဆက်အဆံ ရှိခဲ့ပါသည်။ ထားဝယ်မှ ဆန်၊ ငါးခြောက်၊ ဆေးပြင်းလိပ် စသည်တို့ကို ပီနံသို့ပို့သည်။ ပီနံမှ တရုတ်စား စရာ အမျိုးမျိုး၊ ကြွေထည်နှင့် ပိုထည်များကို ထားဝယ်သို့ သွင်းခဲ့သည်။ ထားဝယ်မှ ပီနံတွင် ဆေးလိပ်ရုံ ထူထောင်စီးပွားရှာလျက် အခြေစိုက်နေထိုင်သူများ ရှိသကဲ့သို့ ထားဝယ်အခေါ် ပသျှူး (ယခု မလေးရှား) များသည်လည်း ထားဝယ်တွင်လာရောက် အခြေချကာ စီးပွားရှာသူများ ရှိခဲ့သည်။

ငါးမုန့်ကို စတင်လုပ်ကိုင် ရောင်းချသူများမှာ ပသျှူးမများဖြစ်သည်။ ထားဝယ်သည် မလေးရှားဒေသထက် ငါးပေါသည့်အပြင် ငါးမုန့် လုပ်ရန် အကောင်းဆုံးဖြစ်သည့် ငါးကွမ်းရှပ် သည်လည်း ထားဝယ်တွင် ပေါသဖြင့် ထားဝယ်မှ ငါးမုန့်လှိုင်လှိုင် ထွက်လာရခြင်း ဖြစ်ပါသည်။

ငါးမုန့် လုပ်ရန်အတွက် ငါးကွမ်းရှပ်သည် အကောင်းဆုံး ဖြစ်ရခြင်းမှာ အသားနူးညံ့ခြင်း၊ အရိုးနည်းခြင်း၊ အခြားငါးများထက် အရသာ လေးလေးပင်ပင် ရှိခြင်းစသော အကြောင်းများကြောင့် ဖြစ်ပါသည်။ ရှေးကဆိုလျှင် ငါးအသား သက်သက်ကို ဆုံနှင့်ထည့်၍ ထောင်းရသည်ဖြစ်၍ ငါးအသား နူးညံ့မှသာလျှင် မြန်မြန်ညက်ပြီး အချိန်လည်း သက်သာလူလည်း သက်သာသည်။

ယခုခေတ်တွင်ကား စက်ထဲ ထည့်ကြိတ်သဖြင့် ပို၍ပင် သက်သာသေးသည်။ သို့သော် ဆုံနှင့်ထည့်ထောင်းသလောက်ကား မညက်ဟုဆိုသည်။

ငါးမုန့်လုပ်ရာတွင် ငါးအပြင် မရှိ မဖြစ်သည့် ပစ္စည်းမှာ 'မုန့်ညက်' သို့မဟုတ် ပလောပီနံ အမှုန့်ပင် ဖြစ်ပါသည်။ မုန့်ညက်ကို ရှေးက ပီနံမှသွင်းခဲ့သည်။

ငါးမုန့် လုပ်နည်းမှာ မခက်ပါ။

ငါးခေါင်းနှင့် အမြီးကိုဖြတ်လိုက်ပြီး ကျောရိုးနှင့်ကပ်၍ တဖက်တချက်စီ ဒါးနှင့်လွှာလိုက်လျှင် အရိုးများပါသော အလွှာတလွှာနှင့် အရိုးလုံးဝမပါသော ခေါင်းပိုင်းမှ အမြီးပိုင်းအထိ အရေပါး ပါသော အသားလွှာနှစ်လွှာ ပေါင်း သုံးလွှာရပါသည်။ ယင်းငါးအလွှာများမှ အသားများကို သံဇွန်းဖြင့် ခြစ်ထုတ်ရပါသည်။

အသားများ ခြစ်ယူပြီးသော ငါးသားရေကိုမူ မုန့်ညက် အနည်းငယ်နှင့် နယ်ပြီး ကြော်စားလျှင် အရသာ ထူးလှပါသည်။ အသားများ ခြစ်ထုတ်ပြီးသော အရိုးပါသည့် အရိုးများကိုလည်း ဟင်းခတ်လိုခတ် ပြုတ်လိုပြုတ် စားနိုင်သေးသည်။ ငါးမုန့်လုပ်ရာတွင် အသုံးမဝင်သော ငါးကွမ်းရှပ် ခေါင်းကိုလည်း ကင်လိုကင် ပြုတ်လိုပြုတ်စားနိုင်ပါသည်။

သံဇွန်းဖြင့် ခြစ်ထားသော ငါးအ သား များကို ဆုံတွင်ထည့်၍ ဖရောင်းသားကျအောင် ထောင်းရပါသည်။ ထိုနောက် ငါးအသားကို မုန့်ညက်ဖြင့် သမအောင် နယ်ရပါသည်။ ဤနေရာတွင်တော့ 'အား' တော်တော်လိုပါသည်။ ချွဲးဒိုးဒိုး ကျအောင် နယ်ရပါသည်။

ငါးနှင့်မုန့်ညက်သမပြီဆိုလျှင် အချင်း တလက်မခွဲ အရှည်ဆယ်လက်မခန့်ရှိသော ရှည်မျောမျော အတုံးဖြစ်အောင်ပုံသွင်းရပါသည်။ ယင်းရှည်ရှည်မျောမျော အတုံးများကို ရေနွေး ပေါ် တင်၍ ပေါင်း ရသည်။ ကျက်ပြီဆိုလျှင်တနေ့နှင့်တညမျှ လေသလပ်ခံထားပြီး ဒါးနှင့် လှီးနိုင်လောက်သည့် အခြေသို့ရောက်အောင် အခြောက်ခံပြီးမာလာသည့် အချိန်တွင် ဒါးဖြင့်အပိုင်းပါးချပ်ချပ်ကလေး ရအောင် လှီးရပါသည်။ ဤတွင် ယခုရောင်းနေသော မုန့်အပိုင်းကလေးများ (တချို့ဘဲဥပုံယောင်ယောင်) ဖြစ်လာ ပါသည်။ သို့သော် ယင်းငါးမုန့်ချပ်ကလေးများကို အနည်းဆုံး နှစ်ရက်မျှ နေလှမ်းပေးဘို့ လိုပါသည်။

ဤဆောင်းပါးမှာ ငါးမုန့် လုပ်နည်း ဆောင်းပါး မဟုတ်သဖြင့်အကြမ်းဖျင်းသဘော သိရုံ လောက်သာ ဖော်ပြပါသည်။ အရေးကြီးသည့် အချက်မှာ ငါးမုန့် လုပ်ရာတွင် ငါး အမျိုးမျိုး ကို သုံးနိုင် သော်လည်း ငါးကွမ်းရှပ်နှင့်လုပ်သော ငါးမုန့်အရသာကို တခြားငါးများဖြင့် လုပ်သော ငါးမုန့်က မမှီနိုင် ဟူသော အချက်ပင် ဖြစ်ပါသည်။

ငါးမုန့်အမျိုးအစား ကောင်းမကောင်း၊ အရသာကောင်းမကောင်းမှာ ငါးနှင့် မုန့်ညက် ရောစပ်သည့် အချိုးအဆပေါ်တွင်တည်ပါသည်။ စီးပွားဖြစ်မဟုတ်ဘဲ မိသားစု စားသောက်ရန်နှင့် လက်ဆောင်ပေးရန် အ တွက် ဆိုလျှင် ငါး နှင့် မုန့် ညက် အ လေး ချိန် ဆတူရော၍လုပ်လေ့ရှိပါသည်။ စီးပွားဖြစ်ရောင်းတန်းလုပ်သော ငါးမုန့်များ လုပ်ရာတွင်မူ ဈေးပေါသည့် ငါးများကို ထည့်သုံးရုံမက ငါး တဆ နှင့် မုန့်ညက် သုံးလေးဆမျှ ရောစပ်လေ့ရှိသည်ဟုသိရသည်။ ယခုအချိန်တွင်ကားရောင်းတန်း ငါးမုန့်များကို ငါးတဆနှင့်မုန့်ညက်ကိုးဆခန့်ရော၍လုပ်ကြသဖြင့် ငါးအရသာကိုရှာမတွေ့နိုင်တော့ဘဲပါပရာကြော်သဘောလောက်သာ ရှိပါတော့သည်။

ဒုတိယကမ္ဘာစစ် မတိုင်မီ ကာလများက ငါးမုန့်လုပ်ရာတွင် ငါးကလည်း များ မုန့်ညက် က လည်းကောင်းသည့် အပြင် ကိတ်မုန့် လုပ်ရာတွင် သုံးသော ဘိတ်ကင်ပေါင်ဒါ (Baking Powder) ကိုပါထည့်သုံးသဖြင့် အရသာ ရှိရုံမက အချင်း တလက်မခွဲ ခန့်ရှိသောငါးမုန့်ချပ်ကလေးကိုကြော်လိုက်လျှင် လဖက်ရည်အောက်ခံ ပန်းကန်ပြား အရွယ် လောက် အထိကြီးလာသည်။ ယခုအချိန်တွင်ကား ဘိတ်ကင်ပေါင်ဒါ သုံးသူနည်းပြီး အချိုမှုန့် အားကိုးနှင့် လုပ်နေကြသည်ဟု သိရသည်။

မည်သို့ဆိုစေ ငါးမုန့်ကို ဗမာတပြည်လုံးက နှစ်နှစ်ခြိုက်ခြိုက် စားသုံးနေကြသည် ဆိုသည်ကိုကား ထားဝယ်တွင် မှိုလို ပေါက်နေသော ငါးမုန့် ဆိုင်များက သက်သေခံ နေပါသည်။ ထား ဝယ် လေ ဆိပ် တွင် ကြည့်မည် ဆိုလျှင် ၇၅ရာခိုင်နှုန်းမျှသော ခရီးသည်များသည် ငါးမုန့် ထုပ် ကလေး ကိုယ်စီဆွဲကာ လေယာဉ်ပေါ် တက်နေသည်ကို တွေ့ရပါသည်။ ယင်းသို့ တပြည်လုံးအနှံ့ ရောက်နေရုံနှင့် အားရကျေနပ်နေ၍

မဖြစ်သေးပါ။ကျွန်တော်တွေ့ဘူးသော နိုင်ငံခြားသားများ (အင်္ဂလိပ်၊ ဂျာမန်နှင့် ဂျပန် အမျိုးသားများ) ဆိုလျှင်တခါနှစ်ခါလောက် ဘီယာနှင့် တွဲဖက်ဆေ့ဝတ်ပြုလိုက်သည် နှင့် လျှာလည်သွားကာ ထားဝယ်သို့ အကြိမ်ကြိမ် မှာယူ ပေးခဲ့ ရဘူး ပါသည်။ သို့ဖြစ်ရာ ငါးမုန့်ကို နိုင်ငံခြားသို့ ပို့၍ စမ်းသပ်ရောင်းကြည့်လျှင် ဖွံ့မည်ဟု ပြောရပါသည်။

ငါးမုန့်လုပ်ရာတွင် မရှိမဖြစ် လိုအပ်သော ပစ္စည်းများမှာလည်း ပြည်တွင်းတွင် ရနိုင်သော ပစ္စည်းများ ဖြစ်ပါသည်။ နိုင်ငံခြားအားကိုးစရာမလိုပါ။ မြန်မာနိုင်ငံပိုင် ပင်လယ် ပြင်ကြီး မခမ်းသရွေ့ ထားဝယ်ကမ်းရိုးတန်း တလျှောက် ငါးများ ရှိနေဦးမည်သာ ဖြစ်ပါသည်။ မုန့်ညက်မှာလည်း ထားဝယ်တနယ်လုံးက ထွက်သည့်ပီနံဥ (ထားဝယ်လိုတန်းဥ) ကို အမှုန့်ကြိတ်သုံးရမည် ဖြစ်ပါသည်။

စီးပွား ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ် တော့မည်ဆိုလျှင် ငါးအသားကို ကြိတ်ရာတွင် လည်းကောင်း ပုလောပီနံဥကိုကြိတ်ရာတွင် လည်းကောင်း မော်တာနှင့်တွဲဖက်ထားသော အသားကြိတ်စက်များ၊ အမှုန့်ကြိတ်စက်များကို သုံးနိုင်ပါသည်။

ယခုကပင်စ၍ သုံးနေသူ များလည်း ရှိနေပါပြီ။ ငါးမုန့်ချပ် ကလေးများ ဖြစ်အောင် ယခင်ကဒါးဖြင့် လှီးလေ့ရှိသော်လည်း ယခုအချိန်တွင် ငါးမုန့်လှီးသည့် ဒါးစက်ကလေးများကို တီထွင်ကြံဆ အသုံးပြုနေကြပြီ ဖြစ်သည့်အတွက်အထူးပြောစရာ မလို တော့ပါ။ ငါးမုန့်လုပ်ငန်းခေတ်မီတိုးတက်လာသည်နှင့်အမျှ တဖက်ကလည်းရေလုပ်သားများ၊ပုလောပီနံစိုက်သူ ခြံသမားများအတွက်ပါအကျိုးကျေးဇူးများစွာရရှိနိုင်ပါသည်။

အကယ်၍သာ ရေလုပ်သား သမဝါယမများနှင့် စုပေါင်းစိုက်ပျိုးရေးခြံမြေအလုပ်သမားများ စုပေါင်းကာ အိမ်တွင်း စက်မှု လုပ်ငန်း ကလေးများ အဖြစ် ထူထောင်ပြီးသမဝါယမအသင်းများက အစိုးရအကူအညီယူ၍ ပြည်တွင်းပြည်ပ ဖြန့်ဖြူးနိုင်သည့် အခြေသို့ ရောက်အောင်ကြိုးပမ်းလျှင်မုချအောင်ရမည်ဟု ဆိုချင်ပါသည်။ နိုင်ငံအတွက်နိုင်ငံခြားငွေလည်းရ အိမ်တွင်းစက်မှုလုပ်ငန်း ကလေးများ လည်း ကြီးထွားရန်အရှိန်ရလာနိုင် ပါသည်။

ငါးမုန့်ခြောက် ဝိုင်းဝိုင်း ကလေး များကို ပလတ်စတစ်အိတ် ကလေးများတွင် ထည့်ပြီး တံဆိပ်လှလှကလေး ကပ်ကာ နိုင်ငံခြားသို့ တင်ပို့ လိုက်ရလျှင်ဟု စိတ်ကူး ငြမ်းဆင် မိပါသည်။ တခုတော့ ရှိပါသည်။ ငါးမုန့်အိတ်ကလေးများတွင်ကပ်မည့် တံဆိပ်ကလေးများတွင် နိုင်ငံခြား ဘာသာရော မြန်မာ ဘာသာနှင့်ပါ အနည်းဆုံး စာ ကြောင်း ကလေး နှစ် ကြောင်းလောက်တော့ ပါဘို့လိုမည် ထင်ပါသည်။

'ထားဝယ်ငါးမုန့်' 'မြန်မာ့စားသောက်ကုန်'ဟူ၍ ဖြစ်ပါသည်။

ရဲထွန်းသိန်း

★

---

* သိန်းဆုတွေ ဝေပေးနေပြီ။
* ဖွင့်တိုင်း အမြဲပေါက်သော

" သိန်းပဒေသာထီဆိုင် "

လာရောက် ကံစမ်းလှည့်ပါ။

ဆိုင်ခွဲ

အာဇာနည်လမ်း၊	ဈေးကြီး၊
မြောက်ရစ်ရပ်၊	အာဇာနည်လမ်း
ထားဝယ်မြို့။	ထားဝယ်မြို့။



မော်လမြိုင်၊ ထားဝယ်၊ ထားဝယ်၊ မော်လမြိုင် အခေါက်ခေါက် အခါခါ သွားခဲ့သည်။မော်လမြိုင်နှင့် ရေးအကြား ဘာပြဿနာမှ ခဲခဲယဉ်းယဉ်း မပေါ်ခဲ့။ မီးရထားဖြင့်ခရီးသွားရခြင်း ဖြစ်၍လည်း စိတ်အေး ရသည်။ ဓမြလည်း မရှိသ လောက်ပင်။

ရေးကလွန်သည်နှင့် အခက်အခဲက အမျိုးမျိုး။

ခရီးစလိုက်သည်နှင့်မလွယ်။ တကယ့်ကိုမလွယ်။ ကားကလည်း မီးရထားကဲ့သို့ အချိန်မှန်မထွက်။ကားသမားတွေက လိပ်နှင့်စပ်ကြ၍ မွေးခဲ့သည်လား မသိ။ တုံ့နှေး တုံ့နှေး။ ထွက်တော့မည် ဟုသာ အသံတကဲကဲဖြင့် အော်နေ ကြသည်။ ဘယ်သူ ကျန်နေသေးသည်။ဘယ်ဝါဖြင့် မလာသေး ဟူသော သူတို့အချင်းချင်း ၏ စကားအသံတွေဖြင့်သာ ဆူညံနေ၍ ကားမထွက်နိုင်။

ခရီးဝေးသွားမည့်ကားပီသစွာ ကား ရေထည့်၊ ဓာတ်ဆီဖြည့်၊ အင်ဂျင်ဝိုင် ဖြည့် စသော ကြိုတင်ပြင်ဆင်မှုများကို လည်း ပြုလုပ်နေကြသည်။ သို့ရာတွင် ဖြတ်ဖြတ်လပ်လပ်မဟုတ်။ ထိုသို့မလုပ်လျှင် မသေချာ၍လား မပြောတတ်။ ကိစ္စအရေးကြီး၍ သွားရမည့် ခရီးသည် များအဖို့တော့ စိတ်မရှည်ချင်စရာ။ ဒီလို ဖြစ်ပုံမျိုးတွေ မကျော့ခင်အဖို့တော့ ရိုး နေပြီ။

အဝေးပြေး ကားအသင်းမှ ကား အချို့မှာ ဘူတာရုံမှ ပစ္စည်းများတင်စရာ ရှိသည်တို့ကို တင်ကြတုန်း အချို့ကား များမှာတော့ ထွက်လုဆဲဆဲ။ မကျော့ခင် တို့လို ထားဝယ်နှင့် ရေးသွားနေကြသူ တို့အဖို့မှာမူ ဘယ်ကားထွက်ထွက်။ဘယ် ကားကြာကြာ အကြောင်းမဟုတ်တော့။

ကားအထွက်ကို အေးအေးဆေးဆေးပင် စောင့်ရုံသာ။ ကားစထွက်ပြီးလျှင် ဘယ်နေရာ နားမည်။ ဘယ်နေရာဖြင့် ကြာမည်ကိုလည်း သည်လမ်းကို အခေါက်ခေါက်အခါခါသွားနေကြမို့ သိပြီးသား။

ကားစထွက်လေပြီ။ ပြုံး၍နှုတ်ဆက်လာသောကားစပယ်ယာကို မကျော့ခင် ပြန်ပြုံးပြလိုက်သည်။ သည်ကောင်လေးတွေကလည်း တမျိုး။ မကျော့ခင်တို့လို ကုန်ကူးနေကြသော အပျိုလည်းမဟုတ်။ လင်လည်းမရှိ။ အရွယ်ကောင်းမိန်းမများဆိုလျှင် နှုတ်ဆက်ချင်ကြသည်။ ကူညီချင်ကြသည်။ ယိုသဲ့သဲ့လုပ်ချင်ကြသည်။ ဒါကို မကျော့ခင်က အလိုက်သင့် အလျားသင့် ပေါင်းရ သင်းရသည်။ မကျော့ခင်တို့လို မှောင်ခို အလုပ် လုပ်နေရသူများအဖို့ လူမုန်းခံ၍မဖြစ်။အားလုံးကို ကြည်အောင်ပေါင်းနိုင်မှ စီးပွားလမ်း ဖြောင့်မည်။

ရဲစခန်းရှေ့ရောက်ကြသဖြင့် စီးလာသောကားရပ်သွားသည်။

ရဲကြပ်တယောက်က မကျော့ခင်ကို ပြုံး၍ နှုတ်ဆက်သည်။ သိမှာပေါ့။ မကျော့ခင်၏ ယောကျာ်းရှိစဉ်က သူနှင့် မကျော့ခင် အတော်ရင်းနှီးခဲ့ပါသည်။ သွားလေသူ ကိုချစ်မောင်ကို မကျော့ခင် သတိရမိသည်။ ခရီးပြန်ဆက်သော်လည်း ကိုချစ်မောင်အဖြစ်ကို ပြန်မြင်နေဆဲ။

ကိုချစ်မောင်ရှိစဉ်ကဆိုလျှင် ဤလမ်းတလျှောက်မှာပင် စီးပွားရှာခဲ့သည်။ မှောင်ခိုလုပ်ငန်းအသေးစားလေးဖြင့်ပင် မကျော့ခင်တို့ သားအမိသုံးယောက်ကို လုပ်ကျွေးခဲ့သည်။အဖမ်းခံရသည်လည်းရှိ၊ လွတ်သည့်အခါလည်းရှိသည်။ အဖမ်းခံရလျှင်တော့ မကျော့ခင်ခမြာ ငိုကြွေးချက်မနှင့် ဟိုပြေးကပ်ရ သည်ပြေးကပ်ရသည်ကို မျက်နှာငယ်ခံရနှင့် မှောင်ခိုအလုပ်ကို စိတ်ကုန်မိသည်။ မလုပ်စေချင်တော့။

ဒါကြောင့်လည်း ပြန်လွတ်လာလျှင် အလုပ်မှ နားလိုက်ပြီး အခြားအလုပ်တခုခုပြောင်းလုပ်ရန် တိုင်ပင်ရသည်မှာ အခါခါ။

သို့ပေမယ့် မတတ်နိုင်။ ဘာလုပ်စားကြရ မည်နည်း။ ပညာအခြေခံကလည်းသိပ်မရှိ။ ရွှံ့ထဲရုန်းကြရသော လယ်ကူလီအလုပ်မျိုးကိုလည်း မလုပ်ချင်။ ပညာမတတ်ပေမယ့် မာနကအကြီးသား။ မှောင်ခိုလုပ်ဘူးသူအဖို့ အမဲသား ကောင်း မှန်း သိ နေပြီ။ တခြား သမာအာဇီဝ လုပ်မည်ဆိုလျှင် သည်လောက်ကြီးသည့်ကုန်ဈေးနှုန်းနှင့် ဆင့်ပါးစပ် နှမ်းပက်ရုံသာရှိချေမည်။ မဖြစ်။ မဖြစ်၍လည်းဒုံရင်းဒုံရင်းအလုပ်ဘဲဆက်လုပ်ရပြန်သည်။ တခါမိလျှင် တခါအဖို့ ပညာတိုးရသေးသည်။ တနည်းမရလျှင် တခြားတနည်းဖြင့် စခန်း သွား ရ သည်။ သည် လို နှင့် ကို ချစ် မောင် တယောက် မှောင်ခိုသမားဘဝမှ ရုန်းထွက်၍ မရခဲ့။

ကားရပ်သွားပြန်သည်။ ရေးမှအထွက် တာဝန်ရှိသည့်တပ်ရင်းကို သတင်းပို့နေသည်ဖြစ်မည်။ မထူးပါ။ မကျော့ခင်အဖို့ ဒါတွေရိုးနေပြီ။ ရှေ့ဆက် နားရမည့်နေရာတွေ အများကြီးရှိသေးသည်။ မကြာပါချေ။ ရေးတံတားကိုမကျော့ခင် လိုက်ပါလာသော ကားက ဖြတ်သွားသည်။ မကျော့ခင် အဖို့တော့ အတွေးမပြတ်။

မှောင်ခိုဆက်လုပ်သော သူ့ယောကျာ်းအဖို့ သည်ခရီးကို သွားရဖန်များလေလေ အတွေ့အကြုံနှင့် လူသိများလေလေဖြစ်ခဲ့သည်။ ခက်သည်က လူတွေက မှောင်ခိုသမား၊ စီးပွားရေးသမားဟေ့ဆိုလျှင် ငွေကို ရေလိုသုံးနိုင်သူဟု အများကထင်ကြသည်။

မှောင်ခိုအမည်ခံ စီးပွားရေးသမားတို့ကား ကိုယ့်ဝမ်းနာကိုယ်သာသိသည့်ဘဝ။ အများ အထင်ကြီးကြသည့်အတိုင်း အထင်ကြီးအောင် ဝတ်ရ စားရသည်။ ဒါမှလည်း လူယုံကြည်သည်။ ကိုယ်က အဝတ်ကိုကြည့်ပြီး လူယုံသူရှိပါသည်။ လက်မှနာရီကိုကြည့်ပြီး ယုံသူလည်းရှိပါသည်။ မှောင်ခိုသမားအဖို့ အဝတ်အစားနှင့် နာရီသည် အဆောင်အယောင်တခုလို ဖြစ်နေပါသည်။ သို့ရာတွင် လူချမ်းသာများကား မဟုတ်ကြ။ မှောင်ခိုလုပ်တိုင်း ချမ်းသာသည်မဟုတ်။ အဖမ်းခံလိုက်ရလျှင် အရင်းရောအဖျားပါ ကုန်သွားရုံမက နားလည်မှု စရိတ်လေးပါ အဆစ်ပါသွားရသည်။သည်တော့လည်း နောက်တခါအရင်းပြန် ဖမ်းရင်း မှောင်ခိုအလုပ်ကိုပင် ရှေ့ဆက်လုပ်ရသည်။ လှေမျှော လှေနှင့်လိုက်ရမည် မဟုတ်လား။

မော်တော်ကားရပ်ပြန်ပြီ။ ကိုးမိုင်စခန်းတွင် သတင်းပို့ရန်ဖြစ်သည်။ ပြီးလျှင် မလွဲတောင်ကို စတက်ရတော့မည်ဖြစ်သည်။ စိုးရိမ်စရာကောင်းသော လမ်းအခြေအနေနှင့် ကြောက်စရာကောင်းသောချိုင့်များကြောင့် သာမန်ခရီးသွားသူတို့ဆိုလျှင် ဘာကိုမျှ မတွေးရဲဘဲ ဟိုကြည့်သည်ကြည့်ဖြင့်သာ ကြောက်စိတ်တွေကို ဖျောက်ကာ ပါသွားကြမည်သာ ဖြစ်ပေသည်။

မလွဲတောင်ကိုစတက်လျှင် ပထမစိုးရိမ်ရသည်က ခမြ။

ဒုတိယက ကားအတွက်။

ခမြအကြောင်းတွေးမိသည်နှင့် မကျော့ခင် မျက်ရည်ဝိုင်းလာမိသည်။ လွန်ခဲ့သောတနှစ်ခန့်က သည်လမ်း၊ သည်မလွဲတောင်၏အကွေ့တနေရာ ကားကို ခမြတိုက်သည်။ သူတို့အဖို့ အမွေပေးခဲ့သည့်ပစ္စည်းအလား လုယူကြသည်။ လျှော့လျှော့ရှုရှုမပေးလျှင် ရိုက်သည်။

မကျော့ခင်၏ ခင်ပွန်းသည် ကိုချစ်မောင်မှာပစ္စည်းဈေးမတည့်၍ ဘာပစ္စည်းမှမဝယ်ဖြစ်ဘဲ ငွေထုပ်ပိုက်၍ ပြန်ခဲ့သောအခေါက်မှာပင် ယမမင်း၏ တမာန်တော်သားများနှင့် ပက်ပင်းတိုးမိရသည်။

ကိုချစ်မောင်မှာ ငွေထုပ်ကို ရင်ဝယ်ပိုက်ရင်း ဇနီး မကျော့ခင်နှင့် ရင်သွေးကလေးနှစ်ယောက်၏ မျက်နှာကို မြင်ယောင်မိသဖြင့် သူ၏ရင်းနှီးစာကို တပါး သူတို့လက်ထဲသို့ အသာတကြည်ထုတ်မပေးခဲ့၊ မတရား မိုက်ကြေးခွဲသည့် ခမြများက ကိုချစ်မောင်အား လွယ်လွယ်ကူကူနှင့် ငွေမထုတ်ပေးရ ကောင်းလားဟု ဝိုင်းဝန်းကာ နဘန်ကျင်းလွှတ်လိုက်ကြသည်။ မသေမရှင်ဖြင့် ခမြလက်ထဲက လွတ်လာပြီး ဆေးရုံရောက်ခဲ့ ငြားသော်လည်း ကိုချစ်မောင်၏ အခြေအနေကကောင်းမလာ။ သုံးရက်သာ ဇနီးနှင့်ရင်သွေးကို နောက်ဆုံးတွေ့လိုက်ရပြီး ကိုချစ်မောင်ခမြာ လောကကြီးမှ ကိုယ်လွတ်ရုန်းထွက်သွားလေသည်။

လင်ယောကျ်ား မရှိသည့် နောက်ပိုင်းတွင်ကား မကျော့ခင်တို့ သားအမိသုံးယောက်သား ပတ်ဝန်းကျင်အလယ် မျက်နှာငယ်ငယ်နှင့် တောင်မှီမြောက်မှီ ဖြစ်ရလေတော့သည်။ ကိုချစ်မောင် မသေမီက ပြောပြရစ်ခဲ့သော ရစရာအကြွေးများကို လိုက်တောင်းရာ၌လည်း လိမ်မာချိုသာသော ငြင်းဆိုမှုများကိုသာ မကျော့ခင် ရရှိခဲ့သည်။ မတတ်နိုင်တော့။

မကျော့ခင် ဘာကိုလုပ်ရအံ့နည်း။

ဤလောကဝယ် တဝမ်းတခါးလှဖို့အရေး မည်သူကမျှ လာ၍ အထောက်အကူ ပေးနိုင်မည်မထင်။ ရှိနေသေးသောမိဘ ယောကျ်ားမများက ကူညီကြသည်ဆိုသော်လည်း ရေရှည်လာသော် စေတနာ မပျက်သည့်တိုင် လက်တကယ်မပါချင်ကြ တော့ပေ။ မျက်နှာပြောင် တိုက်တတ်လျှင်ဖြင့် ထမင်း နပ်မှန်အောင်တော့ ကျွေးကြလိမ့်မည်။ သို့သော်လည်း ဤနည်းဖြင့် တာရှည်သွား၍မဖြစ်။ ဖတဆိုး ကလေး နှစ်ယောက်၏ နောင်ရေးကလည်း ရှိသေးသည်။

မကျော့ခင် အလုပ်လုပ်မှဖြစ်ပေမည်။

ဘာလုပ်စားမည်နည်း။

ဈေးရောင်းစားရမည်လား။ မဖြစ်။ ဈေးရောင်း၍ ရသော အမြတ်ကလေးနှင့်တော့ မကျော့ခင်ထမင်း မစားတတ်။ ပါးစပ်အကျင့်ပါခဲ့ပြီ။ ကိုချစ်မောင်ရှိစဉ်က ကာဖီဆို နက်စ်ကာဖီမှ၊ မုန့်ဆိုလည်း ယိုးဒယားမုန့်မှ၊ နိုင်ငံခြားမှချက်သော ထမင်းဟင်းကို မှောင်ခိုတွင် မရောင်းကြ၍သာ။ သို့မဟုတ်လျှင် ထိုထမင်းဆိုဟင်းမျိုးကို မကျော့ခင် ဝယ်စားခဲ့လိမ့်ဦးမည်လား မသိ။

မကျော့ခင် မှောင်ခိုလုပ်ရန် စဉ်းစားမိသောအခါ သူ့ယောကျ်ားလို အဖမ်းခံရလျှင်၊ အသေဆိုးနှင့်သေရလျှင် စသည်ဖြင့် အတွေးများက မကျော့ခင်ကို ဟန့်တားခဲ့သည်။

မကျော့ခင် တွေး၍ကောင်းနေဆဲတွင် မော်တော်ကားရပ်သွားပြန်သဖြင့် ကားကိုပင် ဒေါသထွက်မိသေးသည်။ အပြင်သို့ ခေါင်းထုတ်ကြည့်ရာ ကျောက်ကုတင်စခန်း၏ တောင်ပူစာလေးပေါ်သို့ သတင်းပို့ရန် ပြေးတက်သွားနေသော ကားစပယ်ယာကို တွေ့ရသည်။ စပယ်ယာပြန်ဆင်းလာပြီးမှ ကားဆက်၍ ထွက်ပြန်သည်။

မကျော့ခင်၏ စီးပွားရေးလမ်းကြောင်း လွန်ဆွဲမှုတွင် ဘာဘဲလုပ်ရမည် စိတ်ကူးစိတ်ကူး အမိက

ပြသနာက ငွေ၊ သူ့ယောက်ျားလက်ထက်က အရင်းအနှီးထုတ်ထားသောငွေများမှာ သူတော်ကောင်းရင့်မကြီးများသို့ မျက်ရည်ကို ရေစက်ချ၍ အလှူပေးလိုက်ရခြေပြီ။ ထိုအခြေအနေတွင် ကိုချစ်မောင်၏လုပ်ဖော်ကိုင်ဘက် အဆက်အသွယ် တဦးက မကျော့ခင်ကို သနားပိုသောအားဖြင့် ချဉ်းကပ်လာသည်။ မှောင်ခိုလုပ်ငန်းကို ဆက်လုပ်ကိုင်ရန် မကျော့ခင်ကို ဆွယ်တရားဟောပြီး အရင်းအနှီး ထုတ်မပေးလာသည်။ သို့ရာတွင် လက်မဲ့ထုတ်မသော ငွေဖြစ်သဖြင့် အတိုးလေးခပ်များများတော့ယူသည်။ ပြီးတော့မကျော့ခင်၏ ရရှိလာသော ပစ္စည်း များကိုလည်း သူက ဒိုင်ခံဖြန့်ချိပေးမည်။ သူ့ဆီတွင်သာ ရောင်းပါမည်ဟူသော ကတိလေးတခုကိုပါ စည်းကမ်းချက် သတ်မှတ် ပေးသည်။မကျော့ခင်မငြင်းသာ။ ကိုချစ်မောင်၏အဆက်အသွယ်ဟောင်းတို့ကိုရှာဖွေအကြံတောင်း၍ မှောင်ခိုသမ ဘဝသို့ ဝင်ရောက် လိုက်သည့်။

ကားရပ်သွားပြန်ပြီ။ ရှေ့နောက်စခန်းတွင်သတင်းပို့ရန်ဖြစ်ပါသည်။ ကားအထွက်တွင် မကျော့ခင်ဘာမျှမတွေးချင် တော့ပေ။ ပတ်ဝန်းကျင် မြင်ကွင်း များကိုသာကြည့်ရင်းလိုက်ပါလာခဲ့သည်။မကြာမီ ‘ဒိုင်း’ ဟူသောအသံနှင့်အတူ ကားရပ်ပြန်သည်။

မကျော့ခင်အသက်ရှူ ရပ်သွားသည်။ ဓမြဆိုလျှင်တော့မလွယ်။

မကျော့ခင် ဓမြနှင့် တွေ့ဘူး ကြုံဘူးသည်။ ဓမြကြောင့်ပင် မကျော့ခင် မုဆိုးမ ဖြစ်ခဲ့ရသည်သာမက ဇွန်နွန်နွန့်စားစား မှောင်ခိုသမ အဖြစ် အသက်မွေးရာ၌လည်း အကြိမ်ကြိမ် အရင်း ပြုတ်ခဲ့ရဘူး သည်။ ရှက်စဖွယ်အဖြစ်တို့နှင့်လဲကြုံခဲ့ရဘူးသည်။

ဓမြ တွေက အမျိုးမျိုး။

‘ရှော့နားကပ်၊ ရှော့ဆွဲကြိုး၊ ပိုက်ဆံတော့ ဒါဘဲပါတယ်’ ဟု လေ ချိုသွေး၍ ရွှေ ရည် စိမ် ပစ္စည်းအတုများနှင့် မဖက်မကွယ်ကိုယ်ပေါ်တွင် ပါသမျှကိုပေးလိုက်ရ၍ဖြင့်ပြီးသည့် ဓမြလည်း ရှိသည်။ တကိုယ်လုံးချွတ်ရှာ၍ မျိုးမျိုးမျက်မျက် မပါရကောင်းလားဟု ကြိမ်းမောင်းရိုက်ပုတ် စော်ကားတတ်သည့် ဓမြလည်းရှိသည်။

ရားဖူး၌ထမင်းစားချိန် ကားရပ်သည်။ မကျော့ခင်မှာ အတွေးများဖြင့် ရင်ထဲမှာပြည့်ကြပ်နေ၍ ထမင်းပင်မစားနိုင်။သို့ရာတွင် မစား၍မဖြစ်။ လမ်းခရီးတွင် ကိုယ့်အိမ်လို နေ၍မရ။ မဆာသည့်ရှိ စားတော့စားမည်။ လမ်းကျမှ ထမင်းဆာ၍ ဝယ်စားစရာ ရှိချင်မှရှိမည်။ ရှိသည့် နေရာ ဖြစ်သော်လည်း ခရီးသည်အများထဲမှ ကိုယ့်တယောက်တည်းအတွက် ကားရပ်ခိုင်း၍မရ။မကျော့ခင် စိတ်မပါ့တပါနှင့် ထမင်းဆိုင်ထဲဝင်လာ မိသည်။ ထ မင်း ဆိုင် ရှင် အ ဒေါ်ကြီး က ပျာပျာသလဲ ထမင်းပွဲ ပြင်ပေးရှာသည်။ စေတနာရှိမှာပေါ့။စေတနာမရှိလည်းမဖြစ်။ ခရီးသည်များက ဝယ်မစားလျှင် ဆိုင်ရှိသော စားစရာများမှာ အလဟဿ ဖြစ်ပြီး အမြတ်ရဖို့ နေနေ အရင်းပါမကျန်ဘဲဖြစ်သွားမည် မဟုတ်လား။

ထမင်းစားစားပြီးချင်း ကားဆက်ထွက် ပြန်သည်။ မကြာပါ။ မရမ်းချောင်း တံ တား တွင် ကား ရပ်၍ အလှူခံ ပုံးက လေး အလှူခံ လာ သ ဖြင့် မကျော့ခင် လှူလိုက်သည်။

တံတားဆို၍ သတိရပြန်သည်။ ဤလမ်းတွင်ခရီးသွားသူ အဖို့တော့ တံတားပျက်နေ၍ ညအိပ်ရသည်နှင့်လည်း ကြုံရတတ်သည်။ တံတားကျိုး၍ ဆုံးရှုံးရသည်လည်းရှိသည်။ သို့သော်မတတ်နိုင်။ ဝမ်းစာရေးအတွက် ဖြစ်မှန်းသိလျက်နှင့်တော့ ကံကိုသာ ရိုးမယ်ဖွဲ့ ရချည့်။ သည့် ကံတရားကိုသာ အားကိုး၍ သည်လမ်းကို အခေါက်ခေါက် သွားခဲ့ကြသူများ၏ ဇာတ်လမ်းများတွင် ကံဆိုးသည်လည်းရှိသည်။ ကံကောင်းခြင်းလည်း ဖြစ်တတ် လေတော့ လူသား ပီသစွာပင် လောကဓံကိုပုံချ၍ အားတင်းရပြန်သည်။

ရှေ့ဆက်ရမည့် တာတိုခရီးလမ်းကတော့ တဝက်ကျိုးခဲ့ပါပြီ။ ဘဝ ခ ရီး ရှေ့ ဆက် လျှောက် ရ မည့် သက်တမ်းကိုတော့ မမှန်းဆ တတ်သေး။ ကလေးနှစ်ယောက်ဝန်ကိုမကျော့ခင် ကျောပိုး၍ ဘယ်အတိုင်းအဆအထိ လျှောက် ရ ဦး မည် မ သိ။ နောက်ထပ်

အိမ်ထောင်ပြုရန် အရွယ်ရှိသေးသဖြင့် ပုထုဇဉ်သမီး ဒိဒိစိတ်ကူးယဉ်မိသေးသော်လည်းကလေးနှစ်ယောက် ကိုင်၍သည့်စိတ်ကူးကို အတွေးထဲက မောင်းထုတ်ခဲ့သည်ချည်းသာ။

ကလိန်အောင်တံတားသို့ရောက်လာသည်။ ကားစပယ်ယာကလေး သတင်းပို့အပြီး တံတားပေါ်ဖြတ်၍ လမ်းလျှောက် ကြရသည်။

တံတား အလွန်တွင် လဖက်ရည် သောက်သူ သောက်ကြနှင့် ခေတ္တ ခရီး အပန်း ဖြေ ကြ သည်။ မကျော့ ခင် အ ဖို့ တော့ လဖက်ရည် မသောက်ချင်တော့။ အိမ်ပြန်ရောက်ချင်စိတ် စောနေသည်။ အိမ်အပြန် ထားဝယ်အရောက် ရှေ့ခရီး တထောက် တွင် ရေပုံးစခန်း၊ ဟိန်ဇဲ စခန်း၊ နှစ်ဆယ့်ငါးမိုင် စခန်း၊ တလိုင်းရာစခန်း၊ ရေဖြူစခန်းနှင့် အိမ်ရှေ့ပြင် စခန်းများကို ကျော်ရဦးမည်။ ခရီးမဆုံးသရွေ့ စိတ်ထင့်စိုးရိမ်နေရသေးသည်။

ကလိန်အောင်စခန်းမှ ကားဆက်၍ ထွက်သော အခါနေမွန်းတည့်ပြီဖြစ်ရာ ကတ္တရာလမ်းမပေါ်ဝယ် တံလျှပ် တောက်နေသည်။ တိုက်တိုက် ဆိုင်ဆိုင်ပင် ခရီးသွားတဦး၏ရေဒီယိုလေးမှ ကိုတင်လှိုင်၏ သီချင်းတပုဒ် လေလှိုင်းစီး၍ ပျံ့လွင့်လာသည်။

တံလျှပ်ကိုရေထင် × × ရွှေသမင် အလိုက်လွဲသည့်
ပမာ × × × မိုက်မဲမိတာကလဲမောင့်ရဲ့အပြစ်ပါ
အတတ်နိုင်ဆုံးကြိုးစားကာ မေ့အုံးမှာ × × ×။
မကျော့ခင်က ဒါလေးတပိုဒ်ဘဲ ကြားလိုက်သည်။ ဆက်တွေးစရာပေါ်လာသည်။ တံလျှပ်ကိုရေထင်၍ ရွှေသမင်အလိုက်မှားခဲ့ဘူးသည်။ တံလျှပ်ဆိုသည်က ကြည့်လိုက်လျှင် ရေပကတိ ထင်ရသော်လည်း ရေမဟုတ်။ ရေလို မအေး၊ အေးမြခြင်း၏ ဆန့်ကျင်ဖက်ဖြစ်သောနေ၏ အပူလောင်ခြင်းမှ သည်တံလျှပ်ဖြစ်လာသည်။ ရေဆာ၍ရေလိုက်ရှာသည့် ရွှေသမင်ခမြာ ရေအသွင် ဆောင်သော တံလျှပ်နောက်သို့ အလိုက်မှား၍ ဒုက္ခ တွေ့ခဲ့ရသည်။ မကျော့ခင်၏ မောင်ခိုသမ ဘဝ လမ်းကြောင်းကို လိုက်ခြင်းသည် ကော....။

ထားဝယ်မြို့အဝင်ဝဲကျွန်းရွာထိပ်တွင် မကျော့ခင် စီးလာသော ကားကို ဆီး၍ တားသည်။ ရှာဖွေရေးအဖွဲ့ပင်ဖြစ်သည်။ ရှာဖွေရေးအဖွဲ့ဝင်များက မကျော့ခင်တို့ကို စနစ်တကျ ရှာဖွေသည်။ မှောင်ခို ပစ္စည်းများကို သိမ်းသည်။ မှောင်ခိုကုန်သည်များကို ဖမ်းသည်။ ရဲဌာနသို့မကျော့ခင် လိုက်ပါသွားရသည်။

ပြော်....မကျော့ခင်ရယ်၊ မှောင်ခို သမ အဖြစ် ဘဝမှ မကျွတ်နိုင် ပါကလား။

သင်ဆရာမြင်ဆရာ များကို
ဦးညွှတ်လျက်....

စိုးသူရဇော်

★

ပရိုတိန်းဓာတ် အပြည့်အဝပါသော
မြမြခင် ၏

ရသာရုံငါးမုန့်

လတ်ဆတ်သော ပင်လယ်ငါးများဖြင့် သန့်ရှင်းစွာ စီမံပြုလုပ်ထားပါသည်။

ပင်ရင်းဌာန။
မြ မြ ခင် ငါး မုန့်
ရဲဌာနာအနီး၊ မြောက်ရွာရပ်၊ ထားဝယ်မြို့။

လုပ်သားပြည်သူတို့ အသုံးစွဲ

" သူဇာမယ် ဆေးပေါ့လိပ် "

ကို သုံးဆောင်ကြပါ။

ပင်ရင်းဌာန
ဦးဘစိန်
ပုံကျွန်းလမ်း၊ ဆင်ပုနပ်ရပ်
ထားဝယ်မြို့။

ဦးရာကွတ်ရဲ့

ဗဟိုချိဇာကိတ်မုန့်တိုက်

ကိုတော့ လူတိုင်းသိပါတယ်။

— ပေါင်မုန့်၊ ကိတ်မုန့်၊ ဘီစကွတ် မုန့်မျိုးစုံရနိုင်သည်။
— အလှူ၊ မင်္ဂလာပွဲများအတွက် အော်ဒါလက်ခံသည်။

ဦးရာကွတ်၊ စျေးတောင်ဖက်လမ်း
ခုံဝင်းဒပ်ရပ်၊ ထားဝယ်မြို့။

☆ စာမျက်နှာ (၁၇) မှအဆက်

စိတ်ထဲတွင် ယှဉ်ရှာမရ အကြီးအိုက် လာပါသည်။ အဖော်များကို လည်း ဖွင့်ဟ မပြောရဲ။ ဖွင့်ပြောလိုက်လျှင် အကုန်လုံး စိတ်ပျက် ဝမ်းနည်းဖြစ်ပြီး လုပ်ငန်းမှာ ထိခိုက်နိုင် ပါသည်။ ဖြစ်သမျှထဲမှ အမြတ် ထုတ်ဖို့သာ ကြိုးစားရ ပါတော့မည်။

ဤကိစ္စမျိုးတွင် အတွေ့အကြုံမရှိသေးသဖြင့် ထားဝယ်မြို့ပေါ်၌ဆွေးနွေးစဉ်က ထည့်သွင်းမစဉ်းစားခဲ့။ ပုလိပ်စစ်တပ်များ၏ အန္တရာယ်အယှက် ကင်းဝေးမှုကိုသာ အဓိကထား စဉ်းစား ခဲ့ကြပြီး စည်းရုံးရေးကောင်းရာလုံခြုံရေးကောင်းရာ အစရှိသော ရည်ရွယ်ချက် ဆွဲဆောင်ရာသို့ လိုက်ပါသွားပြီး ဤနေရာကို ရွေးချယ်မိခဲ့ခြင်းဖြစ်ပါသည်။ ယခင်တွေ့စက ရေကန်အသင့် ကြာ အသင့်ဟု ထင်ခဲ့သော နေရာသည် ယခုမှပင် မှန်းချက်နှင့် လွဲကာ သဲထဲ ရေသွန်ကိန်းဆိုက်တော့မည်လော မသိ။

ထိုညက သန်းခေါင်ကျော် တနာရီခန့်တွင် အရှေ့တောင်တန်း ဖက်မှ လေယာဉ်ပျံသံလိုလို မျှင်းမျှင်းကြားလိုက်ရပါသည်။ ကျွန်ုပ်တို့လူစုမှာ လေယာဉ်ပျံမှမြင်စေချင်ဇောဖြင့် ကမန်း ကတန်း မီးမွှေး လိုက်ကြသည်မှာ လူတရပ်ခန့်မျှ မီးတောက်ကြီးတက်လာသည်အထိပင် ဖြစ်သည်။ လေယာဉ်ပျံ အသံသည် ငါးမိနစ်မျှသာ ကြားရပြီး ပျောက် သွား ပါ သည်။ နောက်ပြန်ကြားနိုး ပြန်ကြားနိုးဖြင့် နားစိုက်၍ မျှော်လင့်စောင့်စား ခဲ့ကြသော်လည်း နောက်ထပ်ဘာသံမှ မကြားရတော့သဖြင့် စိတ်ပျက် လက်ပျက်နှင့် နံနက်လေးနာရီတွင် ရပ်နား အိပ်ရာ ဝင်ကြ ပါသည်။

ကျွန်ုပ်ကားအိပ်မပျော်နိုင်ပါ။ရှေ့ဆက်၍ မည်သို့မည်ပုံ အကျိုးရှိအောင် လုပ်ရမည်ဆိုသည်ကို အမြဲမပြတ် တွေးနေ ရပါသည်။ တော်လှန်ရေး သမားမှန်လျှင် ဘယ်တော့မှ စိတ်ပျက် စရာကို မတွေးရ။ တခုနှင့်မရလျှင် နောက်တခုနှင့် ရအောင် ကြံဖန်လုပ်လုပ်တတ်ရမည်ဆိုသောဝါဒကို လက်ကိုင် ထားတတ်ရပေမည်။

ဇွဲဝိရိယရှိလျှင် အထိုက်အလျောက်တော့ အကျိုးရနိုင်မည်ဟုယုံကြည်သဖြင့်ပင်လယ်ထဲကျမည့် လေထီးကိုလူများများ လှေ များများ နှင့် ခပ်မြန်မြန် ဆယ်ယူနိုင်ခဲ့သော် သို့တည်းမဟုတ် လှေနည်း သော်လည်း အခေါက်ခေါက်အခါခါ အလျင်အမြန် လှော်ခတ်ပြီး အချို့အဝက်ကိုဆယ်ယူနိုင်ခဲ့သော်စသည်ဖြင့် အချက်အလက်များကို တွက်ဆကာ နောက်ထပ် လှေငယ်နှစ် စီး နှင့် လူ၊ အင်အား ထပ် ဖြည့် ရန် ဆုံးဖြတ်လိုက်ပါသည်။ ဤကိစ္စကို လူအများ သိ၍လည်း အကြောင်းမထူးတော့ဟု ပိုင်းဖြတ်လိုက်ပြီး အချိန်မဆွဲတော့ဘဲ သခင်ထွန်းရင် တယောက်တည်းကို အိပ်ယာမှနှိုးပြီး အသေအချာမှာကြား၍ ရွာသို့ ပြန်လွှတ်လိုက်ပါသည်။

နံနက်စာစားသောက်ချိန်တွင် သခင်ထွန်းရင်ကို မတွေ့သဖြင့် အဖော်များက မေးသောအခါ ရွာသို့ ပြန်လွှတ်လိုက်သည်ဟု သာမန်အားဖြင့် ဖြေလိုက်ပါသည်။ ထိုနေ့ညနေ (၄) နာရီတွင် သခင်ထွန်းရင် ပြန်ရောက်လာပါသည်။ သို့သော် စီစဉ်မှာကြားသည့် အတိုင်းမဖြစ်ပါ။ သခင်ထွန်းရင်နှင့်အတူ လှေပေါ်တွင် ကျွန်ုပ်တို့အား ကျောက်နီမော်သို့ လာပို့ပေးသော ထားဝယ်မြို့မှ လှေသမား ပါလာပါသည်။ ကမ်းသို့ရောက်မဆိုက်တွင် ထိုလှေသမားက လေယာဉ်ပျံမီးပြသောအစီအစဉ်ကို ဖျက်လိုက်ပြီ ဖြစ်ပြီး နောက်အရေးတကြီးကိစ္စတခု ပေါ်ပေါက်လာသဖြင့် ထားဝယ်မြို့သို့ အမြန်ဆုံး ပြန်လာရန်လိုကြောင်း သတင်းပို့ပါသည်။

သို့နှင့် ကျွန်ုပ်တို့သည် ဤနေရာ၌ ဆက်လက်၍ ဝင့်ဆင်းရဲခံနေဘို့မလိုတော့ပါ။ ညတွင်းချင်းပင် မြို့အရောက် ပြန်ကြရန်သာဖြစ်ပါသည်။ ဒီရေကလည်း တက်ချိန်နှင့် ကြုံကြိုက်နေသဖြင့် ချက်ချင်း ထွက်ခွာလာခဲ့ကြပါသည်။ ကျောက်နီမော်ရွာတွင် သခင်ထွန်းရင်တို့ ဆရာတပည့်နှစ်ယောက်ကို ချထားခဲ့ပြီး ကျွန်ုပ်တို့သုံးဦး မြို့သို့ ဆက်လာခဲ့ကြပါသည်။

ထားဝယ်မြို့သို့ရောက်၍ ချိန်းဆိုရာအိမ်သို့ ရောက်သောအခါ ရန်ကုန်မှ အစီအစဉ် ဖျက်လိုက်ကြောင်းကို သတင်းပို့လာကြောင်း၊ နောက်ထပ် တာဝန်သစ်တခုလည်း ပါလာကြောင်း၊ ယင်းမှာ ယိုးဒယားဖက်တွင် သခင်လှဖေနှင့် သခင်မဂျမ်းတို့လူစု ထားဝယ်

ကူးရန် အခက်အခဲတွေ့နေကြောင်း၊ ယိုးဒယားအာဏာပိုင်များက နှောက်ယှက် တားဆီးထား၍ ကူးမလာနိုင်ကြောင်း သတင်းရသည်။ ထို သခင်လှဖေတို့အဖွဲ့အား အတားအဆီးမှလွတ်မြောက်နိုင်ရေးနှင့် ထားဝယ်ဖက်သို့ကူးလာရာတွင် လမ်းပြခေါ်လာနိုင်ရေးအတွက် နယ်ခြားကို ဖြတ်ကျော်သွားပြီး ကူညီရန်ဖြစ်သည်။

ထိုရသည့်သတင်းမှာ မည်သည့် အချိန်အခါကပို့၍ ဗမာပြည်သို့ မည်သည့်အချိန်တွင် ရောက်ပြီး ထားဝယ်သို့ အချိန်မီရောက်သလား၊ နောက်ကျမှ ရောက်သလား မပြောတတ်ပေ။ ထိုစဉ် ယိုးဒယားဖက်တွင် ဘီအိုင်အေတပ်မတော်ကြီး ဖွဲ့စည်းထားပြီး ရှိဦးမည်မဟုတ်ပါ။ ကျွန်ုပ်တို့အထင်မှာ ထိုအချိန်က ယိုးဒယားတွင် ဗမာ့လွတ်လပ်ရေး တပ်မတော်ကြီး မဖွဲ့နိုင်သေးဟု ထင်ပါသည်။

အမှန်တကယ်တွင်လည်း ယိုးဒယားတွင် ဖွဲ့စည်းခဲ့သော တပ်ဖွဲ့သည် အဖွဲ့အစည်းသဘောပါရုံမျှ လူအင်အားဖြင့် ဂျပန်စစ်တပ်နှင့်ပေါင်းပြီး ဝင်လာကြခြင်းဖြစ်ပါသည်။ ထားဝယ်ရောက်မှ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) ကို စနစ်တကျ အင်နှင့်အားနှင့် ဖွဲ့စည်းနိုင်ခဲ့သည်မဟုတ်ပါလော။

မည်သို့ဖြစ်စေ ရရှိသည့်သတင်းအရနှင့် ကျွန်ုပ်နှင့် အဖော် ရဲဘော်အုန်းညွန့် (ရွှေဒူး) လိုက်ပါ၍ ပန်ချာဘီစစ်တပ်များကို ရှောင်ကွင်းပြီး နတ်အိမ်တောင်နယ်ခြားကိုဖြတ်ကျော်၍ခဲယဉ်းပင်ပန်းလှသော ခရီးကို ဒုတိယမ္ပိ ဖြတ်ကျော်သွားရပြန်ပါသည်။

ဗမာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် တစိတ်တဒေသဖြစ်သော ထားဝယ်သခင်များ၏ ကြိုးပမ်းမှုအချို့ကို ဤဆောင်းပါးဖြင့် မှတ်တမ်းတင်ရပါသည်။ ဖက်စစ်ဂျပန်များ၏ စစ်သံဖနောင့်အောက်သို့ ကျရောက်ခဲ့ပြီးနောက် ထားဝယ်မှ သခင်များ၏ ဖက်ဆစ်တော်လှန်ရေး အကြို လျှို့ဝှက် ပြင်ဆင်မှုများနှင့် ဖက်ဆစ်တော်လှန်ရေးကာလအတွင်း သက်စွန့် ဆံဖျားလွတ်လပ်ရေးကြိုးပမ်းမှုကဏ္ဍများကို ဆက်လက်၍ မှတ်တမ်းတင်ရန် များစွာ ကျန်နေပါသေးသည်။

အညတြရဲဘော်

★

ဆောင်းပါးရှင် '**အညတြရဲဘော်**' မှာ နယ်ချဲ့ဆန့်ကျင်ရေး ၁၃၀၀ ပြည့် အရေးတော်ပုံတွင် ထားဝယ်ခရိုင် ဒို့ဗမာအစည်းအရုံး၏ တွဲဖက်အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ဒို့ဗမာအစည်းအရုံး ထိပ်တန်းခေါင်းဆောင်အချို့နှင့် ရဲဘော်သုံးကိုပ်ဝင် အချို့အား ယိုးဒယားသို့ ပို့ပေးရေးနှင့် မြန်မာပြည်တွင်းရှိ ဗမာ့ထွက်ရပ်ဂိုဏ်းနှင့် လျှို့ဝှက်ဆက်သွယ်ရေး တာဝန်များကို ထမ်းဆောင်ခဲ့သည်။

ရဲဘော်သုံးကိုပ်ဝင်များ ထားဝယ်သို့ ဝင်ရောက်လာပြီးနောက် ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) ဖွဲ့စည်းရာတွင် ပထမဆုံး တပ်မှူးအဖြစ် ခန့်အပ်ခံခဲ့ရသူဖြစ်သည်။

ဘီအိုင်အေ ဖျက်သိမ်းပြီးနောက် ဗမာ့ ကာကွယ်ရေးတပ်မတော် (ဘီဒီအေ) တွင် ဗဟိုချုပ်ကူစစ်ရုံးချုပ်ဦးဌာနကြီးမှူးအဖြစ်လည်းကောင်း၊ တပ်ရင်း (၃) တပ်ရေးချုပ်အဖြစ်လည်းကောင်း၊ အနောက်မြောက်တိုင်း ဒုတိုင်းမှူးနှင့် တိုင်းမှူးအဖြစ်လည်းကောင်း၊ ထမ်းဆောင်ခဲ့သည်။

ဖက်ဆစ်တော်လှန်ရေးကာလ ဗမာ့မျိုးချစ်တပ်မတော် (ပီဘီအက်ဖ်) တိုင်းအမှတ် (၅) တနင်္သာရီတိုင်း တိုင်းမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဖက်ဆစ်တော်လှန်ရေးပြီးသည့်နောက် တပ်မတော်မှ အငြိမ်းစားယူခဲ့သည်။

တာဝန်ခံစာတည်း

★ စာမျက်နှာ (၉၇) မှ

ဒေသဠ် နယ်ချဲ့ဆန့်ကျင်ရေး စည်းရုံးမှု ကိစ္စများကို ဆက်လက် ဆောင်ရွက်လျက် ရှိလေသည်။

ဗထူး၏ စည်းရုံး လှုပ်ရှားမှုသည် ၁၉၄၂ ခုနှစ် နယ်ချဲ့တော်လှန်ရေးတိုက်ပွဲအတွက်တပ်သားကောင်း များရရှိရန် အလုပ်သမားများ၏ အသဲနှလုံးတွင်တန် ဘိုးမဖြတ်နိုင်သော တော်လှန်ရေး စိတ်ဓာတ် များ ကို သန္ဓေတည်စေခဲ့သည်။

ဗထူး။ ဗမာ့တော်လှန်ရေး အာဇာနည် ဗထူး။ အလုပ် သမား ခေါင်းဆောင် ဗထူး။ တိုင်းပြည်နှင့်လူ မျိုးအတွက် အသက်စွန့်၍ တိုက်ပွဲဝင်ခဲ့သော ဗိုလ်မှူး ကြီး ဗထူးသည် ဘယ်တော့မှ မသေ။ခေတ်အဆက် ဆက်တွင် သမိုင်းဝင် ပုဂ္ဂိုလ်ကြီးတဦးအဖြစ်အသက် ရှည် ကျော် ကြား လျက် ရှိနေပေဦး မည် ဖြစ် ပေ သည်။

မောင်လေးနီ (ထားဝယ်) ☆

(ဤဆောင်းပါး အတွက် ဗိုလ်မှူးကြီး ဗထူး၏ ယောက်ဖဖြစ်သူ ဦးစိန်လင်းနှင့် တူမ ဖြစ်သူ မချိချိ ဝင်းတို့က လိုအပ်သော အချက် အလက် များကို စုဆောင်း ပေးပါသည်။ ။ စာရေးသူ)

● စာမျက်နှာ (၁၀၄) မှ

ကျွန်တော်တို့ ဘီအိုင်အေတပ်ကြီးမှာ 'တနေ့တလံ ပုဂံဘယ်ပြေးမလဲ'ဟူသော တို့ဗမာ အစည်း အရုံး၏ ကြွေးကြော်သံနှင့်အညီတရက်ပြီးတရက် ချီတက်လာ ခဲ့ကြရာသရက်မှရေပွက်၊မိုးနှုတ်ကုန်း၊ ရေနံမ၊မင်းလှ၊ မင်းဘူး၊စကု၊ပွင့်ဖြူ၊ စလင်း၊ ဆင်ဖြူကျွန်း၊ ဆီးဖြူပင်၊ ဆိတ်ဖြူ၊ရေနံကျတ်၊မြစ်ခြေ၊ သမားတော်၊သံပုရာအိုင်၊ ဝါးရင်းချိုက်၊ မြိုင်၊ လင်းကတော၊ပုလဲ၊ ယင်းမာ၊ ကပိုင်၊ကနီစသည်ဖြင့် တရွာပြီး တရွာ တမြို့ပြီး တမြို့ ဖြတ်သန်း လာခဲ့ ကြပြီး ရောဝတီ မှ ချင်းတွင်းသို့ပင် ရောက်ရှိ လာလေသည်။

ကျွန်တော်တို့ဘီအိုင်အေတပ်ကြီးဖြတ်သန်းချီတက် လာခဲ့ကြသည့် လမ်းတလျှောက်လုံးတွင် ကျွန်တော် တို့ကိုမကြိုဆိုသည့်မြို့ မကြိုဆိုသည့်ရွာဟူ၍ လုံးဝမရှိ။ မြို့တိုင်း ရွာတိုင်းက ကျွန်တော်တို့ ချီတက် လာမည့် သတင်းကိုမျှော်ကြသည်၊စောင့်ကြသည်။ အကြိုတော် ထောက်ကြသည်။ ပြီးတော့ ခမ်း နား ကြီးကျယ် စွာ ကြိုဆိုကြသည်။ ဤသည်မှာ ကျွန်တော်တို့မြန်မာတွေ လွတ်လပ်ရေးကို မည်မျှတောင်းတလျက် ရှိကြောင်း ထင်ရှားစွာ ဖော်ပြနေခြင်းပင် ဖြစ်သည်။

တခါတွင်မူ ချင်းတွင်းမြစ် အနောက်ဖက် ကမ်းမှ ကနီမြို့အနီးရှိ ကျေးရွာလေးတရွာတွင် သုံးရောင်ချယ် အလံများကို လိမ်လည်လွှင့်ထူ၍ ရောဝတီ သင်္ဘော များဖြင့် အောက်မှအထက်သို့ ပုံမှားရိုက်ကာ ဆုတ် ပြေး လာ သော ဗြိတိသျှ တပ် ကြီး ကို ကျွန်တော်တို့ ဘီအိုင်အေ ထင်မှတ်၍ ကမ်းလုံး ညွှတ်မျှ ဝမ်းသာ အားရကြိုဆိုကြ၏။ ဗြိတိသျှ တပ်ကြီးက ယင်းရွာကို ဗိုင်းလျက်စက်သေနတ်များဖြင့် ပစ်ခတ်ပြီး မီးလောင် တိုက်သွင်းခြင်းကိုခံလိုက်ရသဖြင့် တရွာလုံး သေကျေ ပျက်စီးရသည့်အဖြစ်ဆိုးနှင့် ကြုံခဲ့ရ၏။ လူ တယောက် သာမီးအဟပ်ခံပြီး ဗုံးကျင်းထဲက ထွက်မပြေးဘဲ ပုန်း နေ၍ မသေဘဲကျန်သည်။ ထိုသူအား ကျွန်တော်တို့ ကနီသို့ရောက်သောအခါ တွေ့ရလေရာ သူ့တကိုယ် လုံး မီးလောင်ထားသော ဒဏ်ရာမှာ ရှုရက်စရာမရှိ တော့ပါ။

ကနီမြို့မှတဖန် ချင်းတွင်းမြစ် အရှေ့ဖက်သို့ ကူးပြီး ညောင်ကန်၊ ဘုတလင်၊ ကန့်ဘလူ၊ ကျွန်းလှ၊ကော လင်းတို့သို့ ကျွန်တော်တို့ ချီတက်ခဲ့ကြရ ပြန်သည်။ ရေဦးတွင် ဘီအိုင်အေ တပ်ကြီး တထောက် နားစဉ် ကျွန်တော်တို့ထားဝယ်သားစစ်ဗိုလ်များသည် ရွှေဘို သို့သွား၍ အလောင်းမင်းတရားကြီး သင်းချိုင်းကုန်း ကိုလည်း ဦးညွှတ်ခဲ့ကြသည်။ ဥအောင်မြေ ကိုလည်း နင်းခဲ့ကြသည်။

ရွှေဘိုတွင် ထောင်ကြီးကိုဖုံးချ၍ ဥထောင်မှ လွတ် မြောက်ခဲ့ကြသော ကျွန်တော် တို့၏ အစ်ကို စာရေး ဆရာ ထားဝယ်ကျော်မင်းအပါအဝင်'သုံးထောင်စိ'

ထားဝယ်သခင်ကြီးများကို ဆိတ်ခွန်ရွာတွင် တွေ့ဆုံ နှုတ်ဆက် ကြရသည်။

သုံးထောင်စံ ထားဝယ်သခင်ကြီးများက သူတို့ပါ ဘီအိုင်အေထဲဝင်ပြီး ကျွန်တော်တို့နှင့်အတူ အင်္ဂလိပ်တွေကို လိုက်တိုက် ချင်သည်ဟု အရေး ဆိုကြသည်။ ကျွန်တော်တို့ကယခုအခါရန်သူများမှာ တပြေးတည်း ပြေးနေပြီဖြစ်ကြောင်း၊ ရန်သူ များကို ကျွန်တော်တို့ ဆက်တိုက်သွားမည်ဖြစ်ကြောင်း၊သို့သော်ထားဝယ်မြို့ကြီးမှာအင်္ဂလိပ်အပြေးတွင် မီးတင်ရှို့ခြင်းကို ခံခဲ့ရ၍ မီးလောင်ပြင်ကြီးဖြစ်နေကြောင်း၊ သို့ဖြစ်၍ ထားဝယ်သို့ ရောက် အောင်ပြန်ကြပြီး ပြန်လည် ထူထောင်ရေး လုပ်ကြပါရန် အတန်တန်တောင်းပန် ခဲ့ကြရပေသည်။

ကောလင်းသို့ ရောက်သော အခါ ကျွန်တော်တို့ တပ်ဗိုလ်များသည်ဗြိတိသျှကိုသူ့ကျွန်မခံ ဒူးမထောက်ဘဲ ရဲရဲတောက် တော်လှန် ခဲ့သည့် တော်လှန်ရေး သမားကြီး ဦးအောင်မြတ်၏ နေအိမ်သို့ သွားရောက်ကြကာ အလေးပြုခဲ့ ကြရ ပေသည်။ ဦးအောင်မြတ် ကိုင်စွဲခဲ့သော လှံကြီးကိုလည်း ကိုင်စွဲ ကြည့်ခဲ့ရသည်။ ဦးအောင်မြတ် ကုလားဖြူ တပ်တွေကို ခုတ်ခဲ့သော ငှက်ကြီးတောင် ဓါးကြီးကိုလည်း ဆုပ်ကြည့် ခဲ့ရလေသည်။

ကျွန်တော် တို့က ကျွန်တော် တို့၏အိတ်ကပ်ထဲမှ ရှိစုမဲ့စု ပိုက်ဆံများကိုစုပြီး ဦးအောင်မြတ်အား ကန်တော့ ကြသော အခါ ဝမ်းနည်း ဝမ်းသာ ဖြစ်ကာ တုံရီသောလက်ဖြင့်လက်ခံရှာပါသည်။ ဦးအောင်မြတ်က ကျွန်တော်တို့အား ပေးလိုက်သည့် ဆုကတော့ 'စစ်ဗိုလ်ကလေး တို့လည်း ဘဘကြီး တို့ရဲ့ ခြေရာကို နင်းနိုင်ကြပါစေကွယ်'ဟူ၍ပင် ဖြစ်ပါတော့သည်။

ကျွန်တော်တို့ ဘီအိုင်အေ တပ်ကြီးသည် ကောလင်းမှ တဖန် အထက်သို့ တက်ကြရပြန်သော် ကောလင်းမှဝန်းသို၊ဝန်းသိုမှ ပင်လယ်ဘူး၊ ပင်လယ်ဘူးမှ မဲဇာ ၊အင်းတော်၊ နဘား၊ မိုးညှင်း၊ မိုးကောင်းသို့ ရောက်ကြရ ပြန်သည်။ မဲဇာကို ဖြတ်ကျော် ရသော အခါ မိုးတွင်းရောက်နေပြီဖြစ်၍ မိုးတိမ်တွေ ကလည်း အုံ့ဆိုင်း နေ၏။ တောင် ခိုး တွေ က လည်း ညိုမှိုင်း နေ၏။ ဈော တောင် တွေ က လည်း ထူထပ် လှပြီး ရာသီဥတုကလည်း ချမ်းအေး လှပါသည်။ မဲဇာမြစ်ကလေးသည် တောကြားတောင်ကြားထဲမှ ကွေ့ကာဝိုက်ကာ ပတ်ကာဖြင့် တိတ် ဆိတ် စွာ တ သွင် သွင် စီးဆင်းနေသည်ကို တွေ့ကြရသည်။ ထိုအခါ–

'မဲဇာတောင်ခြေ၊ စီးထွေထွေတည့်၊ မြစ်ရေဝန်းလည်၊ မြိုင်တောဆီက၊ ရွှေပြည် ကိုသာ၊
တရှာတော့မိ၊ မိုးရှိရှိလျှင်....'

အစချီသည့်ရတုကို စပ်ဆိုခဲ့သောမင်းပြစ်မင်းဒဏ်ဖြင့်မဲဇာသို့ပို့ခံခဲ့ရသည့် လက်ဝဲသုန္ဒရ အမတ်ကြီးကို သတိရမိသည်။

ကျွန်တော်တို့ မိုးကောင်းမြို့သို့ ရောက်သောအခါ မိုးကောင်းမြို့ဆိုသည့်အတိုင်း ထားဝယ်မှာ ကဲ့သို့ပင် မိုးအလွန် ကောင်းနေလေပြီ။

ကျွန်တော်တို့ တပ်ကြီးသည် ဟူးကောင်းတောင်ကြားကို ပိတ်ဆို့ရန် တာဝန်ကျသဖြင့် မိုးကောင်းမှ တဆင့် ကာမိုင်းကိုဖြတ်၍ ဟူးကောင်း ချိုင့်ဝှမ်းထဲသို့ ဝင်ခဲ့ ကြရ လေ သည်။ ထို ခရီးကား ကျွန်တော်တို့ ချီတက်ကြရသည့် လမ်း ခရီး တ လျှောက် လုံးတွင် အဆိုးရွားဆုံး စစ်ခရီးကြမ်းကြီးပင် ဖြစ်တော့၏။

ကျွန်တော် တို့တွင် ဆေးဝါး လည်း မပါ၊ ဆေးတပ်ဖွဲ့ ဟူ၍လည်း မယ်မယ်ရရ မရှိ သဖြင့် ဖျားကြနာကြသောရဲဘော်များကိုပြုစုကုသရန် ကျွန်တော်တို့ မည်သို့မျှ မတတ်နိုင်ကြပါ။ လမ်း တွင် တွေ့ရသော ရွာကလေးများ၌ရွာသူရွာသားများအပေါ် အားကိုးတကြီးဖြင့် လူနာ ရဲဘော် များကို အပ်နှံ ခဲ့ကြရပြီး ရှေ့သို့သာဆက်၍ဆက်၍ ချီတက်ခဲ့ကြရသည်။

ထိုလူနာရဲဘော်များမှာ ဝေဒနာပျောက်ကင်းပြီး ကိုယ့်မြို့ကိုယ့်ရွာများသို့ ပြန်ရောက် ကြသလော။ သို့တည်း မဟုတ် အပ်နှံထားခဲ့ရာ ရပ်ရွာ များမှာပင် သေဆုံးကြသလောဟု ယခုအခါ တတ်အပ် မပြောနိုင်ပါ။

ကျွန်တော်တို့မျက်စိအောက်တွင် ကျဆုံးခဲ့ကြသည့် ရဲဘော်များကို နောင်အခါ အာဇာနည် ဗိမာန်တွင် ထားပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် သူတို့၏ညာဘက်လက်ညှိုး တချောင်းစီကို ဖြတ်ယူ၍ အလောင်းများကို မြေမြှုပ် သင်္ဂြိုလ်ခဲ့ကြရပေသည်။

ကျွန်တော်တို့သည် လားဝန်တင်လမ်းများ ရှိလျှင် လားဝန်တင်လမ်းအတိုင်း ချီတက် ကြရသည်။ တခါ တရံ တောင်ကမ်းပါးရံ ကြီးများကို ပတ်ပြီး သွားကြ ရသည်။ တခါတရံ ချောက်ကမ်းပါးကြီး များ ထဲသို့ ဆင်းပြီးသွားရသည်။ တခါတရံ တောင်ကျ ချောင်း ရိုးအတိုင်း လိုက်ကြရသည်။

တောင်ကြီး များမှာ မြင့်မားလှပြီး ချောက်ကမ်း ပါးကြီး များမှာလည်း နက်ရှိုင်း လှ၍ ချောင်းရေစီး များကလည်း သန်လှပေရာ ရဲဘော်များမှာ ထမ်းပိုး လာခဲ့ကြသည့် ကျည်ဆံ ဗုံးဆံများကို မထမ်းပိုးနိုင်ကြ တော့ပါ။ တပ်မိုလ် များ မသိအောင် တိတ် တဆိတ် လွှင့်ပစ်ကြသည့် ရဲဘော်များလည်း ရှိကြသဖြင့် ထိုသို့ ပြုလုပ်လျှင် ပစ် သတ် မည် ဟု အမိန့် ထုတ်ထားရ ပါသည်။

ကျည်ဆံဆိုသည်မှာ စစ်သားအတွက် အရေးကြီး ဆုံးပစ္စည်းဖြစ်၏။ ကျည်ဆံမရှိလျှင် သေနတ်ကြီးတွေ ဘယ်လောက် များ များ၊ စိန်ပြောင်းကြီးတွေ ဘယ် လောက်ကောင်းကောင်း အချီးနှီးပင်ဖြစ်၍ စစ်သား များအတွက်အရေးကြီးဆုံးပစ္စည်းကို လွှင့်ပစ်ကြသည် အထိဖြစ်ရသည်ဆိုပါလျှင် ရဲဘော်များ မည်မျှ ပင်ပန်း လျက် ရှိနေပြီဖြစ်သည်ကို မှန်းဆနိုင်လောက် ကြပေ သည်။

ဟူးကောင်းချိုင့်ဝှမ်း တောကြီးများမှာ အလွန်ပင် နက်လှ၍ ကျားနှင့်ဝံ အလွန်ပင် ပေါ၏။ မြွေပြောင်နှင့် ဆင်ရိုင်းများလည်း ရှိသည်။ ကျွန်တော်တို့ တပ်များ မှာ ရန်သူ နယ်မြေအတွင်း ရောက် ရှိ နေကြ သဖြင့် သေနတ် သံ မထွက် စေရန် အလွန် အရေး ကြီး၏။ သို့ဖြစ်၍ တောကောင်များ အန္တရာယ်ပြုလျှင် လှံစွပ် နှင့်သာ အကာ အကွယ်ပြုရန် အမိန့် ပေး ထား ၏။ သို့ဖြစ်ရာ ညညကင်းစောင့်တာဝန်ကျသော ရဲဘော် အချို့မှာ မကြာ ခဏ ကျားဆွဲ ခံရ သဖြင့် ပျောက် ပျောက် သွားရလေသည်။

ဟူးကောင်းဒေသတွင်မိုးကလည်း အဆက်မပြတ် ရွာပါသည်။ချမ်းကလည်း အလွန်ပင်ချမ်းလှပါသည်။ မြေကြီးတွေ ကလည်း စိုရွှဲ နေသဖြင့် မီးကလည်းမွှိ၍ မတောက်ပါ။ မဲဇာထက် ဆယ်ဆမကပို၍ဆိုးသေး သည်ဟု ဆိုချင်ပါသည်။ တပ်စခန်း ချလျှင် ရဲဘော် များမှာ သစ်ခက်မိုးပြီး သည်အတိုင်း ငုတ်တုတ်ထိုင် ကွေးနေရသည်။ လဲစရာလည်း အဝတ်မရှိ၊ထွေးစရာ လည်း စောင်မရှိ၊ လျှော်စရာလည်း အခင်းမရှိ၊ တကိုယ်လုံးစိုရွှဲနေကြသော ရဲဘော်များမှာ အအေး မိပြီး ဖျားကြ တော့သည်။

ဟူးကောင်း ချိုင့်ဝှမ်းငှက်ဖျားကား မနက်မှာဖျား လျှင် ညမှာသေ။ ညမှာ ဖျားလျှင် မနက်မှာ သေ။ နေ့ကူးမခံ အလွန်မြန်၏။ အကယ်၍ မသေ ပါလျှင် ရူး၏။ မရူးလျှင်လည်းဝ၍ ကျန်ရစ်ခဲ့ပါတော့သည်။ သို့သော်ငှက်ဖျားဝင်ပြီဆိုလျှင် သေဆုံး ရသူတွေသာ များသည်။

ကျွန်တော်တို့သည် ငှက်ဖျားဒဏ်ကိုမည်သို့မျှ ခုခံ ကာကွယ် နိုင်စွမ်း မရှိကြလေရာ သေမင်း ခေါ်မည့် အလှည့်ကိုသာ စောင့်နေကြရသလို ဖြစ်နေကြရတော့ သည်။ ကျွန်တော်လည်း ဟူးကောင်း ငှက်ဖျား မိ သွားသေး၏။ မသေ၍ မရူး၍ ဝပြီးကျန်ရစ်ခဲ့၏။

ငှက်ဖျားမိပြီးစိတ်ချောက်ချား သွားသည့် ရဲဘော် များမှာ ညဘက်အလစ်တွင် ထွက်ထွက် သွားတတ် ကြ၍ ထွက်မသွားရအောင် စောင့်ကြပ် ရသည်ကပင် တာဝန်ကြီးတခုဖြစ်နေပေသည်။ သည်ကြားထဲ ကပင် ရဲဘော်များပျောက်သွားတတ်ရာ သူတို့အား လိုက်လံ ရှာဖွေ သောအခါ မတွေ့ရတော့ပါ။

ကျွန်တော်တို့သည် ရိက္ခာ ပြတ်လာသော အခါ၌ ငှက်ပျောသီးများကို ခူးစား ကြရ၏။ တောငှက်ပျော အူများကို ခွာစား ကြရ၏။ စားကောင်းမည် ထင်ရ သောသစ်သီးသစ်ဖုသစ်မြစ်များကို ပြုတ်စား ဖုတ်စား ကြရ၏။

ကျွန်တော်တို့အတွက် နေ့စဉ် အလုံအလောက်ရရှိ သော အစား အစာမှာ ပေါ်များလှ သည့် ဝါးမြစ် များပင် ဖြစ်တော့သည်။ ကျွန်တော်တို့သည် ရရာကို စားသောက်ကြရသောအခါ ရဲဘော်များမှာ ငှက်ဖျား ရောဂါအပြင် ဝမ်းကိုက်ရောဂါ၊ ဝမ်းလျော ရောဂါ များထပ်ဆင့် ဖိစီးခြင်းကို ခံခဲ့ကြရ ပြန်သည်။

ကျွန်တော်တို့သည် လူနာရဲဘော်များကို ထမ်းစင် များပြုလုပ်၍ သယ်ဆောင် ကြရ၏။ တပ် ရပ်နား၍

ထမ်းစင်ချလိုက်သောအခါမှ အသက်ပျောက်နေမှန်း သိရသူတွေလည်း ရှိ၏။ အချို့ အလောင်းများမှာ မကြည့်ရက်စရာ တကိုယ်လုံး တောင့်တင်း လျက် ကိုယ်အောက် တပိုင်းလုံး မစင်များ ပေကျံ လျက် လက်နှစ်ဖက်တွင်လည်း မျှစ်စို့ကိုဆုပ်လျက်၊ ပါးစပ် ထဲတွင်လည်း မျှစ်ပြုတ်ကို ကိုက်လျက်နှင့်။

ကျွန်တော်တို့ချီတက်ခဲ့ရသည့် ဟူးကောင်းချိုင့်ဝှမ်း ကား ရိက္ခာဆေးဝါးစစ်ပစ္စည်းကိရိယာ အစုံအလင် ပါရှိသည့် ဂျပန် စစ်တပ်များပင် မချီနိုင်၍ ဆုတ်လာ ခဲ့ကြသော နေရာပင်ဖြစ်၏။ တပ်ဆုတ် လာကြသော ဂျပန်များနှင့်ကျွန်တော်တို့ ဟူးကောင်း ချိုင့်ဝှမ်းအနီး တောင်ကြီး တတောင် ပေါ်တွင် သူတို့က အဆင်း ကျွန်တော်တို့က အတက် ဆုံခဲ့ကြသေး၏။ တောင်ခိုး တွေက ပိန်းပိတ်နေသဖြင့် တဖက်နှင့် တဖက် ရန်သူ ထင်မှတ်ပြီး ပစ်ခတ်ကြရာ တော်တော် ကလေးကြာမျှ တိုက်ပွဲ ဖြစ်ခဲ့ရသေးသည်။

ဟူးကောင်း ချိုင့်ဝှမ်းအတွင်း ဂျပန်စစ်သားတွေ မည်မျှသေဆုံးခဲ့ကြသည်ကိုတော့မသိ။ ကျွန်တော်တို့ ဟူးကောင်း ချိုင့်ဝှမ်း အတွင်းသို့ ရောက်ရှိကြသော အခါသေဆုံးခဲ့ကြသော ရဲဘော်များ၏ ညာလက်ညှိုး များကိုဖြတ်ယူပြီး လည်ပင်းတွင်ကြိုးဖြင့် ဆွဲခဲ့ကြသည့် ကျွန်တော်တို့တတွေမှာ ခေတ်သစ် အင်္ဂုလိမာလများ ဖြစ်နေကြတော့သည့်။ ထိုလက်ညှိုးတွေ ခြောက်သွား ရအောင် တပ်နားသောအခါတိုင်း မီးဖိုပြီးကြပ်တင် ကြရသေးသည်။

ကျွန်တော် တို့သည် ကာမိုင်း မြို့မှ ထွက်လာပြီး နောက် မိုး ကောင်း ချောင်း အတိုင်း အထက် သို့ မှန်းဆပြီး ချီတက်လာခဲ့ကြသဖြင့် မိုးကောင်း ချောင်း များဆုံးသွားသောနေရာ၌ တောကြီး မျက်မဲ ထဲတွင် တဝဲလယ်လယ်နှင့် ဖြစ်နေခဲ့ရသည်။

ကျွန်တော်တို့တွင်စစ်သုံးမြေပုံကလည်းမရှိ၊ စစ်သုံး အိမ်မြှောင်လည်းမပါ၊ စစ်သုံးဆက်သွယ်ရေးကိရိယာ လည်းနတ္ထိဖြစ်၍ ကျွန်တော်တို့ ဘယ်နေရာရောက်နေ သည်ကိုပင် မှန်းဆ၍မရ။ ထိုအချိန်တွင် ကျွန်တော် တို့သည် တပ်မကြီး နှင့်လည်း အဆက်အသွယ် ပြတ် နေသည်။ တလောကလုံးလည်း အဆက် အသွယ် ပြတ်နေပြီ ဖြစ်သည်။

သို့သော်ကျွန်တော်တို့တပ်သည် သေမင်းနှင့်တော့ ကောင်းကောင်းကြီး အဆက် အသွယ် ရနေသည်။ သေမင်းရှိရာသို့သာ တိုး၍တိုး၍ သွားနေကြရသည်။ သို့ဖြစ်၍ ဟူးကောင်း ချိုင့်ဝှမ်းကြီးကို ‘သေမင်းတမန် ချိုင့်ဝှမ်း’ဟုထိုစဉ်က ကျွန်တော်တို့ အမည် ပေးခဲ့ကြ ပါသည်။

မဟာမိတ်တပ်များ ပြန်လည်၍ ထိုးစစ် ဆင်လာ သော အချိန် တွင်လည်း ဟူးကောင်း ချိုင့်ဝှမ်း ထဲ၌ ကျွန်တော်တို့ကဲ့သို့ပင် အများ အပြား သေဆုံးခဲ့ကြ ရသဖြင့် ထိုနေရာကို ‘သေမင်းနိုင်ငံ၏တံခါးဝ’ဟူ၍ အမည်မှည့်ခဲ့ ကြလေသည်။

ဆိုးရွားလှသောအခြေအနေကြောင့် ရဲဘော်များ စိတ်ဓာတ်ပျက်ပြားလျက်ရှိသည့်အတွက် ကျွန်တော်တို့ ဗိုလ်များက ရဲဘော် များကို အား ပေး ကြရသည်။ သို့သော် ကျွန်တော်ကိုယ်တိုင် မှာလည်း အားလျော့ နေပြီဖြစ်သည်။

ကျွန်တော်တို့သည်ရေစီးအလွန်သန်သော ချောင်း ကြီးတချောင်းသို့ရောက်လာ၏။ ထိုအခါ ကျွန်တော် တို့ ဗိုလ်ချင်းချင်း တိုင်ပင် ကြပြီး ထို ချောင်းမှ မျော ဆင်းကြရန် ဆုံးဖြတ်ကြသည်။ ထို ချောင်း အ တိုင်း မျောဆင်းပြီးလိုက်သွားကြလျှင်တနေရာ၌ ရွာကိုတော့ တွေ့ရမည်ဟု မျော်လင့် ကြသည်။

ထိုကြောင့် ဖေါင်ငယ်ကလေးများဖွဲ့၍ လက်နက် နှင့်ပစ္စည်းများတင်ပြီး မျောဆင်း ကြသည်။ လူတွေ ကတော့ဖေါင်ကို တွယ်ပြီး လိုက်ကြရသည်။ တောင် ကျချောင်းဖြစ်၍ကျောက်တုံးကျောက်ခဲတွေက အလွန် များပြားလှသဖြင့် ဖေါင်ကိုတွယ်ပြီး လိုက်ရသည်မှာ မသက်သာလှပါ။ ချောင်းရေကနက်လာပြီး ကျောက် တုံးကျောက်ခဲတွေ နည်းလာသောအခါ လူစီးနိုင်မည့် ဖေါင် ကလေးများကို ဖွဲ့ကြရသည်။ တဖောင်လျှင် လေးငါး ခြောက်ယောက်ကြ စီးပြီး စုန် ဆင်း ကြ ရ သဖြင့် ဖောင်ကိုတွယ်ပြီး လိုက်ကြရသည်ထက် သက် သာလာ သည်။ သို့သော် ရေစီး က တော့ သန်မြ သန်လျက်ရှိပြီးရေတံခွန်များ၊ ဝဲများ၊ ကျောက်ဆောင်

များပေါ်များလှ၍ အချို့မှာ ဝဲတွင်လည်ပြီး ကျန်ရစ်ခဲ့သည်။ အချို့မှာ ကျောက် ဆောင် နှင့် တိုက်မိ၍ ဖောင်များ ကွဲပျက်ကြရသည်။ 'ရေမကူး နိုင် သော ရဲဘော်အချို့မှာ သေဆုံးကြရသည်။

ကိုယ့်ဖောင်မမှောက်အောင် ကိုယ်ဂရုစိုက်နေကြရသဖြင့် သူ့ဖောင်ကိုလည်း ငါမကယ်နိုင်။ ငါ့ဖောင်ကိုလည်းသူမကယ်နိုင်ဖြစ်ကာ အော်ဟစ် အကူအညီတောင်းနေသည်ကိုငေးကြည့်ပြီး ရေစီးတွင် အရှိန်နှင့် မျောပါလာခဲ့ကြသည်။ ဤနည်း ဤပုံဖြင့် ကျွန်တော်တို့သည် ထိုချောင်းအတိုင်း ဆက်၍ စုန်ဆင်း လာခဲ့ကြရာ ကမ်ဗီ ရွာကလေးကို ရောက်ကြတော့မှ ကျွန်တော်တို့ စုန် ဆင်း ခဲ့ကြသောချောင်းသည် ချင်းတွင်းမြစ် လက်တက် တခု ဖြစ်သော ဥရုမြစ် မြင်ဖျားမှန်း ကျွန်တော်တို့ သိကြရသည်။

ကမ်ဗီရွာတွင်ရွာသားများ၏ အကူအညီဖြင့် ပိုမိုကောင်းမွန် ခိုင်ခံ့သည့် ဖောင်များကို ထပ်မံ ဖွဲ့ကာ တရက်ပြီးတရက် ဆက်လက်ပြီး စုန်ဆင်း လာကြရာ လုံးခင်း၊ တောမှော်၊ တောင်ပါး၊ ရွှေတွင်း စသည့် ရွာများကို ရောက်လာ တော့သည်။

ထိုရွာများမှရိက္ခာအကူအညီ၊ ဆေးဝါးအကူအညီများကိုရရှိသဖြင့် ရွှေတွင်းရွာသို့ ရောက်ရှိသောအခါ ကျွန်တော်တို့ ရဲဘော် များ အခြေ အနေ ပြန်လည် ကောင်းမွန် လာပါသည်။

သို့ဖြစ်၍ ကျွန်တော်တို့ တပ်ဖွဲ့သည် ဖောင်များနှင့် ဆက်ပြီး မစုန်ဆင်းတော့ဘဲလမ်းပြများ၏ အကူအညီဖြင့် တမိန်တောင်တန်းကို ဖြတ်ကျော် ချီတက်ခဲ့ကြသည်။ ထိုအခါ ဟုမ္မလင်း အထက်ဖက်တွင် ရှိသော ချင်းတွင်းမြစ် ကမ်းနဖူး ပေါ်မှ မောင်းခန်း ရွာသို့ ရောက်ကြသည်။

တရွာတွင်တပ်စခန်းချထားပြီး ရဲဘော်များအား ပတ်ဝန်းကျင်သတင်းထောက်လှမ်းရန် ကင်းထောက်များစေလွှတ်သောအခါ လူသူ ကင်းမဲ့လျက် ရှိသည့် ဟုမ္မလင်းမြို့မှဆေးဝါးအဝတ်အစားနှင့် ရိက္ခာများကို ပုံသကူရရှိလာကြ၍ကျွန်တော်တို့ အတော်ပင် ဟန်ကျသွားကြသည်။

သို့နှင့်လုံးတွင်းလေငယ်ကလေးများဖြင့် ချင်းတွင်းမြစ်ဖျားမှ 'သေမင်းတမန်ချိုင့်ဝှမ်း'သို့ ထပ်မံချီတက်ကြပြန်သည်။

သို့သော်ချင်းတွင်းမြစ်ဖျားသို့ရောက်လာ လေလေ ရေစီးသန်လာလေလေ၊ ရာသီဥတု ဆိုးဝါးလာလေလေ ဖြစ်နေ တော့သည်။ မိုးကလည်း နေ့ရောညပါ အဆက်မပြတ် သည်းထန်စွာရွာနေသဖြင့် တပတ်လုံးကြာမှ နေကို တခါမမြင်ရ။

သို့ဖြစ်၍ကျွန်တော်တို့တပ်ခွဲသည် ချင်းတွင်းမြစ်၏ မြစ်ဖျားခံရာ ဒေသ ဖြစ်သော ဟူး ကောင်း ချိုင့်ဝှမ်းထဲသို့မရောက်နိုင်တော့ဘဲ ထမန်သီနှင့် ဆင်ကလိမ်း၊ ခန္တီးသို့သာ ရောက်နိုင်ကြတော့သည်။

ကျွန်တော်တို့တပ်ဖွဲ့သည် ချင်းတွင်းမြစ်အနောက်ဖက်ကမ်းသို့ကူး၍လည်း ချီတက်ခဲ့ကြသေးသည်။ ရေပေါ်မီးဆိုသော ရွာကလေးသို့ ရောက်ခဲ့၏။ ထိုရေပေါ်မီး ရွာကလေးကား အနော်ရထာ ဘုရင် လက်ထက်က 'အနောက်မြောက်သို့လားသော်ကတူး၊ ငနားကြီး၊ ရေ့တွင် မီးလျှင် အခြားတည်း' ဆိုသည့် နိုင်ငံတော် နယ်နိမိတ်အပိုင်းအခြားဖြစ်သော ရေပေါ်မီး နယ်ခြားပင် ဖြစ်လေရော့သလား မပြောတတ်။ ကျွန်တော်တို့ရှေ့တွင် မြင့်မားလှသော ပတ်ကွိုင်တောင်တန်းကြီးသာ မိုးနှင့်ထိလုမတတ် မားမားကြီး ကာဆီးထားလျက်ရှိနေတော့သည်။

ကျွန်တော်တို့ ရှေ့ဆက်၍ မချီတက်နိုင်တော့သဖြင့် နောက်ကြောင်းပြန်၍ဆုတ်ရန် ဆုံးဖြတ်သည်။ မောင်းခန်းရွာတွင် ကျွန် တော် တို့ ရွာသားများကို တပ်စိပ်တစ်ပ်စီ စီးနိုင်သည့် အနေတော် ဝါးဖောင်ငယ်များဖွဲ့ခိုင်း၏။ သို့သော် ရွာ သား များ က ကျွန်တော်တို့တင်ကြိုးတတပ်လုံး စီးနိုင်အောင်ဆိုပြီး ရောမဝါးဖောင်ကြီးတခုကို တကူးတက အပင်ပန်းခံ၍ ဖွဲ့ပေးကြသည်။

ဝါးဖောင်ကြီး ဖွဲ့ပြီးသွားသောအခါ အလျားက ဝါးပိုးဝါးကြီးငါးပြန် အနံက ဝါးပိုးဝါးကြီး သုံးပြန်ခန့် ရှိလိမ့်မည်။ ထိုဝါးဖောင်ကြီးပေါ်တွင် တပ်စိပ်နေထိုင်ရန် တန်းလျားများ အစီအရီ ထိုးပေးထားသေး၏။ ထို့ပြင် ထမင်းချက်ရန်က မှနေရာသပ်သပ်၊ အခင်းသွားရန်နေရာကသပ်သပ်၊ ဖောင်ကြီး၏အလယ်

ခေါင်မှာတော့ အလံတိုင်ထောင်ထားသည့် တဂ်ဖွဲ့ရုံး နှင့် အခန့်သားဖြစ်၍။

ရွာသားများ စေတနာဗလပွနှင့် စုဆောင်းပေး လိုက်သည့် ရိက္ခာများကလည်း များပြားလှတော့ သည်။ ရွာသူရွာသားများမှာ သူတို့ ‘ဖန်ဆင်း’ ပေး လိုက်သည့် ဧရာမဝါးဖောင်ကြီးကိုကြည့်ပြီး အလွန် ပင် ကျေနပ်လျက်ရှိကြသည်။ သူတို့ကိုကြည့်ပြီး ကျွန်တော်တို့ပါ ကျေနပ်မိကြသည်။

သို့သော်....

ကျွန်တော်တို့က စစ်မျက်စိဖြင့် တပ်ဖြန့်ပြီးစုန်ဆင်း နိုင်အောင် ဖောင်တွေကို သေးသေးဘဲလိုချင်သည်။ ရွာသူရွာသားများကတော့ သူတို့အမြင်ဖြင့် တစု တရုံးတည်း စုန်ဆင်းနိုင်အောင် တခုတည်းသော ဧရာမဖောင်ကြီးကို လုပ်ပေးကြသည်။ သည်တော့ ကျွန်တော်တို့လည်းမတတ်နိုင်ပြီ။ သူတို့၏စေတနာကို လေးစားသောအားဖြင့် သည်ဧရာမဖောင်ကြီးဖြင့်ပင် စုန်ဆင်း လာကြရပေသည်။

ဖောင်ကြီးမှာ ကြီးမားလွန်း၍ ရပ်ချင်တိုင်းလည်း ရပ်၍မရ၊ သွားချင်တိုင်းလည်း သွား၍မလွယ်၊ ထိန်း ရပဲ့ရ အလွန်ခက်လှသဖြင့် မြစ်လယ်ကြောမှသာ မျောချကြတော့သည်။

သို့နှင့် သောင်ဒွတ်သို့ရောက်သောအခါ ထိုဖောင် ကြီးကို စွန့်လိုက်ရပြီး ပိန်းကောလှေကြီးများဖြင့် တပ် စုအလိုက် စုန်ဆင်းကြရတော့သည်။ ကျွန်တော်တို့ ချင်းတွင်းအတိုင်း ဆက်ပြီးစုန်ဆင်းလာကြရာ ဖောင်း ပြင်၊ စစ်တောင်း၊ ပန်းသာ၊ ကင်းတပ် စသည့်မြို့ ကလေးများကို ဖြတ်ကျော်ခဲ့ပြီး မော်လိုက်မြို့သို့ ရောက် ရှိလာကြသည်။

မော်လိုက်မှတဖန် အောက်သို့ဆက်ပြီး စုန်ဆင်း လာကြသောအခါ ကလေးဝသို့ ရောက်လာသည်။ ကလေးဝသို့ရောက်ချိန်တွင် ကလေးဝတွင်ရှိနေသော ဂျပန်တပ်များက ကျွန်တော်တို့အား အင်္ဂလိပ်စစ်တပ် များစုန်ဆင်းလာကြပြီ အထင်နှင့် ပစ်ခတ်ကြတော့ သည်။

ကျွန်တော်တို့မှာ နူရာဝဲစွဲ လဲရာသူခိုးထောင်းဖြစ် နေကြရတော့သည်။ ကျွန်တော်တို့သည် နာမည်ကျော် ဝဲကြီးများဖြစ်သည့် ပေဝဲ၊ ရွှေစာရေးဝဲများကို ဖြတ် သန်းလာခဲ့ကြရသည်။ ကျွန်တော်တို့ ရဲဘော်များမှာ အောက်သားများပီပီ ရေကို နိုင်နင်းကြသူများ ဖြစ်၍ သာ ဘေးမတွေ့ဘဲ စုန်ဆင်းလာနိုင်ခဲ့ကြသည်။

ကလေးဝမှ ချောင်းဝ၊ မင်းကင်း၊ မောက်ကတော်၊ ကင်း၊ ကနီသို့ ရောက်လာပြီး ကနီမှတဖန် အလုံ၊ မုံရွာသို့ရောက်ကြကာ မန္တလေးတွင် ကျွန်တော်တို့ ရပ်နားကြရတော့သည်။

မန္တလေးတွင် အထက်ဗမာပြည်သို့ ချီတက်ခဲ့ကြရ သော ဘီအိုင်အေတပ်များအားလုံး စုရုံးကြရသည်။ မန္တလေးသို့ရောက်သောအခါ တပ်သား ၆၅၀ ပါရှိ သော ကျွန်တော်တို့တပ်မှာ ၆၅ ယောက်သာ ကျန် ပါတော့သည်။ သေဆုံးသူ၊ ဖျားနာ၍ ရောက်ရာအရပ် တွင် ထားရစ်ခဲ့ရသူနှင့် ပျောက်ဆုံးသူများ မည်မျှ ရှိသည်ကို ခန့်မှန်းနိုင်လောက်ပါသည်။

ကျွန်တော်တို့ကဲ့သို့ပင် အခြားဘီအိုင်အေတပ်များ လည်း အတိဒုက္ခများနှင့် ရင်ဆိုင်ခဲ့ကြရမည် ဖြစ်ပါ သည်။ သေဆုံးကြရမည်ဖြစ်ပါသည်။ ကျွန်တော်တို့ ထက် ပိုလျှင်သာပိုကြမည် လျော့မည်ကား မဟုတ်ကြ ပါချေ။

ဘီအိုင်အေခေတ်တွင် ဂျပန်တပ်များ မရောက်ခဲ့ သည့်နေရာ၊ မသွားနိုင်သည့်ဒေသ၊ မချီရဲသည့်အရပ် အများအပြားပင် ရှိခဲ့သည်။ ထိုနေရာ၊ ထိုဒေသ၊ ထို အရပ်များသို့ ဘီအိုင်အေတပ်များကသာ အနစ်နာခံ၊ အသေခံပြီး သွားရောက်ခဲ့ကြရသည်။

သို့ဖြစ်ရာ ဘီအိုင်အေတပ်မတော်ကြီးကို ၁၉၄၂ ခုနှစ်၊ ဇူလိုင်လထဲ၌ ဖျက်သိမ်းလိုက်သောအခါတွင် ထားဝယ်မှ လိုက်ပါလာကြသည့် ဘီအိုင်အေ တပ် သား အမြောက်အများမှာ ထားဝယ်သို့ ပြန်မရောက် ကြတော့ပါ။ သူတို့သည် ဘယ်သောအခါမှလည်း ပြန်ရောက်လာနိုင်ကြတော့မည်မဟုတ်ပါ။

ထားဝယ်သားများသည် ဘီအိုင်အေ ခေတ်တွင် သမိုင်းတင်ခဲ့ကြသည်။ ဘီအိုင်အေတွင် အများဆုံး ပါဝင်ခဲ့ကြပြီး အဝေးဆုံးလည်း ချီတက်ခဲ့ကြ၍ အများ ဆုံးလည်း သေဆုံးခဲ့ကြပါသည်။

ဘီအိုင်အေတပ်များသည် ဖာပွန်တိုက်ပွဲ၊ တာဆုံတိုက်ပွဲ၊ ရွှေတောင်တိုက်ပွဲတို့မှအပ အခြားကြီးကြီးကျယ်ကျယ်တိုက်ပွဲများ မတိုက်ခဲ့ကြရသည်မှာ မှန်ပါ၏။ဗြိတိသျှတပ်များက အတိုက်မခံရအောင် တပြေးတည်းပြေးနေသဖြင့် မတိုက်ခဲ့ရခြင်းသာ ဖြစ်ပါသည်။ ကျွန်တော်တို့ ဘီအိုင်အေတပ်များက တိုက်ရန်တလိုက်တည်းလိုက်ခဲ့ကြပါသည်။ သို့ရာတွင် စစ်ပွဲဟူသည် တိုက်ရခိုက်ရမှ အောင်ပွဲရသည်မဟုတ်ပါ။ မတိုက်ရ မခိုက်ရဘဲနှင့် ရန်သူတွေ ထွက်ပြေးရလျှင် အောင်ပွဲရသည်ပင် မည်ပါသည်။

ဘီအိုင်အေသည် ဗမာ့လွတ်လပ်ရေးအောင်ပွဲ၏ အစပင်ဖြစ်သည်။ ဗမာ့လွတ်လပ်ရေးအောင်ပွဲ၏အစကို ဘီအိုင်အေတွင် ရရှိခဲ့သည်မှာ အင်အားကြီးမားလှသော ဘီအိုင်အေတပ်မတော်ကြီးကို တိုတောင်းသောအချိန်ကာလအတွင်း ထားဝယ်တွင်ဖွဲ့စည်းနိုင်ခဲ့ခြင်းသည် အရေးယူ မှတ်သားလောက်သော အကြောင်း တကြောင်း ဖြစ်ပေသည်။ ဘီအိုင်အေတပ်မတော်တွင် ထားဝယ်သား ၆၀၀၀ ကျော် ပါဝင်ခဲ့ကြသည်။

ဘီအိုင်အေတွင် အများဆုံး ပါဝင်ခဲ့ကြသော ထားဝယ်သားများအား ဂုဏ်ပြုသောအထိမ်းအမှတ်၊ တနည်းအားဖြင့် ဘီအိုင်အေတွင် အများဆုံး ကျဆုံးခဲ့ကြရသည့် ထားဝယ်သား ရဲဘော်များအား မမေ့မပျောက်ကြစေရန်ဟူသော ရည်ရွယ်ချက် အထိမ်းအမှတ်ဖြင့် ထားဝယ်မြို့ မြို့တော်ခန်းမရှေ့တွင် ဘီအိုင်အေ ကျောက်တိုင်ကြီးကို ထားဝယ်သူ ထားဝယ်သားများက ဂျပန်ခေတ်ထဲတွင်ပင် စိုက်ထူထားခဲ့ပေသည်။

ယခုအခါ ဘီအိုင်အေတပ်မတော်ကြီးမှာ နှစ်ပေါင်း ၃၅ နှစ်ကျော် ကြာညောင်းခဲ့ပြီဖြစ်ရာ ဘီအိုင်အေကို မေ့သူလည်း မေ့ကုန်ကြပါပြီ။ ကလေးသူငယ်များမှာ ဘီအိုင်အေကို သိပင်မသိကြတော့ပါ။ ဘီအိုင်အေတွင် ပါဝင်ခဲ့ကြသည့် ရဲဘော်ဟောင်းကြီးများမှာလည်း ယခုအခါ ထက်ဝက်ပင် ကျန်ရှိတော့မည်မဟုတ်ပါ။ နောက်ထပ် ၃၅နှစ် ကြာသွားသည့်အချိန်တွင်မူ ဘီအိုင်အေ ရဲဘော်ဟောင်း ဆို၍ တယောက်တလေပင် ကျန်ကောင်းမှ ကျန်တော့မည်။ သို့သော် ဘီအိုင်အေသည် သမိုင်းတွင် မမေ့ကောင်းသော တပ်မတော်ဖြစ်သည်။ ထိုမမေ့ကောင်းသော ဘီအိုင်အေ တပ်မတော်တွင် ထားဝယ်သားတွေ အလုံးအရင်းဖြင့် ပါဝင်ခဲ့သည်ကိုလည်း အမှတ်ရကောင်းသည်ဖြစ်၍ မှတ်တမ်းတင်အပ်ပါသည်။

ဗိုလ်ကျော်ဆန်း (ကဆ)

လှပသေသပ်သော

" ကာလာခေတ်ပုံ "

အထူးရိုက်ကူးပေးသည်။

" ဗိတာ ခေတ်ပုံလုပ်ငန်း "

ရှင်ပြု၊ မင်္ဂလာ၊ အလှရိုက်၊ အောက်ဒိုး ခေတ်ပုံများကို စိတ်တိုင်းကျ ရိုက်ကူး ပေးနေပြီ။

ဒေသကောလိပ်အနီး
ရှမ္ဗလည်ဆွဲရပ်၊ ထားဝယ်မြို့။

ဦးငွေကိုင်ဒါမှတ်တရ
(လငတ်လပတ်)

တောင်ပွား ဘုန်းတော်ကြီး ကျောင်းသည် ထားဝယ် မြိတ်ကားလမ်းဘေးမှဖဲ့ ဝင်သွားရသော စပါးတောင်၏ တောင်ခါးပန်းပေါ်တွင်တည်ရှိသည်။

ကျောင်းတော်သည် တည်ငြိမ် အေးမြမှုက တရားဓမ္မမွေ့လျော်သူများ၊ အနုပညာရှင်များအားထာဝရ ကြိုဆိုနေမြဲ။ကုန်းတော်ပေါ် သို့ရောက်ပြီဆိုလျှင် ဘုရားဝတ်ပြုပြီး အတုလ ဓမ္မာရုံကြီး ရှိရာသို့ ကျွန်တော်၏ ခြေထောက်အစုံကအလိုအလျောက်သွားမိရက်သား။ ဓမ္မာရုံကြီးအတွင်းရှိ ၁၅ပေ×၂၀ပေ အရွယ် ပန်းချီကားကြီးက ကျွန်တော့်ကိုလှမ်းခေါ်နေသည့် အသွင်ပင် မဟုတ်ပါလား။

ပန်းချီကားကြီးအတွင်းမှ အရုပ်များမှာ သက်ဝင်လှုပ်ရှားနေရသလားအောက်မေ့ရသည်။ ဗုဒ္ဓမြတ်စွာဘုရားသခင်သည် တာဝတိံသာနတ်ပြည်မှ သင်္ကဿနဂိုရ်ပြည်သို့နေဝင်ဆည်းဆာအချိန်တွင် သက်ကြွား၊နတ်ဗြဟ္မာအပေါင်းခြံရံလျက်ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်း သုံးသွယ် ဖြင့် ကြွမြန်းလာသောပုံပင်ဖြစ်သည်။ မြတ်စွာဘုရားသည်အလယ်စောင်း တန်း ဖြစ် သော ပတ္တမြား စောင်း တန်း မှ ဆင်းကြွလာရာတွင် ထီးဖြူအုပ်မိုးတံခွန်ကုက္ကား မီးရှူးတိုင်များကို ကိုင်ဆောင်ထားကြသော နတ်ဗြဟ္မာများက ဗုဒ္ဓမြတ်စွာဘုရားအား ခြံရံထားပုံမှာ ကြည်ညိုသဒ္ဒါစိတ် ယိုဖိတ် ဘွယ်ရာပင် ဖြစ်ပါသည်။ ယခုချက်ချင်းပင် မြတ်စွာ ဘုရားရှင် သခင် ကိုယ် တော်မြတ်ကြီးသည် ကျွန်တော့်ရှေ့မှောက်သို့ ရောက်နေဘိအလား ထင်ရပါသည်။

ပန်းချီကားကြီးမှာ ရေဆေး အထူဖြင့်ပင် ရေးဆွဲထားသော်လည်း စုတ်ချက်ရဲရဲနှင့် အရောင်လွင်လွင်ကလေးများကိုသုံးကာ ရေးဆွဲထားသည်မှာ ပန်းချီပညာသင်တဦးဖြစ်သူ ကျွန်တော့်အဘို့ပန်းချီရှုထောင့်အနေနှင့်လဲ အထူးစိတ်ဝင်စားဘွယ် အတုယူဘွယ်ပင်ဖြစ်သည်။

ရွှေစောင်းတန်း၊ပတ္တမြားစောင်းတန်း၊ ငွေစောင်းတန်း စောင်းတန်းသုံးသွယ်မှာ တခုနှင့်တခု သီးခြားကင်းလွတ် မနေဘဲ စောင်း တန်း သုံး သွယ် စလုံးမှ ဖြာထွက် နေသော အ ရောင်များ ကို ရော ယှက် ၍ ခြယ်မှုန်း ထားပုံမှာ တခုတည်း ကဲ့သို့ ရှုမငြီးစရာပင် ဖြစ်နေ ပါတော့သည်။

ဗုဒ္ဓရှင်တော်မြတ်အား အုပ်မိုး ထားသည့် ထီးဖြူနှစ်စင်းကို ပိုးသား အဖြူ လွှလွှ ကလေးများ အဖြစ် စုတ်ချက်ခတ်ကစားထားပုံ၊ လေညှင်းကလေးအသွေးနှင့် ထီးဖြူနှင့် ဘေး ပတ်လည်မှ အမြိတ်ကလေးများ ရွှရွကလေး လှုပ်ရှား နေသယောင်ယောင် ရေးချယ်ထားပုံ ကလည်း ရေးဆွဲသူ ပန်းချီ ဆရာကြီး အား အထပ်ထပ် အခါခါသာ ချီး မွမ်း မိ အောင် ဖြစ် ရပါသည်။

ကျွန်တော့်မျက်စိအစုံသည် ဤမျှနှင့် အနားမပေးနိုင်သေး။ ဗုဒ္ဓမြတ်စွာ ကြွမြန်းလာသည်ကို မြေပြင်မှ ဦးခိုက်ပူဇော်နေကြသည့် ဘုရင်နှင့် မိဖုရားသားတော် သမီးတော် ကိုယ်ရံတော် အခြွေအရံ အသင်းအပင်း ပရိသတ် ဗိုလ်ပါအလယ်ဆီသို့ မျက်စိ ရောက် သွားပါသည်။

မြတ်စွာဘုရားအား ဖူးမျှော် နေသည့် လူထု ပရိသတ်ကြီး၏ မျက်နှာ အမူအရာဟန်များ ကို အံ့သြခြင်း

ရှိကျိုးခြင်း၊မာန်လျှော့ခြင်းစသော လက္ခဏာများဖြင့် ဖော်ထုတ်ရေးချယ် ထားသည်မှာလည်း ဆရာကြီး၏ ရင်ငွေ့သွင်းထားသော သရုပ်ဖော်မှု ဟုပင် ဆိုချင်ပါသည်။

ဤပန်းချီကားကြီးကို ရေးဆွဲ စဉ်က ဆရာကြီး၏ အနားတွင် ကျွန်တော်ကိုယ်တိုင် ရှိနေခဲ့ပါသည်။

'ဟော့….ကြည့် ထားကြ၊ နတ်သားကို ရေးရင် ဟောဒီအချက်တွေပါရတယ်၊ဗြဟ္မာနဲ့နတ်ဟာ ဟောဒီ နေရာမှာ မတူဘူး၊ သိကြားမင်း ကျ တော့ ဟောဒီ အချက် တွေကို ပါထည့်ရမယ်' စသည်ဖြင့် လက်တွေ့ ပညာ ပေးခဲ့ပေသည်။

ပန်းချီကားကြီး လက်စသတ်ပြီးမှ 'ဟာ….တခုတော့ ကျန်ခဲ့ သေးဟ' ဆိုပြီး နောက်ခံ နန်းတော် အဝင်ဝ မှာ တောက်တဲ့ တကောင်နဲ့ခါ ငှက် တကောင်ကို ထပ် ဖြည့် ရေး ဆွဲ ခဲ့လေသည်။

'ဘာဖြစ်လို့ တောက်တဲ့နဲ့ ခါငှက်ကို ထည့် ရတာလဲ ဆရာကြီး' ဟု ကျွန်တော် က မေး ရာ ဆရာ ကြီးက မ ဆိုင်း မတွပင် 'သိဿ နဂိုရ်ပြည်ရဲ့ အ • မှတ်အ သား ဟာ တောက်တဲ့နဲ့ ခါငှက်ကွ' ဟု ဆရာကြီးက ဖြေပါ သည်။ ဆရာကြီး ကား ပန်းချီ ဆွဲရာတွင် ဗုဒ္ဓဝင် ကျမ်းလာအချက် အလက်များနှင့် ညီညွတ်အောင်ရေး ဆွဲဘို့မမေ့ပေ။

ကျွန် တော် သည်ပန်းချီ ကားကြီးကို တစိမ့်စိမ့် ကြည့်ရင်း ဆရာကြီး ဦးငွေကိုင်၏ ခပ်ပြုံးပြုံးမျက် နှာကြီး ကိုမြင်ယောင် လာ မိပေသည်။

တနေ့….

သည်တနေ့ဆိုသည်မှာ မတ်လ (၂) ရက် ၁၉၆၇ ခုနှစ် တသက်တာတွင် မမေ့ နိုင်သောနေ့၊ မေ့ရန် မလွယ်သောနေ့၊ အချိန်ကား မနက်စောစော (၇) နာရီ ခန့် သူငယ်ချင်း တယောက်နှင့် အတူ ရွှေဝယ် သိန်း (ဆောက်လုပ်ရေး၊ ရန်ကုန်) အိမ်သို့ အသွား ရွှေဝယ်သိန်းအိမ်ရှေ့တွင် မြင်းလှည်းတစီးနှင့် လူတစု ကိုတွေ့ရသည်။ ပန်းချီဆရာကြီး ဦးငွေကိုင်နှင့် တပည့်များပင် ဖြစ်သည်။ ထုံးစံ အတိုင်း ဆရာ ကြီးသည် ပြုံးရွှင်လျက်။

'ဆ ရာ ကြီး …. ဘယ်သွား မ လို့လဲ ခင်ဗျား'

'အေး…. အတော်ဘဲ၊မင်းတို့ပါလိုက်ခဲ့ကြ ငါတို့တောင်ပွား ဘုန်းတော်ကြီးကျောင်းသွား မလို့၊ ပန်းချီ ဆွဲကြရအောင်ပေါ့….'

သို့ဖြင့် ဆ ရာကြီး နှင့် အတူ တပည့် သား မြေး များအစုံအညီဖြင့် တောင်ပွား ဘုန်းတော် ကြီး ကျောင်းသို့ ရောက် ခဲ့ ရပါတော့ သည်။ တောင်ပွား ဆရာတော် အား ဝတ်ပြုပြီးနောက် ပန်းချီ အကြောင်းဆွေး နွေးသူက ဆွေးနွေး၊ ပုံကားချပ် ထောင်ကာ ဆွဲသူ ကဆွဲနှင့် စိတ်၏ချမ်းမြေ့မှုကိုရယူ နေမိသည်။

ထမင်း စားချိန် ရောက်တော့ ဘုန်းတော်ကြီး က ဆရာကြီး နှင့် ကျွန်တော်တို့ အတွက် ထမင်းဟင်း စားစရာ အစုံ ချကျွေး သည်။ ဆရာကြီးက စားစရာ တို့ကို တို့ကနန်း ဆိတ်ကနန်းသာစားသည်။ တပည့် များကိုသာ ဝအောင် ကျွေးသည်။

တခါလည်း 'ဆရာကြီးသည် ပန်းချီ ခရီး ထွက်ဆွဲရာတွင် ပါလာသော ပုစွန်များကို အနည်းငယ်သာ စားပြီး တပည့် များကိုသာ ကျွေး သည်။ တပည့်သားမြေးများ အပေါ် စေတနာ ထားရှိသော ဆရာကြီးသည် ပုစွန်ကို အလွန်ကြိုက်သော်လည်း ငါးခုံးမကိုကားရှောင်သည်။

ဆရာကြီး ပုံဆွဲနေစဉ် ဘေးက ရပ် ကြည့်သော ကျွန်တော့်အား ဤသို့ ဩဝါဒ ပေးခဲ့သည်။

'ဟေ့....မင်းဒီလို ရပ်ကြည့်နေလို့ မတတ်ဘူးကွ၊ အပြင်ထွက်ပြီး ပုံတပုံဆွဲခဲ့၊ ပြီးတော့ငါ့လာပြ'

ပြောပြော ဆိုဆို ဆရာကြီးက ရေဆေး ဘူး နှင့် စက္ကူကိုပါထုတ်ပေး၍ လက်တွေ့ဆွဲစေသည်။

ဆရာကြီးသည် ပန်းချီ ဆွဲနေရလျှင် ဘာကိုမျှဂရုမစိုက်တော့ဘဲ တလောကလုံးကို မေ့ထား သလား ထင်ရသည်။ ဆေးပြင်းလိပ်ကို ခဲကာ ပန်းချီ ကားကိုသာ အာရုံစိုက်၍ ဘေးမှာ ချထားသော ကော်ဖီခွက်ထဲသို့ စုတ်တံကို နှစ်ကာ ဆေးလိုဆေးလိုက်။ ထိုသို့ စုတ်နှစ်ထားသော ကော်ဖီခွက်ကိုပင် မော့သောက်လိုက် ဖြစ်နေတတ်သည်။

ငွေကြေးနှင့်ပတ်သက်၍လည်း ဂရုမစိုက်၊ တခါက ရန်ကုန်မှ ပို့လိုက်သော ပန်းချီကား ရောင်းရငွေများထဲမှ တချို့ကိုကလေးများအားဝေငှပေးပြီး ကျန်သမျှကိုသာ အိမ်စရိတ် ထား သည်။ ဆရာကြီး သည် ကလေးမှန်သမျှကိုချစ်သည်။ ကလေး ကိုသာ ပထမဦးစားပေးတတ်သည်။

အပြင်ပခရီးထွက်ပန်းချီရေးဆွဲခြင်း၌လည်း အလွန်ဇွဲကြီးပေသည်။နေရာကောင်းကိုမရွေး၊ ရှုခင်းကောင်း မြင်ကွင်းကောင်း ကိုသာ ရွေးသည်။

တခါက ရှင်မုတ္တီး ဘုရားသို့ အောက်ဒိုးထွက်ကြရာတွင် 'ရှုခင်းကောင်းတော့ တွေ့ပြီဟေ့' ဆိုသော ဆရာကြီးအသံကို ကြားရပြီး ဆရာကြီး ထိုင်ချလိုက်သည်ကို တွေ့ရသဖြင့် တပည့်များက သူ့အနားကပ်သွားမှဆရာကြီးသည် နောက်ဖေးပုံကြီး တပုံ အနားကပ်၍ နေရာယူထားမှန်း သိရသည်။ သို့သော်ဆရာကြီးသည် နေရာမရွှေ့။

ဆရာကြီး၏ ပါရမီ ထူးကား လူတ ယောက်ကို တခါ ကြည့် ထား ပြီးလျှင် တူ အောင် ဆွဲနိုင် သည်။ နောက်တခါထပ်ကြည့်ရန် မလိုတော့။

တချိန်တွင် လူတယောက် ကို ကြည့်ပြီး ခဲပုံရေးဆွဲလိုက်သည်။နောက် ထိုခဲပုံတူကိုလည်း မကြည့်။ လူကိုလည်းမကြည့်တော့ဘဲ ရေဆေးအကြည်နှင့် ယင်းပုံတူကို ပြန်လည် ရေးဆွဲသည်။ ဤနည်းဖြင့် ရေးဆွဲထားသည့်ပုံတူနှစ်ပုံ ထားဝယ်ပြတိုက်တွင် ပြထားခဲ့သည်။

ဆရာကြီးသည် ပန်းချီပညာတွင်သာမက တခြားနေရာများတွင် စံယူထိုက်သော အကျင့်သီလရှိသည်။ သို့ကြောင့်ပင်ဘုရားပုံများရေးဆွဲလျှင် ပိုမိုကောင်းမွန်သည်ဟု ထင်ရသည်။

စိတ်တည်ငြိမ်မှုရှိ၏။ သမာဓိတရားကို ပိုင်နိုင်ခြင်းကြောင့် နိမိတ်ဖတ် ဟောပြော ရာတွင် ကျွမ်းကျင်သည်ဟု ဆိုရမည်လော မပြောတတ်။ ဟောပြောမှု မှန်ကန်ခြင်းကား အမှန်ပင်။

ဆရာကြီး၏ မိဘမျိုးရိုးမှာ အသက်မွေးကျောင်းမှုအားဖြင့် ရော်ဘာခြံ လုပ်ငန်းသာ လုပ်ကိုင် ခဲ့လေသည်။ဆရာကြီးကိုမြိတ်မြို့စန္ဒဝတ်ရွာနေ ဦးအိုင်ဂုဏ်-ဒေါ်စုမတို့မှ ၁၉၀၁ ခုနှစ်တွင် ဖွားမြင်သည်။ မိခင်ဒေါ်စုမမှာ ထားဝယ်မြို့ ဒေါင်းငူ ရပ်သူ ဖြစ်သည်။ ဆရာကြီးသည် မွေးချင်း(၄)ယောက်အနက် အကြီးဆုံးဖြစ်သည်။ သူ့အောက်အငယ်များမှာညီမ-မထွန်းအေး၊ညီ-မောင်ကြွယ်နှင့် ညီမ-မကြီးတို့ ဖြစ်သည်။

ဆရာကြီးသည် မိဘလက်ငုတ်ရင်းဖြစ်သော ရော်ဘာခြံ အလုပ်ကို စိတ်မဝင်စား။ အသက် (၂၀) လောက် အရွယ်တွင် ထားဝယ်မြို့သို့ ထွက်ခွာ လာခဲ့သည်။

ထား ဝယ် ရောက် သည့် အ ခါ ဦးရိုး တော်သူတောင်ငူ ကျောင်းထိုင် ဆရာတော် ထံတွင် တည်းခိုနေထိုင်ပြီး ပန်းတိမ်၊ အိမ်ဆေးသုတ်၊ မှန်စီ ရွှေချ၊ မော် တော် ကားမောင်း စသော ကျဘမ်း အလုပ်များကိုလုပ်ကာ အသက်ဆက် ရလေသည်။ တဖက်ကလည်းဝါသနာအလိုအရ ရုပ်ရှင်မင်းသား မင်းသမီးပုံများကို ပုံတူကူးဆွဲမှုကို စနေပေပြီ။

ထိုစဉ်တွင် ထား ဝယ် မြို့ မြောင်းပုလဲရပ် ရွှေဂူကျောင်း ဆရာတော် ပျံလွန်တော်မူ၍ ဘုန်းကြီးပျံပွဲ

အတွက်ပြင်ဆင်ရန် ရန်ကုန်မြို့မှ ပန်းချီဆရာကြီးဦးဘိုးအောင်ဆိုသူ ရောက်ရှိလာခဲ့သည်။ ဦးငွေကိုင်သည် ဦးဘိုးအောင် ထံတွင် အကူအညီ ပေးရင်း တပည့်ခံသည်။ ခိုင်းသမျှကိုမငြီးငြူ ဇွဲကောင်းကောင်းဖြင့် အနွံအတာခံကာ လုပ်ပေးသည်။ သို့ဖြင့်တလကျော်ကျော် အချိန်အတွင်း အရုပ် ဆေးသွင်း စာလုံးရေးစသော အလုပ်များကို လုပ်နိုင်လာသည်။

နောက်ပိုင်းတွင်ခဲပုံတူ၊ ဆိုင်းဘုတ်၊ နိပါတ်တော်ကားများကိုရေးဆွဲရင်း ပန်းချီဆရာပေါက်စ ဘဝကို ခံယူခဲ့ပေသည်။ ထိုပန်းချီ ဆရာ ပေါက်စ ဘဝတွင် မိတ်ဆွေ ရင်း ဖြစ်သူ အထက်တန်း ကျောင်းအုပ်ဆရာကြီးဦးမောင်သင် (ယခုအငြိမ်းစား) ၏ အကူအညီဖြင့် အမေရိကန် ဝါရှင်တန် ပန်းချီကျောင်းနှင့် ဆက်သွယ်ကာ ပန်းချီပညာကို လေ့ လာ ခဲ့သည်။ အသက်ကလေး ရလာသော အခါတွင် အိမ်ထောင်ဘက်အဖြစ် ဦးကောင်း– ဒေါ်ချူးမယ် တို့၏ သမီး ဒေါ်ငြိမ်းခင်နှင့် လက်ထပ်ခဲ့ပေသည်။ ပန်းချီပညာကို လေ့လာ လိုက်စားရာ၌ အားရ ကျေနပ်မှု မရသော ဆရာကြီးသည် အိမ်ထောင်သက် (၂) နှစ်ခန့်တွင် ရန်ကုန်မြို့သို့ တယောက်တည်း ထွက်ခွာ သွားခဲ့ပေသည်။ အခြေတကျဖြစ်မှ ဇနီးသားသမီးများကို ပြန်လာခေါ်ခဲ့လသည်။

ထိုနောက်ဆရာကြီးသည် ရန်ကုန်တွင် အခြေစိုက်ပြီး ပန်းချီပညာဖြင့် အသက်မွေး ဝမ်းကျောင်း ပြုကာ ပန်းချီကားပေါင်း မြောက်မြားစွာကို ရေးဆွဲခဲ့သည်။ ထိုသို့ ရေးဆွဲ ခဲ့သော ပန်းချီကား တွင် အလှအပ သဘာဝနှင့် ဘဝသရုပ်ဖော်ချက်များသာမကနိုင်ငံနှင့် လူမျိုးအတွက် ဂုဏ်ယူဘွယ်ရာ သမိုင်းဝင် မှတ်တမ်းတင် ပန်းချီကားပေါင်း မြောက် များစွာလည်း ပါရှိခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေး ကြိုးပမ်းမှု သမိုင်းစဉ်တွင်ထင်ရှားသော သမိုင်းမှတ်တိုင်တတိုင် ဖြစ်သည့် ဂျပန်ခေတ်ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ) ဖွဲ့စည်းစဉ် ဆရာကြီးသည် ဗိုလ်ချုပ်အောင်ဆန်း ၏ တာဝန်ပေးအပ်ချက်အရ အရပ်သား ဗိုလ်မှူးအဆင့်ဖြင့် ဗမာ့ကာကွယ်ရေးတပ်မတော်တွင် ပန်းချီဌာနမှူးတာဝန်ကိုလည်း ထမ်းဆောင်ခဲ့သည်။

ဆရာကြီးသည် အသက် (၅၀) ဝန်းကျင် ခန့်တွင် နိုင်ငံတော် အစိုးရ၏ ဧစလွှတ်ချက် အရ အင်္ဂလန်၊ ပြင်သစ်၊ အီတလီစသော ဥရောပနိုင်ငံများသို့ ခုနှစ်လကျော် ရှစ်လခန့် ပန်းချီလေ့လာရေးခရီး ထွက်ခဲ့သည်။

ဆရာကြီးသည်သူ၏ အနုပညာဖြင့် နိုင်ငံနှင့်လူမျိုးအတွက်ဂုဏ်ယူဘွယ် မြန်မာနိုင်ငံသမိုင်းဝင် မှတ်တမ်းတင် ပန်းချီကားကြီးပေါင်း မြောက်များစွာကို ရေးဆွဲကာ တိုင်းကျိုးပြည်ကျိုး ဆောင်ရွက် ခဲ့ခြင်း ကြောင့် အကျော်ကျော်စွာဘွဲ့ကိုလည်း ချီးမြှင့်ခံယူခဲ့ရသည်။

မတ်လ (၂) ရက်အကြောင်းကို ပြန်ကောက်ရပေအုံးမည်။ မတ်လ (၂) ရက် နေ့ တွင် ဆရာကြီး နှင့် ကျွန်တော်တို့သည်တောင်ပွား ဘုန်းတော်ကြီးကျောင်းသို့ ပန်းချီဆွဲရန်ရောက်ရှိခဲ့သည်။ တောင်ပွား ကျောင်းမှ ပြန်ပြီး နောက်တနေ့ (၃–၃–၆၇) နံနက် လင်းအားကြီး အချိန်တွင် ထားဝယ်မြို့ သဘော်ဆိပ် ရပ် ဆရာကြီးကိုယ်ပိုင်နေအိမ်တွင်ပင် ကွယ်လွန် သွားရှာပေသည်။

ဆရာကြီး၏အရိုးအိုးကို သူအလွန် နှစ်သက်သည့် ရွှေပုံပွါးခေါ် စပါး တောင် ပေါ် တွင် အမှတ် တရ ကျောက်တိုင်စိုက်ထူကာ မြှုပ်နှံထားပေသည်။

ဆရာကြီးဦးငွေကိုင်ကား ကွယ်လွန်ခဲ့ပြီ ဖြစ်သော်လည်းဆရာကြီး၏လက်ရာမွန်များကား မသေနိုင်ပါ။ ဆရာကြီး၏အမည်သည် မြန်မာနိုင်ငံ ပန်းချီသမိုင်းတွင် မှတ်တမ်း တင်၍ နေပါသည်။ ဆရာကြီး ဦးငွေကိုင်အား ဤဆောင်းပါးဖြင့် ကန်တော့ပါ၏။

မှတ်ချက်။ ။ဆဋ္ဌမတန်းမြန်မာဖတ်စာ သစ်တွင် ဆရာကြီးဦးငွေကိုင် ကွယ်လွန်သော နေ့ကို ၁၉၆၇ ခုနှစ်၊ မတ်လ (၃၀) ရက်နေ့ဟု ဖော်ပြ ထားပါသည်။ အမှတ်မှားဟန် တူပါသည်။

လတ်လတ်

★

မင်းတို့ထက်
ဆိုက်လို့ ဆိုးရိုက်
နေတာကွ--
ဒါဖြင့် အာနွေးရဲ့
အမြန်ဆိုက်ကားတ်
သိမ်းတော့မှာ
ပေါ့နော်

ဝက်ပါ

သာဂရ-ငစိုး

သာဂရမြို့တွင် မိုးကုန်ခါစ ဆောင်းရာသီမရောက်တရောက် ဖြစ်နေသော သီတင်းကျွတ်လတွင် ဘုန်းတော်ကြီးကျောင်းများ ပရဝုဏ် အတွင်း မဏ္ဍပ်ဆောက်၍ဝေဿန္တရာဇာတ်တော်ကို ဘတ်ရွှနာကြားလေ့ရှိ၏။

မဏ္ဍပ်အလယ်တွင် ခမ်းခမ်းနားနားမွမ်းမံပြင်ဆင်ထားအပ်သော တရားပလ္လင်တခုရှိလေသည်။ ထိုတရားပလ္လင်ပေါ်တွင် ဝေဿန္တရာဇာတ်တော်ကို ဖတ်ကြားရမည့် ပုဂ္ဂိုလ်အပေါင်း ညောင်းညာလျှင် မှီရန် ခေါင်းအုံးများ၊ အာခြောက်လျှင် သောက်ရန် ရေကျိုင့် ရေခွက်များ၊ ပါးစပ်ချဉ်လျှင် စားရန် ကလပ်နှင့်ပြင်ဆင်ထားသော ကွမ်း၊ ဆေး၊ စမုံစပါး၊ လေးညှင်း၊ ကျဇူသီး စသည်စသည်များဖြင့် အာရုံအပျက်ခံ၍ မတောင်းနေရလေအောင် လိုလေသေးမရှိ ချပေးထား၏။

မဏ္ဍပ်၏ခေါင်းရင်း တရားဟောပလ္လင်နှင့် ခပ်လှမ်းလှမ်းစင်မြင့်ပေါ်တွင် ဘုရားကိုးဆူ ပူဇော်ရာ၌လှူသော စက္ကူတံခွန်၊ စက္ကူကုက္ကား၊ စက္ကူထီး၊ ရွှေရောင် ငွေရောင် အနီအဖြူ တထောင့်စီ၊ သပြေအုန်းလက် နေဇာမြက်နှင့် ပန်းအဖြူအနီ တထောင်စီ၊ ဖယောင်းတိုင်တထောင်၊ ဆွမ်းအုပ်တထောင်၊ သစ်သီးချိုချဉ်မှုန့်မျိုးစုံတထောင်၊ သောက်တော်ရေ၊ မျက်နှာသစ်တော်ရေ၊ လက်ဆေးတော် ရေခွက် ပေါင်းတထောင်တို့သည် စင်မြင့်အလယ်ရှိ ရွှေပလ္လင်ပေါ်ဝယ် ရွှေရောင်တဝင်းဝင်းနှင့် ကြည်ညိုဖွယ်ရာ ရှာန်သမာပတ် ဝင်စားဟန်။ တင်ပလ္လင်ခွေထိုင်နေတော်မူသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ဝန်းရံလျက် ပူဇော်ဆံမှုပြုထား၏။

မဏ္ဍပ်ပတ်ဝန်းကျင်တွင် ဟိမဝန္တာမှဝက်ပါတောင်သုဏ္ဍာန် ဝါးများကို ခွဲခြမ်းစိပ်ဖြာ ရက်လုပ်လျက်စက္ကူများကပ်ပြီးလျှင် ဆေးချယ်ထားသည်။ သစ်ခက်သစ်ကိုင်းများကိုလည်းတနေရာမှခုတ်ယူလာ၍ သဘာဝ အလျောက်ပေါက်ရောက်နေဟန် အကွက်ကျကျမြေပေါ်မှာ ထိုးစိုက်ထား၏။ ဝက်ပါတောင်ခြေ သစ်ခက်၊ ပန်းအိုး၊ ပန်းပင်များ အလယ်တွင် ဇူဇကာပုဏ္ဏားက ဇာလီနှင့် ကဏှာဇိန် ကလေးနှစ်ယောက်ကို ဆွဲသွားနေဟန်။ မဒ္ဒီမိဖုရား သစ်သီးဝလံရှာရာမှ အပြန် ခြင်္သေ့၊ ကျား၊ ကျားသစ်များနှင့်တွေ့နေဟန် စသည်ဖြင့် ဝေဿန္တရာ ဇာတ်တော်သရုပ်ပြပုံများကို ဝါး၊စက္ကူများဖြင့် ပြုလုပ်၍ ဆေးချယ်ထား၏။ အနုပညာလက်ရာမြောက်လှလည်း။တရားနာလာသူလူကြီးများနှင့်အတူ ပါလာကြသော ကလေးများအကြိုက်ဆင်ယင်ထား၏။

ဝက်ပါတောင်စခန်းကား ကလေးများ အကြိုက်သာမဟုတ် ကာလသား၊ ကာလသမီး အကြိုက်ဟုလည်း ဆိုနိုင်ပါသည်။ အကွေ့တထောင် ရှိသော ဝက်ပါလမ်းကို ရာဇမတ်များနှင့် အကွက်ဆင်ထားသဖြင့် တဖက်လမ်းမှဝင်လာသော ကာလသမီးနှင့် တဖက်က ဝင်လာသော ကာလသား များသည် အကွေ့အကောက် တထောက်တနား တယောက်သာသငသွားနိုင်သည့် ရာဇမတ်ကာ ဝက်ပါလမ်းကျဉ်း လမ်းကြားမှာ ဆုံကြသောအခါ အကြည်ဆိုက်၍ အကြိုက်တွေ့ကြရသည်။ တဦးနှင့်တဦး တစုနှင့်တစု၊ တသိုက်နှင့်တသိုက် ထိကပါး ရိကပါးပြောကြသည်။ထိုမျှသာမကသေး။နောက်တောက်တောက်ပြောင်ချော်ချော်နှင့် တို့လိုက် ဆိတ်လိုက်ပင် လုပ်

လိုက်ကြသေးသည်။ ဝက်ပါမှာ တယောက်နှင့် တယောက် မျက်စိကျသွားရင်းက အချိတ်အဆက်ဖြစ်သွားရသလို ဆဲလိုက် ဆိုလိုက်နှင့် ရန်ဖြစ်ကြရင်း တယောက်နှင့်တယောက် ဓမ္မာသောက ဖြစ်သွားကြသည်လည်းရှိသေး၏။

ဝက်ပါစခန်း အလယ်ဗဟိုသို့ တော်တော်နှင့် မရောက်နိုင်။ အထဲဝင်မိပြန်လျှင်လည်း အပြင်သို့ တော်တော်နှင့်မထွက်နိုင်။ ထို့ကြောင့် ကလေးများ လိုက်တန်းပြေးတန်းကစားရန် အကောင်းဆုံးသော ဖြစ်နေရာမျိုးဖြစ်နေသည်။လူကြီးများက မျက်စိနောက်၍ လိုက်လံ မောင်းမဲ့သော အခါ ရာဇမတ်ကွက်ကို အလွယ်တကူဖျက်၍ ထွက်ပြေးကြ၏။

ဝေဿန္တရာဇာတ်ကို မဖတ်ကြားမီ ပထမနေ့တွင် ဝေဿန္တရာဇာတ်ကို ထိုကဲ့သို့ အထူးထူးအပြားပြားသော ပူဇော်သက္ကာရပြု၍ ဖတ်ရသည့် အကြောင်းအရင်းဖြစ်သော ရှင်မာလဲမထေရ် အကြောင်းကို ဖတ်ရလေသည်။ မဏ္ဍပ်အတွင်း၌ ရပ်ဝေးရပ်နီးမှ တရားနာလာကြသော ပရိသတ်များဖြင့် ပြည့်ကြပ်လျက်ရှိသည်။အသံသြဇာရှိ၍ ကြည်လင်ပြတ်သားစွာ ဟောပြောနိုင်သောဆရာတော်တပါးက တရားဟောပလ္လင်ပေါ်သို့ ကြွရောက်လာပြီးလျှင် ငါးပါးသီလပေးသည်။

သီလ ပေးပြီးသောအခါ မှန်စီရွှေချ ကလပ်ပေါ်တွင် တင်ထားသောပေစာထုပ်ကို ကတ္တီပါအိတ်မှ ထုတ်ယူ၍ ရှင်မာလဲအကြောင်းကိုဖတ်၏။

တရားနာပရိသတ်ကား ပုတီးစိတ်ရင်း၊ စကားပြောရင်း၊ ကွမ်းစားရင်း၊ ကလေးဆိပ်ရင်း ရှင်မာလဲအကြောင်းကို နာကြားကြကုန်သည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးသည်နောက် အခါတပါး၌ ရှင်မာလဲအမည်ရှိသော မထေရ်တပါးသည် နတ်ပြည်ခြောက်ထပ်သို့ ကြွသွားခဲ့၏။ ထိုသို့နတ်ပြည်ခြောက်ထပ်၌လှည့်လည်တရားဟောစဉ် တနေ့သောအခါ သုသိတာနတ်ဘုံသို့ရောက်၍ ဤဘဒ္ဒကမ္ဘာတွင် နောက်ဆုံးအကြိမ် ဂန္ဓဝေါ်ပင်အောက် ပတ္တမြားပလ္လင်ထက်၌ ပွင့်တော်မူလတံ့သော အရိမေတ္တယျဘုရားအလောင်း ဂေါတိသက္ကနတ်သားနှင့် တွေ့လေ၏။

ထိုအခါ ရှင်မာလဲက 'ငါ့ရှင်နတ်သား၊ လူ့ပြည်၌ လူတို့သည် ဘဒ္ဒကမ္ဘာတွင် နောက်ဆုံးပွင့်တော်မူအပ်သော အရိမေတ္တယျ မြတ်စွာဘုရားနှင့် သက်တော်ထင်ရှား ကြုံကြိုက်ဖူးတွေ့လိုကြသည်ဖြစ်၍ မည်သည့်ကောင်းမှုကို ပြုရကောင်းမည်ကို တွေးတောကြံဆနေကြသည်။ ထိုသူတို့သည် ငါ့ရှင်နတ်သားထံမှ အဆို အမိန့် အမှာစကားကို ကြားလို သိလိုနေကြသည်။ ငါ့ရှင်နတ်သား၊ ဘုရားဖြစ်လတ်သော် အရိမေတ္တယျဘုရားနှင့် ကြုံကြိုက်အောင် မည်သို့သောကောင်းမှု ကုသိုလ်ပြုရမည်ကို မိန့်ကြားပါလော့' ဟု ဆို၏။

ထိုအခါ အလောင်းတော်နတ်သားက 'အရှင်ဘုရား၊ အရှင်ဘုရားသည် တပည့်တော်၏စကားကို ဆောင်ယူ၍ လူ့ပြည်၌ လူတို့အား တဆင့်မိန့်ကြားပါလော့၊ တစုံတယောက်သော ပုဂ္ဂိုလ်သည် အရိမေတ္တယျဘုရားအား ကြုံကြိုက်ဖူးတွေ့လိုငြားအံ့၊ ဂါထာတထောင်ဖြင့် တန်ဆာဆင်၍ ဂေါတမမုံ့ဒ ဟောကြားခဲ့သော ဂေါတမဘုရားမဖြစ်မီ နောက်ဆုံးဘဝဖြစ်သော ဝေဿန္တရာမင်းကြီးအကြောင်း အချင်းရာဇာတ်တော်မဟာကို ဆီမီး၊ ပန်း၊ ကုက္ကား၊ ဆွမ်းခဲဘွယ်စသည်ဖြင့် အထူးထူးအပြားပြားသော ပူဇော်သက္ကာရ ပြုဘွယ်ဝတ္ထု ပစ္စည်းတထောင်စီ အခင်းအကျင်းပြုပြင်စီမံ၍ သုံးကြိမ်သုံးလီ ဖတ်ရှုနာကြားခြင်းဖြင့် ထိုပုဂ္ဂိုလ်သည် အရိမေတ္တယျ မြတ်စွာဘုရားနှင့် တွေ့ရကြုံရ ဖူးမျှော်ရမည် ဖြစ်ပါမည်ဘုရား' ဟုလျှောက်ကြားခဲ့၏။

သို့ဖြင့် ရှင်မာလဲသည် အလောင်းတော်နတ်သား၏စကားကို လူ့ပြည်သို့ ဆောင်ယူလာခဲ့ပြီးနောက် လူအပေါင်းတို့အား ပြန်ကြားမိန့်မှာခဲ့လေသည်။

ရှင်မာလဲအကြောင်းကို ဖတ်ကြားပြီးလေပြီ။တရားနာပရိသတ်တို့သည်လည်း ဝေဿန္တရာဇာတ်တော်ကို လှူဘွယ်ဝတ္ထုအစုစုဖြင့် ပူဇော်သက္ကာရပြု၍ ဖတ်ကြားနာယူရသော အကျိုးကား ကြီးမားပေစွ၊ ကြီးမားပေစွ။ဟု သတိရလာကြပြီးလျှင် သာဓု သုံးကြိမ်ခေါ်

ကြသည်။ တရားနာပရိသတ်များထဲမှ မင်းစိုးရာဇာ များသည် မိမိတို့ အသင့်ဆောင်ယူလာသော သေနတ် ခြောက်လုံးပူးများကိုထုတ်၍ အထက်ကောင်းကင်သို့ မြှောက်ကာ ပစ်ပေါက်ကြသည်။ ကြေးစည် ခရူသင်းများကို ထုကြ၊ မှုတ်ကြနှင့် ဆူညံသွားသောအသံဗလံများကြောင့် ကျေးငှက် ကျီးကန်းများမှာ လန့်ဖြတ် အော်မြည်ကြသည်။ ဤတွင် ဆိုင်းဝိုင်းကြီးက သာယာနာပျော်ဘွယ်ရာ ရေကင်းသံကို ငြိမ့်ငြိမ့်ညောင်းညောင်းတီး၍ ပတ်ဝန်းကျင်ကို ငြိမ်းအေးစေလေ၏။

ပရိသတ်တို့သည် ဝေဿန္တရာဇာတ်တော်ကြီးကို ကြားနာရတော့မည်ဟု စိတ်ကြည်နူးနေစဉ်မှာပင် ပလ္လင်ပေါ်မှ ဘုန်းတော်ကြီးသည် ပေစာထုပ်ကို အသာအယာ ကတ္တီပါအိတ်၌ ပြန်ထည့်၍ ကလပ်ပေါ်၌ တင်ထားလိုက်သည်။

ရှင်မာလဲအကြောင်း ဖတ်ပြီးသောအချိန် ဘုန်းတော်ကြီးများအား ဆွမ်းကပ်ကြရမည်ဖြစ်သဖြင့် ရပ်ကွက်အလိုက် ကျော့မော့ဝတ်စားလာကြသော လက်ရွေးစဉ်မိန်းမပျိုတို့သည် ဆွမ်းပွဲ၊ ချိုချဉ်ပွဲများကို ပြင်ဆင်ကြသည်။ ကာလသား ကိုလူပျိုတို့က ဆွမ်းပွဲများကို သယ်ယူလာ၍ ဘုန်းတော်ကြီးများအားကပ်လှူကြ၏။ ဆွမ်းကပ် ပြီးလျှင် ပရိသတ်များကိုလည်း အနီးအနားဇရပ်ကြီးများပေါ်သို့ ဖိတ်ခေါ် ထမင်းကျွေးသည်။ အားလုံးသော ကျွေးမွေးလှူဒါန်းမှုပြီးစီးသောအခါကြေးစည်များတီး၍တရားဟောမဏ္ဍာပ်သို့ ဖိတ်ခေါ်လေသည်။ ဝေဿန္တရာဇာတ်တော်ကို ဖတ်ကြားနာ ယူသည့်ပွဲ စတော့မည်။

ဝေဿန္တရာဇာတ်တော်ပေစာထုပ်မှာဘုန်းတော်ကြီးများ အစဉ်အဆက် ပိဋကတ်တိုက်တွင် ထား၍ ယခုလိုအခမ်းအနားကျင်းပမှ ကတ္တီပါအိတ်မှ ထုတ်၍ ပုဂ္ဂိုလ်တဦးလျှင် တအင်္ဂါ နှစ်အင်္ဂါစသည်ဖြင့်မိမိတို့ ဖတ်နိုင်သလောက်တရားပလ္လင်ပေါ်သို့တက်၍ ဖတ်ကြရသည်။ အာဝဇ္ဇန်း ကောင်း သော ရဟန်း ပုဂ္ဂိုလ်ဖြစ်စေ၊ လူပုဂ္ဂိုလ်ဖြစ်စေ မိမိဖတ်သွားသော စာပိုဒ်များကို အဓိပ္ပါယ်ဖွင့်ပြကြသည်။ ဤတွင် တခါတခါ ဝေဿန္တရာဇာတ်တော်ကိုဖတ်ရင်း ဖတ်သော ပုဂ္ဂိုလ်ကအဓိပ္ပါယ် ရှင်းလင်းပြောပြသောအခါ တရားနာပရိသတ်မငြိုးငွေ့အောင် အရွှန်းအသော ကလေးများ ညှပ်၍ ပြော၏သည်။

ကာလသားတို့ အကြိုက် တွေ့သော အခန်းကား ဆင်ခုနစ်ရာ၊မြင်းခုနစ်ရာ၊ရထားခုနစ်ရာ၊မိန်းမကညာခုနစ်ရာ၊နို့ညှစ်နွားမခုနစ်ရာ၊ ကျွန်ယောကျာ်းခုနစ်ရာ၊ ကျွန်မိန်းမ ခုနစ်ရာ စသည်ဖြင့် ခုနစ်ရာ အပေါင်းဖြစ်သော အလှူကြီးပေးသော အခန်းဖြစ်သည်။ ရထားခုနစ်ရာ ၌ မိန်းမ ရတနာ တ ယောက် စီ တို့ တွင် ရွှေခါးရန်းကြိုး၊ရွှေတန်ဆာ၊ ရွှေထဘီ၊ ရွှေတဘက်၊ ရွှေလက်ကောက်တို့ဖြင့် ဆင်ယင်ထားသည်။ မိန်းမပျိုများ၏ ရုပ်လက္ခဏာကလည်း မျက်လုံးမျက်ဖန်ရှင်ရှင်ပါးပြင် ညှံ့ထွားယောကျာ်းများနှလုံးကို ဖြီးရှင်ညွှတ်အောင် ပုံ့ပျူး ချိုအေးစွာ စကား ဆိုတတ် သူများဖြစ်သည်။ သပ်သပ် သွယ်သွယ် နုနယ် သူများ လည်းဖြစ်သည်။ မိန်းမ ရတနာ ခုနစ်ရာတို့ တယောက်စီတယောက်စီမှာ အခြံအရံမိန်းမ ရှစ်ယောက်စီလည်း ပါလိုက် သေးသည်ဟုဆို၏။ ဖတ်သူက ကာလသားများ အကြိုက်တွေ့အောင် အကျယ် ချဲ့ကာ ဖွဲ့ကာဖြင့် ဖတ်ရင်းအဓိပ္ပါယ်ပြော၍သွားသည်။ အကိုကာလသားများက တပြုံးပြုံးနှင့်ကာလသမီးအပျိုတသိုက်ဘက်သို့ ကြည့်လိုက် ကြသည်။ မိန်းမပျို တို့က သူတို့ကို မျက်စောင်းတချက်ထိုး၍ ငုံ့နေလိုက်ကြ၏။

တရားနာပရိသတ် အစည်ကားဆုံးသော နေ့ကားဝေဿန္တရာ သားတော် သမီးတော် လှူသည့်အခန်း၊ မဒ္ဒီမိဖုရားကြီးကိုလှူသည့်အခန်း စသည့် စိတ်ထိခိုက်ဘွယ်ရာနှင့် အလှူအတန်း ကုသိုလ် ကောင်းမှု ပြုရာ၌ သဒ္ဒါတရား ပွားများရလေအောင် ဖွင့်ဆိုအပ်သော အခန်းများကို ဖတ်ကြားမည့်နေ့ ဖြစ်၏။ ထိုအခန်းများကို တရား အဟောအပြော ကောင်းသော မဟာ ကထိက ဘုန်းကြီးများက ဖတ်ကြားသည်၊ အဖွားအို အဘိုးအိုတို့သည် တရားနာရင်းမျက်ဥ အသွယ်သွယ်ကျဆင်းလျက်ရှိသည်။ ဇူဇကာ ပုဏ္ဏား၏ ရက်စက်ကြမ်းကြုတ်မှုပေါ်လွင်လာရာက စိတ်စက် ညှိုးနွမ်း နေကြသည်။ အဘိုးအဖွား တရားနာ ပရိသတ်တို့သည်

သာလျှင် ပင်ပမ်း ညှိုးနွမ်းနေသည် မဟုတ်၊ မဏ္ဍာပ်မှ စ၍ ပြင်ဆင်ထားသော တံခွန်ကုက္ကားမှအစ ညောင်ရေအိုးများမှပန်းများလည်းတရက်မှနှစ်ရက်၊နှစ်ရက်မှ သုံးရက် ကြာညောင်းလာပြီဖြစ်၍ နွမ်းနယ်လျက်ရှိကြကုန်လေပြီ။

ထိုကဲ့သို့သော ပွဲလမ်းသဘင်၏ တနေ့တာတွင် ကျွန်တော်နှင့် ငယ်ချစ်တို့သည် ဝေဿန္တရာ ဇာတ်တော် ဖတ်ရှုရာ မဏ္ဍာပ်သို့ ရောက် လာ ခဲ့ ကြ ၏။ ငယ်ချစ်မှာ သူ့မိဘများနှင့် အတူ လိုက် ပါ လာ၍ ကျွန်တော်ကတော့ ကျွန်တော့်ဘိုးအေ ဖွားအေတို့နှင့် အတူ ရောက်ခဲ့ရ၏။ နှစ်ဦးနှစ်ဖက် ခင်မင်လျက်ရှိကြသောကြောင့်လည်း ကျွန်တော်နှင့် ငယ်ချစ်တို့သည် ဝက်ပါရာဇမတ်အတွင်းဝင်၍ ကစားကြသည်။ နေအတော်မြင့်၍ ဝက်ပါစခန်း လုပ်ထားသော နေရာ၌ အရိပ် အာဝါသ ကင်းမဲ့ လာသည့် အခါမှ မဏ္ဍာပ်အတွင်းသို့ဝင်ခဲ့၍ လူကြီး သူမတို့ အနီးမှာ ကြုံ့ကြုံ့ ရုံ့ရုံ့ထိုင်ကြသည်။ လူကြီးများ၏ ပါးပြင်၌ မျက်ရည်ကြောင်းများထင်၍ ပုဝါနှင့် ယိုရွှဲ နေသည့် နှာရည်များ သုတ်နေသည်ကို မြင်ရသော အခါ အဓိပ္ပါယ် နားမလည်ဘဲ ပြူးတူး ကြောင်တောင်နှင့် စိုက်ကြည့်နေ ကြ ရ၏။

ထိုစဉ်အချိန်ကာလသည်နောက်၌ကျန်ရစ်ခဲ့လေပြီ။

ဝေဿန္တရာ ဇာတ်ကို ဆီမီး၊ ပန်း၊ဆွမ်း၊တံခွန်ကုက္ကား တထောင်စီ ပူဇော်၍ ဖတ်ရှုရာ၌ နာကြားခဲ့သော ဘိုးဖွားမိဘများကား အရိမေတ္တေယျ မြတ်စွာဘုရားကို ဖူးတွေ့ရတော့မည် ဟူသော ယုံကြည်မှုကို ရင့်ဝယ်ပိုက်ပြီးလျှင် ဘဝခရီးဖြင့် ဆက်လက်ချီတက်နေကြ တော့မည်။

ကျွန်တော်မှာတအိုးအိမ်နှင့် အသက်မွေးမှုလုံးပမ်းနေရသေးသည်။ ငယ်ချစ်သည်လည်း တမြို့တရွာတွင် ကျွန်တော်ကဲ့သို့ပင် တအိုး တအိမ်နှင့် သူ့ခင်ပွန်းကို ပါရမီဖြည့်နေရရှာ၏။

အရိမေတ္တေယျဘုရားရှင်၏ ခြေတော်ရင်းတွင် တွေ့ကြစို့ရဲ့ဟု ငယ်ချစ် သည် ဝေဿန္တရာ ပွဲတော်မှ အကြောင်းပြု၍ပေါ်လာသောစိတ်ကူးဖြင့် ကျွန်တော့်ထံ ပို့သော စာတစောင်တလေ ထဲတွင် ထည့်၍ ရေးခဲ့ပါသည်။ ထိုစာကို ဖတ်မိပြန်သောအခါ ဝက်ပါမှ စခဲ့ရသော ဇာတ်လမ်း၏ ငယ် ချစ် ကို သတိရရင်း အတွေးနယ်ချဲ့ နေရသည် သာတည်း။

သာဂရ–ငစိုး

(၁၉၄၇ ခုနှစ်၊မတ်လထုတ် တာရာမဂ္ဂဇင်းအတွဲ–၁၊ အမှတ်–၄၊တွင် ဖော်ပြခဲ့သော ဆောင်းပါးကိုစာရေးသူကိုယ်တိုင် ပြန်လည် ပြုပြင် ထားခြင်း ဖြစ်သည်။ စာတည်း။)

လှစန္ဒာထီဆိုင်

မှ

သူဌေး လောင်း ရွေး ပေး နေပြီ

* မင်္ဂလာ ပွဲထိုင် အလှဲ့ ပြုပြင်
လို သူ များ ဤ ဆိုင် တွင်
စုံစမ်းပါ။

အခန်း ၁၁၊ဈေးကြီး
အာဇာနည်လမ်း၊
ထားဝယ်မြို့။

ဧဝရက်အအေးဆိုင်

မှ
ကြို ဆို ပါ သည်။
အအေးဖျော်ရည်စုံ၊ မုန့်မျိုးစုံ၊ လဘက်ရည်၊ ကာဖီ၊ အလှူမင်္ဂလာပွဲများအတွက်
အော် ဒါ လက် ခံ သည်။

ညောင်ပင်ကြီးလမ်း
ခုံဝင်းဒပ်ရပ်၊ ထားဝယ်မြို့။

ကြားမော်တော်ယာဉ် အဖွဲ့ချုပ်

ထားဝယ် မှ ရေး ထားဝယ် မှ ပလောက်
နေ့စဉ် အချိန်မှန် ပို့ပေးနေပြီ။

ကြားကား မော်တော်ယာဉ်
အဖွဲ့ချုပ်
ဈေးတောင်ဖက်လမ်း
ထားဝယ်မြို့။

ပုရစ်ဖူးချိုင်

မြန်မာ့အလင်းစိန်ဝင်း

ဒမ်သည် ချီတုံချတုံအတော်ကြာမျှ ဖြစ်နေပြီးမှ စာအိတ်ကို ဖွင့်ဖောက်သည်။ ငွန်း၏တအိမ်သားလုံးမှာ မနှစ်က ဆောင်းတွင်း ညတညတွင် ရန်သူတို့ လာရောက်ဗုံးကြဲ တိုက်ခိုက်စဉ်က သေဆုံးခဲ့ရသည်။ ငွန်း၏ဇနီးနှင့်တကွ ငွန်း၏အဖေ၊ ငွန်း၏အမေနှင့် ငွန်း၏ညီမတို့ပါ ဗုံးထဲ ပါသွားခဲ့သည်။ ငွန်း၏စာကို လက်ခံဖတ်ရှုမည့် သက်ဆိုင်သည့် ကာယကံရှင်တဦး တလေမျှမရှိတော့၍ ဒမ်က ဖွင့်ဖတ်သည်။

ချစ်ဇနီးလေး

မင်းနဲ့အတူ တအိမ်သားလုံးကို မပြတ်အစဉ် ငါသတိရနေတယ်၊ တချိန်လုံး မင်းတို့အကြောင်းကို ငါစဉ်းစားနေခဲ့တယ်၊ ဟိုးတုန်းက ဒို့ရွာကို ရန်သူတွေစီးထားလို့ မင်းကို ငါလာပြီးမတွေ့ပိုက်သာခဲ့တာပါ၊ အခုတော့ ငြိမ်းချမ်းရေးရပြီမို့လို့ မင်းအပါးမှာ ငါရောက်နေရမည့်အချိန်ပေါ့၊ ဒါပေမယ့် ကံကြမ္မာက နှောက်တယ်ကွယ်၊ ခုနှစ်နှစ်လုံးလုံး ဘာမှမဖြစ်ခဲ့ဘဲ နောက်ဆုံးတိုက်ပွဲကျမှ ငါဒဏ်ရာရခဲ့တယ်၊ ဒါကြောင့် အခု ဆေးရုံပေါ်မှာ ရောက်နေရတယ်၊ ဒါပေမယ့် ပြန်နေကောင်းမှာမုချပါကွာ။

မင်းကို သိပ်တွေ့ချင်တာဘဲ၊ ဘယ်လောက်တွေ့ချင်တယ်ဆိုတာတော့ စာဖွဲ့ပြောပြနေဘို့ လိုမယ်မထင်ပါဘူး၊ ငါ့ဆီကိုမင်းလိုက်လာပြီး ငါနဲ့ အတူ ခဏတဖြုတ်ဖြစ်ဖြစ်လာနေစေချင်တယ်။

ဒမ်သည် ငွန်း၏စာကို ဆက်ဖတ်၍ မရတော့။ ရန်သူတို့၏ ရက်စက်သည့်ဗုံးကြဲ တိုက်ခိုက်မှုကြောင့် မိမိတို့ပြည်သူများ၏ ခန္ဓာကိုယ် အစိတ်အပိုင်းများ အပိုင်းပိုင်းအတစ်တစ် ပြတ်ထွက်ကာ မရှုမလှ သေဆုံးခဲ့ရသော အနိဋ္ဌာရုံမြင်ကွင်းကို ပြန်၍မြင်ယောင်ပြီး ဒမ်၏မျက်ဝန်းအိမ်တွင် မျက်ရည်များပြည့်သိပ်လာသည်။ မျက်ဝန်းအိမ်မှမျက်ရည်သည် စာရွက်ပေါ်သို့ စီးကျ၍ စာရွက်အလယ်တွင် မင်ပြန့်သွားသည်။

တိုက်ပွဲတွင် ဒဏ်ရာရ၍ ဆေးရုံတင်ထားရသော ငွန်းကို သွားကြည့်ဘို့ကောင်းသည်။ သွားကြည့်သင့်ဆုံးမှာလည်း မိမိပင် ဖြစ်သည်ဟု ဒမ်စဉ်းစားမိသည်။ ငွန်းနှင့်ဒမ်သည် တရွာတည်းနေ တရေတည်းသောက်ချင်းဖြစ်သည်သာမက ဝမ်းကွဲမောင်နှမလည်း တော်စပ်သည်။ ထို့ပြင် တပ်မတော်ထဲသို့ လိုက်ပါမသွားမီက ပါတီကလပ်စည်းတခုတည်းတွင် အတူ ပါဝင်ခဲ့ကြရသည့် ရဲဘော်ရင်းလည်းဖြစ်သည်။ ထိုစဉ်က ဒမ်အတွက် ငွန်းက တေးသီချင်းများ ကူးရေးပေးခဲ့ရသည်။ ဟုတ်သည်။အားလုံးကို ဒမ် အမှတ်ရနေသေးသည်။ အရပ် ကလန်ကလားနှင့် ငွန်း။ ဖော်ဖော်ရွှေရွှေရှိ၍ လူချစ်လူခင်ပေါသောငွန်း။ လက်ရေးကိုဖြစ်ကတတ်ဆန်းရေးတတ်သောငွန်း။

ဒမ်သည် ရုတ်တရက် စိုးရိမ်ထိတ်လန့်စိတ်ဝင်ကာ တယောက်တည်းအသံထွက်၍ ပြောမိသည်။

'ဟင်....သူလိမ်တာဘဲ၊ ဒါ သူ့လက်ရေးမဟုတ်ဘူး၊ တယောက်ယောက်က သူ့ကို ရေးပေးတာ၊ သူ့ဒဏ်ရာ တော်တော်ကြီးလိမ့်မယ်'

ရက်သတ္တတပတ် မျှကြာသွားပြီးသောအခါ ထိုင်းဟာစစ်ဆေးရုံသို့ ဒမ်လိုက်သွားသည်။ ငွန်းအကြောင်းကို စုံစမ်းမေးမြန်းသော ကျေးလက် လယ်သူမလေးဒမ်ကို တံခါးစောင့်က ဝမ်းသာအားရကြိုဆိုသည်။ သူနာပြုဆရာမလေးတဦးလည်း ဒမ်အပါးသို့ ပျာယီးပျာယာ ရောက်လာသည်။

'လာ....လာ ညှော်ခန်းကိုကြွပါရှင်၊ ငွန်းက ရှင့်အကြောင်းတွေအများကြီးပြောထားလို့ မြင်မြင်ချင်းရှင့်ကို ကျမတို့မှတ်မိတယ်'

'ကျမက....'

'ကျမက ငွန်းရဲ့ဇနီးမဟုတ်ဘူး' ဟု ဒမ်ပြောရန် ရည်ရွယ်သော်လည်း သူနာပြုဆရာမက ပြောခွင့်မပြု။ သူ့စကားကို အတင်းဆက်ပြောသည်။

'ငွန်းရဲ့ဒဏ်ရာက မျက်စိနားမှာကပ်ပြီး ထိတာ၊ ပြန်ကောင်းမယ်လို့တော့ ဆရာဝန်က ပြောပါတယ်၊ ဒါပေမယ့် အကြာကြီးကုရလိမ့်မယ်၊ ခက်တာက အာရုံကြောကို ထိခိုက်သွားတယ်၊ ဒါကြောင့် သူ့နဘေးမှာ ရှင် ရှိနေဘို့ သိပ်လိုတာပေါ့၊ ဒီလိုအခြေအနေမျိုးမှာ ဇနီးတယောက်ရှိနေရာကို ဘယ်သူမှ

အစားဝင်လို့မရဘူး၊ အခု ရှင်ရောက်လာတော့ ရှင့်ဩဇာနဲ့ သူ့ကို ခွဲစိပ်ကုသရမယ်’

ဒမ်သည် ‘ဇနီး’ဟူသော စကားကို ပြင်ရန်မစဉ်းစားနိုင်တော့။ သူနာပြုဆရာမပြောသည်များကိုကြားရသောအခါ ပြင်းထန်စွာ စိတ်လှုပ်ရှားမိသည်။ ငွန်းခမြာ မရှိတော့ပြီဖြစ်သည့် သူ၏ အိမ်သူအိမ်သားများကို နေ့စဉ်ရက်ဆက် စောင့်မျှော် နေခဲ့ရှာသည်။ ယခု သူ့အိမ်သူအိမ်သားတွေ ကြုံခဲ့ရသည့် အဖြစ်ဆိုးကို ကြားသိရလျှင် မည်မျှထိခိုက်မည်နည်း။ ယခုနေ ငွန်း မသိလေမှကောင်းမည်။ ငွန်းကို အသိပေး၍ မဖြစ်သော အခြေအနေဟု ဒမ်သဘောပေါက်သည်။

ဒမ်သည် သူနာပြုဆရာမ ရှေ့ဆောင်ခေါ်သွားရာနောက်သို့ စကားတခွန်းမျှမပြောဘဲ လိုက်ပါသွားသည်။ ငွန်း၏ဒဏ်ရာဒဏ်ချက်အခြေအနေကိုကြည့်၍ ငွန်းအတွက် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးမည်ဟုလည်း တိတ်ဆိတ်စွာ ဆုံးဖြတ်ချက်ချသွားသည်။

ငွန်းကိုတွေ့ရသောအခါငွန်း၏မျက်စိနှစ်ကွင်းစလုံးသည် ပတ်တီးစည်းနှောင်ခံထားရသည်။ငွန်းတကိုယ်လုံးသည် ကတုန်ကယင်ဖြစ်နေသည်။ ခံရခက်သော ဝေဒနာဆိုးကို ခုခံတွန်းလှန်နေရသော ငွန်းသည် မေးကြောကြီးများ တင်းနေအောင် အံကြိတ်၍ မချိမဆန့်ခံနေရှာသည်။

ငွန်းကို လာရောက်တွေ့ဆုံသည့် ဧည့်သည်ရောက်လာသည်ဟု သိရသောအခါ ငွန်းသည် အိပ်ယာပေါ်တွင် လှဲနေရာမှထ၍ နံရံကိုမှီကာ ထိုင်သည်။ပြီးတော့ လက်နှစ်ဖက်ကိုဆန့်ထုတ်ကာ ဧည့်သည်ကို ကိုင်စမ်းရန် ကြိုးစားသည်။ ဒမ်၏ရင်ထဲတွင် လှိုက်၍ဆူဝေလာသည်။

‘ကျမပါငွန်း”

ဒမ်က တိုးညှင်းညင်သာစွာ ပြောသည်။

ဒဏ်ရာရထားသောငွန်းသည် သူ၏မွေးရာဇာတိမြေမှ ဂီတသံပါသော ဌာနေ ဒေသိယစကားသံကို ချက်ချင်း နားကျက်မိသည်။

‘သွမ့်မဟုတ်လား၊လာ.... လာ ငါ့နဘေးမှာလာထိုင်စမ်း’

ဒမ်က ပြောသည့်အတိုင်း လိုက်နာကာ ငွန်းအနားတွင် ဝင်ထိုင်သည်။ ဒမ်ပြောချင်သည်မှာ ‘ကျမပါ၊ ရှင့်ညီမဝမ်းကွဲပါ၊ ရှင့်ဇနီးမဟုတ်ဘူး’ဟူ၍ဖြစ်သည်။ သို့သော် ငွန်းကို ကြည့်လိုက်သောအခါ ဒဏ်ရာကြောင့် မျက်နှာရှုံ့မဲ့နေသည်ကို တွေ့လိုက်ရသည်။ ငွန်းသည် ကုတင်တိုင်ကိုဖမ်းကိုင်၍ နှုတ်ခမ်းကို ကိုက်ထားသည်။ ငွန်း၏အဖြစ်မှာ အတိုင်းအဆမရှိ သနားပိုစရာအခြေအနေပါကလား။ သူ့ခမြာဘာကိုမျှမမြင်ရ၍ မှားခြင်းဖြစ်သည်။ သူ့အမှားကိုယခုအခြေအနေတွင် ပြင်ပေး၍ ဘာအကျိုးရှိမည်နည်း။ သူ့အထင်လွဲမှားမှုကို မှန်အောင်ပြုပြင်၍ ဘာများ ကောင်းကျိုးဖြစ်စေမည်နည်း။

ဒမ်သည် နှုတ်မှဘာတခွန်းမျှ ပြော၍မထွက်ဘဲ ငွန်းကို ဂျိုင်းအောက်မှ မပေး၍ အိပ်ယာပေါ်တွင် အသာအယာပြန်လှဲစေသည်။ ငွန်းက ကျေးဇူးတင်သည့်အမှတ်ဖြင့် ဒမ်၏လက်ကို အသာလေးညှစ်သည်။ ငွန်းသည် ကြည်နူးပျော်ရွှင်စိတ်ဖြင့် အနာဒဏ်ရာ တစတစသက်သာရာရလာသည်။

‘မင်း စကားလဲမပြောပါလား၊ ဘာဖြစ်လို့ နှုတ်ဆိတ်နေတာလဲ၊ ငါမရှိတုန်း မင်းတို့တတွေ ဘယ်လိုနေကြသလဲ၊ အဖေတို့အကြောင်း၊အမေတို့အကြောင်း ငါ့ညီမလေးအကြောင်း၊ မင်းရဲ့အကြောင်း အားလုံးကို ငါ့ကိုပြန်ပြောပြစမ်းပါ၊မင်း နေကောင်းထိုင်သာကော ရှိရဲ့လား’

ငွန်းက ဒမ်၏နှုတ်ဆိတ်နေခြင်းကို မေးလာသည်။

ဒမ်သည် ငွန်းဆုပ်ကိုင်ထားသော သူ့ လက်တဖက်ကို အသာလေးဆွဲရုပ်သည်။ ချက်ချင်းပင်ငွန်းထလာသည်။ ငွန်း၏လက်တဖက်က ရမ်းဆ၍ စမ်းရင်း ဒမ်၏ ပိန်လှီသောခြေထောက်ကို စမ်းမိသွားသည်။ ငွန်းသည် အကျွမ်းတဝင် ရင်းနှီးစွာဖြင့် ဒမ်၏ခြေထောက်ပေါ်တွင် လက်ကို တင်ထားလိုက်သည်။ ဒမ်အဘို့ ရုတ်တရက်လန့်ဖြတ်သွားသော်လည်း ငြင်းဆန် ကန့်ကွက်ရန် မစံ့ရဲဘဲဖြစ်နေသည်။ ငြင်းဆန်ကန့်ကွက်ခြင်းဖြင့် ရက်စက်ရာရောက်မှာကိုလည်း သူမလိုလား။ ထို့ကြောင့် ခဏမျှငြိမ်နေလိုက်သည်။

ပြီးတော့မှအသာထရပ်ကာ ငွန်း၏ လက်ကို ကုတင်ပေါ်တွင်နေသားတကျ ပြန်ကျစေသည်။

'အားလုံး တယောက် မကျန် နေကောင်းကြပါတယ်၊ ခုနေ သိပ်စကား မပြောနဲ့အုံးငွန်း၊ လှဲနေပြီးတော့ အနားယူ လိုက်အုံး'

ဒမ်ကဖြောင်းဖျသည်။

* * *

ငွန်းအဘို့ သူ့ဇနီး သွမ်ဟု ထင်မှတ်နေသော ဒမ်ရောက်လာခြင်းဖြင့် စိတ်ကူးယဉ်စရာများသည် ကမ္ဘာမဆုံးအောင် အပြောကျယ်တော့သည်။ ရက်ပေါင်းနှစ်ထောင်မျှ သက်မျှကြင်သူနှင့် ဝေးခဲ့ရသည့်အဖြစ်များသည့်လည်း ပြယ်လွင့် ကုန်ဆုံးခြင်းသို့ ရောက်ရသည်။ သူ၏ဇနီးနှင့်ခဏတာလေးမျှသာ ပေါင်းဖက်ခဲ့ရသည့်အမှတ်သညာ များသည်လည်း အချိန်ခြားခဲ့သည်များကို ခုန်ကျော်လွှား၍ မျက်မှောက် ပြန်လည်ပေါင်း စည်း ခြင်း နှင့် တဆက်တည်း ဖြစ်စေသည်။

ငွန်းသည်ဇနီးသည်နှင့် လက်ထပ်ပြီးသည့်နောက် တရက်မှာပင် စစ်ထွက်ခဲ့ရပါသည်။ သူ့ဇနီးသည်၏ ဆွဲဆောင်မှုနှင့် သိနိုင် ခဲ့သော စိတ်သဘော ထားကို ခဏမျှသာ ငွန်း အနေဖြင့် မြင် တွေ့ ခဲ့ရပြီး အ စဉ် အားဖြင့်မူ သူ့ ဇနီး သည် သည် သူ့ အ တွက် သူမသိကျွမ်းသေးသော အမျိုးသမီးတဦးဖြစ်နေခဲ့သည်။

'သူငယ်ချင်းတို့ လာကြဟေ့၊ ဒီမှာလက်ဆောင်ပစ္စည်းတွေ ဝေစုလာယူကြဟ၊ ဒီမှာလေလိမ္မော်သီး၊ ဒီဘက်က ငှက်ပျောသီး ကြိုက် သ လို ယူ စားကြ၊ ဒါတွေက ခရိုင် အုပ်ချုပ်ရေး ကော်မီတီက ပို့လိုက်တာတွေ၊ ဒါကတော့ ကျုပ်အဖေနဲ့အမေက ပေးပို့လိုက်တာတွေ'

'ငွန်းရဲ့ဇနီး ယူလာတဲ့ လက်ဆောင်ပစ္စည်းတွေရောဟ....'

ရဲဘော်တယောက်က နောက်တီးနောက်တောက်စသည်။

'ငါ့ဇနီးရဲ့ လက်ဆောင် ပစ္စည်းလား'

ငွန်းက ပြန်မေး နေခိုက်မှာပင် ဒမ်သည် ရေပန်းရှိရာနေရာမှ ပြန်လာရင်း ရဲဘော် များ အချင်းချင်း ပြောဆိုနေကြသည့် စကားသံများကို ကြားရသည်။

'ငွန်း....မင်း မိန်းမရဲ့ ပါးပြင်မှာ စ ပယ် တင် မှဲ့ ရှိတယ်ဆိုတာ ဒို့ကိုမင်းမပြောခဲ့ပါလား'

'ဒါက အသေး အဖွဲ့ဘဲ၊ ဒါလေးတော့ ငါမေ့ ကောင်း မေ့နိုင်တာပေါ့၊ ဘာဖြစ်လို့လဲ၊ ဒါလေးက အလှပျက်စေလို့လား'

'ဟင့်အင်း....မဟုတ်ပါဘူး၊ မှဲ့လေးနဲ့ ပိုတောင် လှနေ သေးတယ်'

'မင်း မိန်းမ ကလဲ သိပ် ရှက် တတ် တာ ဘဲ ကွ၊ မင်းတို့ချင်း အခုမှ ပထမဆုံး အကြိမ် တွေ့ဘူး သလို နေနေ ကြတယ်'

'နလပိန်းတုံး၊ မိန်းမတိုင်း ဒီလို ရှက်တာချည်းဘဲ မဟုတ်လား'

* * *

ဒမ်သည် ဒူးတဆတ်ဆတ်တုန်ကာ ချက်ချင်းလှည့် ပြေးခဲ့သည်။ဤကဲ့သို့သော အဖြစ်မျိုးကို မျက်မှောက် ပြုရလိမ့်မည်ဟု သူ မမျှော်လင့်ခဲ့။ သူနာပြု ဆရာမလေး၏အခန်းသို့ ရောက်သောအခါ ဘာကြောင့်ဟူ၍ မသိဘဲ မျက်ရည် တသွင်သွင် ကျကာ ဒမ်ငိုမိသည်။ ဒမ်၏ အဖော်သစ်ဖြစ်သည့် သူနာပြု ဆရာမ လေးက ဒမ်ကို ဖြောင်းဖျသည်။

'မငိုနဲ့ဒမ်၊ ဒမ်ရောက်လာပြီးတဲ့ နောက်မှာ ဒမ့်ယောကျာ်းရဲ့အခြေအနေဟာ သိသိသာသာ ပြောင်းလဲလာတယ်၊ ကျမတကယ် ပြောတာပါ'

အဖြစ်မှန်ကို သူတို့ မသိကြ။

နောက်ရက် များတွင် အာ ရုံ ကြော ထိ ခိုက် မှု ဟူသည့် အနက်သဘောကို ဒမ်ပို၍နားလည်လာ၏ ရသည်။ဆေးဝါးများ၏ သိပ္ပံအခေါ်အဝေါ် များကို လည်းဒမ်အကျွမ်းတဝင် ဖြစ်လာသည်။ ငွန်း၏ဒဏ်ရာနှင့်ငွန်း၏ခံစားနေရပုံကိုဒမ်ပို၍ သိမြင်လာရသည်။

အမှောင်ပိတ်ဆီး၍ဘာကိုမျှ မမြင်မကမ်း ဖြစ်နေ ရသောငွန်း၏ဝေဒနာ သက်သာရာ ရစေရေးအတွက် ဒမ်က ရွာအကြောင်း အကျွမ်း တဝင် ရှိသည့် ရုပ်ပုံ

ယွှာများကို ငွန်းအား ပြောပြကာ နှစ်သိမ့်မှု ရစေသည်။ ငွန်းအဖို့မှာ ဒမ် ပြောပြ သည် များကို နားထောင်ရင်း ချစ်ဇနီး တဦး၏ ကြင်နာမှုကို သာယာရသည်သာမက မိမိချက်ကြွေဇာတိမြေကို လိုက်လိုက်လှဲလှဲချစ်မြတ်နိုးသောဇနီးသည် ပါတကားဟု တွေ့ရှိလာရကာ တစိမ့်စိမ့်ပီတိ ဖြစ်ရသည်။ ဒမ်၏ကြင်နာမှုများသည် သူ့တကိုယ်လုံးကို နွေးထွေးစေ၍ အထီးကျန်နေမှုနှင့် အပစ်ပယ်ခံ ဘဝ ဟူသော ခံစားချက်များကို ပျောက်လွင့်စေသည်။

ဒမ်အဘို့လည်းမိမိရောက်ရှိကြုံတွေ့နေရသည့် ဘဝကို တွေးတော ဆင်ခြင်ကာ အိပ်၍ မပျော်သော ညပေါင်းများစွာကို ဖြတ်သန်း လာ ရ သည်။ ဒမ်သည် သူ၏နှလုံးသားထဲတွင်တနုံ့နုံ့ခံစားနေရသော ဝေဒနာတရပ်ကို သူ့ဘာသာနား မလည်တတ်။ ဒမ်အဘို့ အချစ်ဟူသည် လျှို့ဝှက် နက် နဲ သော ဆန်း ကျယ်မှု တရပ်ဟုယူမှတ်သည်။ ဒမ် ၁၆နှစ် သမီး အရွယ်က ချစ်စိတ်၊ ကြိုက်စိတ် ခံစားချက် တခါ ဖြစ်ပေါ်ခဲ့ဘူးသည်။ သို့သော် ယခု နှစ်ဆယ့် လေးနှစ် အရွယ် အထိ သာတိုင်လာသည်။ တဦး တယောက်ကိုမျှ ဒမ်ချစ်ဘူး ကြိုက်ဘူးသည်ဟု မရှိခဲ့။ အချစ် ဆိုသည့် အရာကို စဉ်းစား မိတိုင်း ဒမ်၏ နှလုံးသည်ခုန် နှုန်း မြန်လာပြီး တကိုယ်လုံး တုန်လှုပ် မိသည်။ ဘယ်လို ကြောင့်များ နေ့ခြင်းညခြင်းသူသည် ငွန်း၏ ဇနီး ဖြစ်ရ သနည်း။ အဖြစ် အပျက် တို့သည် မမျှော်လင့်ဘဲ ရုတ်တရက် မြန်းစားကြီးဖြစ်လာခဲ့သည်။ ဤသည်ပင်အချစ်လား။ အချစ်စိတ် ကိန်း အောင်း ဖြစ် တည်မှုသည် ဤသို့ပင်လား။ စဉ်းစားလေလေဒမ်မဖြေတတ် လေတည်း။

တနေ့သော မနက်ခင်းတွင် ဖြစ်သည်။ ငွန်းအနီးတွင်ထိုင်နေသော ဒမ်အပါးသို့သူနာပြုဆရာမ ရောက်လာသည်။

'ဒမ်....ဆရာဝန်က ဒမ်ကို တွေ့ချင်လို့တဲ့'

ဆရာမ အသံသည် ရုတ်တရက် ဒမ်ကို လန့်သွားစေသည်။ ဒမ်ကား ဘာမျှ ပြန် မပြောဘဲ ထိုင်ရာမှ ထသည်။ ဆရာဝန်နှင့် တွေ့ နေစဉ် တလျှောက်လုံး မှာလဲ ဒမ်သည် စိုးရိမ် ပူပန်လျက် ရှိသည်။ သူနာပြုဆရာမက သူ့နာမည် အမှန်ခေါ်သည်ကို ငွန်းကြားသွားသည်။ ငွန်းသို့ယခု အချိန်တွင် ဘယ်လိုပြန်ပြောရမည်နည်း။ အမှန်အတိုင်း ပြော လိုက် ရတော့မည်လား။

တကယ်တည်း သူနာပြုဆရာမ၏ စကားကို ငွန်းကြားသည် သာမက သတိဂရု ပြုကာ မှတ် လည်း မှတ်သား ထားသည်။ ဆရာဝန်ထံမှ ဒမ်ပြန်ရောက်လျှင် ရောက်ခြင်း ငွန်းက ဤကိစ္စကို ပင် ကောက်ကာ ငင်ကာမေးသည်။

'မင်းကို တခြားသူတွေက ဘာဖြစ်လို့ ဒမ်လို့ခေါ်နေရတာလဲ'

ဒမ်သည် ဤမေးခွန်းအတွက် အဖြေကို အသင့်စဉ်းစားထားပြီး ဖြစ်သည်။ထို့ကြောင့်အေးဆေးတည်ငြိမ်စွာဖြင့်အဖြေတုန့်ပြန်နိုင်သည်။

'ဒါက ပြောင်းမှည့်ထားတဲ့ နာမည်လေ၊ ပါတီဝင်တိုင်းဒီလိုဘဲ နာမယ်ပြောင်းနိုင်တဲ့ ဥစ္စာ....'

'ဩ....ဒီလိုလား'

ငွန်းကလက်ခံသဘောတူသည့် အသွင်ဖြင့် ခေါင်းငြိမ့်သည်။ သို့သော် စိတ်ထဲတွင် မတင်မကျ ဖြစ်နေသေးသကဲ့သို့ဆက်၍ မေးလာ သေးသည်။

'မင်း ပြောင်းမှည့်တဲ့ နာမည်က ငါ့ညီမ ဝမ်းကွဲ တယောက်ရဲ့နာမည်ပါလား၊ ဘာဖြစ်လို့ ဒီနာမည်ကို ရွေးရတာလဲ'

ဒမ်၏မျက်နှာပေါ်တွင်နောက်တီးနောက်တောက်ပြုချင်သည့်အသွင် ပေါ်လာသည်။

'ကျမက ရှင့်ညီမဝမ်းကွဲ ဒမ်ဘဲဟာ'

'မင်းကငါ့မှတ်ဉာဏ်တွေ အကုန်လုံး တုံးကုန်ပြီလို့ ထင်နေသလား၊ ငါ့ညီမဒမ်ကို ကောင်းကောင်း မှတ်မိတာပေါ့၊ သူနဲ့ ငါ ပါတီ ကလပ်စည်း တခု ထဲမှာ အတူပါခဲ့ရတယ်၊ ချာတိတ်မလေး၊ ဘာမဆို တခစ်ခစ်နဲ့ရီစရာချည်း ထင်နေတဲ့ တကယ့် ကလေး၊ သူ့အတွက်ငါသီချင်းတွေ ရေးပေးခဲ့ရတာ ကလား'

'ဒမ်သေပြီငွန်း၊သနားစရာ သူ့ခမြာသူတို့အိမ်....'

ငွန်း၏မျက်နှာ ကွက်ကနဲ ပျက်သွားပြီး စိုးရိမ်စရာအသွင် ပေါ်လာ၍ ဒမ်က စကား မ ဆက် တော့ဘဲ ရပ်လိုက်ရသည်။

'ဒီကနေ့တော့ ဒီလောက်ဆို တော်လောက်ပြီ၊ ခု နှစ်နှစ်လုံးလုံး သေနတ်ကိုင်ပြီး တိုက်ပွဲဝင်ခဲ့ရပေမယ့် သူ့အသဲနှလုံးက ရက်စက်ကြမ်းကြုတ်ဆိုင်ကျောက်သားလို မာမသွားသေးပါကလား' ဟု ဒမ်စဉ်းစားမိရင်း ငွန်းကို အိပ်ယာပေါ်တွင် နေသားတကျ ပြန်၍ နေရာချထားပေးကာ ငြိမ်ငြိမ်နေလိုက်စေရသည်။

*   *   *

ဒမ်ကို ဆရာဝန်ကခေါ်တွေ့စဉ် ငွန်း၏အခြေအနေကို ဆရာဝန်က ပြောပြသည်။

'မင်းရဲ့ ခင်ပွန်းရဲ့ ညာဖက်မျက်လုံး အခြေအနေဟာ စိုးရိမ်စရာလက္ခဏာတွေပြနေတယ်၊ ဘယ်ဖက်မျက်လုံးထဲမှာ စူးဝင်နေတဲ့ ကျည်စကို အခုနေခွဲစိပ်ပြီး မထုတ်ခဲ့ရင် မျက်စိနှစ်ဖက်စလုံး ကွယ်သွားနိုင်တယ်၊ ဒါကြောင့် မင်းရဲ့ထင်မြင်ချက် ဘယ်လိုရှိတယ်ဆိုတာ ဒို့သိချင်တယ်'

ဒမ်သည် ဘာမျှပြန်မပြောတတ်ဘဲ ဆရာဝန်ကို နှုတ်အ၍ ငေးကြည့်နေမိသည်။

'ဒီသတင်းဟာ မင်းကို စိတ်အနှောက်အယှက်ဖြစ်စေမှာဘဲဆိုတာ ဒို့သိပါတယ်၊ ဒါပေမယ့် မင်းကို ပြောပြဖို့ဒို့မှာ တာဝန်ရှိတယ်၊ မင်းက သူ့ဇနီးဆိုတော့ ခွဲဘို့မခွဲ ဘို့အဆုံးအဖြတ်က မင်းရဲ့ပိုင်ခွင့်၊ မင်းပေးမှဖြစ်မယ်'

'ခွဲ....ခွဲပါဆရာ၊ ခွဲဘို့ကျမသဘောတူပါတယ်'

ဒမ်သည် ကောင်းစွာ မဝေခွဲတတ်ဘဲလျက် ခွဲစိပ်ကုသရန် ဆရာဝန်ကို သဘောတူလိုက်သည်။

ခွဲစိပ်ကုသမှုမှာ အတော်ပင် ခဲခဲယဉ်းယဉ်း ဆောင်ရွက်ရသည်။ သို့သော်လည်း နောက်ဆုံးတွင် စူးဝင်နေသောကျည်စကို ထုတ်ယူနိုင်ခဲ့သည်။ ထိုနောက်ပိုင်းတွင် ငွန်း၏ညာဖက်မျက်စိအခြေအနေမှာ တနေ့တခြား တိုးတက်ကောင်းမွန်လာခဲ့သည်။

ဆောင်းကြွင်းရက်များ မကုန်တတ်သေးမီ နွေဦးပေါက်လာသည်။ နွေဦးရောက်လာသည်နှင့် သစ်ပင်ကြီးငယ်များတွင် ပုရစ်ဖူးများဝေစီလာသည်။ ပန်းမာလ်တို့လည်းပွင့်ဟုန်ချီလာသည်။ လေယူရာယိမ်းပါလျက်ရှိသော တရုတ်ဆီးမွှေးပွင့်တခိုင်သည် လေဟုန်စီး၍ လူနာဆောင်၏မှန်ပြတင်းကို လာရောက် ပုတ်ကစားသည်။ တရုတ်ဆီးမွှေးပွင့်များမှာ ဆွတ်ဆွတ်ဖြူ၍ ဖွေးဖွေးလှနေသည်။ အခန်းတွင်းနှိရှိသော လူနာများမှာ အပြင်ဖက်တွင် နွေဦးပေါက်လာသည့် အရိပ်လက္ခဏာကိုတွေ့၍ တိတ်တဆိတ် စိတ်လှုပ်ရှားလျက်ရှိသည်။

သို့သော် အားလုံးထဲတွင် စိတ်အလှုပ်ရှားဆုံးသူကား ဒမ်ပင် ဖြစ်သည်။ ငွန်း၏မျက်စိများကို ပိတ်ဆီးဖုန်းကွယ်ထားသည့် ပတ်တီးများကို ဖြည်ရမည့်ရက်သည် တနေ့ထက်တနေ့ နီးကပ်လာခြင်းကြောင့်ပင် ဖြစ်သည်။

'ပတ်တီးဖြည်ပြီးရင်တော့ ငါ့ကို သူမြင်ရတော့မှာဘဲ၊ ဒီတော့မှ သူ့အမှားကိုသူသိပြီး အဖြစ်မှန်ကို သူနားလည်မယ်၊ ပြီးရင်တော့ ဘာဖြစ်မယ်ဆိုတာ မသိနိုင်ဘူး၊ သူ့ကို ငါ ဘယ်လိုနှစ်သိမ့်မှုမျိုး ပေးနိုင်စွမ်းအုံးမယ်ဆိုတာလဲ မစဉ်းစားတတ်ဘူး'

ဒမ်က သူ့ကိုယ်သူပြောသည်။

ငွန်း၏ ကျန်းမာရေးအခြေအနေမှာ တနေ့ထက်တနေ့ သိသိသာသာတိုးတက်ကောင်းမွန်လာသည်။ လူနာဆောင်၏မှန်ပြတင်းကို တရုတ်ဆီးမွှေးပွင့်များ လာပုတ်သည်ကိုလည်း ငွန်းသတိပြုမိသည်။ တညနေတွင်တော့ ငွန်းက ဒမ်ကို ပန်းခြံထဲသို့ သွားရန် ပြောလာသည်။

နွေဦးသည် ရွှန်းရွှန်းလင်း၍ ဝင်းပသာလေသည်။ နေခြည်ထဲတွင် ပွင့်တန်ပွင့်ဦးတို့ မျစ်မျစ်စို့၍ အညှောင့်စွင့်လာနေသည်။ ပန်းခြံဒေါင့်တွင် တပင်တည်းသော ကွမ်းသီးပင်မှာ မိုးယံသို့ ထိုးတက်နေသည်။ အေးရိပ်လွှမ်းနေသော ဝါးရုံတောအလယ်တွင် ကွမ်းသီးတပင်တည်း တင့်တယ် သာမောနေသည့်မြင်ကွင်းကို ကြည့်၍ ဒမ်သည် ရွာရှုခင်းကို မြင်ယောင်သည်။ ထန်းလက်မိုးသော အိမ်ကုတ်ကုတ်ကလေးအစဲတွင် ချစ်မငြီးသူနှင့် မိသားတစု ပျော်ရွှင်ကြည်နူးဘွယ်ကောင်းမည့်ဖြစ်ခြင်း။

'ကျမတို့ နေရောင်ထဲမှာထိုင်ကြရအောင်'

စာမျက်နှာ (၁၇၅) သို့ ☆

မွေးရပ်ဌာနေသို့ ပြန်ရောက်သည့်အခါတိုင်း ငွေလဆိပ်မှ အိမ်သို့အဝင် အမှတ်(၁) အထက်တန်းကျောင်းရှေ့မှ ဖြတ်သွားရသည်။ ထိုကျောင်းကို မြင်လိုက်မိသည်နှင့် ကျွန်တော်ပညာသင်ခဲ့ရသော အချိန် ကျောင်းသားဘဝကို ပြန်ပြောင်း သတိရ လာသည်။ ထိုအခါထိုအချိန်က ဆရာများကို တဦးပြီး တဦး မြင်ယောင်လာမိသည်။ ဆရာတို့ ပြောပုံ၊ ဆိုပုံ၊ ဝတ်ပုံ၊ စားပုံ၊နေပုံ၊ထိုင်ပုံ များသည် ကျွန်တော့်မျက်စိထဲမှာ တောင်တောင်နှင့်မထွက်သွား။ ဆရာတို့ ရိုက်နှက်ဆုံးမခဲ့သည့် ကြိမ်ချက် များသည်ပင် တင်ပါး၌ တဖြည်းဖြည်းစပ်၍ ကျန်ရစ်နေသေးသလိုနှင့် ယောင်ယမ်း၍လက်နှင့် ပွတ်မိသေးသည်။

ကျွန်တော့်ဘဝ အခြေကို ခန့်မှန်းကြည့်၍ တွေ့ဖြင့် ကျွန်တော့် ဆရာများကို အထင်မသေး သွားရန် ပဏာမ ပလ္လင်ခံထားပါရစေ။

ထိုဆရာများ၏ တပည့်တပန်း ပေါင်း ရာထောင်မကရှိခဲ့ကြသည် ထဲတွင် ကျွန်တော် တယောက်သာလျှင် ယခုအထိ လူရှော် ဖြစ်နေသော်လည်း အခြားအခြားသော တပည့်တပန်း များမှာနိုင်ငံ အဝှန်းကျော်ကြားထင်ရှားသော ပုဂ္ဂိုလ်ကြီးများ ဖြစ်နေကြပါပြီ။ထို့ကြောင့်လည်း ထိုဆရာများ၏ အကြောင်း တစေ့တစောင်း နာမည်နာမ ထုတ်ရခြင်းဖြစ်သည်။ ကျွန်တော့်လို တပည့်များသည် ထိုထိုသော ဆရာတို့၏ ကျေးဇူးကို တဒင်္ဂ တခဏမျှ လောက် အောက်မေ့ရှေ့ကောင်းသော နှလုံးသွင်းခြင်း ကောင်းသော အာရုံပြုခြင်း ဖြစ်စေရန်ကိုလည်း ကျွန်တော် တောင့်တမိပါသည်။

* * *

ဆရာကြီး ဉွန့်မောင်ခင်နှင့် ကျွန်တော် ပထမဆုံး ရင်ဆိုင်ရသော မြင်ကွင်းသည် သာသာ ယာယာ ရွှင်ရွှင်ပျပျ ကြည်ကြည်လင်လင် မဟုတ်ပါ။ ဆရာက ကြိမ်လုံးကို ကိုင်လျက် ကျွန်တော်က စာသင်ခန်းရှိ ဆရာ့ စားပွဲရှေ့မှာ ရပ်လျက်။

'မင်း နောက်က အပေါ် အင်္ကျီစကို ပင့် ထားလိုက်စမ်း'

ဆရာကြီးကအမိန့်ပေးလိုက်ပါသည်။ကျွန်တော်က အပေါ်အင်္ကျီစကို တင်ပါးနှင့် ကျွတ်ကျွတ်လွတ်လွတ် ပေါ်နိုင်သည် အထိ ပင့်ထားရသည်။ ထို့နောက် ဆရာကြီး၏ ကြိမ်လုံးသည်တရှိုးရှိုးနှင့် အဆက်မပြတ် ကျွန်တော်၏ တင်ပါးပေါ်သို့ ကျခဲ့လေသည်။ ကျွန်တော် ရှက် လိုက် သည့် ဖြစ်ခြင်း။ အတန်းဆရာနှင့် တကွအတန်းသားအားလုံးမှာ ငြိမ်သက် နေကြသည်။

'နောက် ကူးချ အုံးကွ....'

ဆရာကြီးသည်ကြိမ်ချက်ရပ် သွားပြီးနောက် စာသင်ခန်းမှ အထွက်တွင် ပြော သွား လိုက်သေးသည်။

မှန်ပါသည်။ ကျွန်တော်သည် အစမ်း စာမေးပွဲတခုတွင်ခိုးချမိသည်။ အတန်းထဲတွင် အသင့်အတင့် စာလိုက်နိုင်ခဲ့လင့်ကစား ပထဝီဘာသာတွင် အခက်အခဲတွေ့ခဲ့သည်။ ထိုစဉ်က ခြောက်တန်းတွင် အမေရိကတိုက်များအကြောင်းကို အင်္ဂလိပ် ဘာသာနှင့် သင်ကြရသည်။ အထူးသဖြင့် လက်တင် အမေရိကအကြောင်း သင်ပြီး၍ကျက်ရမှတ်ရသောအခါ တောင်များ၏အမည်၊မြစ်များအမည်၊မြို့များ အမည် များကို အသံထွက်အားဖြင့် မှတ် နိုင်သော်လည်း စာလုံး

ပေါင်း ရေး ပြရမည့် အခါကျွန်တော့်ဦးနှောက်ထဲတွင် ရောထွေးယှက်တင် ဖြစ်နေလေသည်။ ထို့ ကြောင့် လက်တင် အမေရိကမှ တောင်များ၊ မြစ်များ၊ မြို့ များ၏အမည် ဟူ သရွေ့ စာရွက်လွှတ် တခုအပေါ် တွင် စာလုံး သေး သေး လေး ရေးယူမှတ်သားပြီး လျှင်စာမေးပွဲ၌ အင်္ကျီအိတ်အတွင်းမှ အသာအယာ ထုတ်ယူကူးချမိ၏။ကျွန်တော့် ထက်ပါး နပ် ဖြတ်လတ် သောစာမေးပွဲ အခန်းစောင့် ဆရာသည် ကျွန်တော် ခိုးချနေသည်ကို တွေ့သွား လေသည်။ ထိုပြစ်မှုမှာ ကျောင်းများ ဆိုင်ရာ ပြစ်မှု အရပ်ရပ်တွင် ကြီး လေး

သို့ဆရာကြီးအဖြစ်နှင့် ပြောင်းရွှေ့ ခဲ့သည် ဟု လည်း ပြောကြပါသည်။ ဆရာကြီးသည်ပြင်ပမှနေ၍ အဆင့် ဆင့်စာမေးပွဲများ၌ ဝင်ဖြေရင်း ဝိဇ္ဇာဘွဲ့ကို ဆွတ်ခူး နိုင် ခဲ့ သည် ဟု လည်းသတင်းထွက်ခဲ့ပါသေးသည်။

ဆရာကြီး သည် အသားညိုသည်။အရပ်အမောင်း ကတော့ ပုပုပြတ်ပြတ်။မျက်စိနှာခေါင်း ပါးစပ်အနေ အထားခန့်ညားသည် ဆိုရသော် လည်း ချောမော သည်လို့လည်း မဆိုနိုင်ပါ။ ကျောင်းတက်လျှင်တော့ ဆရာကြီးသည် ဘန်ကောက် လုံချည်ကိုဘဲ ဝတ်လေ့ ရှိသည်။ တခါ တခါ ရွှေဖလားရောင်၊ တခါ တခါ

ကျွန်တော်တို့ဆရာ ဂျွန်မောင်ခင်

(မောင်စိုးမောင်)

သောပြစ်မှုမျိုးဖြစ်၍ အတန်းဆရာ အဆုံးအမလောက် နှင့် မပြီးစီးတော့ဘဲ ဆရာကြီးကိုယ်တိုင် ဆင်းလာ၍ ကြိမ်ဒဏ်ပေးခြင်းခံရသည်အထိ အပြစ်ရသွားခဲ့သည်။

ထိုအချိန်မှစ၍ ကျွန်တော်နှင့် ဆရာကြီးဂျွန်မောင် ခင်သည် တွေ့တွေ့ဆိုင်ဆိုင်ဆို၍ တွေ့ကြရသည် မရှိ တော့ဘဲ ဆရာကြီးကို ကျွန်တော့် အနေနှင့် အဝေး ကသာ အကဲခတ်ခွင့် လေ့လာခွင့်မျိုး ရခဲ့သည်။

ဆရာကြီး ဂျွန်မောင်ခင်သည် မော်လမြိုင် ဇာတိ ဖြစ်သည်ဟု ကြားရဘူး ပါသည်။ မော်လမြိုင်တွင် အထက်တန်းဆရာအဖြစ် နှစ်ပေါင်းများစွာ လုပ်ကိုင် ခဲ့ပြီးနောက် ထားဝယ် အစိုးရ အထက်တန်းကျောင်း

မှာတော့ ကြေးနီရောင် အသွေးရင့်ရင့်။

ထားဝယ်အစိုးရ အထက်တန်းကျောင်းသို့ ဆရာ ကြီး ရောက်ခဲ့ ပြီးနောက် ဆယ် တန်း အောင် ချက် ကလည်းတနှစ်ထက်တနှစ် ကောင်းလာခဲ့လေသည်။ ဆရာကြီးသည်ဆယ်တန်းတပည့်များအနက် ဘယ်သူ ဘယ်သူတွေကတော့ဖြင့် အောင်မည်ဟု စာသင်နှစ် အစမှာတပည့်တပန်းများကိုအကဲခတ်ပြီးသည်နှင့် ကြို ၍တစ်ပေးထားသည်။ ဆရာကြီးတစ်ကြိုပေးခံရသူများ ထဲမှ တယောက် မကျန် ဆယ်တန်း အောင် သွားကြ သည်။ သည့်ထဲ ကံစွပ် သွားလျှင် နောက်တိုး တဦး နှစ်ဦးလောက်ပို၍ နံပါတ် ချိတ်သွား သေးသည်။

ဆရာကြီးသည်အားကစားဖက်တွင်လည်း နာမည်ထွက်လာသည်။ အစိုးရအထက်တန်းကျောင်း ဘောလုံးအသင်းကို သူကိုယ်တိုင် ရွေးချယ်၍ ကွပ်ကဲသင်ပေးသည်။ သူကိုယ်တိုင်လည်း တခါတရံ ရှေ့တန်းမှ ဝင်ကစား လေသည်။ အသက် လေးဆယ် နီးပါး လောက်ရောက်နေချိန်မှာပင် ဆရာကြီးသည် အတော်ပေါ့ပါးသေးသည်။ ဖြတ်လတ် သေးသည်။ တပည့်များဘောလုံးသယ်ပုံ၊ တဦးမှတဦးသို့ပို့ပေးပုံ၊ တဖက်လူမှပြန်ယူပုံ၊ ဂိုးသွင်းပုံကို အားမရသောအခါ ခြေကိုဆောင့်ရင်း လက်ကို ပစ်ဆန့်ရင်း ဆရာကြီး သည် မကျေနပ်ဟန်ကို တင်ပြ တတ်ပါသည်။ ကျွန်တော်တို့ကတော့ မိုးထဲလေထဲတွင်ထီးဆောင်း၍ ဆရာကြီး ဘောလုံးသယ်သွားသည်ဆိုလျှင် အားပေးခဲ့ရ သည် ကများလှလေစွ။

ဆရာကြီးသည် တင်းနစ် ရိုက်ရာမှာလည်း လက်ပြင်းသလောက် မျက်စိရှင်သည်။ သန်တုန်းမြန်တုန်းဆိုသော တပည့် တင်းနစ်သမားကျော်များပင် သူ့ကိုနိုင်အောင်အတော်ကြိုးရုန်း၍ ကစားရသည့်။ မှတ်မိပါသေးသည်။ ထိုစဉ်က မြန်မာ နိုင်ငံ၏ တင်းနစ်ချန်ပီယံသည်ဦးချိုဖြစ်ပါသည်။ဦးချိုသည် တနင်္သာရီတိုင်း၏ ပညာဝန်မင်းလည်းဖြစ်သည်။ တနှစ်တကြိမ် ကျောင်းများကိုစစ်ဆေးရန် ထားဝယ်သို့ရောက်လာ တတ်ပါသည်။

ထိုအခါ မြန်မာ့တင်းနစ်ချန်ပီယံနှင့် ဆရာကြီးတို့ တပွဲတလမ်း တင်းနစ်အကဲ စမ်းကြသည်။ ဦးချို၏ ရိုက်ချက်၊ အကာအကွယ်၊ အဖျက်၊ အဆုတ် အခံ၊ အပေးအယူ စသည် တို့ကို ကြည့်ရန် ကျွန်တော်တို့ တတွေ အပြေး အလွှား သွား၍ စောင့်စား ကြည့်ရှုကြရသည်ကလည်း အမော။

ဦးချိုသည် ဆရာကြီးကို အနိုင်ရရန်မျက်နှာနီရဲလာသည် အထိ ကြိုးစား ရသည်။ ဆရာကြီး ကတော့ အပြုံးမပျက်။ သူရှုံးသွား သော်လည်း ဘာမျှ ဂုဏ် မလျော့သွားနိုင်။ ဦးချိုမှာသာ ထားဝယ် ကျောင်း ဆရာကြီးကို ရှုံးသွားလျှင် ချန်ပီယံဆိုသော ရာမဂုဏ်ပုဒ်ကြီးညှိုးမှိန်သွားနိုင်သည် မဟုတ်ပါလား။

* * *

ဆရာကြီးကိုအဝေးမှပင် အကဲခတ် လေ့လာခဲ့ရ သည် မှာလည်း လေးနှစ် ကျော်ကျော် လောက်ပင် ကြာမြင့်ခဲ့ ပါလိမ့်မည်။ ဆရာကြီးသည် စာအသင် အပြ ဖက်လည်း တော်သည်။ တပည့်များ နားလည် ပါးလည်နှင့် ကျေကျေနပ်နပ်ရှိကြသည်။ ဆယ်တန်း၌ အောင်ချက်ကောင်းသည် စသည်စသည်ဖြင့်သတင်း များကလည်း တနယ်လုံးတွင် မွှေးနေလေပြီ။

ကျွန်တော်တို့ တ တွေ မှာ ဆရာကြီး ထားဝယ် အစိုးရ အထက်တန်းကျောင်းသို့ ပြောင်းရွှေ့ လာရ သည်ကိုပင် ငါတို့အဘို့ကံကောင်းလေစွဟု ဝမ်းသာ အားရ ရှိနေသော အချိန်။ ကျွန်တော် ကိုးတန်းမှာ စာသင်နေရစဉ် ဆရာကြီးအဘို့ ပရိဒေဝမီးတောက်စရာ အကြောင်းပေါ်လာခဲ့သည်။ ဆရာကြီး၏ ဇနီး ရုတ်တရက်ကွယ်လွန်သွားသည်ဟု သတင်းထွက်ပေါ်လာသဖြင့် ဆရာကြီးအတွက် ကျွန်တော်တို့ စိတ်မကောင်းဖြစ်ကြရသည်။ ဆရာကြီးအတွက် ကျွန်တော်တို့ ဂရုဏာသက်ရသည်။ ပို၍ စိတ် မ ကောင်း စရာကတော့ ဆရာကြီး ဇနီးမှာ မွေးဖွားပြီး မီးတွင်းမှ မထွက်မီ ကွယ်လွန်သွားခြင်း ဖြစ်သည်။

အစိုးရ က ပေးထားသည့် ဆရာကြီး နေထိုင်ရာ ပျဉ်ထောင်နှစ်ထပ်အိမ်နှင့် ကျောင်းမှာ တဖာလုံသာ သာလောက်သာ ဝေးပါ လိမ့်မည်။ ကျွန်တော်တို့ ကျောင်းသားကြီးများကတော့ အသုဘကိစ္စ အဝဝ တွင် လိုအပ်သလို ကူညီဘို့ စိုင်းပြင်း ကြသည်။

ကျွန်တော်တို့ဒေသ၏ မီးနေသည် အသုဘထုံးစံကတော့အလောင်းကို ညမသိပ်ရ။ ချက်ချင်းဆိုသလို သုသာန်သို့ပို့၍သင်္ဂြိုဟ်ရသည်။ ထိုထက်အလောင်းကို ထည့်ရသည့် ခေါင်းပျဉ်ကို သံနှင့်မစပ်ရ။ လျှော်ကြိုးဖြင့် သာ တုတ်ချီ စပ်ရသည်။ အလောင်း ကိုလည်း သုသာန်တစပြင် ရောက်သည်အထိ အလှည့်ကျဖြင့် လူလေးယောက် ထမ်းယူ သယ် ဆောင် ကြရသည်။ မီးတွင်းမှမထွက်မီ ကွယ်လွန်သော အမျိုးသမီးများ အတွက်သုသာန်သီးခြားထားရှိပါသည်။ ထိုသုသာန်မှာသာလျှင် မြှုပ်နှံ မီးသင်္ဂြိုဟ်ကြ ရသည်။

ဆရာကြီးသည် တရပ်တကျေးမှ အစိုးရ တာဝန် အရပြောင်းရွှေ့လာရသူဖြစ်သည်။ ထို့ထက်ကျောင်း

တွင် ဝါတွင်း အဖိတ်နေ့ညနေများ၌ ဘုန်းတော်ကြီးများအား အလှည့်ကျပင့်ဖိတ်၍ တရားနာလေ့ရှိခဲ့ရာ ဆရာကြီးလာ၍တရားနာရေစက်ချလေ့မရှိ။ သက်ကြီးဝါကြီး ဆရာတဦးဦးက သာလျှင် တရားနာရေစက်လေ့ရှိသောကြောင့် ကျွန်တော်တို့ သာမက အများကပင် ဆရာကြီးသည် ဗုဒ္ဓဘာသာ ဟုတ်မယ် မထင်ဘူးဟု ယူဆထားကြသည်။ ထိုသို့ဆိုလျှင် ဆရာကြီးသည် ဇနီးအသုဘ ကိစ္စတွင် ရပ်ရွာထုံးစံကို ပယ်နိုင်သေးသည်။ သာမန်အသုဘကဲ့သို့ပင် သားသားနားနားနှင့်မိသားစုကျေနပ်လောက်အောင် သုံးလေးရက်ထား၍ နောက်ဆုံး ပြုစုလိုက်နိုင် ပါသည်။ ဆရာကြီးသည် အကယ်၍များ ခရစ်ယန်ဘာသာဝင် ဖြစ်နေဦးမည်ဆိုပါစို့။ ခရစ်ယန်ဘာသာ ဓလေ့ထုံးစံအရ ဇနီးကိုသဂြိုဟ်နိုင်ပါသည်။

သို့သော် အရပ်ကတော့ ကျေနပ်မည်မဟုတ်။ အရပ်ဆိုသည်ကလည်း အခက်သား။ ဤသို့ကွယ်လွန်လျှင် ဤသို့ဘဲချရမည်။ ထိုသို့ကွယ်လွန်လျှင် ထိုသို့ဘဲချရမည်။ ထုံးစံဓလေ့ကိုပယ်ဖျက်လျှင် အရပ်နှင့်မသင့်မမြတ်ဖြစ်ရတတ်သည်။

ဆရာကြီးသည် အရပ်ကို ထော်လော်ကန့်လန့်မလုပ်။ အရပ်မှာ ဘယ်လို လုပ်ထုံးလုပ်ရိုးရှိသည်ကို နားထောင်သည်။ အရပ်ဆန္ဒကို လိုက်လျောသည်။ ဆရာ့စိတ်တွင် အသုဘ အပုပ်ကောင်ဖြစ်သွားတော့မှ ဘယ်လို သဂြိုဟ်ရ သဂြိုဟ်ရ မထူးတော့ဟု ဆင်ခြင်နှလုံးသွင်းလိုက်ဟန်တူပါသည်။ တရပ်လုံး တရွာလုံး စိတ်အေးချမ်းသာမှုရှိစေဘို့ အသုဘကိစ္စကို စီစဉ်စေသည်။ ရောမမြို့မှာနေလျှင် ရောမလူမျိုးတို့ရဲ့ ဓလေ့ထုံးစံများအရ ကျင့်ကြံနေထိုင်ရမည်ဆိုသော ရှေးစကားဟောင်းကို ယုံကြည်စွာနှင့်ကျင့်သုံးခြင်း ဖြစ်ပေလိမ့်မည်။

ထားဝယ်ရပ်ရွာဓလေ့ထုံးစံအရ အသုဘချရာမှာ ဆရာကြီးသည် တပည့်လေးယောက်ကျ အလှည့်နှင့်ထမ်းသွားသည့် အလောင်းဘေးမှကပ်လျက် မျက်နှာထားတည်တည်နှင့်ဘဲ လိုက်ပါခဲ့သည်။ ရင်ထဲ ဝမ်းထဲ၌ တောက်လောင်သော ပရိဒေဝမီးကို ဆရာကြီးသည် ရင်ဆိုင်နိုင်စွမ်း၊ ခံနိုင်ရည်စွမ်းပြလျက် ရှိပုံကို ယခုတိုင်ပင် ကျွန်တော် မြင်ယောင်မိနေပါသေးသည်။

ဆရာကြီးသည် ဇနီးသည်ကွယ်လွန်သော နေရာဒေသမှ ပြောင်းလိုရွှေ့လို ကူးသန်းလိုသောစိတ်ရှိဟန်မတူ။ တပည့်တပန်းများအား စာပေပို့ချရင်း မိမိစိတ်ကို ဖြေနေလိုက်ပုံပေါ်သည်။ ကိုးတန်းနှင့် ဆယ်တန်းမှာ ပျဉ်လိုက်ကာ သုံးလေးခုလောက်နှင့်သာကာရံပိုင်းခြားထားသဖြင့် ဆရာကြီး သင်နေပြနေရင်း အရွှန်းအသောကလေးများ ထည့်ပြောသောအခါ အတန်းလုံး တဝါးဝါးနှင့် ပွဲကျနေသည်ကို အတိုင်းသား ကြားတွေ့လာကြရပြန်သည်။

ထိုအခါ ကျွန်တော်တို့ကျောင်းအထက်တန်းတွင် ကျောင်းသူဆို၍ ပြေးရေလိုက်လျှင် ဆယ့်ငါးယောက်အယောက်နှစ်ဆယ်လောက်ဘဲရှိသည်။ ထိုကျောင်းသူများထဲတွင် ကျောင်းသူအပျိုကြီးများလည်းရှိသေးသည်။ ကျောင်းသားကြီးများထဲမှ နောက်တီးနောက်တောက်ပြောတတ်သူများက ကျောင်းသူ အပျိုကြီးများကို ဆရာကြီးနှင့် ပြောင်လှော်င်လိုက်ကြသေးသည်။ယင်းသို့ ပြောင်လှောင်ကြရာလည်း သူတို့ စေတနာကတော့ ဆရာကြီးကို ကျွန်တော်တို့ကျောင်းနှင့်မခွဲစေချင်။ မခွဲနိုင်မခွာရက်တော့ဘဲ ဆရာကြီး ဆက်လုပ်နေရအောင် သံယောဇဉ်ကြိုး ချည်လို၍သာဖြစ်၏။ ယင်းသို့ နောက်ကွယ်မှာ ကျောင်းသားကြီးတို့ပြောသံ ဆိုသံကြား၍ပေလောမသိ။ ဆရာကြီးသည် စာသင်ရင်း တပည့်တို့အား မေးမြန်းစရာပေါ်လာလျှင် ကျောင်းသားကြီးတို့ဘက်ကိုသာ ဦးတည်တော့သည်။ ကျောင်းသားကြီးတို့သာလျှင် ဆရာကြီးမေးသမျှ ထ၍ ဖြေကြရသည်ကလည်း အမော။ ကိုယ့်အတတ်နှင့်ကိုယ်စူး ကိုယ့်ရှူးကိုယ်ပတ်ဖြစ်ရချေသည်။

ကျွန်တော်တို့ ဆယ်တန်းသို့ ရောက် ခဲ့ သည်။ ရက်သတ္တတပတ်နှစ်ပတ်ကြာ၍ ထိုနှစ်အဘို့ တပည့်တပန်းတို့ အရိပ်အကဲကို ခတ်မိပြီးသောဆရာကြီးသည် ဒီနှစ်တော့ ဒီမောင်ဒီမယ်တွေ အောင်လိမ့်မယ်လို့ ကြွေးကြော်ကြေငြာ၍ နိမိတ်ဖတ်လိုက်လေသည်။ ထိုသို့ ကြွေးကြော်လိုက်သော စာရင်းတွင် ကျွန်တော်ပါမလာခဲ့ချေ။

ထိုနေ့အဘို့ ကျွန်တော် တော်တော်စိတ်လှုပ်ရှားသွားခဲ့၏။ ဆယ်တန်းတွင် နှစ်ချင်းပေါက် အောင်လျှင်အောင် မအောင်လျှင် ဒုတိယအကြိမ်အောင်ဘို့ဆိုသည်မှာ အတော်လေးခဲယဉ်းသွားပြီ။ ဆယ်တန်းတွင် နှစ်ခါကျပြီးလျှင် စိတ်လေသွားပြီဖြစ်၍ တတိယနှစ်များတွင် ယောင်ပေယောင်ပေနှင့် ဆယ်တန်းတွင် ဂျိုးကပ်သွားရုံသာ ရှိသည်။ ကျွန်တော်တို့ခေတ်က မိဘကလည်း ပိုက်ဆံတတ်နိုင်မည်။မိမိကလည်းမရှက်မကြောက် ဆက်၍စာသင်သွားနိုင်မည်ဆိုလျှင် ဆယ်တန်းတွင် ပါနှပေတံ အသက်ထက်ဆုံး နေအုံးလေမလား။ နေနိုင်သည်သာ။ ဆယ်တန်းတွင် ခုနှစ်နှစ်ရှစ်နှစ်လောက်နေပြီးမှ အောင်သွားကြသူပင် ရှိခဲ့သည်။

သို့နှင့်ပင် ကျောင်းရက်မပျက်၊ စာမှန်မှန်ကျက်ရင်းနှင့် လစဉ် စာစီစာကုံးရေးရသော အခါများ၌ ကျွန်တော့်အဘို့ အောင်မှတ်ကလေး ရလာလေသည်။

တနေ့တွင်, ဆရာကြီးသည် သောင်းပြောင်းထွေလာပြောရင်းဆိုရင်းနှင့် ဘယ်သူဘယ်ဝါဖြင့် ထိုနှစ်ဆယ်တန်းကို အောင်နိုင်သည်ဟု နိမိတ်ဖတ်ပြန်လေသည်။

'စိုးမောင်ဆိုတဲ့ အကောင်လဲ အောင်နိုင်သကွ၊ သူ့လက်ရေးကိုမြင်ရင် အမှတ်ပေးသူက သူ့အဖြေလွှာကို ဆက်ဖတ်နေတော့မှာ မှုတ်ဘူး၊ ဒီကောင် လက်ရေးလဲ လှတယ်၊ ရှင်းရှင်းလဲ ရေးတတ်တယ်၊ ဒီကောင် စာမှန်မှန်ကျက်တဲ့အကောင်ဘဲဖြစ်ရမယ်ဆိုပြီးတော့ အောင်မှတ်ပေးလိုက်လိမ့်မယ်၊ ဒီကောင်ကတော့ လက်ရေးနဲ့ စားသွားမှာဘဲ'

ဆရာကြီးသည် ဆယ်တန်းနှစ် အင်္ဂလိပ်ဖတ်စာတွင် အင်္ဂလိပ်စာရေးဆရာကြီး ချားစ်ကင်စလီရေးသော (ဝက်စ်ဝပ်ဟိုး) ခေါ် အနောက်ဆီသို့ဝတ္ထုမှ သမုဒ္ဒရာပြင်တွင် စပိန်စစ်လှေများနှင့် ဗြိတိသျှ စစ်လှေများ တိုက်ခိုက်ခန်းမှ ကောက်နှုတ်ချက် စာပိုဒ်ပါရှိခဲ့လေသည်။ သမုဒ္ဒရာကူး ဥရောပတိုက်စစ်လှေကြီးများ၏ အစိတ်အပိုင်း၊ အခေါ်အဝေါ်၊ အသုံးအနှုန်း၊ စစ်လှေသားများ၏ ဘန်းစကားများ၊ ဗြိတိသျှနှင့် စပိန်စစ်လှေကြီးများ တိုက်ကြခိုက်ကြပုံ သရုပ်ဖော်ခန်းများမှာ ကျွန်တော်တို့အဘို့ ဖတ်ရင်းဖတ်ရင်း နက်နဲရှုပ်ထွေးနားလည်ရန် ဝေလာဝေးနေသည်။

'ဒီအကြောင်းကို စာမေးပွဲကြီးကျရင် မေးမှာတော့ သေချာတယ်ဟေ့' ဟုဆို၍ ဆရာကြီးသည် စာကြောင်းတကြောင်းစီကို သေသေချာချာ ရှင်းပြသည်။ စာလုံးတလုံးတစီကို အဓိပ္ပာယ်ဖွင့်ပြသည်။ စာတပုဒ်စီ တပုဒ်စီကို သေသေချာချာ ရှင်းပြသည်။ အနက်ဖော်ပြသည်။ ပြီးမှမေးခွန်းထုတ်သူတို့ ဘယ်ပုံဘယ်နည်းမေးခွန်းထုတ်နိုင်သည်ကို လမ်းကြောင်းပြသည်။ ယင်းအကြောင်းအရာတခုလုံးကို ဆရာကြီး အဓိပ္ပာယ် ဖွင့်ပြတော့မှ အလွန် စိတ်ဝင်စားစရာကောင်းသော သမုဒ္ဒရာ စစ်လှေကြီးများ တိုက်ပွဲသရုပ်ဖော်ဖွဲ့ဆိုပုံကို ထင်လာ မြင်လာ လေသည်။ ကျွန်တော် စိတ်ဝင်စားမိသည်။ ထိုအဖွဲ့အနွဲ့မျိုး ကျွန်တော် ရေးတတ်ချင်လာသည်။ ဤတွင် ထိုစာပုဒ်ကို အလွတ်ကျက်မိသည်။ အလွတ်ကျက်ရုံသာမကသေး၊ ဘာသာပြန်ကြည့်ပြန်သေးသည်။ ဘာသာပြန်ထားသည်ကို အထပ်ထပ်အခါခါ ပြင်ဆင်သည်။ စိတ်ထဲမှ အားပါးတရရှိပြီဆိုမှ အတန်းထဲတွင် မိမိထက် မြန်မာစာအရေးအသား အဖွဲ့အနွဲ့ကောင်းသူများကို လိုက်ပြသည်။ ဘယ်သူကမှ ဂရုတစိုက်ဖတ်ကြည့်၍ မဝေဘန်သောအခါ သူရိယမဂ္ဂဇင်းအယ်ဒီတာမှတဆင့် ဆရာသိပ္ပံမောင်ဝသို့ လိပ်စာတပ်၍မှတ်ပုံတင်လုပ်ပြီး ပို့လိုက်သည်။

သိပ္ပံမောင်ဝမှာ သူရိယမဂ္ဂဇင်းတွင် တခါတခါ ဆောင်းပါးများရေးနေရာ ကျွန်တော် ကျိုးစား၍ရေးသားထားသောစာကို ဖတ်ရှုပြင်ဆင်ပေးလိမ့်မည်ဟု တွေး၍ ပို့လိုက်ခြင်းဖြစ်သည်။ ပြန်စာ တစောင်လောက်မစပါဟုလည်း စာပလွှင်ခံလိုက်သေးသည်။

သူရိယမဂ္ဂဇင်းအယ်ဒီတာကပင် သိပ္ပံမောင်ဝထံ မပို့ခဲ့ခလသလော။ သို့မဟုတ် ကျွန်တော့်စာကိုရလင့်ကစား အရေးတစိုက်လုပ်၍ပင် သိပ္ပံမောင်ဝက စာမပြန်ခဲ့သလော၊ အကြောင်းအကျိုး မသိရတော့ဘဲ ကျွန်တော် ဘာသာပြန်ဆိုချက်နှင့် စာမှာ ကျွန်တော် ဘာသာပြန်ချက်ထဲမှာ ပါသော စပိန်စစ်လှေကြီးလို

သမုဒ္ဒရာ၌ စုံးစုံးမြုပ်သွားသလို နောက်ထပ် ဘာအကြောင်းမှမကြားရတော့ချေ။

ဆရာကြီးသင်ပြမှုအပေါ် အခြေခံ၍ ကျွန်တော် စာရေးသမား၊ ဝတ္ထုရေးသမားတယောက် ဖြစ်ရန် ကျိုးစားခဲ့သည့် အချက်တချက်ရှိပါသေးသည်။

ကျွန်တော်တို့ ဆယ်တန်းမရောက်မီတနှစ်က ဆယ်တန်းတွင် ပြဋ္ဌာန်းသော အင်္ဂလိပ်ဘာသာ အထွေထွေလေ့ကျင့်စာမှာ ဇန်းဒါးမြို့မှ အကျဉ်းသားဝတ္ထုဖြစ်သည်။

ထိုဝတ္ထုသွားကို စစ်ပြီးခေတ်က ဖူးစာနှစ်ခိုင် အမည်ဖြင့် တယောက်သောစာရေးဆရာက ဘာသာပြန်၍ စာအုပ်ထုတ်ခဲ့ဘူးပါသည်။ ရုပ်ရှင်လဲ ရိုက်ခဲ့ဘူးသည်။ ရုပ်ရှင်မင်းသားကြီး မင်းသမီးကြီးများဖြစ်ကြသော ဦးဘတင့်၊ ဒေါ်ခင်နုနုတို့ သရုပ်ဆောင်၍လည်း ထိုဇာတ်လမ်းကို ဒေပီမေတ္တာ၊ မောင့်ဒေဝီ စသောအမည်များဖြင့် ရုပ်ရှင် ရိုက်ခဲ့ဘူးသေးသည်။ ယခုအချိန်၌ပင်လျှင် ထိုဝတ္ထုကို စာရေးဆရာ အန်တော်နီဟုတ်၏ စိတ်ကူးယဉ်ဝတ္ထုမဟုတ်၊ ဥရောပတနေရာမှ နိုင်ငံငယ်တခုမှာ တကယ့်ဇာတ်လမ်းဖြစ်ပါသည်ဟု ငြင်းကြခုန်ကြဆဲဖြစ်ပါသည်။

ဇန်းဒါး အကျဉ်းသားကို မဖတ်ဘူးသေးသော ကျွန်တော်တို့ကို ဆရာကြီးက ယင်းဝတ္ထုဇာတ်လမ်းကို ပြောပြပါသည်။ နောက်ပြီးတော့မှ ကျွန်တော်တို့ သင်ကြရမည့် ထိုဇာတ်လမ်းအဆက် ဟန်းဇော့မြို့စား ရူပက်မင်းသားအကြောင်းကို သင်သည်။ ဟန်းဇော့မြို့စား ရူပက်မင်းသားမှာ ယင်းဝတ္ထု၏ လူကြမ်းဖြစ်သည်။ သဲလိုက်ရင်ဖိုဒါးကစားခန်း၊ စွန့်စားခန်းများပါဝင်သည်။ ဆရာကြီးသင်ကြားပေးပုံကလည်းကောင်းနေ ဝတ္ထုသွားကလည်း စိတ်ဝင်စားစရာ ဖြစ်နေသော အခါ ကျွန်တော်သည် ဒုတိယမွှ ဇာတ်လမ်းကို ဘာသာပြန်ကြည့်သည်။ စာအုပ်အခန်း တခန်းပြီး တိုင်းပြီးတိုင်း အိမ်ပြန်ရောက်သောအခါ ကျွန်တော်က မြန်မာဘာသာပြန်သည်။ ထိုဘာသာပြန်ဆိုချက် ဗလာစာအုပ် နှစ်အုပ် သုံးအုပ် ရှိသည်ကိုတော့ ကျွန်တော်က ချစ်သူရည်းစားအား ဖတ်ကြည့်ခိုင်းသည်။ ချစ်သူရည်းစားမှာ မမျှော်လင့်ဘဲ ရုတ်တရက် ကွယ်လွန်သွားသောအခါ ကျွန်တော့်ဘာသာပြန်ဆိုချက်စာအုပ်မှာလည်း ပျောက်ခဲ့ရပြန်လေသည်။ ဆရာကြီးအသင်အပြကောင်းရာမှ ကျွန်တော့်အဖို့ဘာသာပြန်အလေ့အကျင့်ရ၍ စာရေးသမားဖြစ်စေဘို့ အုတ်မြစ်ချနိုင်ခဲ့သည်ဟုလည်း ဆိုသင့်ပါ၏။

ဆရာကြီးသည် ဂဏန်း၊ အင်္ဂလိပ်ရာသချ်ာ၊ ဂုဏ်ဩမေတြီသင်ပြသောဆရာများ မလာနိုင်သော အခါများတွင်လည်း ယင်းဘာသာရပ်များကို ဝင်သင်လိုက်သေးသည်။ ဂဏန်းဆရာ၊ အက္ခရာသချ်ာဆရာ၊ ဂုဏ်ဩမေတြီဆရာသင်စဉ်က နားမလည်ဘဲနှင့် ယောင်ချာချာဖြစ်နေသော အမေးပုစ္ဆာများသည်ပင် ဆရာကြီးသင်ပြပေးသောအခါ သဘောပေါက် နားလည်သွားလေသည်။ မြန်မာစာကိုလည်း ဆရာကြီးဝင်သင်သည်။ သမိုင်း ပထဝီဘာသာရပ်များကိုလည်း ဝင်သင်သည့်အခါ ဝင်သင်လိုက်သေးသည်။ ဆရာကြီးသင်သမျှဆိုလျှင် ကျွန်တော်တို့ ခေါင်းထဲတွင် ပြတ်ပြတ်သားသား ရှင်းရှင်းလင်းလင်းနှင့် စွဲ၍ကျန်ရစ်ခဲ့သည်။ ပျင်းရိစရာအကွက်ရောက်လာလျှင် မျက်လုံးကျယ်သွားအောင်အသောအရွှန်းများ ညှပ်၍ပြောပြသည်။ တတန်းလုံးတဝါးဝါးတသောသောနှင့် အိပ်မငိုက်တော့။

စာမေးပွဲကြီး နီးလာသောအခါ ဆရာကြီးသည် သူ့အိမ်သို့ခေါ်ကာ ညပိုင်းတွင် အချိန်ယူ၍ သင်ပြပေးပြန်သည်။ ဘယ်တပည့်မဆို စာမေးပွဲကြီး၌ မိမိကိုယ်မိမိ စိတ်မချရင် လာသင်ဟု ဖိတ်ခေါ်သည်။ ကျွန်တော်နေထိုင်ရာ ရပ်ကွက်နှင့် ဆရာကြီးအိမ်မှာ အနီးကလေးဖြစ်၍ ကျွန်တော့်အဖို့မှာလည်း 'စိတ်မချတချို့ သွားသင်သည်။

ကျွန်တော့်ကိုမြင်သောအခါ 'ဟော့ စိုးမောင်၊မင်းအောင်ပါတယ်ကွာ၊ မင်းလက်ရေးကိုမြင်လိုက်တာနဲ့ စာစစ်တဲ့ဆရာက ဆက်ဖတ်နေမှာ မဟုတ်ပါဘူး၊ အောင်မှတ်တခါထဲပေးမှာကွ' ဟု ရယ်မော၍ ပြောပြန်သေးသည်။

စာမေးပွဲကြီးတွင် ဆရာကြီး ကြိုတင်အဟောထုတ်ထားသော မေးခွန်းများသည် တဘာသာပြီးတဘာသာ၌ ဆင့်၍ဆင့်၍ပါလာသည်။ ဗြိတိသျှစစ်လေ့နှင့်

စပိန်စစ်လှေတို့ သမုဒ္ဒရာတွင် တိုက်ပွဲဆင်ပုံအကြောင်း ရေးပါဟူသော အင်္ဂလိပ်ဘာသာမေးခွန်းကို မြင်လိုက်သည်နှင့် ကျွန်တော်သည် ဒီနှစ်မှမအောင်ရင် ဘယ်နှစ်မှာအောင်တော့မှာလဲကွ ဟု ကြုံးဝါးလျက် အပေါ်အင်္ကျီလက်ကိုပင့်ကာ အလွတ်ရထားသမျှ ရေးချလိုက်လေသည်။

ဆရာကြီးကျေးဇူးကား ကြီးမားလှပေစွ။ ကြီးမားလှပေစွ။

ဆရာကြီးသည် ထားဝယ်သား ကျောင်းသားကလေးများကို ပညာတတ်လူငယ်များဖြစ်လာအောင် အကျင့်စာရိတ္တဘက်က လုံခြုံအောင်၊ ကျမ်းမာရေး အားကစားဘက်ကလည်း ဖွံ့ဖြိုး တိုးတက်အောင် တာဝန်ကျေသည်ထက် စေတနာအပြည့်အဝထား၍ သင်ကြားပြုပြင်ပေးသည်။

ကျောင်းမတက်မီ နံနက်ခင်းတွင် ကျောင်းအပေါ်ထပ် ဝရံတာလက်ရန်းပေါ်တွင် ထိုင်၍ ကျောင်းသားကြီးများသည် စီးကရက်ဖွာကြသည်။ ဆရာကြီးသည် အဝေးကပင်မြင်တတ်သည်။ သူ့အခန်းရောက်သည်နှင့် ထိုကျောင်းသားကြီးများကို ခေါ်၍ အပေါ်အင်္ကျီအိတ်ဟူသမျှစမ်းကာ စီးကရက်ဗူးများကို ရှာယူထားလိုက်လေသည်။ ဤနည်းဖြင့် ကျောင်းတွင် ဆေးလိပ်သောက်သောအလေ့အကျင့် ပပျောက်စေသည်။

ထားဝယ်တွင် တချိန်က ဒုတိယ အရေးပိုင် လုပ်သွားသော ဦးဘိုးစသည် ဆရာကြီးနှင့် ကျောင်းနေဘက်မိတ်ဆွေဖြစ်သည်။ ဦးဘိုးစသည် စာပေဗဟုသုတ တရားဓမ္မ အဟောအပြောကောင်းသည်။ ဆရာကြီးသည်ဦးဘိုးစကိုလည်း ကျောင်းတွင် တလတကြိမ်လောက်ကြွရောက်ဟောပြောဘို့ မေတ္တာ ရပ်ခံသည်။ အိမ်တော်ရာထီးကိုဆောင်း၍ အဝေးမှ လာနေသော ဦးဘိုးစကိုမြင်ရသောအခါ ကျွန်တော်တို့ တတွေ ခုံများကိုရွှေ့၊ အမှိုက်သရိုက် လှဲကျင်း၍ ကြမ်းပြင်၌တင်ပလ္လင်ခွေ၍ထိုင်စောင့်ကြရသည်။ ဆရာကြီးသည် သူ့အသင်အပြတွင်မက အခြားအခြားသော ပညာရှင်တို့၏ အဆုံးအမအသင်အပြ ပညာဗဟုသုတ များကိုလည်း အခွင့်ရတိုင်းကျွန်တော်တို့အား နာကြားခံယူစေသည်။

နှစ်ပရိစ္ဆေဒကြာမြင့်လာသည်နှင့်အမျှ ဆရာသည် ထားဝယ်မြို့ကိုရာသက်ပန်ချစ်သွားသည်။ ရပ်ရွာသားများနှင့်ညီညွတ်သင့်မြတ်စွာ နေထိုင်စားသောက်ရင်းနှင့် ကာလ ကြာညောင်းသွားသောအခါ ထားဝယ်သံဝဲ၍ ထားဝယ်သားတယောက်နှင့်ခွဲခြားမရတော့။ တပည့်တပန်းတို့၏ မိဘ ညီအကို မောင်နှမသားချင်းတို့နှင့်သာမကတော့၊ ဆရာ၏ မိတ်သင်္ဂဟ အသိုင်းအဝိုင်းသည် ကျယ်ပြန့်သွားခဲ့၏။

တက္ကသိုလ် ရောက်ပြီးနောက် ကျွန်တော်သည် ဆရာကြီးအကြောင်းကို တစေ့ တစောင်း တော့ဖြင့် ကြားနေခဲ့ရပါသည်။ ဆရာကြီး အိမ်ထောင်သစ် ထူလိုက်ပြီ။ ဆရာကြီးပင်စင်ယူသွားပြီ။ ဆရာကြီးသည် ပြင်ပမှလူငယ်အချို့ကို ကျူရှင်ပေးနေသည် စသည် စသည်ဖြင့်....

ထားဝယ်၌ပင် နောက်ဆုံး ရိုးမြေကျနေသွားရင်း သွန်သင်ဆုံးမ သွားသည့်ဆရာကြီး၏ ထားဝယ်သား တပည့်တပန်းများစွာတွင် ယခုအချိန် နာမည်ကျော် လူသိများလျက် ရှိပါသေးသည်။ နိုင်ငံရေး စီမံခန့်ခွဲရေး၊ ပညာရေး ကျန်းမာရေး စသည့် နိုင်ငံ့ထူထောင်ရေး လုပ်ငန်းကြီးများတွင် ယခုအခါ တာဝန် ထမ်းဆောင်နေသူ ထားဝယ်သားများကို မျက်စိ မှိတ်၍ လက်ညှိုးထိုးပြရလျှင် ဆရာကြီးတပည့်မဟုတ်ဟု ဆိုနိုင်မည့်သူရှိမည်မထင်ပါ။ သူ့ကိစ္စနှင့်သူမို့ မအားမလပ်ရှိနေ၍ ဆရာကြီးကို သတိမရနိုင်ကြ စေကာမူ ကျွန်တော့်လိုပင် ဆရာကြီးကို ထိုတချိန်ချိန်မှာ သတိရနေမည်သာ ဖြစ်ပါသည်။ ဆရာကြီး ကျေးဇူး ကို အောက်မေ့နေလိမ့်မည်ဟုလည်း ယုံကြည်ပါသည်။

စေတနာဆရာစင်စစ်ဖြစ်ပေသောဆရာကြီးရောက်လေရာ ဘဝများ၌ မွန်မြတ်သော ပညာ့မီးရှူးတန်ဆောင်အလင်းရောင်ဖြန့်ဝေထွန်းညှိနေနိုင်ပါစေ။

မောင်စိုးမောင်

★

☆ စာမျက်နှာ (၁၇၇) မှအဆက်

ဒမ်က ငွန်းကိုပြောသည်။ ဒမ်သည် ငွန်းနှင့် နည်းနည်းခွာ၍ထိုင်သည်။ ပြီးတော့ ယုယကြင်နာစွာဖြင့် ငွန်း၏ကျန်းမာရေးအခြေအနေကို မေးသည်။

'မနေ့ညက ငွန်းကောင်းကောင်း အိပ်ရရဲ့လား၊ မျက်စိကရော နာသေးသလား'

'ဟင့်အင်း.... မနာတော့ဘူး၊ နာတဲ့အဆင့်က လွန်ခဲ့ပြီအချစ်ရေ၊ ပတ်တီးဖြည်ရမယ့်ရက်ကို စောင့်နေရပြီ၊ ဘယ်နေ့ဖြေရမလဲဟင်'

ဒမ်ကငွန်းကိုမကြည့်ရက်ဖြစ်သွားသည်။ ပတ်တီးဖြည်ပြီးလျှင်တော့ ငွန်းက သူ့ကို မြင်တွေ့တော့မည် ဟူသောအတွေးသည် သူ့ကို ချောက်လှန့်လာသည်။ သို့သော်မေးလာသည်ကိုတော့ ဒမ် ပြန်ဖြေရမည်။

'ရက်ပိုင်းအတွင်းဖြည်ရမယ်လို့ ဆရာဝန်က ပြောတယ်၊ ပတ်တီးဖြည်ပြီးရင် ငွန်းတော့ အကြီးအကျယ် စိတ်ညစ်ရလိမ့်မယ်လို့ ကျမစိုးရိမ်နေတယ်'

'ဘာကြောင့်စိတ်ညစ်ရမှာလဲ'

'ဘာကြောင့်လဲဆိုရင် ကျမဟာ တကယ်ကြောက်စရာကောင်းအောင် ငွန်းကို ချောက်လှန့်မယ့်ရုပ်သွင်ဖြစ်နေလို့ပေါ့'

'အဓိပ္ပာယ်မရှိတာမပြောစမ်းနဲ့' ငွန်းက ရယ်ရွှန်း၍ ပြောသည်။ ပြီးတော့ တည်ကြည်လေးနက်သည့် အသံနေအသံထားဖြင့် ဆက်၍ပြောသည်။

'ဒီလိုဘယ်တော့မှမနောက်နဲ့အချစ်'

'ကျမနောက်နေတာမဟုတ်ဘူး၊ ကျမရုပ်သွင်ဟာ လွန်ခဲ့တဲ့ (၇) နှစ်ကရုပ်သွင်မဟုတ်တော့ဘူး၊ အချိန်စားလို့ အသက်ကြီးလာတာနဲ့အမျှ လူတကာလိုပဲ ရင့်အိုနေပြီ'

ငွန်းသည် သူ့ဇနီးဟု ထင်မှတ်နေသည့် အမျိုးသမီး၏အသံသည် တခုခုထူး၍ မှုမမှန်ဘဲဖြစ်နေသည် ဟု ခံစားအသိဖြင့် သိရှိသည်။ သို့သော်လည်း ဘာရယ်ဟု အတိအကျ သူမတွေးတတ်။

'ဒီလို အသေးအဖွဲလေးတွေကို ဘာကြောင့်များ မင်းစဉ်းစားနေရတာလဲ၊ တကယ်တန်း ဒီလိုတွေးပူရမှာက ငါ့ဘက်ကပူရမှာ၊ ငါ့လိုအခြေအနေမျိုးကို ရောက်နေခဲ့ရတဲ့လူဆိုရင် ဘယ်သူမဆို မင်းကိုချစ်မှာဘဲ၊ မင်းမှမင်း၊ မင်းကလွဲလို့ မင်းထက်လှတဲ့သူကို လဲချစ်နိုင်မှာမဟုတ်ဘူး၊ ငါ့အတွက် မင်းအခုရှိတဲ့အတိုင်း မင်းကိုသာချစ်မယ်'

'ငါ့အတွက်မင်းအခုရှိတဲ့အတိုင်းမင်းကိုသာချစ်မယ်' ဟူသော စကားစုသည် ဒမ်၏နှလုံးသားကိုရိုက်ခတ်၍ ရင်ထဲတွင် ပဲ့တင်ဟီးနေစေသည်။ ထိုစကားစုသည် သူ့ကို အဘယ်မျှ ရင်သိမ့်လှုပ်ရှားစေသည်ကိုတော့ ဒမ်က ငွန်းကို ပြန်ပြောရဲသည့်သတ္တိမရှိသေး။

ထိုညတွင်လည်း ဒမ့်အတွက် အိပ်မပျော်သော ညတညဖြစ်ရပြန်ချေသည်။ ဘာကြောင့်သည်စကားစုကို ငွန်းက သူ့ကိုပြောရသနည်း။ သူကကော ငွန်းကို ဘာကြောင့် သည်စကားကိုပြောစေရသနည်း။

နံနက် အာရုံ၏လင်းဦးပြို့လာသည့် အချိန်တွင်မှ ဒမ်သည် ခဏမျှ မျက်စိမှိတ်၍ရသည်။ ထိုခဏမျှ မှေးမှိတ်ခိုက်မှာပင် အိပ်မက် မက်လိုက်ရပါသည်။ ထိုအိပ်မက်ထဲတွင် မပီပြင်သော်လည်း မျှော်လင့်ချက်ပြည့်သော ရေးရိပ်ရိပ်အဖြေကို ဒမ်ရရှိလိုက်သည်။ ထိုအဖြေဖြင့်ပင် ဒမ်၏ ဆူပွက်လှုပ်ရှားနေသောနှလုံးသားသည် အေးချမ်းတည်ငြိမ်မှုကို ရရှိလိုက်သည်။

မြန်မာ့အလင်း စိန်ဝင်း ★

ဦးဘကျော်ဦးစီးသည့်

မိသားစု စုပေါင်းအုတ်လုပ်ငန်း

စံချိန်မှီအုတ်များကို မိတ်ဆွေတို့စိတ်တိုင်းကျ ထုတ်လုပ်ပေးနေပြီ။ လိုအပ်သော နေရာအရောက် တာဝန်ယူပို့ပေးသည်။

ကိုယ်စားလှယ် ဦးဟန်ကြည်၊ ၁- လမ်း၊ ခုံဝင်းဒပ်ရပ်၊ ထားဝယ်မြို့။

ဦးဘကျော် ကနိုင်းဒါကျေးရွာ၊ ထားဝယ်မြို့။

(၁)

ရောင်နီပျိုးနေပြီ။

အရှေ့ဘက် တောင်တန်းများ၌ကား မှောင်ရိပ်လွှမ်းဆဲပင် ရှိပါသေး၏။ အရုဏ်ဦးလေပြေလေညှင်း၏ အေးစိမ့်ခြင်းနှင့် ပင်လယ်ငွေ့၏ နွေးထွေးခြင်းတို့က နံနက်ခင်း၏လတ်ဆတ်မှုကို အားဖြည့်ပေးလျက် ရှိနေသည်။ လဝင်သွားပြီဖြစ်၍ မြင်ကွင်းက မပြတ်မသားနှင့် ပင်လယ်ပြင်၌ မှုံဝါးလျက်ရှိ၏။

ကိုစံဝသည် ညဥ့်နက်ချိန်ကမျှောထားသောပိုက်ကိုဒီဇယ်မီးတိုင်၏အလင်းရောင်ဖြင့် လှေပေါ်သို့ဆွဲတင်နေ၏။ လှေဝမ်းထဲ၌မူ ညဥ့်ဦးပိုက်မှမိထားသည့် ငါးမဲလုံးလေးကောင်၊ ငါးမန်းပေါက် တကောင်နှင့် အခြားငါးအနည်းငယ် ရှိနေသည်။ သူသည် နံနက်ဈေးအမီ ငါးပို့ရန်အတွက် ပိုက်ကိုခပ်သွက်သွက်ဆွဲနေ၏။ လှေပေါ်၌ သူတဦးတည်း မဟုတ်ပါ။ တံငါလုပ်ငန်းကို လေ့လာချင်သည်ဆိုပြီး အအိပ်ပျက်ခံ၊ အပင်ပမ်းခံ၍ လိုက်လာခဲ့သော မြို့က ဧည့်သည်တယောက်လဲ ပါသည်။

ရာသီဥတုသာယာနေသဖြင့် ပင်လယ်ပြင်ဝယ် လှိုင်းလေငြိမ်သက်နေပါ၏။ ထိုစဉ် လှိုင်းတလုံး၏မမျှော်လင့်ဘဲ ဘေးတိုက်ဝင်ဆောင့်လိုက်မှုကြောင့် လှေကလေးလူးလိမ့်သွားရသည်။ လှေနံဘေးမှ မဲ့မဲသတ္တဝါကြီးတကောင် ဘွားကနဲပေါ်လာသည်။

‘ကိုစံဝရေ ငါးမန်းကြီးဗျ’

ခြေမြန်လက်မြန် ရှိသော မြို့သားသည် ကြောက်လန့်တကြားဖြင့်ပင် သတ္တဝါကြီးအား လှေထဲရှိ ငါးထိုးမှိန်းနှင့် တအားထိုးစိုက်ပစ်လိုက်လေသည်။

‘ဟာ....ဘယ်လိုလုပ်လိုက်တာလဲ မောင်အေးရဲ့၊ အဲ့ဒါ လင်းရှူးကွ၊ ငမန်းမဟုတ်ဘူး’

‘ရန်မူမှာစိုးလို့ဗျ’

‘အဲ့ဒါမှခက်ကွာ၊ ဒီငါးတွေက တံငါတွေရဲ့မိတ်ဆွေကွ၊ မိတောင်မှ တမင်လွှတ်ပစ်ရသေးတယ်’

ရေထဲမှ လပိုင်ကား မှိန်းတန်းလန်းနှင့် ရေထဲ ငုပ်လျှိုးသွားလေ၏။ (ထားဝယ် မြိတ်ဘက်မှ လပိုင်ကို လန်းဗိုင်ဟု ခေါ်ကြသည်။) လပိုင်သည် တံငါတို့အား လှေဦးမှာ လမ်းပြကာ ငါးရှိရာသို့ ခေါ်သွားတတ်သည့်အကြောင်း၊ လှေ၊ သဘော်ပျက်၍ ပင်လယ်ထဲတွင် ဒုက္ခ တွေ့နေသူကိုအား ကျောပေါ်တင်၍ကမ်းသို့ပို့ပေးတတ်သည့်အကြောင်း စသဖြင့် လပိုင်နှင့်ပတ်သက်သော ဗဟုသုတများကို မြို့သားက ကြားပင်မကြားဘူးချေ။

(၂)

ကိုစံဝ၏သားကလေး အတူးခမြာ မနေ့က သူ့ခွေးကလေး နက်ကျော် သေဆုံးသွားသောကြောင့် စိတ်မချမ်းသာဖြစ်နေ၏။ အတူးသည် နက်ကျော်ကို သူ့ကစားဖော်အဖြစ်ငယ်ငယ်ကတည်းက တယုတယ



မွေးလာခဲ့လေသည်။ ကိုဆိုးချင်လာတော့ ကြွက်တွင်းဝရှိ ကြွက်သတ်ဆေး ပါသောထမင်းခဲကို နက်ကျော် စားမိသည်။ အမြှုပ်တစီစီထွက်၍ အသက်ပျောက်သွားသည့် နက်ကျော်အဖြစ်ကို တအိမ်သားလုံး စိတ်မကောင်းကြရှာပေ။ အတူးကမူ ထမင်းမစားဘဲတနေ့လုံးမှိုင်တွေ၍သာ နေပါတော့သည်။

စိတ်လက်မသာမယာနှင့် ခြေဦးတည့်ရာသို့ အတူးတယောက်တည်း ထွက်လာခဲ့သည်။ ရွာစွန်ဖျားမှ ကျောက်တန်းကြီးကို ကျော်၍ ရှင်မော်ငါ တာင်ဘက်သို့ သူရောက်လာသည်။ သူတို့ ကြက်လွတ်ရွာကလေးကို ကျောက်ဆောင်တန်းများက ကွယ်နေသည်။ သူတို့ရွာသည်ရေလုပ်သားတို့ရွာဖြစ်သောကြောင့် ငပိငါးစို

ရင်ကိုနှောင်ငင်သည့်ကြိုးမျှင်ကြောင့်

တင်ကိုလတ်

(ထားဝယ်)

ငါးခြောက်နှင့် အုန်းသီးထွက်လေသည်။ ထိုနေရာသည် ရွာနှင့်အလွန်ဆုံး နှစ်ဖာလုံခန့်သာ ဝေးမည်။ သူ့ရှေ့၌ ရေချိုချောင်းကလေး ကာဆီး နေသည်။ တောင်ပေါ်မှကျသော ရေချိုတို့က ချောင်းရိုးလေးအတိုင်း စီးဆင်းနေသည်။ ဒီရေတက်ချိန်၌ သည်ချောင်းကလေးတွင်ရေငံတို့ဖြင့် ပြည့်လျှံနေတတ်သည်။ ယခုကား ဒီရေကျချိန်ဖြစ်သောကြောင့် ချောင်းထဲ၌ တောင်ကျရေချိုမှတပါး ဆားငံရည်တို့ ကင်းမဲ့နေ၏။ အတူးသည် ချောင်းရိုးအတိုင်း ရည်ရွယ်ချက်မရှိ တက်လာခဲ့ရာ သူ့ရှေ့ ခပ်လှမ်းလှမ်းမှ တစုံတရာ မြင်ကွင်းကြောင့် ခြေလှမ်း တုန့်ဆိုင်း သွားရသည်။ လူကြီးတယောက်အရွယ် ရှိသော မဲမဲကြုတ်ကြုတ် လပိုင်ကြီး တကောင်ပါတည်း။ ကျောပေါ်၌ မှိန်းတချောင်းစူးဝင်နေသည့်လပိုင်အနီးသို့ သူ တိုးကပ်သွား၏။ လပိုင်သည် ရန်မမူတတ်။ လူကိုချစ်တတ်မှန်း ရွာလုပ်သားတို့ ပြောစကားကြောင့် အတူး သိနေသည်။ သို့သော် အနာတရဖြစ်နေချိန်၌ လူကိုရန်မမူဟူ၍ မည်သူအတတ်ပြောနိုင်ပါမည်နည်း။ ထိုကြောင့် အတူးသည် သဲစိုများကို လက်ဖြင့်ဆုပ်နယ်၍ လပိုင်၏ခေါင်းကို ပစ်ပေါက်ကြည့်နေသည်။ အတန်ကြာသော အခါ သဲပစ်ရပ်လိုက်ပြီး လပိုင်ကြီးအနီး၌ သူသွားရပ်လိုက်သည်။

'လပိုင်လေးကတော့ သနားစရာပါဘဲကွာ'

လပိုင်ကို စိတ်ဝင်စားစပြုနေပြီဖြစ်သော အတူးသည် သူ့ခွေးနက်ကျော်အား မေ့နေသည်။ လပိုင်၏ကျောပေါ်၌ သူတက်ရပ်လိုက်ပြီး နောက် မှိန်းကိုဆွဲနှုတ်သည်။ အသားကညှပ်ထား၍ မှိန်းက အလွယ်တကူပါလာဘို့ ခက်နေသည်။ မှိန်းတံ၏အလယ်ကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်၍ အားစိုက် နှုတ်ကြည့်မှ လက်တလုံးခန့် လပိုင်၏ကိုယ်ထဲမှ ထွက်လာသည်။ နောက် နှုတ်ရင်းနားရင်း သုံးလေးခါပြုလုပ်ပြီးမှ သူ့လက်ထဲမှာလှဲ မှိန်းချောင်းပါလာသည်။ လပိုင်သည် ဒဏ်ရာမှ သွေးစိမ့်ကျရင်း အငြိုးဘယ်ညာလှုပ်ခါနေသည်။ အတူး၏စေတနာကို အသိအမှတ်ပြုခြင်းဖြစ်မည်ဟု အတူးထင်သည်။

'သူ့ကို ဒီလိုထားလို့မဖြစ်သေးဘူး၊ ဆေးထည့်ပေးမှဖြစ်မယ်'

ကျောက်ဆောင်တန်းကို ကျော်ခဲ့ပြီး သဲပြင်ကိုဖြတ်လျက် သူ့အိမ်သို့ အတူးပြေးလာခဲ့သည်။ သူတို့အိမ်ကား တံငါတဲမဟုတ်ချေ။ မနားတမ်း ပြေးလာခဲ့၍ အတူး မောပမ်းလျက်ရှိ၏။ သို့ကြောင့် အိမ်နှင့်မလှမ်းမကမ်းရှိ သီဟိုသီးပင်တပင်၏အရိပ်၌ အတူးအပမ်းဖြေလိုက်သည်။ မောကြီးပမ်းကြီးနှင့် ဘယ်ကပြေးလာသလဲဟု သူ့မိသားစုထဲမှ တယောက်ယောက်က မေးလာခဲ့လျှင် အဖြေရခက်မည်ဖြစ်သောကြောင့်ပင်။

အမေက အိမ်နောက်ဖေးမီးဖိုချောင်၌ နေ့လည်စာ ချက်ပြုတ်ရန် ငါးလှီးနေသည်။ အဖွားကမူ ဆွမ်းတော်ကပ်လျက်။ အဖွားခေါင်းရင်းမှ သွေးဆေးပုလင်းကိုယူ၍ အဖုံးအမြန်ဖွင့်ကာ သူ့လက်ဝါးတွင်းသို့ သွေးဆေးတချို့ကို လောင်းထည့်လိုက်သည်။သူ့အဖေသည် မနက်လှေဆိုက်ကတည်းက အုန်းသီးလာဝယ်သူများအား ဖောက်သည်ပေးရန် အုန်းခြံသို့ ညှော့သည်နှင့်အတူ ထွက်သွားသည်။

လပိုင်ကြီး၏ဒဏ်ရာမှ သွေးထွက်လွန်နေမည်စိုး၍ အတူး အမြန်ဆုံးပြေးလာခဲ့သည်။ အတူးရောက်လာသောအခါ လပိုင်ကြီးက လေချွန်၍ ကြိုနေသည်။ လပိုင်လေချွန်သံကို သည်နေ့မှ အတူးကြားဘူးသည်။ အတူးသည် လပိုင်ကြီးပေါ် ခွစီးပြီးနောက် ဒဏ်ရာထဲသို့ သွေးဆေးသိပ်ထည့်ပေးလိုက်သည်။

ပတ်ဝန်းကျင်၌ လူတယောက်မျှမရှိပါ။ ပင်လယ်ကြမ်း၍ ငါးဖမ်းမရသောအခါမှ ဟင်းစားငါးများရန် သည်နေရာတဝိုက်သို့ လူရောက်ကြသည်။ ဒီရေတက်နေပြီဖြစ်၍ ချောင်းထဲသို့ ပင်လယ်ရေများတိုးဝင်လာသည်။ လပိုင်ကြီးသည် ဒဏ်ရာ နာကျင်လှသဖြင့် ချောင်းထဲသို့ သွေးရူးသွေးတန်း ဝင်ရောက်လာရာမှ ဒီရေအကျနှင့်ဆုံ၍ တင်ကျန်နေခဲ့ရမည်ဟု အတူးသဘောပေါက်မိသည်။ချောင်းထဲ၌ ရေများ တဖြည်း

ဖြည်းပြည့်လာပေတော့မည်။ အတူးသည် ယခုမှ နက်ကျော်ကိုသတိရမိ၍ ဝမ်းနည်းချင်သလိုလို ရှိလာသည်။

'လပိုင်ကြီးရေ၊ မင်းကို နက်ကျော်အစား ရလို့ နက်ကျော်လို့ဘဲခေါ်တော့မယ်နော်'

လပိုင်ကြီးသည် ခေါင်းပေါ်ရှိအပေါက်မှ ရေများကို မှုတ်ထုတ်လိုက်သဖြင့် အတူး၏ကိုယ်ပေါ်သို့ ရေစက်ရေပေါက်များ မိုးရွာသလိုကျလာသည်။ နေလည်းအတော်မြင့်နေပြီ။ နေ့လည် ထမင်းစားချိန် ပြန်မရောက်လျှင် အဖေဆူမှာလည်းကြောက်ရသေးသည်။ပင်လယ်ထဲသို့ လပိုင်ကြီး ပြန်ထွက်မသွားပါစေနဲ့ဟု ရှင်မော်တောင်စေတီကို လက်အုပ်ချီ၍ အတူးဆုတောင်းလိုက်သေးသည်။

'အတူးဘယ်ကပြန်လာတာလဲ'

အတူးရောက်မဆိုက် အဖေကမေးသည်။

'ဟိုမှာ ဘကြီးငွေတို့ပိုက်ဝိုင်းတာ ကြည့်နေတယ် အဖေရဲ့'

'ဟိုမှာ မင်းအမေကိုသွားကူလိုက်အုံး၊ ပြန်ရင်ထမင်းစားမယ်'

အမေသည်တောင်းထဲမှ ငါးခြောက်များကို ထုတ်၍ နေလှမ်း နေသည်။

'အတူးတို့မလဲ ကျောင်းပိတ်ရက်တောင် အိမ်ကပ်တယ်လို့ မရှိဘူးနော်၊ ည ကျ ရင် တော့ စာကျက်ရလိမ့်မယ်'

လာပြန်ပြီ အမေက တမျိုး။ အချိန် အနည်းငယ်အတွင်း အလုပ် ပြီးစီးသွား၍ သားအမိ နှစ်ယောက် အိမ်ပေါ်တက်လာကြသည်။ နေအေးချိန်၌ အဖေက သူ့ကိုအုန်းသီး ရေတွက်ခိုင်းဘို့ အုန်းခြံသို့ ခေါ်သွားသည်။ သို့ကြောင့် အတူးသည် ညနေ၌ လပိုင်ကြီးထံ မသွားရ တော့ပါ။ လပိုင်ကြီးရှိမှ ရှိသေး ရဲ့လား ဟု စိုးရိမ်နေသည်။

သည်နေ့အဖေ ငါးဖမ်းမထွက်ချေ။ တန်ကေးလှေ သစ်၌ တပ်ဆင်မည့် ရားမားအင်ဂျင်စက်ကို စမ်းနေသည်။အတူးသည် အဖွားအတွက် ကွမ်းထောင်းပေးနေရ သော်လည်း စိတ်က လပိုင်ကြီး နက်ကျော် ထံ ရောက်နေ၏။ခွေးနက်ကျော်ကိုမူကား အတူးတမ်းတမနေတော့ ။ကွမ်းထောင်းပြီး သည်နှင့် ကျောင်း စာအုပ်ကို အတူးဖွင့်လိုက်သည်။ အတူးက စတုတ္ထတန်းကျောင်းသားဖြစ်သည်။ ဆရာမက ငါးအကြောင်းကို ကျက်ခိုင်းလိုက်၏။ သူကမူ စာအုပ်ထဲမှငါးကို မမြင်ရချောင်းထဲမှ နက်ကျော်ကို သာမြင်နေ၏။ စာကျက်ပြီးသည်နှင့် အဖွားကိုနင်းပေးရ ပြန်သည်။ မနက်က နက်ကျော်၏ ကျောပေါ်၌ သူခွစီးခဲ့၏။ ယခုအဖွားကျောပေါ်၌ သူရပ်နေသည်။ အဖွားနှင့် နက်ကျော်တူသလားဟုသူငုံကြည့်သည်။ ဘာမျှမဆိုင်ပါ။

'မယ်မြရေ....ညည်း ငါ့ခြေသွားဆေး ယူသုံးသလားဟေ့....'

'မသုံးဘူး အမေရဲ့'

'သွေးဆေး ပုလင်းက အသစ် ကြီး ရှိသေးတယ်၊ စံဝလဲမကြိုက်တတ်ဘူး၊ကြည့်ပါလား၊တဝက်ခလောက်တောင် လျော့နေတယ်'

'အမေ့ အိမ် လာတဲ့ လူတွေက ခြေခြေဆော့ လက်ဆော့တွေ ချည်းဘဲဟာ'

အမေနှင့် အဖွားသံ ကြားရသည်နှင့် အတူးအိပ်ပျော်ချင်ယောင် ဆောင်နေ လိုက်သည်။ သွေးဆေးနံ့များနံနေသေးသလားဟူသော သံသယစိတ်ဖြင့် သူ့လက်ကို သူယောင် နမ်းကြည့်လိုက်သည်။ တညလုံး အတူးအိပ်၍ ကောင်းကောင်းပင်မပျော်။ နက်ကျော်နှင့်တွေ့ရန်သာ စိတ်စောနေလေ၏။ အိပ်မက်ထဲတွင် သူနှင့် နက်ကျော်ရေထဲ၌ ဆော့ကစားနေသည်။

အတူးနိုးလာသောအခါ နေပင်မထွက်သေးချေ။ ဆားအိုးထဲမှ ဆားအနည်းငယ်ယူ၍ သွားတိုက်ရင်း ပင်လယ်ဝဘက်သို့ လှမ်းမျှော်ကြည့်လိုက်သည်။ လှေစက်လှေ၊ရွက်လှေ၊ လက်ခတ်တံငါလှေများ ကမ်းသို့ ဝင်လာ နေကြသည်။ တချို့မူ ကမ်း၌ ဆိုက်ပြီးနေလေပြီ။ အတူးသည် မျက်နှာ ကမျာကရာ သစ်ပြီး မျက်နှာပေါ်မှ ရေမ ခြောက် သေးမီပင် အိမ်ပေါ်မှ ဆင်းပြေး လာခဲ့သည်။ နက်ကျော်ထံ မသွားမီ လှေအုပ်စုဆီသို့ အရင်သွားရ ပေမည်။

'ဗျို့....ဦးဖိုးမောင်ကြီး ငါးရခဲ့ ရဲ့လား'

'တော်ရုံဘဲဟေ့....စံဝကော ဝင်ပြီလား'

'လှေမထွက်သေးဘူးမျ၊ ဒါနဲ့ ကျနော် ငါးငယ်လေးတွေနဲ့နဲ လိုချင်တယ်'

'ယူလေ ဘာလုပ်ဘို့လဲ'

'ကင်စားမလို့မျ'

အတူး၏လက်ထဲ၌လက်ငါးလုံးခန့်ငါးလေးကောင်ပါလာသည်။ ချောင်းထဲ၌ရေပြည့်နေ၏။ နက်ကျော်ကားမရှိတော့ပေ။

'ဒီကောင်ကြီး ပင်လယ်ထဲများ ပြန်သွားပြီလား'

ရေထဲကြည့်ရင်း ချောင်းဝဖက်သို့ အတူးထွက်လာခဲ့သည်။ချောင်းဝနှင့်ခပ်လှမ်းလှမ်းရှိ ကျောက်ဆောင်တန်း၏ အဆွယ်အပွား ဖြစ်သော ကျောက်ဖျာတချပ်ပေါ် အတူး ရပ်နေသည်။ ပင်လယ်ရေ တိုက် စားမှုကြောင့် ကျောက်ဖျာ တချပ်လုံး ပြောင်ချော နေသည်။

'နက်ကျော်ရေ....ဟေးနက်ကျော်'

ငါးသည် ခွေးကြောင်ကဲ့သို့မဟုတ်မူ၍ လူ့အသံကို မည်သို့ သိနားလည်နိုင်ပါအံ့နည်း။ သို့သော် လပိုင်ဆိုသည့်သဲတ္တဝါက အနှံ့ခံကောင်း၍ အသံကိုမှတ်မိတတ်ကြောင်းအဖေပြောဘူးသည်။ အတူးစိတ်မရှည်တော့၍ပြန်ရန် ခြေဦးလှည့်လိုက်စဉ် ရေပန်း တခုက မနီးမဝေးမှထိုးတက်လာသည်။

'နက်ကျော်ပြန်လာပြီကွ ဝမ်းသာလိုက်တာ'

အတူးခမြာ ဝမ်းသာလွန်း၍ အရူးတယောက်လို အော်ဟစ် ခုန်ပေါက် လေတော့သည်။ နက်ကျော်သည်ရေထဲ၌ ခေါင်းပြူလျက်လေ့ချွန်နေသည်။

'ရော့ဟေ့....မင်းအတွက် လက်ဆောင်'

သူ မြှောက်ပေးလိုက်သော ငါးကို နက်ကျော်က ရေထဲမကျခင် လေထဲ၌မှမ်းထိုး၍ ဖမ်းပြု လိုက်သည်ကို ကြည့်ရင်း အတူး သဘောကျနေသည်။ မကြာမီ သူ့လက်ထဲ၌ ငါးလေးကောင်စလုံးကုန်သွားတော့သည်။

'ငါးကုန်ပြီကွ နောက်တနေ့မှ ကျွေးမယ်'

နက်ကျော်သည် အတူး ရပ်နေသော ကျောက်ဖျာပေါ်သို့ပျော်ကနဲ တက်လာသည်။ သည်ကောင်ကြီးကို သည်မျှလောက် လူနှင့် ရင်းနှီးလိမ့်မည်ဟုအတူး မထင်မိချေ။

'ကိုယ်ကမေတ္တာထားရင် သူ့ဆီက မေတ္တာကိုလဲ ပြန်ရနိုင်တယ်'

ရွှေမျက်မှန် ကိုယ်တော်လေး မကြာခဏ ဟောသောတရားဖြစ်၍ အဖွားနှင့် ဥပုသ်စောင့် လိုက်တိုင်း အတူးကြားရသည်။ သူနှင့်နက်ကျော်တို့ အပြန်အလှန်သံယောဇဉ် ရှိနေကြပြီကို အတူး သိသည်သာ။ နက်ကျော်၏ ကျောကို လက်ဝါးဖြင့်ပုတ်သောအခါ နက်ကျော်က အမြီးလှုပ်နေလေသည်။

'ငါ ကျောင်း သွား ရတော့မယ်၊ မင်း ပြန် ဆင်းပေတော့'

အတူးပြန်သည်နှင့် နက်ကျော်က ရေထဲ ခုန်ဆင်းသွားသည်။ ၇ နာရီ ကျော်နှင့်ပြီ ဖြစ်၍ ကျောင်းချိန်မီရန်အတူးပြန်ခဲ့ရသည်။ ဖြစ်နိုင်လျှင်တနေ့လုံးနေပူခံ၍ သူထိုင်နေချင်ပါသည်။

အတူးသည် စာသင်ချိန်၌ ဆရာမ စာပြသည်ကို မကြည့်ဘဲ ကျောက်သင်ပုန်းပေါ်၌ အရုပ် ရေးဆွဲနေလေသည်။

'အတူး ဆရာမပြောတာတွေ ပြန်ပြောစမ်း'

'မရဘူး ဆရာမ'

'ဆရာမ ပြောတာ နားမထောင်ဘဲ မင်း ဘာတွေလျှောက်လုပ် နေတာလဲ အတူး'

အတူးဘာမှပြန်မပြော။ ခေါင်းငုံ့နေသည်။ဆရာမသည် အတူးထံ လာကြည့်သောအခါ အတူးလက်ရာလပိုင်ရုပ်ပုံကိုတွေ့ရသဖြင့်ဆရာမ ဒေါသထွက်ရသည်။

'ခုံပေါ်တက် ရပ် နေစမ်း'

အတူးတက်ရပ်လိုက်သည်။ နောက်ထပ်လေးရက် ကျောင်းတက်ပြီးလျှင် ဒီဇင်ဘာ ကျောင်းဆယ်ရက်ပိတ်တော့မည်။ ကြာသပတေးနှင့် သောကြာနှစ်ရက်၌ ဒုတိယအစမ်းစာမေးပွဲရှိသည်။ သူက ကျောင်းမြန်မြန်သာပိတ်စေချင်တော့သည်။ အတန်းထဲမှကောင်လေးကောင်မလေးများ သူ့ကို ပြုံးလျက် မော် ကြည့် နေကြသည်။ အတူးဂရုမစိုက်။ ခပ်တည်တည်။

ညနေ ကျောင်းဆင်း ခေါင်း လောင်း ထိုးပြီဖြစ်၍ ကျောင်းသား လေးများ ဝမ်းသာ အားရ ပြေးလွှား အော်ဟစ်သံများ ဆူညံနေသည်။ ဝမ်း အ သာ ဆုံး သူကား အတူးမှလွဲ၍ မည်သူ ရှိပါတော့အံ့ နည်း။

ဆရာမပေးထားသောဒဏ်မှလဲလွတ်ပြီ။ နက်ကျော်နှင့်တွေ့ရတော့မည်။ လွယ်အိတ်ကို စလွယ် သိုင်းလျက်ကျောင်းသားအုပ်စုကို ကျော်ဖြတ်၍ သူ ပြေး လာခဲ့သည်။ ညနေပိုင်း အတွက် နက်ကျော်ကို ကျွေးရန်ငါးမရှိ တော့ပေ။ ကျောက်ဖျာ ပေါ်၌ရပ်၍ အတူးလက်ခေါက်မှုတ်သံပေးကြည့်သည်။ လက်ခေါက်မှုတ်သံကြား၍ထင့် နက်ကျော်သည် ရေထဲမှ ခုန်တက်ငွမ်းထိုးပြပြီးကျောက်ဖျာ ပေါ်သို့ တက် လာ သည်။ ဒီရေ ကျဆင်းစ ပြုနေပြီ။ အတူးသည် နက်ကျော်နှင့်ခဏသာ ကစားပြီး ပြန်လာ ခဲ့သည်။

(၃)

အိမ်ရှေ့မှ အဖေ့သံ ကြားရလျှင် ဝေလီဝေလင်းဘဲရှိသေးသည်။ အဖေ လှေဝင် စောပါသည်။ အတူးအိမ်ရှေ့သို့ထွက်လာခဲ့၏။ အဖေဖမ်းမိသောငါးများကို တွေ့လိုက်သည်။ အတူးအလိုရှိသောငါးငယ်ဆယ်ကောင်ခန့် ခြင်းထဲ၌ရှိနေသည်။ ငါးကြီးများကားငါးယောင် ပါးနီနှင့် ငါးမုတ်ရောနေသည်။ ငါးငယ်ကလေးများကို ငါးများလှေသမားများ ငါးစာလုပ်ရန် လာဝယ်က ရောင်းရသည်။ လူကြီးများလစ်သည်နှင့် ငါးလေးကောင်ကို ပလတ်စတစ်အိတ်ထဲ အမြန်ထည့်ပြီးနောက် နက်ကျော်ရှိရာ ပြေးလာခဲ့သည်။

ဒီဇင်ဘာ အအေးခေတ်ကား ပင်လယ်ငွေ့၏ ခုခံမှုကြောင့် ထိရောက်ခြင်းမရှိလှတော့ချေ။ မြို့ပေါ်၌ အနွေးထည်ဝတ်နေရချိန်တွင် ပင်လယ် ကမ်းနားရွာများ၌ အင်္ကျီမပါဘဲ အလုပ်လုပ်နေနိုင်ကြရသည်။

ကျောက်ဖျာဆီအတူးရောက်သောအခါ ဒီရေပင်မတက်သေးချေ။ ထို့ကြောင့် ရေထဲသို့ ပေါင်လယ်အထိရောက်အောင် အတူးဆင်းသွားရသည်။ သူ့လက်ခေါက်မှုတ်သံကြောင့် လေးမိနစ်ပင်မကြာ နက်ကျော်ပေါ်လာသည်။

နက်ကျော်အား ငါးကျွေးပြီးသည်နှင့် သူ့အနားကပ်လာသည့် နက်ကျော်၏ ကျောပေါ်သို့ တွယ်တက်သည်။ မနေ့ကထက်သည်ကနေ့ နက်ကျော်ထံ နာရီဝက်ခန့်အရောက်စောသည်။ ပိုလျှံသောအချိန်အတွင်း သူ အားရအောင် ဆော့ကစား ရတော့မည် ဖြစ်၍ဝမ်းသာနေသည်။ နက်ကျော်သည် အတူးအားကျောပေါ်တင်၍ ကမ်းဦးရေတိမ်ပိုင်း၌ လှည့်ပတ်ကူးခတ်နေသည်။ လပိုင်စီးရသည်မှာ လှေစီးရသည်နှင့်လည်းမတူ။ လှည်းစီးရသည်နှင့်လည်း တခြားစီ။ စည်းစိမ်ထူးလှဘိသည်ဖြစ်၍ အတူးတယောက် အလွန်ကျေနပ်နေ၏။ အဖွားပြောသောပုံပြင်ထဲမှ မင်းနန္ဒာအငယ်စားလေးအဖြစ် ဂုဏ်ယူနေမိသည်။ ငါးစီးရသည်မှာပျော်စရာကောင်းသော်လည်း ကျောင်းသွားဘို့ တာဝန်ကရှိသေးသည်။ သို့နှင့် ကုန်းပေါ် တက်လာခဲ့ရသည်။ မနက်ဖန် နက်ကျော်နှင့်တရက်တွေ့ပြီး စာမေးပွဲနှစ်ရက်၌ မနက်ရောညနေပါ နှစ်ချိန်စလုံး စာကျက်ရမည်ဖြစ်သောကြောင့် နက်ကျော်ထံ သူလာနိုင်တော့မည်မဟုတ်ချေ။

စာမေးပွဲပြီး၍ ကျောင်းပိတ်သည်မှာ သုံးရက်ရှိပြီဖြစ်၏။ အတူးသည် အိမ်ကပ်သည်မရှိဘဲ နက်ကျော်ထံမှာချည်းဖြစ်နေသည်။ နက်ကျော်က သူ့ထံမနက်ပိုင်းနှင့်ညနေပိုင်းမျှသာ လာတွေ့ပါသည်။ ကျန်အချိန်များ၌ သူ့ကို အတူးမတွေ့ရ။ အတူးလာတတ်သောအချိန်မှ နက်ကျော်က ချောင်းနားကပ်လာသည်။

အတူး နက်ကျော်နှင့်လာဆော့နေစဉ် အဖေနှင့်အမေက အိမ်၌ သူ့အကြောင်း တိုင်ပင်နေသည်ကိုသူမသိချေ။

'မနက်တိုင်း ငါးများစာတွေ ပျောက်ပျောက်နေတယ် မယ်မြရဲ့၊ ငါတော့ အတူးယူသွားတယ်ထင်တာဘဲ၊ ဒီကောင်လေး ငါးထားတဲ့နေရာမှာ ရစ်သီရစ်သီလုပ်နေတာ နေ့တိုင်းတွေ့တယ်'

'ဘယ်သူ့ကိုများ သွားပေးနေတယ် မသိပါဘူး၊ကောင်လေးက သဘောလွယ်တတ်ပါဘိသနဲ့'

ကိုစံဝသည် နောက်တနေ့မှာ အတူးကို လိုက်ချောင်းရန်ကြံနေလေသည်။ နောက်တနေ့မနက်တွင်အတူးသည် ပုံထားသောငါးများစာထဲမှ လေးကောင်ယူ၍ထွက်သွားသည်ကို ထရံပေါက်မှချောင်းကြည့်နေသော သူ့အဖေကတွေ့၍ နောက်ယောင်ခံလိုက်သွားခဲ့သည်။ သူ့ကျောက်ဖျာပေါ်ရပ်၍ လက်ခေါက်မှုတ်နေစဉ် ကိုစံဝသည် ကျောက်ဆောင်နောက်ကွယ်မှကြည့်နေသည်။မကြာမီ ရေထဲမှ လပိုင်ကောင် ငွမ်းထိုးတက်လာသည်ကို ကိုစံဝမြင်လိုက်ရသည်။ အတူး

ကာ ငါးမြှောက်ပေးလိုက်တိုင်း နက်ကျော်က ဌွမ်းထိုး၍ ဖမ်းလိုက်သည်။

'အံ့သြစရာကောင်းလိုက်တာ'

ကိုစံဝနှုတ်ဖျားမှ အသံတိုးတိုးလေးပင် ထွက်သွားမိသည်။ ငါးသုံးကောင်စလုံးကုန်သည်နှင့် အင်္ကျီချွတ်၍ အတူး ရေထဲဆင်းလိုက်သည်။

'ဟော့ အတူး ပြန်တက်ခဲ့'

သူ့အဖေအသံ ကြားလိုက်သဖြင့် လန့်ဖြတ်၍ အတူးလှည့်ကြည့်လိုက်သည်။ အဖေရိုက်လျှင်တော့ ဒုက္ခဘဲဟု သူစိတ်ပူသည်။

'ပြန်တက်ခဲ့ဆို မကြားဘူးလား'

အတူး၏မျက်နှာ ပြန်လည်အေးဆေးသွားသည်။

'ရပါတယ်အဖေရဲ့၊ နက်ကျော်က သားရဲ့သူငယ်ချင်းဖြစ်သွားပါပြီ'

နက်ကျော်က အတူးကို လှည့်ပတ်ကူးခတ်ရင်း တခါတရံ ခေါင်းဖြင့် ပွတ်ကစားလိုက်ပါသေးသည်။

'ဟိုတနင်္ဂနွေနေ့က ရေချိုချောင်းထက်နားမှာ မှိန်းတန်းလန်းနဲ့သူကိုတွေ့တာနဲ့ သား ဆေးကုပေးလိုက်တယ်၊ ဒါကြောင့် သူက သားကိုချစ်နေတာပေါ့'

နက်ကျော်ကို သူစီးပြချင်သော်လည်း အဖေစိတ်ပူနေမည်စိုး၍ အတူး ပြန်တက်လာခဲ့သည်။

'အဖေကြည့်နေနော်၊ ရော့....ဟော့ကောင်ကြီး ဌွမ်းထိုး'

နက်ကျော်က လေထဲမှ ငါးကို လှပစွာ ဌွမ်းထိုး၍ ဖမ်းပြလိုက်သည်။ ကိုစံဝသည် သား၏စေတနာထားတတ်ပုံကို စိတ်ထဲမှ ချီးကျူးမိသည်။ မေတ္တာ၏ ရောင်ပြန်ဟပ်ခြင်းသဘောကို ကိုစံဝ နားလည်လိုက်ပါ၏။

'လာ ပြန်မယ်'

'ကျနော်မပြန်ချင်သေးဘူး၊ ကစားအုံးမယ်'

'မလိုချင်ဘူး၊ ကျောပေါ်ဒုတ်မကျချင်ရင်လိုက်ခဲ့'

သူ့အဖေနောက်မှ နှုတ်ခမ်းစူ၍ အတူးလိုက်ခဲ့သည်။ သူပြန်လှည့်ကြည့်လိုက်သောအခါ နက်ကျော် ခေါင်းပေါ်မှ ပန်းထွက်နေသောရေများကို သူ မြင်လိုက်ရသည်။

'အမေ့မြေးတော့ သိပ်ဆိုးနေပြီအမေရဲ့'

အဖေ့စကားကို အတူး လုံးဝမကျေနပ်။

'သူ လိမ္မာနေပြီဘဲဟာ ကြောက်စရာမလိုပါဘူး'

'လိမ္မာနေတာတော့ ဟုတ်တာပေါ့ကွ၊ စိတ်ရိုင်းဝင်လာတဲ့နေ့မှာ လူကိုအန္တရာယ်ပြုချင်ပြုမှာမို့ ပြောနေရတာ'

တနေ့လုံး ထမင်းအငတ်ခံ၍ အတူးဆန္ဒပြသည်။ နောက်တနေ့မိုးလင်း လှေဆိုက်သည်နှင့် မိသားတစုလုံး နက်ကျော်ရှိရာ လာခဲ့ကြသည်။ ညနေကမပေါ်လာသောအတူးကို နက်ကျော် စောင့်နေသည်။ အတူးခေါ်၍နက်ကျော်ရောက်လာသည်နှင့် ငါးကို ဌွမ်းထိုး၍ ဖမ်းခိုင်းသည်။ အားလုံးက အတူးကို ချီးကျူးချင်ကြသော်လည်း မျက်နှာသာပေး ရွှေရေးပန်းကန်တက်မည်စိုး၍ ဆိတ်ဆိတ်နေလိုက်ကြသည်။ နက်ကျော်လိမ္မာကြောင်းကိုကား သူတို့ယုံသွားကြပြီ ဖြစ်သည်။

'မင်း ဒီကိုလာရင် အိမ်ကငါးတွေယူမလာရဘူး၊ ရေထဲလဲ ဆင်းမဆော့ရဘူး'

အဖေက တချက်လွှတ်အမိန့်ချမှတ်သည်။ ငါးလိုပါက တခြားလှေကလေးများတွင် တောင်း၍ရသည်။ သို့သော် အဖေတယောက်လုံး ငါးဖမ်းထွက်နေပါလျက်နှင့် သူများမှာ သွားတောင်းနေရလျှင် လူပါး ဝရာကျရော့မည်။ သည်တော့ ငါးကို ဘယ်မှာရှာရပါ့။ သူစဉ်းစားရင်းအကြံထုတ်သည်။

(၄)

အုန်းခြံထဲ၌ သူနှင့်အရွယ်တူ (ဆယ်နှစ်ခန့်) ကောင်လေးတသိုက် ကစားနေကြသည်။ အကူးမြင်လာသည်ကို မြင်၍ ကောင်လေးတယောက်က ဆီးမေးလိုက်သည်။

'မင်းပါမလို့လား'

'ဟင့်အင်း....ဒါပေမယ့် မင်းတို့ကို အထူးအဆန်း တခုပြစရာရှိတယ်'

အထူးအဆန်းဟူသောစကားကို စိတ်ဝင်စားကြသည့် ကောင်လေးအားလုံး သူ့ရှေ့ ရောက်လာကြသည်။

'ဘယ်မှာလဲ မင်းပြမယ့်ဟာ အခုပြလေ'

'မင်းတို့ကြည့်ရမယ့်ဟာက ဒီမှာမှတ်ဘူး၊ ကြည့်ချင်ရင် လက်မှတ်ဝယ်ရမယ်'

'ဒို့မှာပိုက်ဆံမရှိဘူး'

'ပိုက်ဆံနဲ့မဟုတ်ဘူး၊ လက်မှတ်တစောင်အတွက် ငါးစာ ငါးတကောင် ပေးရမယ်'

'ဒီလိုဆိုဖြစ်တယ်၊မနက်ဖြန် ၉နာရီ ရေတက်အမီ ငါ့အိမ်လာခဲ့ကြ၊ ကလေးမခေါ်ခဲ့ရဘူး၊ ဟောဟိုမှာ အဖေလာနေပြီ လှေထဲ ပစ္စည်းဆင်းပို့ရဦးမယ်'

လိမ္မော်ရောင်အသွေးသို့ ကူးစ ပြုနေပြီ ဖြစ်သော နေလုံးကြီးသည် အဝါနုရောင် အနားကွပ်ထားသော တိမ်တောင်များကို ဖြတ်သန်း လျက် ပင်လယ်ထဲ ကျဆင်းနေ၏။ အတူးသည်ထမ်းပိုးတုတ်နှင့် ထမင်းချိုင့်ကို ယူဆွဲလျက် သူ့အဖေ နောက်မှ လှေထဲသို့ ဆင်းလိုက်လာခဲ့သည်။ ရွက်တိုင် လိပ်ကို ထမ်းထားသောသူ့အဖေသည် ပင်လယ်ထဲ၌ညစာစားပေလိမ့်မည်။ပိုက် များကား လှေထဲသို့ ရောက်နှင့်ပြီဖြစ်သည်။

* * *

ရေဒီယိုက ၈နာရီသတင်းလာနေဆဲ၌ သူ့ရဲဘော်များ တယောက်ပြီး တယောက် အိမ်ရှေ့ရောက်လာကြသည်။ အတူးသည် စာ ရွက် ဖြူလေးများ ပေါ်၌ သူ့လက်မှတ် ထိုးထားသည့် ပြပွဲ လက်မှတ် ကလေးများကို ထောင်ပြရင်း....

'အဲ့ဒါ လက်မှတ်ဘဲ၊ လိုချင်တဲ့ သူတွေ ဟောဒီ ဆွဲခြင်းထဲ ငါးတကောင်စီ လာထည့်ကြ'

ဆွဲခြင်းထဲ၌ အားလုံး ငါး ကိုးကောင် ပြည့်သွားသည်။ ကိုစံဝသည် ဥာဏ်ကောင်းသော သူ့သားကို ကြည့်ရင်း ပြုံးနေ၏။

'အတူး....ဟိုရောက်ရင် ရေထဲမဆင်းနဲ့နော်'

ကိုစံဝက သူ့သားကိုမှာလိုက်သည်။

သူတို့ကျောက်ဖျာပေါ်ရပ်မိကြပြီ။ စိတ်မရှည်သော ကလေးတယောက်ကဘယ်မှာလဲ မင်းပြမယ့်ဟာ' ဟု မေးလိုက်သည်။

'အောင်ဇေယျာသတော်ာ ထင်ပါတယ်ကွာ'

တယောက်ကပြောသည်။ အတူးသည်သူ့ရဲဘော်ကြီးအား လက်ခေါက် မှုတ်၍ အချက် ပေးနေသည်။ သို့သော်သူ့ရဲဘော်ကြီးကားမပေါ်လာ။ ပွဲကြည့်မည့်သူတွေကလည်း ပူညံပူညံ လုပ်လှပြီ။ နာရီဝက်ခန့်ကြာမှ သကောင့်သားက ပေါ်လာသည်။

'ဟာ....ဘာကြီးလဲ မဲမဲသဲသဲ'

'ဝေလငါးကွ'

'တောမှာသွားပြော၊အဲ့ဒါ ငါမွေးထားတဲ့ လပိုင်ကွ....နက်ကျော်လို့ နာမယ် ပေးထားတယ်'

သူတို့ဝေဖန်သံကို အတူးက ပိတ်ပစ်လိုက်သည်။ နက်ကျော်က လေချွန်သံပေးနေသည်။

'မင်းတို့ ကစားရင်းနဲ့ ခဏ စောင့် နေ ကြအုံး၊ ချောင်းထဲရေဝင်မှသူနဲ့ကစားပြမယ်'

တနာရီလောက်သူတို့စောင့်လိုက်ရသည်။ ချောင်းထဲသို့ရေတက်လာပြီး တဝက်ခန့်ဝင်နေပြီ။

'ဟောဒီမှာ ကြည့်ကြစမ်း၊ ရော့....'

နက်ကျော်က အတူး ပစ်ပေး လိုက်သော ငါးကို ကျင်လည်စွာဂျွမ်းထိုး၍ ဖမ်းပြလိုက်သဖြင့် လက်ခုပ်သံဆူညံသွားလေသည်။ နက်ကျော်ကား ငါး အတော်များများစားလိုက်ရပါ၏။

'နောက်တမျိုး ပြအုံးမယ် ကြည့်နေ'

ဘောင်းဘီ တို လေး တထည်နှင့် အတူး ရေထဲ ဆင်း၍ နက်ကျော်ထံ ကူးသွားသည်။ နက်ကျော်၏ ကျောပြင်တခုလုံးရေပေါ်နေ၍ အတူး အလွယ် တကူ တက်လိုက်သည်။ ချောင်းရိုး အတွင်းသို့ နက်ကျော် ကူးဝင် လာသောအခါ ကောင်လေးများ ကမ်းပါး တလျှောက် စကားများရင်း လိုက်ပါ လာကြသည်။

'ဆင်းရဲရင် ဆင်းခဲ့ကြဟေ့'

ကောင်လေး သုံးယောက်ကိုယ်လုံးတီးဖြင့် ဒိုင်ဗင်ထိုးဆင်းလိုက်သည်။ရေနားကပ်လျက် ကြီးပြင်းသူများဖြစ်၍ ရေနစ်မှာ သူတို့ မကြောက်ပါချေ။ နက်ကျော်ကျောပေါ် အတူးတို့လေးယောက်ပျော်နေကြသည်။

* * *

အိမ်အလုပ်ကူလုပ်နေရ၍ နက်ကျော်ထံ သွားရန် အတူး နောက်ကျနေသည်။ အဖေမသိအောင်အမေ့ထံမှ ငါးနှစ်ကောင်တောင်းယူလာခဲ့သည်။ ကျောက်ဖျာပေါ်၌ မနေ့ကကောင်လေးများ သူ့ထက်စောစီးစွာ ရောက်ရှိနေကြသည်။ သူတို့လက်ထဲ၌ ငါးကလေးများကိုင်ထားကြသည်။

‘ဟော့ကောင်တွေ ဘာလာလုပ်ကြတာလဲ’

‘ငါး လာကြည့်တာကွ၊ ဒို့လက်ခေါက် မှုတ်ပြီး ခေါ်နေတာကြာပြီ၊ လုံးဝပေါ်မလာဘူး’

‘ငါကလွဲလို့ဘယ်သူမှခေါ်ရမှာမဟုတ်ဘူးကြည့်နေ’

အတူး၏စူးရှသော လက်ခေါက်မှုတ်သံအဆုံးဝယ် နက်ကျော်ကရေပြင်ပေါ်တက်လာ၍ကူးခတ်နေသည်။ သူတို့နက်ကျော်နှင့်အတူ ဆော့ကြပေဦးမည်။

(၅)

ရက် အကန့်အသတ်မရှိ ကျောင်းပိတ် လိုက်ပြီ ဟု ရေဒီယိုမှကြေညာသွားကြောင်း အဖေကပြောသည်။ ဝမ်းသာလွန်း၍ကျောင်းပိတ်ရပုံကိုသူမမေး ဖြစ်တော့ချေ။သို့သော်သူဝမ်းသာမှုကား သက် ဆိုးမရှည်ခဲ့ချေ။

‘အမေကမင်းကိုရန်ကုန်ဘုရားဖူးခေါ်သွားမလို့တဲ့’

‘ကျနော်မလိုက်ချင်ဘူး အဖေ’

‘မရဘူး၊ဗဟုသုတရှိအောင် လိုက်သွားရမယ်’

အရင်က သူရန်ကုန်သို့ အင်မတန်ရောက်ချင်သည်။ အခု မသွားချင်တော့။ နက်ကျော် နှင့် သူ မခွဲချင်။ စိတ်ညစ်သည်။

မလိုက်မဖြစ် လိုက်ခဲ့ရသောကြောင့် အတူးလုံးဝ မပျော်ချေ။ ရန်ကုန်တမြို့လုံး ဘုရားဖူးရင်း ပြတိုက်များ၊ ပန်းခြံများ လျှောက် ကြည့် နေရ သော်လည်း သူကပျင်းသည်။ ရန်ကုန်၌နေထိုင်သော သူ့ဘကြီးက သူ့ကို ရုပ်ရှင်ခေါ်သွားခဲ့သည်။ နမူနာ သတင်းကား ကိုတော့ အတူးတကယ် ကြိုက်သွား ခဲ့သည်။ လပိုင် များအကြောင်းကို ရိုက်ပြထားခြင်း ဖြစ်သည်။ လပိုင် များကို အမေရိကန် ရေတပ် က ရေငုပ် သင်္ဘော ထောက်လှမ်းရေး အတွက် လေ့ကျင့် ပေးနေသည်။ ရေအောက် နစ်မြုပ်နေသော ဗုံးကို လပိုင် များအား ဆင်းကောက် ခိုင်းသည်။ လပိုင်သည် အသံဖမ်းရာ အနှံ့ခံရာ၌ ကျွမ်းကျင်သည်။ စသည်ဖြင့် ပြောနေကြသော သူ့ဘကြီးကြောင့် အတူး နားလည် ရသည်။ နက်ကျော်ကိုလွမ်းလိုက်သည်ဖြစ်ခြင်း။သို့ဖြင့်ရန်ကုန်၌ နှစ်ပတ်ကြာအောင်ငြီးငွေ့စွာအချိန်ကုန်ခဲ့ရလေသည်။

(၆)

အိမ်ပြန် ရောက် က တည်း က နက်ကျော် နှင့် သူ တွေ့ချင်နေသည်။ နေဝင်သွားပြီဖြစ်၍ သွားရန်အချိန် မရှိတော့။ မိုးလင်းသည်နှင့် နက်ကျော် ရှိရာသို့ ငါး နှစ်ကောင်ယူ၍လာခဲ့သည်။ ကျောက်ဖျာပေါ်မှလက် ခေါက်မှုတ်သံပေးလိုက်သည့်။ နက်ကျော်က မပေါ် လာ။ အော် ခေါ်ရင်း လက်ခေါက် မှုတ် ရင်း ဖြင့် နေ အပူ ရှိန် က တိုး လာ သည်။ ကြာတော့ အတူး စိတ်ပျက် လာရသည်။ အနီးအနား မှာတော့ ရှိမည် မထင်။ခပ်ဝေးဝေး၌ လှေဖြင့်ထွက်ရှာမည်ဟု အတူး ပြန်လာခဲ့သည်။

ဒီရေကျစပြုနေပြီဖြစ်သောကြောင့် လှေကိုရေနက် ရာသို့အနည်းငယ်တွန်းထုတ်ရသေးသည်။ လှေဆိပ်၌ လှေထေး နေသူ ကိုနော်နီမှလွဲ၍ တယောက်မှ မရှိ။

‘ကောင်လေး....ဘယ်လဲ’

‘လှေလှော်ကစားမလို့’

‘အဝေးကြီးမထွက်နဲ့နော်၊ မင်းအဖေကိုသွားတိုင် လိုက်မယ်’

ကိုနော်နီသည်ငုံ့လျက်လှေကို ပွဲညက်ဖြင့် ထေးမြဲ ထေးနေ၏။ အတူးသည် လှေကို ကျောက် ဆောင် တန်းဘက်သို့ လှော်ခတ်နေသည်။ ထိုနေရာ တဝိုက်၌ နက်ကျော်ကိုခေါ်ကြည့်သော်လည်းအရိပ်အရောင်ပင် မပေါ်လာချေ။သူ ရန်ကုန်၌ကြာ သွား သောကြောင့် နက်ကျော်က သခင်ပစ်သွားပြီအထင်နှင့် ထွက်သွား လေသလားဟုတွေးမိရင်းအဖေ့ကို စိတ်ဆိုးနေသည်။

ကျောက်ဆောင်တန်းအနီးမှခွာ၍ အပြင်သို့ လှော် ထွက်လာခဲ့သည်။ အရှေ့လေ ထ နေ သော ကြောင့် လှိုင်းအနည်းငယ် ထလှုပ်ရှားနေ၏။ လှော်နေကျဖြစ် ၍ လှိုင်းတို့ကို သူမမှုပေ။ သူ့လှေသည် ကမ်းမှအော် ခေါ်မကြားသောနေရာသို့ ရောက်နေသည်။နက်ကျော် ကိုခေါ်ကြည့်သော်လည်း အသံဝင်လာသည်။ ရေ ပေါ်၌ပျံနေသော ငါးပျံကလေးများ၊ တရှိန်ထိုးပြေး လွှားနေသော ငဖောင်ရိုးကလေးများမှလွဲ၍ ဘာ ကောင်မှမတွေ့ရချေ။ လှေရှေ့မှ ဝါးနှစ်ရိုက်ခန့် ကွာ သောနေရာ၌ နက်ကျော် ရုတ်တရက်ပေါ်လာသည်။

‘ဟေး....နက်ကျော်ပါလား’

နက်ကျော် ခဏတဖြုတ်သာအရောင်ပြပြီး ရေထဲ သို့ ပြန်လည်ငုပ်လျှိုးပျောက်ကွယ်သွားပြန်သည်။ သူ့ ဖြေလှအနီး ပေါ်လာမည်အထင်နှင့် စောင့်ကြည့်ရန်

ထရပ်လိုက်စဉ် လှေကို ပြေးဝင် ဆောင့်လိုက်သော လှိုင်းဒဏ်ကြောင့် လှေလူးသွားရကား ဟန်ချက်ပျက်၍ ရေထဲသို့ အတူးလိမ့်ကျသွားရရှာသည်။ အတူး ရေပေါ်သို့ပြန်ပေါ်လာသောအခါ လှေသည် လှိုင်းရိုက်ခတ်မှုကြောင့် နှစ်လံမျှ ဝေးသွားပြီ ဖြစ်ပါ၏။ ကိုယ်ဖော့ရင်း နက်ကျော်ရှိရာ လှည့်ကြည့်လိုက်သည်။ ရေမျက်နှာပြင်ပေါ်၌ လက်ဝါးသာသာခန့် ရှိသော ပြားချပ်ချပ်အရာတခုက သူ့ထံ ဦးတည်လာနေသည်။

'ဟာ....ငမန်းပါလား'

ကြောက်အားလန့်အားနှင့် လှေရှိရာသို့ အတူးလက်ပစ်ကူးပြေးတော့သည်။ လူသည် ရေ၌ ကျက်စားသောငမန်းထက် သာလွန်၍ ရေကူးနိုင်ပါမည်လော။ ဘယ်သတ္တဝါမဆို နောက်ဆုံးအချိန်အထိ လွတ်လမ်းကို ရှာမြဲဖြစ်လေသည်။ ငမန်းသည် အတူးကို မီရန် တလံခန့်အလို၌ အင်အားကြီးမားသော သတ္တဝါတကောင်၏ ပြင်းထန်သော ဆောင့်တွန်းမှုကြောင့် ခပ်ဝေးဝေးသို့ လွင့်ထွက်သွားသည်။ငမန်း၏ရန်သူကားနက်ကျော်တည်း။ ငမန်းလွင့်ထွက်သွားသည်နှင့် နက်ကျော်သည် အတူးအား လှေနှင့် နီးကပ်စေရန် ဦးခေါင်းဖြင့်တွန်းပို့လိုက်၏။ ရုတ်တရက်မို့ အတူးသည် ငမန်းမိပြီအထင်နှင့် ငယ်သံပါအောင် အော်ပစ်လိုက်သည်။ လှော်တက်ကို သွေးရူးသွေးတန်း လှမ်းဖက်လိုက်မှ နက်ကျော်က သူ့နဘေးမှပေါ်လာသည်။ အတူး အားတက်သွားသည်။ နက်ကျော့်ကိုယ်ပေါ်မှတဆင့် လှေပေါ်သို့ အတူးခုန်တက်သည်၊

လှေဝမ်းထဲ၌ ခြေလက်မသယ်ချင်အောင်ဖြစ်နေ၍ ထိုင်နေလိုက်ရသည်။ ငမန်းသည် နက်ကျော်ရှိရာသို့ ဦးတည်ကူးခတ်လာပြန်သည်။ နက်ကျော်အနီးကပ်မိသည်နှင့် အစွယ်နှင့် လှမ်းခုတ်သည်။ နက်ကျော်သည် ရေပေါ်မှ လူတယောက်အရပ်ခန့် မြင့်အောင် ခုန်ရှောင်ပြလိုက်သည်။ နက်ကျော်ပြန်အကျ ငမန်းပြေးအသွားနှင့် ကိုယ်ချင်းကပ်မိကာ ရေပြင်၌ လုံးထွေးသတ်ပုတ်နေကြသည်။နက်ကျော်နိုင်ပါစေဟု ရင်တမမဖြင့် အတူးဆုတောင်းနေရှာ၏။

နှစ်ကောင်စလုံး ရေအောက်သို့ အတန်ကြာ ပျောက်ကွယ်သွားပြီးသည်နှင့် ရေပြင်ပေါ်သို့ ရေပလုံစီနှင့် သွေးကွက်ကြီးများပေါ်တက်လာသည်။ နက်ကျော်ရဲ့သွေးတွေလား၊ ဒါမှမဟုတ် ငမန်းရဲ့သွေးတွေလား၊ အတူးမပြောတတ်၊ မဝေခွဲတတ်။ နက်ကျော်ရေပေါ်တက်လာပြီး သူ့လှေကို လှည့်ပတ်ကူးခတ်နေသည်။ ငမန်း၏အစအနကိုကား မမြင်ရတော့။

ဟော....ငမန်းပေါ်လာပြီ။ ငမန်း၏နဘေး ရေပြင်ထဲ၌ သွေးချင်းချင်းနီလျက်ရှိသည်။ ကိုယ်ခပေါ်၌လည်းစုတ်ပြတ်နေသည်။ ငမန်းပေါ်လာပုံက ပက်လက်။သည်တော့ငမန်းသေပြီပေါ့။နည်းနည်းနောနော ငမန်းမဟုတ်။ နက်ကျော်အောက် တထောင်ခန့်သာ ငယ်မည်။ သည်အရွယ်ငမန်းမျိုးရလျှင် ရေလုပ်သားတို့ ဈေးကောင်းရ၍ ဝမ်းသာတတ်သည်။

နေအတော်မြင့်ပြီဖြစ်၍ လှေကို ကမ်းဘက်သို့ စတင်လှော်ခတ်သည်။ကျန်ခဲ့သည့် ငမန်သေကိုမူကား သွေးနံ့ရ၍ရောက်လာသော ငမန်းတသိုက်ကလုယက်စားသောက်နေကြသည်။ လှေနံဘေး၌ နက်ကျော်ပါလာသည်။ သူ့အပမ်းပြေမှ ငါးကျွေးရပေဦးမည်။

ကမ်းသို့ရောက်ခါနီး နက်ကျော်အား ငါးကျွေးလိုက်သည်။ နက်ကျော် ငြိမ်းမထိုးနိုင်တော့ပါ။ သည်ကောင်ကြီး အလွန်မောပမ်းနေသည်။ ရေတိမ်ပိုင်းသို့ရောက်သည်နှင့် နက်ကျော်သည် လေချွန်သံဖြင့် နှုတ်ဆက်ရင်း အဝေးသို့ထွက်သွား၏။

အတူးသည် ရေထဲသို့ခုန်ဆင်းလိုက်ပြီး လှေဝမ်းနှင့်သဲနှင့်ပွတ်မိသည့်တိုင် လှေကို တွန်းလာခဲ့သည်။ အခြားလှေများကား ရေကျသည်နှင့် တင်ကျန်နေခဲ့သဖြင့် သဲသောင်အတွင်းဘက်၌ ရှိနေသည်။ သူ့ရွှေခပ်ဝေးဝေး၌ ဖြစ်သည်။ကျောက်ချ၍ အတူးကမ်းပေါ်တက်လာသည်။ ညနေ၌ အဖေသည် လှေကို ယူချင်ပါက ရေကူး၍ ထွက်ယူရပေလိမ့်မည်။

ကမ်းပေါ်၌ သူ့အဖေသည် ဒုတ်တချောင်းလက်မှာကိုင်လျက် ရပ်နေသည်။ သူ မုချအရိုက်ခံရတော့မည်ဟု အတူးသိသည်။ သို့သော် နက်ကျော်နှင့်တွေ့အောင် သူစွန့်စားခဲ့ရပြီးပြီဖြစ်၍ အဖေက ရိုက်ချင်လျှင် ရိုက်ပါစေ။

အတူးခြေလှမ်းကလေးများသည်ကား လေးကန်တုံ့ဆိုင်းနိုင်လွန်းလှပါသတည်း။

တင်ကိုလတ် (ထားဝယ်)★

ရိုင်းရိုးကျော် (ထားဝယ်)

စောင့်ကြိုနေသည်

ဆီခြိသည်မိုးဆွေအတွက် အသစ်အဆန်းချည်းဖြစ်နေသည်။ ဆီခြိသို့မိုးဆွေ ရောက် သည့်မှာ တလရှိပြီ။ မိုးကုန်စ အောက်တိုဘာလက ရောက်လာသည်။ ယခု နှင်းမြူခသည့် နိုဝင်ဘာ ဆောင်းလ ရောက်လာသည်။ လေများ အပြင်းအထန် တိုက်ခတ် နေသည်။ တိုက်နေသည်က နားနားနေနေမဟုတ်။ တပတ်ကျော်မျှ မိနစ် စက္ကန့်ပင်မခြား။ တဝေါဝေါနှင့်အဆက်မပြတ်။ မိုးဆွေစိတ်ညစ်သွားသည်။ ပြန်ပြေး ချင်နေသည့်အထဲ ပိုပြီး စိတ်ဆင်းရဲရသည်။

ည.... ညဆိုလျှင် ပုရစ်သံတွေက စည်သည်။ တရံတခါ ငှက်သံကြား ရတတ်သည်။ နယ် မြေက သိပ်မအေးချင်။ လက်ကျန်ရန်စများရှိသေးသည်။ မိုးဆွေတို့ တခါတရံ ဖုံးခိုကျင်းထဲဆင်းပြေးကြရသည်။ သို့သော်.... မိုးဆွေတို့ ခြံထဲ ကိုတော့ သောင်းကျန်းသူများ မ ရောက် လာ တတ်တော့။ မိုးဆွေရောက်ပြီးနောက်ပိုင်းတွင် တဖြည်းဖြည်း ငြိမ်းချမ်း လာသည်။ သောင်း ကျန်း များ လည်း အဝေးမှ ခြိမ်းလား ချောက်လားလုပ်ရုံသာရှိတော့သည်။

ဆီခြံနှင့်ကပ်နေသည်က ပုဂေါ်ဇွန်းရွာ။ ထို့ကြောင့် ဆီခြံကိုပင် ပုဂေါ်ဇွန်းဆီအုန်းခြံဟု အမည်ပြုထားသည်။ ပုဂေါ်ဇွန်းရွာထဲသို့ မိုးဆွေ ခဏခဏ ရောက်သည်။ အိမ်ခြေ ၂၀၀ကျော်ခန့်ရှိ၍ အသင့်အတင့်စည်သည်။ ပုပေါ်ဇွန်းရွာမှ ဦးဘမောင်နှင့် မိုးဆွေခင်မင် ရင်းနှီးသည်။ ဦးဘမောင်တွင် လက်တဖက်မရှိပေ။ လက်ပြတ်ရ

ခြင်းကလည်း သမိုင်းတင်ရမည့် မှတ်တမ်း တခု ဖြစ်သည်။ဦးဘမောင်ကမိုးဆွေကို ပြန်လည်ပြောပြသည်။

'တချိန်တုန်းက ဒီနယ်တဝိုက်ဟာ သောင်းကျန်းသူပေါတဲ့ ဒေသပေါ့ကွာ၊ မောင်တို့ရောက်လာတော့ တော်တော်အေးသွားပြီ၊ သောင်းကျန်သူတွေကိုတိုက်ရင်း ဦးလက်တဖက် အပြတ်ခံလိုက်ရတာပေါ့'

တချိန်က ပုဂေါင်ဇွန်းနယ်မြေတွင် ရောင်စုံသောင်းကျန်းသူများ ထားဝယ်မြစ်ကိုကျော်ပြီး ရောက်လာတတ်သည်။ သောင်းကျန်းသူများက ရွာသူရွာသားများကို အနိုင်ကျင့်သည်။ ရိက္ခာတောင်းသည်။ဆက်ကြေးကောက်ခံသည်။ ထိုနယ်တဝိုက်တွင် သောင်းကျန်းသူများမတရားပြုကျင့်မှုကို အနှစ်နှစ်အလလခံစားခဲ့ရသည်။ နောက်ဆုံး သည်းမခံနိုင်ဖြစ်ကြပြီး ပြည်သူ့စစ်ဖွဲ့သည်။ထိုအဖွဲ့တွင် ဦးဘမောင်က ခေါင်းဆောင်သည်။တပ်မတော်နှင့်အတူသောင်းကျန်းသူကိုတိုက်ရင်း ဦးဘမောင် လက်မောင်းကို ကျည်ဆံဖောက်ထွက်သွားသည်။ ထိုမှအစ ဦးဘမောင်လက်တဖက် ပြတ်ခဲ့ရသည်။ သို့သော် ဦးဘမောင် ဝမ်းမနည်း။ လက်

စားပြန်ချေခဲ့ရ၍ ဦးဘမောင်ဝမ်းသာသည်။ နောက်ထပ် သောင်းကျန်းသူများ ပုဂေါ်ဒွန်းနယ်မြေကို လာမစမ်းဝံ့တော့၍ ဦးဘမောင် ကျေနပ်သည်။

ပုဂေါ်ဒွန်းရွာ ငြိမ်းချမ်းစပြုလာသောအခါ အာဖရိကဆီအုန်းစိုက်ပျိုးရန် စီမံကိန်းချလာသည်။ ထို့အတွက် ဦးဘမောင်ပီတိလျှမ်းဝေခဲ့သည်။ အပင်စိုက်ရန် မြေရှာစဉ်က ဦးဘမောင်ပင် လမ်းပြ၍ ရွှေတန်းက လိုက်ခဲ့သည်။

'ဒီလိုဆို ဦးဘမောင်က နယ်မြေ အေးချမ်းရေးအတွက် ဆောင်ရွက်ခဲ့တဲ့ပုဂ္ဂိုလ်တဦးသာမက မြစိမ်းရောင်တော်လှန်ရေးရဲ့ တပ်သားကောင်း တဦးလည်းဖြစ်တာပေါ့မျာ'

'မြစိမ်းရောင်တော်လှန်ရေးရဲ့ အသီးအပွင့်အဖြစ် ဒီနယ်တဝိုက် စည်ပင်သာယာပြီး အားလုံးအကျိုးရှိမှာမို့ ဒီနယ်မှာ အစိုးရဆီအုန်းခြံ စိုက်မယ်ဆိုကတည်းက ဦးလေးကျေနပ်လို့မဆုံးဘူး၊ ဒါကြောင့် ဦးလေးအားတက်သရော ကူညီခဲ့တယ်'

'အခုဆိုရင် ဆီသီးခိုင်သီးစပြုပြီ၊ အလားအလာသိပ်ကောင်းတယ်'

'အမောင်တို့လို ပညာတတ်လေးတွေရောက်လာတော့ ပိုအားတက် ရတာပေါ့၊ ဒီထက်မကအောင်မြင်အောင်ကျိုးစားကြစမ်းပါကွာ'

ဆီခြံသို့ ရောက်စက မိုးဆွေပျင်းသည်။ ပြန်ပြေးချင်သည်။ တဖြည်းဖြည်းနှင့် ပြန်ပြေးသွားချင်စိတ်လျော့စပြုလာသည်။ နယ်မြေအေးချမ်းရေး အတွက် လက်တဖက်ဖြတ်ခံခဲ့ရသော ဦးဘမောင်သည် ပုဂေါ်ဒွန်းနယ်မြေတဝိုက် တိုးတက် အောင်မြင်ရေးအတွက် ရွှေတန်းမှ အားတက်သရော ဆက်လက်ပါဝင်နေသည်မှာ မိုးဆွေအဘို့စံနမူနာယူစရာ။ ကျောင်းတုန်းက ကျောင်းအုပ်ဆရာကြီး ဦးချစ်ကိုကို၏ စကားကို မိုးဆွေ ပြန်ကြားယောင်လာသည်။

'ခင်ဗျားတို့တတ်တဲ့ပညာက မြို့ပေါ်မှာ အခန့်သင့်ထိုင်ပြီး လုပ်ရမယ့်အလုပ်မျိုးမဟုတ်ဘူး၊ ခြံရှိတဲ့နေရာကိုသွားရမယ်၊ခြံဆိုတာကလဲ တောမှာဘဲရှိတယ်၊ တောကိုသွားရမှာ၊ တောမှာလုပ်ရမှာ၊ တကယ်ဆိုတော့ ခင်ဗျားတို့ဟာ တောလက်ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ကြပျိုးကြရမယ့်သူတွေ၊ တောကို ချည်း ကပ်ရမယ့်သူတွေ'

မိုးဆွေ တရေးရေးတွေးသည်။ မိုးဆွေတတ်သည့်ပညာက စိုက်ပျိုးရေးပညာ။ စိုက်ကွက်များက တောလက်ကျေးရွာမှာသာရှိသည်။ စိုက်ကွက်ရှိသောနေရာကို သွားရမည်က ဓမ္မတာပင်ဖြစ်သည်။

ဖြစ်လာမှတော့ ကောင်းအောင် ဖန်တီးရမည်။ လိုချင်သလိုမဖြစ်ပေမယ့် ဖြစ်ချင်သလို ဖြစ်လာသောအရာကို ကောင်းအောင်ဖန်တီးရမည်။ ထိုသည်ပင် သဘာဝကျသည်။မိုးဆွေစိတ်ထဲ အသိစိတ်များ ထင်ရှားပီသလာသည်။

နွေဦးသြဃင်္ကာ၏ တွန်ကြူးသံ ကြားရသည်။

* * *

ရွှေနတ်တောင် စေတီမှ ခေါင်းလောင်းသံသည် ဆီခြံတဝိုက်လွှင့်ပျံ့နေသည်။ ဆီခြံထဲတွင် ဆောက်လုပ်ထားသော အိမ်သစ်များသည် မနက်ခင်းအလှတွင် ဆေးရောင်စုံဖြင့် တင့်တယ်ပါဘိ။ ဆီပင်များ ခက်လက်ဝေဝေဆာဆာနှင့် လေအသွဲ့တွင် နွဲ့၍ပါနေသည်။ ဆီခြံသို့ ရောက်သူတိုင်း ပျော်ကြသည်။ စွဲမက် နှစ်ခြိုက်ကြသည်။ဆီခြံမှာ ထားဝယ်မြို့နှင့် ၁၈ မိုင် ဝေးသည်။ သို့သော် ဆီခြံသို့ ထားဝယ်မြို့မှ အပမ်းဖြေလာကြသူများ လတိုင်းလိုလိုမပြတ်။ ချီချီ၊ မူမူတို့လာမည်ဆိုသဖြင့် မိုးဆွေ စောင့်ကြိုနေသည်။ ချီချီတို့ ရောက်လာကြတော့ မျက်နှာစိမ်း ဧည့်သည်များလည်း ပါလာသည်။

'ဟိုတခါလာတုန်းကလို မတွေ့မှာစိုးလို့ စောင့်နေတာ'

'တော်ပါ၊ ဟိုအပတ်က တမင်ရှောင်နေတယ်မဟုတ်လား'

ချီချီက စကားသွက်သွက်နှင့် ပြန်ပက်သည်။

'မဟုတ်ဘူးချီချီ၊ အလုပ်ကိစ္စရှိလို့ မြို့ရုံးကိုသွားတာပါ'

'မူမူ၊ အရင်ကဆီခြံနဲ့ အခုဆီခြံ တူသေးလား၊ ထူးခြားနေတာတွေ ဘာတွေသတိပြုမိသလဲ'

'သိပါတယ်၊ ဆီပင်တွေကြီးလာပြီး အသီးအခိုင်

တွေနဲ့ ဖြစ်နေပြီ၊ ခြံမှာဆိုင်းဘုတ်တွေဘာတွေ တပ်လို့၊ ပန်းခြံတွေနဲ့ဆိုတော့ ပိုသာယာလာတယ်'

'ဟုတ်တယ်၊ သိပ်သာယာတာဘဲနော်'

မျက်နှာစိမ်း မိန်းခလေးက မူမူမှတ်ချက်ကိုထောက်ခံချက်ဝင်ပေးသည်။

'အော်....မိတ်ဆက်ပေးရအုံးမယ်၊ သူက သန္တာဇော်တဲ့၊ ဟိုဖက်က လင်းလင်း၊ ကိုစိန်ကြည်၊ ကိုစိုးသန်း၊ ကိုစိုးဝင်း၊ ကိုမောင်စိန်'

မူမူက မိတ်ဆက်ပေးသည်။

'ကိုမိုးဆွေနဲ့ ခုလိုတွေ့ရတာ ဝမ်းသာပါတယ်ရှင်'

သန္တာဇော်က ရင်းရင်းနှီးနှီးပြန်ပြောသည်။

'ကျနော်လဲ ဝမ်းသာပါတယ်ဗျာ၊ ဆီခြံကလည်း မသန္တာဇော်တို့ကို ကြိုဆိုပါတယ်'

ဇန်နဝါရီလဖြစ်၍ အေးတုန်းပင်ဖြစ်သည်။မြောက်လေအေးအေးသည် တစိမ့်စိမ့်နှင့်တိုက်နေသည်။ ပတ်ဝန်းကျင် တခိုမြူမှုံဆိုင်းနေသဖြင့် တောင်များသည် မှိုင်းပျပျဖြစ်နေသည်။ခြံထဲပတ်၍ လေ့လာကြသည်။ သန္တာဇော်က သွက်သည်။ ချက်ချာသည်။ အမေးအမြန်းထူသည်။ မိုးဆွေအနားကမခွာ လိုက်၍သိလိုသမျှမေးသည်။

'ဒီအပင်တွေက တိုင်း ကောင်စီ ရုံး ရှေ့မှာ စိုက်ထားတဲ့ အပင်နဲ့ အတူတူဘဲနော်'

'ဒီခြံကယူသွားတဲ့အပင်တွေဘဲ သန္တာဇော်'

'အုန်းပင်လိုဘဲနော်'

'ဆီအုန်းလို့လဲခေါ်တယ်၊ နောက်ပြီးဆီထန်းလို့လဲခေါ်တယ်၊ အုန်းပင်ထန်းပင် တူတာကိုး၊ ဒါပေမယ့် ထန်းပင်လိုတော့ အထီးအမခွဲခြားပြီးမရှိဘူး၊ တပင်ထဲမှာ အထီးရော အမရော ပန်းပွင့်တယ်'

'သိပ်ဆန်းတာဘဲ၊ တနှစ်ကိုဘယ်နှစ်ခိုင်ထွက်လဲ'

'အပင်ကြီးလာရင် အမ ပန်းခိုင် ၁၂ ခိုင်၊ အဖို ပန်းခိုင်၁၂ခိုင် ထွက်ပါတယ် မသန္တာဇော်'

'အော်....အတော်များသားဘဲ'

'သန္တာဇော့်ရှေ့ ဟိုမှာဆီသီးတွေ မှည့်နေတယ်'

စုစုလှိုင်က အော်ပြော သည်။

'ကိုမိုးဆွေ.... ဒါမှည့်နေပြီပေါ့နော်'

'ဟုတ်တယ်မသန္တာဇော်၊ ဆီသီးခိုင်ထွက်စဆိုရင် ခရမ်းရောင်၊ နောက် ရင့် ရင့် အ နီ ရောင်၊ မှည့်ရင် အဝါရောင် ဖြစ်သွားတယ်'

သန္တာဇော် သည် မိုးဆွေ ကို သာ ဖိ မေးသည်။ ချိုချို၊မူမူနှင့်အခြားမိန်းခလေးများမှာ ကြူလှိုင်ဦး နှင့် မောင်မောင်ကို ဝိုင်းမေး နေသည်။ မိုးဆွေ သည် မသိမသာ သန္တာဇော်ကို စူးစိုက် ကြည့်သည်။ မသိမသာသက်ပြင်းချသည်။ သန္တာဇော်သည် လှသည်။ သန္တာဇော့်အလှက စွင့်စွင့်ပွင့်စ ပန်းနှယ်တည်း။

'တောမှာနေရတာ ကိုမိုးဆွေတို့ပျော်ရဲ့လား'

'ပျော်တယ် ရယ်လို့ ဘယ်ဟုတ်မလဲ မသန္တာဇော်၊ ဒါပေမယ့် ကျနော်တို့က မြစိမ်းရောင် တော်လှန်ရေးရဲ့ တပ်သားဖြစ်နေတော့ တာဝန်ကျေအောင် ထမ်းရင်း တောမှာ နေရတာပေါ့'

'ကိုမိုးဆွေ က ဘယ်ဇာတိလဲ'

'ထားဝယ်ဇာတိလေ'

'ဟုတ် လား.... ကျမက တခြား မြို့က လားလို့၊ ထားဝယ်ဇာတိ ဆိုတော့ ထားဝယ်ကို မကြာခဏ ပြန်ရောက်မှာပေါ့'

'ရောက်ပါတယ်၊ ရုံးကိစ္စကလဲ မကြာခဏ ရှိပါတယ် မသန္တာဇော်'

'ဒါဖြင့်မြို့ရောက်ရင် သန္တာတို့အိမ်ကိုလဲ့ အလည်ဝင်ဖို့ ဖိတ်ခေါ်ပါရစေရှင်'

'အဆင်သင့်ရင် ရောက်နိုင်ကောင်းပါလိမ့်မယ်'

မိုးဆွေသည် စကားကို မယုတ်မလွန် ပြောလိုက်သည်။အမှန်မှာ မိုးဆွေသည်မပြောခင်ကခေါင်းညိတ်ချင်နေသည်။ မဆွတ်ခင်က ညွှတ်ချင်နေသည်။

'ဟော့....မိုးဆွေ'

'ဟာ....လန့်လိုက် တာကွာ'

'ဘာတွေးနေတာလဲ၊ နေပူထဲလျှောက်လို့ အပူမိသွားပြီ ထင်တယ်'

သန္တာဇော်နှင့် ခဏလေး ကွဲသွား၍ တဒင်္ယာက်တည်းရှိနေစဉ် ချိုချိုက စသည်။

'မပူပါဘူး၊ လေတိုက်နေသားဘဲ'

'မသိပါဘူးလေ၊သန္တာဇော် အပူမိသွား သလားလို့၊ သန္တာဇော်က လှတယ်နော်'

'အင်း'

'စိတ်ဝင် စား နေ ပြီ ထင် တယ်၊ သန္တာဇော်က ဇုတန်းကျောင်းသူလေ၊ ထားဝယ်အမှတ် ၁အထက ကပေါ့'

'သူတို့အိမ်ကဘယ်နားမှာလဲ'

'အမှတ်၁အထက်တန်းကျောင်းနားမှာဘဲ၊မိုးဆွေ တယောက် ခြံမှာ ဇွေးကျန်ရစ်တယ်လို့ ပြောလိုက် မယ်နော်'

'ဟာ.... မလုပ်ပါနဲ့မျာ'

'မိုးဆွေ နှလုံးခုန်နေပြီ မဟုတ်လား'

'ဆိုပါတော့....'

'ဘာတွေဆိုနေကြတာလဲရှင့်'

သန္တာဇော်သည် ဆိပ်ကြားမှ ရုတ်တရက်ပေါ် လာပြီး မေးခွန်းထုတ်လိုက်သည်။ မိုးဆွေ လန့်သွား သည်။ ချိချိနှင့်ပြောနေသည်ကို ကြားသွားပြီလားဟု သန္တာဇော့်မျက်နှာကို လှမ်းကြည့်သည်။ သန္တာဇော် က အရီအပြုံးမပျက်။တော်သေးသည်။ မိုးဆွေသက်မ ချသည်။

'ဘာမှ မဆိုပါဘူး၊ နေတောင် အတော် စောင်း လာပြီ၊ပြန်ကြရအောင်'

ချိချိက စကားဝင်ဖာသေးသည်။ သန္တာဇော်က ပြုံးလျက်။

ညနေသုံးနာရီတွင် သန္တာဇော်တို့ အဖွဲ့ ပြန်သွား သည်။ နေပိုစောင်းလာသည်။ မနေ့ကထက် ပိုအေး လာသည်ဟု မိုးဆွေထင်သည်။ နှင်းမှုံများပို၍ထူထပ် စွာကျလာသည်။ တောင်များ ပိုးတဝါးသာ မြင်ရ သည်။ မိုးဆွေ ရင်ထဲမှာ တခုခု လိုနေသလို ဟာ၍ နေသည်။

* * *

ဆောင်းနှောင်းသည် နောက်ဆုတ်စပြုလာသည်။ မိုးဆွေသည် စိုက် ပျိုး ရေး ကျောင်း ဆင်း ဖက် သူငယ်များများအလည်ရောက်လာ၍ မောင်းမကန်သို့ လိုက်ပို့သည်။

မောင်းမကန်တွင်စုစုလှိုင်ကိုတွေ့သည်။ စုစုလှိုင်က သန္တာဇော်ပါကြောင်းပြောသည်။ မိုးဆွေက သန္တာ ဇော်ကို တွေ့လိုကြောင်း မှာလိုက်သည်။

'ကိုမိုးဆွေနဲ့ တွေ့ရတာ သိပ်ဝမ်းသာတာဘဲ'

'ကိုမိုးဆွေလဲ သန္တာဇော်လိုဘဲ ဝမ်းသာတယ်'

စကားစ ရှာမရဘဲ တိတ်ဆိတ်သွားသည်။ မိုးဆွေ က စ၍ တိတ်ဆိတ်မှုကို ဖြိုခွင်းရန် အားထုတ်သည်။

'သန္တာ'

'ဘာလဲ ကိုမိုးဆွေ'

'ကိုမိုးဆွေလေ....အင်း....အဲ....အင်း....'

'ဘာဖြစ်တာလဲကိုမိုးဆွေ၊ တအင်းအင်းတအဲ့အဲ့နဲ့ ဘာများ နင်နေလို့လဲ'

'အင်း....မောင်းမကန် ကမ်းခြေက သိပ်သာယာ တယ်နော် ကိုမိုမိုးဆွေ ဒီလို ဆည်းရှာ အလှ တွေကို ကြည့်လာခဲ့ပေါင်း များပြီ၊ ဒါပေမယ့် ဒီနေ့လောက် မလှဘူး'

'အလဲ.... ကိုမိုးဆွေက အနုပညာအလာကြီးဘဲ၊ ဘာလဲ ကိုမိုးဆွေ စာရေးဆရာ လုပ်စားတော့မလို့ ထင်တယ်'

'ဘယ်ဖြစ်မလဲ သန္တာ၊ ကိုမိုးဆွေက ကလောင် ထက် ပေါက်တူးနဲ့တူရွင်းကိုထမ်းပြီး စိုက်ခင်းလုပ်ကိုင် နေရတဲ့ လုပ်သားဘဲ'

'မသိဘူးလေ....ကိုမိုးဆွေ အပြောက လှလွန်းလို့ ကဗျာဆရာက ကဗျာစကား ပြောနေတာ ကြားနေရ သလားလို့'

'ကဗျာဆရာမှအလှကိုခံစားတတ်သလား သန္တာ၊ လူတိုင်းမှာ နှလုံးသား ရှိသလို နှလုံးသား တိုင်းမှာ ခံစားတတ်တဲ့ အသိ ရှိတာဘဲ မဟုတ်ဘူးလား၊ အခု ကိုမိုးဆွေ နှလုံးသားခုန်နှုန်း မြန်နေတယ် သန္တာ'

'ရှင်....ကိုမိုးဆွေနှလုံးခုန်နှုန်း မြန်နေတယ်၊ တော မှာအနေကြာလို့ နှလုံးရောဂါများ ဖြစ်လာ သလား မသိဘူး၊ ဆရာဝန် မပြဘူးလား'

'မဟုတ်ဘူးသန္တာ၊ ကိုမိုးဆွေနှလုံးကအချိန်အခါနဲ့ ခုန်နှုန်း မြန်လာရတာ'

သန္တာသည်ခေါင်းကိုငုံ့လိုက်သည်။ ပါးတပြင်လုံး ပန်းရောင်သွေးကြွသွားသည်။ နှစ်ယောက်လုံးစကား သံတိတ်သွားသည်။ နီရဲသောနေလုံးသည် ဝင်လုလု ဖြစ်လာသည်။ သန္တာဇော်သည်မျက်နှာကို ခပ်တည် တည် လုပ်ပစ် လိုက်သည်။

'သန္တာ့ကို တွေ့ချင်တာ ဒီစကား ပြောချင်လို့ ဘဲလား....ကိုမိုးဆွေဟာ သိပ်စိတ်ကူး ယဉ်တာဘဲ'

'မျာ....ကိုမိုးဆွေ စိတ်ကူးယဉ်တယ် ဟုတ်လား'

'ဟုတ်တယ်လေ၊ ဆီခြံမှာကထဲက ချိချိနဲ့ ပြော နေတာ သန္တာကြားပီးသား၊ ဒါကြောင့် ကိုမိုးဆွေ ဟာ သိပ်စိတ်ကူးယဉ်တယ်လို့ ပြောတာပေါ့'

'နေပါအုံးသန္တာ၊ နှလုံးခုန်တာကို နှလုံးခုန်တယ် လို့ပြောတာစိတ်ကူးယဉ်သလား၊ ရင်ထဲကချစ်တာကို ချစ်တယ်လို့ ပြောခွင့်မရှိဘူးလား'

'ရှိတော့ ရှိတာပေါ့ ကိုမိုးဆွေ၊ ဒါပေမယ့် ကိုယ် ပြောမယ့်စကားကိုချင့်ချိန်ရသေးတယ်ရှင့်၊ ကိုယ်ပြော မယ့် မိန်းခလေးဟာ ဘယ်လိုလဲလို့ လေ့လာ ရသေး တယ်ရှင့်'

'ဒီလိုဆိုရင် ကိုမိုးဆွေ နှလုံးခုန်မိတာကို ဘယ်လို ငြိမ်သက်စေရမလဲ သန္တာ'

မိုးဆွေက ပြောမိပြီ ဖြစ်သော စကားကို ဆက်၍ ပြောသည်။ သန္တာဇော်က မဲ့ပြုံး ပြုံးသည်။

'အချစ်နဲ့ ပတ်သက်လို့ သန္တာဘယ်လို ခံစားမှု ရှိသလဲဆိုတာတော့ ကိုမိုးဆွေ သိပရစေ'

'သန္တာ၊အချစ်ဆိုရင် လုံးဝမစဉ်းစားဘူး၊ စိတ်ကူး လဲမယဉ်ဘူး၊ သန္တာ ပညာ သင်တုန်း မဟုတ်လား၊ နောက်ပြီး သန္တာက ငယ်သေးဘယ်၊သန္တာ့ကိုခင်ရင် နောက်ဒီစကားကို မပြောပါနဲ့ကိုမိုးဆွေ'

ကမ်းစပ်ကိုပြေး၍ ရိုက်သော လှိုင်းလုံးများသည် ကွဲကြေသွားသကဲ့သို့ မိုးဆွေရင်ထဲတွင် ထားရှိသော မျှော်လင့်ချက် များသည်လည်း ကြေပြန်း သွားသည်။

'ကိုမိုးဆွေပြန်မယ် သန္တာ'

မိုးဆွေသည် သန္တာဇော် အပါးမှ ထ၍ ချာကနဲ လှည့်ထွက်သွားသည်။ လေတိုက်သံကြောင့် ပင်လယ် ထင်းရှူးရွက်များ တရှဲရှဲမြည်နေသည်။ မိုးဆွေ ရင်ထဲ တွင်လည်းမီးခဲရဲရဲများ တရှဲရှဲမြည်နေသည်။ လောင် ညီးနေသည်။ တဖက်သတ် အ ချစ် သည် ပူလောင်ရ ပါကလား။

* * *

ဝိတောက်ပင်များစိမ်းရာမှ ဝါသွားသည်။ သကြိန် ကျလာပြီ။မိုးဆွေတို့ ထားဝယ်မြို့ပေါ်တွင် ဂျစ်ကားနှင့် ယိုးရက်လုံး လည်သည်။ ဖိုးနီက သီချင်း ဆိုသည်။ သိန်းလွင်က ကသည်။ အောင်စိုး၊ သန်းရွှေ၊ စိုးမြင့်၊ တင်မောင်ဌေး၊ တင်မောင်လတ် တို့လည်း ပါသည်။ ဂျစ်ကားရှေ့တွင် 'ပုသိမ် ဒေါ်ခင်ထွေး-ထမင်းဆိုင်' ဟူသောဆိုင်းဘုတ်ကိုကပ်ထားသည်။ ဖိုးနီ သီချင်းဆို ရပ်လျှင် 'လာပါပြီမျ'ဟု ဝိုင်းအော်ကြသည်။ မိုးဆွေ တို့ အဖွဲ့က အချစ်နံပါတ် ၁၃ အဖွဲ့နှင့်အပြိုင်အော် သည်။ တတ်လည်းတတ်နိုင်သည့် အူကြောင်ကြောင် အဖွဲ့ ဖြစ်သည်။

သကြိန်ရေသည် အေးမြ ပါ၏။ သို့သော် မိုးဆွေ ရင်ထဲမအေး။ သကြိန်ရက် အတွင်း သန္တာဇော် နှင့် နှစ်ခါဆုံသည်။ သန္တာဇော် နှုတ်ခမ်းကို စုထား သည်။ မျက်နှာကို မူထားတည့်။ ဒေါသ တံခွန်ကို ထူထားသည့်ပုံ ဖြစ်သည်။ မိုးဆွေ ဆွေးရသည်။

နှစ်ဆန်းတရက်နေ့တွင် စုစုလှိုင် နှင့် မိုးဆွေ တိုး သည်။ မိုးဆွေမျက်နှာပူသဖြင့်လွဲထားသည်။ စုစုလှိုင် အနီးသို့ကပ်လာပြီး စာတစောင် ပေးသည်။ မိုးဆွေ အံ့သြရသည်။

ကိုမိုးဆွေ

သန္တာ စာရေး လိုက်ပါတယ်။

မိန်းမရိုင်းသန္တာကို ကိုမိုးဆွေ မုန်းမေ့ သွားပြီ မ ဟုတ် လား၊ သန္တာ သိပါတယ်၊ မုန်းမေ့ နိုင် ပါတယ်ရှင်။

ကိုမိုးဆွေ လကုန်ရင် အားသလား၊ အားရင် စုစုလှိုင်အိမ်ကိုလာပါလား၊ ကိုမိုးဆွေကိုပြောစရာ တွေ အများကြီးရှိတယ်၊ သန္တာစာမေးပွဲ အောင် တယ်၊ဘာဝယ်ကျွေးမလဲ၊ လကုန်ရင် ဆက်ဆက် လာဖြစ်အောင် လာပါ၊ စောင့်နေမယ်နော်။

အစဉ်သတိရလျက်

သန္တာဇော်

မိုးဆွေသည် စာကိုဖတ်ရင်း မတင်မကျ ဖြစ်နေ သည်။ 'မုန်းမေ့နိုင်ပါတယ်' ဟု စကားနာ ထိုးထား သည်။ 'အစဉ် သတိရလျက်' ဟု လည်း တမ်းတသံ ဖော်ကျူးထားသည်။ အသိခက်ရန်ကော သန္တာဇော်

ဟု မိုးဆွေတွေးသည်၊ မည်သို့ဆိုစေ–စာရ၍ မိုးဆွေ ပျော်သည်။ လကုန်ရက်တွင် သန္တာဇော်ထံ မိုးဆွေ ရောက်ဖြစ်အောင် သွားသည်။

‘ကိုမိုးဆွေသကြြန်တုန်းကပျော်တယ်နော်’

သန္တာဇော်ကနှုတ်လှာကို အရင်ဖွင့်သည်။

‘ပျော်လဲပျော်တယ်၊ မပျော်လဲ မပျော်ဘူး’

‘ဆန်းလှချည်လား ကိုမိုးဆွေ စကားက....’

‘ဟုတ်တယ်လေ၊ သကြြန်ကျ လို့ ပျော် တယ်၊ နောက်ပြီး....’

‘နောက်ပြီး ဘာဖြစ်တာလဲရှင့်’

‘သန္တာ. သိပါတယ်’

စုစုလှိုင်က လဖက်ရည်လာချသည်။ ပြီးတော့လုပ်စရာရှိသည်ဆိုကာအိမ်ထဲ ပြန်ဝင်သွားသည်။ စုစုလှိုင်တို့ အိမ်ရှေ့ခန်းတွင် သန္တာဇော်နှင့် မိုးဆွေတို့ နှစ်ယောက်သည် အတော်လေး ကြာမျှ ငြိမ်ဆိတ်နေပြီးမှ သန္တာဇော်က ဟောဟော ဒိုင်းဒိုင်း ပြောသည်။

‘သန္တာ့ နှလုံးသားတွေ အခုန် မြန်နေ တယ် လို့ ပြောရင် ကိုမိုးဆွေယုံမလားဟင်....’

‘ဘာပြောတယ်သန္တာ’

‘ထပ်ပြောဘို့လိုသေးသလား ကိုမိုးဆွေရယ်’

သန္တာဇော် မရှက်နိုင်တော့။ ရင်ထဲရှိသမျှဖွင့်ဟသည်။ ချစ်မိပြီကိုး။ ပွင့်လည်းပွင့်လင်းသည်။ မိုးဆွေသည် ပြောပြောဆိုဆို သန္တာဇော်နဘေးတွင် သွားထိုင်သည်။ မိုးဆွေရင်ထဲ လှိုင်းထကာ တဒိန်းဒိန်းမြည်နေသည်။ ခက်ဘဲခက်ရချည်သေးသည်။ မိုးဆွေ မနေတတ်တော့။ နှလုံး တဆတ်ဆတ်ခုန်နေသည်သာမက အူသဲတွေပါ လှိုင်းထနေသလားဟု ထင်မှတ်ရသည်။ဝမ်းသာရတော့လည်း အတိုင်းမသိပါတကား။

လေတိုက်ရာတွင် ပိတောက်ရနံ့များ မွှေးပျံ့နေသည်။

* * *

ဆိခြိကိုလူကြီးများလာရောက်စစ်ဆေးမည်ဟုဆို၍ မိုးဆွေတို့ ပြင်ဆင်စရာရှိသည်များကို လုံးပမ်းပြင်ဆင်ကြရသည်။ လူကြီးများမှာ ဘန်ဂလိုတွင် အပမ်းဖြေပြီး ပြခန်းကို လေ့လာကြသည်။

ပြခန်းတွင် ဆီထုတ်လုပ်ရေးတာဝန်ခံက တဧကတွင် ပိသာ ၉၀၀ထွက်ရှိကြောင်း၊ ဆီတွင် ထောပတ်ရာနှုန်း ၄၆ ပါဝင်ကြောင်း၊ အခွံဆီမှ စားသုံးဆီ ဆပ်ပြာရကြောင်း၊ အသီးဆီမှ စာသုံးဆီ၊ခေါင်းလိမ်းဆီ၊ မာဂျရင်း ထောပတ် ရကြောင်း၊ ဆီဖတ်ကို တိရိစ္ဆာန်အစာဖြစ် အသုံးပြုနိုင်ကြောင်းကို အသေးစိတ်ရှင်းပြသည်။

မျိုးစေ့ဖောက်ခြင်း လုပ်ငန်းကို မျိုးစေ့ဖောက်တာဝန်ခံက ရှင်းလင်းတင်ပြသည်။ မျိုးစေ့များကို မလေးရှားမှ မှာယူကြောင်း၊ ရလာသောမျိုးစေ့ကို ရေခုနှစ်ရက်စိမ်ရကြောင်း၊ အခန်းတွင်း အပူချိန်မှာ ဖာရင်ဟိုက် ၇၂ ဒီဂရီမှ ၈၂ ဒီဂရီအတွင်းရှိရကြောင်း၊ ရေခုနှစ်ရက်စိမ်ပြီးသောအခါ အစိုဓာတ် ၂၂ ရာနှုန်း ရလာကြောင်း၊ လိုချင်သော အစိုဓာတ် ရ မရကို အရောင်နှင့် အလေးချိန်ကို စစ်ဆေးကြည့်သည့်နည်းဖြင့် သတ်မှတ်ကြောင်း၊ နောက် သုံးရက်ခန့်ကြာလျှင် အစို့ပေါက်လာကြောင်း၊ အစို့ပေါက်သော အစေ့များကို ရွေးထုတ်ပြီး အမြစ်နှင့် အညွန့်ကွဲလာအောင် ငါးရက်ခန့် သီးသန့်သိုလှောင်ထားရကြောင်း၊ ထို့နောက် အကြိုပျိုးခင်းတွင် စိုက်ရကြောင်း၊ မျိုးစေ့များ တခါဖောက်လျှင် ၄၅ ရက်ခန့် ကြာကြောင်း စသည့်အစို့ဖောက်ခြင်းနှင့်ပတ်သက်သော စိတ်ဝင်စားဖွယ်ရာများကို တာဝန်ခံကရှင်းပြသည်။

ထို့နောက် မိုးဆွေတာဝန်ယူရသော အကူဝတ်မှုံကူးခြင်း လုပ်ငန်းကို ဆက်လက် လေ့လာကြပြန်သည်။

‘ဒီဌာနက အကူဝတ်မှုံကူးတဲ့ဌာန ဖြစ်ပါတယ်၊ ဆီပင်တွေ ငယ်စဉ်အခါမှ အကူဝတ်မှုံကူးပေးရပါတယ်၊ အကူဝတ်မှုံကူးပေးခြင်းအားဖြင့် ငါးနှစ်မှခုနစ်နှစ်ထိ ဆီထွက်ရာနှုန်း ၁၀၀မှ ၁၅၀ရာနှုန်းထိထွက်ပြီး ၁၁နှစ်ထိ ဆီထွက်ရာနှုန်း ၂၀ထိပိုပါတယ်’

မိုးဆွေက အစပျိုးသည်။

‘ဆီပင်တွေကို ၁၂ နှစ်ထိ အကူဝတ်မှုံကူးပေးရပါတယ်၊ အကူဝတ်မှုံကူးဘို့ အတွက် ကြိုတင်ပြီး ဝတ်မှုံစုဆောင်းရပါတယ်၊ အဝါနုရောင် ဖြစ်နေတဲ့ အဖိုပန်းခိုင်ဟာ ဝတ်မှုံစုဆောင်းဘို့ အကောင်းဆုံး

ဖြစ်ပါတယ်၊ အဝါနုရောင်ပန်းခိုင်ကို ပလပ်စတစ်အိတ်နဲ့စွပ်ပြီး ခုတ်ယူရပါတယ်၊ ခုတ်လို့ရတဲ့ပန်းခိုင်ကို လှုပ်ခါချပြီး နေတနေ့လှမ်းပါတယ်၊နေတနေ့လှမ်းပြီး ၁၀ စကာနဲ့စစ်ချပါတယ်၊ စစ်လို့ရတဲ့ဝတ်မှုံကို ဓာတ်စီကြေတာနဲ့ သိုလှောင်ရပါတယ်'

'ဒါက သိုလှောင်ထားတဲ့ဝတ်မှုံလား'

'ဟုတ်ပါတယ် ခင်ဗျာ၊ ဒီစုထားတဲ့ ဝတ်မှုံကို အောင်မြင်မှုရှိမရှိ အေဂါနဲ့စမ်းပါတယ်၊ အေဂါဆိုတာက ရေနွေးငွေ့ ၅၀ စီစီ။ သကြား ၅ ဂရမ်၊ ကျောက်ကျော ၂၅ ဂရမ်ကို ရောစပ် ပြုလုပ်ထားပါတယ်'

'ကျောက်ကျောကို ဘယ်ကဝယ်သလဲ'

မိုးဆွေက ဆက်လက်ရှင်းပြသည်။

'အဲဒီအေဂါနဲ့စုထားတဲ့ ဝတ်မှုံကို စလိုက်ပြားပေါ်တင်ပြီး ရောမွှေလိုက်ပါတယ်၊ စလိုက်ပြားကို ပက်ဒရီဒက်ထဲထည့်ပြီး အညှောက် ပေါက်ပါတယ်၊ အညှောက်ပေါက်မပေါက်သိရအောင် အဆ ၁၅၀ ချဲ့ထားတဲ့ အနုကြည့်မှန်ဘီလူးပေါ်တင်ပြီး ကြည့်ပါတယ်၊အညှောက်ပေါက်အောင် မွေးမြူရာမှာ ၄နာရီမှ ၁၂နာရီကြာတဲ့အခါမှ အညှောက်ပေါက်ပါတယ်၊ အနုကြည့်မှန်ဘီလူးရဲ့မြင်ကွင်းတကွက်မှာ ဝတ်မှုံ ၄၀၀ခန့်မြင်ရပါတယ်၊ ဝတ်မှုံ၄၀၀ထဲမှာ ၇၀ ရာနှုန်းအညှောက်ပေါက်မှသာ အောင်မြင်တဲ့ ဝတ်မှုံလို့ သတ်မှတ်ပါတယ်၊ ဓာတ်စီကြေတာထဲမှာထည့်သိုလှောင်ရင် နှစ်လခံပါတယ်၊ ဒါမှမဟုတ်ဘဲ ရေခဲအခန်းထဲမှာလှောင်ရင် တနှစ်ခံပါတယ်'

'ဒီမှာ ရေခဲအအေးခန်းရှိသလား'

လူကြီးတဦးကမေးသည်။

'မရှိသေးပါဘူးခင်ဗျာ၊ ရန်ကုန်မှာတော့ရှိတယ်၊ ဒီကိုမရောက်သေးပါဘူး'

'အေး....ဒီပို့ပေးလိုက်ရမယ်'

မိုးဆွေ မောနေပုံရသည်။ သို့သော် ပစ္စည်းများကို ကိုင်တွယ်ပြရင်း ဆက်လက်ရှင်းပြသည်။ ပြောရင်းပြော ရင်း မိုးဆွေ အရှိန်ပြန်ရလာသည်။

'အကူဝတ်မှုံကူးတဲ့အခါ တကေမှာ ဝတ်မှုံ ၀၅ အောင်စ ကုန်ပါတယ်၊ ဝတ်မှုံ အကုန်သက်သာအောင်ဆိုပြီး တယ်လကန် ပေါင်ဒါနဲ့ သုံးချိုးတချိုး ရောစပ်ပြီး ဖြန်းပါတယ်၊ ဆီပင်တပင်တည်း တနှစ်ထဲမှာ အမပန်းခိုင် ၁၂ခိုင်နဲ့ အဖိုပန်းခိုင် ၁၂ ထွက်ပါတယ်၊ ဒါကြောင့် တပင်တည်း ဝတ်မှုံကူးဘို့ဟာ မလွယ်ပါဘူး၊ တခြားအပင်မှာ အဖိုပန်းခိုင်ထွက်နေပေမယ့် တပင်နဲ့တပင်အကြားမှာ အခြားအပင်တွေက ကာဆီးနေတာလဲတကြောင်း၊ ဝတ်မှုံအထွက်နည်းနေတာကလဲ တကြောင်းတို့ကြောင့် ပင်ခြားဝတ်မှုံကူးဘို့ဟာမဖြစ်ပါဘူး'

လူကြီးများသည် စိတ်ဝင်စားစွာ နားထောင်နေကြသည်။

'ဒါကြောင့် အကူဝတ်မှုံကူးခြင်းကို တနှစ်ပတ်လုံး ပြုလုပ်ပေးရပါတယ်၊ အမပန်းခိုင်မှာ အကာ ၂ခုရှိပါတယ်၊ အကာ၂ခုကွဲပြီးတဲ့အခါ အဖြူရောင်ပန်းပွင့်တွေ ပွင့်ပါတယ်၊အဖြူရောင်ပန်းပွင့်တွေ အဝါနုရောင်ဖြစ်လာတဲ့အခါ အကူဝတ်မှုံကူးဘို့ အကောင်းဆုံးဖြစ်ပါတယ်၊ အဝါနုရောင်ပန်းပွင့်ကို သုံးရက်အတွင်းကူးနိုင်ပါတယ်၊ ပန်းနုရောင်ဖြစ်သွားရင် အရွယ်လွန်သွားပြီဖြစ်ပါတယ်၊ အဝါနုရောင်ဖြစ်နေတဲ့ ပန်းပွင့်ကို ပထမအကြိမ်အဖြစ် တခါမှ နှစ်ခါ ဖူးနဲ့ဖြန်းပါတယ်၊ နောက်သုံးရက်ကြာတဲ့အခါ နောက်ထပ် ပွင့်လာတဲ့ပန်းပွင့်ကို ဒုတိယအကြိမ်အဖြစ် တခါမှနှစ်ခါ ဖြန်းပါတယ်၊ နှစ်ကြိမ်ဖြန်းပြီးတဲ့အခါ အကူဝတ်မှုံကူးတာ ပြီးမြောက်ပါတယ်'

'ဝတ်မှုံဖြန်းပြီးတဲ့ ပန်းခိုင်ဟာ ဘယ်တော့အသီးအောင်မြင်လာသလဲ'

'အကူဝတ်မှုံ ဖြန်းပြီးတဲ့ ပန်းခိုင်ဟာ နောက်မကြာခင်မှာ အောင်မြင်တဲ့ အသီးခိုင် ဖြစ်လာပါတယ်၊ ဒီနောက် ၄လခွဲကြာတဲ့အခါ မှည့်ပါတယ်'

'အေးကွာ စိတ်ဝင်စားဘို့သိပ်ကောင်းတယ်'

လူကြီးများ ပြခန်းကို လေ့လာပြီး ပြန်ထွက်သွားသည်။ မိုးဆွေတို့အဖွဲ့ အတော်မောသွားသည်။ ထိုအဖြစ်မျိုး မိုးဆွေတို့ ခဏခဏဆုံရသည်။ လူကြီးများ တဖွဲ့ပြီးတဖွဲ့တသုတ်ပြီးတသုတ် လာသည်။ပြီး–တခြား လေ့လာရေးအဖွဲ့များ ရောက်လာကြသည်။မိုးဆွေတို့

မအားရ။ အလုပ်ကတဖက်နှင့် အမြဲလုံးပ်ရှားနေရသည်။ မိုးဆွေတို့ အလုပ်လုပ်ရင်း မြို့ပြန်ဘို့ပင် အချိန်မရတော့ချေ။

ဆီတောလေသည် ငြိမ်သက်နေသည်။

* * *

ရာသီတနော့ ပြန်လာလေပြီ။ မတ်လ နေသည့် ပူလွန်း၏။ ဆယ်တန်းစာမေးပွဲသည်လည်း တဖြည်းဖြည်း နီးကပ်လာသည်။

'သန္တာ၊ ဒီနှစ်ဆယ်တန်း အောင်ရင် တက္ကသိုလ် ရောက်တော့မယ်နော်'

'သန္တာ့ခုထိစာတလုံးမှမကျက်ရသေးဘူး၊ ရှုံးမှာဘဲ'

'ဘာဖြစ်လို့မကျက်တာလဲ၊ ဘာတွေလုပ်နေလို့လဲ'

'ဘာမှလုပ်မနေဘူး၊ ကျက်ချင်စိတ်ကို မရှိလို့'

'ကိုမိုးတော့ ခွင့်တလ ယူထားတယ်'

'ဘာလုပ်ဘို့လဲဟင်ကိုမိုး'

'တက္ကသိုလ်ဆက်တက်ဘို့ အရည်အချင်းစစ် စာမေးပွဲ သွားဖြေမလို့'

သန္တာမျက်နှာကွက်ကနဲပျက်သွားသည်။ ချက်ချင်းပြန်ပြင်ရင်း....

'ကောင်းတာပေါ့ရှင်၊ ဒါမှ အမြီး ပိုရှည် လာမှာ၊ အဲ့ဒီအချိန်ကျရင် သန္တာကိုလဲ မေ့မှာဘဲ'

'ဟော....မပြောကောင်းမဆိုကောင်း၊ သန္တာကို တသက်လုံး မမေ့ဘူး၊ သန္တာသာ ကိုယ့်ရဲ့ ထာဝရ အရိပ်ပါ၊ကျောင်းဆက်တက်တာကလဲ အမြီးရှည်ချင်လို့မဟုတ်ပါဘူး၊ပညာလိုချင်လို့ပါသန္တာရယ်၊ သန္တာတို့လိုငွေကြေးမပြည့်စုံတော့ ပညာဘဲ ပြည့်စုံအောင် သင်ထား မလို့ပါ'

'သင်ပါ၊သင်ပါ'

'ကိုမိုးဆွေပညာဆက်သင်တာ သန္တာအားမပေးချင်ဘူးလား အချစ်ရယ်'

'တော်ပါ၊ ချွဲမနေပါနဲ့၊ သိပ်မုန်းတယ်၊ ပညာစုံလာရင် ထားဝယ်ကို ပြန်မလာတော့ဘဲ အတောင်ဖြန့်ဘို့မဟုတ်လား၊ ကိုမိုးအရင်ကပြောတော့ မြစိမ်းရောင်တပ်သားဆို၊ ခုတော့ တောမှာ မနေချင်လို့ ပညာသင်မယ်ဆိုတဲ့ အကြောင်း ပြချက်နဲ့ တောက ပြေးတော့မယ်ပေါ့'

'ဒီမှာသန္တာ၊ ကိုမိုးကိုဒီလိုတော့ မပြောပါနဲ့ကွာ၊ ကိုမိုးတကယ်ပညာသင်ချင်လို့ပါ သန္တာရယ်၊ သန္တာကိုတချိန်ကပြောခဲ့ဘူးတယ် မဟုတ်လား၊ ကိုမိုးဟာပညာငတ်နေတဲ့ လူတယောက်လို့၊ ကိုမိုးကို အထင်မလွဲပါနဲ့ အချစ်ရယ်၊ ကိုမိုး ပညာ ပိုတတ်လာတော့ သန္တာ့အတွက်လဲ ပိုတင့်တယ်တာပေါ့ဟုတ်ဘူးလား'

'အေးလေ၊ တက္ကသိုလ် မရောက်ခင်တော့ ပညာငတ်လို့တဲ့၊ သန္တာအဘို့တို့ ပြောကြသေးတာပေါ့လေ ပညာလဲ ပြည့်ရော ရာထူးမက်ပြီး တောကို ခွာမယ်၊ သန္တာတို့ကိုလဲ အဖက် လုပ် တော့မှာ မဟုတ်ဘူး၊ ဟုတ်တယ်မဟုတ်လား'

'ကိုမိုးသန္တာ့ကို စကားအနိုင်မပြောနိုင်ဘူးကွယ်၊ အချစ်က သိပ်စကားတတ်တယ်'

'အို....မကဲနဲ့လေ၊ အိမ်ထဲမှာ စုစုလှိုင်ရှိတယ်'

တင်တင်မြ၏ သက်မျှကြင်မယ် ဆိုသော သီချင်းသံ ရေဒီယိုမှလွင့်ပျံ့လာသည်။

* * *

ဦးတင်မောင်နိုင် သည်ကား ထား ဝယ် ဇာ တိမဟုတ်။မိုးကုတ်ဇာတိ ဖြစ်သည်။ ဦးတင်မောင်နိုင်၏ မိဘများသည် ကျောက်တွင်းသူဌေးများ ဖြစ်သည်။ တဦးတည်းသောသားဖြစ်၍မျိုထားမတတ် ချစ်သည်။ ချစ်၍လည်း အိမ်မှမခွာစေချင်။ ဘွဲ့ရပြီး အိမ်မှာပင်နေစေသည်။ သို့သော် လူငယ်ပီပီ စွန့်စားချင်သည်။ ကိုယ့်အား ကိုယ်ကိုး ချင်သည်။ ထို့ကြောင့် အစိုးရ အမှုထမ်းအဖြစ်နှင့် ထားဝယ်မြို့သို့ ရောက်လာသည်။ ထားဝယ်ရောက်ပြီး ထားဝယ်သူ ဒေါ်မြင့်မြင့်ဇော်နှင့် အိမ်ထောင် ကျသည်။

အိမ်ထောင် ကျပြီး မိုးကုတ်ကို မပြန် ဖြစ် တော့။ မိဘများကခေါ်သော်လည်း သံယောဇဉ် ကြီးမားခဲ့၍ ထားဝယ်မြေမှမခွာနိုင်ခဲ့။ ဦးတင်မောင်နိုင်ဒေါ်မြင့်မြင့်ဇော်တွင်သန္တာဇော်၊ နီလာကျော်၊သီတာမော် ဟူ၍ သမီး သုံးယောက်နှင့် မြင့်ဝေဦး၊ တင့်ဝေထူး ဟူ၍ သား နှစ်ယောက် ထွန်းကားသည်။ သန္တာဇော်က အကြီးဆုံး သမီးဦး။

'ကိုမိုး ကျောင်းဆက် တက်မှာကို သန္တာ တော့ သဘောမတူဘူး'

'ဘာဖြစ်လို့လဲ သန္တာ'

'သန္တာ ကိုမိုးကို ချစ်လို့'

'ခက်ပါသကော သန္တာရယ်'

မိုးဆွေက ခေါင်းကို ညင်သာစွာ ခါရမ်းပစ်လိုက်သည်။

'သန္တာ ကိုမိုးနဲ့မခွဲနိုင်ဘူး'

'ကျောင်းပိတ်ရင် သန္တာနဲ့ တွေ့ရမှာပေါ့'

'ကိုမိုး ကျောင်းပိတ်ပြန်ရင် သန္တာ ထားဝယ်မှာ မရှိတော့ဘူး'

'ဘယ်သွားမှာမို့လဲ'

'သန္တာ့ကို မိုးကုတ်မှာလာနေဖို့ အဖိုးအဖွားတွေက ခေါ်နေတယ်၊ အဖေနဲ့ အမေက မိုးကုတ်မှာ သွားနေဖို့ ပြောတယ်၊ နောက်ပြီး ကိုမိုးနဲ့ သန္တာ အကြောင်းကိုလဲ အဖေနဲ့အမေတို့ သိသွားတယ်'

သန္တာဇော် ဆယ်တန်း ကျသည်။ သန္တာဇော် အဖိုးအဖွားက မြေးဦးလေးသန္တာဇော်ကို မိုးကုတ်သို့ ပို့လိုက်ရန် မရမက ခေါ်နေသည်။ သန္တာဇော့် မိဘများ က လည်း သန္တာဇော် ကို မိုး ကုတ် သွား ရန် လွှတ်သည်။ သန္တာဇော်က ထားဝယ်မြေမှ မခွာလို။

'ကိုမိုး ဘာလုပ်ပေးရမလဲ'

'သန္တာ မိုးကုတ်ကိုသွားလဲမသွားချင်ဘူး၊ ကိုမိုးကိုလဲ ကျောင်း ဆက် မ တက် စေ ချင် ဘူး၊ သန္တာ ကိုမိုးနဲ့အတူ....'

သန္တာ့ အသံက တိမ် ဝင် သွား သည်။ မိုး ဆွေ ထိတ်ကနဲ ဖြစ်ရသည်။ ကလေး ဆန်သော သန္တာကို စိုက်ကြည့်နေမိသည်။ သက်ပြင်းတချက်ချ၍ လေးလေးပင်ပင်နှင့် မိုးဆွေ ပြန်ပြောသည်။

'မဖြစ်သေးပါဘူးသန္တာရယ်၊ နောက်နှစ် သန္တာ ဆယ်တန်း အောင်အောင်ဖြေပါ၊ ဆယ်တန်းအောင်ပြီးရင် တက္ကသိုလ်မှာ အတူတက်ကြတာပေါ့'

'သန္တာဆုံးဖြတ်ထားပြီးပြီ၊ ဘာမှမလုပ်တော့ဘူးလို့၊ ဘာလဲကိုမိုး သန္တာကို ကျွေးမထားနိုင်လို့လား'

အချစ်သည်ပူ၏။ မိုးဆွေ ကြားဘူးသည်။ အချစ်ဆိုတာ သုံးတတ် ရင်ဆေး၊ မသုံး တတ်ရင် ဘေးဟု။ ဘေး မဖြစ်စေချင်။ ဆေးဖြစ်စေချင်သည်။

'ကျွေးထားနိုင်ပါတယ် သန္တာရယ်၊ ဒါပေမယ့် ကိုမိုးနဲ့သန္တာတို့ရဲ့ ပညာရေးကို အညွန့်ကျိုးမသွားစေချင်ဘူး၊ ပညာဆိုတာအရွယ်ရှိတုန်းမှာ သင်ရတယ် မဟုတ်လား'

'မသင်ဘူး၊ မသင်ဘူး'

သန္တာဇော်သည် တအား အော်ပစ် လိုက်သည်။ မျက်ရည်ဥများ လှိမ့်ဆင်း လာသည်။

'သန္တာငိုနေတယ်၊ ဘာငိုစရာရှိသလဲ သန္တာရယ်၊ ခွဲရတယ်ဆိုတာ ခဏတင်ဘဲ၊ နောက် ပြန်တွေ့ကြရမှာပေါ့'

'ကိုမိုး ဘာပြောတာလဲ၊ ကိုမိုးဟာနှလုံးသားရှိတဲ့ လူလား'

'ရှိပါသော်ကော သန္တာရယ်၊ ချစ်တာကတခြား ပညာက တခြားမဟုတ်လား၊ ချစ်တာ တခုကြောင့် နစ်မွန်းသွားမှာကို ကိုမိုး မလိုလားဘူး'

'တော် တော့ ကိုမိုး တော် တော့၊ သန္တာ ကို ဒီလောက်ညှဉ်းဆဲရရင် ကျေနပ်ပါတော့'

သန္တာ မိုးဆွေအပါးမှ ထွက် ပြေး သွား သည်။ မိုးဆွေသည် ငေးကြောင်ပြီး ရပ်နေသည်။ မိုးဦးနေသည် ခြစ်ခြစ်တောက် ပူနေ၏။

* * *

မိုးဆွေတို့ ဆွေမျိုး ထဲတွင် တက္ကသိုလ်ရောက်သူ တယောက်မျှမရှိ။ ကံပင်ခေ၍လော။ လူပင်ညံ့၍လော မပြောတတ်။ ဆယ်တန်း ရောက်လျှင် တဖြုတ်ဖြုတ် ကျသည်။ မိုးဆွေက ထိုသို့အဖြစ်မခံချင်။ ဆယ်ဘန်း အောင် အောင် ကျိုးစားသည်။ တက္ကသိုလ် ရောက် အောင်သွားမည်ဟု။ သို့သော်စာမေးပွဲကြီးတွင် (ခ) အဆင့်ဖြင့်သာအောင်ခဲ့သည်။ ထိုကြောင့်စိုက်ပျိုးရေး သိပ္ပံကိုသာ တက်ခွင့် ရခဲ့သည်။

စိုက်ပျိုးရေးသိပ္ပံကား သုံးနှစ် ဖြစ်သည်။ ဒီပလိုမာလက်မှတ် ပေးသည်။ ကျောင်းဆင်း ပြီးနောက် အရည်အချင်းစစ်စာမေးပွဲဖြေရသည်။ အရည်အချင်းစစ် အောင်လျှင်စိုက်ပျိုးရေးတက္ကသိုလ်တွင် တတိယ

နှစ်မှစတက်ရသည်။ ဆယ်တန်းအောင်ပြီးတက်ကြသူနှင့်စာလျှင် တနှစ်နာသည်။ နာပါစေ။ မိုးဆွေသင်တန်းတက်စကပင် ဖိကျိုးစားသည်။ ကျိုးစားလွန်း၍ ဒုတိယနှစ်တွင်လူရည်ချွန်ပင် ရလိုက်သည်။

မိုးဆွေမိဘများကလည်း တက္ကသိုလ်ဆက်တက်ဘို့ အားပေးသည်။ သို့သော် ကြမ္မာမှိန်ခဲ့သည်။ မိုးဆွေတတိယနှစ်တွင် စီးပွားရေးကျဆင်းကာ တက္ကသိုလ်ဆက်သွားဘို့ရာ မိဘများက မတတ် နိုင်တော့ ပါဟု စာကြိုရေးလာသည်။ နောက်ဆုံးမိုးဆွေဘာမျှ မတတ်နိုင်။ကျောင်းဆင်းပြီး အလုပ်ကိုသာ ဖက်တွယ် လိုက်ရသည်။ မိုးဆွေဆိခြိတွင် အငယ်တန်း အလုပ်သင်အရာရှိအဖြစ် အလုပ် ရသည်။ ဆိခြိတွင် လုပ်သက်နှစ်နှစ်ရှိသာသည်။ သို့သော်တက္ကသိုလ်သွားချင်သည့်စိတ်ကားပြောင်းလဲမသွား။ နိုးထထက်သန်နေဆဲပင်ဖြစ်သည်။မိုးဆွေလက်ထဲတွင် ငွေအသင့်အတင့်စုမိပြီ။ မိဘများကလည်း စီးပွားရေး ပြန်တက် လာသည်။ မိုးဆွေအတွက် အခွင့်အရေး အကောင်းဆုံး ဖြစ်နေသည်။ထိုကြောင့် တပတ်ကျော့ကျိုးစားသည်။ ပျဉ်းမနား စိုက်ပျိုးရေး တက္ကသိုလ်တွင် ကျောင်း ဝင် ခွင့်စာမေးပွဲသွားဖြေသည်။ အခြေအနေကောင်းခဲ့သည်။

မိုးဆွေအတွက် အခြေအနေအကောင်းဆုံးအချိန်တွင်အဆိုးဝါးဆုံးဝေဒနာတခုက မွေးဖွားလာသည်။ ထိုဝေဒနာကား အချစ် ဝေဒနာ ပင်တည်း။ သန္တာဇော်ကို မိုးဆွေ လှိုက်လှိုက် မက်မက် မောမော ချစ်သည်။ သို့သော်အချစ်ဆိုပ်တက်ရာတွင်မူသန္တာဇော်က သူ့ထက် တဆင့်ပိုခဲ့သည်။ မိုးဆွေနှဲ့ ခွဲရမှာကို စိုးရိမ်သည်။ မိုးဆွေ တက္ကသိုလ် ဆက် တက် မှာကို မလိုလားနိုင်အောင်ဖြစ်ရသည်။သန္တာဇော်ကိုယ်တိုင်လည်းကျောင်းမနေတော့ဟုဆိုလာသည်။

မိုးဆွေ ဦးကျောက်ခြောက်ရလေပြီ။ သန္တာဇော်နှင့် တွေ့လေ တိုင်းတွင် သန္တာဇော် က ချက် ချင်းလက်ထပ်ဘို့သာပူဆာသည်။ မိုးဆွေကကျောင်းဆက်တက်ပါရစေဦး။ဘွဲ့ရပြီး အလုပ်အကိုင် နေသားကျမှ တင့်တောင့်တင့်တယ် လက်ထပ် ကြဘို့ ပြောသည်။ နှစ်ယောက်သား အငြင်းပွားရသည် အထိချည်း။

'ကိုမိုး တက္ကသိုလ် ရောက်ပြီးရင် တက္ကသိုလ်မှာ သန္တာထက်တော်၊သန္တာထက်လှ၊သန္တာထက်သာသူတွေကို တွေ့ပြီးသန္တာ့ကို ကိုမိုး စွန့်ပစ်သွားလိမ့်မယ်လို့ သန္တာ့ ကိုယ်စောင့်နတ်က တဖွဖွ သတိပေးနေတယ်'

'ဒီလိုတော့ တဖက်သတ်မပြောနဲ့သန္တာ၊ သန္တာပြောတာဟာ ကိုမိုးရဲ့မေတ္တာနဲ့သစ္စာကို အထင်သေးရာရောက်ရုံတင်မကဘူး၊' ကိုမိုးရဲ့ အကျင့်သိက္ခာကိုပါ သေးသိမ်နှိမ့်ချရာ ရောက်နေတယ်၊ ကိုမိုးတသက်မှာ သန္တာကလွဲလို့ ဘယ်မိန်းခလေးကိုမှလဲ ချစ်ဘို့ နေနေသာသာ စိတ်ကိုမကူးခဲ့ဘူး၊သန္တာတယောက်ကိုသာ ကိုမိုးချစ်တယ်၊ဒီလောကကြီးမှာ သေတပန်သက်တဆုံး ကိုမိုးချစ်သွားမယ်လို့ ပိုင်ပိုင် နိုင်နိုင် ဆုံးဖြတ် ထားတယ်။ သန္တာပေးချင်တဲ့ သစ္စာပေး၊ ကိုမိုးသစ္စာဆိုပါ့မယ်'

'သစ္စာပေးနေစရာ လိုသေးလားကိုမိုးရယ်၊ ကိုမိုးတကယ်ချစ်ရင် အခု ချက်ချင်း ဆိခြိကို သန္တာလိုက်ပါရစေ၊ ဆိခြိကို ကိုမိုး ခေါ်သွား တာဟာ သစ္စာဘဲပေါ့၊ ကိုမိုးတယောက်ထဲလစာနဲ့ သန္တာကို ကျွေးမထားနိုင်ရင် ကိုမိုးကိုသန္တာဈေးရောင်း ကျွေးပါ့မယ်၊ တက္ကသိုလ်ကိုဘာလို့သွားတော့မှာလဲ ကိုမိုးရယ်'

'ဒီလိုတော့ဘယ်ဖြစ်မလဲသန္တာရယ်၊ သန္တာဈေးရောင်းကျွေးတာကို စားဘို့ ကိုမိုး သန္တာ့ကို စိတ်ကူးနဲ့တောင် မမြင်ဝံ့ မကြားဝံ့ဘူး၊ ဒါကြောင့်လဲ ကိုမိုးကျောင်းဆက်တက်ချင်တယ်၊ သန္တာလဲ ကျောင်းပြန်နေပါ။ ပညာစုံမှ အိမ်ယာထူထောင်ကြမယ်ကွာ'

'ကိုမိုး အခုလိုအချိန်ဆွဲနေတာဟာ သန္တာက ကိုမိုးကိုချစ်သလောက် ကိုမိုးက သန္တာ့ကို မချစ်လို့သာပါ၊ သန္တာ့ဘက်က အားလုံး စွန့်လွှတ်ရဲသလောက် ကိုမိုးက မစွန့်ရဲတာဟာ ရှင်းနေပါတယ်၊ သန္တာချစ်သလောက် ကိုမိုးမချစ်ဘူး၊ဟုတ်တယ်ကိုမိုးသန္တာ့ကို တကယ်မချစ်ဘူး'

သန္တာဇော် ပါးပေါ်သို့ ပုလဲဥများ စီးကျလာသည်။ တအင့်အင့်ရှိုက်၍လည်း သန္တာဇော်ငိုသည်။ မိုးဆွေ ဘယ်လိုရှင်း၍မှ သန္တာဇော် နားမဝင်။ မပြေမလည်နှင့် လူချင်းခွဲခွာရသည်။

မိုးဆွေ ဘာလုပ်ရမည်နည်း။

မိုးဆွေတို့ တက္ကသိုလ်ကျောင်း ဖွင့်ရက်ကလည်း နီးလာနေပြီ။ မိုးဆွေတို့မိသားစုတွင် တယောက်တည်းသာ တက္ကသိုလ်တက်ခွင့် ပညာ လမ်း ပွင့်သည်။ မိုးဆွေအတွက် မိသားတစုလုံး ဝမ်းသာအားရ ဂုဏ်ယူနေကြသည်။ အမေဆိုလျှင် တက္ကသိုလ်ကျောင်းသားကြီးဖြစ်လာတော့မည့် မိုးဆွေအတွက် အိပ်ယာအသစ်၊ အဝတ်အစားအသစ် ချုပ်လုပ်ပြင်ဆင်ပေး၍ အလုပ်ရှုပ်နေသည်ကို မောရမှန်းမသိ။ အဖေကလည်း ဆွေမျိုးများအလယ်နှင့် မိတ်သင်္ဂဟတွေအကြားမှာ မိုးဆွေကို တက္ကသိုလ်ပို့ရသည့်အတွက် စရိတ်ကုန်ကျတော့ဦးမည်ဟု ညည်းသလိုလို ပြော၍ ဝင့်ကြွားရသည်ကို အရသာတွေ့နေသည်။ မိုးဆွေအထက် မောင်နှမသားချင်းများကလည်း မိုးဆွေကို တတ်နိုင်ရာလက်ဆောင်ပစ္စည်းများ လာရောက် ပေးကမ်းနေကြသည်။

သည်လိုအခြေအနေတွင် မိုးဆွေက မိန်းမခိုးပြေး၍ ကျောင်းဆက်မတတ်တော့ဟုဆိုလျှင် မိဘနှစ်ပါးဘယ်သို့ဖြစ်ရှာမည်နည်း။ ညီအကို မောင်နှမသားချင်းများကကော မိုးဆွေကို ဘယ်လိုသဘောထားကြမည်နည်း။

သန္တာဇော်ကလည်း ဇွတ်တရွတ်လေး။ သူ့ကိုချစ်လျှင် အခုချက်ချင်း လက်ထပ်ရမည်။ လက်မထပ်နိုင်ခြင်းမှာ သူ့ကို တကယ် မချစ်သောကြောင့်ဟု သဘောပိုက်သည်။

မိုးဆွေ အလေးအနက်စဉ်းစားဆင်ချင်သည်။ ပြီးတော့ ဆုံးဖြတ်ချက် အပြတ်ချသည်။ ထိုဆုံးဖြတ်ချက်ကို စုစုလှိုင်မှတဆင့် သန္တာဇော်ထံသို့ စာဖြင့် အကြောင်းကြားလိုက်သည်။

ကိုမိုးချစ်တဲ့ သန္တာ

ကိုမိုးအဘက်ဘက်က အလေးအနက် စဉ်းစားဆင်ခြင်ပြီး ကျောင်းဆက်တက်ဖို့ ဆုံးဖြတ်တယ် သန္တာ၊ ဒီလိုဆုံးဖြတ်တာဟာ သန္တာ့ကိုချစ်လို့ ဆိုတာ ပထမဆုံးပြောထားပါရစေ၊ သန္တာရဲ့ အလိုဆန္ဒနဲ့ဆန့်ကျင်နေလို့ သန္တာ့ကိုမချစ်ဘူး၊ သန္တာ့ကို စွန့်ခွာ သွားတယ်လို့ တဖက် သတ်မတွေး ကောက်ချက်မစွဲဖို့ ကိုမိုးတောင်းပန်ပါရစေ၊ ကိုမိုးကို ရှင်းပြခွင့်ပြုပါအုံး။

ပထမအချက်အနေနဲ့ ကိုမိုး ပညာဆက်လက်ဆည်းပူးချင်လို့ အပတ်တကုတ် ကျိုးစားခဲ့တာ သန္တာအသိဘဲ၊ ကိုမိုးရဲ့ ရည်မှန်းချက် အောင်မြင်သည်အထိ မဆုတ်မနစ်တဲ့ ဇွဲလုံ့လနဲ့ ပေါက်ပေါက် မြောက်မြောက်ဆောင်ရွက်ချင်တယ်။

ဒုတိယအချက် အနေနဲ့ ကိုမိုးရဲ့ မိဘများက ကိုမိုး ကျောင်း ဆက်တက်ချင်တဲ့ စေတနာနဲ့ ဆန္ဒကို ကိုမိုး ဖြည့်စွမ်းချင်တယ်၊ ကျေးဇူးရှင်မိဘများရဲ့ ကောင်းမြတ်တဲ့ စေတနာ နဲ့ ဆန္ဒကို ဆန့်ကျင်ရင် ကိုမိုး သားမိုက်ဖြစ်ရလိမ့်မယ်သန္တာ။

တတိယအချက် အနေနဲ့ကတော့ ကိုမိုးရော သန္တာပါ နှစ်ဦးစလုံးအတွက်ဘဲ သန္တာ၊ ကျောင်းဆက်တက်လို့ ဘွဲ့ရလာပြီးရင် အလုပ်အကိုင်အဆင့်လဲ တိုးမြင့်လာမယ်၊ စီးပွားရေးဘဝ ပြေလည်မှလဲ အိမ်ထော င်တည်ငြိမ်ပြီး သာယာနိုင်မယ်။

ဒီတော့....ကိုမိုး ကျောင်းဆက်တက်တာဟာ ကိုမိုးလိုချင်တဲ့ပညာလဲရမယ်၊ မိဘနှစ်ပါးလဲ စိတ်ချမ်းသာကြမယ်၊ နောင် သန္တာနဲ့ကိုမိုးတို့ရဲ့ အိမ်ထောင်ဘဝ လုံခြုံရေးအတွက်လဲ အထောက်အပံ့ဖြစ်စေမှာမို့လို့ သား ရွှေအိုးထမ်းတဲ့ အစီအစဉ်ဖြစ်တယ်သန္တာ။

ကိုမိုး ကျောင်းဆက်တက်ရတဲ့ အချိန်ဟာလဲ မကြာပါဘူး၊ သုံးနှစ်ထဲပါ၊ သုံးနှစ်ဆိုတဲ့ အချိန်ဟာဘာမှမကြာပါဘူး၊ ကိုမိုးကို သန္တာ အစစ စိတ်ချပါ၊ သန္တာကလဲ ကိုမိုးကို သစ္စာရှိရှိစောင့်ပါ၊ သန္တာလဲ အချိန်အခါရှိတုန်း ကျောင်းပြန်တက်စေချင်တယ်၊ ပထမအရွယ်မှာ ပညာရှာနိုင်မှ ဒုတိယအရွယ်မှာ ငွေလယ်တင့်မယ်၊ ဒုတိယအရွယ်မှာ ငွေလယ်တင့်မှလဲ တတိယအရွယ်မှာ စိတ်အေးချမ်းသာမှု ရရှိနိုင်မယ် ဆိုတဲ့ ပညာရှိအဆူဆူတို့ရဲ့ အဆုံးအမကို သန္တာရော ကိုမိုးပါ လိုက်နာဘို့သင့်တယ်။

ဆင်ခြင်တုံတရားဖက်ပြီး လိမ္မာကြပါစို့သန္တာ။

ကိုမိုး လာမယ့်တနင်္ဂနွေနေ့ ရန်ကုန်ကိုလိုက်ဘို့ လေယာဉ်လက်မှတ်ရထားပြီးပြီ၊ ဒီနေ့ ဗုဒ္ဓဟူးနေ့ ဆိုတော့ အချိန်ရှိသေးတယ်။

ကိုမိုး တနှစ်တာ ခွဲသွားရမှာမို့ မခွဲခွာရမီ သန္တာ့မျက်နှာ လှလှလေးကို တွေ့သွားချင်သေး တယ်၊ စုစုလှိုင်တို့အိမ်မှာတွေ့ရအောင်။

သန္တာ့ကို တသက်လုံးချစ်နေမယ့်

ကိုမိုး

ဗုဒ္ဓဟူး၊ ကြာသပတေး၊သောကြာ တို့သည် ဘယ် လိုကျော်လွန်သွားမှန်း မိုးဆွေမသိလိုက်။ စနေနေ့ ရောက်လာသည့်တိုင်အောင် သန္တာဇော်ထံမှ ဘာမှ မကြားရ။ ကြားမည့်ကြားရတော့လည်း မိုးဆွေ အူ အသည်း အကုန်လုံး ပြောင်းဆန်ဖြစ်ရသည်။

'ကိုမိုးဆွေ သန္တာဇော် ဒီနေ့ လေယာဉ်နဲ့ရန်ကုန် ကိုလိုက်မယ်၊ ရန်ကုန်ကနေပြီး မိုးကုတ်ကိုသွားမလို့၊ မိုးကုတ်မှာသွားနေတော့မယ်တဲ့၊ သန္တာဇော်ကို သူ့ အဖေကိုယ်တိုင် လိုက်ပို့တယ်၊သူတို့ လေယာဉ်ကွင်း ကို သွားကြပြီ'

စုစုလှိုင်က အမောတကော မိုးဆွေကို သတင်း လာပေးသည်။ စုစုလှိုင် သတင်းလာပေးချိန်ဝယ် လေယာဉ်ဆိုက်နေပြီ။ စောစောကလေးကပင် လေ ယာဉ်ဆိုက်သံ ကြားရပြီးဖြစ်သည်။ မိုးဆွေ ပျာယီး ပျာယာဖြင့် လေယာဉ်ကိုမှီလိုမှီငြား စက်ဘီးကိုတအား နင်းကာ လေယာဉ်ကွင်းသို့လိုက်သွားသည်။ လမ်း တဝက်မရောက်မီ လေယာဉ်ကွင်းဆီမှ စက်သံဟီး၍ ထွက်ပေါ်လာသည်။ တခဏအတွင်းမှာပင် မိုးယံ ထက်ဆီသို့ လေယာဉ်ပျံ ထိုးပျံတက်သွားသည်။

မိုးဆွေသည် ပမ်းဟိုက်ခြင်းကြောင့်သာ မဟုတ်။ စိတ်လည်းထိခိုက်၍ ရင်လှိုက်ဆူကာ ဆောက်တည်ရာ မရဖြစ်ရသည်။ သူ့ကို ချစ်လှပါသည်ဆိုသော သန္တာ သည် ယခုတော့မူ သူ့ကို သစ်စိမ်းချိုးချိုးသွားလေ ပြီ။ သူချစ်သောသန္တာက သူ့ကို စွန့်ခွာသွားလေပြီ ဆိုသော အသိသည် သူ့ရင်ခွင်တခုလုံးကို ဟာခေ သည်။ သူ့အသည်းအူများကို ထုတ်ယူသွားသလို ခံစားရသည်။

-'ရက်စက်လိုက်တာသန္တာရယ်'

* * *

နေ့တွေကို ညတွေက ဝါးမျိုပစ်သည်။ ညအမိုက် ကို နေ့အလင်းဖြင့် တိုက်ခွင်းသည်။ နေ့နှင့်ညတို့ ချား ရဟတ်လည်သကဲ့သို့ လှည့်ပတ်ကူးပြောင်း၍ လတွေ နှစ်တွေဖွဲ့ချေသည်။ ရှုန်းကန် လှုပ်ရှားနေရသူတို့အဘို့ တနှစ်တနှစ်ဆိုသောအချိန်တွေသည်သာ ဘာမှ ကြာ လိုက်သည်မထင်ရ။

မိုးဆွေသည် လွမ်းနာကျသမျှကို ကိုယ်ရောစိတ်ပါ အနားမပေးဘဲ အတိုးချ၍ စာကြိုးစားသည့်နည်းဖြင့် ကုစားသည်။ လက်တွေ့ ကွင်းဆင်းစိုက်ပျိုးမှုကို ထု သားပေသားကျအောင် ဆောင်ရွက်သည်။

ဝါသနာ အခံလည်း ပါသည်။ လက်တွေ့အတွေ့ အကြုံလည်းရှိသူဖြစ်သောကြောင့် သုံးနှစ် သုံးမိုးကာ လအတွင်း မိုးဆွေရည်မှန်းချက်ပေါက်မြောက်အောင် မြင်၍ စိုက်ပျိုးရေးဘွဲ့ကို ဆွတ်ခူးနိုင်ခဲ့ပြီတည်း။

မိုးဆွေ စိုက်ပျိုးတက္ကသိုလ်သို့ တက်ရောက်စဉ်က ဌာနမှ လစာမဲ့ ခွင့် သုံးနှစ်ယူ၍ တက်ခဲ့ခြင်း ကြောင့် ကျောင်းဆင်းပြီးနောက် မိခင်ဌာနတွင် အလုပ်ပြန်ဝင် ရန် ရုံးချုပ်တွင် သတင်းပို့ရသည်။ မိုးဆွေဘို့ရုံးချုပ် မှာ တက္ကသိုလ်များအုပ်ချုပ်ရေးရုံးနှင့် မနီးမဝေး ပြည် လမ်းပေါ်တွင်ရှိသည်။ စိုက်ပျိုးရေး တက္ကသိုလ်ဆင်း မိုးဆွေကို ရုံးချုပ်က ရုတ်တရက် ထားဝယ်သို့ ပြန် မလွှတ်သေးဘဲ ရုံးချုပ်တွင် ယာယီတွဲဖက်၍ တာ ဝန်ပေးထားသည်။

ယနေ့မိုးဆွေ အချိန်ပို အလုပ်လုပ်နေရ၍ ရုံးဆင်း နောက်ကျသွားသည်။ ညနေ ၅ နာရီ ခွဲတော့မည်။ မြို့ထဲသို့ပြန်ရန်ပြည်လမ်းပေါ်တွင် မိုးဆွေ ဘတ်စ်ကား စောင့်နေသည်။ ဘတ်စ်ကားက လူကျပ်၍ တော် တော်နှင့်တက်မရ။ စိတ်ရှည်လက်ရှည် စောင့်ရသည်။ ထိုစဉ်ပြည်လမ်း၏ အခြားတဖက် ပလက်ဖေါင်းပေါ် တွင် ပြည်ကျောင်းဆောင်ဘက်သို့ အေးအေးလူလူ လမ်းလျှောက်လာနေသော တက္ကသိုလ် ကျောင်းသူ တသိုက်ကို မိုးဆွေလှမ်းမြင်ရသည်။ တယောက်သော

တက္ကသိုလ် ကျောင်းသူ လမ်းလျှောက်ပုံမှာ သန္တာဇော်နှင့်တူလှသည်ဟု မိုးဆွေထင်သည်။ သို့သော် လှမ်းနေသေး၍ မသဲကွဲ။ မိုးဆွေ စိတ်စွဲလန်းနေခြင်းကြောင့်ပင်လားဟုလည်း ဝေခွဲ၍မရ။

ကျောင်းသူတသိုက်မှာ တဖြည်းဖြည်းမိုးဆွေ ရှေ့နားသို့နီးကပ်လာ၍ ရုပ်သွင်ပီပြင် ထင်ရှား လာ သည်။ သန္တာဇော်နှင့်လမ်းလျှောက်ဟန်တူ၍ မိုးဆွေစူးစိုက်ကြည့်နေသူမှာလည်း လမ်းလျှောက် ဟန်သာမဟုတ် ရုပ်ဆင်းသဏ္ဌာန်ပါ သန္တာဇော်နှင့် တ ထပ် တည်း တူနေသည်။ မိုးဆွေရင်ထဲတွင် လှုပ်ရှား သွားသည်။

မိုးဆွေ တယောက် တ ဖက် ပလက်ဖောင်းသို့ အလိုလို ကူးမိရက်သား ဖြစ်သွားသည်။ ကျောင်းသူတသိုက်မှာမိုးဆွေကို ဂရုမပြုမိကြ။ မိုးဆွေကသန္တာဇော်နှင့်တူသူကို စူးစိုက်ကြည့်လျက် မျက်နှာချင်းဆိုင် လျှောက်သွားသည်။

'ဟင်....ကိုမိုး'

မျက်လုံးအဝိုင်းသားအံ့အားသင့်လျက်ရုတ်တရက် ထိုကျောင်းသူက အရင်နှုတ်ဆက်သည်။

'သန္တာ၊သန္တာ၊ သန္တာ အစစ်ဘဲ'

သန္တာဇော်နှင့် တူလိုက်တာဟု မိုးဆွေထင်နေသူမှာတကယ်ပင် သန္တာဇော်ဖြစ်နေ၍ မိုးဆွေက ဝမ်းသာအယ်လဲ ဆွဲဖက်တော့ မလို အနားသို့ တိုးကပ်သွားသည်။ အနားသို့ ရောက်တော့မှ ပြည်လမ်းမကြီးပေါ်တွင် သူတို့နှစ်ယောက်တည်း မဟုတ် သည်ကို သတိရပြီးမိုးဆွေအနိုင်နိုင် ကိုယ်ရှိန်သတ်လိုက်ရသည်။ သို့တိုင်အောင် နှုတ်မှ ကရားရေလွှတ် ဆက်တိုက်ပြောမိသည်။

'ဝမ်းသာလိုက်တာသန္တာရယ်၊ ဘယ်လိုမှမထင်မှတ်ပဲနဲ့ အခုလိုတွေ့ရတာ၊ကိုမိုး ဟိုဖက်ပလက်ဖောင်းကလှမ်းမြင်ရတော့သန္တာနဲ့ တူလိုက်တာလို့ ကြည့်နေတယ်၊ သန္တာမှန်းမသိဘူး၊ သေသေချာချာ ကြည့်ရအောင်လို့ ဒီဖက်ကို ကူး လာ ခဲ့တာ၊ သန္တာ ဘယ်တုန်းက ရန်ကုန်ကို ရောက်နေ တာလဲ၊ အခုရန်ကုန်မှာ သန္တာ....'

'ဖြေးဖြေးပြောကြတာပေါ့ကိုမိုး၊ နေအုံး၊နေအုံး၊ ဟေး....ယူတို့ ကိုယ့်ကို မစောင့်နဲ့တော့၊ ပီးတော့မှ ကိုယ်လိုက်ခဲ့မယ်'

သန္တာဇော်က မိုးဆွေကိုပြောရင်း တဆက်တည်းမှာပင် သူ့အဖော် တသင်းကို လှမ်း ၍ ပြော လိုက်သည်။ သူ့အဖော် များမှာသူတို့နှစ်ယောက်ကို နားမလည်သလိုကြည့်နေရာမှ သန္တာဇော်က လှမ်းပြောလိုက်သောအခါ မျက်စိမှိတ်ပြသူပြ၊ လက်ဖြင့်အချက်ပေးသူပေးပြီး ပြောင်ချော်ချော် နှုတ်ဆက်၍ ထွက်သွားကြသည်။

'လာ....ကိုမိုး၊သန္တာတို့လိပ်ခုံးဖက် ပြန်လျှောက်ကြရအောင်'

နှစ်ယောက်သားယှဉ်၍ ဆေးတက္ကသိုလ်ဘက်သို့ လျှောက်လာကြသည်။ သန္တာဇော်မှာ ထိုဝန်းကျင်၌ အထာ ကျနေကာ မိုးဆွေကို ဦးဆောင် လာသည်။ သန္တာဇော်၏ မျက်နှာပေါ်တွင် မိုးဆွေကို စိတ်ဆိုးစိတ်ကောက်နေသော အမူအယာလုံးဝမရှိ။ မိုးဆွေနှင့်တွေ့ရသည့်အတွက် ဝမ်းသာအားရ ရွှင်လန်းတက်ကြွ နေသည့်အသွင် ပေါ်လွင်လျက်ရှိသည်။ သို့သော် ယခင်လို ကလေးဆန်သည့် အမူအယာ ကင်းစင်၍ အိနြေ္ဒရရ တည်တည်ငြိမ်ငြိမ်ဖြစ်နေသည်မှာပို၍ခွဲမက် စရာကောင်းသည်။ ဆေးတက္ကသိုလ် ၁ ရှေ့ရှိ အုတ်ရေကန်သို့ ရောက်သောအခါ သန္တာဇော်က ပြောသည်။

'ဒီမှာထိုင်ကြရအောင် ကိုမိုး'

အုတ်ရေကန် ဘောင်ပေါ်တွင် နှစ်ယောက်သား ထိုင်ကြသည်။ မိုးဆွေသည်သန္တာဇော်ကို မမျှော်လင့်ဘဲတွေ့ရပြီး ပြေပြေ လည်လည် ပြန်လည် ဆက်ဆံရသောကြောင့် တကယ်စကားပြောမည် ပြုသောအခါ ဘယ်ကစ၍ ဘာပြောရမှန်းမသိ။ ပို၍ လာလှသော သန္တာဇော်ကို တစိမ့်စိမ့်ကြည့် ၍ သာ လျှင် တသိမ့်သိမ့်ကြည်နူးနေမိပြီး မိုးဆွေ နှုတ် အ နေသည်။ ထို့ကြောင့်သန္တာဇော်က စကားစ ဖော်ပေးသည်။

'သန္တာ့ကို ရုတ်တရက် ဒီမှာ တွေ့ရတော့ ကိုမိုး သိပ် အံ့အားသင့်သွားပုံ ရတယ်'

'ဟုတ်တယ်သန္တာ၊ သန္တာ့ကို ဒီနေရာမှာ အခုလို

ပြန်တွေ့ရမယ်လို့လုံးလုံး မမျှော်လင့်ခဲ့ဘူး၊ ကိုမိုးကို သန္တာ စိတ်နာပြီး သစ်စိမ်းချိုး ချိုးသွားပြီလို့ ကိုမိုး တယောက်ထဲဆွေးနေခဲ့ရတာ၊ အခု သန္တာက ဒီမှာ တက္ကသိုလ်ကျောင်းသူ ဖြစ်နေတာပေါ့ဟုတ်လား’

သန္တာက ချစ်စဖွယ် ခေါင်းအသာညိတ်ပြသည်။

‘ကိုမိုး အပေါ်မှာတော့ သန္တာ သိပ် ရက် စက် တာဘဲ’

‘ဒီအတွက် ကိုမိုးကို သန္တာ ဝန်ချ တောင်းပန် ပါတယ်၊တနေ့နေ့မှာ ကိုမိုးကို ဝန်ချတောင်းပန်ဘို့လဲ သန္တာကြိတ်ပြီးဆုံးဖြတ်ထားပါတယ်၊ဟိုတုန်းကတော့ ကိုမိုးကို သန္တာ တကယ် စိတ်ဆိုးတယ်၊ သန္တာ ချစ် သလောက် ကိုမိုးမချစ်ဘူးလို့လဲ တကယ်ထင်ခဲ့တယ်၊ ဒါကြောင့်လဲ ကိုမိုး သန္တာကို မစွန့်ခွာခင် သန္တာက ကိုမိုးကို စွန့်ပြေးရာရောက်အောင် မိုးကုတ်ကို ထွက် သွားခဲ့တာ၊ မိုးကုတ်ရောက်တော့ အဖိုးတို့အဖွားတို့ ဆီမှာအဖော်မရှိဘဲသန္တာတယောက်ထဲ ဖြစ်နေတော့ စာအုပ်တွေကိုဘဲ အဖော်လုပ်နေ ရတယ်၊ အလိမ္မာ စာမှာရှိဆိုတဲ့အတိုင်း စာအုပ်တွေကသန္တာကိုလိမ္မာ အောင်သွန်သင်တယ်၊တွေးခေါ်စဉ်းစားတတ်အောင် ပညာပေးတယ်၊ ကိုမိုးရဲ့ အဆုံး အဖြတ်ကို သန္တာ သေသေချာချာ စဉ်းစားကြည့်တော့ ကိုမိုးမှန်တယ်၊ သန္တာ စိတ်လိုက်မာန်ပါ ကမူးရှူးထိုး လုပ်ချင်တာ ဟာ မှားတယ်လို့ သဘောပေါက် လာတယ်’

‘စောစော စီးစီး ဒီလို အမျက် ပြေကြောင်း များ ကိုမိုးဆီ စာရေး လိုက်ရင် ကိုမိုး ဘယ်လောက်များ ဝမ်းသာလိုက်မလဲ သန္တာရယ်၊ အခုတော့ သုံးနှစ် လုံးလုံး ကိုမိုးတယောက်ထဲ ချစ်ဒုက္ခသည်ကြီး ဖြစ်ခဲ့ ရှာဘာ ဘယ်လောက် ဆိုးသလဲ’

‘ကိုမိုးတင် ချစ်ဒုက္ခသည် ဖြစ်ရတာ မဟုတ်ပါဘူး တဲ့ရှင်၊သန္တာလဲ တအုံနွေးနွေးနဲ့ ဆွေးခဲ့ရတာပါဘဲ၊ ဒါပေမယ့်သန္တာက သန္တာ့အပြစ်နဲ့ သန္တာ့ကိုယ်ကို ဒဏ်ခတ်တဲ့ အနေနဲ့ ကိုမိုးကို မဆက် သွယ်ဘဲ နေခဲ့ တာ၊ဒီကြားထဲ ကိုမိုးအဆုံးအမအတိုင်း မိုးကုတ်မှာ သန္တာ ကျောင်းဆက် နေတယ်၊ နှစ်ချင်း ပေါက်ဘဲ သန္တာ မက်ထရစ် အောင်တယ်၊ အခုဘီအီးဒီတက် နေတာ ဒုတိယနှစ် ရောက်နေပြီ၊ ဘီအီးဒီ အောင်ပြီးမှ ထားဝယ်မှာ ဆရာမ ပြန်လုပ်မယ်၊ အဲ ဒီ တော့ မှ ကိုမိုးကိုလဲ့ အံ့အား သင့်စေမယ်ဆိုပြီး ကြိတ်ကြံစား နေခဲ့တာ၊ အခု သန္တာ ကြံထား တာတွေ ကိုမိုး နဲ့ ရုတ်တရက်တွေ့တော့အားလုံး ပေါ်ကုန်ပြီ၊ နေပါအုံး အခုရန်ကုန်မှာ ဘာလုပ် နေတာလဲ၊ ထားဝယ်ကို မပြန်ဘူးလား’

‘ထားဝယ်ပြန်မလို့ဘဲ၊အခုလောလောဆယ်တော့ ရုံးချုပ်ကဆွဲထားလို့ ရုံးချုပ်မှာ ယာယီတွဲဖက် တာ ဝန်ထမ်းနေရတယ်၊ ထားဝယ်ကို ဒီလကုန်လောက် ပြန်ရလိမ့်မယ်ထင်တယ်၊မပြန်ရသေးလဲ သန္တာ ရန် ကုန်မှာ ရှိနေတော့ သန္တာနဲ့တွေ့နေရမှာမို့ ဟန် ကျတာပေါ့၊ သန္တာ ဘယ်အဆောင်မှာ နေသလဲ၊ ကိုမိုး လာတွေ့နိုင်တယ်မှတ်လားသန္တာ’

‘သန္တာ ပြည်ကျောင်းဆောင် အခန်း နံပါတ် ၄၁ မှာ၊ မနက်ဖန်လာခဲ့အုံး၊ ဒီနေ့တော့ သန္တာ အဆောင်ပိတ်တော့မယ်၊ခြောက်နာရီဆိုရင်အဆောင် ပိတ်တယ်၊သန္တာပြန်မယ်နော်၊မနက်ဖန်သန္တာစောင့် နေမယ်’

မိုးဆွေ သန္တာ့ကို ပြည် ကျောင်းဆောင်အထိ လိုက်ပို့ပေးသည်။ ပြီးတော့မှ မြို့ထဲရှိ မိုးဆွေ ခေတ္တ တည်းခိုနေထိုင်ရာ ထားဝယ်တိုက်သို့ ပြန်ခဲ့သည်။ အပြန်တလမ်းလုံး မိုးဆွေ ကြည်နူး မြူးရွှင်နေသည်။ ထိုညတညလုံးလည်း မိုးဆွေသည် သူနှင့်သန္တာ ယှဉ် တွဲ၍ လျှောက်ရမည့်ဘဝခရီးကို စဉ်းစားသည်။ အိပ် ပျော်ရင်းမှာပင် သူနှင့် သန္တာ လရထားစီး၍ စကြာ ဝဠာအနှံ့ ဖြန့်သွားကြသည်ဟု မိုးဆွေ အိပ်မက် မြင် မက်ရသေးသည်။

နောက်ရက်များတွင် မိုးဆွေရုံးဆင်းသည်နှင့် ပြည် ကျောင်းဆောင်သို့ အခစားရောက်သည်။ညနေတိုင်း လိုပင် သန္တာနှင့် မိုးဆွေတို့သည် ပိတောက်ရိပ် လှိုင်သော သထုံလမ်းတလျှောက်တွင် တပူးတွဲတွဲ လမ်းလျှောက်ကြသည်။ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက် များတွင် နှစ်ယောက်သား ယှဉ်တွဲ၍ မြို့ထဲ ရုပ်ရှင် ကြည့်ကြသည်။ တခါတခါ နံနက်စောစော ရွှေတိဂုံ ဘုရားပေါ်တက်၍ အတူတကွဆုပန်ကြသည်။

ထိုရက်များတွင် မိုးမမြင်လေမမြင် ပျော်ရွှင်ကြည်နူး ချစ်ရည်လူးရသောရက်များတည်း။

သို့သော် ရန်ကုန်ရုံးချုပ်တွင် မိုးဆွေသည် အမြဲတန်း တာဝန်ချထားခြင်းခံရသူမဟုတ်။ ယာယီတွဲဖက်ထားခြင်းခံရသူသာဖြစ်သည်။ထို့ကြောင့် မိုးဆွေ ယာယီတွဲဖက်တာဝန်ပြီးဆုံး၍ ထားဝယ်သို့ ပြန်ရမည့်အချိန်ရောက်လာသည်။ မိုးဆွေ ဆီခြံမှာပင် တာဝန်ပြန်ကျသည်။ ဆီခြံမှ ဆီအုန်းပင်များမှာ အရွယ်ရောက်လာပြီဖြစ်၍ ဆီ စတင်ထုတ်လုပ်ရတော့မည်။ မိုးဆွေ ဆီခြံသို့ပြန်ရမည်။

မိုးဆွေမပြန်မီ သန္တာနှင့် ရှေ့ရေးအစီအစဉ်ကို တိုင်ပင်ဆွေးနွေးသည်။ ယခုတော့ ပညာဆက်သင်လိုသူမှာ သန္တာ့အလှည့်ဖြစ်လာသည်။

'သန္တာပညာကိုမြတ်နိုးရကောင်းမှန်းသိတတ်လာပြီမို့ ဘီအီးဒီဘွဲ့ရတဲ့အထိ ဆုံးခန်းတိုင်အောင် ကျောင်းဆက်တက်မယ်၊ ကိုမိုး ထားဝယ်ကိုပြန်ပြီး ဆီခြံကဘဲ စောင့်နေပါ၊ အရင် ကိုမိုးပြောခဲ့သလို သုံးနှစ်ဆိုတဲ့အချိန်ဟာ ဘာမှမကြာဘူး၊ ကိုမိုးသုံးနှစ်ပြီးလို့ သန္တာ့ကိုလဲ သုံးနှစ်အချိန်ပေးအုံးပေါ့၊ ပညာပြည့်စုံမှ ကိုမိုးနဲ့သန္တာ လက်ထပ်ကြမယ်၊ ကိုမိုးက မြစိမ်းရောင်တော်လှန်ရေးသားကောင်းအဖြစ် နိုင်ငံအကျိုးကို သည်ပိုးထမ်းရွက်သလို သန္တာကလဲ လူငယ်လေးတွေကို အနာဂတ် သားကောင်းဖြစ်အောင် ပြုစုပျိုးထောင်ပေးရတဲ့ ကျောင်းဆရာမတာဝန်ထမ်းပြီး နိုင်ငံကိုအကျိုးပြုမယ်'

သန္တာ၏ အဆုံးအဖြတ်ကို မိုးဆွေ စောဒကမတက်သာ။ မှန်ကန်မွန်မြတ်သော အဆုံးအဖြတ်ဖြစ်၍ မိုးဆွေ လေးစားလိုက်နာရမည်သာဖြစ်သည်။

'သန္တာဆုံးဖြတ်တာ မှန်ပါတယ်သန္တာ၊ ကိုမိုး ဆီခြံကဘဲ သန္တာ ဆရာမအဖြစ်နဲ့ ပြန်ရောက်လာမယ့်အချိန်ကို လက်ချိုးရေတွက်ပြီး သစ္စာရှိရှိစောင့်ပါ့မယ်၊ သန္တာလဲ ကိုမိုးအပေါ် သစ္စာရှိနေမယ်ဆိုတာ ယုံကြည်ပါတယ်၊ အချိန်မဆုံးရအောင်စာကျိုးစားဘို့ဘဲ မှာချင်တယ်၊ထားဝယ်ရောက်ပြီးရင် ကိုမိုး သန္တာ့ဆီကို တပတ်တကြိမ်စာရေးမယ်၊ သန္တာလဲ ကိုမိုးဆီစာရေးပါ၊ ကိုမိုး မနက်ဖန်မနက် ခုနှစ်နာရီလေယာဉ်နဲ့လိုက်ရမှာမို့ လေယာဉ်ကွင်းကို အခုစာကြီးသွားရမယ်၊ သန္တာလိုက်မပို့နဲ့တော့၊ အခု တခါတည်းနှုတ်ဆက်တာဘဲ၊ ကိုမိုးသွားတော့မယ်သန္တာ'

မိုးဆွေ၏ထားဝယ် အပြန်ခရီးသည် ထားဝယ်မှ ထွက်ခွာလာစဉ်ကလို ရင်နာရခြင်းမရှိတော့။ မျှော်လင့်ချက်အပြည့်နှင့်ဖြစ်သည်။သုံးနှစ်ပြည့်လျှင် သန္တာနှင့်နီးစပ်ရတော့မည်ဟု တထစ်ချ ယုံကြည်ချက်ဖြင့် ဆီခြံမှ စောင့်ကြိုနေမည်။

ဆီခြံသည် တနိုင်ငံလုံး ရိက္ခာဖူလုံစေမည့် မြေခံဖြစ်သလို မိုးဆွေနှင့်သန္တာဇော်တို့ ချစ်ပန္နက်စတင်သည့်မြေမှန်လည်းဖြစ်သည်မဟုတ်ပါလား....။

စိုင်းစိုးကျော် (ထားဝယ်)

★

စိတ်တိုင်းကျ ဝတ်ဆင်လိုသူများ

လှထွန်းအောင်နှင့်ဆက်သွယ်ပါ၊ တိုက်ပုံ၊ ရှပ်၊မင်္ဂလာပွဲထိုင် ဝတ်စုံများကို

အထူး လက်ခံချုပ်လုပ်ပေးပါသည်။

"လှထွန်းအောင် အပ်ချုပ်ဆိုင်"

ဗိုလ်ချုပ်လမ်း၊ ဇရစ်ရပ်၊

ထားဝယ်မြို့။

* မင်္ဂလာပွဲထိုင်အတွက် အလှပြုပြင် ဆင်ယင် ပေးနေပါပြီ။

မေးခိုင်ရောဂါကာကွယ်ဆေး

ဒေါက်တာလှိုင်စိုးမောင်

အမိတို့ဆီက ကလေးတယောက် မွေးလာပြီဆိုပါစို့။ ဒီကလေးကို ဘယ်အချိန်မှာ ဘာကာကွယ်ဆေးတွေ ထိုးကြမယ်ဆိုတာ သိကြရဲ့လား။ အခုတော့ မေးခိုင်နဲ့ပတ်သက်တာကိုသာ ပြောပါမယ်။

ကလေးသုံးလေးလသားအရွယ်လောက်မှာ (ဆ-မ-က) ဆိုတဲ့ ဆုံဆို့၊ မေးခိုင်နဲ့ ကြက်ညှာရောဂါ ကာကွယ်ဆေးများပေါင်းစပ်ထားတဲ့ ကာကွယ်ဆေးကို စထိုးရပါမယ်။ တလတခါ သုံးလဆက်ထိုးပြီးနောက် တနှစ်ကြာရင်တခါထိုး။ ငါးနှစ်သားကျောင်းသွားတဲ့အရွယ်ကျတော့ နောက်တကြိမ်။ ၁၂ နှစ်သားကျတော့ ကြက်ညှာမပါတော့ဘဲ (ဆ-မ) ကာကွယ်ဆေးကို ထိုးရပါတယ်။ ဒီလိုထိုးထားတာနဲ့ အမိရဲ့သားဟာ မေးခိုင်ကာကွယ်အခံရှိတဲ့ သွေးမျိုးတဖြည်းဖြည်းဖြစ်ပေါ်နေပါတယ်။ နောက်ထပ် ၁၀ နှစ်တကြိမ် ဆက်ထိုးသွားရုံဘဲ။

'မေးခိုင်ကာကွယ်ဆေး' ဆိုတာကတော့ ဈေးထဲမှာ ရောင်းနေတဲ့ အေတီအက်စ်ခေါ် မေးခိုင်ဆိပ်ဖြေဆေးကို မဆိုလိုပါဘူး။ ဆေးရုံအချို့မှာသာ အအေးခံနဲ့ထားရှိတဲ့ တောက်ဆွိုက်ခေါ် မေးခိုင်ကာကွယ်ဆေးကို ဆိုလိုခြင်းဖြစ်ပါတယ်။

အဲဒီကာကွယ်ဆေးဆိုတာက ရန်ကုန်နဲ့ မြို့ကြီးတွေမှာနေတဲ့ လူတွေကလွဲရင် ကျန်တဲ့မြို့က မိဘတွေကြားမှာ ရှိရှာမှာမှုတ်ဘူး။ အများစုဟာ ဆေးမရှိလို့ ဆေးထိုးခွင့်မရကြဘူး။ ဆေးထိုးခွင့်ရတဲ့ကလေးတွေကျတော့ ဆေးထိုးပြီးရင် အဖျားတက်တတ်တာမို့ တချို့မိဘတွေက ကာကွယ်ဆေးကို မထိုးချင်ကြဘူး၊ မှန်မှန်ထိုးပေးတဲ့မိဘတွေဆိုရင်လဲ သုံးလဆက်တိုက်ထိုးပြီး ကျန်တာကို ထိုးရမှန်းမသိ။ ထားဝယ်လို မြို့များမှာ မေးခိုင်ကာကွယ်ဆေး သုံးကြိမ်လောက်ထိုးထားတဲ့ကလေးဆိုရင် လက်ချိုးရေတွက်ရမလို ဖြစ်နေမှာဘဲ။

ကလေး အသက်အစိပ်လောက်မှာ မေးခိုင်ရောဂါဖြစ်လောက်တဲ့ အနာတခုရမယ်ဆိုပါစို့။ မေးခိုင်ရောဂါ ဖြစ်လောက်တဲ့ အနာဆိုတာ အရေပြားကပေါက်ပြဲစုတ်ရှတဲ့အနာဖြစ်ပြီး (၁)အနာအတွင်း ဆူး၊ သံ၊ သို့မဟုတ် အခြားပစ္စည်းတခုခုဝင်နေခြင်း။ (၂) ပြည်တည်နာဖြစ်သွားခြင်း။ (၃) အသားကြေမှု၍ မလတ်ဆတ်ဘဲဖြစ်နေခြင်း စသည်ဖြင့် တချက်ဖြစ်စေ။ ပို၍ဖြစ်စေ ပါဝင်သောအနာကိုဆိုလိုပါသည်။

ဆရာဝန်က မေးခိုင်ရောဂါဖြစ်လောက်တဲ့ အနာလို့ယူဆတဲ့အတွက် ငယ်စဉ်က တောက်ဆွိုက် မေးခိုင်ကာကွယ်ဆေး အပြည့်ထိုးထားစေကာမူ ယင်းတောက်ဆွိုက် မေးခိုင်ကာကွယ်ဆေးတလုံး ထပ်မံထိုးရပါတယ်။ ဒါမှသာ မေးခိုင်ကာကွယ်အခံခံတ် ပိုများလာပြီး အဆိပ်တွေကို တိုက်ဖျက်အားပိုကောင်းပေမယ်။

ဒီလိုအနာမျိုးရမယ်ဆိုရင် ဆေးရုံဆေးခန်းကို ပို့ရမယ်။ မသွားနိုင်တဲ့အချိန်မျိုး ဖြစ်နေလျှင်လည်း အနာကို ဆပ်ပြာနဲ့ စင်ကြယ်အောင်ဆေးပြီး ထည့်စရာဆေးရှိရင်လည်းထည့်။ ဆေးမရှိရင်လည်း အဝတ်သန့်သန့်နဲ့ စည်းထားဘို့လိုမယ်။ ထည့်စရာဆေးဆိုတာက အေပီစီတို့၊ဆာလ်ဖာတို့ကို ကြိတ်ပြီး ထည့်ဘို့ပြောတာမဟုတ်ပါ။ ပိုဆိုးတာကတော့ ခွေးကိုက်ခံရလို့ ဆန်ကို ခုံဘိနပ်နဲ့ အနာထဲရိုက်သွင်းတာမျိုး၊ ပေါက်ဆိန်နဲ့ရှမိတာကို ဓနိ သကြားတွေနဲ့ နွားမရှိ ပိတ်လို လုပ်လာတာမျိုး၊မီးလောင်ရာကို ငပိထောင်း

လူးလာတာမျိုးတွေဘဲ။ အနာဖြစ်ရင် အချိန်ရရခြင်း ဆေးရုံ ဆေးခန်းကို သွားဘို့လိုပါတယ်။

ဒီလို ဆေးကြောပြီးသွားတော့ အနာက သန့်ရှင်းနေမယ်။ ပင်နယ်စလင်ကို နေ့တိုင်းထိုးရမယ်။ တောက်ဆွိုက် မေးခိုင်ကာကွယ်ဆေးတလုံး ထပ်ထိုးရမယ့်အပြင် အေတီအက်စ် မေးခိုင်အဆိပ်ဖြေဆေးကိုလည်း ကြိုတင် အဆိပ်ဖြေတဲ့အနေနဲ့ မေးခိုင်ပိုးက အဆိပ်ထက် လက်ဦးမှုရအောင် အကြိုနဲ့ထိုးပေးရမယ်။

အကယ်၍ အနာက မကြီးကျယ်ဘူး။ သံစူးတာလောက်၊ ဒါးရှတာလောက်ဆိုရင် ဘယ်လိုလုပ်မလဲ။ မေးခိုင်ရောဂါဖြစ်နိုင်လောက်တဲ့အနာမျိုး မဟုတ်ရင်တော့ ဆပ်ပြာနှင့်စင်အောင်ဆေး၊ ဆေးထည့်၊ ဖုံမဝင်အောင်စည်းထားပြီး ပြည်မဝင်အောင် ပင်နင်စလင်ဆေး သုံးလေးရက်လောက်ထိုးလိုက်ရင် ရပါတယ်။

ဒီနေရာမှာ အေတီအက်စ် မေးခိုင် ဆိပ်ဖြေဆေးထိုးဘို့လိုသလားမေးရင် မလိုပါဘူးလို့ ဖြေရမှာဘဲ။ ဘာကြောင့်လဲဆိုတော့ အနာကို စင်ကြယ်အောင်ဆေးပြီး ပြည်မဝင်ဘူး၊ မလတ်ဆတ်တဲ့ အသားဆွေးတွေ မရှိဘူးဆိုရင် မေးခိုင်ရောဂါပိုး ဝင်ရောက်သည့်တိုင် ဒုက္ခမပေးနိုင်လို့ပါဘဲ၊ ပင်နင်စလင်သာ ထိုးနေတော့ မေးခိုင်ပိုးအဘို့ အကျဉ်းချခံရသလို ဖြစ်နေသေးတာပေါ့။ မေးခိုင်ပိုးက အဆိပ်ထုတ်နိုင်သေးရင်လဲ ဖြုံစရာမလိုပါဘူး။ ရောဂါက ညံ့သက်သက်ကလေးဘဲ ဖြစ်နိုင်တယ်။ ဒီအခါကျမှ အေတီအက်စ် မေးခိုင်အဆိပ်ဖြေဆေးကို အကြောထဲ အသာလေးသွင်းပြီး မေးခိုင်နာလေးထုတ်လိုက်တဲ့ အဆိပ်ကို အနိုင်ယူရုံဘဲ။

မေးခိုင်နဲ့ ပတ်သက်ရင် လူတွေက အတော်ကြောက်ကြတာဘဲ။ ကြောက်လောက်အောင် လဲ နောင်တော်တွေ ညီတော်တွေ သင်ခန်းစာ ပေးသွားကြပြီဘဲ။ ဒါပေမယ့် သူတို့ အရှုံးပေးသွားရတာက အနာကို မကုသဘဲထားကြလို့ပါ။ဖြစ်ဖြစ်ခြင်း ဆေးထည့်ဆေးထိုးဆိုရင် ဒီလိုမဖြစ်နိုင်ပါဘူး။ အေတီအက်စ် မေးခိုင်အဆိပ်ဖြေဆေးထိုးမယ့်အစားတောက်ဆွိုက် မေးခိုင် ကာကွယ်ဆေးကိုတော့ မေးခိုင်ရောဂါမဖြစ်နိုင်လောက်တဲ့ အနာမျိုး ဖြစ်သည့်တိုင် ထိုးနိုင်ပါတယ်။

ပါးစပ်က လောက်စာလုံးလွတ်ရုံဘဲ ဟနိုင်ပြီး လမ်းလျှောက်ဝင်လာတာကလဲ ခါးမတ်နေတယ်။ခြေထောက်ကလဲ ဆတ်ဆတ် ဆတ်ဆတ်နဲ့ ဆယ့်နှစ်သမီးကလေးတယောက် ဆေးခန်းတခုမှာ လေးရက်လောက်ထိုးပြီးပြီ။ မသက်သာလို့ ကျနော့် ဆီလှည့်လာတာ။ ခြေထောက်မှာရှာကြည့်တော့ အနာတခုရှိတယ်။ မေးကြည့်တော့ အရက်နှစ်ဆယ်လောက်ကရှိတဲ့ အနာ။ ခဲလုံးအသေးလေးတလုံး ဝင်နေခဲ့တယ်။ ဝင်ပြီး နှစ်ရက်သုံးရက်ကြာတော့ လူကြီးတွေကသိလို့ ခဲလုံးထုတ်ပြီးသည်အတိုင်း ဘဲထားခဲ့တယ်။ နှစ်ပတ်လောက်အကြာ မေ့လောက်တော့ အကြောတွေတောက်လာလို့ဆေးထိုးတယ်။ ကျနော်စမ်းသပ်ပြီး မေးခိုင်ရောဂါဝင်နေကြောင်းနဲ့ ဆေးရုံကိုသွားပြဘို့ လွှတ်လိုက်တယ်။ လေးပတ်ကြာတော့ ရောဂါလုံးဝပျောက်ကင်းပြီး ဆေးရုံကဆင်းလာတယ်။

နောက် တ ယောက်။ ခု နစ် နှစ် သား အ ရွယ် ယောကျ်ားကလေး။ ခဏခဏတက်နေလို့ အိမ်မှာလိုက်ကြည့်ပေးရတယ်။ လက်နဲ့ကိုင်ရင်လဲ တက်သွားတာဘဲ၊ အသံတခုကြားရင်လဲ တက်နေတယ်။ ခဏခဏ တက်ဖန်များလို့ ကလေးလဲ အခြေ အနေမကောင်းတော့။ရောဂါကျွမ်းတဲ့လက္ခဏာပါ။မျက်နှာမှာက ငါးပြားစေ့အရွယ် အနာတခု။ လေးရက်လောက်က စက်ဘီးနဲ့လဲလို့ ပွန်းရှထားတဲ့ဒဏ်ရာတဲ့။ ဆေးမထည့်လို့ ခြောက်ရမလို၊ စိုရမလို၊ ပြည်ဝင်ရမလို ဖြစ်နေရှာတယ်။ ဒီလိုအနာမျိုးဆို မေးခိုင်ပိုးအများကြီး ဖြစ်ပွားနိုင်တာပေါ့။ တက်နေတာကတနေ့နဲ့တည။ မေးခိုင်ရောဂါဖြစ်လို့ ချက်ချင်းဆေးရုံသွားပြခိုင်းတော့ သွားပြပေမယ့်လဲ နောက်နှစ်ရက်အကြာမှာ မကောင်းသတင်း ကြားရတော့တယ်၊ ရောဂါကျွမ်းတော့ ဆေးစွမ်းက မကယ်နိုင်ရှာဘူးပေါ့။

မေးခိုင်ရောဂါကို အဖက်ဖက်ကကြည့်ရင် ဆေးရုံနဲ့သာ သင့်တော်တယ်။ စည်းကမ်းသတ်မှတ်ဘို့၊အစာ

ကျွေးဖို့၊ ပြုစုဘို့ အစစပေါ့လေ။ အနာဖြစ်ပြီး သုံးရက်ကာလပိုင်းအတွင်းမှာ ရောဂါလက္ခဏာ စတင်ပြတတ်တယ်။ အဲ့ဒါကို ရောဂါပျိုးချိန်လို့ခေါ်တယ်။

မွေးကခလေးတချို့ မသန့်ရှင်းတဲ့ အချက်ကြောင့် တလနှစ်လအတွင်း တက်ပြီးသေတာလဲ မေးခိုင်ပိုး ကြောင့်ပါဘဲ။ ဒါကြောင့်မွေးစကလေးရဲ့ ချက်ကိုလဲ သန့်ရှင်းဘို့အနာရှိရင် ဆေးမှန်မှန်ထည့်ဘို့ လိုအပ်ပါတယ်။ ဆေးတို့ပတ် ပေါင်ဒါမှုန့် စသည်တို့ကို အနာထဲထည့်တာမျိုးတော့ တကယ့်အန္တရာယ်ပါဘဲ

ကလေးပျက်တာကလေးဖျက်တာနောက်ပိုင်းအဖျားကလေး တမှတ်နှစ်မှတ်နဲ့ အားလေးပြီး မေးခိုင်လာတာမျိုးဆိုရင်လဲဆေးရုံကိုပြေးရမယ့်အကြောင်းပါဘဲ။

ခွဲစိပ်ပြီးလူနာ ခွဲစိပ်တာ အောင်မြင်ပါရက်နဲ့ တက်ပြီး မေးခိုင်သွားကြတာလဲ မေးခိုင်ပိုးဝင်လို့ပါဘဲ။

မေးခိုင်ပိုးကျရောက်ထားတဲ့ ကြောင်အူကတဆင့် မေးခိုင်ပိုးသွားနိုင်တဲ့လမ်းရှိလို့ ပါဒီလောက်သန့်ရှင်းအောင်လုပ်ထားတဲ့ ခွဲစိပ်ခန်းထဲတောင် မေးခိုင်ပိုးကဝင်သေးတယ်ဆိုတော့ ကံကိုအထင် မမှား ချင် ဘူးလား။

ကျနော်တို့ သားတွေ၊ မြေးတွေ မေးခိုင်ကာကွယ်ဆေးထိုးဘို့ လမ်းရှိပေမယ့် ကျနော်တို့ နို့စို့အရွယ်ကလေးဘဝကတော့ ကာကွယ်ဆေးမထိုးခဲ့ရပါဘူး။ အခုလဲ မထိုးပါဘူး။ ဒီတော့ ကျနော်တို့ မေးခိုင်ရောဂါဖြစ်လောက်တဲ့ ဒဏ်ရာကြီး တခုခုလာပြီဆိုရင် ဘာလုပ်ရမလဲ ။

(၁) အနာကို ဆေးထည့် ပတ်တီးစည်း။

(၂) ပင်နင်စလင်တနေ့တလုံး။

(၃) တောက်ဆွ°က် မေးခိုင် ကာကွယ်ဆေး (ရှိခဲ့လျှင်) ထိုး။

(၄) အေတီအက်စ် မေးခိုင်အဆိပ်ဖြေဆေးတို့ကို ထိုးရမယ့်အပြင် တောက်ဆွ°က် မေးခိုင် ကာကွယ်ဆေးကိုနောက်တလတကြိမ်နောက်ခြောက်လတကြိမ် ကျထိုးသင့်ပါတယ်။တောက်ဆွ°က်ရှိရင်ပေါ့လေ။မရှိဘူးဆိုရင်တော့ အေတီအက်စ် မေးခိုင်အဆိပ်ဖြေဆေးနဲ့ဘဲ ကျေနပ်ရမှာဘဲ။ ရောဂါဖြစ်လာမှ နောက်ထပ် အေတီအက်စ် မေးခိုင်အဆိပ်ဖြေဆေး အများကြီးကို အကြောထဲ အသွင်းခံရတာပေါ့။

မေးခိုင်ပိုး ပါးစပ်ထဲဝင်လေတော့ ဘာမှမဖြစ်ဘူး။ သူတို့ထုတ်သမျှ အဆိပ်တွေဟာ ကျနော်တို့အူထဲမှာ ပျက်စီးသွားတယ်။ သူတို့ကတော့ ကျနော်တို့ရဲ့ မစင်နဲ့အတူ အပြင်လောကကို ပြန်ရောက်နိုင်ပါတယ်။ ဒါကြောင့် လူနဲ့ အိမ်မွေးတိရိစ္ဆာန်တို့ရဲ့မစင်မှာ မေးခိုင်ပိုးတွေပါတတ်ပါတယ်။ မေးခိုင်ပိုးဟာ မကောင်းတဲ့ရာသီဥတု ပတ်ဝန်းကျင်မှာ ကျရောက်တဲ့တိုင် ခံနိုင်ရည်ရှိတဲ့ 'စပိုး' ဘဝကိုပြောင်းပြီး နှစ်ပေါင်းများစွာနေနိုင်သေးလို့ ကမ္ဘာလောကကြီးမှာ မေးခိုင်ပိုးတွေကို မနှိမ်နင်းနိုင်ဘဲ ဆေးပညာရှင်တွေက ရပ်ကြည့်နေရတာပေါ့။ကျောက်ရောဂါဘေးဆိုးတို့သွေးလွန်တုတ်ကွေးတို့ကိုသာပျောက်အောင်နှိမ်နင်းနိုင်မယ်။ မေးခိုင်ပိုးတွေကတော့ပြုံးပြုံးကလေး ပန်းပန်လျက်နေမှာပါ။

အနာနံနံကလေးဖြစ်တာနဲ့ စိုးရိမ်ပြီး အေတီအက်စ် ထိုးတယ်ဆိုတာ အဓိပ္ပာယ်မရှိဘူး။ တချို့ထင်နေ။ မေးခိုင်ပိုးဟာ သံချေးမှာရှိနေတယ်လို့။ မဟုတ်ပါဘူး။

မေးခိုင်ပိုးဟာ ခွဲစိပ်ခန်းထဲက ဓားပေါ်မှာတောင်ရှိချင်ရှိမယ်။ မြေကြီးပေါ်မှာရှိတဲ့ ပိုးဆိုတော့ အာကာသယာဉ်ထဲလဲ ရှိချင်ရှိမယ်။ နေရာတိုင်းမှာရှိနေတာဘဲ။ တွက်လို့မရဘူး။ မေးခိုင် ကာကွယ်ဆေး။ မေးခိုင် အဆိပ်ဖြေဆေးရှားပြီး မေးခိုင်ပိုးတွေပေါတဲ့ မြေကြီးမှာနေပြီး မေးခိုင်ပိုးရောဂါနဲ့ မြို့လုံးကျွတ် နိုင်ငံလုံးကျွတ် ကင်းကင်းရှင်းရှင်းနေနိုင်ဘို့က မေးခိုင်နဲ့ပတ်သက်တဲ့ အသိပညာဟာ အရေးကြီးဆုံးပါဘဲ။

ဒေါက်တာလှိုင်စိုးမောင်

★

ရောင်စုံပုံနှိပ်လုပ်ငန်းရှင်များအတွက်

ရွှေစင် ပုံနှိပ်တိုက်

ရောင်စုံမျက်နှာဖုံးများ၊ ပက္ခဒိန်မျက်နှာဖုံးများ၊

ပို့စကာဒ်များ၊ အတွင်း ရောင်စုံပုံများ၊

စိတ်တိုင်းကျ ရိုက်နှိပ်ပေးသည်။

အမှတ် ၁၉၂၊ ၃၉-လမ်း၊
ရန်ကုန်။
ဖုန်း-၁၀၅၄၀

ဘလောက်လုပ်ငန်းတွင် ရှေ့တန်းမှာရှိနေသော

လွင် ဘလောက်တိုက်

မဂ္ဂဇင်းများ၊ ဝတ္ထုမျက်နှာဖုံးများမှအစ ပက္ခဒိန်များအထိ စနစ်ကျသေသပ်သော ဘလောက်အမျိုးမျိုးကို တာဝန်ယူလုပ်ကိုင်သည်။

လွင် ဘလောက်တိုက်
၁၁၆၊ ၃၄-လမ်း၊
ရန်ကုန်။
ဖုန်း-၁၃၆၂၈

မြန်မာနိုင်ငံတွင် ထိပ်တန်းအကျဆုံး

ရာဇာဘပစ္စည်း လုပ်ငန်း

ရာဇာကွင်း၊ ပူပေါင်း၊ ဘောင်းဘီကြိုးနှင့် ရာဇာစေးရည်ဖြင့် ဖော်စပ်ထားသော
အိမ်သုတ်ဆေး၊ တိုက်သုတ်ဆေးအမျိုးမျိုးရနိုင်ပါသည်။

စတား ရော်ဘာစက်မှုလက်မှုလုပ်ငန်း၊
ဆေးရုံလမ်း၊ ကရပ်ပြင်ရပ်၊
ထားဝယ်မြို့။

ပပဝင်း ဓာတ်ပုံတိုက်

မြောက်ရွာရပ်၊ ထားဝယ်မြို့

အသင့်ချုပ်ပြီး ဘွဲ့ဝတ်စုံအမျိုးမျိုး အဆင်သင့်ထားရှိသည့် ပပဝင်းမှာ ဘွဲ့၊ အလှပုံနှင့် မိသားစု
ပုံကြီးများကို စိတ်တိုင်းကျ ရိုက်ကူးပေးနေပါသည်။

× ဘွဲ့ဝတ်စုံဆံထုံးများကို အထူးတာဝန်ယူသည်။
× ၁၅မိနစ် လိုင်စင်ဓာတ်ပုံရိုက်ကူးပေးသည်။

ထားဝယ် မဂ္ဂဇင်း

အမှတ် ၁။ ၁၉၇၀ ခုနှစ်။ ဩဂုတ်လ

တိုင်းရင်းသား
စည်းလုံးညီညွတ်ရေးသို့.... အယ်ဒီတာ ၁၁
အစီရင်ခံပါသည်.... မဂ္ဂဇင်းကော်မီတီ ၁၃

စာတ်ပုံ၊ပန်းချီနှင့်ကာတွန်း
သတင်းထောက် ဦးကျင်စိန်၊ ရှုမဝ ဦးအောင်ညွန့်၊ဦးသောင်းဟန်၊ဗဂျီ အောင်စိုး၊ စောညွန့်ဆွေ၊သုတ၊သော်က၊ ငွေကြည်၊ ခင်မောင်ဦး၊ မောင်မောင်၊ဇော်ဝင်း၊ဒွေးအောင်။ဇာဟော့စကီး။

ဆောင်းပါး
ထားဝယ်ဒေသိယစကား.... မောင်လေးတင့် ၂၉
ဒူရကတိုင်းဂေါ်ဝိန္ဒရသေ့နှင့်ဇံဇော....ဗေလုဝ ၃၃
မြို့တော်ဟောင်း.... ရွှေဝယ်ဇေ ၃၆
ဗြိတိသျှမတိုင်မီထားဝယ်မြို့.... တက်နေလ ၄၁
ပါမောက္ခအိုနိုတိုးရှသို့.... မောင်ယဉ်ကျေး ၅၁
ထားဝယ်သူဆင်ဖြူမ.... ရွှေဝယ်တင်လေး ၅၆
မယ်စယ်ဘော်ရနီ.... မောင်နေမင်း ၆၀
ထားဝယ်သတင်းစာနှစ်စောင်.... သတင်းထောက်ဟောင်းတဦး ၆၄
ထားဝယ်တွင်ရွှေထွက်မထွက် မောင်နေထွန်း ၇၀
လွတ်လပ်ရေးကြိုးပမ်းခဲ့စဉ်က အညတြရဲဘော် ၈၁
အလုပ်သမားခေါင်းဆောင် ဗထူး.... မောင်လေးနို ၉၅
ဘီအိုင်အေစစ်ကြောင်း.... ဗိုလ်ကျော်ဆန်း ၉၈
ကိုယ်အလေးချိန်အကြောင်း.... သိပ္ပံငွေနှင်း ၁၁၁
မောင်းမကန်.... တင့်တယ် ၁၁၈
ထားဝယ်မြေသတ္တုတွင်း.... တင်ဝင်း ၁၂၉
မြို့ရွှေဝယ်တိုးတက်စေဘို့.... ရှိန်အောင်ဗိုလ် ၁၃၅
နိုင်ငံခြားငွေရနိုင်သောငါးမုန့်....ရဲထွန်းသိန်း ၁၄၄
ဦးငွေကိုင်အမှတ်တရ.... လတ်လတ် ၁၅၂
ကျွန်တော်ဘ္ဂိုဆရာ.... မောင်စိုးမောင် ၁၇၈
မေးခိုင်ရောဂါ.... ဒေါက်တာလှိုင်စိုးမောင် ၂၁၂

ပြဇာတ်
လူကောင်းလက်မှတ်.... ဇဝေဇဝါ ၄၇

ပြန်လည်ဆန်းသစ်ခြင်း
ဝက်ပါ.... သာဂရစိုး ၁၆၇

ဝတ္ထု
ယာယီနှလုံးသားလေးများ.... မောင်စိမ်းထွေး ၈၈
ရွှေရည်စိမ်နှလုံးသား.... မောင်လှိုင်းဇာ ၁၀၆
တာညာ.... မောင်ကျော်ဇ ၁၁၃
နတ်လူသာစုခေါ်နိုင်ကြပါစေ.... နှင်းမြိုင် ၁၃၇
မိုက်မလင်းနိုင်ဘု.... စိုးသူရဇော် ၁၄၇
ပုရစ်ဖူးချိန်.... မြန်မာ့အလင်းစိန်ဝင်း ၁၇၂

ဝတ္ထုရှည်
ရင်ကိုနှောင်ငင်
သည်ကြိုးချင်ကြောင့်.... တင်ကိုလတ် ၁၈၆
စောင့်ကြိုနေသည်.... စိုင်းစိုးကျော် ၁၉၆

ကဗျာ
ကျော်ငြိမ်းလဘ်၊ ကြည်လှိုင်းဇာ၊ မောင်ငြိမ်းမှိုင်း၊ ချစ်ဒေါင်းသဉ်၊ မောင်မွန်နွယ်၊မောင်ချစ်မြေ၊မင်းမင်း၊ မောင်မောင်မဒဲးဝေ၊ မောင်သစ်ဦး။

မျက်နှာဖုံး

မျက်နှာဖုံးရှင်.... နီနီရှိန်
ပန်းချီ.... ဦးသောင်းဟန်
ဓာတ်ပုံ.... သတင်းထောက်ဦးကျင်စိန်
ဘလော့က်.... လွင်
အဖုံးရိုက်.... ရွှေစင်
(မျက်နှာဖုံးခွင့်ပြုချက်အမှတ်–၉၃၇)

ထားဝယ်မဂ္ဂဇင်းကို ဒေါ်ခင်ရီ (မြ–၀၂၀၇၃) နေရီရီပုံနှိပ်တိုက်၊ [၂က]၊အခနောက်လမ်း၊ သခင်မြပန်းခြံအနီး [လမ္မတော် စာတိုက်]၊ ရန်ကုန် [ဖုန်း–၁၈၃၆၆] က ပုံနှိပ်၍ ဦးစိန်ဝင်း (ကင်းလွတ်ခွင့် အမှတ်–၀၃၀၂) အခန်း ၇၊ တိုက်အမှတ် ၂၆၄၊ ရန်ကင်း၊ ရန်ကုန်မြို့က ထုတ်ဝေပါသည်။

စောင်ရေ– ၃၀၀၀။ တန်ဘိုး– ၈ ကျပ်။

၁၀/–